

# ဗုဒ္ဓ၏လူမှုရေးတရားတော်များ

ဦးခင်မောင်ဝင်း

# ဗုဒ္ဓ
# ၏
# လူမှုရေးတရားတော်များ

ဦးခင်မောင်ဝင်း
ပြုစုတင်ပြသည်

ဤစာအုပ်ငယ်ဖြင့်
ကျေးဇူးရှင်မိဘနှစ်ပါး
ဖြစ်သော
၂၄၈၇၉ သာယာဝခရိုင်မင်းလှမြို့
ဦးဘအုန်း - ဒေါ်တင်မေ
အား
ကျေးဇူးဆပ်ကန်တော့ပါ၏။

---

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် (၈၂၆၃)
လှမေစာပေမှ တင်ဆက် ဖြန့်ချိသည်။
ပထမအကြိမ် အုပ်ရေ ၃၀၀၀၊
၁၉၇၅ - ခု၊ ဒီဇင်ဘာလ၊

**စာအုပ်ဒီဇိုင်း** မြိုးညွန့်
**မျက်နှာဖုံးရိုက်** ဦးစံလွင်နှင့်သားများ၊
**ဘလောက်** သောင်းလှ၊
**စာအုပ်ချုပ်** ညွန့်ညွန့်နှင့် မောင်များ၊

**ထုတ်ဝေသူ** ဦးဘသန်း(ခမ္မိက) (၀၁၆၈၇)၊
**ပုံနှိပ်သူ** ဦးလှသန်း(၀၀၃၆မြ)စည်ပင်သာယာပုံနှိပ်တိုက်
အမှတ် ၆၄၊ ၁၂၄-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

စာပေဖြန့်ချိရေး **လှမေစာပေတိုက်**
တဆင့် ၄/လောကနတ်အလှပညာဆိုင်ခန်း
၆၂၊ ပန်းဆိုးတန်း၊ ရန်ကုန် (ဖုန်း ၁၀၄၈၃)

စာမူပိုင်ရှင်
**တိုး၊ တက်၊ ကြီး၊ ပွား၊ စိုင်း ။**

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မိတ်ဆက်နိဒါန်း | ၆ |
| ပန်ကြားလွှာ | ၉ |
| ကျေးဇူးတင်လွှာ | ၁၁ |
| စာရေးသူ၏အမှာ | ၁၅ |
| ကာလာမသုတ် | ၅၁ |
| စိတ်၊ စေတသိက်အကြောင်း | ၅၇ |
| စိတ်ကိုမကောင်းအောင်ခြယ်လှယ်သောအကုသိုလ် စေတသိက် (၁၄)ပါး၊ | ၆၄ |
| စိတ်ကိုကောင်းအောင်ခြယ်လှယ်သော ကုသိုလ် စေတသိက်များ | ၈၆ |
| စိတ်ကောင်း၊စိတ်ဆိုး နှစ်မျိုးစလုံး၌ပါဝင်သော စေတသိက်များ | ၁၀၆ |
| ဓမ္မပဒကောက်နုတ်ချက်များ | ၁၃၁ |
| သိင်္ဂါလောဝါဒသုတ် | ၁၄၉ |
| ကံဆိုတာဘာလဲ | ၁၈၄ |
| **ကြီးပွားရေးကဏ္ဍ။** | |
| သမ္ပဒါတရားလေးပါး | ၂၀၂ |
| ဈေးသည်တို့ကြီးပွားကြောင်းတရာများ | ၂၂၄ |
| ဗုဒ္ဓ၏ကိုယ့်အားကိုယ်ကိုးနည်း | ၂၂၆ |
| ဗုဒ္ဓ၏အောင်မြင်ကြောင်းတရားလေးပါး | ၂၂၇ |
| ကြီးပွားကြောင်းနှင့်ပျက်စီးကြောင်းတရားများ | ၂၂၉ |
| သူယုတ်တို့၏ အင်္ဂါများ | ၂၃၃ |
| မေတ္တာဖြစ်စေသောအကြောင်းရင်းခံတရား(၁၅)ပါး | ၂၃၈ |

| အကြောင်းအရာ | မာတိကာ | စာမျက်နှာ |
|---|---|---|

**အိမ်ထောင်ရေး ကဏ္ဍ။**


သတို့သမီးအား ဗုဒ္ဓပေးသော ဩဝါဒ ၂၆၁
မင်္ဂလာဆောင်သတို့သမီးဆုံးမချက်များ ၂၆၆
ဘုန်းကံကြီးသော မိန်းမတို့ရလွယ်သောအရာ(၅)မျိုး ၂၆၉
ဘုန်းကံနည်းသော မိန်းမတို့ရနိုင်ခဲသောအရာ(၅)မျိုး ၂၇၀
မိန်းမရတနာ ၂၇၁
မိန်းမတို့အားငါးမျိုး ၂၇၃
သားသမီးကောင်းရလိုလျှင် ၂၇၄
ဗုဒ္ဓပေးသောပီယဆေးနည်း ၂၇၅
အဋ္ဌကထာဆရာပေးသောပီယဆေးနည်း ၂၇၆
ဇနီးမောင်နှံရာသက်ပန် ၂၇၇


**ကျန်းမာရေး ကဏ္ဍ၊**


အသက်ရှည်ခြင်းအကြောင်း ၂၇၉
အစားအသောက်၌အတိုင်းအရှည်သိရကျိုး ၂၈၂
ယာဂု(ဆံပြုတ်)သောက်ရသော အကျိုး ငါးပါး ၂၈၃
သွားတိုက်ခြင်းအကျိုးငါးပါး ၂၈၄
လမ်းလျှောက်ခြင်းအကျိုးငါးပါး ၂၈၅
အာယုဝဍ္ဍနသတို့သား ဝတ္ထု ၂၈၆
အပြုစုခံပုဂ္ဂိုလ်များသတိမူစရာ ၂၉၁


**အုပ်ချုပ်ရေး ကဏ္ဍ။**


အပရိဟာနိယတရား (၇)ပါး ၂၉၂
မင်းကျင့်တရား(၁၀)ပါး ၂၉၈
နာယကဂုဏ်(၆)ပါး ၂၉၉
အကြီးအကဲလုပ်သူများသတိပြုရန် ၃၀၀

| အကြောင်းအရာ | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| သံတမန်ခန့်ထိုက်သောအင်္ဂါ (၈)ပါး | | ၃၀၀ |
| အမတ်ခန့်ထိုက်သော အင်္ဂါ(၈)ပါး | | ၃၀၁ |
| မင်းတို့ဆင်မြန်းအပ်သော ရတနာ(၉)ပါး | | ၃၀၂ |
| တိုင်းပြည် ငြိမ်းချမ်းသာယာအောင်လုပ်နည်း | | ၃၀၄ |
| မင်းတို့တရားစောင့်ခြင်းအကျိုး | | ၃၀၇ |
| ဂန္ဓတိန္ဒုကဇာတ် | | ၃၁၀ |
| ဦးစီးခေါင်းဆောင်တို့၏ကြီးပွားကြောင်းတရားများ | | ၃၁၈ |
| မင်းကျင့်တရားများ | | ၃၂၇ |
| **အထွေထွေ ကဏ္ဍ** | | |
| စကားပြောဆိုခြင်းနှင့်ပတ်သက်သောတရားများ | | ၃၃၈ |
| ပညာရှိတို့တိုင်ပင်ပြောဆိုနည်း | | ၃၄၁ |
| ကောင်းစွာဆိုအပ်သောစကား | | ၃၄၃ |
| စကားများသူတို့၏ အပြစ်ငါးမျိုး | | ၃၄၄ |
| မထိမ့်မြင်ပြုခြင်းခံရတတ်သောပုဂ္ဂိုလ် ဆယ်မျိုး | | ၃၄၅ |
| သေးငယ်သည်ဟူ၍ မထိမ့်မြင်မပြုရာသည် လေးပါး | | ၃၄၆ |
| မကောင်းသူလေးယောက် | | ၃၄၇ |
| အတိုအထွာမှတ်စရာ | | ၃၄၈ |
| ဂုဏ်နှင့်ကျေးဇူးရှင် | | ၃၄၉ |
| မိဘကျေးဇူးဆပ်နည်း | | ၃၅၀ |
| နတ်နှင့်ပတ်သက်၍ဗုဒ္ဓပေးသောသြဝါဒ | | ၃၅၂ |
| ဗုဒ္ဓ၏လောကဓံကြံ့ခိုင်နည်းများ | | ၃၅၆ |
| ဝေဠုဒွါရဧယျသုတ် | | ၃၅၉ |
| မင်္ဂလာတရားများ | | ၃၆၅ |
| ကိုးကားသောကျမ်းများ | | ၄၀၂ |

# မိတ်ဆက်နိဒါန်း

ဘာသာတရား ဓမ္မတမျိုးအဖို့ ပြန်၍ စည်ပင်ရန်မှာလိုအပ်ချက် သုံးချက်ရှိသည်ဟု ကျွန်တော် ရိုးသားစွာလေ့လာမိပါသည်။

ပထမအချက်မှာ(Living Language) ခေတ်သုံးဘာသာစကားဖြင့် ဟောပြောပို့ချရေးသားမှုရှိခြင်းဖြစ်သည်။ဗုဒ္ဓဂေါတမ သည်ပင် တိမ်ကော ပျောက်ကွယ်သွားသော သင်္သကရိုက်ဘာသာစကားဖြင့် မဟောဘဲ (၄၅) ဝါ တိုင်တိုင် ဟိုခေတ် ဟိုအခါသုံး မာဂဓဘာသာ စကားဖြင့်သာ ဟောပြောတော်မူသည် မဟုတ်ပါလော။

ဒုတိယလိုအပ်ချက်မှာ(Contemporary idiom)ခေတ်၏ အပြောအဆို အမြင်အယူ အတွေးအခေါ်များနှင့် ကိုက်ညီအောင် ဖွင့်ဆိုရေးသားမှု ရှိခြင်းသာမက အမှန်းအမံအသွင်အပြင်အတည်း အဖြတ် အတင်အပြ အရာတို့၌လည်း ခေတ်မှီခြင်း ဖြစ်သည်။

တတိယလိုအပ်ချက်မှာ သူတော်ကောင်းတို့ ကျင့်စဉ်နည်းပြ စရဏပဗေဒရေး အကြောင်းရင်း အကြောင်းမှန် အ ကျိုး ရင်း အကျိုးမှန်တို့ကို ပြဆိုသော အကြောင်း အကျိုးပြ–ဒဿနပဗေဒရေး၊ လောကဆင်းရဲ အလုံးစုံမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်သော အတတ်–ဝိမုတ္တိပဗေဒရေးဆိုင်ရာ အဆုံးအမများ

သာမက လူ့ဘဝကို အောင်မြင်စွာ တကယ်လက်တွေ့ နေထိုင်မှုကိုပြဆိုသော ဒိဋ္ဌဓမ္မဘဝ ဗေဒရေးဆိုင်ရာ အဆုံးအမများလည်း ပါရှိခြင်း ဖြစ်သည်။ ( Ethieal, Philosphiυal and Spiritual Problems )စရဏ ဗေဒရေး, ဒဿနဗေဒရေး, ဝိမုတ္တိဗေဒရေး ပြဿနာများနှင့် စပ်လျဉ်းသော ဗုဒ္ဓ၏အဆုံးအမများကိုသာ လူသိများသည်။ ဒိဋ္ဌဓမ္မ ဘဝ ဗေဒရေး ဆိုင်ရာ လူ့ဘောင်လောကနှင့် တိုက်ရိုက်သက်ဆိုင်သော လောကီရေးဆိုင်ရာ ဗုဒ္ဓ၏အဆုံးအမများကို မူလူသိနည်းလှပေသည်။အမှန်စင်စစ်မူကား ဗုဒ္ဓ၏အဆုံးအမများတွင် သမီးရည်းစားထားရေး ၁ ကိုယ်အလေးချိန်လျှော့ရေး ၂ မှသည် ကမ္ဘာ တဝှမ်းလုံး အုပ်ချုပ်ရေး ၃ (စကြာဝတေးမင်းလုပ်ရေး)အထိ လောကဟိတတ္ထာယ-လောက၏ ကောင်းကျိုးအလို့ငှာဖြစ်သော လူ့ကျင့်ဝတ် လူ့ကျင့်တမ်း အမြောက်မြားဖြင့် ပြည့်စုံကြွယ်ဝလှပေသည်။

ယခု ဤ "ဗုဒ္ဓ၏ လူမှုရေးတရားတော်များ" ကျမ်း စာ အုပ်သည် အထက်ဖော်ပြပါ တတိယလိုအပ်ချက်ကို ပထမနှင့်ဒုတိယလိုအပ်ချက်များဖြင့် ခမ်းနားသိုက်မြိုက်စွာ ဖြည့်စွမ်းထားခြင်းဖြစ်၍၊ တနည်းဆိုရသော် သာသနာတော် ရှင်သန်ရေးအတွက်

---

၁ - အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၊ ဒု-ပဏ္ဏာသက၊ ပုညာဘိသန္ဒဝဂ် ပ-နှင့် ဒု သမဇီဝိသုတ်။

၂ - သံယုတ္တနိကာယ်၊ ကောသလသံယုတ်၊ ဒုတိယဝဂ်၊ ဒေါဏပါကသုတ်၊

၃ - ဒီဃနိကာယ်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ်။
အင်္ဂုတ္တရနိကာယ်၊ ပဉ္စက နိပါတ်၊ တတိယ ပဏ္ဏာသက၊ ရာဇဝဂ်၊ ပ-နှင့် ဒု-စက္ကာနုဝတ္တနသုတ်။

## မိတ်ဆက်နိဒါန်း

လိုအပ်သော အချက်သုံးချက်စလုံးကို ပြည့်စုံစွမ်းသော စာအုပ်ကောင်း ဖြစ်နေသောကြောင့် ဗုဒ္ဓဘာသာဝင် အပေါင်းက ကျမ်းပြုသူ ဦးခင်မောင်ဝင်းအား ကောင်းခြီး သာခု ပြုထိုက်လှပေသည်။

ဦးခင်မောင်ဝင်းသည် ဗုဒ္ဓဘာသာဝင်များ အထူး သဖြင့် ဒုတိယမျိုးဆက်များအတွက် ရတောင့်ရခဲလှသော ဤကျမ်းကို လေ့လာ တိုင်တိုင် အပတ်တကုပ် ကြိုးစားအားထုတ် ခဲ့ရပေသည်၊ ထို့ကြောင့်လည်း ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် အပေါင်းက ဦးခင်မောင်ဝင်းအား ကျေးဇူး အထူး တင်အပ်လှပေသည်။

ထုတ်ဝေခွင့်ပါမစ် ရပြီးခါစဖြစ်သော လှမေစာပေတိုက်အနေဖြင့်လည်း ဤကျမ်းစာအုပ်ကောင်းဖြင့် ပွဲဦးထွက်ရခြင်းမှာလည်း ထူးမြတ်သော မင်္ဂလာဂုဏ်သိရ် ဖြစ်ပါပေသည်။

ဘသန်း (ဓမ္မိ က)

လှမေစာပေတိုက်

# ပန်ကြားလွှာ

ဗုဒ္ဓ၏ လူမှုရေးတရားတော်များကို ကျမ်းတတ်၊ စာတတ်၍ တင်ပြထားခြင်း မဟုတ်ပါ။ မိမိ၏ ကြီးပွားတိုးတက်မှု အတွက် ဘတ်သင့် - ဘတ်ထိုက်သော အင်္ဂလိပ် - မြန်မာစာ များ ကို လက်လှမ်းမှီသလိုဘတ်ရှုမိပါသည်။ ဤသို့ဘတ်ရှုလာရာ နောက်ဆုံး၌ ဗုဒ္ဓစာပေများကိုဘတ်မိပါသည်။ ဗုဒ္ဓ၏လူမှုရေးတရားတော်များကိုဘတ်ပြီးသည့်အခါ၌ကျွန်တော့်တွင်ခံစားမှုတမျိုးရရှိပါသည်။ ၎င်းမှာ ယခု ဘဝနှင့်နောင်ဘဝ သံသရာများ၏ ချမ်းသာရေးနှင့် ယခုဘဝတွင် လူတော်လူကောင်းဖြစ်ရေးအတွက် ဗုဒ္ဓစာပေထက် ကောင်းသော စာပေများ မရှိနိုင်ဟု ခံစားမိခြင်း ဖြစ်ပါသည်။

အသိဉာဏ် အလိမ္မာတိုးတက်ဖို့၊ အမှားအမှန် ဝေဖန်ပိုင်းခြားသိမြင်နိုင်ဖို့၊ ထိုးထွင်း သိမြင် နိုင်သော ဉာဏ်ရရှိဖို့ အတွက် နိုင်ငံခြားစာပေများတတ်ရန်မလိုဘဲ မြန်မာစာသက်သက် တတ်ရုံဖြင့် ရနိုင်သော ဗုဒ္ဓစာပေများကို မိမိသာမက အများပြည်သူတို့

အဆင်သင့် ဘတ်ရှုစေလိုသော စေတနာဖြင့် ပြုစုတင်ပြထားခြင်း မျှသာဖြစ်ပါသည်။

ဤသို့ ဗုဒ္ဓ၏ လူမှုရေးတရားတော်များကို တင်ပြရာ၌ အပြစ် အနာအဆာများရှိခြင်း၊ မလိုသော အချက်များကို တင်ပြမိ၍ တင်ပြထိုက်သော တရားတော်များ ကျန်ရှိခဲ့ခြင်းများကို တွေ့ရှိပါက စာရှုသူမိတ်ဆွေများက ပိုသည်ကိုပယ်၍ လိုသည်ကိုဖြည့်စွက် ပြီးဘတ်ရှုပါရန် မေတ္တာရပ်ခံ အပ်ပါသည်။ ဤသို့ တွေ့ရှိသော အပြစ် အနာအဆာများသည် စာရေးသူ၏ မပြည့်စုံသော အကြောင်း၊ စာပေ မတတ်ကျွမ်းသေးသော အကြောင်းများကြောင့်သာဖြစ်ပါသည်။ ဤကျမ်းစာကို တည်းဖြတ် သုတ်သင် ပေးကြသော ဆရာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ တာဝန်မဟုတ်ကြောင်း ဖေါ်ပြအပ်ပါသည်။

ဗုဒ္ဓ၏လူမှုရေးတရားတော်များနှင့် ပတ်သက်၍ ဖြည့်စွက်ဖေါ် ပြသင့်သော တရားများ၊ အချက်အလက်များ၊ အကြံ ကောင်း များရှိပါက၊ ကောင်းသည်ထက်ကောင်းသော စာပေတခုဖြစ် လာရန်အတွက်ညွှန်ပြပေးပါက ကျေးဇူးတင်စွာဖြင့် ဝမ်းမြောက် စွာလက်ခံရန် အသင့်ရှိကြောင်း ပန်ကြားအပ်ပါသည်။

○ ○ ○

# ကျေးဇူး တင် လွှာ

နှလုံးစိတ်ဝမ်း ချမ်းမြေ့ဘွယ်ရာကောင်းသော အလုပ်တခုပြု လုပ်ရန် ကျန်ပါသေးသည်။ အခြားမဟုတ်ပါ။ ဤ စာအုပ် ဖြစ်မြောက်အောင် အားပေးကူညီကြသော ပုဂ္ဂိုလ်အသီးသီး၏ ဂုဏ်ကျေးဇူးတရားများကို ဖော်ထုတ်မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

ပိဋကတ်လမ်းညွှန် ကျမ်းပြုပုဂ္ဂိုလ် ပါဠိပါရဂူဘွဲ့ရ၊ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း ဆရာတော် ဦးသီဟဗလ၏ အကူအညီမပါဘဲ ဤစာအုပ်ထွက်ပေါ်လာနိုင်ဘွယ်အကြောင်းမရှိပါ။ဘာတ်သင့်ဘာတ်ထိုက်၊ တင်ပြသင့် - တင်ပြထိုက်သော ဗုဒ္ဓ၏ လူမှုရေးတရားတော်များကို ရွေးချယ် ကောက်နုတ် ပေးခြင်း၊ စာမူများကို ကြီးကြပ်ပြင်ဆင်ပေးခြင်း၊ ဤစာအုပ်တွင်ပါရှိသော ကံအကြောင်းနှင့် ပတ်သက်သည့် စာပိုဒ်တချို့သည် ဆရာတော် ရေးသားထားသော "ကမ္မသကတာဉာဏ် အလင်းပြကျမ်း" မှ ထုတ်နုတ်ဖော်ပြခွင့်ပေးခြင်းနှင့် အကြံကောင်းများပေးခြင်းတို့အတွက် ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းပြုပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် စိတ်၊ စေတသိတ်နှင့် ဆိုင်သောစာများကို အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်း၊ ဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားသည့် ဘတ်၍မငြီးနိုင်သော "ကိုယ်ကျင့် အဘိဓမ္မာကျမ်းစာအုပ်" မှ ထုတ်နုတ်တင်ပြခွင့် ပေးခြင်းအတွက် ဆရာတော်အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤကျမ်းစာအတွက် ပိဋကတ်တော် မြန်မာပြန်များကို စတင်ဘတ်ခြင်း၊ ရေးမှတ်ခြင်း တို့ကို ရန်ကုန်မြို့၌ရှိစဉ် ၁၉၇၀ ခုနှစ် နိုဝင်ဘာလမှစ၍ပြုလုပ်ခဲ့ပါသည်။ ၁၉၇၁ ခု၊ မေလတွင်စာရေးစာဘတ်၍ ကောင်းသော တောင်ကြီးမြို့သို့ ပြောင်း ရွှေ့ လာပြီး ဆက်လက်ရေးသားရာ၊ ၁၉၇၂-ခု၊ ဒီဇင်ဘာလတွင် ပထမ စာမူကြမ်း ရေးသားပြီးဆုံးခဲ့ပါသည်။ ယင်းစာမူကြမ်းကို ဆရာတော် ဦးသီဟဗလက စစ်ဆေးဘတ်ရှုပြီး ကောင်းမြတ်သောအကြံဉာဏ်များ ချီးမြှင့်ပါသည်။ ဒုတိယစာမူကို ပြန် လည် ရေး သား ရာ၊ ၁၉၇၄ ခု၊ ဒီဇင်ဘာလတွင် ပုသိမ်မြို့၌ ပြီးဆုံးခြင်းသို့ရောက်ပါသည်။ ယင်း ဒုတိယစာမူကို ဘတ်ရှုပြီး ကောင်းသည်ထက်ကောင်းအောင် အကြံဉာဏ်များပေးသော ပုသိမ်မြို့၊ ဝေဠုဝန်ကျောင်း တိုက်၌သီတင်းသုံးစာပို့ချနေသည့် ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ ဘွဲ့ရ အရှင်နန္ဒမာလာအားလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဆရာကြီးဒဂုဏ်ဦးထွန်းမြင့်စပ်ဆိုထားသည့် ထင်ရှားလှသော မင်္ဂလာကဗျာများကို ဤစာအုပ်တွင်ဖော်ပြခွင့်ပေးသော ကွယ်

လွန်သူဆရာကြီး၏သမီး – ဒေါ်ခင်ဆွေတင့်အားလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုပါသည်။

ဤကျမ်းအဆုံးတွင် ဖော်ပြထားသော ကိုးကားသည့် ကျမ်းများကို ရေးသားထားတော်မူကြသည့် ပညာရှိ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကြောင့် ဤကဲ့သို့သော စာမျိုးကို ပြုစုတင်ပြနိုင်သော အသိဉာဏ် ရရှိလာခြင်းကြောင့်လည်း များစွာကျေးဇူးတင်မိပါသည်။

ငယ်ရွယ်စဉ်ဘဝမှစ၍ ဘာသာရေးကိုင်းရှိုင်းတတ်လာအောင် ဘာသာသွေးသွင်းပေးသော အဖွားနှင့် မိဘနှစ်ပါး၊ အင်္ဂလိပ်စာသင်ကျောင်းများမှ ကျောင်းပိတ်၍ ပြန်လာသည့် အခါများတွင် ညီအကို တစုအား ဘုန်းတော်ကြီးများထံ အပ်နှံ၍ မင်္ဂလသုတ်နှင့် လောကနီတိကျမ်းများကို သင်ပေးစေမူပြုသည့် ဖခင်ကြီး၊ တရားစာများ နားရည်ဝလာအောင်မဟော်သဓါ၊ ဝိဓူရ စသောဇာတ်တော်များဖြင့်ပုံပြောကောင်းသော မိခင်ကြီး၊ငယ်ရွယ်စဉ်ကဘုန်းတော်ကြီးများနှင့် ဘုန်းကြီးကျောင်းများသို့ ခေါ်ဆောင်သွားတတ်သော အကျိုးကျေးဇူးကြောင့် လူလတ်ပိုင်းအရွယ်၌ ဘုန်းတော်ကြီးများထံချဉ်းကပ်လိုစိတ် ဖြစ်ပေါ်လာအောင်ဖန်တီးပေးသော ဖခင်ကြီး၊ ပြည်မြို့ရှိ ဓမ္မိကရန်ကုန်တောင်စသော တောရချောင်များသို့ ဥပုသ်ရက်ရှည်စောင့်ရင်း ခေါ်သွားတတ်သော အကျိုးကျေးဇူးကြောင့် ပေလီကမ်းခြေတွင် အနား ယူခြင်းထက် ကိုယ်စိတ်နှစ်ပါးရွှင်လန်းစေသော တောရချောင်များတွင် အနားယူတတ်လာခြင်းနှင့် တန်ဘိုး မဖြတ်နိုင်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေဆက်ခံရရှိခြင်းတို့သည်မိဘနှစ်ပါးဘာသာသွေးသွင်း

မေးခြင်း၏ အကျိုးတရားများပင်ဖြစ်ရာ ဖခင်ကြီး ဦးဘအုန်း နှင့် ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်မေတို့၏ ကျေးဇူး ကြီးမားပုံကို မေ့နိုင်ဘွယ်ရာမရှိပါ။

ကြီးကောင်ဝင်သည့် အရွယ်ပိုင်းနှင့် ကောလိပ်ကျောင်းသား အရွယ်၊ လူပျိုဘဝအရွယ်တို့၌ ခပ်လွတ်လွတ်ပျော်ခဲ့နေသော ကာလအပိုင်းအခြားဖြစ်ရာ သဘာဝအားဖြင့် ဘာသာရေးကိုင်းရှိုင်းစိတ်သည် မှိန်ခဲ့ပြာဖုံးဖြစ်လာခဲ့သည်။ ယင်းကဲ့သို့ မှိန်ခဲ့ပြာဖုံးဖြစ်နေသော ဘာသာရေး ကိုင်းရှိုင်းစိတ်ကို တောက်ပလာအောင် ပြန်၍ မှုတ် ပေးသော ဇနီးသည် ဒေါ်ကြည်ကြည်အားလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်၊

တွေ့ကြုံဆုံစီးသည့်အခါများ၌ တရားစကားဖြင့် လိမ္မာ ယဉ်ကျေးအောင်နည်းပေးလမ်းပြတော်မူကြသော ဖူးမျှော်ခဲ့ဘူးသည့် ရဟန်း သံဃာအရှင်သူမြတ်များအားငင်း၊ နေ့စဉ်နှင့်အမျှလူအချင်းချင်း ဆက်ဆံကြရာတွင် အတုယူဘွယ်ရာ ကောင်းသော ပုဂ္ဂိုလ်များ အများအပြားပါဝင်ကြပါသည်။ ပုဂ္ဂိုလ်တိုင်းလိုလို၌လည်း အတုယူဘွယ်ရာကောင်းသောအချက်များရှိကြပါသည်။ ထိုပုဂ္ဂိုလ်တို့အားငင်း၊ ယင်း ပုဂ္ဂိုလ်များထံမှ ကျွန်တော် ရရှိလိုက်သော အသိဥာဏ် အလိမ္မာ တရားတို့အတွက် ထိုသင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသတည်း။

# စာရေးသူ၏အမှာ

ဤစာအုပ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကို အနည်းငယ် ဖေါ်ပြလိုပေသည်။ ကျွန်ုပ်တော်သည် စာရေးသူတယောက်မဟုတ်ပါ။ စာဖတ်သူဖြစ်ပါသည်။ လူလတ်ပိုင်းအရွယ်သို့ ရောက်သည့်အချိန်၌လောကီဗဟုသုတနှင့်ပတ်သက်သောစာပေများကို ဖတ်လိုစိတ်ထက် လောကုတ္တရာစာပေများကို ဖတ်လိုစိတ် ပြင်းပြလာပါသည်။ ထိုအခါ **မန္တလေး**မြို့တွင် စာသင်နေသော အဒေါ်၏ ဦးပဥ္ဇင်းအား ဗုဒ္ဓဘာသာစာပေ၊ အထူးသဖြင့် အဘိဓမ္မာစာပေနှင့် ပတ်သက်၍ မည်သည့်စာအုပ်ကို စတင်ဖတ်ရမည်နည်းဟု မေးရာ ဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားသော "ကိုယ်ကျင့်အဘိဓမ္မာ" စာအုပ်ကိုဖတ်ရန်ညွှန်ကြားပါသည်။

'ကိုယ်ကျင့်အဘိဓမ္မာ' စာအုပ်ကိုဖတ်ကြည့်ရာလက်မှချမထားချင်လောက်အောင် ကောင်းသော စာအုပ်ဖြစ်ကြောင်း တွေ့ရပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာသဘောကို သုတ္တန်နှင့် ရောနှော၍သဘောပေါက်လွယ်အောင် တင်ပြထားသောစာအုပ်ဖြစ်ပါသည်။ စာအုပ်

မှာလောကုတ္တရာစာသက်သက်မဟုတ်ပဲ လောကီကြီးပွားမှုအတွက် လည်းရေးထားသော စာပေမျိုးဖြစ်၍ ခေတ်လူငယ်များ ဘတ်ရှုသင့်သော စာအုပ်တအုပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းစာအုပ်မျိုးသည်ဘုရားဈေးစာအုပ်ဆိုင်များတွင်သာမကဝတ္ထုမဂ္ဂဇင်းရောင်းချသော စာအုပ်ဆိုင်များတွင်လည်း ရှိသင့်ပေသည်။ ထိုစဉ်က ကျွန်တော်မှာ မိတ္ထီလာမြို့တွင်အမှုထမ်းနေခိုက်ဖြစ်ရာ၊ လူငယ်များဘတ်ရှုစေလိုသောစေတနာဖြင့်ယင်းစာအုပ်များကိုမန္တလေးမှဝယ်ပြီး မိတ္ထီလာ စာအုပ်ဆိုင်တွင်အပ်ထားရာ ခဏခြင်းပင်ကုန်သွားသဖြင့်နှစ်ထောင်းအားရခြင်းဖြစ်ခဲ့ရပါသည်။ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ဘတ်ပြီးဆရာတော်ရေးသားထားသော အခြားကျမ်းစာအုပ်များကိုလည်းဆက်လက်ဘတ်ရှုလိုက်ပါသည်။

သို့နှင့်ကျွန်တော်သည် ၁၉၆၇-ခုနှစ်တွင်ရန်ကုန်သို့ပြောင်းရွှေ့အမှုထမ်းရပါသည်။ ဘခင်ကြီးအိမ်သို့ နေ့စဉ်ဆွမ်းခံကြွလာသောလက်ဗိုးရားလူမျိုး ရဟန်းတော်ရှင်အာနန္ဒာအား မျက်စောင်းထိုးတွင်တည်ရှိသည့် ကျွန်တော့်အိမ်သို့ နေ့စဉ် ဆွမ်းခံကြွရန်ပင့်ဘိတ်ခဲ့ပါသည်။ ဆွမ်းခံကြွလာတိုင်း သုံးလေးမိနစ်ဆိုသလို တရားတော်များကိုဆွေးနွေးမိပါသည်။

တနေ့သော်ဆရာတော်က ငါးစိမ်းသည်များကို အလွန်ခက်ခဲနက်နဲတဲ့ဝိပဿနာတရားများကို အလေးပေး၍ ဟောနေမဲ့အစားသူတို့ဘဝ တိုးတက်အောင် ငါးကိုအလေးမခိုးပဲ၊ မှန်မှန်ကန်ကန်ရောင်းချခြင်းဖြင့် ချမ်းသာလာနိုင်ကြောင်း၊ ကိုယ်ကျင့်ကောင်းမှကြီးပွားလာနိုင်ကြောင်းများကို ဟောပြောသင့်ပေသည်။

မြတ်စွာဘုရား၏ တရားတော်များတွင် လူ့ဘဝတိုးတက်မှု အ

တွက် ဟောထားသောတရားတော်များ၊အများအပြားရှိကြောင်း ယင်းစာများကို ဘတ်သင့်ကြောင်းညွှန်ပြပေးတော်မူသည်။

ကျွန်တော်လည်း ထိုစဉ်က ကိုယ်ကျင့်အဘိဓမ္မာ စာအုပ်ကိုနှစ်ခေါက် သုံးခေါက်ဘတ်ပြီးသော အချိန်ဖြစ်၍ ယင်းစာအုပ်သည် လောကုတ္တရာအရေးသာမက လောကီလူမှုရေး အတွက်လည်း အလွန်ကောင်းသောစာအုပ်ဖြစ်ကြောင်းကိုယ်တိုင်သိရှိရသဖြင့် မြတ်စွာဘုရားဟောကြားတော်မူသော လူမှုရေးနှင့်ပတ်သက်သည့် တရားတော်များကိုလည်း ဘတ်ရှုလိုစိတ်ပြင်းပြလာပါသည်။ သို့နှင့် မည်သည့်စာအုပ်များကိုဘတ်သင့်ကြောင်းစုံစမ်းရာ၊စာအုပ်အဆုံးတွင် ဖေါ်ပြထားသော ညောင်တုံးမြို့ ရွှေဟင်္သာစံကျောင်း ဆရာတော်ဘုရားကြီးနှင့်အခြား ဆရာတော်ကြီးများနှင့် ပညာရှင်များ ရေးသားထားသော စာများကိုဘတ်ရှုရ၍ များစွာအားရဝမ်းမြောက်ခြင်းဖြစ်ခဲ့ရပါသည်။

ညောင်တုံးမြို့ ရွှေဟင်္သာတောရ ဆရာတော် ဘုရားကြီး၏ စာအုပ်များမှာမြန်မာများ အောက်တန်းကျ၍ ကျွန်သဘောက်ဘဝ ရောက်နေသော ကိုလိုနီခေတ် ၁၉၂၀-ခုနှစ် နောက်ပိုင်းလောက်တွင် ထုတ်ဝေသောစာအုပ်များဖြစ်ရာဆရာတော်ဘုရားကြီး၏ အမျိုး၊ ဘာသာ၊ သာသနာကြီးပွားတိုးတက်လိုသော မေတ္တာ စေတနာကို ချီးကျူး လေးစားမိပါသည်။ ဆရာတော် ဘုရားကြီး၏ စာအုပ်များသည် နောင်ဘဝ သံသရာ အရေးအတွက် သာမက ယခုပစ္စက္ခဘဝ ကောင်းစားရေးအတွက်ပါ အဓိကထား၍ ရေးသားထားသော စာအုပ်များဖြစ်ရာ ဘတ်ရှုမိသူတိုင်း လိုက်နာကျင့်သုံးပါက ဘဝတိုးတက်မှုကို အမှန်ပင်ရနိုင်သော ဘုရားဟောစာများဖြစ်၍

ဤကဲ့သို့သောစာပေများရေးသားထားခဲ့သည်ကိုပင်ကျေးဇူးတင်ဆုံးမနိုင်သဖြင့် ဆရာတော်ဘုရားကြီး၏ ပုံတော်ကိုအကြိမ်ကြိမ်ဦးနှိမ်ချမိခဲ့ပါသည်။

မြတ်စွာဘုရား၏ တရားတော်များတွင် သတ္တဝါများ၏အကျိုးစီးပွားအတွက် မဟောဘဲကျန်ခဲ့သော တရားများမရှိဟုဆိုသဖြင့် သုတ္တန်ဒေသနာ တော်ထဲတွင် ကျန်ရှိနေဦးမည်ဖြစ်သော အခြားလူမှုရေးတရားတော်များကို ရှာဖွေဘတ်ရှုလိုသော စိတ်များပေါ်ထွက်လာသဖြင့် ပိဋကတ်သုံးပုံထဲမှမြန်မာဘာသာ ပြန်ဆိုပြီးသော စာအုပ်များကိုဝယ်ယူလိုက်ပါသည်။

အပြောကျယ်သောမဟာသမုဒ္ဒရာထဲမှမိမိရယူလိုသောရတနာများကိုရှာဖွေယူရန် ခက်ခဲသလို သုတ္တန်ဒေသနာထဲမှ ကျွန်တော်ဘတ်ရှုလိုသော တရားတော်များကို ရှာဖွေဘတ်ရှုရန် ခက်ခဲမှုဖြစ်လာပါသည်။ ထို့ကြောင့် စာသင်သား ရဟန်းငယ်တပါးအားချဉ်းကပ်၍ အကြံတောင်းရာ၊ ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်းဆရာတော် (ပါဠိပါရဂူ) ဦးသီဟဗလ ရေးသားသော ပိဋကတ်လမ်းညွှန်ကျမ်း ၂-တွဲကို ဝယ်ယူကြည့်ရှုရန် အကြံပေးပါသည်။ ပိဋကတ်လမ်းညွှန်ကျမ်းသည် အလွန်အဘိုးတန်သော ကျမ်းဖြစ်သော်လည်း ပါဠိတော် စာမူများညွှန်းသော မာတိကာကျမ်းဖြစ်နေ၍အခက်အခဲနှင့်တွေ့ရပြန်ပါသည်။ ထို့ကြောင့် ကျမ်းပြုဆရာအရှင် ဦးသီဟဗလထံစာရေး၍အကူအညီတောင်းရာ ဆရာတော်သည် ရန်ကုန်မြို့ အမြတ်ခွန်မေ့ာရုံတွင် သုံးလခန့် သီတင်းသုံးပြီးကျွန်တော် ဘတ်ရှုလိုသော စာများကို ရှာဖွေ မှတ်သားပေးကာကျွန်တော်၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးခဲ့ပါသည်။ ကျွန်တော်

လည်း ခက်ခဲစွာရှာဖွေဘတ်ရှုရသော စာများကို မိမိအကျိုး တခု တည်းအတွက်သာ မဖြစ်စေသင့်ပဲ၊ ပြည်သူအများပါ အကျိုးရရှိ စေရန်ရည်သန်၍ ပိဋကတ်သုံးပုံမှ ထုတ်နှုတ်ကာ 'ဗုဒ္ဓ၏ လူမှုရေး တရားတော်' အမည်ဖြင့် စာအုပ်ထုတ်ဝေရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၍ယခုစာအုပ်ဖြစ်ပေါ်လာရပါသည်။

'အလိမ္မာစာမှာရှိသည်' ဟူသောဆိုရိုးစကားရှိပါသည်။လိမ္မာ စေသောစာပေများသည် ဗုဒ္ဓစာပေကျမ်းဂန်များ၌အပြည့်အဝရှိ ပါသည်။ သို့သော် ဗုဒ္ဓစာပေများသည် လောကီရေးရာနှင့် ပတ် သက်၍သွန်သင်ဆုံးမမှုနည်းပြီး၊ ဗုဒ္ဓ၏တရားတော်များသည် လော ကုတ္တရာရေးရာနှင့် သံသရာလွတ်မြောက်ရေးများသာ ဖြစ်သည်ဟု သာမန်လူများယူဆထားကြကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဗုဒ္ဓစာပေများကို လောကီရေးရာ ပုဂ္ဂိုလ်များဘတ်မှု၊ မှတ်မှုနည်း ပါးကြသည်ကိုတွေ့ရပါသည်၊ ပညာတတ်ခေတ်လူငယ်များသည် လည်း ဤနည်းနှင်နှင်ယူဆထားကြ၍ ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာဘတ်ရှုကြသူနည်းပါးကြောင်းတွေ့ရပါသည်။

ဤသို့ မဟုတ်ပါ။ အမှန်မှာ ဗုဒ္ဓစာပေ ကျမ်းဂန်များတွင် လောကီရေးရာနှင့်ပတ်သက်၍ ဆုံးမမှုများ၊ ညွှန်ပြမှုများ အပြည့် အဝပါရှိပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာသည် စိတ်ပညာ လိုက်စားသူ များအဖို့ တန်ဘိုး မဖြတ်နိုင်လောက်အောင် ကောင်းမွန်သော စာ ကိုယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူမှုရေးနှင့်ပတ်သက်၍ ဗုဒ္ဓ၏ဟောပြောချက်များသည် စေ့ ငှစုံလင်လှပေသည်။ လူတန်းစားအမျိုးပျိုး၏ကျင့်ဝတ်များ၊ ရှောင် ကြဉ်ရန် တရားများ၊ လိုက်နာရန် တရားများ၊ ဆောင်ရွက်ရန်

ဝတ္တရားများကို ပြည့်ဝစုံလင်စွာ ဟောထားခဲ့ပါသည်။ ဗုဒ္ဓသည် လောကဥ္စကြီးပွားရန်၊ထင်ပေါ်ကျော်စောရန်၊အောင်မြင်ရန်၊ချမ်းသာသုခနှင့်ပြည့်စုံရန်တရားများကို စုံလင်စွာဟောထားခဲ့ကြောင်း ဗုဒ္ဓ၏ စာပေများကိုလေ့လာပါက ကောင်းစွာ သိရှိနိုင်ပါသည်။

ဗုဒ္ဓသည် လွန်ခဲ့သော နှစ်ပေါင်း၂၅၀၀ကျော်ကပင်လုပ်သားများ၏ ဘက်တော်သား ဖြစ်ခဲ့ကြောင်း သိင်္ဂါလောဝါဒသုတ်တွင် အလုပ်ရှင်၏ ဝတ္တရားများကို ဖော်ပြထားသော အချက်များကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ယခုခေတ် အလုပ်သမားများ တောင်းဆိုနေကြသောအခွင့်အရေးများကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်ကပင် အလုပ်သမားများအား ခံစားခွင့်ပေးရန် အလုပ်ရှင်များအားညွှန်ကြားခဲ့ပါသည်။ ဗုဒ္ဓကအလုပ်သမားများအတွက်တောင်းဆိုပေးသော အခွင့်အရေးများမှာ ယခုခေတ်အလုပ်သမားများခံစားနေရသော အခွင့်အရေးများထက် သာလွန်သည်ဟု ထင်မြင်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် အလုပ်သမားများ အတွက် ဗုဒ္ဓတောင်းဆိုပေးသော အခွင့်အရေး များသည် မေတ္တာသဘောပါဝင်သဖြင့်၊ ယခုခေတ်အလုပ်သမားများ ခံစားနေရသော အခွင့်အရေးထက်သာသည်ဟု ယူဆမိပါသည်။

ဗုဒ္ဓသည် ကျန်းမာရေးအတွက် အာဟာရကိုမည်သို့သုံးဆောင်ရမည်၊ ပစ္စည်းချမ်းသာသူများသည် မိမိပစ္စည်းကိုမည်ကဲ့သို့ အကျိုးရှိအောင် သုံးစွဲဆောင်ရွက်ရမည်။ လူမှုရေးရာ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍လည်း မိတ်ဆွေတု၊ မိတ်ဆွေစစ်တို့၏ အင်္ဂါရပ်များ၊မိတ်မပျက်အောင်ဆက်ဆံမှုသဘောတရားများ၊ စီးပွားရှာဖွေမှုနှင့်ပတ်သက်၍လည်းစီးပွားတိုးတက်အောင် မည်ကဲ့သို့

ရှာဖွေရမည်၊ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ၊ အိမ်နီးနားခြင်းများနှင့်လည်း မည်ကဲ့သို့ဆက်ဆံရမည်၊ လူချစ်လူခင်များအောင် မည်ကဲ့သို့ပြုလုပ်ရမည်စသော အချက်များကို စုံလင်အောင် အကွက်စေ့အောင် ဟောထားတော်မူခဲ့ပါသည်။

ဗုဒ္ဓသည် တိုင်းရေးပြည်မှု ကိစ္စနှင့် ပတ်သက်၍လည်း ဘက်စုံအောင် ဟောထားတော်မူခဲ့ပါသည်။ ခေါင်းဆောင်တို့၏ အရည်အချင်းများ၊ ဒီမိုကရေစီသဘော တရားများကို မင်းကျင့်တရား (၁၀)ပါး၌ပြည်သူတို့၏အလိုနှင့် မဆန့်ကျင်စေရဟု ပညပ်ထားခြင်းဖြင့်ညွှန်ပြခဲ့ပါသည်။ တိုင်းပြည်အုပ်ချုပ်ရာတွင်တိုင်ပင်နှီးနှော ပြီးတစိတ်တည်း တဝမ်းတည်းရှိရမည့် သဘောတရားများ(Consensus)များကို အပရိဟာနိယ တရားတော်တွင် ဟောတော်မူခဲ့ပါသည်။ ယခုခေတ်စားလျက်ရှိသော 'ကိုယ်ထူကိုယ်ထ' ကိုယ့်အားကိုယ်ကိုး' ဟူသောသဘောတရားများကိုလည်း မိမိကိုယ်သာ မိမိကိုးကွယ်ရာ ရှိကုန်၏ဟု ကံ-ကံ၏ အကျိုးနှင့် ပတ်သက်သော တရားများတွင် အထင်အရှားဟောထားခဲ့ပါသည်။

ဗုဒ္ဓ၏တရားတော်များသည်လူအမျိုးမျိုး၏စရိုက်အမျိုးမျိုးကို ကြည့်၍ ဟောထားသော တရားတော်များဖြစ်၍ မွေနှောက်၍ ကောက်သင်း ကောက်သလို ကောက်ယူကာစပ်ဟပ်၍၊ ဉာဏ်နှင့် ယှဉ်အသုံးပြုနိုင်ပါက လောကီလူနေမှုစနစ်တခုကိုပင် ထူထောင်နိုင်ပေမည်။ ဗုဒ္ဓသည် ခင်ပွန်းသည်အိမ်သို့ လိုက်ရမည်ဖြစ်သော သတို့သမီးအား ဆုံးမဩဝါဒပေးထားသောတရားများ၊ သားသမီးကောင်း ရနိုင်သော တရားများကိုပင် ဟောထားခဲ့သည်ကို ထောက်ခြင်းအားဖြင့် မြတ်စွာဘုရား၏ တရားတော် များသည်

နိဗ္ဗာန်ရောက်ကြောင်းသံသရာလွတ်မြောက်ရေး တရားများသာမက၊ လောကီလူ့ဘောင်အိမ်ရာ ထောင်မှုအတွက်လည်း များစွာအကျိုးတန်သောတရားတော်များဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဘဝသံသရာ ခရီးသည် ကြမ်းတမ်းလှသည်။ ကာမာဝစရကုသိုလ်ကောင်းခဲ့ကြသဖြင့် ယခုဘဝတွင် အဖက်ဖက်မှ ပြည့်စုံသူများပင်မှန်းခြင်း မရှိသည့်တိုင်အောင်၊ ချစ်ခြင်းရှိကြသေး၍ လူ့ဒုက္ခကိုတွေ့ကြုံဆိုစီးရပေသေးသည်။ အမုန်းကိုရင်ဝယ်ထားသူအဖို့ကားလူမှုဒုက္ခကိုအမြဲလိုတွေ့ဆုံနေကြရသည်။ နောက်ဆုံးတွင် လူတိုင်းပြေး မလွတ်နိုင်သော အိုခြင်း၊ နာခြင်း၊သေခြင်း၊ ဘေးတို့ကိုတွေ့ဆုံကြရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ယင်းကဲ့သို့မလွဲရှောင်သာအောင်တွေ့ရမည့်ဘေးများအပြင် မိမိမပြုသင့် မပြုထိုက်သောကိစ္စများကိုပြုလုပ်ပြောဆိုကြံစည်ခြင်းကြောင့်ရင်း၊ ပြုသင့်ပြုထိုက်သောကိစ္စများကို မပြုလုပ်၊မပြောဆို၊မကြံစည်ခြင်း ကြောင့် ဖြစ်ပေါ်လာရသောတွေ့ကြုံရသည့် လူမှုဒုက္ခ အပေါင်းတို့သည် များပြောင်လှသဖြင့် ဒုက္ခတမျိုးပြီးတမျိုး၊သောကတမျိုးပြီးတမျိုးတွေ့ကြုံရင်ဆိုင်နေရသောလူများကိုမိမိ၏ပတ်ဝန်းကျင်တွင် လေ့လေ့လာလာမျက်စေ့ဖွင့်ကြည့်ရှုပါက အတောမသတ်ပင် တွေ့နိုင်ပေသည်။ ထို့ကြောင့် တရားတော်အရ 'ဘယ်သူမပြုမိမိမှု' ဟူသောစကားသည်ရင်း၊'မရှိတာထက် မသိတာခက်သည်'ဆိုသောစကားများသည် ပေါ်ထွက်လာရပေသည်။

လူသားတယောက်အဖို့ အရေးကြီးဆုံးသော အရွယ်အပိုင်းအခြားသည် တတိယအရွယ်ပင်ဖြစ်သည်။ အိုမင်းမစွမ်းဖြစ်သည့်အရွယ်၌ အို ဆင်းရဲ - မဆင်းရဲပဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့်

ကုသိုလ်ရေး အလုပ်များ လုပ်နိုင်ရေးသည် အရေးကြီးပေသည်။ အားအင်ကုန်ခမ်းပြီး မလုပ်နိုင်မကိုင်နိုင်သော အရွယ်၌ အိုဆင်းရဲဆင်းရဲရခြင်းသည် ကြီးစွာသော ကိုယ်စိတ်ဆင်းရဲမှုပင်ဖြစ်ရာ၊ ထိုသို့သောဘဝမှ လွတ်မြောက်ရန်မှာ ပထမ အရွယ်မှစ၍ ကောင်းသောအလုပ်များကိုပြုလုပ်ပြောဆိုကြံစည်ကြမှသာလျှင် ကောင်းသောအကျိုးကိုခံစားရပေမည်။ မကောင်းသောအလုပ်ကိုပြုလုပ်ပြောဆိုကြံစည်ပါက မကောင်းသော ဆိုးကျိုးကိုသာလျှင် မုချရရှိပေမည်။ ဤသည်ကား– ဗုဒ္ဓ၏ကံ–ကံ၏အကျိုးဟူသော အနှစ်သာရတရားပင်ဖြစ်ပေသည်။

မကောင်းသောအလုပ်ကိုလုပ်၍၊ ကောင်းသောအကျိုးကိုမခံစားနိုင်ပေ။ လူလည်၊ လူညာ၊ လူပါးလုပ်ပြီး ကြီးပွားနေသူများကို တွေ့ရှိကောင်းတွေ့ရှိပေမည်။ ထိုသူများသည် အတိတ်ဘဝကကံဟောင်းစားများ(ဝါ)အတိတ်ဘဝက ကောင်းမှုအားကောင်းသဖြင့် ယခုဘဝတွင် အကျိုး စံစားနေသူများ သော်ငြင်း၊ ယင်းတို့လုပ်ခဲ့သော မကောင်းမှုများ အကျိုးမပေးသေးမီ ခေတ္တ ခဏမျှသာ ကြီးပွားနေကြခြင်း ဖြစ်သည်။ (အကုသိုလ် ကံ အကျိုးမပေးသေး၍ ယခုဘဝတွင် မကောင်းကျိုးများ မခံစားလိုက်ရလျှင် နောင်ဘဝတွင်မလွဲသေချာခံရပေမည်။) မကောင်းမှုလုပ်ခဲ့၍မကောင်းကျိုးများပေးချိန်၌ဒုက္ခလှလှကြီးတွေ့ပြီးကျဆင်းသွားသည်ကို တွေ့မြင်ကြဘူး ပေမည်။ ထိုကဲ့သို့သော ဒုစရိုက်သမားများသည် အတိတ်ကံအားကောင်းခဲ့၍ ယခုဘဝတွင် ဒုက္ခမတွေ့ကြုံကြရသော်လည်း၊ ၎င်းတို့ရှာဖွေခဲ့သော ပစ္စည်းများသည် သားသမီးများလက်ထက်၌ကုန်ခမ်းသွားကြသည်ကို အများအပြားတွေ့

ရှိရသည်။ အထူးသဖြင့် မိမိတို့ပြုခဲ့သော ကောင်းကျိုး ဆိုးကျိုးတို့သည် တတိယအရွယ်၌ အဆင်အရှား တွေ့ရတတ် ပေသည်။ ထို့ကြောင့် ဘဝတွင် အရေးကြီးဆုံးဖြစ်သော တတိယအရွယ်၌ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံကြစေရန်လိုအပ်သဖြင့် ဗုဒ္ဓစာပေကျမ်းဂန်မှ ထုတ်နုတ် တင်ပြထားသော လူမှုရေး တရားတော်များကို ပထမအရွယ်မှစ၍ ကျင့်ကြံလိုက်နာပါက တတိယအရွယ်တွင် ကောင်းကျိုးချမ်းသာနှင့် တွေ့ကြုံရပေမည်။

ဗုဒ္ဓဘာသာဝင်များအဖို့ ဘဝကူးပြောင်းရသော တတိယအရွယ်သည် အထူး အရေးကြီးသည်မှာ ပြောဘွယ်ရန် မလိုချေ။ တတိယအရွယ်၌ စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာများအားထုတ်ပြီး ဘဝကူးရန် လိုအပ်ပေသည်။ ဘဝကူးခါနီး၌ ဂတိကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ကုသိုလ်စိတ်များ ဖြစ်ပေါ်စေသည့် စိတ်ကောင်းများကို မိမိသန္တာန်၌ အမြဲကိန်းဝပ်နေရန် လိုအပ်ပေသည်။ တရားဘော်အရ အချိန်တိုင်း၌ လူတိုင်းသည် ကုသိုလ်စိတ်ဖြစ်နေလျှင်ဖြစ်—မဖြစ်လျှင် အကုသိုလ်စိတ်ဖြစ်နေသည်။ ထို့ကြောင့် ကုသိုလ်စိတ်များသည် ဘုရားရှိခိုးတုန်းခဏ၊ ပုတီးစိတ်နေတုန်းခဏနှင့် တရားထိုင်နေတုန်း ခဏများ၌သာ မိမိ၏ သန္တာန်တွင် ကိန်းဝပ်မနေစေပဲ တနေ့လျှင် ၂၄-နာရီပါတ်လုံးတည်နေနိုင်မှသာလျှင် မိမိအတွက်အကျိုးရှိပေမည်။ သတ္တဝါဟူသည် အချိန်ရှိသမျှ အာရုံများကိုဘမ်းယူနေသူဖြစ်ရာ၊ တရားထိုင်ယင်း၊ ပုတီးစိတ်ယင်းပင် အားကုသိုလ်အာရုံများသို့ရောက်သွားနိုင်ပေသည်။ ပုထုဇဉ်လူသားအဖို့ မကောင်းသောအကုသိုလ်စိတ်များကို မနောကံ အဆင့်မှ ဝစီကံ၊ ကာယကံ

အဆင့်များသို့မတက်စေပဲ မနောကံအဆင့်တွင်ပင်ပေါ်လာတိုင်း ပယ်ချနိုင်လျှင်ပင် သူတော်ကောင်းဟု ခေါ်ရပေမည်။

ထို့ကြောင့် မိမိ၏သန္တာန်၌ စိတ်ကောင်းများ အမြဲကိန်းဝပ်နေရန်အတွက် စိတ်ကိုချယ်လှည်သည့် မကောင်းသော စေတသိက်များ (အကုသိုလ်စေတသိက်များ)ကောင်းသော စေတသိက်များ (ကုသိုလ်စေတသိက်များ)ကိုခွဲခြားသိရှိခြင်းအားဖြင့် မိမိတွင်ဖြစ်ပေါ်နေသောစိတ်များကို ဝေဖန်ပိုင်းခြားစိစစ်နိုင်ကာ မကောင်းသော အကုသိုလ်စိတ်များ ဝင်လျှင်ဝင်ခြင်းသိရှိကာ ဖယ်ရှားနိုင်ခြင်း၊ စိတ်စေတသိက်နှင့် စရိုက်သဘောများကို သိရှိခြင်းဖြင့် လူရုပ်လူကဲသိရှိကာ နှစ်လိုဘွယ်ရာ ပေါင်းသင်း ဆက်ဆံ တတ်လာခြင်း၊ ဖြစ်ပေါ်လာသောပြဿနာရပ်များပေါ်၌ အသင့်အတင့်နှလုံးသွင်းတတ်ခြင်းစသော လူမှုဆက်ဆံရေးအတွက် အဘိုးတန်သောအသိတရားများရရှိရုံသာမက၊ ကုသိုလ်စိတ်များကို အကြိမ်ကြိမ်အဖန်ဖန် မွေးမြူလာခြင်းအားဖြင့် နောက်ဆုံးတွင် လားရာဂတိ ကောင်းများရရှိနိုင်သော စိတ်သဘော အကြောင်းခြင်းရာများကို လေ့လာနိုင်ရန်လည်း ဖေါ်ပြထားပါသည်။

သုတကာတို့ထက် ကြီးပွားလိုကြ၍၊ မိမိ၏ စွမ်းပကားကိုအားထားမှုပြုသည်ထက် ဓါတ်ရိုက်ခြင်း၊ ယတြာချေခြင်း။ သိဒ္ဓိပေါက်ပုဂ္ဂိုလ်များ၊ နတ် ဝိဇ္ဇာများကို စည်းကပ် ကိုးကွယ်ခြင်း စသော ပြင်ပ တန်ခိုးအာနိသင်များကို အားထား လိုက်စားကြသူများအများအပြားရှိကြသည်။ ယတြာကောင်း မင်းလောင်းပ ဟူသောစာများရှိသဖြင့် ယင်း အတတ်ပညာများကို အားကိုးခြင်းအတွက်အပြစ်မဆိုလိုပါ။ မြတ်စွာဘုရား၏အလိုအရ ကြီးပွားချမ်း

သာမှုသည် ကံ၊ ဉာဏ်၊ ဝိရိယ ဟူသော အချက်ကြီး သုံး ချက် ပေါ်မူတည်ရာ–ကံသည် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ ဟူ၍ နှစ်မျိုး ရှိ သည့်အနက် သေးငယ်သော အတိတ်ကံကို အထက်ပါ ပညာ များဖြင့် အနည်းငယ်ပြုပြင်နိုင်စွမ်းရှိသော်လည်း ပစ္စုပ္ပန်ကံသည် သာ ပဓါနဖြစ်ကြောင်းကိုလည်း မမေ့အပ်ပေ။

ယခုခေတ်သည် ဝိပ္ပတ္တိခေတ်ဖြစ်၍သိဒ္ဓိပေါက် ပုဂ္ဂိုလ်များ သည် လောဘ၊ ဒေါသ၊ မောဟထူပြောနေသော လူ့လောကသို့ ၎င်း၊ စိတ်ကောင်းဓါတ်ခံနည်းသူများနှင့်၎င်းတွေ့ကြုံနိုင်ရန်လမ်း မရှိသည်ကိုလည်းသတိပြုသင့်ပေသည်။ အထူး သတိပေးလိုသည် မှာကြီးပွားချမ်းသာချင်ကြ၍ သိဒ္ဓိပေါက်ဂိုလ်များကို အားပြု ရန်ရှာဖွေကြရင်း ဝိဇ္ဇာတု၊ ဝိဇ္ဇာယောင်များနှင့်တွေ့၍ အလိမ်ခံရ မှုများ၊ ကိုယ်ကျိုးနည်းမှုသတင်းများ ကြားသိရ၍ ဆရာပေါင်း မမှားရန်အရေးကြီးပေသည်။

ဗေဒင်၊ ယတြာ၊ ဓါတ်ရိုက်ခြင်းစသောလောကီပညာရပ်များ ပေါ်တွင်ခံယူချက်မှန်ရန် လိုပေသည်။ ယင်း ပညာရပ်များသည် မရှိမဟုတ်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းပ ညာရပ်များဖြင့် မိမိ၏ ကံကြမ္မာလမ်းကြောင်းသည် အဆင်းကို ဆောင်သလော၊ အတက်ကို ဆောင်သလော၊ သဘောကို သိရန်မျှ လောက်သာ ကြည့်သင့်သည်။ အတက်သဘောကို ညွှန်ပြနေပါက အတိတ်ကံ ရှိသည်နှင့်အမျှ အကျိုးပေးကောင်းများရရှိရန် ရတနာသုံးပါးကို ဆည်းကပ်၍၊ မိမိအလုပ်ကိုဝိရိယရှိရှိဖြင့် အားကြိုးမာန်တက် အ လုပ်လုပ်ပေးရန်ဖြစ်သည်။ ကံဇာတာလမ်းကြောင်းသည် မှေးမှိန် နေပါက ရတနာသုံးပါးကို ပိုမိုအားထားကာ ကိုယ်နှုတ်နှလုံးကို

မမှားအောင် စောင့်ထိန်း၍ နေတတ်ရန် ပင်ဖြစ်သည်။ စာရေးသူသည် ခပ်ရွယ်ရွယ်အခါက ဗေဒင်ကိုတနှစ်တခါဆိုသလိုမေးလေ့ရှိပါသည်။ကိုးကွယ်သောဆရာတော်တပါးက သားသမီးများလိမ္မာရေးခြားရှိစေရန် ရေးပေးသော အောက်ပါ ရှစ်လုံးဘွဲ့ကဗျာကို ဘတ်ရပြီးကထဲက ဗေဒင်မေးသော အလေ့သည်လည်း ပျောက်သလောက်ပင်ဖြစ်သွားပါသည်။

မိမိသူများ—နှစ်ပါးစုံပင်၊
ခုကောင်း နောင်ကောင်း—အကောင်းဖြစ်ချင်၊
ကိုယ်ကောင်း နှုတ်ကောင်း—စိတ်ကောင်းပါလျှင်၊
ဖြစ်သမျှကောင်းရမှာချည်းပင်၊—ဟူသတည်း။ ။

ထို့ကြောင့် ဗေဒင်မေးခြင်းထက် ကောင်းအောင် ပြုလုပ်ပြောဆို ကြံစည်ခြင်းက ပို၍အရေးကြီးသည် ဟု ခံယူလိုက်ခြင်းဖြစ်ပါသည်။

အတိုချုပ်အားဖြင့် တင်ပြလိုသည်မှာ ကံကောင်းဘို့ အရေးသည် ယခု ပစ္စုပ္ပန်ကံ (အလုပ်) ကောင်းမှု ပေါ်တွင် သာ အဓိကအားဖြင့် တည်ရှိ သည်။ ထို့ကြောင့် မြတ်စွာဘုရားက ပုဗ္ဗဏှသုတ်တော်တွင် ဂြိုဟ်ခနဂြိုဟ်ပြောင်း ဆိုးအကောင်းသည် အကြောင်းမဟုတ်၊ ကိုယ်နှုတ်နှလုံးစောင့်သုံးတည်လျှင် ကောင်းသောနက္ခတ်နှင့်ယှဉ်သည်မည်ပေ၏ ဟု အတိအလင်း ဟောထားတော်မူသည်။ထို့ကြောင့်မိမိကံကြမ္မာညှိုးမှိန်နေသည်ဟုထင်သည့်အခါများ၌ ဘုရားနှုတ်ထွက် ဓမ္မစကားဖြစ်တော်မူသော ရောဂါဘေးဒဏ်ရန်မာရ်အန္တရာယ် အသွယ်သွယ်တို့ကို ကာကွယ်စောင့်

ရှောက်၍ ကောင်းကျိုးချမ်းသာမင်္ဂလာကြက်သရေတို့ကို တိုးပွား စေနိုင်သော ပရိတ်တရားတော်များကိုရင်း၊ ဘုရား ဂုဏ် တော်၊ တရားဂုဏ်တော်၊ သံဃာ ဂုဏ်တော်များ ကိုရင်း၊ အန္တရာယ်ကင်း ဂါထာ မန္တန်ကောင်းများကိုရင်း၊ နေ့စဉ်ရွတ်ဘတ်သရဇ္ဈာယ်ခြင်း သည်သာအကောင်းဆုံးသောယတြာမည်ပေသည်။ တခြားအရာ များထက် ရတနာသုံးပါးကို ပိုမိုအားထား ကိုးကွယ် ဆည်းကပ် ခြင်းသည်သာလျှင် ကောင်းသော ယတြာ၊ ကောင်းသော ဓါတ် ဆင်ခြင်းမည်ပေသည်။

စိ တ်ပညာ ရှင် များ က စိတ်ဓါတ် ပုံစံ မှန်သူ (Normal Person) များသာ လောက၌ ကြီးပွား တိုးတက် နိုင် သူ များ ဖြစ် ကြောင်း တွေ့ ရှိ ထား သည်။ ဆေး သိပ္ပံ ပညာ ရှင် များ အလို အရ လည်း ရောဂါ ဖြစ် ပွား ရ ခြင်း၏ အ ကြောင်း ရင်းများသည် စိတ်ပေါ်၌ အတော်အတန်အခြေပြုကြောင်းမိန့်ဆို ချက်များရှိသည်။ မြတ်စွာဘုရားကလည်း အသက်သည် ကံ၊စိတ်၊ ဥတု၊အာဟာရ ပေါ်၌ တည်ကြောင်း ဟောထားတော်မူသဖြင့် ကျန်းမာ၍ချမ်းသာရန်မှာ စိတ်ကောင်းရှိမှုပေါ်၌ များစွာတည် ရှိကြောင်း ရိပ်စားမိနိုင်ပေသည်။ စိတ်ဓါတ် ပုံစံမှန်သူများသည် များသောအားဖြင့် ဘုရားဟောတရားတော်များအတိုင်း စိတ် နေစိတ်ထားရှိသူများနှင့် ကျင့်ကြံသူများ ဖြစ်ကြောင်း တွေ့ရှိရ သည်။ ထို့ကြောင့် ဗုဒ္ဓအလိုအတိုင်း စိတ်ကောင်းထားရှိမှုသည် သံသရာဝအတွက်သာမက နောင်ဘဝသံသရာအတွက်လည်း ဘဝ အာမခံချက်များဖြစ်ကြောင်းသိရှိထားသင့်ပေသည်။

လူ့လောကတွင်တည်ရှိနေကြသော လူ့ဘဝ အလွှာအသီးသီး တို့၏ ဘဝအခြေအနေကို လေ့လာကြည့်ပါက အသိဥာဏ် အဆင့်ကွာသလို လူ့ဘဝ အဆင့်တို့သည်လည်း အသီးသီး ကွာခြားသွားကြကြောင်း များသောအားဖြင့်တွေ့ရှိရပါသည်။ လူနေမှုအဆင့်ကွာခြားခြင်း၏ အကြောင်းရင်းများအနက် အသိဥာဏ် ကွာခြားခြင်းသည် အဓိကအကြောင်းရင်းတရပ်ဖြစ်သည်။ အသိဥာဏ်သည် တက္ကသိုလ်မှဘွဲ့ထူးကြီးများရရှိသောပညာသင်ခဲ့ခြင်း နှင့်မဆိုင်လှပါ။ ပညာသင်ခြင်းသည် အသိဥာဏ်ရှိရန် အလားအလာကောင်းများကို ဖွင့်ပေးနိုင်သည်လောက် အထိသာ ဆိုင်ပါသည်။ အသိဥာဏ်သည် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့် အပြစ်များကို ဝေဖန် ပိုင်းခြားတတ်ပြီး၊ မှန်ခြင်း၊ ကောင်းခြင်း၊ အကျိုးရှိခြင်းများကို ပြုလုပ်ခြင်းနှင့်သာ ဆိုင်သည်။

အသိဥာဏ်အလိမ္မာသည် ပင်ကိုယ်၌ပါရှိသော ပင္ကိုသန္ဓေစိတ် ဓါတ်ခံသဘော အတော်များများအောက်ခြေကခံသည်။ ယင်း အသိဥာဏ်ကို ဆင့်ပွားနိုင်ယူရန်အတွက် စာဘတ်ခြင်း၊ ပညာရှိများနှင့်နှီးနှောဆွေးနွေးခြင်းများသည် အကောင်းဆုံးသောအသိဥာဏ်ဆင့်ပွားနည်းများပင်ဖြစ်သည်၊

စာဘတ်ခြင်းသည် ပညာဥာဏ်ရရှိမှုအတွက်သာမက စိတ်၏ အာဟာရ ရှိမှုအတွက်လည်းဖြစ်၏။ စာဘတ်ခြင်း အလေ့သည် ကြီးရင့်အရွယ်၌များစွာတန်ဘိုးရှိလေသည်။ ကြီးရင့်အရွယ်၌ သားသမီးများသည် ပယ်ခွာနေတတ်ခြင်း၊ မိတ်ဆွေအပေါင်းအသင်း များလည်း နည်းလာခြင်းကြောင့် တဦးတည်း ငြီးငွေ့ဘွယ်ရာ

ဘဝကိုရတတ်သည်။ ယင်းကဲ့သို့ စိတ်ဝင်စားမှုမရှိပဲ ငြီးငွေ့ဘွယ်ရာနေရသောဘဝသည် အသက်တိုခြင်း၏ အကြောင်းရင်းဖြစ်ကြောင်းဆေးနှင့်စိတ်ပညာရှင်များက ယူဆထားကြသည်။

ကြီးရင့်အရွယ်များ၌ စာဘတ်ခြင်းမရှိသူများသည်ရင်း၊ ရတနာသုံးပါး ကိုင်းရှိုင်းမှုမရှိသူများသည်ရင်း၊ တခြားစိတ်ဝင်စားမှုအလုပ်၊ လုပ်ကိုင်ခြင်းမရှိသူများသည်ရင်း၊ စိတ်ဓါတ်ပုံသဏ္ဍာန်ပျက်ပြားလာတတ်ကြသည်။ စာဘတ်ခြင်းသည် ကြီးရင့်အရွယ်၌လိုအပ်နေသောဟာကွက်ကို အဖေါ်အနေဖြင့်ရင်း၊ သားသမီးအနေဖြင့်ရင်း၊ မိတ်ဆွေအနေဖြင့်ရင်း၊ စိတ်အာဟာရ အနေဖြင့်ရင်း၊ ဖြည့်စွက်ပေးသော ဆေးစွမ်းကောင်းကြီးတခုဖြစ်ရာ စာအုပ်စာပေသည် လူ့ တ သက် တာ အ တွက် မိတ် ဆွေ ဟုပင် ခေါ်ဆိုထိုက်ပေသည်။

ထို့ကြောင့် စာဘတ်ခြင်းသည် ပညာဗဟုသုတ ရှိမှုအတွက်သာမက ကြီးရင့်အရွယ်အထိ အသုံးချနိုင်သော အာဟာရ တခုပင်ဖြစ်ရာ စာဘတ်ခြင်းအလေ့ကို ငယ်စဉ်ကပင်တိုင်းပြည်နှင့်ချီ၍ ပြုစုပျိုးထောင်ပေးသင့်ပေသည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ တန်ခိုးအာဏာထက်မြက်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းတို့သည် အသိဉာဏ်အလိမ္မာနှင့် လောကီ လောကုတ္တရာ ဗဟုသုတများ ပြည့်စုံမှသာလျှင် အနှစ်သာရ ရှိပေသည်။ ထို့ကြောင့်ကြီးပွားမှုနှင့်အတူ အသိဉာဏ်ပညာဗဟုသုတများ လိုက်ပါလာရန် စာဘတ်ခြင်းအလေ့အထကို စွဲမြဲအောင် လုပ်ဆောင်သင့်ပေသည်။

ကြီးပွားတယ်ဆိုတာဘာလဲ။ ဤစာအုပ်၏ရည်ရွယ်ချက်သည် ဗုဒ္ဓညွှန်ပြသည့်နည်းအတိုင်း လိုက်နာကြသူများ ကြီးပွားချမ်းသာကြပါစေဟူသော စေတနာဖြင့်ပြုစုတင်ပြထားသော စာအုပ်ဖြစ်ရာ မည်သို့သောအင်္ဂါရပ်များနှင့် ပြည့်စုံသူကို ကြီးပွားသည်ဟု ခေါ်မည်လဲဟုမေးရန်ရှိပါသည်။

ဤနေရာ၌ကြီးပွားခြင်း ဆုတ်ယုတ်ခြင်းကို ဗုဒ္ဓပေးသောပေတံနှင့် တိုင်းကြည့်သင့်ပေသည်။ မင်္ဂလာတရားတော်အရ ပေးကမ်းလှူဒါန်းခြင်း၊ မိဘနှစ်ပါးအား ထောက်ပံ့ခြင်း၊ ဆွေမျိုးဉာတကာများအား ထောက်ပံ့ခြင်း၊ မိမိသားမယား တို့အား ကောင်းစွာလုပ်ကျွေးခြင်းတို့သည် မင်္ဂလာမည်သဖြင့် ကောင်းသော အသက်မွေးဝမ်းကျောင်းတခုဖြင့် လှူဒါန်းထောက်ပံ့နိုင်အောင် စီးပွားဖြစ်ထွန်းခြင်း ရှိရမည်ဟုဆိုလိုသည်။

မြတ်စွာဘုရား၏ တရားတော်များကို ခြုံကြည့်ပါက ပစ္စည်းရှိသလောက် ပပလွှားလွှား၊ ကာမဂုဏ်အာရုံများကိုခံစားကာ နေထိုင်ခြင်းမျိုးကိုလည်း မလိုလား၊ မိမိပစ္စည်း ရှိသလောက် သင့်တင့်လျောက်ပတ်အောင် မနေထိုင်ပဲစေးစေးနဲနဲဖြင့် ဆင်းရဲစွာ နေထိုင်ခြင်းမျိုးကိုလည်း မချီးမွမ်း၊ မိမိကိုယ်ကို ချမ်းသာအောင် နေထိုင်ခြင်းမျိုးကိုသာလိုလားတော်မူသည်။

ပရာဘဝသုတ်တော်၌ အကြင်သူသည်ကောင်းသော စည်းစိမ်ရှိသူ၊ အသပြာရှိသူ၊ စားဘွယ်နှင့်ပြည့်စုံသူဖြစ်ပါလျက် ကောင်းမြတ်သောဘောဇဉ်ကိုတယောက်တည်းစားသုံး၏။ ထိုစားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်းဟု ဟောတော်မူသည်ကို ထောက်ခြင်း၊ပစ္စည်းဥစ္စာသုံးစွဲပုံသုံးစွဲနည်းဟောထားချက်များကို

ထောက်ခြင်းအားဖြင့် မြတ်စွာဘုရားသည် မိမိပစ္စည်းများအား အမိအဖ၊ ဆွေမျိုးမိတ်သင်္ဂဟနှင့် အလုပ်သမားများကိုပါ ခွဲ၍ စားသောက်ခြင်းမျိုးကို လိုလားတော်မူသည်။ ထို့ကြောင့် ပစ္စည်းရှိခြင်းထက်၊ ပစ္စည်းသုံးစွဲပုံမှန်ကန်ခြင်းကပို၍ အရေးကြီး ကြောင်းသတိပြုရသည်။

လူ့ဘဝတွင်မျက်စေ့တဖက် ကန်းသူကဲ့သို့ရင်း၊ စုံလုံးကန်းသူ ကဲ့သို့ရင်း၊ မကျင့်ရဟု ဟောထားတော်မူသည်။ တဖက်ကန်း ဟူ သည်မှာပစ္စုပ္ပန်ဘဝ အကျိုးတခုကိုသာကြည့်၍ ကျင့်ကြံသူနှင့်တူ သည်။ နှစ်ဖက်ကန်း ဟူသည်မှာ ပစ္စုပ္ပန် ဘဝအကျိုးကိုလည်း မပြုလုပ်၊ နောင်ဘဝ သံသရာအကျိုးအတွက်လည်း မပြုလုပ်ပဲ ဆန်ကုန်မြေလေးနေသူကဲ့သို့နေထိုင်ခြင်းကိုဆိုလိုသည်။ မျက်စေ့ နှစ်လုံးအလင်းရသူကဲ့သို့ကျင့်ကြံရမည်ဟုဆိုသည်မှာ ယခုဘဝနှင့် နောင်ဘဝသံသရာအကျိုးစီးပွားများအတွက်ကိုပါပြုလုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

စာရှုသူမိတ်ဆွေ၊သင်သည်ဘဝ၌ပစ္စည်းဥစ္စာပေါများ၍ ချမ်း သာနေသူသော်ရင်း၊ တန်ခိုးအာဏာ ကြီးထွားနေသူသော်ရင်း၊ ထင်ရှားကျော်စောနေသူသော်ရင်း ဖြစ်ခြင်မှုဖြစ်နေပေမည်။ သို့ သော် မိတ်ဆွေသည် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ပစ္စုပ္ပန် သံသရာအကျိုးစီးပွားနှစ်ခုစလုံးကို ဖြစ်ထွန်းအောင် လုပ်ဆောင် ပြီး မိမိ၏မိသားစု သားသမီးများအားလည်း လိမ္မာ ယဉ်ကျေး စေကာ ယင်းတို့အားလည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး စီးပွားများကို လုပ်ဆောင်တတ်အောင် ညွှန်ပြပေးသော အမွေ အနှစ်များကို ပေးထားနိုင်ပြီဆိုပါက သင်သည် ဗုဒ္ဓ၏အလိုအရ

ကြီးပွားချမ်းသာနေသော လူသား တယောက် ဖြစ်နေပြီ ဟု ယုံကြည်စိတ်ချစွာမှတ်ယူပါလေ။

သားသမီးများအား လိမ္မာယဉ်ကျေးမှုရှိအောင် သွန်သင်ဆုံးမရာ၌ လေးဘက်သွားသည့်အရွယ်မှစ၍ ဆုံးမမှသာလျှင် မိမိအလိုရှိသောပုံကိုသွင်းယူနိုင်ပေမည်။ ၁၅-နှစ်အရွယ်မှစ၍ ဆုံးမလျှင် ဆုံးမ၍ရတော့မည်မဟုတ်ပေ။ ထို့ကြောင့် ငယ်စဉ်ကပင် ရတနာသုံးပါး ကိုင်းရှိုင်းတတ်လာအောင် ပုံသွင်းပေးခြင်း၊ ပညာပေးခြင်း၊ အသိဉာဏ်ထက်မြက်လာအောင်ပြုလုပ်ပေးခြင်း၊ ကိုယ့်ဒူးကိုယ်ချွန်စိတ်ဓါတ်များသွင်းပေးခြင်း၊ ပျင်းရိမှုမရှိအောင် အိမ်အလုပ်များကို ငယ်စဉ်ကပင် တာဝန်ချထားပေးခြင်း စသည် တို့ကိုပြုလုပ်ပေးသင့်ပေသည်။ ဤသို့အားဖြင့် သားသမီးများ၏ ယခုဘဝအရေးသာမက နောင်ဘဝအရေးအတွက်ကိုပါ စိတ်ချရသောအကောင်းဆုံးအမွေအနှစ်များကို မိဘများအနေဖြင့်ပေးတတ်ဘို့ပေးနိုင်ဘို့လိုပေသည်။

ရာခိုင်နှုန်းများစွာသောမိဘတို့သည် သားသမီးများအားပစ်ထားကြပြီး စီးပွားရှာဖွေမှုလောဘ၏နောက်သို့သာအချိန်ရှိသမျှလိုက်နေကြသဖြင့် အထက် ခဖေါ်ပြပါ ပေးသင့် ပေးထိုက်သောအမွေအနှစ်များကို မပေးမိကြပဲ ပစ္စည်းဥစ္စာများကိုသာ ထားခဲ့ကြသဖြင့် မိဘတို့ မျက်ကွယ်သည်နှင့် တပြိုင်နက် ထားရှိခဲ့သောပစ္စည်း ဥစ္စာများသည် ပျောက်ပျက်၍ လူ့ ဘဝ အဆင့် များစွာလျောကြသွားကြသော လူချမ်းသားတို့၏သားသမီးများကို ယခုခေတ်တွင် ထင်ထင်ရှားရှား တွေ့မြင်နေရ၍ သတိသံဝေဂရဘွယ်သခ်ဏ်းစာယူဘွယ်ကောင်းလှပေသည်။ ထို့ကြောင့်မိဘများအနေ

ဖြင့်အထက် ဖေါ်ပြပါအမွေများကိုပေးနိုင်ရေးကို ပထမထားပြီး စီးပွားရှာဖွေရေးကို ဒုတိယထားသင့်ပေသည်။

အို-နာ-သေရေး ရှုဒေါင့်မှ ကြည့်လျှင် ဘဝတွင် မည်မျှပင် အောင်မြင် နေသော စကြာဝတေး မင်းကြီးပင် ဖြစ်စေကာမူ၊ အနှစ်သာရအားဖြင့် ဘာမှမရှိပါ။ လုပ်ယင်း၊ ကိုင်ယင်း၊ လောဘ နောက်လိုက်ယင်းနှင့်ပင် အရှိန်အဟုန်ပြင်းစွာဖြင့် ပြေး လွှားနေ သောအချိန်တို့၏ ဝါးမျိုကိုက်စားခြင်းခံရသဖြင့် သက်တန်းစေ့ နေရသောအချိန်သည်ပင် ရေပွက်ပမာမျှသာဖြစ်ရာ နောက်ဆုံး၌ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့်ပင် အဆုံးသတ်ရဖေတော့သည်။

ထို့ကြောင့် လူ့ဘဝတွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အကျိုးစီးပွားကိုဆောင်ရွက်နေသူဖြစ် ပါက သင်၏ဘဝသည်အောင်မြင်နေပြီဟုမှတ်ပါလေ။ပစ္စည်းဥစ္စာ ကြွယ်ဝနေသူတိုင်း၊ တန်ခိုးအာဏာ ကြီးထွား နေသူတိုင်း၊ ထင် ပေါ်ကြော်ကြားနေသူတိုင်းသည် ကိုယ်စိတ်နှစ်ပါးစလုံးချမ်းသာ နေသူများဖြစ်ခြင်မှဖြစ်ပေမည်။ အထွတ်အထိပ်ကို မျှော်မှန်းချက် မထားဘဲ မလျော့သော လုံ့လဝီရိယဖြင့် အလုပ်လုပ်ကာ ကိုယ် စိတ်နှစ်ပါးချမ်းသာအေးငေ်နေတတ်ပြီး နှစ်ဖြာသော အကျိုးစီး ပွားကို အမြဲလုပ်နေနိုင်ဘို့သာအရေးကြီးပေသည်။ ဤသို့လုပ်နေ လျှင်မျှော်မှန်းချက်မထားသော်လည်းသင်၏ဘဝသည်တဆင့်ထက် တဆင့် တက်လာမည်မှာ မလွဲကေန်ပင် ဖြစ်သည်။ ဤကဲ့သို့ နေ ထိုင်ကြသောပုဂ္ဂိုလ်များသည် တိုင်းပြည်ကို တကယ်တန်းအကျိုး ပြုနေသူများဖြစ်ကြောင်းတွေ့ရပေသည်။ ဤသူမျိုးသာလျှင် ဗုဒ္ဓ

၏အလိုအားဖြင့် ကြီးပွား အောင်မြင်နေသူများ ဟု ခေါ်ဆိုထိုက်ပေသည်။

မြတ်စွာဘုရား၏ တရားတော်များကို ခြုံကြည့်ပါက သံသရာလွတ်မြောက်ရေးအတွက်သော်၎င်း၊ လောကီလောကုတ္တရာအောင်မြင်ရေးအတွက်သော်၎င်း၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါနည်းလမ်းဖြင့် ပြုလုပ်မှသာအောင်မြင်မှု ရနိုင်ကြောင်း တွေ့ရသည်။ အလွန်ရှုနိုင်ခဲလှသော နိဗ္ဗာန်ချမ်းသာကို မဇ္ဈိမပဋိပဒါနည်းဖြင့်ရအောင်ယူနိုင်ခဲ့လျှင် လောကီ ချမ်းသာစီးပွားကိုလည်း ယင်းနည်းဖြင့် ရအောင်ယူနိုင်သည်မှာ ယုံမှားဘွယ် မရှိသင့်ချေ။ လောကီလူမှုကိစ္စအားလုံးတွင်အလယ်အလတ်လမ်းဖြင့်လုပ်ဆောင်နေသူများသာ အောင်မြင်နေကြကြောင်းကို ပတ်ဝန်းကျင်တွင် ဆင်ခြင်လေ့လာကြည့်ပါက တွေ့နိုင်သည်။ ထို့ကြောင့် သင်၏ဘဝ အောင်မြင်မှုအတွက်လည်း အလယ်လမ်းမှ ဖြောင့်ဖြောင့်မှန်မှန်ကြီးသွားရန် လိုအပ်ပေသည်။ တခါတရံ မိမိကိုယ် မိမိအလယ်လမ်းမှ သွားနေသည် ဟု ထင်ရသော်လည်း အမှန်အားဖြင့် တဖက်သောအစွန်းလမ်းမှ သွားနေသည်ကိုမသိမမြင်ဘဲရှိတတ်သဖြင့်အထူးသတိပြုရှောင်ရှားသင့်သည်။ အလယ်အလတ် လမ်းစဉ်ဖြင့်ကျင့်ကြံလုပ်ဆောင်ခြင်းသည်ကောင်း-မကောင်း၊အကျိုးရှိမရှိကိုထင်ထင်ရှားရှားသိနိုင်ရန် ပုံစံထုတ်၍ တင်ပြလိုသည်။

၁။ လူလည်လွန်းလျှင် သုံးမရသလို—၊ 'အ' လွန်းလျှင်လည်း သုံးမရပါ၊ မလယ်လွန်း မ'အ'လွန်းသူများသာ အသုံးဝင်သူများဖြစ်သည်။

၂။ စကားများလျှင်လည်း မကောင်းသလို၊ စကား နည်းလျှင်လည်း မကောင်းပါ။ စကားမနည်း မများသူများသည်သာ ချက်ချက်ချာချာ ပြောတတ်သူများဖြစ်သည်။

၃။ အသုံးအစွဲကြီးလျှင် မကြီးပွားနိုင်သလို၊ ကပ်စေးနဲလျှင် ပေါင်းသင်းမရ၍ မကြီးပွားနိုင်ပါ၊ အလယ်အလတ်ဖြစ်သော မျှမျှတတ သုံးစွဲတတ်သူများသာ ချမ်းသာအောင်နေတတ်သူဖြစ်သည်။

၄။ အပေါင်းအသင်းများလွန်းလျှင်မကောင်းသလိုအပေါင်းအသင်းနည်းလွန်းလျှင်လည်းမကောင်းပါ။ အသိတွေတလော့ကြီးထဲမှ မိတ်ကောင်းဆွေကောင်း ရအောင် ပေါင်းတတ်မှသာ အကျိုးရှိနိုင်သည်။

၅။ ဝီရိယလွန်ကဲလျှင် စိတ်ဂဏှာမငြိမ်ပူပန်ရသလို၊ ဝီရိယမရှိလျှင်လည်း လူပေါ့ဖြစ်တတ်သည်။ သတိနှင့်ယှဉ်သော ဝီရိယရှိမှသာလျှင်အကျိုးရှိသည်။

၆။ ယား၍မှ မကုတ်အားအောင် အလုပ်ကိစ္စများလွန်းလျှင် ကိုယ်စိတ်ပင်ပန်းရသလို၊အလုပ်မရှိဘဲ နေထိုင်ရခြင်းသည်လည်း ငြီးငွေ့ဘွယ်ဖြစ်သည်။ကာယ၊ဉာဏအားကို လိုက်၍သင့်တော်သောအလုပ်ချိန်ရှိခြင်းသည်ကိုယ်စိတ် ကျန်းမာခြင်း၏အကြောင်းရင်းပင် ဖြစ်သည်။

၇။ ဘဝင်မြင့်လျှင် ရှုးတတ်သည်၊ ဘဝင်နိမ့်လျှင်လည်းလူနိမ့်သွားတတ်သည်။ ဘဝင် အနေမှန်မှကြီးပွားမှု တာရှည်နိုင်သည်။

၈။ မိန်းမကြောက်သူသည်လူညံ့၊ မိန်းမနိုင်သူသည်လူယုတ်။
အလယ်အလတ် လမ်းဖြစ်သော မိန်းမချစ်သူသည်သာ
အသိဉာဏ်ရှိသူမည်ပေသည်။

အထက်ပါပုံစံများအပြင် သင်စဉ်းစား၍ ရသောနှစ်ဖက်အစွန်းများကိုဆင်ခြင်ကြည့်ပါ။ နှစ်ဖက်သောအစွန်းသို့ရောက်မှုမှန်သမျှသည် မည်သည့်နည်းနှင့်မျှ ကောင်းကျိုးချမ်းသာကို ပေးနိုင်သောလမ်းမဟုတ်ကြောင်းတွေ့ရပေမည်။ ထို့ကြောင့် မည်သည့်အမှုကိစ္စမဆို အလယ်အလတ်လမ်းသည် မမှားနိုင်သောလမ်းဖြစ်၍ မိမိနေ့စဉ်တွေ့ထိ လုပ်ကိုင်နေရသောအရာဟူသမျှကို အလယ်လမ်းဖြင့်လုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိသာထင်ရှားလောက်ပေပြီ။

၄၅-ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဗုဒ္ဓတရားတော်များ၏ထူးခြားချက်မှာ တရားတခုနှင့်တခု ဆန့်ကျင်ဘက်ဖြစ်နေခြင်း၊ ရှေ့စကားနောက်စကား မညီသောတရားများ လုံးဝ မရှိခြင်း၊ ဘုရားဖြစ်စက ဟောတော်မူသောတရားနှင့် ပရိနိဗ္ဗာန် မပြုမီတွင်ဟောခဲ့သောတရားတို့သည် တခုနှင့်တခု ဝိရောဓိ ဖြစ်မနေခြင်း တို့သည် အံ့ဘွယ် ကောင်းလှပေသည်။ မြတ်စွာဘုရား၏တရားတော်များကို ဘတ်ရှုလာသည့်အခါ၌ ဗုဒ္ဓ၏ ဉာဏ်တော်ကို ပို၍ နှစ်နှစ်ကာကာ ကြည်ညိုမိလာပါသည်။

ဗုဒ္ဓ၏ တရားတော်များသည် ယထာဘူတ ကျခြင်း၊ အမှန်တရားများ အပြည့်အဝ မှ ရှိခြင်းကြောင့် လိုက်နာ ဆောင်ရွက်နိုင်ကြလျှင် ယခုဘဝတွင်ပင်ကိုယ်စိတ်ချမ်းသာမှုကိုမှုချရနိုင်သော

တရားများဖြစ်သည်။ ဗုဒ္ဓသည်လူသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်များကိုပယ်နိုင်မှသာချမ်းသာမှုရနိုင်မည်ဖြစ်ကြောင်း ဟောတော်မူသော်လည်းလူ့တာဝန်ဝတ္တရားများကိုပစ်ပယ်၍မိန်းမအမျိုးမျိုးလဲလှည်ယူပြီး မွေးထားသော ကလေးများကိုလည်း စွန့်ပစ်ထားသည့်တဏှာသမား၏ သံယောဇဉ် ကင်းရှင်းနည်းမျိုးမဟုတ်ပေ။လူနှင့်ပစ္စည်းများကို မိမိပြုလုပ်ရမည့် တာဝန်အရ အစွမ်းကုန်စောင့်စောင့်ရှောက်ရမည်ကိုဆိုလိုသည်။ ဤသို့ စောင့်ရှောက်လျက်နှင့်တစုံတခုသော အကြောင်းကြောင့် ပျက်စီးပါက သံယောဇဉ်ငြိတွယ်ရန်မဟုတ်ဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများတင်ပြီး စိတ်ချမ်းသာမှုရရန် အသင့်အတင့် နှလုံးသွင်းတတ်ဖို့ ဟောထားသောတရားတော်များဖြစ်၍လိုက်နာနိုင်ပါကယခုဘဝတွင်ပင် စိတ်ချမ်းသာမှု အပြည့်အဝရနိုင်သော တရားတော်များဖြစ်ကြောင်း တွေ့ရပေသည်။

ယခုခေတ်စား လျက်ရှိသော မိမိကိုယ် မိမိဝေဖန်ရေး၊ သူတပါး၏ ဝေဖန်မှုကိုခံယူနိုင်ရေးတို့ကို ဗုဒ္ဓသည်လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်ကပင် ဟောထားတော် မူခဲ့သည်။ မင်္ဂလာတရားတော်တွင် "သောဝစဿတာ" ဟူသော ပုဒ်အရင်း၊ မေတ္တာပုဗ္ဗပဋိဘာဂ တရား ၁၅-ပါးတွင်"သုဝစောစဿ"ဟူသော ပုဒ်အရင်း၊ မိမိအားအကျိုးအကြောင်းပြ၍ ပြောဆိုဆုံးမသူ၊ သတိပေးသူများအား ရွှေအိုးကြီးကို ဖော်ထုတ်ပေးသူကဲ့သို့ ကျေးဇူးအထူးတင်ရှိရမည်။ ထိုသူပြောဆိုဆုံးမသည့်ကိုလည်း လိုက်နာရမည်ဟုဆိုသည်။ ဆုံးမလွယ်သူ ဖြစ်ရမည်ဟုလည်း ဟောထားတော်မူသည်။ ဤ မင်္ဂလာ တရားနှင့် ပြည့်စုံသူမှသာ သူတပါး၏ ဝေ

ဖန်မှုကို ခံယူနိုင်သူဖြစ်ပေမည်။ ဤမင်္ဂလာတရားနှင့် မပြည့်စုံသူသည် မိမိကိုယ် မိမိဝေဖန်မည့် လူစားမျိုးမဟုတ်ဘဲ "ငါလုပ်တာမှန်သည်"ဟုအမြဲထင်နေသောတယူသန်နှင့် တစွပ်ထိုးသမားသာဖြစ်ချေမည်။ ဝေဖန်မှုကိုခံယူပြီး လုပ်သင့်လုပ်ထိုက်သော ဝေဖန်ညွှန်ပြပြောဆို ဆုံးမသည့်အတိုင်း မလိုက်နာလျှင်လည်း သူတပါး၏ဝေဖန်မှုကို ခံယူခြင်းသည် အကျိုးသက်ရောက်မှုဘာမျှ ရှိမည်မဟုတ်ပေ။ သူများကြားကောင်းအောင် နာမည်ခံ ဝေဖန်မှုခံယူခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ဝေဖန်မှုကိုခံယူနိုင်ရုံသာမကလိုက်နာနိုင်ဘို့လည်း အရေးကြီးကြောင်း သတိချပ်သင့်ပေသည်။

ဗုဒ္ဓညွှန်ပြသော မိမိကိုယ် မိမိဝေဖန်ရေးသည် စိတ်ကောင်းဝင်တုန်းတခါဘာရံမှ ထလုပ်သော ဝေဖန်ရေးမျိုး မဟုတ်ပေ။ အမြဲမပြတ် မိမိကိုယ် မိမိဆင်ခြင်ခြင်း (ဝါ) မိမိစိတ် သန္တာန်၊ ကိုယ်သန္တာန်၌ ဒလစပ် ဖြစ်ပျက်နေသော သဘောများကို ဝိ–အထူးပဿနာ–ကြည့်ရှုဆင်ခြင်ခြင်းနည်းဖြင့် နိဗ္ဗာန်ချမ်းသာကိုပင်ရနိုင်ကြောင်းညွှန်ပြထားတော်မူသည်။ မိမိကိုယ်မိမိကြည့်ရှုဆင်ခြင်ခြင်းဖြင့် အဝိဇ္ဇာအမှောင်ကိုဖြိုခွင်းပြီး သစ္စာတရားကို သိမြင်နိုင်ခဲ့လျှင်လောကီနယ်၌လည်း မိမိကိုယ်မိမိဝေဖန်စိစစ်ခြင်းဖြင့် မှားယွင်းနေသောလုပ်ဆောင်ချက်များကိုဖယ်ရှားနိုင်ပြီးအမှန်တရားလမ်းပေါ်သို့ရောက်ရှိလာနိုင်ပေမည်။

ဗုဒ္ဓ၏ဝေဖန်ရေး သဘောတရားမှာ မိမိစိတ်အစဉ်တွင် ဒလစပ်ဖြစ်ပျက်နေသော စိတ်စေတသိတ် တရားများကို ဆင်ခြင်ကာမကောင်းသော အကုသိုလ်စိတ်များဝင်လာသည်နှင့် စိတ်တံခါးဝမှစောင့်၍ခုတ်သတ်နိုင်ရန်မိမိစိတ်ကိုအမြဲစောင့်ကြည့်နေရမည်၊ စိ

စစ် ဝေဖန်နေရမည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်မိမိ ဝေဖန်နိုင်မှသာလျှင်အမှန်တရားလမ်းပေါ်သို့ရောက်နိုင်ပေမည်။

လူ၏သဘာဝမှာ မိမိအပြစ်ကို မိမိမမြင်တတ်လေရာ၊ကောင်း မြတ်သော မိတ်ဆွေကောင်းများက မိမိပြုလုပ်နေသောအမှားများ ကိုစိတ်ကောင်း စေတနာကောင်းဖြင့် ထောက်ပြကြသည့် အခါ တွင် 'ကျွဲမြီးမတို' တတ်အောင်စိတ်ကို ပြင်ထားဘို့လိုသည်။ ဤကဲ့ သို့စေတနာကောင်းဖြင့် သတိပေးသူကို ကိုယ်နှုတ်နှလုံး သုံးပါးစ လုံးဖြင့် ကျေးဇူးတင်ကြောင်း ဖေါ်ပြ ပြောဆိုပေးရမည်။ မိမိ ကိုယ် မိမိဝေဖန်နိုင်ယုံ သာမက သူတပါး၏ ဝေဖန်မှုကိုလည်း ခံယူနိုင်မှသာလျှင် အမှန်တရားလမ်းပေါ်သို့ ရောက်နိုင်ပေမည်။ အမှန်တရားကိုလိုလားသူများ မိမိကိုယ်မိမိဝေဖန်နိုင်ပြီး သူတပါး ၏ဝေဖန်မှုကိုလည်း ခံယူနိုင်ကြပါကုန်။

မြတ်စွာဘုရား၏ တရားတော်များသည်လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်ကလည်း မှန်သည်။ ယခုလည်းမှန်သည်။ နောင်အ ဆုံးအစမရှိသော ကာလအပိုင်းအခြားအထိလည်း မပေါက်မပြန် မှန်နေဦးမည်။ တခြားသော တရားများကဲ့သို့ ကာလဒေသ၊ ခေတ် လိုက်၍မှန်ကန်သော တရားများ မဟုတ်ချေ။ တဝက်တပျက်သာ မှန်သောတရားများလည်း မဟုတ်ချေ။ ထို့ကြောင့် သင်၏ဘဝ အောင်မြင်ရေး၊တိုးတက်ကြီးပွားရေးအတွက် မပေါက်မပြန်အလုံး စုံ မှန်ကန်သော တရားများအတိုင်းသာ လိုက်နာကျင့်ကြံနိုင်ပါက မြေကြီးလက်ခတ်မလွဲ အောင်ပွဲများတခုပြီးတခု ဆွတ်ခူးနိုင်မည်ကို ယုံမှားဘွယ်မဖြစ်သင့်ချေ။

မည်သည့်လောကီ၊ လောကုတ္တရာအလုပ်မဆိုပြုလုပ်ရာ၌အရေး အကြီးဆုံးသော အချက်မှာ ရည်ရွယ်ချက်၊ လမ်းစဉ်နှင့် လုပ်နည်း လုပ်ဟန်မှန်ကန်မှုပင်ဖြစ်သည်။ဥပမာအားဖြင့်အရှေ့အရပ်သို့သွား လိုသောသူသည် အနောက်အရပ်သို့ မျက်နှာမူပြီး ဦးတည်စိုက်စိုက် သွားခြင်းအားဖြင့် ခြေလှမ်းတိုင်းလှမ်းတိုင်း မိမိရောက်လိုသောအ ရှေ့အရပ်နှင့်ဝေးကွာ သွားသကဲ့သို့ အားထုတ်မှုပြုတိုင်းတို့ သည် လည်း အကျိုးမမြင်အရာမထင်ဘဲ ကိုယ်စိတ်ပင်ပန်းမှုသာ ဖြစ်ရ ချေသည်။ ဤနေရာ၌မန်လည် ဆရာတော်ဘုရားကြီး ရေးသား တော်မူသော မဃဒေဝ လင်္ကာသစ်စာအုပ်၌ လူမိုက်စေတနာရှိ လျှင် ကြောက်ဘို့ကောင်းကြောင်း စပ်ဆိုထားသော လင်္ကာမှာ တိုက်ဆိုင်ခြင်း၊မှတ်သားဘွယ်ကောင်းခြင်းကြောင့် ဖေါ်ပြအပ်ပါ သည်။

'တွေ့ဝေမိုက်လှ၊ သားဗာလကား၊ အဘထိပ်ထက်၊ ကိုက် သည့်မှက်ကို၊ တချက်ထည်းသာ၊ သေစိမ့်ငှာဟု၊ ထက်စွာကြီး မား၊ပဲ့ခွပ်သွားဖြင့်၊ ပေါက်ပြဲအားတုံလေ၊ ဘခင်သေ၏၊ မသေ့ မှန်လှ၊ဤသို့စသား။ဗာလပဏ္ဍိ၊ အထူးသိလော့' ဟူသတည်း။

ထို့ကြောင့် စေတနာရှိမှုထက် လုပ်နည်းလုပ်ဟန် မှန်ကန်ဘို့၊ လမ်းမှန်ဘို့က ပို၍အရေးကြီးသည်မှာ ထင်ရှားပေသည်။ စေတနာ နှင့်အသိဉာဏ်ပေါင်းစပ်၍ အလုပ်လုပ်တတ်မှသာလျှင် အကျိုးရှိ နိုင်ကြောင်းသိသာနိုင်ပေပြီ။

ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် ဟောတော်မူခဲ့သော တရား များကိုပင်မျက်စေ့မှိတ်၍ လိုက်နာရန်တိုက်တွန်းတော် မမူခဲ့ပေ။

မည်သည့်တရားမဆိုမှန်မမှန်၊ ကောင်းမကောင်း၊ အကျိုးရှိမရှိစသောအချက်များကိုသိရှိနိုင်ရန် အတွက် သဘောတရားမှတ်ကျောက်တင်သည့်နည်းများ၊ ဝေဖန်ပိုင်းခြားတတ်ရန် နည်းလမ်းများကို ကာလမသုတ်တော်၌ဟောထားတော်မူခဲ့သည်။

ယခုခေတ်လူများသည် ကိုယ်တိုင်စူးစမ်းတွေ့ရှိသည့်အခါမှသာ ယုံကြည်တတ်ကြပေရာ၊ တွေ့ရှိကြားသိရသော မည်သည့် သဘောတရားမဆိုမှန်မမှန်၊ ကောင်းမကောင်း ဝေဖန်ပိုင်းခြားတတ်ရန်အတွက် ဤစာအုပ်တွင် ဗုဒ္ဓ၏စိစစ်ဝေဖန် ပိုင်းခြားနည်းကို ဦးစွာပထမဖော်ပြထားခြင်းဖြစ်ပါသည်။

ဗုဒ္ဓ၏ သဘောတရားမှတ်ကျောက်တင်နည်းဖြင့် ဤစာအုပ်ပါတရားတော်များကို သာမက အခြားသော လောကီလောကုတ္တရာတရားများကိုပါ မှတ်ကျောက်တင်ပြီး လက်ခံနိုင်ကြပါစေဟု ဆုတောင်းမိပါသည်။

ဤစာအုပ်သည် ကြီးပွားမှုအတွက်အားထုတ်ကြိုးပမ်း နေကြသော လူငယ်ပရိသတ်နှင့်မှားယွင်းသောနည်းလမ်းဖြင့်လုပ်ဆောင်နေခြင်းကြောင့် ဘဝတွင် အောင်မြင်မှုမရသေးသော သာမန်လူတန်းစားကိုအဓိကထား၍တင်ပြလိုသောကြောင့် ပေါ်ထွက်လာသော စာအုပ်ဖြစ်ပါသည်။ ယင်းလူမျိုးစားတို့သည် မဖေါက်မပြန်မှန်ကန်သော ဗုဒ္ဓ၏ကြီးပွားချမ်းသာရေး တရားတော်များကို လိုက်နာကျင့်သုံးနိုင်သည်နှင့် အမျှကြီးပွားချမ်းသာလာကြမည်မှာ ယုံမှားဘွယ်မရှိသင့်ချေ။ ဘဝတွင် အောင်မြင်မှုရနေသူ များသည်လည်း မှန်ကန်သောနည်းစနစ်များကို သိရှိကာ အတိအကျ လိုက်

နာကျင့်သုံးနိုင်ကြသည်နှင့်အမျှ ဘ၀အဆင့်ဆင့်တိုးတက်ကြပါစေ ဟူသောအာသီသလည်းရှိပ့ါသည်။

စာရေးသူအနေဖြင့်ဤစာဘတ်သူများအပေါ်တွင်မြှော်လင့်ချက် ကြီးကြီးမားမားမထားရှိပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ကိုယ်တိုင်အပါအ၀င် ယခုရှိကြသော လူသားအားလုံး တို့သည် ၈၈၊၀ ၀၀ ႐ုသဲစုမက ပွင့်တော်မူခဲ့ကြပြီးသော ဘုရားအဆူဆူ တို့မှ လွတ်ထွက်လာကြသော ဆုတ်ကပ်ကာလ ပုထုဇဥ်လူသား အတုံး အတစ်အစစ်ကြီးများဖြစ်၍ အလောင်းအလျာကဲ့သို့ ကျင့်ကြံနေ ထိုင်ရန် မမြှော်လင့်ခြင်း ဖြစ်ပါသည်။ သို့သော်ရတောင့်ရခဲလှ သောသာသနာနှင့်ကြုံသည့် လူ့ဘ၀ကိုရရှိခိုက်တွင် ဘ၀တဆင့် ထက်တဆင့် မြင့်တက်လာဘို့ ကြိုးစားမှသာလျှင် လူဖြစ်ကျိုးနပ် ပေမည်။ ဤစာဖတ်သူများသည် ယုတ်စွအဆုံး သူတော်ကောင်း ဖြစ်မလာသည့်တိုင်အောင်သူယုတ်မာ၊သူရမ်းကား၊ တယူသန်သမား မဖြစ်လျှင်ပင်စာရေးသူအဖို့ကြိုးပမ်းရကျိုးနပ်ပြီဟုယူဆမိပ့ါသည်။ ဤစာဘတ်ရှုသူများ အနက် တဦးဘယောက်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏တရားတော်များကို အသင့်အတင့် သဘောပေါက်ပြီး ကြီး ပွားလာသော သူတော်ကောင်းတဦးဖြစ်လာပါက၊ စာရေးသူ အ နေဖြင့်ဝမ်းမြောက်၍မဆုံးဖြစ်မည်မှာအမှန်ပင်ဖြစ်ပါသည်။

အမှန်အတိုင်းဝန်ခံသိုပါသည်။ ဗုဒ္ဓ၏ လူမှုရေးတရားတော်များ ကိုပြုစုတင်ပြထားသော်လည်း ကျွန်တော် ကိုယ်တိုင် တရားတော် များအတိုင်း အပြည့်အ၀မလိုက် နိုင်သေးပါ။ ကြိုးစားဆဲမျှ သာရှိပါသေးသည်။လူလတ်ပိုင်း အရွယ်မျှသာရှိသေး၍ အပေါင်း အသင်းစုံမိပါလျှင် မကောင်းမှုများကိုလုပ်ဘတ်ပါသေးသည်။ ဤ

ကျမ်းသည် သူများအထင်ကြီးအောင်ရေးထားသောကျမ်းလည်း မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင် လောကီ၊ လောကုတ္တရာကြီးပွား ရေးအတွက်ရှာဖွေရင်းတွေ့ရှိလာသော ဗုဒ္ဓ၏ "သိုက်စာ" ကိုအများ ပြည်သူတို့အားလည်း သိအောင် ဖေါ်ပြလိုခြင်းမျှသာဖြစ်ပါသည်။ ဤ ဗုဒ္ဓ၏'သိုက်စာ'ဖြင့် မိမိအလိုရှိအပ်သောလောကီ၊ လောကုတ္တရာ ရတနာများကို ဖေါ်ယူနိုင်ရန်တင်ပြရခြင်းဖြစ်ပါသည်။

ဗုဒ္ဓ၏လူမှုရေး တရားတော်များအတိုင်း ကျွန်တော်ကိုယ်တိုင် ရာခိုင်နှုန်းအပြည့်မလိုက်နိုင်သေးသော်လည်း လိုက်နာလိုသူများရှိ ပါက ထိုသူအဖို့ အကျိုးကျေးဇူးများရရှိစေလိုခြင်း၊ ၇၅-ရာခိုင်နှုန်း လိုက်နာနိုင်သူရှိက ၇၅-ရာခိုင်နှုန်းအကျိုးရစေလိုခြင်း၊ ၅၀-ရာခိုင် နှုန်းလိုက်နာနိုင်သူရှိက ၅၀-ရာခိုင်နှုန်းအကျိုးရစေလိုခြင်းကြောင့် တင်ပြရခြင်းဖြစ်ပါသည်။ အထက်တွင် ဖေါ်ပြခဲ့ပြီးသည့် အတိုင်း အလောင်းအလျာများမဟုတ်၍ မြော်လင့်ချက် ကြီးကြီးမားမား မထားသော်လည်း၊ လူများစုသည် သူတော်ကောင်းမဖြစ်သည့်တိုင် အောင်၊ သူယုတ်မာများ မဖြစ်ကြဘဲ တဦးပေါ် တဦးရျောက် မတွန်း၊ ဒုက္ခမပေးဘဲ မေတ္တာထားကာ ကူညီနေထိုင်သွားကြလျှင် လူ့လောကကြီး ရောက်လာကြတုန်း စုပေါင်း၍ နေချင့်စဖွယ် ကောင်းသော လောကကလေးတခုဖန်တီး သွားကြစေလိုသော ဆန္ဒကြောင့် ဤဗုဒ္ဓ၏လူမှုရေးတရားတော်များကိုတင်ပြရခြင်းဖြစ် ပါသည်

အချုပ်အားဖြင့် တင်ပြလိုသည်မှာ၊ ဗုဒ္ဓ၏အလိုအရ လောကီ ကြီးပွားမှုသည်ကံ၊ ဉာဏ်၊ ဝိရိယတည်းဟူသော အကြောင်း သုံး ပါး ပေါ်တွင် အခြေတည်သည်။ ယင်းသုံးပါး အနက် ဝိရိယ

သည်အဓိက အကျဆုံးသော အကြောင်းတပါး ဖြစ်သည်။ ဝိပ္ပဋိခေတ်ကာလဖြစ်၍အတိတ်ကံအကျိုးသက်သက်ကြောင့်ပစ္စည်းများအလိုလိုရလာခြင်း၊ပေါ်ထွက်လာခြင်း စသောအဖြစ်မျိုးသည်ယခုကာလ၌မရှိသလောက်ရှား၍အတိတ်ကံကိုမြှော်၍ အလုပ်မလုပ်ပဲနေခြင်းသည် ငတ်ဖို့အကြောင်းရင်းပင်ဖြစ်သည်။

ကံ၏ သဘောသည် အတိတ်ကံ၊ပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးရှိသည်။ မဖြစ်မနေအကျိုးပေးရမည့်ကောင်းသော အတိတ်ကံ၊ မဖြစ်မနေပျက်စီးရမည့်မကောင်းသော အတိတ်ကံ၊ ယင်းကဲ့သို့မလွှဲမသွေ ယခုဘဝတွင် ဖြစ်ရမည့်ကြီးမားသော အတိတ်ကံတို့မှ အပ၊ မှုန်မွှားမွှားအတိတ်ကံတို့ကို ယခုပစ္စုပ္ပန်ကံဖြင့် ပြုပြင်ပေး ခြင်းငှာ စွမ်းနိုင်သဖြင့် ယခုဘဝတွင် ပြုလုပ်သော ကောင်းသည့် အလုပ်၊ မကောင်းသည့်အလုပ်များသာလျှင်အရေးကြီးဆုံးဖြစ်သည်။

စာရှုသူမိတ်ဆွေ၊သင်သည်မွေးရာပါကိုယ်အင်္ဂါချို့တဲ့သူလည်း မဟုတ်၊နာတာရှည်ရောဂါစွဲကပ်နေသူမဟုတ်ပဲ၊ ဗုဒ္ဓသာသနာနှင့် ကြုံသောအခါကာလ၌ကျန်းကျန်း မာမာ လူလာဖြစ်နေသည် ကို ထောက်ခြင်းအားဖြင့် သင်၏အတိတ်ကံ မဆိုးခဲ့သည်မှာ အမှန် ဖြစ်သည်။ ဤမဆိုးလှသော အတိတ်ကံကို အခြေပြုပြီး ယခု ပစ္စုပ္ပန်ကံကောင်းအောင် အလုပ်ကောင်း များကိုသာ အမြဲ ပြု လုပ်သွားပါက သင်၏ဘဝသည် တဆင့်ထက်တဆင့်မြင့်တက်လာ မည်မှာ အမှန်ပင်ဖြစ်သည်။ အကယ်၍သင်သည် အလုပ်ကောင်း များကို လုပ်ချင်သော ဉာဉ်လည်းမရှိ၊ အတိတ်ဘဝကံလည်း ထင်သလောက်မကောင်းဖြစ်နေပါက အတိတ်ကံကောင်းပြီး ယခု ဘဝတွင် အလုပ်ကောင်းလုပ်နေသူများထံတွင်မှီခိုပါ။ (ဝါ)ကံမ

အောင်းလျှင်ကောင်းကောင်းရှုစိတ်ကောင်းရှိသူများထံမှခိုနေထိုင်ပါ။ သင့်အားထိုက်ကောင်း လုပ်နေသူနှင့်ဘေးလူများက ရန်တိုက် ပေးလျှင်မယုံကြည်လေနှင့်၊ သင်သည်ထိုက ရှိသူ၏အရိပ်အောက်၌ နေထိုင်မှ ဘဝချမ်းသာရမည့်သူဖြစ်ပါက ထိုအရိပ်အောက်၌နေ ထိုင်တတ်ပါလေ။

ဥာဏ်၏သဘောမှာ ကောင်းသော အလုပ်များကိုလုပ်ကိုင်ရာ၌ ဥာဏ်နှင့်မြော်မြင်၍ကောင်းမကောင်း၊ အကျိုးရှိမရှိ၊သင့်မသင့် ချင့်ချိန်၍လုပ်ကိုင်ခြင်း၊အကြံဥာဏ်ကောင်းများ၊ စိတ်ကူးကောင်း များဖြင့် ရေရှည်အကျိုးကို ကြည့်၍ လုပ်တတ်ခြင်းပင် ဖြစ်သည်။ သင့်၌ဥာဏ်ကောင်းမရှိလျှင် ဥာဏ်ကောင်းသူများထံမှ ခိုပါ။

ဝီရိယသဘောမှာ အလုပ်လုပ်ရာ၌မပျင်းမရိ၊စိတ်ပါလက်ပါ၊မ ဖြစ်မနေဖွဲ့သန်သန်ဖြင့်အလုပ်လုပ်ကိုင်ခြင်းဖြစ်သည်။ အလုပ်မလုပ် ပဲမည်သူမျှမကြီးပွားနိုင်။ အလုပ်မလုပ်သောလူမျိုးနှင့် တိုင်းပြည် လည်း မည်သို့မျှမကြီးပွားနိုင်ချေ။သိဒ္ဓိပေါက်ပုဂ္ဂိုလ်များနှင့်ပြင်ပ တန်ခိုးသျှင်များကိုအားကိုး၍ အလုပ်မလုပ်ပဲ ဆုတောင်းဘမ်းတ ကိုးကွယ်နေရုံဖြင့် လည်း မကြီးပွားနိုင်ချေ။

ဗုဒ္ဓ၏တရားတော်အရ မည်သည့်ဖြစ်ပျက်မှုမဆို အကြောင်းနှင့် အကျိုးကင်း၍မဖြစ်နိုင်ပေ။ အကြောင်းနှင့် အကျိုး အတူတကွ ချက်ခြင်းဖြစ်သော ကိစ္စရပ်များလည်း ရှိ၏။ ဥပမာ- လူသတ်မှု ကျူးလွန်ခြင်းအကြောင်းကြောင့် ချက်ခြင်းအချုပ်ခံရသော ဆိုး ကျိုးရှိသလို၊လူမိုက်နှင့်ပေါင်းမိ၍နောင်တွင်အကျိုးမဲ့ ဖြစ်ရသော အကြောင်းဖြစ်ပြီး ကာလအတော်ကြာမှ အကျိုးဖြစ်သော ကိစ္စ ရပ်များလည်းရှိသည်။ ထိုနှစ်ပါးတို့တွင် အကြောင်းနှင့် အကျိုးတ

ပြိုင်နက်ဆိုသလို ဖြစ်သော ကိစ္စများကို သိလွယ်မြင်လွယ် ကြသော်လည်း အကြောင်းဖြစ်ပြီး၍ ကာလအတော်ကြာမှ ဖြစ်ပေါ်လာသောအကျိုးတို့ကိုမူကား သိမြင်နိုင်ရန်ခဲယဉ်း သဖြင့်၍ ထိုသောအကြောင်းမျိုးကိုပြုလုပ်ကြသူ များတတ်သည်။ မကောင်းသော အကြောင်းများကိုပြုဖန်များလာသည့်အခါ၌ ဆိုးကျိုးများသည်စုကိုင်တတ်သည်။ ထိုအခါဒုက္ခလှလှကြီးတွေ့ရ တတ်သည်။ ဤကဲ့သို့ပင် ကောင်းသောအကြောင်းများကိုပြုဖန်များလာ သည့် အခါ၌ ကောင်းကျိုးများ ဆက်တိုက် ပေးတတ်ပုံကိုလည်း ဆင်ခြင်သိနိုင်ပေသည်။

မကောင်းသော အလုပ် (ကာယကံ၊ ဝစီကံ မနောကံ သုံးပါးစလုံးကိုဆိုလိုသည်။)များကိုနေ့စဉ်ရက်ဆက်ပြုလုပ်လာသျှင် စွဲမြဲလာပြီးအကျင့်၏ကျေးကျွန်ဖြစ်လာကာမိမိစိုးပိုင်သည့် စိတ်ဟူ၍မရှိတော့ဘဲ၊ နောက်ဆုံးတွင်ပျက်စီးခြင်းသို့ရောက်ရှိရတော့သည်။ ထို့ကြောင့် မည်ကဲ့သို့ သေးငယ်သော မကောင်းမှုကို မဆို အမြဲတစေဆက်တိုက်မလုပ်မိရန် အရေးကြီးပေသည်။ မည်သို့ပင်သေးငယ်စေကာမူ ကောင်းသော အလုပ်များကိုဆက်တိုက်ပြုလာပါက ကောင်းသောအကျိုးတို့သည်ထုထယ်ကြီးမားလာပြီးလျှင်ကောင်းကျိုးချမ်းသာများကိုယခုဘဝတွင်ပင် မုချမသွေရနိုင်ပေသည်။ဤသဘောတရားများကိုလက်တွေ့မှန်မမှန်စမ်းသပ်လိုပါကမကောင်းသော အလုပ်များကို ကိုယ်နှုတ်နှလုံးသုံးပါးစလုံးဖြင့်အချိန်ရှိသ၍နေ့စဉ်ရက်ဆက် တလခန့်ပြုလုပ်ပြီး မိမိ၏စိတ်ကို ဆင်ခြင်လေ့လာကြည့်ပါ။ စိတ်ကြည်လင် ရွှင်ပြမှု မရှိခြင်း၊ လိပ်ပြာမသန့်၍လူတောမတိုးဝံ့ခြင်း၊ မိမိကိုယ် မိမိယုံကြည်မှု သတ္တိနည်းလာခြင်း၊

အချိန်ရှိသ၍ အလိုမကျမကျေမနပ်ဖြစ်နေခြင်း စသောမကောင်းမှု အာရုံခံစားမှုများရှိနေလိမ့်မည်။

တဖန် ကောင်းသောအလုပ်များကို ကိုယ်နှုတ် နှလုံးသုံးပါး စလုံးဖြင့် အချိန်ရှိသရွေ့ တလခန့်ဆက်တိုက်လုပ်ပြီး မိမိ၏စိတ် အစဉ်ကိုလေ့လာဆင်ခြင်ကြည့်ပါ။ စိတ်ကြည်လင်ရွှင်ပြ နေခြင်း၊ မိမိကိုယ်မိမိယုံကြည်မှုသတ္တိထက်မြက်လာခြင်း၊ နေထိုင်ရတာကျေ နပ်မှုရှိ၍ ဘဝင်ကျနေခြင်း၊ စသောကောင်းမြတ်သည့် အာရုံခံစား မှုများကိုရနေပေလိမ့်မည်။ ဤကားဗုဒ္ဓ၏ဂုဏ်တော်ဖြစ်သောအကာ လိကော-အချိန်မရွေး ကောင်းကျိုးပေးသည့် သဘောပင် ဖြစ် သည်။ ကံ၊ ကံ၏အကျိုးကိုမယုံကြည်သူများအတွက် (စိတ်ခိုင်သည် ဟုယုံကြည်ပါလျှင်) စိတ်တည်းဟူသောဓါတ်ခွဲခန်း၌လက်တွေ့တင် ၍ စမ်းသပ်နိုင်ရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

မန္တလေးမြို့သို့ရောက်တိုင်း အခွင့်ရသလို ခေတ်မှီမှီ၊ ဝိနည်း တော်ကျကျ၊ စည်းကမ်း စနစ်ကောင်း၍ နာမည်ကြီးနေသော အမရပူရမြို့ မဟာဂန္ဓာရုံ စာသင်တိုက်၊ ယင်းကျောင်းတိုက်ကို တည်ထောင်၍ အုပ်ချုပ်နေသော ဆရာတော်အရှင်ဇနကာဘိဝံသ ထံသို့သွားရောက်ဖူးမျှော်တတ်ပါသည်၊ ကျောင်းတိုက်နေ သံဃာ များအတွက် ချိတ်ဆွဲထားသော အောက်ပါစာတမ်းကို နှလုံးတွေ့ ၍ မှတ်သားခဲ့ပါသည်။

ဤကျောင်းတိုက်၌—

၁။ စိတ်ကောင်းရှိဘို့က ပထမ၊

၂။ ဝိနည်းလေးစားဘို့က ဒုတိယ။

၃။ ကျန်းမာဘို့က ဘတိယ။
၄။ သန့်ရှင်းဘို့က စတုတ္ထ။
၅။ အဝတ်အစားဘက်ဘို့က ပဉ္စမ။
၆။ အသွားအလာဘက်ဘို့က ဆဋ္ဌမ။
၇။ အနေအထိုင်ဘက်ဘို့က သတ္တမ။
၈။ အပြောအဆိုဘက်ဘို့က အဋ္ဌမ။
၉။ စည်းကမ်းလိုက်နာဘို့က နဝမ။
၁၀။ စာဘက်ဘို့က ဒသမ။

ဤ(၁၀)ချက်ကို အစဉ်အတိုင်းဂရုစိုက်ပါ။

အထက်ပါစာတမ်းကို အတုယူ၍ ဗုဒ္ဓ၏လူမှုရေး တရားတော်များအရ၊ ဤလောကတွင် ကြီးပွားချမ်းသာဘို့အတွက်-

၁။ စိတ်ကောင်းရှိဘို့က ပထမ၊ (မှန်ပါသည်၊စိတ်ကောင်းရှိမှ စိတ်ကျန်းမာမည်။ စိတ်ကျန်းမာမှ ကိုယ်ကျန်းမာမည်။)
၂။ ကျန်းမာဘို့က ဒုတိယ။
၃။ အသိဉာဏ်ရှိဘို့က တတိယ။
၄။ လူ့ကျင့်ဝတ်နှင့် လူ့အလိုက်သိဘို့က စတုတ္ထ။
၅။ လုံ့လ ဝီရိယနှင့်အလုပ်လုပ်ဘို့က ပဉ္စမဟု ဆိုချင်ပါသည်။

ဗုဒ္ဓ၏တရားတော်များသည် ယနေ့ဘဝတွင်သာမက နောင်ဘဝသံသရာအတွက်ကိုပါ ကောင်းကျိုးချမ်းသာများပေးစွမ်းနိုင်သော

တရားထူးတရားမြတ်များ ဖြစ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ လူ့မှုရေးတရားတော်များသည် လောကီကြီးပွားမှုအတွက် ဗုဒ္ဓ "သိုက်စာ" ပင်ဖြစ်ရာ၊ ဤဗုဒ္ဓ "သိုက်စာ" ပါနည်းအတိုင်း ဝိရိယ ရှိရှိ ဇွဲသန်သန်ဖြင့် ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ကာ အလုပ် လုပ်၍ ကြီးပွား နိုင်ကြပါစေ သတည်းဟု နိဂုံး ချုပ် လိုက် ရ ပါသည်။

ခင်မောင်ဝင်း

နေ့စွဲ၊ ၁၉၇၅ခု ဧပြီလ(၆)ရက် ၃၄၊ ခပိုလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။

# ကာ လာ မ သုတ်

ကာလာမသုတ်သည် အင်္ဂုတ္တိုရ် မြန်မာပြန် တိကနိပါတ်၌ ပါရှိသည်။ ကေသမုတ္တိရွာသားများကို အကြောင်းပြု၍ ဟော ထားခြင်းကြောင့် ကေသမုတ္တိသုတ်ဟုအမည်တွင်သည်။ သို့သော် ကာလာမ မင်းတို့အား ဟောကြားထားသောသုတ်ဖြစ်၍ ကာ လာမသုတ်ဟူ၍လည်း ခေါ်ကြသည်။

မိမိခံယူထားသော ဝါဒသဘောတရားနှင့် လုပ်နည်းလုပ်ဟန် တို့ မှန်ကန်မှု ရှိမရှိကို ဗုဒ္ဓပေးသောအောက်ပါမှတ်ကျောက်တင် နည်းဖြင့် စီစစ်ကြည့်ပါ။ မိမိခံယူထားသောဝါဒနှင့် ပြုလုပ်လိုက် သောအမှုကိစ္စတို့၏ ရလာဒ်များသည် အကုသိုလ်စိတ်ကို ဖြစ်စေ သလော၊အကျိုးစီးပွားမရှိခြင်းကို ဖြစ်စေသလော၊ လိပ်ပြာ စိတ် မသန့်ခြင်းကိုဖြစ်စေသလော၊ ပညာရှိကဲ့ရဲ့ခြင်းကိုဖြစ်စေသလော၊ ဆင်းရဲခြင်းကို ဖြစ်စေသလောဟူ၍ စီစစ်ကြည့်ပါ။ ဗုဒ္ဓ၏ခံယူ ချက်နှင့် လုပ်နည်းလုပ်ဟန် မှန်မမှန် စီစစ်နည်းသည် အလွယ်ဆုံး နှင့်အရှင်းဆုံးဖြစ်သည်။ ထို့ကြောင့် မိမိယုံကြည် လက်ခံထား

သော အယူဝါဒနှင့် လုပ်ရပ်များကို ဤနည်းဖြင့် စီစစ်၍ပြုလုပ်နိုင်ကြရန်အတွက် ဤကျမ်းတွင် ပထမဦးစွာ ဖေါ်ထုတ်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် လူ့ဘဝ၌ အရေးကြီးဆုံးမှာ မိမိ လက်ခံထားသော မည်သည့် လောကီ၊ လောကုတ္တရာ အယူဝါဒ၌မဆို အယူမှားနေပါက ယခုပစ္စုပ္ပန်ဘဝတွင်သာမက နောင်ဘဝသံသရာ၌ပါ မှောက်မှား ဆုံးရှုံး၍ သွားနိုင်သဖြင့် အရေးကြီးဆုံးအချက်ဟုယူဆကာ ဤဝါဒစီစစ်နည်းကို ဦးစွာတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

အခါတပါး မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းသို့ ဒေသစာရီ ကြွချီတော်မူလတ်သော် ကာလာမမင်းတို့၏ ကေသမုတ္တိမည်သော နိဂုံးသို့ရောက်တော်မူ၏။ ထို့နောက် ကာလာမမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ရိုသေစွာရှိခိုးလျက် ဤသို့လျှောက်ထားကြကုန်၏။

အသျှင်ဘုရား အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တိနိဂုံးသို့ရောက်လာကြပါကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် မိမိအယူဝါဒကိုသာလျှင် ပြကြပါကုန်၏။ ထွန်းပစေပါကုန်၏။ သူတပါးအယူဝါဒကိုမူကား ထိပါးကြပါကုန်၏။ မထီမဲ့မြင်ပြုကြပါကုန်၏။ ရှုံ့ချပါကုန်၏။ ချေဖျက်ပါကုန်၏။

အသျှင်ဘုရား၊ တခြားသော သမဏဗြာဟ္မဏ တို့သည်လည်း ကေသမုတ္တိနိဂုံးသို့ရောက်လာပါကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည်လည်း ဤနည်းအတိုင်းပင် မိမိတို့ အယူဝါဒကိုသာလျှင် ထွန်းပစေကုန်ပြီး၊ တပါးသော အယူဝါဒများကို ချေဖျက်ကြ

ပါကုန်၏။ အသျှင်ဘုရား၊ ဤသမဏဗြာဟ္မဏတို့တွင် အဘယ်သမဏဗြာဟ္မဏသည် မှန်သောစကားကိုဆိုပါသနည်း၊ အဘယ်သမဏ ဗြာဟ္မဏသည်မမှန်သောစကားကိုဆိုပါသနည်းဟု တပည့်တော်တို့တွင် ယုံမှားခြင်း၊ တွေးတောခြင်းဖြစ်ခဲ့ပါ၏ဟု လျှောက်ထား၏။မြတ်စွာဘုရားကကာလာမမင်းတို့သင်တို့သည်ယုံမှားခြင်းငှါသင့်ပေ၏။ တွေးတောခြင်းငှါသင့်ပေ၏။ သင်တို့သည် ယုံမှားခြင်းငှါ သင့်သောအရာ၌ ယုံမှားခြင်းဖြစ်၏ဟု မိန့်တော်မူ၏။

၁။ ကာလာမမင်းတို့၊ သင်တို့သည် ပြောသံကြားကာမျှဖြင့်ဟုတ်ပြီ၊မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။
(ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်းဟုတ်ပြီ၊မှန်ပြီဟု အစွဲအမြဲ မယူကြနှင့်ဦး)

၂။ အစဉ်အဆက်စကားမျှဖြင့်လည်းဟုတ်ပြီ၊မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။
(မိဘဘိုးဘွားစသည်တို့မှဆင်းသက်၍ အဆက်ဆက် မှတ်ယူလုပ်ကိုင်ရိုးဖြစ်၍လည်း ဟုတ်ပြီ၊ မှန်ပြီဟု အစွဲအမြဲမှတ်ယူမထားကြနှင့်ဦး)

၃။ ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားများ ဖြင့် လည်းဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။

---

ဂွင်းဖွင့် ဂွင်းပိတ်ဖြင့် ဖော်ပြထားသော စာသားများသည် အရှင်ဇနကာဘိဝံသ၏ အနာဂါတ် သာသနာရေးကျမ်းမှ ကောက်နုတ်ထားသောစာဖြစ်သည်။

(ဒီဟာကဒီလိုတဲ့ဟု အခြားတယောက်က ပြောလိုက်ရုံ မျှဖြင့်လည်း ဟုတ်ပြီ၊မှန်ပြီဟု အစွဲအမြဲမှတ်ယူမထားကြ နှင့်ဦး)

၄။ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။

(ဒီအယူအဆသာ ငါတို့သင်ထားသော ကျမ်းစာနှင့် ညီ တယ်ဟု မိမိတို့ကျမ်းစာနှင့် ညီနေရုံမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟုအစွဲအမြဲမှတ်ယူမထားကြနှင့်ဦး)

၅။ ကြံဆတွေးတောယူခြင်းမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟု အဘည်မယူကြကုန်လင့်ဦး။

(မိမိတို့ဘာသာ ကြံစည်တွေးတော ယူထားသောအရာကို လည်း ဟုတ်ပြီ၊ မှန်ပြီဟု အစွဲအမြဲယူမထားကြနှင့်ဦး)

၆။ နည်းမှီးယူခြင်းမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟု အတည် မယူကြကုန်လင့်ဦး။

(အခြားနေရာတို့၌ သူတပါးတို့လုပ်နည်းကိုင်နည်းကို သ ဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီဟုအမြဲအစွဲ ယူမထားကြနှင့်ဦး။)

၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း ဟုတ်ပြီ၊မှန် ပြီဟု အတည်မယူကြကုန်လင့်ဦး။

(တစုံတခုပြုဘို့ရာ အကြောင်းအထောက်အထားကို စဉ်း

စားရာဝယ် အကြောင်း အထောက်အထား ကောင်း၍ သဘောကျသဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟုအစွဲအမြဲ ယူ မထားကြနှင့်ဦး)

၈။ ငါတို့ကြံစည်နှစ်သက်၍ယူထားသောအယူနှင့် ညီပေသည် ဟူ၍လည်း ဟုတ်ပြီ၊ မှန်ပြီဟုအတည်မယူကြကုန်လင့်ဦး။
(သူပြောသော အယူဝါဒသည် ငါတို့ စဉ်းစားကျေနပ် ထားသော အယူနှင့်ညီမျှပေသည်ဟုအယူဝါဒချင်း တူ၍ မျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟု အမြဲအစွဲ မယူကြနှင့်ဦး။)

၉။ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီ ဟု အတည်မယူကြကုန်လင့်ဦး။
(ဤရသေ့ရဟန်းကား ယုံကြည်ထိုက်သော အသက် တန်း ပုဂ္ဂိုလ်တည်း၊ ဒီလိုပုဂ္ဂိုလ်မျိုး၏ စကားကို လေး လေးစားစား မှတ်သားထိုက်သည်ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်ဦး။)

၁၀။ ငါတို့ လေးစားအပ်သောရဟန်း၊ ဆရာတို့၏စကားဖြစ်၍ လည်း ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။
(ဤရသေ့ရဟန်းကား ငါတို့ကိုးကွယ်ထားသော ဆရာ ဖြစ်၏။ ငါ့ဆရာ့စကားကို ငါမှတ်သား သင့်သည်ဟု လည်း စွဲစွဲမြဲမြဲမှတ်ယူမထားကြနှင့်ဦး။)

ကာလာမမင်းတို့၊ ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့

ကား ပညာရှိကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ်၊ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားမရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည် မိမိကိုယ်တိုင် သိသောအခါ၌ ပယ်စွန့်ကုန်ရာ၏။

ကာလာမမင်းတို့၊ ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွား ရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည် မိမိကိုယ်တိုင် သိသောအခါ၌မူ ထိုတရားတို့ကို ပြည့်စုံစေ၍ နေကုန်ရာ၏ဟု မိန့်တော်မူ၏။

# စိတ်စေတသိက် အကြောင်း

ဖော်ပြခဲ့ပြီးသော ကာလာမသုတ်တော်သည် ဗုဒ္ဓ၏ သဘောတရားမှတ်ကျောက်တင်နည်း၊ ဝါဒမှန်မမှန် စိစစ်နည်း၊ မိမိပြုလုပ်မှု မှန်မမှန်သိရှိရန်လမ်းများဖြစ်သည်။ မိမိကျင့်သုံးသော ဝါဒ၊ ပြုလုပ်သောအမှုကိစ္စတို့သည် အကုသိုလ်တရားများလော၊ အပြစ်ရှိသော တရားများလော၊ ဆင်းရဲခြင်းကို ဖြစ်စေသော တရားများလော၊ ပညာရှိကဲ့ရဲ့သော တရားများလော ဟူသည့် အချက်ကို သိရှိရန်မှာ မိမိသန္တာန်၌ ခဏခြင်း ခဏခြင်း၊ ဖြစ်လိုက်ပျက်လိုက်ဖြင့် ဒလစပ်ဖြစ်ပျက်နေသော စိတ်စေတသိက်များသည် အကုသိုလ်စိတ်လော၊ ကုသိုလ်စိတ်လော၊ ချမ်းသာကိုဆောင်သော စိတ်လော၊ ဆင်းရဲမှုကိုဖြစ်စေသောစိတ်လော၊ အကျိုးဖြစ်စေသော စိတ်လော၊ အပြစ်ဖြစ်စေသောစိတ်လော၊ ပညာရှိကဲ့ရဲ့သော စိတ်လော၊ ချီးမွမ်းသောစိတ်လော ဟူသည့်အချက်များကို ကိုယ်တိုင်စိစစ်ရပေမည်။ သို့မှသာ မိမိပြုလုပ် ပြောဆိုကြံစည်မှုတို့၏ အမှားအမှန်သဘောကိုသိရှိကာ ဝေဖန်ပိုင်းခြားတတ်ပေ

မည်။ ဤသို့ ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် ဗုဒ္ဓအဘိဓမ္မာမှ ထုတ်နုတ်၍ စိတ်စေတသိက် အကြောင်းအရာများကို အကျဉ်းချုံး၍ တင်ပြရခြင်းဖြစ်သည်။

## စိတ်အကြောင်း

ကျွန်ုပ်တို့သည် အချိန်ရှိသမျှ အာရုံတွေကို သိနေကြ၏။ ထိုအာရုံသိတတ်သောသဘောကို "စိတ်" ဟုခေါ်သည်။ သိသည် ဆိုသော်လည်း ဉာဏ်ဖြင့်သိသောအသိမဟုတ်၊ အာရုံကို ရအောင် ယူနိုင်ခြင်းကိုပင် အသိဟုခေါ်သည်။

## အာရုံခြောက်ပါး အသိခြောက်မျိုး။

၁။ အဆင်းအရောင်ဟူသမျှ.... .... ရူပါရုံ။

၂။ အသံဟူသမျှ .... .... သဒ္ဒါရုံ။

၃။ အနံ့ဟူသမျှ .... .... ဂန္ဓာရုံ။

၄။ အရသာဟူသမျှ .... .... ရသာရုံ။

၅၊ အတွေ့ဟူသမျှ .... .... ဖေါဋ္ဌဗ္ဗာရုံ။

၆။ ကြွင်းသောသိဘွယ်ဟူသမျှ .... .... ဓမ္မာရုံ။

ရူပါရုံကိုမြင်သောအခါ မြင်သိ-သိသောစိတ်ဖြစ်၏။ သဒ္ဒါရုံကို ကြားသောအခါ ကြားသိ — သိသောစိတ်ဖြစ်၏။ ဂန္ဓာရုံကို နံသော၊ မွှေးသောအခါ နံသိမွှေးသိ — သိသော စိတ်ဖြစ်၏။ ရသာရုံကို အရသာခံသောအခါ အရသာသိ-သိသောစိတ်ဖြစ်၏။ တစုံတခုကိုတွေ့ထိရသောအခါ အတွေ့သိ - သိသောစိတ်ဖြစ်၏။

ထိုအာရုံငါးပါးနှင့်တကွ ' ကြွင်းသော အကြောင်းအရာတွေကို သိသောအခါ ဆိုင်ရာကိုသိသောစိတ်များ ဖြစ်ကြလေသည်။ ဤသို့ ဆိုင်ရာ အာရုံတွေကို ရအောင်ယူနိုင်ခြင်းသည် စိတ်၏ သိခြင်းသဘောပင်တည်း။

လူတို့၏သန္တာန်၌ စိတ်တို့သည် လျင်မြန်စွာ ဖြစ်ပျက်လျက်ရှိ၏။ စက္ကန့်ပိုင်းအတွင်း၌ စိတ်ကောင်း၊ စိတ်ဆိုး (ကုသိုလ်၊ အကုသိုလ်စိတ်) တို့သည် ရောနှောလျက် ဖြစ်ပျက်နေကြသည်ကို သတိထားကြည့်ပါက သိနိုင်ပေသည်။ စိတ်တို့သည် လျင်မြန်စွာ ဖြစ်ပျက်နေခြင်းကြောင့် စိတ် ၂မျိုး ၃မျိုးသည် တပြိုင်နက်တည်း ဖြစ်ပျက်နေကြသည်ဟုထင်ရသည်။ စင်စစ်မှာ စိတ်သည် တခုပြီးမှ တခု၊ အာရုံတခုပြီးမှတခုကို ဆက်ယူရသည်။ ပုံစံအားဖြင့်ပြရသော် ပန်းနံ့သာတို့ဖြင့် ခြယ်လှယ်ထားသော အိစက်ညက်ညောသည့် ဖဲမွေ့ရာပေါ်ထိုင်ပြီးလျှင် ကောင်းမြတ်သော အရသာကို စားသုံးကာ သီဆိုကပြသည်ကို ကြည့်ရှုပါက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော အာရုံ ငါးမျိုးစလုံးကို ခံစားနေသည်။ယင်းသို့ခံစားရာ၌ မိမိအနှစ်သက်ဆုံးအာရုံကိုဦးစွာခံစားပြီးမှ တခြားအာရုံများကို တခုပြီးတခု ဆက်၍ ဆက်၍ သိသည်။ စိတ်သည် ဤသို့လျင်မြန်စွာ ဖြစ်ပျက် နေခြင်းကြောင့် ယင်းအာရုံများကို တကြိမ်တည်းခံစားနေရသည်ဟု အထင် ရှိနေခြင်းဖြစ်သည်။

စိတ်သည် ရင်ချိုင့်အတွင်းရှိ ဟဒယ နှလုံးအိမ်၌တည်သည်။ စိတ်တွင် ပုံသဏ္ဌာန်မရှိ၊ စိတ်သည် အလွန်ဝေးကွာသောအရပ်သို့

လည်းသွားနိုင်၏။ (၀၇) ယင်းအရပ်ရှိ အာရုံများကို လှမ်းယူနိုင်၏။ စိတ်၏သဘောမှာ အာရုံကိုသိခြင်းသတ္တိသာရှိသည်။

လူတို့မှာ တယောက်နှင့်တယောက် ရုပ်ချင်း မတူကြသကဲ့သို့ စိတ်ချင်းလည်းမတူကြချေ။ ထိုထိုင်းသောရုပ်၊ သွက်လက်သောရုပ် ကွဲပြားသကဲ့သို့၊ ထိုထိုင်းသောစိတ်၊ သွက်လက် ထက်မြက်သောစိတ်ဟူ၍လည်း ကွဲပြားလျက်ရှိ၏။ ထိုသို့ စိတ်ကွဲပြားရာ၌ စိတ်ကောင်းဘက်မှာ အဆင့်ဆင့် သာလွန်၍ ပြိုင်ဘက်ကင်းအောင် စိတ်နှလုံးကောင်းသူများရှိကြသလို၊ အဆိုးဘက် အထိုင်းဘက်မှာလည်း အဆင့်ဆင့်အောက်တန်းကျကာ စက်ဆုပ်ဘွယ်ကောင်းအောင် ယုတ်မာသူ သုံးမဖြစ်အောင် ထိုထိုင်း မှိုင်းအသူများလည်းရှိကြသည်။

အပြောင်းအလဲနှေး၍ အပြင်ရခက်သောရုပ်ကို ဝတ်စား ဆင်ရင်ပြုပြင်တတ်သူက ပြင်ဆင်ပေးလျှင် အကြည့်တန်အရုပ်ဆိုးသူကိုပင် လှပတင့်တယ် ရှုခြင်စဘွယ်ကောင်းအောင် ဖန်တီးနိုင်သကဲ့သို့ အပြောင်းအလွဲ လျင်မြန်၍ ပြုပြင်လွယ်သောစိတ်ကိုတကယ်ပြင်လိုပါက စိတ်ကောင်း၊ စိတ်လှသူများဖြစ်ရန် ပြုပြင်၍ရနိုင်ပေသည်။

နေ့စဉ်နှင့်အမျှ မိမိစိတ်ဖြစ်နေပုံကို သတိထားကြည့်ပါက၊ မတော်မဘာရားစိတ်များ ဖြစ်ပေါ်လာတိုင်း နှိမ်နင်းသွားပါလျှင် ၂နှစ်၊ ၃နှစ် လောက်ကြာသည့်အခါ၌ လူအများ၏ ကြည်ညိုခြင်းခံရသော စိတ်ထားမျိုးရှိသူ ဖြစ်လာနိုင်ပေသည်၊ မိမိစိတ်ကို မိမိပင်အသိဆုံးဖြစ်ရာ မည်မျှကောင်းသည်၊ မည်မျှဖြူစင်သည်၊ သို့မဟုတ် မည်မျှယုတ်မာသည်၊ မည်မျှ အောက်တန်းကျသည်တို့ကို

မိမိသာလျှင် အသိဆုံးဖြစ်သည့်အလျောက် စိတ်နှလုံးမွန်မြတ်သူများဖြစ်ရန် ကြိုးစား၍ပြုပြင်သွားသင့်ပေသည်။

စိတ်ဆိုးစိတ်ယုတ်မာရှိသူများသည် ဒါန၊ သီလ၊ ဘာဝနာ စသောကုသိုလ်များကိုပြုလုပ်သော်လည်းစိတ်ရင်းမကောင်းသဖြင့် အကျိုးပေးစင်စင်ကြယ်ကြယ်မရှိတတ်ချေ။ စိတ်ထားဖြူစင်ဖြောင့်စင်းနေသူများ ကုသိုလ်ကောင်းမှုပြုလုပ်ပါက စင်စင်ကြယ်ကြယ်နှင့်မြန်မြန်အကျိုးပေးတတ်သည်။ သီလစင်ကြယ်မှသာဆုတောင်းပြည့်တတ်ကြောင်းဟောထားတော်မူသည်။ ထို့ကြောင့် ပြုသမျှကုသိုလ်များ နောင်ဘဝ သံသရာတွင် အကျိုးပေးကောင်းရန်အတွက် စိတ်ရင်းကောင်းများထားရှိရန် လိုအပ်လှပေသည်။

မိလိန္ဒမင်းကြီးသည် သာသနာတော်၌ အလွန်အရေးကြီးသည့် ပြဿနာများကို ရှင်နာဂသိန်ထံသို့ မေးမြန်းရန်အကြံဖြစ်လာပါက ထိုပြဿနာများကို မမေးမြန်းသေးဘဲ မိမိစိတ်ကို သမာဓိရှင့်သန်လာအောင် စိတ်ကိုပြုပြင်ပုံမှာ အတုယူဘွယ်ကောင်း၍ဖော်ပြအပ်ပါသည်။

မိလိန္ဒမင်းကြီး စိတ်ပြုပြင်ပုံကား-- နံနက်စောစော အိပ်ရာမှထပြီးလျှင် ကိုယ်လက်စင်ကြယ်အောင် ရေချိုး၍ ဝတ်ရုံးဝတ်စုံအဝတ်တန်ဆာများကိုပယ်ရှားပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ဆင်ပြီး ရဟန်းအသွင်ကဲ့သို့ဆောင်ကာ ရင့်ကျက်သောဏာန်ဖြင့် ၇-ရက်လုံးလုံး အောက်ပါအချက် ရှစ်ချက်ကို မပျက်ပြားအောင် ဆောက်တည်လေသည်။

၁။ ၇-ရက်အတွင်း၌ မင်းကိစ္စကို မပြုတော့ပြီ။

၂။ ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၃။ ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၄။ မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၅။ ကျေးတော်ကျွန်တော် အလုပ်သမား အမှုတော်ထမ်းများအပေါ်၌သော်လည်း စိတ်ကို နှိမ်ချ၍ မာန်မာန မဖြစ်အောင် စောင့်စည်းမည်။

၆။ ကိုယ်မှု၊နှုတ်မှုများ ထူးခြားစွာစောင့်စည်းမည်။

၇။ မြင်ရ ကြားရ တွေ့ရ သမျှသော အာရုံတို့အတွက် အကုသိုလ်မဖြစ်အောင် မျက်စိ, နား, စသောဣန္ဒြေများကို စောင့်စည်းမည်။

၈။ အားလုံးသတ္တဝါတို့အပေါ်မှာ မေတ္တာစိတ်ထားမည်။

ဤကဲ့သို့မိလိန္ဒမင်းကြီးစိတ်ပြုပြင်ပုံကိုအတုယူ၍ မိမိသန္တာန်၌ ထူးထူးကဲကဲ ဖြစ်ပေါ်တတ်သော စိတ်ယုတ်စိတ်ဆိုးများကို နေ့ရက် နာရီပိုင်းခြား၍ မကြာမကြာပြုပြင်ပေးလာပါက မကြာမီပင် စိတ်ကောင်းစိတ်မြတ်ရှိသော ပုဂ္ဂိုလ်တဦးဖြစ်လာနိုင်မည်မှာ ယုံမှားဘွယ်မရှိသင့်ချေ။

မျက်မှောက်ဘဝကောင်းစားရေး၌၎င်း၊ နောင်တမလွန် သံသရာဘဝများကောင်းစားရေး၌၎င်း စိတ်နေစိတ်ထားသည် အလွန် အရေးကြီးပေသည်။ လူတို့သည် စိတ်နှင့်ယှဉ်၍ အကျိုးပေးလေသည်။ စိတ်ထား ဖြူစင် ကောင်းမွန်သည်နှင့်အမျှ အကျိုးပေး

ကောင်းပြီး၊ စိတ်ထား ယုတ်ညံ့သည်နှင့်အမျှ အကျိုးပေး ယုတ်ညံ့တတ်ပေသည်။ ထို့ကြောင့် စိတ်ကောင်းစိတ်ဆိုးများကို ဖြစ်စေရန်ခြယ်လှယ်သည့်စေတသိက် သဘောတရားများကိုလည်း သိသင့်ပေသည်။

## စေတသိက်များအကြောင်း

စိတ်မှာ အာရုံကိုယူတတ်သော သဘောသက်သက်မျှသာ ဖြစ်သည်။ သူချည်းအားဖြင့် အကောင်းအဆိုးကို မခွဲခြားနိုင်ချေ။ စိတ်သည်ရေနှင့်တူ၏။ စေတသိက်သည် ဆေးနီ၊ ဆေးဝါ၊ ဆေးပြာနှင့်တူ၏။ ဆေးနီ ဆေးဝါ ဆေးပြာနှင့်ရောစပ်လျှင် ရေသည် ရေနီ၊ ရေဝါ၊ ရေပြာဖြစ်သကဲ့သို့ ကုသိုလ်စေတသိက်၊အကုသိုလ်စေတသိက်များနှင့် စိတ်ပေါင်းစပ်လျှင် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များဖြစ်ပေါ်လာပေသည်။

ထို့ကြောင့်စိတ်ကိုမကောင်းအောင်ခြယ်လှယ်သည့်အကုသိုလ်စေတသိက် (၁၄)ပါးကိုရင်း၊ စိတ်ကို ကောင်းအောင် ခြယ်လှယ်သည့် ကုသိုလ်စေတသိက် (၁၄)ပါးကိုရင်း၊ စိတ်ကောင်းစိတ်ဆိုး နှစ်မျိုးစလုံးပါဝင်သော စေတသိက်များကိုရင်း၊ ဆက်လက် လေ့လာသင့်ပေသည်။ သို့မှသာ မိမိစိတ်သည်ကုသိုလ်စိတ်ဖြစ်နေသည်။ အကုသိုလ်စိတ်ဖြစ်နေသည်တို့ကို ဆင်ခြင်နိုင်ပြီးလျှင် ကောင်းမြတ်သော စိတ်အစဉ်သည် မိမိသန္တာန်၌ အမြဲဖြစ်ပေါ်နေရန် ကြိုးစားခြင်းအားဖြင့် ပစ္စုပ္ပန်သံသရာနှစ်ဘဝစလုံး၌ပင်အဆင့်အတန်းမြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်ရန် အားထုတ်သင့်ပေသည်။

## စိတ်ကို မကောင်းအောင်ပြုလုပ်သော
## အကုသိုလ် စေတသိက် (၁၄)ပါး

| | |
|---|---|
| ၁။ မောဟ။ | ၈။ ဒေါသ။ |
| ၂။ အဟိရိက။ | ၉။ ဣဿာ။ |
| ၃။ အနောတ္တပ္ပ။ | ၁၀။ မစ္ဆရိယ။ |
| ၄၊ ဥဒ္ဓစ္စ။ | ၁၁။ ကုက္ကုစ္စ။ |
| ၅။ လောဘ။ | ၁၂။ ထိန။ |
| ၆။ ဒိဋ္ဌိ။ | ၁၃။ မိဒ္ဓ၊ |
| ၇။ မာန။ | ၁၄။ ဝိစိကိစ္ဆာ။ |

ဆောင်ရန်လင်္ကာ

မသိတတ်ဘိ – မောဟသိလော့၊ အဟိရိက– မရှက်စွ
တည့်၊ အနောတ္တပ္ပမူ-မလန့်ဟူ၏၊မှတ်ယူပြန့်လျက်- မငြိမ်
သက်ဟ-ဥဒ္ဓစ္စနှင့်၊ လောဘသဘော–လိုခြင်ဟော၍၊ မှား

သောအမြင်-ဒိဋ္ဌိတွင်သား၊ မာနကားမူ- ထောင်လွှားကြွ
တက်၊ ဒေါသတွက်ကြောင့်၊ ခက်ခက်ထန်ထန်၊ ဣဿာ
လျှ မူ-လွန်ငြူစူ၏၊ ပြောထူမစ္ဆေ-ဝန်တိုလေသတဲ့၊ တထွေ
မှတ်ကြ-ကုက္ကုစ္စကား၊ နောင်တတဖန်- ပူပန်ထန်ပြင်း၊
ထိုင်းခြင်းထိန်၊ မှိုင်းမိဒ္ဓနှင့်၊ ဘုရားစသည့်- ယုံမှားဘိမူ-
ဝိစိကိစ္ဆာ၊ ဆဲ့လေးဖြာသည်၊ မှန်စွာ အကုသိုလ်ချည်း
တည်း။

## မောဟအကြောင်း

**မောဟ** ၂မျိုး။ မသိတတ်ခြင်းသဘောသည် မောဟဘည်း။ ထို့ကြောင့် "မသိတတ်ဘိ- မောဟသိလော့" ဟု ဆိုခဲ့သည်။ ထို မောဟသည် အနုသယမောဟနှင့် ပရိယုဋ္ဌာနမောဟဟူ၍ ၂မျိုး ရှိ၏။ အနုသယဟူသောပါဠိသည် ငြိမ်ဝပ်ခြင်း၊ ကိန်းအောင်းနေခြင်းဟု အဓိပ္ပါယ်ရ၏။ ပရိယုဋ္ဌာနဟူသောပါဠိကား ထကြွခြင်းဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် သတ္တဝါတို့၏ သန္တာန်တွင် အစဉ်တစိုက်လိုက်ပါနေသော မောဟသည် အနုသယမောဟမည်၏။ တခါတရံ စိတ်နှင့်တွဲဘက်၍ ဖြစ်ပေါ်လာသော မောဟသည် ပရိယုဋ္ဌာနမောဟမည်၏။

မသိခြင်းသဘောကို မောဟဆိုသောကြောင့် မသင်ဘူးသောအတတ်၊ မရောက်ဘူးသောအရပ်၊ မမြင်ဘူးသောအရာဝတ္ထုတို့ကို မသိခြင်းသည် မသိရုံသက်သက်မျှသာဖြစ်၍ မောဟအစစ် အကုသိုလ်စိတ်များ မဟုတ်ကြောင်းသိထားသင့်ပါသည်၊

**အနုသယမောဟ**။ အဆိပ်ပင်၌ အဆိပ်သီးများကိုသီးစေနိုင်သော ဓါတ်သတ္တိပါရှိသကဲ့သို့၊ ထို့အတူ သတ္တဝါတို့သန္တာန်၌ သိထိုက်သောတရားများကို မသိအောင် ဖုံးကွယ်တတ်သော ဓါတ်သတ္တိတမျိုးပါရှိလေသည်။ ထိုဓါတ်သတ္တိကို အနုသယမောဟဟု ခေါ်၏။ ဤအနုသယမောဟ၏ဖုံးကွယ်ထားမှုကြောင့် ပုထုဇဉ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကိုလည်း နှစ်နှစ်နှောနှော မသိကြ၊ သစ္စာလေးပါးကိုလည်းထိထိမိမိမသိကြ၊ ပဋိစ္စသမုပ္ပါဒ်ကိုလည်း တပ်အပ်ထင်ထင်မသိမြင်ကြချေ။ အနုသယမောဟသည် ဘဝအဆင့် မြင့်သည်နှင့်အမျှ ပါးလှပ်ရုံသာရှိ၏။ ရဟန္တာအဖြစ်ရောက်မှသာအနုသယမောဟ အကုန်အစင်ပြတ်လေသည်။

**ပရိယုဋ္ဌာနမောဟ**။ စိတ်နှင့် တွဲဘက်၍ မောဟ ထကြွလာသောအခါ အကုသိုလ်စိတ်၊ မကောင်းစိတ် ဖြစ်နေပြီဟု ဆိုရပေမည်။ ဤပရိယုဋ္ဌာန မောဟ ဖုံးကွယ်မှုကြောင့် ဒုစရိုက်မှုများကို ပြုရန်ဝန်မလေးတော့ပေ။ ဒုစရိုက်အကုသိုလ်ပြုမှုကြောင့် နောင်ခံစားရမည့်မကောင်းကျိုးကိုရင်း၊ လောလောဆယ် ယုတ်မာညစ်ညမ်းဆိုးသွမ်းမှုဖြစ်ရသည်ကိုလည်း ကြောက်ရွံ့ခြင်းမရှိတော့ပေ။ မောဟပြင်းထန်လာသောအခါ ပညာရှိသူတော်စင်တို့ပင် အဖြစ်ကို မမြင်ဘဲ ဒုစရိုက်မှုကို ပြုမိကြလေတော့သည်။ ထို့ကြောင့် ဤမောဟသည် အကုသိုလ်စခန်းသို့ရောက်အောင် တွန်းပို့သော မွေ့ဆော်ဦးလက်သည်ပင်ဖြစ်သည်။ လောက၌ ဖြစ်ပေါ်လျက်ရှိသော မိုက်မဲမှုဟူသမျှသည် ဤမောဟ၌သာလျှင် အခြေတည်လျက်ရှိလေသည်။

## အဟိရိကအကြောင်း

မရှက်ခြင်းသဘောသည် အဟိရိကတည်း။ထို့ကြောင့် "အဟိရိက-မရှက်စွတည့်" ဟု ဆိုခဲ့သည်။ အကုသိုလ်ဒုစရိုက်ဟူသမျှသည် မစင်ဘင်ပုတ်နှင့်တူ၏။အဟိရိကကားရွာဝက်ကြီးနှင့်တူသည်။မစင်သည် စက်ဆုပ်ရွံ့ရှာဘွယ်ကောင်း၏။ မတော်တဆ ထိမိ လူးမိပြန်လျှင် ပရိသတ်အလယ်မှာ ရှက်ဘွယ်ရာကြီးတည်း။ သို့သော် မစင်ကိုအမွန်အမြတ်အစာဟုထင်နေသော ရွာဝက်ကြီးကား မစင်ကို မစက်ဆုပ်မရွံ့ရှာ၊ မစင်ထဲလူးကာလှိမ့်ကာ စားရသည်ကိုပင် အရသာရှိသည်ဟုထင်မှတ်လေသည်။

ထို့အတူ ဒုစရိုက်တရားစုတို့သည် သူတော်ကောင်းတို့၏ သဘောဖြင့်ကြည့်လျှင် အင်မတန် စက်ဆုပ်ရွံ့ရှာဘွယ်ကောင်းလှ၏။ မတော်တဆပြုမိပြန်လျှင်လည်း သူတော်စင်ပရိသတ်တို့ အလယ်မှာ ရှက်ဘွယ်သာဖြစ်၏။ သို့သော် အဟိရိက စေတသိက်ဝင်လာလျှင် ဒုစရိုက်တို့ကို စက်ဆုပ် ရွံ့ရှာခြင်းမရှိ၊ ပြုမိ သော်လည်း မရှက်တတ်ချေ။ စင်စစ်မှာမူ အဟိရိကသမား အရှက် မရှိသူများ၏ အလယ်၌ ဒုစရိုက်များ ပြုနိုင်သူကိုပင် "လူလည်လူတတ်" ဟု ဂုဏ်တမျိုး ထင်မှတ် နေတတ်ကြလေသည်။ မောဟ ဖြစ်လျှင် အဟိရိက သဘောလည်း ပါဝင်လာသဖြင့် သတိကြီးစွာထား၍ ယင်းစိတ်များ ပေါ်မလာအောင် စောင့်စည်းသင့်ပေသည်။

## အနောတ္တပ္ပအကြောင်း

မကြောက်မလန့်ခြင်း သဘောသည် အနောတ္တပ္ပတည်း။ ထို့ကြောင့်"အနောတ္တပ္ပမှု-မလန့်ဟူ၏" ဟု ဆိုခဲ့သည်။ အကုသိုလ်

ဒုစရိုက်တွေ့သည် မီးတောက်မီးလျှံနှင့်တူ၏။ အနောတ္တပ္ပကား ပိုးဖလံနှင့်တူလေသည်။ မီးတောက်မီးလျှံသည် ကြောက်မက်ဘွယ်အလွန်ကောင်း၏။ သို့သော်ပိုးဖလံတို့သည် မီးလျှံကို ကြောက်မက်ဘွယ်ဟုမထင်ဘဲ ရဲရဲကြီးတိုးလေသည်။ ထို့အတူအကုသိုလ်ဒုစရိုက်များသည်လည်း ပစ္စုပ္ပန်သံသရာ၌ ဘေးဒုက္ခအမျိုးမျိုးဖြစ်စေတတ်သည့်အတွက် ကြောက်မက်ဘွယ်ကောင်းလှ၏။ သို့သော်ဒုက္ခဘေးကိုမောဟဖုံးကွယ်ထားမှုကြောင့်အနောတ္တပ္ပကကြောက်လန့်ဘွယ်ဟုမမြင်တော့ဘဲ ရဲရဲကြီး ပြုံ့ကြလေသည်။ အကုသိုလ်ဒုစရိုက်များနှင့်စပ်လျဉ်း၍ တွေ့ရတတ်သောဘေးတို့မှာ—

၁။ အတ္တာနုဝါဒဘေး—အတ္တမိမိကိုယ်ကို+အနုဝါဒ-စွပ်စွဲခြင်းဘေး။ မိမိကိုယ်ကို မိမိမကြည်ညိုခြင်း၊ ပစ်တင်စွပ်စွဲကဲ့ရဲ့ခြင်း၊ တနည်း မိမိ၏လိပ်ပြာစိတ်မသန့်ခြင်းဘေး။

၂။ ပရာနုဝါဒဘေး။ ပရ-သူတပါးတို့က+အနုဝါဒ — စွပ်စွဲခြင်းဘေး။ တနည်း သူတပါးတို့ အထင်အမြင်သေး ခံရခြင်းဘေး။

၃။ ဒဏ္ဍဘေး—အကုသိုလ်ပြုလျှင် ယခုဘဝ၌ပင်လျှင် လူမှုရေးအရရှင်း၊ တရားဥပဒေအရရှင်း၊ အပြစ်ဒဏ်ခံရခြင်းဘေး။

၄။ ဒုဂ္ဂတိဘေး—အကုသိုလ်ဒုစရိုက်ပြုမိသည့်အတွက် သေခါနီး၌ အကြီးအကျယ်နောင်တရ၍ အပါယ်လေးပါး ဒုဂ္ဂတိဘုံသို့သွားရမည့်ဘေးတည်း။

အကုသိုလ် ပြုမိထားလျှင် လူပါးလူနပ်ဖြစ်၍ ပထမဘေး ၃ ပါးမှလွတ်အောင် ရှောင်တိမ်းနိုင်ကောင်းသော်လည်း နောင်

သံသရာဒုဂ္ဂတိဘေးမှ လွတ်ကင်းအောင်ကိုမူကား ရှောင်နိုင်မည်မဟုတ်ပေ။ အနေ့ာတ္တပ္ပ စိတ်ဝင်လာသောအခါ ပင်ကိုယ်အားဖြင့် ဒုစရိုက်ကြောက်တတ်သူများပင် ရဲဝံ့စွာပြုလုပ်တတ်ကြပေသည်။ ထို့ကြောင့် အနော့တ္တပ္ပ စိတ်မဝင်နိုင်အောင်စောင့်ထိမ်းကြိုးစားသင့်ပေသည်။

## ဥဒ္ဒစ္စအကြောင်း။

စိတ်ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်း သဘောသည် ဥဒ္ဒစ္စတည်း။ ထို့ကြောင့် "မှတ်ယူပျံ့လျက်–မငြိမ်သက်က-ဥဒ္ဒစ္စနှင့်" ဟု စပ်ဆိုခဲ့သည်။ ဥဒ္ဒစ္စသဘောသည် မည်သည့်အာရုံကိုမှ တည်တည်တံ့တံ့ စူးစိုက်မှုမရှိဘဲ ဟိုအာရုံရောက်လိုက် ဒီအာရုံရောက်လိုက်နှင့် ပျံ့လွင့်နေသောစိတ်ဖြစ်သည်။ စိတ်တည်ငြိမ်မှုမရှိဘဲ စိတ်လေလွင့်နေသည့်အခါ ကိုယ်ခန္ဓာလည်း မငြိမ်မသက်ဖြစ်ကာ ဟိုသွားချင်သလို ဒီသွားချင်သလိုနှင့် လှုပ်ရှားနေသည်။

ယင်းစိတ်သည် အကုသိုလ်တရားဟု ဆိုသော်လည်း မည်သည့်ဒုစရိုက်ကိုမျှ ထိထိမိမိမပြုတတ်သောကြောင့် အပါယ်ချအောင် သတ္တိမကြီးမားသော်လည်း ဖြစ်လေရာဘဝ၌ သမာဓိအားနည်းပြီး လူလေလူပေါ့အစားမျိုးဖြစ်အောင် ဖန်တီးတတ်ပေသည်။ ဂနာမငြိမ်သောစိတ်သည် ကြီးပွားခြင်းနှင့် ကဏ္ဍကောဇဖြစ်သော စိတ်ဖြစ်၍ မိမိသန္တာန်မှ ဖယ်ရှားထားသင့်ပေသည်။

## လောဘ အကြောင်း၊

လိုချင်မှုသဘောသည် လောဘတည်း။ ထို့ကြောင့် "လောဘသဘော - လိုချင်ဟော၍" ဟု ဆိုခဲ့သည်။ "လိုချင်" ဆိုသော်လည်း

ကာမဂုဏ်ဆိုင်ရာ လိုချင်မှုမျိုးသည်သာ လောဘဖြစ်သည်။ နိဗ္ဗာန် လိုချင်မှု၊ တရားကိုလိုချင်မှု၊ စာပေတတ်ချင်မှု၊ ဆင်းရဲသူများကို ပေးကမ်းလို၍ ပစ္စည်းဥစ္စာ လိုချင်မှုစသော ကောင်းသောအရာ လိုချင်မှုမျိုးတား လောဘမဟုတ်။ နောက်၌ပြမည့်ဆန္ဒသဘော သာ ဖြစ်သည်။

## လောဘ၏ အခြားအမည်များ။

ဤလောဘကို "ပေမ" ဟုလည်း၊ "တဏှာ"ဟုလည်း၊ "ရာဂ" ဟုလည်း၊ "သမုဒယ" ဟုလည်း၊ အမျိုးမျိုးနာမည်တပ်၍ ပြောဆို သုံးနှုန်းကြ၏။ ပေမ ဟူသော နာမည်ကို သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဇနီး ခင်ပွန်းစသော အိမ်သူအိမ်သား၊ ဆွေမျိုးသား ချင်းနှင့် ဆွေမျိုးလိုချစ်ခင်မှုမျိုး၌ သုံးနှုန်းကြလေသည်။ ပေမ ဟူသောစကား၌ ချစ်ခင်ခြင်းဟု အဓိပ္ပါယ်ရ၏။ ဤချစ်ခင်မှုမျိုး ကိုပင် သံယောဇဉ်ဟုလည်း တမျိုးခေါ်ကြသေး၏။ သံယောဇဉ် ဟူသောစကား၌ "ကြိုး" ဟု အဓိပ္ပါယ်ရသည်။ ကြိုးနှင့်ချည် နှောင်ထားသကဲ့သို့ တယောက်နှင့်တယောက် မခွဲနိုင်မခွာရက် အောင် ချည်နှောင်ခြင်းဟု ဆိုလိုသည်။

ထမင်းဆာရေငတ်သကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော ကာမဂုဏ်အာရုံများကို သာမန်လိုချင်ရုံမကဘဲ ကဲတက်ကတ်သတ်သတ်ငတ်ခြင်းကို "တဏှာ" ဟု သုံးစွဲရုံမက မိန်းမ ယောကျာ်း တဦးဦး၌ မရမကတွယ်ကပ်နေသူကို "တဏှာရူး" ဟုလည်း ခေါ်ကြသည်။ တဏှာဟူသောစကား၌ တပ်မက်ခြင်း၊ ငတ်ခြင်း ဟု အဓိပ္ပါယ်ရသည်။ ထိုကာမဂုဏ်အာရုံငါးပါးတို့တွင်

အတွေ့အာရုံ (မေထုန်မှု) ကို အလွန်လိုလားရာ၌ "ရာဂ" ဟု သုံးစွဲကြပြန်သည်။ ရာဂဟူသောစကား၌ ငြိကပ်ခြင်း၊ စွဲလမ်းခြင်း၊ ဟု အဓိပ္ပါယ်ရပြန်သည်။ (ဤကား စသုံးမဟုတ် လောကအသုံးကိုလိုက်၍ ခွဲခြင်းတည်း။)

သစ္စာလေးပါးခွဲခြားခဏ်း၌ကား ဤလောဘကို "သမုဒယ" ဟု သုံးပြန်သည်။ သမုဒယဟူသောစကား၌ "ဒုက္ခဖြစ်ကြောင်း ဒုက္ခလောင်း" ဟု အဓိပ္ပါယ်ရ၏။ ပြခဲ့သော "ပေမ၊တဏှာ၊ရာဂ၊" ဟု ခေါ်ဆိုရသည့် လောဘနှင့် မကင်းနိုင်သောကြောင့် သံသရာ၌ ဆင်းရဲဒုက္ခနှင့်ယှဉ်တွဲပြီး တဝဲလယ်လယ်နေကြရသည်။ ယခုအခါ သူသူငါငါ တွေ့နေရသော ဒုက္ခကြီးငယ် အသွယ်သွယ်သည် ဤတဏှာလောဘ သမုဒယကြောင့်ဖြစ်ရကား– "လောဘကြီးလျှင် ဒုက္ခကြီး၏။ လောဘငယ်လျှင် ဒုက္ခငယ်၏။ လောဘမရှိ ဒုက္ခမရှိတော့ပြီ" ဟု ဆိုလိုအည်။ ဤလောဘနှင့်အတူဖြစ်ရသော စိတ်ကို "လောဘစိတ်၊ တဏှာစိတ်၊ ရာဂစိတ်၊ သံယောဇဉ်စိတ်" ဟုခေါ်၍ လူကိုလည်း "လောဘကြီးသူ၊ တဏှာကြီးသူ၊ ရာဂကြီးသူ၊ သံယောဇဉ်ကြီးသူ" ဟု ခေါ်ဝေါ်ရလေသည်။

လောဘ၏ အဆွယ်အပွားဖြစ်သော "မာယာ"နှင့် "သာဌေယျ" အကြောင်းကိုလည်း သိသင့်၍ဆက်လက်ဖေါ်ပြပါသည်။

## မာယာ အကြောင်း။

တဏှာလောဘကိုပင် အချို့နေရာ၌ "မာယာ" ဟု ခေါ်ရ၏။ မာယာသည် မိမိမှာတဏှာလောဘ (အပြစ်) ရှိသည်ကို မရှိသလို ဟန်ဆောင်တတ်ခြင်းကိုဆိုသည်။ မာယာသည် မျက်လှည့်နှင့်

တူ၏။ မျက်လှည့်သမားသည် ကျောက်ခဲကိုကောက်ယူ၍ ရွှေတုံး ထင်အောင်လှည့်စားနိုင်သကဲ့သို့ မာယာကြွယ်သူသည် လူတဖက် သားအား အထင်မှားအောင် မိမိမှာရှိသောအပြစ်ကို ပရိယာယ် ဖြင့် ဖုံးကွယ်တတ်လေသည်။

ပုံစံအားဖြင့်ပြရလျှင် လင်ရှိ မိန်းမ တဦးသည် တခြား ယောကျ်ားနှင့် ဖေါက်ပြန်လေ့ရှိ၏။ ထိုဖေါက်ပြားသောနေ့၌ မိမိ၏ခင်ပွန်းကို ခါတိုင်းဆက် ယုယပြုစု၏။ မဖေါက်ပြားသော နေ့၌ကား မောက်မောက်မာမာ ဆက်ဆံတတ်၏။ ဖေါက်ပြား သောနေ့ဝယ် မိမိအပြစ်ကို ကာကွယ်လိုသောသဘောဖြင့် ခင်ပွန်း သည်အပေါ် ကြင်နာဟန်ဆောင်ခြင်းသည် မာယာသဘော ပင်တည်း။ ဤမာယာကို တချို့နေရာ၌ "တခ်ဏပ္ပဋိဉာဏ်" ဟုလည်း ခေါ်ရပြန်သည်။

## သာဌေယျအကြောင်း။

လောဘ၏ ဒုတိယ အဆွယ်အပွားဖြစ်သော သာဌေယျ အကြောင်းကိုလည်း မှတ်သားထိုက်ပေသည်။ အခြားလူများ အထင်ကြီးအောင် မိမိ၌မရှိသောဂုဏ်ကို ရှိဟန်ဆောင်သော လောဘဘမျိုးကို သာဌေယျဟုခေါ်သည်။ မာယာသည် မိမိ၌ ရှိသော အပြစ်ကိုဖုံးကွယ်၍ အပြစ်ကင်းဟန်ဆောင်သည်။ သာ ဌေယျသည် မိမိမှာမရှိသောဂုဏ်ကိုရှိဟန်ဆောင်သည်။ ထို ၂ မျိုး စလုံးသည်ပင် အလိမ်ဉာဏ်၊ အပလီဉာဏ်၊ အကောက်ဉာဏ် များသာဖြစ်သည်။

ကိုယ်တွေ့ သာဓကေယျတဦးကို ပုံစံပြလိုပေသည်။ သာဓကေယျ သမားသည် မိမိ၌သီလ၊ သမာဓိရှိဟန်ဖြင့် လိမ်လိုသူတဦးအား ဂုဏ်တော်ပုတီးကို အမြဲဝတ်ထား၍ စိတ်နေသူအဖြစ် အထင်ရှိအောင်၊ ထိုသူအိမ်လာသည့်အခါ၌ ပုတီးစိတ်နေ၍ ခေတ္တစောင့်နေရခြင်း၊ တရားထိုင်နေသူအဖြစ် အထင်ရှိအောင် စကားစပ်ဆိုင်သည့်အခါများ၌ပြောဆိုပြီး မိမိအား သီလသမာဓိရှိသူဟုယုံကြည်လာသည့်အချိန် အချက်ပိုင်သောကာလတွင် ပစ္စည်းများကို လိမ်ယူလိုက်ခြင်းဖြစ်သည်။

မာယာနှင့် သာဓကေယျတို့သည် သာမန်လိုချင်မှုသဘောထက်ပင် ဆိုးဝါးသော ဝိသမလောဘသမားတို့ လက်စွဲအသုံးပြုသည့် စေတသိက်များပင်ဖြစ်သည်။

## ဒိဋ္ဌိအကြောင်း။

မှားမှားယွင်းယွင်း သိမြင်ခြင်းသည် ဒိဋ္ဌိမည်၏။ ထို့ကြောင့် "မှားသောအမြင်–ဒိဋ္ဌိတွင်သား" ဟုဆိုခဲ့သည်။ ဒိဋ္ဌိသည်မရှိသည်ကိုအရှိ၊ရှိသည်ကိုမရှိ၊မဟုတ်သည်ကိုအဟုတ်၊ဟုတ်သည်ကိုမဟုတ်ဟု သိမြင်နေရုံသာမက မိမိကအမြင်မှန်၍ တခြားသူများ၏ အယူတွေကလွဲမှားနေသည်ဟုပင် စွဲစွဲတတ်လေသည်။ ဤဒိဋ္ဌိနှင့်တကွဖြစ်သောစိတ်ကို "ဒိဋ္ဌိစိတ်" ဟု ခေါ်၍ ထိုအယူမှားရှိသူကို "မိစ္ဆာဒိဋ္ဌိ" ဟု ခေါ်ကြသည်။

## မာနအကြောင်း။

ထောင်လွှားတက်ကြွခြင်းသဘောသည် မာန်မာနမည်၏။ ထို့ကြောင့်"မာနကားမူ–ထောင်လွှားတက်ကြွ" ဟု ဆိုခဲ့သည်။ မာန

ဓါတ်ခံရှိသူသည် တခွန်အလံစိုက်ထောင်ထားသကဲ့သို့ အများ အပေါ်မောက်မော်လို၏။ ကြွတတရှိ၏။ ရာထူးဂုဏ်သိရ်၊ စည်းစိမ်ဥစ္စာ၊ ပညာအဆင်း၊ ရောဂါကင်းခြင်းစသော ဂုဏ်တို့ဖြင့် သူများထက်သာနေသောအခါ "သင်းတို့နှင့်တူသလား၊ အဘက်တန်သလား" ဟု ကိုယ့်ကိုကိုယ် အထင်ကြီးကာ သူတကာကိုအထင်သေးတတ်၏၊

သူများထက်မသာဘဲ တန်းတူဖြစ်နေလျှင်လည်း မာနဓါတ်ခံရှိသူတို့မှာ "သင်းနှင့်ငါနှင့် ဘာထူးသေးသလဲ၊ သူ့လောက်တော့ ငါလဲရှိတာဘဲ" ဟု တန်းတူထားလျက် မာန်တက်ပြန်၏၊ ရာထူးစည်းစိမ်တို့က အောက်တန်းကျပြန်လျှင်လည်း မာနဓါတ်ခံရှိသူတို့မှာ သူက ငါ့ထက်သာနေကော - ဘာအရေးစိုက်ရမှာလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရတာ၊ ကိုယ်လုပ်မှကိုယ်ရတာ၊ ဘသူ့ကိုခယယ လုပ်နေရမှာတုံး" ဟု အံမတုနိုင်သော်လည်း မာန်ပြုလျက်ရှိသော စိတ်ထားမျိုးသည် မာနသဘောများပင်တည်း၊ မာနသည် ထားရှိသူအပေါ်၌ ကောင်းကျိုးမပေးသော စေတသိက်ဖြစ်၍ မိမိသန္တာန်၌မရှိအောင် နည်းပါးနေအောင် လုပ်ထားသင့်ပေသည်။

## ဒေါသအကြောင်း။

စိတ်၏ ခက်ထန်ကြမ်းတမ်းခြင်းသဘောသည် ဒေါသမည်၏။ ထို့ကြောင့် "ဒေါသထွက်ကြောင့်၊ စိတ်စက်ခက်ထန်" ဟု ဆိုခဲ့သည်။ ခက်ထန်ဆိုသော်လည်း ရှူးရှူးရှဲရှဲခက်ထန်ခြင်းတမျိုးသာ မဟုတ်၊ စိတ်ညစ်နွမ်းနေပြန်လျှင်လည်း မညစ်နွမ်းသော စိတ်ကဲ့သို့ ညက်ညက်ညောညောမရှိ၊ စိတ်နေပုံ ဖွာတာတာ ကြမ်း

တန်းတန်းရှိရကား စိတ်ညစ်နွမ်းမှု၊ စိတ်အားငယ်မှု၊ ကြောက်လန့်မှုများသည်လည်း ဒေါသ သဘောပင်ဖြစ်သည်။

အချုပ်မှာ စိတ်ညစ်မှု၊ စိတ်မချမ်းသာမှု၊ ကြောက်ရွံ့မှု၊ စိတ်ပျက်မှု၊ စိတ်ကောက်မှု၊ စိတ်ဆိုးမှု၊ ရန်ညှိုးဖွဲ့မှု၊ ဆဲဆိုငေါက်ငန်း ခြောက်ချမ်းမှုအစုစုသည် ဒေါသချည်းတည်း၊ ကြောက်လန့်မှုနှင့် ကြမ်းတန်းမှုနှစ်မျိုးစလုံး၌ ဒေါသပါဝင်ရကား ဒေါသကြီး၍ စိတ်ထက်သန်သူတို့သည် ကြောက်စရာ ရှိလျှင်လည်း ကြောက်လွယ်တတ်ကြသည်။ (ခက်ထန်မှုကို အတက်ဒေါသ၊ ကြောက်ရွံ့မှုကို အသက်ဒေါသဟုလည်း ခွဲကြသေးသည်။)

ဒေါသ၏အဆွယ်အပွား — ဒေါသနှင့်စပ်၍ ဖြစ်တတ်သော မက္ခ၊ ပဠာသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတို့၏ သဘောများကိုလည်း သိသင့်၍ ဖော်ပြအပ်ပါသည်။

## မက္ခအကြောင်း။

"မက္ခ" ဟူသည် သူ့ကျေးဇူးကိုချေဖျက်တတ်၊ ကျေးဇူးကန်းတတ်သော ဒေါသတမျိုးတည်း၊ ငယ်ရွယ်စဉ်အခါကစ၍ မိဘကျေးဇူး၊ ဆရာသမား ကျေးဇူး၊ မိတ်ဆွေကောင်းတို့၏ ကျေးဇူးစသည်ဖြင့် သူတပါးကပြုထားသောကျေးဇူးများရှိတတ်ကြပေသည်။ ထိုကျေးဇူးများကို ကျေးဇူးဟုမထင်၊ ကျေးဇူးမတင်နိုင်ဘဲ "သူ့ကျေးဇူးငါ့မှာဘာရှိသလဲ" ဟု ချေဖျက်တတ်၊ ကျေးဇူးကန်းတတ်သော သဘောသည် မက္ခသဘောပင်ဖြစ်သည်၊

တချို့ကား ကျေးဇူးကန်းရုံတွင်သာမက၊ သားရေပေါ်အိပ်ပြီး သားရေနားစားကာ ကျေးဇူးရှင်ကိုပင် ကျေးစွပ်တတ်ကြသေးသည်။ ထိုသူမျိုးကို မိတ်ဆွေပြစ်မှားသူ လူယုတ်မာများဟု များစွာအပြစ်ဆိုကြလေသည်။ သူတပါး ကျေးဇူးဟူသည်မှာ ကြွေးတင်သလိုတင်နေသော တရားမျိုးတည်း။ ထိုကျေးဇူးကိုတုံ့ပြန်၍မဆပ်နိုင်သည့်အတွက် မဆပ်ရသေးသော်လည်း ကျေးဇူးရှင်မှန်းအသိအမှတ်ပြုကာကျေးဇူးတင်မိစေရမည်။ ဆပ်နိုင်သည့်အခါ ဆပ်ခွင့်ကြုံသည့်နေ့၌ကား၊ မြိန်မြိန်ရှက်ရှက်နှစ်သက်စွာပြန်၍ဆပ်ကြရမည် မိမိ၏ကျေးဇူးရှင်သည်မိမိထက်ပစ္စည်းဥစ္စာအဆင့်မြင့် နေသူဖြစ်ပါကကိုယ်စိတ်နှုတ်အားဖြင့် မိမိ၏ကျေးဇူးရှင်ဖြစ်ကြောင်းကိုအခွင့်ကြုံသည့်အခါ၌ဖော်ထုတ်ပြသရမည်။ တခါက မိမိကျေးဇူးရှင်သည်မိမိထက်ပစ္စည်းဥစ္စာ အဆင့်နိမ့်ကျသွားသူဖြစ်နေပါက တတ်နိုင်သလောက်ပစ္စည်းဥစ္စာဖြင့် ပြန်လည်စောင့်ရှောက်ရမည်။မိမိ၏ကျေးဇူးရှင်ကိုရင်း အသက်ရှင်နေသည့်အချိန်၌ ပြန်ဆပ်ခွင့်မရ၍မဆပ်လိုက်ရလျှင် ၎င်း၏သားသမီးများအပေါ် ကျေးဇူးဆပ်လိုက်ခြင်းသည် ပညာရှိတို့ချီးမွမ်းသော စိတ်ထားမြင့်မြတ်သူတို့၏အလုပ်ပင်ဖြစ်သည်။ ဤကဲ့သို့ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းသိတတ်သူသာလျှင် လောက၌ ကြီးပွားနိုင်ပေသည်။ ကျေးဇူးကန်းတတ်သူများကား ကြီးပွားချမ်းသာမှုကို ရနိုင်ခဲလှပေသည်။

## ပဠာသအကြောင်း

ပဠာသဟူသည် ဂုဏ်တုဂုဏ်ပြိုင်ပြုတတ်သော ဒေါသတမျိုးပင်ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာရှိသူ၊ ဥစ္စာပေါသူ၊ ရုပ်ချောသူ၊

အမျိုးမြတ်သူ၊ အလိမ္မာရှိသူများကိုအသာမပေးနိုင်ဘဲ၊ သူနှင့်ငါနှင့် ဘာထူးသေးသလဲဟု မိမိထက် အမှန်သာနေသူ၊ သာမှန်းလည်း သိလျက်သူနှင့် အားတူအင်တူဂုဏ်တူလုပ်၍ ပြောဆိုပြိုင်ဆိုင်ခြင်းမျိုးတည်း။ (မိမိမှာထိုကဲ့သို့ ဂုဏ်မျိုးရှိမည်ထင်၍ နှိုင်းယှဉ် ပြောဆိုမှုတို့မှာ ပဋ္ဌာသ မဟုတ်ချေ)။

## သောကအကြောင်း

ဝမ်းနည်းမှုကို သောကဟုခေါ်သည်။ နောက်၌ပြမည့် ဒေါမနဿဝေဒနာစေတသိက်ကိုပင် ဝမ်းနည်းစရာတွေ့၍ စိတ်မချမ်းမသာဖြစ်ရာ၌ "သောက" ဟု ခေါ်ဝေါ်ရလေသည်။ ဤသောကဖြစ်တိုင်း ဒေါသလည်းပါနေရသောကြောင့် ဒေါသနှင့်စပ်၍ သောကအကြောင်းကိုလည်းသိသင့်သည်။ သောကဝမ်းနည်းမှုတို့သည် လူတို့၌ များပြားလှချေ၏။ မိမိချစ်ခင်သော ဆွေမျိုးစသည်တို့ ပျက်စီး၍ ဝမ်းနည်းရခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံး၍ ဝမ်းနည်းရခြင်းများသည် သောကချည်းတည်း။

**ဒေါမနဿတမျိုး**။ သောကဟုအထင်မှားနေသောဒေါမနဿတမျိုးလည်းရှိသေး၏။ ချစ်ခင်သူများ ဖျားနာမည်ကိုစိုးရိမ်ခြင်း၊ အရပ်တပါးသွားသောအခါ ပြန်ချိန်တန်လျင် မပြန်လာသဖြင့် စိုးရိမ်ခြင်း၊ ကလေးသူငယ် လူမမယ်အတွက် အရာရာမှာ စိုးရိမ်ခြင်း၊ ဤသို့စသည်ဖြင့် စိုးရိမ်ကြောင့်ကြမှုများရှိရုံတွင်မက ငါ မရှိလျှင် သူတော့ခက်တော့မှာဘဲဟု နောက်ဆက်တွဲစိုးရိမ်မှုတို့မှာ သောကမဟုတ် ရိုးရိုးဒေါမနဿသာတည်း။

## ပရိဒေဝအကြောင်း

ငိုကြွေးမှုကို "ပရိဒေဝ"ဟု ခေါ်သည်။ ဤပရိဒေဝဟူသည် ငိုကြွေးသောအသံပင်ဖြစ်၏။ သို့သော် ထိုငိုကြွေးသောအသံဖြစ်လာခြင်း၏အကြောင်းရင်းမှာ အတွင်းက ဒေါသ ဒေါမနဿတို့သာဖြစ်၍ ပရိဒေဝသဘောကိုလည်း ဤနေရာမှာပင် မှတ်သားသင့်ပေသည်။ ရာထူးဂုဏ်သိရ် စည်းစိမ် ဆွေမျိုး စသည်တို့တွင် တခုခုပျက်စီးသည့်အခါ၊ ပျက်စီးတော့မည်ဟု ထင်ရသည့်အခါ လွန်စွာဝမ်းနည်းကြ၏။ အားငယ်ကြ၏။ ဤဝမ်းနည်းအားငယ်မှုကား ပြခဲ့သော "သောက"အမည်ရ ဒေါမနဿသာတည်း။ ထိုဝမ်းနည်းအားငယ်မှုကို မျိုသိပ်၍မထားနိုင်သည့်အခါ"ပရိဒေဝ" ခေါ် ငိုကြွေးသောအသံတမျိုး ပေါ်လာ၏။ "ပရိဒေဝမိး" ဟု ခေါ်ရာ၌ ငိုသံကိုအစွဲပြု၍ခေါ်ခြင်းမဟုတ်၊ ထိုငိုသံဖြစ်လောက်အောင် ဝမ်းတွင်း၌ အပြင်းအထန် ပူပန်တောက်လောင်နေသော ဒေါသ၊ ဒေါမနဿတို့ကို အစွဲပြု၍ခေါ်ရခြင်းဖြစ်သည်။

## ဒုက္ခဒေါမနဿအကြောင်း

ကိုယ်ဆင်းရဲမှုကိုဒုက္ခ၊ စိတ်ဆင်းရဲမှုကိုဒေါမနဿဟု ခေါ်၏။ အသွားအလာ အနေအထိုင် ကြပ်တည်းကျဉ်းမြောင်းမှု၊ ရောဂါဝေဒနာဒဏ်ကိုခံစားနေရမှု၊ အရိုက်အနှက်ခံရမှု၊ တစုံတခုနှင့်ထိခိုက်မှု စသည်တို့ကြောင့် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ခြင်းသည် ဒုက္ခချည်းတည်း။

စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ စိတ်ညစ်မှု၊စိတ်ပျက်မှု စသည်ဖြင့် စိတ်မှာဖြစ်နေသော ဒုက္ခစုကို ဒေါမနဿဟုခေါ်သည်။ ဤ

ဒေါမနဿဆင်းရဲပုံသည် ခန္ဓာကိုယ်ဆင်းရဲပုံထက် လွန်ကဲပြင်းပြသည်။ ရွှေဘုံပေါ်မှာစံနေရသော်လည်း၊ ဒေါမနဿဒဏ်ကိုမခံနိုင်ကြ၍ မိမိကိုယ်မိမိ သတ်သေကြသူများ အများအပြားတွေ့ရပေသည်။ ဒေါမနဿဒဏ်ကို ခံနိုင်ရည်ရှိပြီး စိတ်ချမ်းသာအောင်နေတတ်ဘို့ နည်းလမ်းကား လောကဓံရှစ်ပါးနှင့် တွေ့ကြုံသည့်အခါ တက်ကြွခြင်း၊ ဝမ်းနည်းခြင်းမဖြစ်စေဘဲ စိတ်တည်ငြိမ်ခိုင်မြဲအောင်လေ့ကျင့်ထားဘို့ပင်ဖြစ်သည်။

## ဥပါယာသအကြောင်း

ဆွေမျိုးဂုဏ်သိရ် စည်းစိမ်ဥစ္စာစသော သမ္ပတ္တိတို့ တခုခု ပျက်စီးသည့်အခါတို့၌ ပြင်းထန်စွာဖြစ်သော ဒေါသကို ဥပါယာသဟုခေါ်သည်၊ ရိုးရိုးဒေါသဖြစ်သည့်အခါ စိတ်ဆိုး၏။ သတ်ဖြတ်ချင်၏။ ဤဥပါယာသခေါ်သော ဒေါသဖြစ်သည့်အခါ၌ကား လွန်စွာစိတ်ပူပန်၏။ ပူပန်သောစိတ်၏ အပူဓါတ်သည် နှလုံးသွေးကိုအရှိန်ဟပ်သဖြင့် နှလုံးသွေးမှ ဖြာကျ၍သွားသော သွေးပူများသည် အကြောသို့ လျှောက်ပြီးလျှင် တကိုယ်လုံး ထူပူပြီး မေ့မျောသွားတတ်၏။ အပူလုံးဆို့ကာတက်သွားတတ်သည်။

ဆွေမျိုးတယောက် ပျက်စီး၍ ငိုသံထွက်လာသော ပရိဒေဝမီးတောက်လောင်နေသူသည် အလွန်အမင်း ပြင်းထန်လာသည့်အခါ မငိုနိုင်တော့ဘဲတက်သွား၏။ ထိုတက်သွားခြင်းကား ဥပါယာသ၏ စနက်ပင်တည်း။ ထို့ကြောင့် ဥပါယာသသည် သောကပရိဒေဝတို့ထက်ပင်အပူပြင်းလေသည်။ သောက၏ပူပုံသည် ဆီ

ချက်ရာ၌ အိုးအတွင်းမှာ ကျက်နေခြင်းနှင့်တူ၏။ ပရိဒေဝ၏ငိုသံ အပြင်သို့ လျှံတက်ပုံသည် ဆီကျက်၍ ဝေတက်လာခြင်းနှင့်တူ၏။ ဥပါယာသ၏ ပူလောင်ပုံကား ကျန်သမျှဆီတွေ ကုန်ခန်းအောင် ကျက်နေခြင်းနှင့်တူသည်။

ဤတွင် ဒေါသ၏ အဆွယ်အပွား
စေတသိက်များအကြောင်းပြီး၏။

## ကုက္ကုစ္စအကြောင်း

ငြူစူခြင်း၊ မနာလိုခြင်း သဘောသည် "ကုက္ကုစ္စ" ပင်တည်း။ ထို့ကြောင့် "ကုက္ကုစ္စလျှံမူ—လွန်ငြူစူ၏" ဟု ဆိုခဲ့ပေသည်။ သူတပါးလှကြောင်း၊ ဥစ္စာပေါကြောင်း၊ ပညာတတ်ကြောင်း အကျင့်ကောင်းကြောင်း၊ အစစအရာရာ အောင်မြင်နေကြောင်း စသော ဂုဏ်သတင်းများကို ပြောလှာလျှင် မနာလိုခြင်း (နားမထောင်လိုခြင်း) နားမထောင်လိုရုံသာမကဘဲ "ဇီးကွက်လောက်တော့ငှက်တိုင်းလှရဲ့" စသည်ဖြင့် နှုတ်ခမ်းစူကာ၊ ပစပ်ရွဲ့ကာ၊ မျက်စောင်းထိုးကာနှင့် ပြောဆိုတတ်ခြင်းသည် ကုက္ကုစ္စသဘောချည်းတည်း။

ကိုယ့်ထက်သာမနာလို၊ အကြံတူရန်သူ၊ အလုပ်တူငြူစူဟု ဆိုရိုးရှိသည့်အတိုင်း ဤကုက္ကုစ္စသည် အလုပ်တူ၍ ကိုယ့်ထက်သာနေသူအပေါ်မှာဖြစ်တတ်သည်။ ငါးပိသည်က ရွှေသည်အပေါ်မှာ ကုက္ကုစ္စ ဖြစ်ဘို့ ခဲယဉ်း သော် လည်း- ရွှေ သည် အချင်းချင်း အတင်းပြောကာ ကုက္ကုစ္စ ဖြစ်တတ် ကြသည်။ သူ၏ ကိုယ်

စွမ်း၊ ဥာဏ်စွမ်း၊ ဝီရိယစွမ်းကြောင့် မိမိထက်သာလွန်၍တိုးဘက် နေသူကို အတင်းအဖျင်းပြောကာ ဣဿာဖြစ်မှုကြောင့် ထိုသူမှာ အကျိုးမယုတ်ဘဲ မိမိသာလျှင် အကျိုးယုတ်၍ ပစ္စုပ္ပန် သံသရာ တွင် ယခုထက်အောက်ကျဘို့ ဖြစ်သည့် မကောင်းဆိုးသော စေ အသိက်တရားမျိုးဖြစ်ရာ ကြီးပွား တိုးတက်လိုသူတိုင်း ရှောင် ရှားထိုက်သော စေတသိက်တရားပင် ဖြစ်သည်။ ပုထုဇဉ်လူသား ဖြစ်၍ ဣဿာကို အစတွင်မနှောက်ံဖြင့် မရှောင်နိုင်ပါက ဝစီကံ အဆင့်သို့တက်မလာနိုင်အောင် ပယ်ချလေ့ကျင့်နိုင်ပါလျှင် တ ဖြည်းဖြည်း မနောကံအဆင့်မှ ပျောက်သည်အထိ စိတ်ဖြူစင်လာ နိုင်ပေမည်။

## မစ္ဆရိယအကြောင်း

ဝန်တိုခြင်းသဘောသည် မစ္ဆရိယတည်း၊ ထို့ကြောင့်“ပြောတူ မစ္ဆေ–ဝန်တိုလေသတဲ့”ဟု ဆိုခဲ့သည်။ ယခုကာလ၌ မလှူရက်၊ မပေးကမ်းရက်သူကို မစ္ဆရိယရှိသူဟု ခေါ်ကြသည်။ မစ္ဆရိယ ကား မလှူချင်မပေးချင်မှုမျိုးမဟုတ်၊ သူတပါးအား မရစေချင် သောသဘောသာတည်း၊ ထို့ကြောင့်မလှူချင်၊မပေးချင်သူတို့မှာ မိမိပစ္စည်းကို တွယ်တာသော သဘောသာဖြစ်သည်။ ယခုမျက် မြင်အားဖြင့် လူအများအပြား၌ မစ္ဆရိယစိတ်သောင်းကျန်းလျက် ရှိကြသည်။ မိမိထက်အိမ်ကောင်းယာကောင်း၊ ပစ္စည်းဉစ္စာ၊ လုပ် ခင်းကိုင်ခင်း ရာထူးဌာနန္တရ၊ပညာဂုဏ်သိက္ခာစသောအကြောင်း များရရှိမှာစိုးကြသည်။ ငါမှအပ အခြားသူများ ယင်းသမ္ပတ္တိ (ပြည့်စုံခြင်း) တရားများမရရှိစေလိုသော မစ္ဆရိယစိတ်များ ပွား

ကြသဖြင့် ယင်းစိတ်ဓါတ်၏ အကြောင်းကြောင့် ပစ္စည်းများ ရှားပါးသောအကျိုးသည် ဖြစ်ပေါ်နေကြသည်။ထိုမစ္ဆရိယတရားသည် အထားခံရသူအပေါ်၌အကျိုးမယုတ်ဘဲ ထားသူ၌သာ အကျိုးယုတ်သဖြင့် ယင်းစိတ်ဓါတ်ကို ဝါသနာနှင့်တကွ အမြစ်ပါ ပြုတ်အောင်ကြိုးစားဖြုတ်သင့်ကြပေသည်။

## ကုက္ကုစ္စအကြောင်း

နောင်တတဖန် ပူပန်ခြင်းသဘောသည် ကုက္ကုစ္စတည်း။ ထို့ကြောင့် "ကုက္ကုစ္စကား နောင်တတဖန် ပူပန်ထန်ပြင်း" ဟု ဆိုခဲ့သည်။ဤကုက္ကုစ္စ၏ နောင်တရမှုသည် အကုသိုလ်ပြုပြီးမှုပြုမိတာ မှားလေစွဟုရင်း၊ ကုသိုလ်မပြုခဲ့မိ၍ မပြုမိဘာ မှားလေစွဟုရင်း နောင်တရခြင်းနှစ်မျိုးရှိ၏။

နောင်တရမှုနောင်တတဖန်ပြန်၍ ပူပန်မှုသည် နောက်ဘဝမှသာဖြစ်သည်မဟုတ် ယခုဘဝမှာလည်း ထိုကဲ့သို့ ပူပန်တတ်ကြလေသည်။ အလွန်အမင်းပူပန်လာသောအခါ စိတ်ထည်းတွင်သာမက ချွေးပူများကျလာအောင် ကိုယ်ခန္ဓာပါ ပူလာတတ်လေသည်။

အကုသိုလ်ပြုပြီးမှ နောင်တတဖန်ပူပန်နေခြင်းကြောင့် ပြုပြီးအကုသိုလ်များကင်းပျောက်သွားသည်မဟုတ်၊ ကုက္ကုစ္စအကုသိုလ်သစ်ပင် တိုးလာသေး၏။ထို့ကြောင့် နောင်တတဖန် ပူပန်မနေဘဲ ပြုပြီးအကုသိုလ်များ နောင်အခါ အကျိုးပေးခွင့် မရအောင် ထိုအကုသိုလ်မျိုး နောက်ထပ်မဖြစ်စေရန် သတိတား၍ ရှောင်ကြဉ်ရမည်၊ ထိုကဲ့သို့လွန်ပြီးသော အကုသိုလ်မျိုး ငါ့မှာ

နောင်အခါမဖြစ်စေရဟုစိတ်ပါလက်ပါ အဓိဋ္ဌာန်ပြု၍စောင့်စည်း သူအဘွက်မှာ ပြုပြီး အကုသိုလ်သိပ်မကြီးကျယ်လျှင် အကျိုးမပေး ဘဲ ပပျောက်သွားတတ်ကြောင်းကို မဟာဝဂ္ဂသံယုတ်၌ ဟော ထားတော်မူသည်။ သို့ဖြစ်၍ မည်သူမဆိုပြုခဲ့ပြီးသော အကုသိုလ် အဘွက်သည်း မပူပန်ရ၊ ကုသိုလ် မပြုခဲ့ရသေး၍လည်း နောင်တ မဖြစ်ကြစေဘဲ အကုသိုလ် အသစ်မဖြစ်ရအောင် ကြိုးစားလျက် သတိရသောအချိန်ကစ၍ ကုသိုလ်ကိုသာ အားထုတ် ကြသင့်ပေ သည်။

## ထိနမိဒ္ဓ တို့အကြောင်း

စိတ်ရောကိုယ်ပါ သွက်လက်ခြင်းမရှိဘဲ ထိုင်းတိုင်းတိုင်း ဖြစ် ခြင်းကို "ထိန"ဟုရင်း၊ မှိုင်း တိုင်းတိုင်းဖြစ်ခြင်းကို "မိဒ္ဓ"ဟုရင်း ခေါ်၏။ ထို့ကြောင့်"ထိုင်းခြင်းထိန—မှိုင်းမိဒ္ဓနှင့်"ဟုဆိုခဲ့သည်။ ဤစေတသိက်နှစ်ပါးသည် အတူဖြစ်ရိုးတည်း။ ဤနှစ်ပါးဖြစ်သည့် အခါလုံ့လဝီရိယကင်း၍ ပျင်းရိသလိုဖြစ်နေ၏။ ဆိုင်ရာအလုပ်ကိစ္စ ၌ထက်ထက်သန်သန်မရှိဘဲတွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ၏။ ဤနှစ်ပါး ဖြစ်ပုံသည် အိပ်ပျော်ခါနီးအခါ၊ တရားနာရင်း ငိုက်သည့်အခါ တို့၌ထင်ရှား၏။ အိပ်ချင်တိုင်းလည်း ထိနမိဒ္ဓမဟုတ်။ တချို့ အိပ် ချင်မှုမှာ အလုပ်အကိုင်ပင်ပန်းသဖြင့်ခန္ဓာကိုယ်ညှိုးနွမ်းမှုကြောင့် ဖြစ်ရသည်။ ထိုအိပ်ချင်မျိုးကား ရဟန္တာများ၌လည်း ဖြစ်လေ သည်။ ထို့ကြောင့် အိပ်ချင်တိုင်းသည်း ထိနမိဒ္ဓမဟုတ်။ ထိုထို ပြုလုပ်ဘွယ်ကိစ္စတို့၌ စိတ်နှင့်စေတသိက်များ ထက်ထက်သန်သန် မရှိလှဘဲ တွန့်ဆုတ်ခြင်း၊ ထိုင်းမှိုင်းခြင်းကိုသာ ထိနမိဒ္ဓဟုမှတ်ပါ။

## ဝိစိကိစ္ဆာအကြောင်း

ဘုရားစသည်တို့၌ ယုံမှားခြင်းသဘောသည်ဝိစိကိစ္ဆာတည်း။ ထို့ကြောင့် “ဘုရားစသည့် ယုံမှားဘိမှု၊ဝိစိကိစ္ဆာ” ဟု ဆိုခဲ့သည်။ “ယုံမှား” ဟူသည် လုံးလုံးမယုံခြင်းလည်းမဟုတ်၊ စိတ်ချလက်ချလည်း မယုံကြည်ဟဲ “မယုံဘဝက်-ယုံတဝက်” ဆိုသလို ဖြစ်နေခြင်းမျိုးတည်း။

စာအမိပ္ပါယ်ကိုဖြစ်စေ၊ တစုံတခုအမှုကိစ္စကိုဖြစ်စေ၊ ခရီးသွားရာ၌ လမ်းကိုဖြစ်စေ၊ “ဟုတ်မှဟုတ်ပါ့မလား၊ ပြုလို့တော်ပါ့မလား” စသော ယုံမှားသံသယများ ဖြစ်တတ်၏။ ရဟန္တာများပင် ဝိနည်းတော်ဆိုင်ရာ၌ “ဤအမှုဟာ အပ်မှအပ်ပါ့မလား” ဟု ယုံမှားတော်မူကြသေး၏။ ဤယုံမှားသံသယကား ဝိစိကိစ္ဆာ မဟုတ်၊ တချို့နေရာ၌ စဉ်းစားကြံစည်ဘတ်သော ဉာဏ်၊ တချို့နေရာ၌ အကြံသက်သက် ဝိတက်သဘောသာဖြစ်၏။ ကေနိယုံထိုက်သော ဘုရားစသည်ကို မယုံသကာဖြစ်နေရာ၌သာ ဝိစိကိစ္ဆာ အစစ်ဖြစ်သည်။ ဤသို့ဝိစိကိစ္ဆာဖြစ်သောအခါ ပညာရှိထံ မေးမြန်းရမည်။ သို့မှသာ ဝိစိကိစ္ဆာ ကင်းကွာလျက် ဘုရားစသည်တို့၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်လာနိုင်ပေမည်။

ဤပြဆိုခဲ့သော စကားအစဉ်ဖြင့် စိတ်ကိုမကောင်းအောင် ခြယ်လှယ်သောအကုသိုလ် စေတသိက်များ ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။ ယင်းအကုသိုလ် စေတသိက်တို့သည် သူသူကိုယ်ကိုယ် သန္တာန်၌ နေ့စဉ်တွေ့မြင်နိုင်သော စေတသိက်များဖြစ်ရာ၊တကမ္ဘာ

လုံး၌ ထိုတရားဆိုးများ သောင်းကျန်းလျက်ရှိသောကြောင့် ဒုက္ခ
အဖုံဖုံကို နေ့စဉ်နှင့်အမျှ တွေ့ကြုံ ကြားသိနေရလေသည်။ ထို့
ကြောင့် ဒုက္ခအဖုံဖုံမှ ကင်းဝေးစေရန် ယင်းအကုသိုလ် စေတ
သိက်များကိုမိမိသန္တာန်မှ ဖယ်ရှားသွားအောင် လေ့ကျင့်ပေး
သင့်ကြပေသည်။

## စိတ်ကိုကောင်းအောင် ခြယ်လှည်သောစေတသိက်များ။

အောက်ပါစေတသိက်များသည် စိတ်ကိုကောင်းအောင်ခြယ်လှယ်သော စေတသိက်များဖြစ်၍ ရင်ဝယ်ပိုက်ထားသင့်သော စေတသိက်များ ဖြစ်ပေသည်။ လူတဦးတယောက်တွင် ယင်းစိတ်များ အပြည့်အဝရှိသည်နှင့်အမျှ လောကီ လောကုတ္တရာ အကျိုးစီးပွားများကို မလွဲမသွေရနိုင်သဖြင့် မိမိသန္တာန်၌ ထိုစိတ်များ အမြဲကိန်းဝပ်နေရန် ကျင့်ကြံအားထုတ်သင့်ပေသည်။

| | |
|---|---|
| ၁။ သဒ္ဓါ။ | ၈။ မေတ္တာ။ |
| ၂။ သတိ။ | ၉။ ကရုဏာ။ |
| ၃။ ဟိရီ။ | ၁၀။ မုဒိတာ။ |
| ၄။ ဩတ္တပ္ပ။ | ၁၁။ ဥပေက္ခာ။ |
| ၅။ အလောဘ။ | ၁၂။ သမ္မာဝါစာ။ |
| ၆။ အဒေါသ။ | ၁၃။ သမ္မာကမ္မန္တ။ |
| ၇။ အမောဟ။ | ၁၄။ သမ္မာအာဇီဝ။ |

## ဆောင်ရန်လင်္ကာ

ကောင်းသည့်အာရုံ၊ အဖုံဖုံဝယ်၊ ယုံကြည်တတ်လေ့
သဒ္ဒါငွေ့တည်း။၂ အောက်မေ့သတိ၊ ဒုစရိုက်ကို၊ ဟီရိရှက်
စွ၊ လန့်ဩတ္တနှင့်၊ အလောဘလျှင်၊ မလိုချင်တည်း၊
ထို့ပြင်တဝ၊ အဒေါသထွက်၊ မှခက်မထန်၊ ပညာ
ဉာဏ်မူ၊ အမောဟဟူ၏၊ မှတ်ယူချစ်ငြား၊ မေတ္တာ
ပွား၍၊ သနားကရုဏာ၊ ဝမ်းသာမုဒိ၊ ရှုသည့်
လင်ဥ်လျူ၊ ပေက္ခာပူလော့၊ သုံးခုသမ္မာ၊ ဝါစာကမ္မ၊
အာဇီဝကား၊ ကာယဝစီ၊ မသတီပေါင်း၊ ရှောင်ကြဉ်
ကြောင်းသည့်၊ စိတ်ကောင်းဖြစ်ရန်စေတသိက်တည်း။

### သဒ္ဓါ အကြောင်း ။

ယုံကြည်ခြင်းသဘောသည် သဒ္ဓါတည်း။ ထို့ကြောင့် "ယုံကြည်တတ်လေ့၊ သဒ္ဒါငွေ့တည်း" ဟုဆိုခဲ့သည်။ "ယုံ-ကြည်" ဟူရာ၌ ယုံအတွက် အဓိပ္ပါယ်တရပ်၊ ကြည်အတွက် အဓိပ္ပါယ်တရပ် ဟု နှစ်မျိုးခွဲမှတ်ရမည်။

ယုံပုံ။ ဒိဋ္ဌိသည် ကံတရားမရှိ၊ ကံ၏ကောင်းကျိုးဆိုးကျိုးမရှိ၊ လွန်ခဲ့သောကာလ၌ မိမိတို့ဖြစ်ခဲ့ရသော ဘဝဟောင်းမရှိ၊ ယခုဘဝသေလျှင် နောက်ထပ်ဖြစ်ဘို့ ဘဝသစ်လည်းမရှိ၊ ဤဘဝထိုဘဝအားလုံးကို သိနိုင်သောဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ၊ ဤသို့စသည်ဖြင့် အယူမှား၏။ ထိုကံစသည်တို့ကို လုံးဝမယုံချေ။ ဝိစိကိစ္ဆာမှာ မယုံတဝက်ယုံတဝက်နှင့် ယုံမှားသံသယဖြစ်

နေ၏၊ ဤသဒ္ဒါကား ကံ၊ ကံ၏အကျိုး စသော အရာစုကို ကေန်ရှိ၏ဟု ယုံကြည်သည်၊ ဤယုံကြည်သော သဒ္ဒါကို "သဒ္ဒါမိမောက္ခ - ယုံကြည်သောအားဖြင့် ဆုံးဖြတ်ခြင်းသဘော" ဟု ကျမ်းဂန်တို့၌ဆို၏။ ဤသို့ အမှန်ရှိသော အကြောင်းအရာ၌ ယုံကြည်ခြင်းကိုသာ သဒ္ဒါအစစ် ကုသိုလ်ဖြစ်သည်ဟု မှတ်အပ်၏။

**ကြည်ပုံ**။ စွန့်ကြဲပေးကမ်းလှူဒါန်းနေသည့်အခါ သီလဆောက်တည်၍ ကမ္မဋ္ဌာန်း စီးဖြန်းသည့်အခါ၊ ထိုထို ကုသိုလ်ဆိုင်ရာ ကိစ္စကို ပြုနေသည့်အခါ၊စိတ်၌ ကြည်လင်သော သဒ္ဒါဘရားဖြစ်နေ၏။ နောက်ကျိသောရေခွက်၌ ပတ္တမြားရတနာကို ထည့်လိုက်သော အခါ အနယ်အမှုံများ အောက်ကျ၍ ရေကြည်လာသကဲ့သို့ စိတ်၏ ပတ္တမြားရတနာနှင့်တူသော သဒ္ဒါဖြစ်ပေါ်လာသော အခါ ဝိစိကိစ္ဆာ စသော ကိလေသာ အနောက်အကျိကင်းကွာ၍ စိတ်ကြည်လင်လာလေသည်။ ထိုကဲ့သို့စိတ်ကို ကြည်လင်အောင် ပြုလုပ်နိုင်သော သဘောကား ဤသဒ္ဒါပင်တည်း။

ထို့ကြောင့် တချို့တိရိစ္ဆာန်များနှင့်ကလေးသူငယ် စသည်တို့မှာ ကံ-ကံ၏အကျိုး စသည်ကို နားမလည်၍ ယုံသဒ္ဒါဖြစ်ဘို့ ခဲယဉ်းပါသော်လည်း၊ လူကြီးများကို အတုလိုက်၍တုရာ သံယာကို ရှိခိုးနေသောအခါ သူ့ဘပါးကို ပေးကမ်းနေသောအခါ၊ သူတပါးအကျိုး ဆောင်နေသောအခါများ၌ စိတ်ကိုကြည်လင်စေနိုင်သော ကြည်သဒ္ဒါဖြစ်နိုင်ပေသည်။ တခြားဘာသာအယူရှိသူများထည်း ဆေးရုံအတွက်၊ လူအိုရုံအတွက်၊ နူနာရုံအတွက်၊ မိဘမဲ့ ကလေးသူငယ်များအတွက်၊ ကောင်းသော ပညာရေး

အတွက် ပေးကမ်းစွန့်လှူရာ၌ ကြည်သဒ္ဓါအစစ် ကုသိုလ်ဖြစ်ကြပေသည်။

(ဤသဒ္ဓါအစစ်ရှိသူများ၏ အပြုအမူများကို ပိုမို၍နားလည်ဘို့ရာ စရိုက်အခဏ်းမှာလာမည့် သဒ္ဓါစရိုက်အကြောင်းကို ဆက်လက်ကြည့်ရှုပါကုန်)

**သဒ္ဓါအတု**။ ဤပြခဲ့သော အချက်များကို သတိထား၍စဉ်းစားပါလျှင် သဒ္ဓါတရားအစစ်ဟူသည် **အပြစ်ကင်း**၍ သန့်သန့်ရှင်းရှင်း ယုံကြည်ခြင်း၊ မှန်ကန်သောအရာကို ယုံကြည်ခြင်းဖြစ်သည်ဟု နားလည်လောက်ပြီ။ ဘုရားက ရောင်ခြည်တော် မလွှတ်ပါဘဲ ရောင်ခြည်တော်လွှတ်သည်ဟု ဘုရားမှီစားသူတို့က လိမ်ပြောသည်ကို ယုံကြည်မှု၊ ဓာတ်တော်အစစ်မဟုတ်ဘဲ ဓါတ်တော်အစစ်ဟု ပြောသည်ကို ယုံကြည်မှု၊ မိစ္ဆာအယူရှိသူများ၏ မိမိတို့အယူဝါဒကို ယုံကြည်မှုစသော လွဲမှားသောယုံမှုများသည် သဒ္ဓါအစစ်မဟုတ်ချေ။ ရိုး - အ - ညံ့ -ဖျင်း အသိဉာဏ်ကင်းသော မောဟအကုသိုလ်သာဖြစ်သည်။

ထို့ပြင် အပြောကောင်း၊ အသံကောင်း၊ ရုပ်ကောင်း၊အကျိုးဆောင်ကောင်း၊ ဆေးကောင်း၊ဝါကောင်း၊စသောကောင်းသည့် ရသေ့ရဟန်းကို ကြည်ညိုလှပါသည်ဟု ဆိုကြသောမိန်းမများနှင့် ယောကျ်ားများတို့၏ ကြည်ညိုမှုမှာလည်း သဒ္ဓါအစစ် မဖြစ်နိုင်၊ တဏှာပေမ မကင်းသော မောဟပင်တည်း။ ထိုကဲ့သို့သောသဒ္ဓါအတုမျိုးကိုကျမ်းစာတို့၌ 'မုဒ္ဓပ္ပသန္န' ဟုဆို၏။(မုဒ္ဓ-ဖျင်းအသော+ ပသန္န-ကြည်ညိုမှု)

**သတိပေးချက်** ။ ။ ယခုခေတ်ကား အညာအဖျန်းပေါများသောခေတ်ဖြစ်၏။ ဗုဒ္ဓဘာသာဆိုသူတို့ အတွင်းမှာလည်း တရားအဆန်း ကမ္မဋ္ဌာန်းအဆန်း၊ ဆေးဝါးအဆန်း တို့ဖြင့် အမျိုးမျိုးဖျန်းသန်းကာပြခဲ့သော မုဒ္ဓပ္ပသန္နသမား ရိုးအ ရှာသူများကိုလှည့်စားဖြားယောင်းလျက် ရှိသည်။ ထိုပုဂ္ဂိုလ်များကို လှူဒါန်း ပေးကမ်းရာ၌သဒ္ဓါအစစ်မဟုတ်၊ တဏှာအချစ်ပေး၊ အဖျင်းအနှ ပေးသာများလေသည်။ ထို့ကြောင့် ဘယ်ကိစ္စမဆို ယုံသင့် မယုံသင့်နှိုင်းချင့်တတ်ဘို့ရာ ဘာသာရေးနှင့် သက်ဆိုင်သော အသိဉာဏ်အလိမ္မာကို ယခုလက်ရှိအခြေအနေထက် တိုးတက် အောင် များစွာ ကြိုးစားသင့်ပေသည်။

## သတိအကြောင်း။

အောက်မေ့ခြင်း "အမှတ်ရခြင်း သဘောသည် သတိတရားတည်း။ ထို့ကြောင့် အောက်မေ့သတိ" ဟု ဆိုခဲ့သည်။ဤအောက်မေ့မှု အမှတ်ရမှုသည် အလွန်များပြား၏။ ရှေးကကုသိုလ်ကောင်းမှု တခုခုပြုခဲ့၍ ယခုထိုကုသိုလ်ကို ပြန်လည်အမှတ်ရ၏။ တရားစကား ပြောဟောနေသည့်အခါ ဆုံးမဩဝါဒပေးနေသည့်အခါ မှတ်မိနားလည်အောင် သတိထား၍ နားထောင်၏၊ ကမ္မဋ္ဌာန်းနှလုံးသွင်းသည့်အခါ အာရုံပျောက်မသွားအောင် စူးစူးစိုက်စိုက်နှလုံးသွင်း၏။

နက်ဖန် ပြုရမည့်ကုသိုလ်၊ သို့မဟုတ် နောင်အတော်ကြာမှပြုရမည့်ကုသိုလ်ကို ကြိုတင်အမှတ်ရ၏။ မိမိဆောက်တည်အပ်သော သီလသိက္ခာပုဒ်များမကျိုးမပေါက်ရအောင် သတိထား၏။

လောဘ ဒေါသ မာန်မာနမဖြစ်အောင် သတိထား၏။ ဆရာသမား၏ အဆုံးအမကိုသတိရ၏။ ဤသို့ စသည်ဖြင့် ကုသိုလ်ကောင်းမှုဆိုင်ရာကိစ္စတို့ကို အမှတ်ရနေခြင်းသည်သာ သတိအစစ်ဖြစ်သည်။ ဤသတိအစစ်ကို "အပ္ပမာဒ - မမေ့မလျော့ခြင်း" ဟုလည်း ခေါ်သည်။ ထို့ကြောင့်ဘုန်းကြီးများ သီလပေးသောအခါ အပ္ပမာဒေန + သမ္ပာဒေထ "မမေ့မလျော့ သတိတရားဖြင့် ကုသိုလ်ကိစ္စကိုပြည့်စုံကြစေ" ဟု တိုက်တွန်းရိုးရှိကြပေသည်။ ဘုရားရှင်လည်း "သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံဝဒါမိ" ဘိက္ခုတို့ သတိကိုအရာရာ၌ လိုလားထိုက်၏ဟု ဟောတော်မူသည်။ (သဒ္ဓါစသည်တို့မှာ လွန်နေတတ်သော်လည်း သတိကား လွန်သွားသည်ဟု မရှိ၊ နေရာတိုင်းမှာ သတိပါစေရမည်ဟု ဟောတော်မူ လိုရင်းဖြစ်သည်။)

**သတိအတု။** ဆွေမျိုးကိုအောက်မေ့မှု၊ ဇနီးခင်ပွန်းချင်းကွဲနေသည့်အခါ အောက်မေ့မှု၊ သူငယ်ချင်းချင်း ချိန်းထားသည်ကို အမှတ်ရနေမှု၊ မိမိအား ဂရုတစိုက်ပြုစု အရေးပါလိုက်သည်ကို အမှတ်ရမှု၊ ဤသို့စသည်ဖြင့် တဏှာပေမဆိုင်ရာ အမှတ်ရမှုများရှိ၏။ ထို့ပြင် မိမိအား နှိပ်စက်ဘူးသူကို လက်စားချေရန် အမှတ်ရနေမှု၊ သတ်ချိန်ဖြတ်ချိန်ကို အမှတ်ရနေမှု၊ သွားလာရာ၌ ဘေးအန္တရာယ် သတိထားမှု၊ ဤသို့စသည်ဖြင့် ဒေါမနဿဆိုင်ရာ အမှတ်ရမှုများလည်းရှိ၏။ ထိုအမှတ်ရမှုများသည် သတိအစစ်မဟုတ်ချေ။ နောက်၌ပြမည့် အမှတ်အသားကောင်းသော သညာသဘော၊ စဉ်းစားကြံစည်တတ်သော ပိဘက်သဘောသာဖြစ်လေသည်။

## ဟိရိဩတ္တပ္ပအကြောင်း။

မကောင်း ဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်း သဘောသည် ဟိရိဖြစ်၍ ကြောက်လန့်ခြင်းသဘောကား ဩတ္တပ္ပဖြစ်သည်။ ထို့ကြောင့် "ဒုစရိုက် ဟိရိရှက်စွ - လန့်ဩတ္တနှင့် ဟု ဆိုခဲ့သည်။ ဤဟိရိဩတ္တပ္ပနှစ်ပါးတို့တွင် မိမိဂုဏ်သိက္ခာကို စောင့်ရှောက်လေ့ရှိသူတို့၌ ဟိရိတရား ထင်ရှား၏။ ဆရာမိဘဆွေမျိုးနှင့် တခြားသူများကို လေးစားသူတို့၌ ဩတ္တပ္ပတရားထင်ရှားလေသည်။

ခိုင်းနှိုင်းအံ့။ ငါသည် မိကောင်းဘခင် သားသမီးတယောက် ဖြစ်သည်။ ငါ့လိုမျိုးရိုးကောင်းသူက မကောင်းမှုပြုလုပ်နေလျှင် ရှက်စရာ ဖြစ်လိမ့်မည် ဟု မိမိအမျိုးဂုဏ်ကို စောင့်ထိမ်းသောအားဖြင့် မကောင်းမှုပြုရမည်ကို ရှက်၏။ ပညာတတ်သူကလည်း 'ငါ့လိုပညာတတ်တယောက်က အောက်ကျသော မကောင်းမှုကို ပြုနေလျှင် ရှက်စရာဖြစ်တော့မည်"။ အသက်ကြီးသူကလည်း "ငါ့လိုအဖိုးကြီးက မိန်းမလိုက်စားနေလျှင် ရှက်စရာဖြစ်တော့မည်"။ ဤသို့စသည်ဖြင့် မိမိမှာရှိသော ဂုဏ်တခုခုကို လေးစားသူ၌ ဟိရိတရား ထင်ရှားလေသည်။

"ငါတယောက် မကောင်းမှုပြုလိုက်လျှင် ငါ့မိဘ၊ ငါ့ဆွေငါ့မျိုး၊ ငါ့ဆရာသမားများကို သူတပါးတို့က ကဲ့ရဲ့လိမ့်မည်။ ငါ့ကိုလည်း လူ့အဖွဲ့အစည်းကြီးက စက်ဆုပ်ရွံရှာကြမည်၊ မျက်စောင်းထိုးကြမည်။ ဤသို့စပ်ဆိုင်သူများနှင့် မိမိကိုယ်မိမိ ငဲ့ညှာတတ်သူ၌ ဒုစရိုက်မှကြောက်လန့်တတ်သော ဩတ္တပ္ပတရား ထင်

ရှားလေသည်။ မိမိဂုဏ်သိက္ခာကိုလည်းမငဲ့ ဆရာသမား မိဘဆွေမျိုးများကိုလည်းမငဲ့ ရှဲခြင်တိုင်းရှဲ့ သူ့ဥကား ဟိရီဩတ္တပ္ပနှစ်မျိုးစလုံးကင်း၍ ဒုစရိုက်မှုတွေ ပြည့်တင်းနေလေတော့သည်။

ထို့ကြောင့် ဟိရီဩတ္တပ္ပတရားနှစ်ပါးသည် ကမ္ဘာသူကမ္ဘာသား လူအများကို သားနှင့်အမိ၊ မောင်နှင့်နှမ စသည် ခြားနားအောင် စောင့်ရှောက်တတ်သောကြောင့် လောကပါလ-လောကကို စောင့်သောတရားဟူ၍ရင်း၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းစင်အောင် ပြုတတ်သောကြောင့် "သုက္ကဓမ္မ" ဖြူစင်သောတရားဟု ရင်း နာမည်ရသည်။ လူ့လောက၌ ဤတရားနှစ်ပါးသာ မရှိပါမူ တိရိစ္ဆာန်တို့နှင့်မခြားဘဲ မှားခြင်တိုင်းမှား၍ မကြားကောင်း မနာသာ ဖြစ်ကုန်ရာ၏။

**ဟိရီဩတ္တပ္ပအတု။** ။ရှက်မှုလန့်မှုကို ဟိရီဩတ္တပ္ပဟုဆိုသော်လည်း တွေ့ကရာ ရှက်ကြောက်မှုတွေကို သိရီဩတ္တပ္ပ အစစ်ဟု မမှတ်ရ၊ ဒုစရိုက်မကောင်းမှုကိုပြုရမည်မှ ရှက်ခြင်း၊ ကြောက်ခြင်းကိုသာ ဟိရီဩတ္တပ္ပ အစစ်ဟု မှတ်ရမည်။ ထိုကြောင့် ဥပုသ်စောင့်၊တရားနာ၊ဘုရားသွားရခြင်းကို ရှက်မှု၊ ပရိသတ်အလယ်မှာ စာဖတ်စကားပြော၊ တရားဟောရခြင်းကို ရှက်မှု၊ဝင်ငွေမရှိဘဲ၊အငတ်ငတ်နေရမည်ကို မရှက်၊ အလုပ်လက်မဲ့နှင့်တေလေလုပ်ရမည်ကိုမရှက်ဘဲ၊ အောက်ကျသည်ဟု ထင်သော အလုပ်ကို လုပ်ရမည်ကိုရှက်မှု၊ယောကျ်ားနှင့်မိန်းကလေးတို့အချင်းချင်း တွေ့သောအခါ ရှက်နေမှုများသည် ဟိရီအစစ်မဟုတ်၊ ပရိယာယ် မာယာများဖြင့် ဟန်ကြီးပန်ကြီးလုပ်ခြင်းသာဖြစ်၏။ အဘိဓမ္မာအလိုအားဖြင့် တဏှာသဘောပင်တည်း။

## လောဘအကြောင်း။

မလိုချင်မှုသဘောသည် အလောဘသဘောတရားတည်း။ထို့ကြောင့် 'အလောဘလျှင်–မချင်တည်း' ဟုဆိုခဲ့သည်။ ဤအလောဘ၏မလိုချင်မှုသည်လောဘနှင့်ပြောင်းပြန်ဖြစ်၏။ မီးနှင့်ရေ ပမာ ကမ္ဘာရန်ဘက်ကဲ့သို့ ဖြစ်ရကား လောဘ၏လိုချင်သောအရာမှန်သမျှကို အလောဘက မလိုချင်ချည်း ဖြစ်သည်။ ယခုမျက်မြင်အားဖြင့် လောဘသမားနှင့် အလောဘသမားတို့ နေရာတိုင်းတွင် ကွာခြားပုံကိုသတိပြုပါ။

လောဘသမားသည် ဘုန်းကြီးဖြစ်လျှင် ပစ္စည်းလာဘ်ကိုလိုချင်၏။မိမိကိုလှူချင်လာအောင် ဆွယ်တရားဟော၏။ ရပြန်လျှင်လည်း ထိုပစ္စည်းကိုမလှူရက်၊မပေးရက် အလွန်မက်မော၏၊ လှူဒါန်းနိုင်သော ဒကာ-ဒကာမကိုအောက်ကျို့၍ ဆက်ဆံရ သဖြင့် မိမိအောက်ကျပုံကိုသတိမရရှာချေ။

လောဘသမား လူပုဂ္ဂိုလ်များ သည်လည်း ဤနည်းနှင်နှင်ပင်တည်း။ ပစ္စည်းဥစ္စာကို တရားသည် မတရားသည် မစီစစ်နိုင်တော့ဘဲ မရမကရှာဖွေတတ်၏။ ရပြန်လျှင်လည်း မတင်းတိမ်နိုင်။ "ရလေလိုလေ-အိုတစ္ဆေ"သာဖြစ်၏။ တသက်လုံး အချိန်ရှိသမျှစု၍ရသောပစ္စည်းတွေကို"ငါ့ဟာ-ငါ့ဟာ"ဟု အလွန်စွဲလမ်းနေစဉ် သေမင်းငင်သွားသောအခါ၊ပြိတ္တာဘောင်သို့ ထိုပစ္စည်းများကပင် ဆောင်ယူသွားလေသည်။ လောဘသည် ဤအခြေအနေ ရောက်အောင် ဆိုးဝါးလှပါချေတကား။

အလောဘကား ဤသို့မဟုတ် ဘုန်းကြီးဖြစ်လျှင် ပစ္စည်းကိုမခင်မင်၊လာဘ်လာဘကို မက်မောခြင်းမရှိ၊ လူဖြစ်ပြန်လျှင်လည်း

မလှဲသာ၍ ပစ္စည်းဥစ္စာကို ရှာနေရစေကာမူ၊ မတရားသဖြင့် ရှာဖွေခြင်းမရှိ၊ လောကီအာရုံ ကာမဂုဏ်ကိုလည်း အလွန်လိုက်စားလေ့မရှိ။ ပစ္စည်းရှာရာ၌ ဆင်းရဲသားအပေါ် ညှာတာလေ့ရှိ၏။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ လျှုပြန်လျှင် တွန့်ဆုတ်ဆုတ်မဟုတ်။လူကောင်းသူကောင်းပီပီ လွတ်လွတ်ကျွတ်ကျွတ် စွန့်လေ့ရှိ၏။ ရွှေအိမ်နန်းကိုသော်မှလည်း ပြတ်ပြတ် တောက်တောက်စွန့်ခွာ၍ ရိပ်သာပင်နန်း ကျောင်းသခ်မ်း၌ ရှင်လန်းမွေ့လျော်စံပျော်နိုင်ကြပေသည်။

ဤသို့လျှင် လောဘသမားနှင့် အလောဘသမားတို့ ကျောခြင်းကပ်၍ ပြေးကြသကဲ့သို့ သဘောခြင်း ဝေးကွာလှလေရကား၊ မိမိကိုယ်မိမိ ပါရမီရှင် သူတော်စင်ဟု ထင်ရောက်နေကြသူတို့သည် ပြခဲ့သော သဘောထားကို စဉ်းစား၍၊ "လောဘသမားလော၊ အလောဘသမားလော"ဟု စစ်ကြော ကြည့်ကြပါကုန်။ လောဘသမားဖြစ်နေသေးလျှင် ယခုဘဝကပင် အမြန်ပြင်ကြပါ၊ အလောဘ သမားဘက်သို့ ပါဝင်နိုင်သူဖြစ်က အခြေခံ ကောင်းပြီဖြစ်၍ ရှေ့သို့အဆင့်ဆင့် တိုးတက်ဘို့ရာ အဘက်ဘက်၌ သတိထားလျက် အလောဘသမားအစစ်ဖြစ်အောင် အားထုတ်ကြပါကုန်။

### အဒေါသအကြောင်း

မခက်ထန် မကြမ်းတမ်းခြင်း သဘောသည် အဒေါသတည်း။ ထို့ကြောင့် "အဒေါသအတွက်-မခက်မထန်"ဟု ဆိုခဲ့သည်။ ဤအဒေါသနှင့် ဒေါသသည် ဆန့်ကျင်ဘက်ဖြစ်သည်။ ဒေါသ

သမား ခက်ထန်သလောက်၊ အဒေါသ သမားက ချိုသာသည်။ စိတ်နေစိတ်ထားမြေသဖြင့် သူတပါးက ဒေါနှင့်မောနှင့် ပြော သည်ကိုပင် သည်းခံခြင်း အစေါ်င်ဖြင့်ငြိမ်းစေနိုင်၏။ စိတ်ဓါတ် သာ သေည်မဟုတ် ဒေါသသမားတို့ မျက်နှာတင်းသလောက် အဒေါသ သမားတို့၏ မျက်နှာအနေသည် ငွေစန္ဒာလမင်းအသွင် ကြည်လင်လှပ၍ ပသာဒရှိသည့်အပြင် ချိုသာသော စကားအသုံး အနှုန်းတို့ကြောင့် တွေ့ရသူတိုင်းမမုန်းနိုင်အောင် ကြက်သရေကို ဆောင်လျက်ရှိကြပေသည်။ အဒေါသဓါတ်ခံသည် သို့ကလောက် ပင်အကျိုးကြီးမား၏။ တလောကလုံး၏ အနှစ်သက်ဆုံး မေတ္တာ သည်လည်း ဤအဒေါသပင်ဖြစ်သည်။

## အမောဟ (ပညာ) အကြောင်း

အမောပဟူသည် ပညာတည်း။ ထို့ကြောင့်“ပညာဉာဏ်မှု- အမောဟဟူ၏”ဟုဆိုခဲ့သည်။ မောဟကဖုံးလွှမ်း ကာကွယ်ထား သော် အရာဟူသမျှကို ဤပညာဟု ခေါ်သော အမောဟက မဖုံးကွယ်နိုင်အောင် စွမ်းနိုင်သမျှ ထုတ်ဖေါ်ပြသဖြင့် အမှန်ကို သိရလေသည်။ သို့ဖြစ်၍ မောဟနှင့် အမောဟသည် အရှေ့နှင့် အနောက်ကဲ့သို့ဆန့်ကျင်ဘက်သွားသောဘရားပင်တည်း။

**ပညာစစ်** ဤဉာဏ်ပညာ၌ ပညာစစ်၊ပညာတုဟူ၍နှစ်မျိုးရှိ ၏။ ကံ-ကံ၏အကျိုးကို သိတတ်သောဉာဏ်၊ စာပေကျမ်းဂန်၏ အဓိပ္ပါယ်မှန်ကို သိတတ်သောဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များနှင့် ဘုရားရှင်၏သဗ္ဗညုတဉာဏ်တိုင်အောင်အပြစ်

ကင်းသော အသိအလိမ္မာဉာဏ်ပညာဟူသမျှ ပညာအစစ်ပင်တည်း။

**ပညာတု**။ ပါးနပ်သူဟုခေါ်ရသူတို့သန္တာန်ဝယ် တဖက်သားကျလောက်အောင် **ဟန်ပန်လေသံဆောင်တတ်၊** ပြောတတ်သောဉာဏ်၊ အခိုးအဝှက်ဉာဏ်၊ အလှည့်စားဉာဏ်၊ အလိမ်ဉာဏ်၊ ပရိယာယ်ဉာဏ်၊ မာယာဉာဏ်များရှိ၏။ ထိုဉာဏ်မျိုးသည်ပညာအစစ်မဟုတ်၊ လိမ်လည် လှည့်ပတ်တတ်သော "ဝဉ္စနာပညာတု" ဖြစ်သည်။ (ဝဉ္စနာ—သူတပါးကို လှည့်စားနိုင်သော + ပညာ—အသိ)ပရမတ္ထသဘောအားဖြင့် တဏှာပြဋ္ဌာန်းသော အကုသိုလ်တည်း။ ထို့ပြင် သတ်နည်းဖြတ်နည်း၊ **တိုက်ခိုက်နည်း** **လက်နက်**ကောင်းလုပ်နည်းများကို နားလည်သော ဉာဏ်များလည်း ရှိသေးသည်။ ထိုဉာဏ်များသည်လည်းပညာစစ်မဟုတ်။ နောက်၌ပြမည့် "ဝိတက်" ခေါ်သော အကြံကောင်းသော အကုသိုလ်သာဖြစ်သည်။

သို့သော် ထိုပြခဲ့သော ပညာအတု များသည်ပင် ထုံထိုင်းဖျင်း အ သူမှာ မရှိတတ်ပေ။ ပင်ကိုယ်က ပညာအစစ်အမှန်ဓါတ်ခံပါသူ၊ အတွေ့အကြုံ အကြားအမြင် ဗဟုသုတများသူတို့၌သာရှိတတ်လေသည်။ အစစ်အမှန် ပညာဉာဏ်က ပညာတုအားပကတူပနိဿယ ခေါ် ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ ထို့ကြောင့် ပင်ကိုယ်က ပညာဉာဏ်ထက်မြက်သူတို့မှာကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌ အမြင့်ဆုံးအတန်းသို့ ရောက်အောင် စွမ်းနိုင်ကြသကဲ့သို့ မကောင်းလုပ်ငန်း အကုသိုလ်လမ်း

၌လည်း ကမ်းကုန်လမ်းကုန် အစွမ်းကုန် ဆိုးသွမ်းနိုင် ကြ လေသည်။

## မေတ္တာအကြောင်း

"မေတ္တာ"ဟူသောနာမည်ဖြင့် စေတသိက် သီးခြားမရှိချေ။ ပြခဲ့ပြီးသော အဒေါသ စေဘသိက်ကိုပင် သတ္တဝါများ၏ကောင်းကျိုးချမ်းသာလိုလားမှု၌ရှင်း၊ ချစ်ခင်ကြင်နာမှု၌ရှင်း၊ "မေတ္တာ" ဟု ခေါ်ဝေါ်သုံးနှုန်းကြလေသည်။ ထို့ကြောင့် "မှတ်ယူချစ်ငြား–မေတ္တာပွား၍"ဟု ဆိုခဲ့သည်။သို့ဖြစ်၍တယောက်အပေါ်တယောက် သူ၏ အကျိုးစီးပွားကို လိုလားသော ကြီးပွားအောင်စောင့်ရှောက်ကူညီလိုသော ချစ်ခင်မှုကို မေတ္တာဟု မှတ်သင့်ပေသည်။

မေတ္တာတု။ ဆွေမျိုးချစ်၊ ဇနီး-ခင်ပွန်း အချစ် များ သည် လည်း တယောက်အကျိုး တယောက် လိုလားကြ၊ ကူညီစောင့်ရှောက်လို၊ ထောက်ပံ့ လိုကြ၏။ ထိုကဲ့သို့ ချစ်နေသူ့အပေါ်၌ မေတ္တာရှိသည်ဟုလည်း ပြောဆိုကြသည်။ သို့သော် ထိုအချစ်မျိုးမှာ မေတ္တာအစစ်မဟုတ်။ လောဘခဏ်း၌ပြခဲ့သော "ဂေဟဿိတပေမ–အိမ်၌ မှီသောအချစ်တည်း၊.

ထိုတဏှာပေမမျိုးဖြင့် ချစ်ခင်နေသူ၏အပေါ်မှာ မည်သည့်အခါမျှ မေတ္တာစစ် ကုသိုလ်စိတ် မဖြစ်နိုင်ဟု မဆိုထိုက်ပါ။ မကြာမကြာ မေတ္တာအစစ် ကုသိုလ်ဖြစ်သောအခါလည်း ရှိနိုင်ပါသည်။ ရှေးသောအခါ မိခင်နွားမကြီးသည် မေတ္တာအစစ်ဖြင့် သားငယ်

နွားကလေးကို နို့ချိုတိုက်ကျွေးနေစဉ် မုဆိုးက လှံဖြင့်ထိုး သတ်လေရာ မေတ္တာတန်ခိုးကြောင့် လှံမစူးဘဲ ထန်းရွက်ကဲ့သို့ ပျော့ကျသွားရလေသတဲ့။ ဤသို့လျှင် ဆွေမျိုးဉာတိ သားအမိ ဇနီးမောင်နှံတို့၏ အတွင်းမှာလည်း အချင်းချင်း မေတ္တာအစစ် များ ဖြစ်နိုင်ကြပေသည်။

## ကရုဏာအကြောင်း။

ဆင်းရဲသော ဒုက္ခိတသတ္တဝါတွေကို မြင်ရကြားရသောအခါ ဖြစ်ပေါ်လာသော သနားကြင်နာမှုကို "ကရုဏာ" ဟုခေါ်သည်။ ထို့ကြောင့် "သနားကရုဏာ" ဟုဆိုခဲ့သည်။ ထိုသို့ကရုဏာ အစစ်ဖြစ်သောအခါ ထိုဒုက္ခိတသတ္တဝါကို ကယ်ဆယ်လို၏။ ဆင်းရဲမှုကို သက်သာနိုင်သမျှ သက်သာအောင် စောင့်ရှောက်လို၏။ ကူညီထောက်ပံ့လို၏။ ထိုကဲ့သို့ မကူညီနိုင်လျှင် များစွာစိတ်ထိခိုက်၏။ ရင်ထဲမှာပူလောင်လာသလိုဖြစ်၏။ ဤသို့စိတ်ထိခိုက်ခြင်း ကား ကရုဏာအစစ်မဟုတ်ပါ။ ကရုဏာအရင်းခံ၍ သူတော်ကောင်းသန္တာန်မှာ ဖြစ်တတ်သော ဒေါမနဿ အကုသိုလ်ကလေး သာတည်း။ သို့သော် ဤအကုသိုလ်ကလေးကား ယုတ်မာဆိုးဝါး လှသည်မဟုတ်ပါ။

**ကရုဏာအတု။** တခါတရံ မိမိနှင့်သက်ဆိုင်သူများ ဆင်းရဲသည်ကို မြင်ရကြားရ၍ ကရုဏာအစစ်သဘွယ် ကယ်ဆယ်ချင်သော သဘောများဖြစ်၏။ ထိုအခါ ကရုဏာအစစ်လိုလိုနှင့် သောကဖြစ်တတ်လေသည်။ ကရုဏာအစစ်သည် သနားကြင်နာ

သော်လည်း စိတ်ကိုမပူပန်စေတတ်၊ ကရုဏာအတုကား ပူပူပန်ပန် ရှိလေသည်။

## မုဒိတာအကြောင်း။

ပြည့်စုံကြွယ်ဝ ချမ်းသာသူများကို မြင်ရကြားရသောအခါ၊ ဝမ်းမြောက်ခြင်း သဘောတရားသည် မုဒိတာတည်း။ ထို့ကြောင့် "ဝမ်းသာမုဒိ" ဟုဆိုခဲ့ပေသည်။ ဥစ္စာပစ္စည်း ဂုဏ်သိရ်ဘက်က ဖြစ်စေ၊ အမျိုးအဆွေ၊ အဆင်း၊ ကျန်းမာခြင်း၊ ပညာတတ်ခြင်း စသော အကြောင်းတို့တွင် တမျိုးမျိုး၌ သမ္ပတ္တိ (အကောင်း) ဆိုက်နေသူကို မြင်ရကြားရသောအခါ အဘိဇ္ဈာ ဣဿာအား ကြီးသူတို့၌ မနာလိုမှု၊ မစားရတဲ့အမဲ သဲနှင့်ပက်လိုမှု၊ စသော အယုတ်တမာတရားတွေ ဖြစ်တတ်သော်လည်း စိတ်ထားဖြူလှင် သူတော်စင်တို့မှာကား "တော်ပါပေဘယ်၊ သာဓု၊ သာဓု၊ ရှေးကောင်းမှုကြောင့် ယခုလို ချမ်းသာကြပေတယ်" ဟု မုဒိတာ အစစ်ဖြစ်နိုင်ကြပေသည်။

**မုဒိတာအတု**။ တခါတရံ၌ကား မိမိနှင့်စပ်သူတို့၌ သမ္ပတ္တိ ဆိုက်နေသည်ကိုမြင်ရ၍ ဝမ်းသာအားရ ဖြစ်တတ်ကြသည်။ ထိုအဖြစ်ကား မုဒိတာနှင့် ဆင်တူရိုးမှား တဏှာလောဘ မကောင်းသော နှစ်သက်ခြင်း ပီတိသောမနဿများတည်း။ နှစ်သက်ရုံတွင်မကာ အလွန်အမင်း အားရလှ၍ မျက်ရည်ပင် ကျလာတတ်ပါသေးသည်။ ဤကဲ့သို့ဖြစ်ခြင်းကို မုဒိတာအတုဟုမှတ်ပါ။ သို့သော် ထိုသို့ဖြစ်တိုင်းလည်း မုဒိတာအစစ်မဟုတ်ဟု မဆိုလို။ အခါများစွာပင် မုဒိတာအစစ်လည်း ဖြစ်ပါပေလိမ့်မည်။

## ဥပေက္ခာအကြောင်း။

သတ္တဝါတို့အပေါ် လျစ်လျူရှုထားခြင်းသဘောသည် ဥပေက္ခာတည်း။ ထို့ကြောင့် " ရှုသည့်လစ်လျူ—ပေက္ခာပြုလော့ " ဟု ဆိုခဲ့သည်။ ( ဤဥပေက္ခာကို အဘိဓမ္မာကျမ်းများ၌ "တတြမဇ္ဈတ္တတာ စေတသိက်" ဟု ခေါ်သည်။) လစ်လျူရှုဟူသည် မေတ္တာကဲ့သို့ ချစ်လည်းမချစ်၊ ကရုဏာကဲ့သို့ သနားလည်းမသနား၊ မုဒိတာကဲ့သို့ ဝမ်းလည်းမမြောက်၊ ဒေါသကဲ့သို့ မုန်းလည်းမမုန်းဘဲ "မကောင်းသူ့ကံ၊ ကောင်းလည်းသူ့ကံ" ဟု ကမ္မဿကတာချထားခြင်းတည်း။ (ကမ္မ မိမိပြုအပ်သောကံသာ+သက-မိမိဥစ္စာဖြစ်သည်ဟု သဘောထားခြင်း။)

ယခုကာလ မိမိပြောဆို ဆုံးမ၍မရသော တပည့်သားသမီးများကို "လစ်လျူရှုထားသည်" ဟု ပြောကြသည်။ ထိုလစ်လျူရှုထားခြင်းကား တပည့်၊ သို့မဟုတ် သားသမီးကို စိတ်ထည်း၌ထည့်၍ မစဉ်းစားတော့ဘဲ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နေချင်သလိုနေပေစေဟု ပစ်စလက်ခတ်ထားခြင်းတည်း။ ထိုပစ်စလက်ခတ်ထားခြင်းမှာ ဤနေရာ၌ပြသော ဥပေက္ခာမျိုးမဟုတ်၊ ဤဥပေက္ခာ၏ လစ်လျူရှုထားခြင်းကား စိတ်ထည်းမှာထည့်၍ စဉ်းစားပါသေးသည်။ သို့ရာတွင် အမုန်းဘက်သို့လည်း မရောက်စေ၊ အချစ်ဘက်သို့လည်း မရောက်စေဘဲ အလယ်အလတ်စိတ်ထား၍ ရှုစားနိုင်သော သဘောတည်း။ ဤဥပေက္ခာမျိုးသည် သာမာန်လူတို့၌ မဖြစ်နိုင်ပါ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ

တပါးပါးဖြင့် တရားပေါက်ပြီးသူ၌သာ တိုးတက်အားထုတ်မှု ဤဥပေက္ခာ အစစ်ဖြစ်နိုင်ပါသည်။

## ဝိရတိ ၃ ပါးအကြောင်း။

### သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။

ဤဝိရတိ စေတသိက် ၃ ပါးကို လေ့လာရာ၌ ဦးစွာ ဒုစရိုက် ၁၀ ပါးကို နားလည်ပြီးဖြစ်ရမည်။ (ဒုစရိုက် ၁၀ ပါးကို ကျမ်းအဆုံး၌ ဖော်ပြထားသည်။) ထိုဒုစရိုက်များကို အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်မဆိုင် ၂ မျိုးခွဲရာ၏။ ထိုတွင်သူ့အသက်ကို သတ်ရာ၌ သေသူ၏ဥစ္စာကို လိုချင်၍ဖြစ်စေ၊ သူတပါးက ငွေပေးခိုင်း၍ဖြစ်စေ၊ မုဆိုးတံငါအလုပ်ဖြင့် အသက်မွေးနေ၍ဖြစ်စေ၊ သတ်ဖြတ်ခြင်းသည် အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်သော ကာယဒုစရိုက်တည်း။ တစုံတခုပစ္စည်းကို မမြှော်လင့်ဘဲ သက်သက်မုန်း၍ သတ်ခြင်းသည် အသက်မွေးဝမ်းကြောင်းနှင့် မဆိုင်သော ကာယဒုစရိုက်တည်း။ အခြား ဒုစရိုက်များကိုလည်း ဤနည်းခွဲခြားသိရာ၏။

ပစ္စည်းရမှုအတွက် မတရားသက်သေလိုက်ခြင်း၊ မဘားရှေ့နေလိုက်ခြင်း၊ ကွက်စိတ်ဆရာလုပ်၍ မမှန်သော ဒဏ္ဍာရီ ဇာတ်ဝတ္ထုပြောဆိုခြင်းသည် အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်သော ဝစီဒုစရိုက်တည်း။ ပစ္စည်းတစုံတရာမမြှော်လင့်ဘဲ သက်သက်မုသားပြောခြင်း၊ ရန်တိုက်ခြင်း၊ ကြမ်းကြမ်းတန်းတန်းပြောခြင်း၊ မမှန်သောဒဏ္ဍာရီ ဇာတ်ဝတ္ထုပြောခြင်းများသည် အသက်မွေးဝမ်းကြောင်းနှင့်မဆိုင်သော ဝစီဒုစရိုက်တည်း။

**ဝိရတိ**။ ကိုကာယဒုစရိုက်၊ ဝစီဒုစရိုက်အမှုတို့မှ ရှောင်ကြဉ်ခြင်းသဘောသည်။ ဝိရတိမည်၏။ မုသားစကားပြောခွင့် (ဝစီဒုစရိုက်ဖြစ်ခွင့်) ကြုံလာသောအခါ၊ 'မပြောတော့ပါဘူး' ဟု ရှောင်ကြဉ်ရာ၌ ထိုအခွင့်ကြုံလာသော မုသားစကားသည် အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်လျှင် သမ္မာဝါစာ ဝိရတိဖြစ်၍ အသက်မွေးဝမ်းကြောင်းနှင့် စပ်ဆိုင်လျှင် သမ္မာအာဇီဝ ဝိရတိဖြစ်၏။ သူ၏အသက်ကိုသတ်ခွင့် (ကာယဒုစရိုက်ပြုခွင့်) ကြုံလာသောအခါ "မသတ်ပါဘူးလေ" ဟု ရှောင်ကြဉ်ရာ၌ ထိုအခွင့်ကြုံလာသော ပါဏာတိပါတအမှုက အသက်မွေးဝမ်းကြောင်းနှင့် မဆိုင်လျှင် သမ္မာကမ္မန္တဝိရတိဖြစ်၏။ အသက်မွေးဝမ်းကြောင်းနှင့် ဆိုင်လျှင် သမ္မာအာဇီဝ ဝိရတိဖြစ်၏။

**ဝိရတိမဟုတ်သောအရာ**။ ရှောင်ကြဉ်မှုမပါ၊ ရှောင်ကြဉ်စရာမရှိဘဲ ကောင်းသောစကားကိုပြောဆိုရာအခါနှင့် သီလဆောက်တည်ရာ အခါတို့၌ သမ္မာဝါစာ ( ကောင်းသောစကား ) ဟု ဆိုနိုင်၏။ ကုသိုလ်စေတနာတွေဖြစ်နေ၏။ ရှောင်ကြဉ်စရာမပါဘဲ အပြစ်မရှိသော အလုပ်အကိုင်ကို ပြုနေသောအခါ ဒါနပြုနေသောအခါ ဘုရားဖူး၊ တရားနာ စသောအခါတို့၌ သမ္မာကမ္မန္တ (ကောင်းသောအလုပ်) ဟု ဆိုနိုင်၏။ ကုသိုလ်စေတနာတွေဖြစ်သည်။ ရှောင်ကြဉ်စရာမပါဘဲ မိရိုးဖလာ ကောင်းရောင်းကောင်းဝယ် ကုန်သွယ်လယ်လုပ်ခြင်း စသောအမှုများဖြင့် အသက်မွေးရာ၌ သမ္မာအာဇီဝ ( ကောင်းသော အသက်မွေးမှု ) ဟု ခေါ်ဆိုနိုင်၏။ သို့သော်- ရှောင်ကြဉ်မှုသဘော မပါသောကြောင့်

ထိုသမ္မာ ၁၀ ပါး စသည်တို့ကို ဝိရတိစေတသိက်ဟု မမှတ်ရ၊ ရိုးရိုး ကုသိုလ် စေတနာများသာ ဖြစ်သည်ဟုမှတ်ပါ။

ဤမျှလောက်သော စကားစဉ်ဖြင့် ကိုယ်ကျင့်အတွက် လူများ သိကျွယ်ရာစိတ်ကို ကောင်းအောင်ခြယ်လှယ်သော စေတသိက် များ ပြီးဆုံးပါပြီ။ မိမိစိတ်ကို ကောင်းအောင်ခြယ်လှယ်သော စေတသိက်များနှင့် မကောင်းအောင်ခြယ်လှယ်သော စေတသိက် များကို နားလည်ကြပါပြီ။ ထိုသို့နားလည်ပြီးနောက် အကောင်း နှင့် မကောင်း ၂ ဘက်တွင် မည်သည့်ဘက်က အဖြစ်များပါ လိမ့်မည်နည်းဟု စဉ်းစားသင့်ပေသည်။

အကောင်းစေတသိက်များကို ပြုရာဝယ် အကောင်းအစစ် မဟုတ်ဘဲ သဒ္ဒါအတု၊ သတိအတု၊ ဟိရီဩတ္တပ္ပအတု၊ စသည်ဖြင့် အတုတွေပါဝင်နေသည်။ မကောင်းစေတသိက်များကို ပြုရာ၌ ကား မကောင်းသက်သက် အကောင်းမရောယှက်ခဲ့ချေ။ ဤမျှ လောက် ခွဲခြားရုံမျှဖြင့် အကောင်းသက်သက် အဖြစ်နည်း၍၊ အကောင်းမကောင်း သောင်းပြောင်းနှင့် မကောင်းသက်သက် တွေကသာ မိုမိသန္တာန်၌ အဖြစ်များနေပါတကားဟု စဉ်းစားမိ လောက်ပေပြီ။

ထိုသို့ မကောင်းတရားတွေ ဗလပွ ဖြစ်နေသောကြောင့် သံသရာမှာ ကြာခဲ့ကြရသည်။ ယခုလောက် တတ်သိနားလည် သော ဘဝမှာပင် မကောင်းတရားတွေ ဖြစ်နေဦးမည် ဆိုပါ က နိဗ္ဗာန်ရလိုကြောင်း အာပေါက်အောင် ဆုတောင်းသော်လည်း

အကောင်းဆုံး နိဗ္ဗာန်နှင့် အပုံကြီး ဝေးကြဦးမည်။ သို့ဖြစ်၍ သူတော်ကောင်းစာရင်းတွင် ပါဝင်သို၊ နိဗ္ဗာန်အမြန်ရလိုသူတိုင်း သူတပါးအထင်ကြီးရုံဖြစ်သော သူတော်ကောင်းမျိုးထက်၊ မိမိကိုယ် မိမိအထင်ကြီးနိုင်သော သူတော်ကောင်း အဖြစ်မျိုးကိုသာ နှစ်နှစ်ကာကာ အလိုရှိကြပါကုန်။

၀ ၀ ၀

## စိတ်ကောင်း စိတ်ဆိုးနှစ်မျိုးစလုံး၌ပါဝင်သော စေတသိက်များ။

၁။ ဖဿ။
၂။ ဝေဒနာ။
၃။ သညာ။
၄။ စေတနာ။
၅။ ဧကဂ္ဂတာ။
၆။ ဇီဝိတိန္ဒြေ။
၇။ မနသိကာရ။
၈။ ဝိတက်။
၉။ ဝိစာရ။
၁၀။ အဓိမောက္ခ။
၁၁။ ဝိရိယ။
၁၂။ ပီတိ။
၁၃။ ဆန္ဒ။

### ဆောင်ရန်လင်္ကာ။

တွေ့ထိတရား၊ ဖဿထားလော့၊ ခံစားဝေဒနာ၊ မှတ်
သညာတည်း၊ စေတနာတွက်၊ စေ့ဆော်ချက်နှင့်၊ ဧကဂ္ဂ
တာ၊ တည်ငြိမ်စွာသား၊ မကွာနာမ်သက်၊ ဇီဝိန်ဆက်၍၊
မပျက်မပြုန်း၊ နှလုံးသွင်းကို၊ မနသိဆို၏၊ ထိုထိုကြံစည်၊

ဝိတက်မည်ရှင့်၊ အလီလီသုံးသပ်၊ ဝိစာရမှတ်လော့၊ ဆုံး
ဖြတ်မိမောက်၊ ရဲစွမ်းရောက်က၊ ဝီရိယဟု၊ အားရနှစ်သက်
ပီတိဆက်၍၊ သက်သက်အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော။
ကောင်းဆိုးရောသည်၊ မှတ်လော့ တဆဲ့သုံးပါးတည်း။

## ဖဿ အကြောင်း။

အာရုံတွေ့ထိခြင်း သဘောသည် ဖဿတည်း။ ထို့ကြောင့် “တွေ့ထိတရား – ဖဿထားလော့” ဟု ဆိုခဲ့သည်။ “တွေ့ထိ” ဟူရာ၌ ကိုယ်ထိလက်ရောက်မျိုး ပစ္စည်းတခုနှင့်တခု တိုက်မိသော အထိမျိုးမဟုတ်။ စိတ်နှင့်အာရုံ တွေ့ကြုံသောအခါ ဓါတ်သဘော အလိုက် ထိခိုက်သလိုဖြစ်အောင် ဓါတ်ခိုက်ခြင်းမျိုးတည်း။ ထို ဓါတ်ခိုက်၊ ဓါတ်ထိ၊ ဓါတ်တွေ့မျိုးသည် တချို့အရာ၌ ကိုယ်ထိ လက်ရောက်တွေ့ရ၊ ထိရသလောက်ပင် ထင်ရှား၏။

ပုံစံအားဖြင့် နလံထစ လူတယောက်သည် သူတပါးသံပုရာ သီးစားသည်ကိုမြင်ရလျှင် သွားရည်ကျတတ်၏။ ကြောက်တတ်သူသည် သူတပါးသတ်ပုတ်နေသည်ကို မြင်ရလျှင် ကြောက်ဒူးတုန်နေတတ်၏။ အရွယ်ရောက်စ မိန်းကလေးများသည် မိမိနှင့်ရွယ်တူ ဂုဏ်တူ ယောကျ်ားကလေး၏ အဆင်းအသံကို ကြားရသောအခါတွင် ရင်တွင်း၌ တမျိုးတမည်ဖြစ်တတ်၏။ ယောကျ်ားကလေးများလည်း ဤနည်းဖြစ်တတ်ကြသည်။

ဤသို့ဖြစ်ရာ စိတ်၌ သံပုရာသီး စသည်တို့နှင့် ဓါတ်တွေ့၊ ဓါတ်ထိ၊ ဓါတ်ခိုက်မိသောကြောင့် ခန္ဓာကိုယ်တိုင်အောင် သွားရည်

ကျခြင်း၊ တုန်လှုပ်ခြင်း စသည်တို့ ဖြစ်ရလေသည်။ ဤဓါတ်တွေ့၊ ဓါတ်ထိ၊ ဓါတ်ခိုက်ခြင်းသဘောသည် ဖဿသဘောပင်တည်း၊၊ ဤဖဿသဘောသည် ကုသိုလ်ဆိုင်ရာ အာရုံကိုလည်း ထိရ၊ အကုသိုလ်ဆိုင်ရာ အာရုံကိုလည်း ထိရသဖြင့် စိတ်ကောင်းစိတ်ဆိုး နှစ်မျိုးတွင် အမြဲပါဝင်ရသော တရားတည်း။ ဥပမာ—ဆားသည် ကောင်းသောဟင်း၌ ခတ်လည်းငံ၊ မကောင်းသောဟင်း၌ခတ်လည်း ငံသကဲ့သို့တည်း။ နောက်၌ပြမည့် ဝေဒနာစသော စေတသိက်များလည်း ဤကဲ့သို့ စိတ်ကောင်း၊ စိတ်ဆိုး နှစ်မျိုးလုံးတွင် ပါဝင်ရကြောင်းကိုသိပါ။

## ဝေဒနာအကြောင်း

အာရုံအရသာကို ခံစားခြင်းသဘောသည် ဝေဒနာ တည်း။ ထို့ကြောင့်“ခံစားဝေဒနာ”ဟု ဆိုခဲ့သည်။ ရူပါရုံစသော အာရုံ ၆-မျိုးကို စိတ်အကြောင်း၌ပြခဲ့ပြီ။ ထိုအာရုံ ၆-ပါးကိုပင် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံဟု ၃-မျိုးစီ ခွဲရာ၏။ ထိုတွင်လူအများတို့ တောင့်တရှာမှီးအပ်သော အာရုံမျိုးသည်။ “ဣဋ္ဌာရုံ” မည်၏။ (ဣဋ္ဌ – လိုလား နှစ်သက်အပ်သော + အာရုံ) လှသောအဆင်း၊ ကောင်းသောအသံ၊ အနံ့၊ အရသာ၊ အတွေ့များနှင့် ကောင်းသောနာမည်၊ ကောင်းသော အဆောက်အဦ စသည်များ တည်း။

လူအများတို့ မလိုလားမတောင့်တ မရှာဖွေကြသော အာရုံမျိုးသည် အနိဋ္ဌာရုံမည်၏။ (အနိဋ္ဌ—အလိုမရှိအပ် မနှစ်သက်အပ်သော+အာရုံ) မလှသောအဆင်း၊ မကောင်းသောအသံ၊ အနံ့၊

အရသာ၊ အတွေ့၊ နာမည် အိမ်အိုအိမ်ပျက်စသောအဆောက်အဦ များတည်း။ အကောင်းဘက်၌လည်းမပါ၊ မကောင်းဘက်၌လည်း မပါသော အလယ်အလတ် အာရုံမျိုးသည် ဣဋ္ဌမဇ္ဈတ္တာရုံမည်၏။ အရုပ်လည်းမဆိုး- လှလည်းမလှသော အ ဆင်း စ သည် များ တည်း။

ဝေဒနာသည် သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ဟု ငါးမျိုးရှိ၏။ ထိုတွင်ဣဋ္ဌာရုံများ၌ ကောင်းသော အရသာ ပါရှိ၏။ ထိုကောင်းသော အရသာကို ခံစားသောဝေဒနာကို သုခဝေဒနာဟု ခေါ်၏။ (သုခ—ချမ်းသာသော+ဝေဒနာ—ခံစား မှု) ထိုကောင်းသောအရသာ ခံစားသောအခါ ဝမ်းပန်းတသာ ခံစားကြရသောကြောင့် သောမနဿဝေဒနာဟုလည်း ခေါ်ရ သည်။ (သောမဿ—ဝမ်းမြောက်ဝမ်းသာဖြစ်သော+ဝေဒနာ— ခံစားမှု)ထို သုခသောမနဿဟုခေါ်ရသော ဝေဒနာများ၏ ဖြစ် ပုံသည် ရူပါရုံ၊သဒ္ဒါရုံ စသောကာမဂုဏ်အာရုံတို့ကို တွေ့ကြုံခံစား နေသောအခါ၊ ဘုရားအာရုံ၊တရားအာရုံ စသည်တို့နှင့် တွေ့ကြုံ ရ၍ ချမ်းသာ ရွှင်ပျသောအခါတို့၌ ထင်ရှားလေသည်။

အနိဋ္ဌာရုံများ၌လည်း မကောင်းသော အရသာပါရှိ၏။ ထို မကောင်းသောအရသာကို ခံစားသော ဝေဒနာကို ဒုက္ခဝေဒနာ (ဆင်းရဲသောခံစားမှု)ဟုငင်း၊ ဒေါမနဿဝေဒနာကို(စိတ်မချမ်း သာသောခံစားမှု)ဟုငင်းခေါ်၏။ ထိုဒုက္ခဒေါမနဿ ဝေဒနာတို့ ဖြစ်ပုံများကို ဒေါသစေတသိက်နှင့်စပ်၍သောကာ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသော နာမည်များဖြင့်ပြခဲ့ပြီ။ (ခန္ဓာ ကိုယ်အတွေ့နှင့် ဆိုင်သော စိတ်ချမ်းသာ ဆင်းရဲကို သုခ၊ ဒုက္ခဟု

ခေါ်၍ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ စိတ်တို့နှင့်သာ ဆိုင်သော ချမ်းသာဆင်းရဲကို သောမနဿ၊ ဒေါမနဿဟုခေါ်သည်။)

ဣဋ္ဌမဇ္ဈတ္တာရုံ၌ အကောင်းလည်းမထင်ရှား။ မကောင်းလည်း မထင်မရှားသော အရသာများပါရှိ၏။ ထိုအရသာ ခံစားသော ဝေဒနာကို ဥပေက္ခာဝေဒနာဟုခေါ်၏။ ဤဥပေက္ခာဝေဒနာ၏ အာရုံအရသာခံစားပုံမှာ မထင်ရှားသောကြောင့် မိမိကိုယ်တိုင် အာရုံ၏အရသာကိုခံစားနေမှန်းမသိနိုင်ချေ။ သို့သော် နေရင်း ထိုင်ရင်း သွားရင်းလာရင်း များစွာသောအာရုံတွေကို တွေ့ရာ၌ ထိုအာရုံအရသာကို ခံစားရမှန်းမသိသော ဥပေက္ခာ ဝေဒနာ တွေကား များစွာဖြစ်လျက်ရှိလေသည်။

ဤဝေဒနာလည်း ကုသိုလ်ဆိုင်ရာ အာရုံ၏ အရသာကိုလည်း ခံစား၏။ အကုသိုလ်ဆိုင်ရာအာရုံ၏အရသာကိုလည်းခံစား၏။ ဤသို့ အကောင်းအဆိုး အာရုံနှစ်မျိုးလုံး၏ အရသာကို ခံစားနိုင်သော ကြောင့် "ကာမဂုဏ် စည်းစိမ်ကို ခံစားသည်၊ တရားအရသာကို ခံစားသည်"ဟု ဆိုရာ၌ ဤဝေဒနာ သဘောချည်းဟု မှတ်ပါ လေ။

## သညာအကြောင်း။

မှတ်သားခြင်း သဘောသည် သညာတည်း။ ထို့ကြောင့် 'မှတ်သားသညာတည်း' ဟု ဆိုခဲ့သည်။ ဤမှတ်သားပုံသည် အသိ ဉာဏ်နည်းပါးသူ ဗဟုသုတနည်းပါးသူများ၌ ထင်ရှား၏။ ငယ် ရွယ်သောကလေးကို ဆွေမျိုးများက 'ဟောဒီလူကဖေဖေ၊ ဒါက မေမေ' ဟု ပြကြ၏။ ကလေးများက ထိုသူများကို အဖေ၊ အမေ

ဟု မှတ်လိုက်၏။ လေယာဉ်ပျံကို အစပထမမြင်ရာ၌ 'အတောင် အဘယ်နည်း၊အမြီးကဘယ်လို၊ ကိုယ်ထည်ကဘယ်ပုံ' ဟု မှတ်လိုက်ကြ၏။ မရောက်ဘူးသောအရပ်ကို ရောက်သွားသောအခါ၌လည်း အထူးအဆန်း ဟူသမျှကိုမှတ်၏။ ဤသို့ သညာ၏မှတ်သားမှုတွေ များစွာရှိလေသည်။

**မှတ်ခြင်း၌အကျိုးနှစ်မျိုး။** ။သညာ၏အမှတ်အသား၌ အကျိုးနှစ်မျိုးရ၏။ ဆွေမျိုးများက၊ ကလေးအား ဤသူဟာ အဖေဟု ပြသောအခါ ကလေး၏သညာက မှတ်သားသည့်အတွက် ထိုခဏ၌ အဖေမှန်းသိရခြင်းအကျိုး၊ နောင်အခါ ဤသူဟာအဖေဘဲဟု မှတ်မိခြင်းအကျိုး၊ ဤသို့သညာ၏ မှတ်သားမှု၌ အကျိုးနှစ်မျိုး ရလျက်ရှိ၏။

**မှန်မှန်မှားမှားမှတ်ပုံ။** ။သညာသည် ပညာကဲ့သို့ အမှန်ချည်း သိသည်မဟုတ်၊ အမှားကိုလည်းမှတ်၏၊ အမှန်ကိုလည်းမှတ်၏။ တစ္ဆေကြောက်သူသည် ညဥ့်မှောင်မိုက်တွင် ထန်းပင်ငုတ်တိုကို တစ္ဆေဟုမှတ်ထင်ရာ၌ အမှားကိုမှတ်ခြင်းဖြစ်၏။ မှားယွင်းသော တရားတွေကို အမှန်ဟုထင်မှတ်ရာ၌လည်း ဒိဋ္ဌိကြောင့်သာမက၊ ဤ မှားသော သညာလည်း ပါဝင်၏။ မှားသောအရာ၌ သညာအမှတ် ကြပ်ကြပ်စွဲနေပြီးဖြစ်သူကို အမှန်သိအောင် ပြုပြင်ဘို့ ခဲယဉ်းလှ၏။

**သညာနယ်ကျယ်ပုံ။** ။အမှားကို အမှန်ဟု ထင်မှတ်သော သညာသည် လွန်စွာပင် နယ်ကျယ်၏။ သံသရာဝယ်ကြာရှည်စွာ ကျင်လည်ရာ၌ အဝိဇ္ဇာ၊ တဏှာတွေသာမက ဤသညာ၏ အမှတ်

လွဲမှားမှုလည်း ပါဝင်လေသည်။ ထင်ရှားစေအံ့၊ မစင်ကိုလူတို့က စက်ဆုပ်ဘွယ်ဟု အမှန်အတိုင်းမှတ်ထား၏။ ပိုးလောက်တို့ကား အလွန်ကောင်းသော အရသာဟု မှတ်ထင်လေသည်။ ခွေးသေပုတ်ကိုလည်း လင်းတတို့ထင်မှတ်ရာ၌လည်း ဤနည်းပင်တည်း။

ဘုရားရဟန္တာတို့က ကာမဂုဏ်အာရုံတွေကို စက်ဆုပ်ဘွယ်ဟု အမှန်အတိုင်း ထင်မှတ်တော်မူကြ၏။'ဟိနော-အယုတ်တမာတည်း၊ ဂမ္မော - ရွာသူရွာသားတို့၏ ဥစ္စာတည်း၊ ပေါထုဇ္ဇနိကော - မဖြူစင် မသန့်ရှင်းသော ပုထုဇဉ်တို့ဟာတည်း။ အနရိယော – ဖြူစင်သူတို့၏ ဥစ္စာမဟုတ်၊ အနတ္ထသံဟိတော – ကောင်းကျိုးနှင့်မစပ်' ဟု ပြတ်ပြတ်သားသား ရှု ချကဲ့ရဲ့ထားတော်မူသည်။ သို့သော် လူအများကား ထိုတရားတို့ကိုနားမဝင်ဘဲ ကာမဂုဏ်အာရုံတွေကို မရမနေ ရှာဖွေနေကြတုန်းပင် ဖြစ်၏။ ဤသို့လျှင် သညာ၏ အမှတ်မှားမှုကြောင့် သံသရာတွင် ကြာရှည်စွာ ကျင်လည်ကြရလေသည်။

**သညာကသတိဟန်ဆောင်ပုံ။** ။ကုသိုလ်ဆိုင်ရာကို ပြန်၍အမှတ်ရနေရာ၌ သတိသဘောလည်းပါ၏။ ကောင်းသော သညာသဘောလည်းပါ၏။ သတိအစစ်မှန်လျှင် ကုသိုလ်ကောင်းမှုဆိုင်ရာ၌သာ ဖြစ်၏။ 'ငယ်အချစ် အနှစ်တရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တသောင်း မမေ့ကောင်း' ဟု ဆိုကြသော မမေ့နိုင်မျိုးမှာ အကုသိုလ်ဆိုင်ရာဖြစ်၍ သတိအစစ်မဟုတ်။ သတိကဲ့သို့ အမှတ်အသားကောင်းသော သညာပင်ဖြစ်၏။ ဤသို့စသည်ဖြင့် သတိအခဏ်း၌ပြခဲ့သော သတိအစားကို သညာဟုမှတ်ပါ။

## စေတနာ အကြောင်း။

စိတ်တို့ကား မိမိ၏ရင်ချိုင့်အတွင်းရှိဟဒယနှလုံးအိမ်မှာဖြစ်ကြသည်။ ယင်းစိတ်စေတသိက်များကို စေ့ဆော်ခြင်းသည် စေတနာတည်း။ ထို့ကြောင့် 'စေတနာအတွက် စေ့ဆော်ချက်နှင့်' ဟု ဆိုခဲ့သည်၊ ထင်ရှားစေအံ့၊ အာရုံတခုကိုစိတ်ကယူရာ၌ ဖဿကအာရုံကိုထိ၏။ ဝေဒနာကခံစား၏။ သညာကမှတ်၏။ ဤသို့စသည်ဖြင့် နောက်၌ပြမည့် ကေဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရတို့လည်း ဆိုင်ရာတာဝန်ကို ရွက်ဆောင်လျက် စိတ်နှင့်တပြိုင်နက် ဖြစ်ကြသည်။ လောဘ ဒေါသစသော မကောင်းတရား၊ သဒ္ဓါသတိစသော ကောင်းသောတရားစုများလည်း စိတ်အာရုံကိုယူရာတွင် ပါဝင်ကြလေသည်။

ထိုသို့ ဆိုင်ရာယှဉ်ဘက် စေတသိက်များနှင့်အတူ စိတ်က အာရုံယူရာ၌ မည်သည့်စေတသိက်မျှ နောက်ချန်၍မနေရစေရ၊ မည်သည့်စေတသိက်မျှလည်း မိမိတာဝန်ကို မလစ်စေရ၊ အားလုံးစေတသိက်များ စိတ်နှင့်အတူ အာရုံကိုစေ့စေ့စပ်စပ် ကပ်နေသလိုဖြစ်အောင် ယူကြရသည်။ ထိုသို့ အာရုံနှင့်စိတ်စေတသိက်တို့ စေ့စပ်မိအောင် နှိုးဆော်သောတရားကား အခြားမဟုတ်၊ ဤစေတနာပင်တည်း။ ထို့ကြောင့် စေတနာတွက် စေ့ဆော်ချက်နှင့်ဟု ဆိုခဲ့သည်။

ထပ်မံ၍ပြဦးမည်။ ဆိုင်ရာစေတသိက်များနှင့်တကွ စိတ်က အာရုံကိုယူရာ၌ မည်သည့်တရားမျှ နောက်ချန်၍ မဖြစ်ရကား အတူဖြစ်ကြရသော စေတသိက်များနှင့် စိတ်ကိုအပေါင်းအဖေါ်

တစု (အသင်းတခု) ဟု သဘောသားပါ။ ထိုအသင်း၌ စိတ်သည် ခေါင်းဆောင် ဥက္ကဋ္ဌ၊ စေတနာကား အကျိုးဆောင်တည်း။ ရိုးရိုး အသင်းများ၌ အကျိုးဆောင်သည် အလွန်ဗျာပါရ များ၏။ အသင်းသားများကိုလည်း ဆိုင်ရာကိစ္စ၌ မလစ်ရအောင် ဆော်ဩရ၏။ မိမိကိုယ်တိုင်လည်း အသင်းကိစ္စကို ကြိုးစား၍လုပ်ရလေသည်။

ထို့ကြောင့် အကျိုးဆောင်မှာ အခြားအသင်းသားတို့ထက် ၂-ဆလောက် တာဝန်ကြီး၏။ ထို့အတူ စေအနာလည်း အခြား စိတ်စေတသိက်များကို ဆိုင်ရာကိစ္စ၌ မလစ်လပ်စေဘဲ အာရုံနှင့် စေ့စပ်ကပ်နေသကဲ့သို့ ဖြစ်အောင်လည်း ဗျာပါရများရ၏။ မိမိကိုယ်တိုင်လည်း မိမိကိစ္စကို ဆောင်ရွက်ရသည်။ စစ်တိုက်ရာတွင် စစ်ဗိုလ်လုပ်သူတို့ ဗျာပါရ များပုံကိုလည်း ဥပမာထင်လေ။ ထို့ကြောင့် ကိစ္စတခုခုပြုရာ၌ စေတနာကညွှန့်နေလျှင် စိတ်မပါ တပါဖြစ်၏။ အခြားစေတသိက်များလည်း ညံ့ကြသည်။ စေတနာထက်သန်နေလျှင် စိတ်စေတသိက်များလည်း ထက်သန်လာကြ၏။ စိတ်ရောစေတသိက်ပါ ထက်သန်ကြသဖြင့် ခန္ဓာကိုယ်လည်း ထိုကိစ္စအတွက် သွက်လက်လာလေသည်။ ဤသို့ဖြစ်လျှင် မည်သည့်အာရုံမဆို အာရုံကိုယူရာတိုင်း၌ စေတနာသာ အချုပ်အခြာ အခယာဖြစ်ပေသည်။

**စေတနာကိုကံဟုခေါ်ရပုံ။** ။လူတယောက်ကို အများက ဝိုင်း၍သတ်ကြရာ၌ အခြားသူတို့က အတော်အတန် ရိုက်နှက်ကြသော်လည်း အရာမထင်။ လူတယောက်ကား သူများထက် ၂ဆ

လောက်နာအောင် ရိုက်နှက်လိုက်ရာ သေရှာလေ၏။ ထိုလူသတ်မှု၌ သေအောင်ရိုက်နှက်သူသာ တရားခံအစစ် အမှုသည် ဖြစ်ရသကဲ့သို့၊ ထို့အတူ ဒါနသီလစသော ကုသိုလ်ကံ ပါဏာတိပါတစသော အကုသိုလ်ကံကို စိတ်စေတသိက်များ ပူးပေါင်း၍ပြုရာ၌ စေတနာသည် သတ္တိအထက်ဆုံး၊ ဗျာပါရလွန်ကဲဆုံး ဖြစ်ရကား စေတနာသတ္တိသာလျှင် ကံပြုသူ၏ သန္တာန်၌ အဖတ်တင်ရစ်လေ၏။ ထို့ကြောင့် ထိုကံကိုပြုသောအမှုသည် (လက်သည်) ကိုရှာလျှင် စေတနာအပေါ်မှာ သတ္တုကျ၏။ သို့ဖြစ်၍ စေတနာကို ကံတရားအမှုသည်၊ လက်သည် ဟု အမည် တပ် ကာ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟုဘုရားရှင်ဟောတော်မူသည်။ (ဘိက္ခုတို့-စေတနာကိုကံဟု ငါဘုရားဟောတော်မူ၏) ဤစကားအရ စေတနာထက်လျှင် ကံကြီး၏။ စေတနာညံ့လျှင် ကံညံ့၏ဟုမှတ်ပါ။

## ၆ ကဂ္ဂတာအကြောင်း။

တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်း သဘောသည် ဧကဂ္ဂတာတည်း ။ ထို့ကြောင့် "ဧကဂ္ဂတာတည်ငြိမ်စွာသား" ဟုဆိုခဲ့သည်။ ဤဧကဂ္ဂတာကို သမာဓိဟုလည်း ခေါ်၏။ ဤဧကဂ္ဂတာခေါ် သမာဓိအစွမ်းကြောင့် စိတ်သည် အာရုံကိုယူသောအခါ အာရုံတခု၌ အတော်ကြာအောင် ထပ်ကာထပ်ကာယူနိုင်၏။ထို့ကြောင့် ဤသမာဓိကို လေငြိမ်ရာ၌ ထွန်းထားသော မီးတောက်၏ ငြိမ်သက်ပုံကဲ့သို့ အာရုံတခု၌ တည်တံ့သော (တည်ကြည်သော) တရား၊ ငြိမ်သက်သောတရားဟု ဆိုရပေမည်။

ကမ္မဋ္ဌာန်းအာရုံ တခုခုကို ယူရာ၌ ထိုအာရုံ တခုအပေါ်မှာ ကြာရှည်စွာ ထပ်၍ထပ်၍အာရုံပြုနိုင်လျှင် "သမာဓိရပြီ၊ သမာဓိ အားကောင်းလာပြီ"ဟု ပြောစမှတ်ပြုကြ၏။ ထိုသမာဓိဓါတ်ခံ ကောင်းသူသည် အနေအထိုင်တည်ကြည်၏။ အပြောအဆိုလည်း တည်ကြည်၏။ သွားလာသော အခါ၌လည်း ဣန္ဒြေရ၏။ ပေါင်း သင်း ဆက်ဆံရာ၌လည်း တည့်မတ်၏။ သို့ရာတွင် စွဲမိစွဲရာအာရုံကို ကား စွဲလမ်းတတ်လေသည်။ ကေဂ္ဂဘာသည် ကုသိုလ်အာရုံကို လည်း သမာဓိအားကောင်းစွာဖြင့် လုပ်နိုင်သလို၊အကုသိုလ်အာရုံ ကိုလည်း သမာဓိအားကောင်းစွာဖြင့် ပြုလုပ်နိုင်လေသည်။

## ဇီဝိတိန္ဒြေအကြောင်း

စိတ်စေတသိက် ၂ ပါးကို နာမ်တရားဟု ခေါ်၏။ ထိုနာမ် တရားတို့၏အသက်သည် ဇီဝိတိန္ဒြေတည်း။ဖြစ်သမျှစိတ်စေတသိက် တို့၌ အသက်ပါ၏။ ထို့ကြောင့် ဖြစ်နေသော စိတ်စေတသိက် များသည် အသေမဟုတ် အရှင်များတည်း။ ထိုသို့အရှင်ဖြစ်သော ကြောင့်ပင် အာရုံကိုသိနိုင်၏။ အကယ်၍အသက်မပါဘဲ စိတ်စေ တသိက်တွေ အသေချည်းဖြစ်နေပါမူ မည်သည့်ကိစ္စကိုမျှ ဆောင် ရွက်နိုင်ကြလိမ့်မည်မဟုတ်။ အချုပ်မှာ ဤဇီဝိတိန္ဒြေဟုခေါ်သော အသက်ပါနေသောကြောင့်သာ စိတ်စေတသိက်တို့ တခုပြီး တခု ဆက်၍မပျက်စီးဘဲ (ကံအရှိန်ရှိသမျှ)တည်နေကြရလေသည်။ထို့ ကြောင့် "မက္ခာနာမ်သက်၊ ဇီဝိန်ဆက်၍၊ မပျက်မပြုန်း"ဟု ဆိုခဲ့ ပေသည်။ နာမ်တရားတို့၌ နာမ်သက်ပါသကဲ့သို့ ရုပ်တရားတို့၌ လည်း ရုပ်သက်ပါ၏။ ဤနာမ်သက်နှင့်ရုပ်သက်ဖြစ်သော ဇီဝိတ

၂ ပါးကို ပင် သတ္တဝါတို့၏ အသက်ဟု ခေါ်ရလေသည်။ ထိုရုပ်ဇီဝိတ နာမ်ဇီဝိတ ၂ ပါးမျိုးအပြင် သတ္တဝါတို့ ကိုယ်အတွင်း၌ အသက်ကောင်၊ ဝိညာဉ်ကောင်၊လိပ်ပြာကောင်ဟူ၍ မရှိတော့ပြီ။

## မနသိကာရအကြောင်း

နှလုံးသွင်းခြင်းသဘောသည် မနသိကာရမည်၏။ထို့ကြောင့် "နှလုံးသွင်းကို၊ မနသိဆို၏"ဟုဆိုခဲ့သည်။ "နှလုံး+သွင်း"ဟူရာ၌ စိတ်ကို နှလုံးဟုခေါ်၏။ ဤစိတ်နှလုံးအတွင်းသို့ အာရုံတခုခု ပေါ်ထင်အောင်(သွင်းပေးသကဲ့သို့) ပြုပေးခြင်းကို"နှလုံး+သွင်း" ဟုခေါ်သည်။ အမှန်အားဖြင့် ဤမနသိကာရသည် စိတ်ထဲတွင် အာရုံဝင်လာအောင် ဆွဲဆောင်သွင်းနိုင်သည် မဟုတ်၊ သို့ရာတွင် မနသိကာရ၏အစွမ်းကြောင့် အာရုံတခုခု အမြဲရလျက် ရှိရကား ဤမနသိကာရသည်ပင် အာရုံကိုဆောင်ယူသွင်းပေးသကဲ့သို့ တင်စားပြောဆိုရလေသည်။

**စေတသိက် ၇-ပါး စိတ်ဖြစ်တိုင်းပါပုံ။** ။စိတ်တခုခု ဖြစ်ရာ၌ အာရုံကိုထိမှု"ဖဿ"နှင့်"မနသိကာရ"တိုင်အောင် စေတသိက် ၇-ပါးတို့အမြဲပါကြရသည်။ လောဘ၊ဒေါသ၊သဒ္ဓါ၊သတိ၊စသည်တို့ကား သူတို့ဆိုင်ရာ အာရုံကို ယူသောအခါ၌သာအပိုပါဝင်လာကြသည်။ထို၇-ပါးတွင် တစုံတခုကိုခံစားနေရသောအခါဝေဒနာသည် သတ္တိထင်ရှား၍၊တစုံတခုကိုမှတ်နေသောအခါ သညာသည် သတ္တိထင်ရှား၏။ ကံတခုခုကို ပြုနေသောအခါ စေတနာသည် သတ္တိထင်ရှား၍၊ အာရုံတခုခုကို စူးစိုက်နေသောအခါ ဧကဂ္ဂတာ ခေါ်သော သမာဓိသည် ထင်ရှား၏။ကြွင်းသောဖဿ၊ ဇီဝိတိန္ဒြေ၊

မနသိကာရ ၃-ပါးတို့ကား ဘယ်အခါမှ သူတို့သတ္တိ မထင်ရှားလှချေ။

## ဝိတက်အကြောင်း

ကြံစည်ခြင်းသဘောသည် ဝိတက်တည်း။ထို့ကြောင့် "ထိုထိုကြံစည်–ဝိတက်မည်ရှင့်"ဟုဆိုခဲ့သည်။ ကြံစည် ခြင်းကို စိတ်ကူးခြင်း၊ စဉ်းစားခြင်းဟုလည်း ခေါ်ကြသည်။ ဝိတက်သည် ကာမဝိတက်၊ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်၊ ဟု မကောင်း ဝိတက် ၃-မျိုး၊ နေက္ခမ္မဝိတက်၊အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက် ဟု အကောင်းဝိတက် ၃-မျိုးအားဖြင့် ၆-မျိုးပြား၏။

**ကာမနှင့်နေက္ခမ္မဝိတက်၊** ။ရူပါရုံ၊ သဒ္ဒါရုံစသော ကာမဂုဏ်အကြောင်းအရာ ကာမဂုဏ်မှုကိစ္စတို့ကို ကြံစည်စိတ်ကူးခြင်း၊ ပစ္စည်းဥစ္စာ ရှာဖွေမှုတို့ကို ကြံစည်စိတ်ကူးခြင်းစသော လောဘနှင့်မကင်းသော ကြံစည်စိတ်ကူးခြင်းဟူသမျှကို 'ကာမဝိတက်' ဟုခေါ်သည်။ တောထွက်ဘို့၊ရသေ့ရဟန်းပြုဘို့၊ လှူဒါန်းဘို့၊ ဥပုသ်သီလဆောက်တည်နေဘို့ တရားအားထုတ်ဘို့စသော လောဘတဏှာလွတ်ကင်းသော ကြံစည်စိတ်ကူးခြင်းကို 'နေက္ခမ္မဝိတက်'ဟုခေါ်သည်။

**ဗျာပါဒနှင့်အဗျာပါဒဝိတက်။** ။ဗျာပါဒဟူသည် သူတပါးကို ပျက်စီးစေလို၊ သေစေလိုသော ဒေါသတည်း၊ ထိုဒေါသနှင့်ယှဉ်သောအကြံကို 'ဗျာပါဒဝိတက်' ဟု ခေါ်၏။ အဗျာပါဒဟူသည် ဒေါသနှင့် ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာတည်း။

ထိုမေတ္တာနှင့် စပ်ယှဉ်သောအကြံ (သတ္တဝါများ ချမ်းသာစေလို၊ ချမ်းသာအောင် ပြုလုပ်လိုသောအကြံ) များကို 'အဗျာပါဒ ဝိတက်' ဟု ခေါ်သည်။

**ဝိဟိံသာနှင့်အဝိဟိံသာဝိတက်။** ဝိဟိံသာသည် သူတပါးကို ညှင်းဆဲနှိပ်စက်လိုသော ဒေါသပင်တည်း။ ထိုဒေါသနှင့်ယှဉ်၍ ရိုက်ပုတ်သတ်ဖြတ်ဘို့ရန် ကြံစည်ခြင်း၊ တနည်းနည်းဖြင့် ဆင်းရဲဒုက္ခရောက်အောင် ကြံစည်ခြင်းများကို 'ဝိဟိံသာဝိတက်' ဟုခေါ်၏။ အဝိဟိံသာဝိတက်ဟူသည် ထိုဝိဟိံသ (ဒေါသ၏) ဆန့်ကျင်ဘက်ဖြစ်သော ကရုဏာတည်း။ ထိုကရုဏာနှင့်ယှဉ်၍ ဒုက္ခိတသတ္တဝါများကို ဒုက္ခမှကယ်ဆယ်ဘို့ရန် ကြံစည်စိတ်ကူးခြင်း၊ တနည်းနည်းအားဖြင့် ဒုက္ခမှလွတ်ကင်းလေအောင် ပြုရန်ကြံစည်ခြင်းကို 'အဝိဟိံသာဝိတက်' ဟု ခေါ်သည်။ မကောင်းသော ဝိတက်များကိုရှောင်၍ ကောင်းသောဝိတက် ၃-ပါးကိုသာ ဖြစ်စေကြပါကုန်။

## ဝိစာရ အကြောင်း။

အာရုံတခုကို အထပ်ထပ်အလီလီ သုံးသပ်ခြင်းသဘောသည် ဝိစာရတည်း။ ဝိတက်သည် အာရုံတခုသို့ ရောက်၍ရောက်၍နေအောင်ကြံစည်ပါသော်လည်း ထိုအာရုံပေါ်၌ ကြာရှည်စွာမတည်။ အခြားအာရုံကိုလည်း ဆက်လက်ကြံစည်၏။ ဝိစာရကား ဝိတက် အစွမ်းကြောင့် ရောက်ရှိနေသောအာရုံကို တော်တော်နှင့်မလွှတ်စေဘဲ အထပ်ထပ်ပွတ်တိုက်သကဲ့သို့ ထိုအာရုံကိုထပ်ကာထပ်ကာ အာရုံပြုလေသည်။ ထိုသို့အထပ်ထပ်အာရုံပြုခြင်းကိုပင် ထိုအာရုံ

ကို သုံးသပ်ပွတ်တိုက်သလို ဖြစ်နေသောကြောင့် 'အလီလီသုံးသပ်၊ ဝိစာရမှတ်လော့' ဟု ဆိုခဲ့ပေသည်။

## အဓိမောက္ခ အကြောင်း။

ဆုံးဖြတ်ခြင်းသဘောသည် အဓိမောက္ခတည်း။ ကိစ္စတခုခုကို ပြုလိုသောအခါဖြစ်စေ၊ အာရုံတခုခုကို အမှားအမှန်ဝေဖန်သော အခါဖြစ်စေ၊ ဤဆုံးဖြတ်ချက်ချတတ်သော အဓိမောက္ခသဘော ပါရလေသည်။ ပါဏာတိပါတ စသောဒုစရိုက်မှုနှင့် ဒါနသီလ စသော ကောင်းမှုတို့လည်း ဤအဓိမောက္ခ ဆုံးဖြတ်လိုက်မှ အထမြောက်ကြသည်။ ထို့ကြောင့် 'ဆုံးဖြတ် — ဓိမောက်' ဟု ဆိုခဲ့ပေသည်။ သူတပါးကလိမ်သည်ကို ယုံရာ၌လည်း သဒ္ဓါမဟုတ်၊ ဤအဓိမောက္ခဖြင့် အမှားကိုဆုံးဖြတ်ချက် ချခြင်းဖြစ်သည်။

## ဝီရိယ အကြောင်း။

အားထုတ်ခြင်းသဘောကို ဝီရိယဟု အများနားလည်ကြပြီ၊ ထိုအားထုတ်ခြင်းသဘောကို စဉ်းစားလျှင် ဆိုင်ရာကိစ္စကို ပြုလုပ်ဆောင်ရွက်ဘို့ရာ မကြောက်မရွံ့ ရဲဝံ့ခြင်း သဘောတည်း။ ထို့ကြောင့် 'ရဲစွမ်းရောက်က - ဝီရိယ' ဟု ဆိုခဲ့ပေသည်။ ထိုစကားမှန်၏။ ဝီရိယလုံးဝကင်းမဲ့သူကို 'အပျင်းထူသူ' ဟု ခေါ်ကြသည်၊ ထိုပျင်းကာ အလုပ်တခုရှိလျှင် 'စောပါသေးတယ်၊ မိုးချုပ်လှပြီ၊ ချမ်းလှသေးတယ်၊ နေပူလွန်းပါသေးတယ်၊ ယနေ့ထမင်းစားလို့ မကောင်းဘူး၊ ယနေ့ထမင်းအများကြီးစားမိလို့ နဲနဲနေမကောင်းဘူး၊ နေကောင်းပြီးစမို့၊ ခရီးသွားစရာ ရှိသေးလို့၊

ခုမှခရီးပြန်ရောက်စမို့၊' စသည်ဖြင့် ဆင်ခြေပေးလျက် အလုပ်လုပ်ရမည့်အရေးကို တွေး၍ကြောက်နေတတ်၏။ ထိုသို့ ပျင်းနေသောစိတ်ကို ကုသိုလ်စိတ်မဟုတ်၊ ထိနမိဒ္ဓလွှမ်းကဲသော အကုသိုလ်စိတ်ပင်ဖြစ်သည်။

ဝိရိယလုံ့လရှိသူကား အဇ အပူစသည်လောက်ကို မဆိုထား၊ တကယ်ကိစ္စကြုံလာလျှင် အသက်ကိုပင် ထိမထင်ဘဲ ရင်ဆိုင်တွေ့နေသောကိစ္စကို အားပါးတရ ပြုလုပ်ရဲလေသည်။ မဟာဇနကဇာတ်၌ ရှက်သဘော်ကြီး ပျက်ခါနီးမှာ ကုန်သည် ခုနစ်ရာတို့သည် ဝိရိယလျှော့၍ မိရိုးဘလာနတ်ကိုတိုင်ကြ၊ ပသနေကြသော်လည်း ကယ်ဆယ်သူပေါ်မလာ၊ ငါးလိပ်တို့အစာသာ ဖြစ်ရသည်။ အလောင်းတော်ကား မည်သည့်နတ်ကိုမျှ အားကိုးမနေတော့ဘဲ ရဲစိတ်ရဲသွေး ဝိရိယဓါတ်ကို အထပ်ထပ်မွေးပြီးလျှင် ပင်လယ်ရေပြင်ကို လက်ပစ်ကူးကာ ဥပုသ်ကိုတောင် စောင့်တော်မူခဲ့ပေသေးသည်။ ဤသို့လျှင် ဝိရိယဟူသည် တွေ့ကြုံလာသောကိစ္စ၌ မကြောက်မရွံ့ ရဲဝံ့သော သဘောတည်း။

## ပီတိ အကြောင်း။

အာရုံတခုခုကို နှစ်သက်အားရ သဘောကျနေခြင်းသည် ပီတိတည်း။ ထို့ကြောင့် 'အားရနှစ်သက် – ပီတိဆက၍' ဟု ဆိုခဲ့သည်။ ဤပီတိသည် သုခဝေဒနာကဲ့သို့ ခံစားခြင်းမဟုတ်။ နှစ်သက်အားရခြင်း၊ သဘောကျခြင်းသာဖြစ်သည်။ ရေငတ်သူသည် ရေရရှိကြောင်းကိုကြားရ ရေကိုမြင်ရသောအခါ နှစ်သက်၏။ ပီတိဖြင့်၏။ ရေကိုသောက်ရသောအခါ သုခဝေဒနာဖြစ်သည်။

မိမိချစ်သူကို မြင်ရသည်အခါဖြစ်စေ၊ စကားအတူ ပြောနေရသည်ဖြစ်စေ၊ သီချင်းသံကို ကြားရသည်ဖြစ်စေ၊ တရားသံကို ကြားရသည်ဖြစ်စေ၊ ကြက်သီးထလာအောင် နှစ်သက်ခြင်းဖြစ်၏။ ထိုနှစ်သက်မှုသည် ပီတိပင်တည်း။ (မကောင်းမှု အကုသိုလ်များ ပြုလုပ်သည့်အခါများ၌လည်း အားရနှစ်သက် ပီတိဖြစ်တတ်၏) ရှေးတုန်းက အမျိုးသမီးတယောက်သည် တောင်ပေါ်က ဘုရားပွဲတော်အချိန်မှာ ကိုယ်လေးလက်ဝန် ရှိနေသောကြောင့် ဘုရားပွဲ မလိုက်ရသဖြင့် မိမိအိမ်မှနေ၍ တောင်ပေါ်ဘုရားကို ဖူးမျှော်၍ အလွန်အမင်း နှစ်သက်ရကား ထိုပီတိအဟုန်ကြောင့် တကိုယ်လုံး မြောက်ပြီးလျှင် ဘုရားရင်ပြင်ပေါ်သို့ ရောက်မှန်းမသိ ရောက်သွားဘူးသတဲ့။

ကုသိုလ်ကောင်းမှု တခုခုလုပ်နေစဉ်(အလှူပေးနေစဉ်)မိမိလှူဘွယ်များကိုကြည့်၍၎င်း၊စားကြသောက်ကြသည်ကိုကြည့်၍၎င်း၊ ဤပီတိများဖြစ်တတ်၏။တခါတရံထိုကဲ့သို့ ပီတိအရင်းခံ၍ အပြင်းအထန်နှစ်သက်လေရာ၊ တဏှာမကင်းသောသောမနဿလည်း ဖြစ်တတ်၏။ ထိုအခါမျက်နှာလည်းတပြုံးပြုံး၊တကိုယ်လုံးလည်းတရွရွတကြွကြွနှင့်ဖြစ်နေတတ်လေသည်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ၌ ဝီရိယသန်သန်နှင့် မှန်မှန်ကြီး လိုက်စားသူတို့သည် တနေ့နေ့၌ မိမိရည်မှန်းသလောက် အကျိုးရ၏။ ထိုအခါမိမိ အလုပ်များကိုကြည့်၍ ပီတိဖြစ်နေတတ်လေသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည်ပင် မဟာ ဗောဓိ ပလ္လင်တော်မှ ထတော် မူပြီးနောက် ကိလေသာအားလုံးကို ဖြတ်၍ ဘုရားဖြစ်

တော်မူရာ မဟာဗောဓိ မဏ္ဍိုင် အရပ်ကို ကျေနပ်သော လက္ခဏာ၊ လွန်စွာနှစ်သက်သော ပီတိဖြင့် ၇-ရက်လုံးလုံးမမှိတ်ဘဲကြည့်တော်မူလေသည်။ တရားအားထုတ်ကြသော ယောဂီ ပုဂ္ဂိုလ်များလည်း တရားကို သဘောကျ၍ထိုင်ရာမှ မထချင်အောင် ပီတိကဆွဲဆောင်ထားတတ်လေသည်။ ဤသို့လျှင် ဝိရိယရှင်တို့၌ မြင့်မြတ်သော ပီတိများလည်း များစွာဖြစ်ခွင့်ရှိသည်။

## ဆန္ဒအကြောင်း

အာရုံတခုခုကိုပြုလိုခြင်း(ရယူလိုခြင်း)သဘောသည်ဆန္ဒတည်း။ 'ပြုလိုခြင်း၊ ရလိုခြင်း' ဟူရာ၌ လောဘကဲ့သို့ ကပ်ညှိစွဲလမ်းခြင်း မဟုတ်၊ ပြုလိုရုံမျှ ရလိုရုံမျှသာဖြစ်သည်။ ထို့ကြောင့် 'သက်သက် အာရုံ၊ ပြုလိုရုံမျှ၊ ဆန္ဒသဘော' ဟုဆိုခဲ့သည်။ ဤဆန္ဒသဘောလည်း သတ္တဝါတို့၌အလွန်ထင်ရှား၏။ ကလေးငယ်သည် ဖခင်လက်မှမိခင်လက်သို့လိုက်ချင်၍ လက်လှမ်း၏၊ ဤလိုက်ချင်မှုသည် ဆန္ဒတည်း။ ဟိုသွားချင်၊ သည်လာချင်၊ တစုံတယောက်ကို တွေ့ချင် မြင်ချင်၊ ကြားချင်၊ နံချင်၊ နမ်းချင်၊ စားချင်၊ ကိုက်ချင်၊ ထိချင်တတ်သိနားလည်ချင်မှုအစုစုသည် ဆန္ဒချည်းတည်း။

နိဗ္ဗာန်လိုချင်၊ အဂ္ဂသာဝက မဟာသာဝကဖြစ်ချင်၊ ဘုရားဖြစ်ချင်၊ ရှင်ဘုရင်ဖြစ်ချင်၊ သူဌေးဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ဗြဟ္မာဖြစ်ချင်၊ ရသေ့ရဟန်းပြုချင်၊ ဥပုသ်စောင့်နေချင်၊ ကုသိုလ်ရချင် စသည်တို့သည်လည်း ဆန္ဒပင်တည်း။ တော်ရုံတန်ရုံ လိုချင်မှု၌ ဆန္ဒအားသေး၏။ မရမကလိုချင် မဖြစ်မနေဖြစ်ချင်မှုများ၌ကား ဆန္ဒအားကြီး၏။ ဤဆန္ဒအရင်းခံ ဝိရိယသန်သန်ဖြင့် ပါရမီဖြည့်တော်

မူခဲ့သောကြောင့် နောက်ဆုံး၌ ဆန္ဒတော်အတိုင်းဘုရားဖြစ်တော်မူရသည်။

ထိပ်တန်းရောက်အောင် အခြေခံဆန္ဒမရှိသေးလျှင် ထက်သန်သောဝီရိယကို မည်သူမျှပြုကြမည် မဟုတ်။ သို့ဖြစ်၍အကျိုးကျေးဇူးတခုခုရလိုသော ဆန္ဒကို ပဌမ ဖြစ်စေရမည်။ ဤဆန္ဒမျိုးကို 'အာသာ' ဟုလည်းခေါ်သည်။ (အာသာ-လိုလားတောင့်တခြင်း) ထို့နောက် အာသာဆန္ဒရှိရုံနှင့် (ဆုတောင်းနေရုံမျှနှင့်) မရနိုင်ကြောင်းကို နားလည်ကာ စိတ်ပါလက်ပါ ဝီရိယ စိုက်ရမည်။ ထင်ရှားစေအံ့၊ မန္တလေးမှရန်ကုန်သို့သွားလိုခြင်းသည် ဆန္ဒတည်း။ မီးရထားဖြင့် သွားလိုလျှင် မီးရထားစရိတ် လုံလောက်အောင် ရှာရမည်။ လေယာဉ်ပျံဖြင့်သွားလိုလျှင် လေယာဉ် စရိတ်လုံလောက်အောင်ရှာရမည်။ ထိုသို့ရှာခြင်းကားဝီရိယ သဘော တည်း။ ထို့အတူပင် နိဗ္ဗာန်ရလိုလျှင် ဘုရားအဖြစ်၊ သာဝကအဖြစ်အမျိုးမျိုးနှင့်တန်အောင် ပါရမီရှာရမည်။

ယခုကာလ လူ့ဘက်ရှင်ဘက်၌ အထက်တန်းရောက်နေကြသူတို့သည် ဘုန်းနှင့်သမ္ဘာထက်ကြပ်ပါ၍ စိတ်သွားတိုင်း ကိုယ်ပါလျက် လိုရာပြီးစီး နိုင်သော မိုးကျရွှေကိုယ်ဘော်များ မဟုတ်ကြချေ။ အာသာဆန္ဒအလိုက် ဝီရိယ စိုက်ထူထားသူတွေသာ များပေသည်။ ထို့ကြောင့်အလွန်ရခဲလှသော မနုဿတ္တဒုလ္လဘကို ရှေးကံကောင်းထောက်မ၍ ရကြပြီးဖြစ်ပါလျက် တိုးတက်လိုသော အာသာဆန္ဒကင်းပြီး အဖျင်း အအ- အပျင်း- အနတွေ ဖြစ်နေ လျှင် တိရစ္ဆာန်ဘဝနှင့် မခြားတော့ရကား၊ မိမိကိုယ်ကို ယခုဘဝလည်း

အထက်တန်းရောက်၊ နောင်သံသရာလည်း မဂ်လမ်းပေါက်အောင် ထက်သန်သော အာသာ ဆန္ဒကိုကိုယ်စီကိုယ်င ဖြစ်စေကြပါကုန်။

ဤမျှလောက်သော စကားစဉ်ဖြင့် ဆားကဲ့သို့ ကောင်းဆိုးနှစ်တန်ခတ်တိုင်းငံသော စေတသိက်များပြီးဆုံးပေပြီ။

## စရိုက်ဝါသနာများ အကြောင်း

ဤပြခဲ့သော အခဏ်းများဖြင့် စိတ်စေတသိက်တို့ဖြစ်ပုံကိုသိလောက်ပေပြီ။ စိတ်ကောင်းစိတ်ဆိုး အမျိုးမျိုးဖြစ် မှုများ၌ ယခုတဘဝနှင့်သာဆိုင်သည် မဟုတ်သေး၊ ရှေးရှေးဘဝကအထုံ ဝါသနာနှင့်လည်း ဆိုင်သေး၏။ ရှေး ရှေးဘဝက အထုံဟောင်းပါလာသူသည် ယခုဘဝ၌ စိတ်ကောင်းရှိအောင် ပြုပြင်ဘို့ ခဲယဉ်းလှ၏။

ပညာရှိ သူတော်ကောင်းနှင့် ပေါင်းမိ၍ စိတ်ကိုပြုပြင်ပါသည် ဟုဆိုသော်လည်း ပညာရှိသူတော်ကောင်းနှင့်ဝေးနေရသောအခါ 'မီးဝေးသော ချိပ်'ပမာ စိတ်ကြမ်း စိတ်ယုတ် မာတွေသာ ပြန်၍ဖြစ်တတ်၏။ ခွေးမြီးကောက်ကို ဖြောင့်လာအောင်ပြုပြင် သူသည် ၁၂နှစ်လုံးလုံးဆီဖြင့် နူးကာ ကျည်တောက်ကိုစွပ်ထားသော်လည်း ကျည်တောက် ချွတ်လိုက်သည်နှင့် တပြိုင်နက်ကောက်မြဲကောက် သကဲ့သို့ဖြစ်လေသည်။

ခွေးသည် ကောင်းမွန်စွာကျွေးထားသဖြင့် အစာဝ နေသော်လည်း ဘိနပ်စုတ်တွေ့ကိုမစားနိုင်စေကာမူ နမ်းကြည့်ရမှ ကျေနပ်သကဲ့သို့ သန္တေဆိုး အထုံပါလာ၍ ဝါသနာဓာတ်ခံ ညံ့ဖျင်းနေသူသည်လည်း ဆိုင်ရာပညာရှင် သူတော်စင် တို့က အထက်တန်း

သို့ရောက်အောင် မြှောက်တင်သော်လည်း သူ၏ ယုတ်ညံ့သော ဝါသနာမှ မပျောက်နိုင်ဘဲရှိတတ်လေသည်၊ ထို့ကြောင့်မိမိကိုယ်ကိုဖြစ်စေ၊ မိမိနှင့်စပ်ဆိုင်သူကို ဖြစ်စေ၊ မည်ကဲ့သို့အထူးဝါသနာမျိုးပါရှိခဲ့ကြပါလိမ့်မည်နည်းဟုစဉ်းစားတတ်ဘို့ရာစရိုက်အကြောင်းအရာကို ရှေးဦးစွာ နားလည်သင့်ကြပေသည်။

**စရိုက်**။ ပင်ကိုယ်ရိုးရာ သူတကာတို့ ဖြစ်နေကျထက် လွန်လွန်ကဲကဲဖြစ်တတ်သောသဘော ကို 'စရိုက်' ဟု ခေါ်သည်။ ထိုစရိုက်သည် ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက် အားဖြင့် ၆-ပါးပြား၏။ (လောဘကိုရာဂ ဟုလည်းကောင်း၊ ဉာဏ်ပညာကို ဗုဒ္ဓိ ဟုလည်းကောင်း ခေါ်၏၊ ဒေါသစသည်မှာ ပြခဲ့သော စေတသိက်များပင်တည်း) သတ္တဝါတယောက်၌ ထိုစရိုက် ၆-ပါးတွင် တပါးဖြစ်စေ၊ ၂ပါး ၃ပါးစသည်ရောလျက်ဖြစ်လေ့ရှိ၏။

**အကဲခတ်နည်း**။ ဤသူသည် မည်သည့်စရိုက်ရှိသူ ဖြစ်ပါလိမ့်မည်နည်းဟု အကဲခတ်ဘို့ရာ၌ အသွားအလာ အနေအထိုင်ကိုလည်းကောင်း၊ သူကြိုက်တတ်သောအစာကိုလည်းကောင်း၊ အဖြစ်များသောအရာကိုလည်းကောင်း သတိပြု၍ ကြည့်ရှုအကဲခတ်ရမည်။ ထိုသို့ စရိုက်အမျိုးမျိုးရှိသူတို့တွင် ရာဂနှင့်သဒ္ဓါစရိုက်ရှိသူ၊ ဒေါသနှင့် ဗုဒ္ဓိစရိုက်ရှိသူ၊ မောဟနှင့်ဝိတက်စရိုက်ရှိသူများမှာ အသွားအလာ အနေအထိုင် အလုပ်အကိုင် အစားအသောက်မှစ၍ သဘော တူတတ် ကြသည်။

**ရာဂနှင့်သဒ္ဓါစရိုက်ရှိသူ**။ ၂ဦးလုံးပင် အသွားအလာ အနေအထိုင်ယဉ်ကျေး၏။ အဝတ်ဖွတ်မှု တံမြက်လှဲမှုစသောအလုပ်တို့၌

သေသေသပ်သပ်ရှိ၏။ အချိုးအဆိမ့် အမွှေးအကြိုင် ပြန့်လိုင်နူးညံ့သော အစားအသောက်အသုံးအဆောင်ကိုနှစ်သက်၏။ ထို ၂ ဉူးတို့ထူးခြားပုံကား— ရာဂစရိုက်ရှိသူသည် ကာမဂုဏ်အာရုံများကို မခွဲနိုင်မခွာရက်အောင်စွဲမက်တတ်၏။ ပရိယာယ် မာယာများ၏ ကောက်ကျစ်စဉ်းလဲမှု သာဌေယျပေါ၏။ မာနကြီး၏။ လောဘကြီး၏။ သဒ္ဓါစရိုက်ရှိသူကား မာယာသာဌေယျနှင့် မာနလောဘတို့မများဘဲ စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိ၏။ ဝတ်ကျောင်း၊ ဘုရား သံဃာများကို ဝပ်တွားဆည်းကပ် လေးမြတ်ပူဇော်ကာ တရားနာလေ့ရှိ၏။

**ဒေါသစရိုက်နှင့်ဗုဒ္ဓိစရိုက်ရှိသူ**။ စရိုက် ၂ မျိုးစလုံး ရုန့်ရင်းကြမ်းတန်းသော အသွားအလာ အနေအထိုင်ရှိ၏။ အဝတ်ဖွတ်မှု တံမြက်လှဲမှုကိစ္စတို့၌ ကျကျနန သေသေသပ်သပ်မရှိ၊ အချဉ် အငန် အစပ်အခါး စူးရှသောအရသာများကို နှစ်သက်တတ်၏။ မကောင်းသောအဆင်း အသံ စသည်တို့နှင့်တွေ့ကြုံလျှင် သည်းခံအောင့်အည်း၍ ချုပ်တည်းခြင်းမရှိဘဲ ဆဲဆိုငေါက်ငန်း ကြမ်းတန်းစိတ်တို၏။ ဤသို့ဒေ သနှင့်ပညာ စရိုက်တို့ ဖြစ်ပုံခြင်း တူသောကြောင့် ထိုစရိုက်ရှိသူတို့သည် (မိမိစိတ်ကိုမပြင်သေးသမျှ) ဆဲဆိုငေါက်ငန်း ကြမ်းတန်းနေကြသည်မှာ ဓမ္မဘာကဲ့သို့ ဖြစ်လေသည်။

ထိုသူ ၂မျိုးကွဲလွဲပုံကား— ဒေါသစရိုက်ရှိသူ၌ ရန်ငြိုးဖွဲ့မှု အာဃာတ၊ ပြိုင်ဆိုင်ခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ သူတပါးဂုဏ်ဖျက်ဆီးလိုခြင်း မက္ခ၊ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း ပဠာသ၊ အဆုံးအမ

ခက်ခြင်း ဒုဗ္ဗစတရားတို့ ဖြစ်ပွားလေ့ရှိ၏။ ဗုဒ္ဓိစရိုက်ရှိသူကားရန် ငြိုးဖွဲ့ခြင်း စသောတရားတို့မရှိ၊ ဆိုဆုံးမ လွယ်၏။ စားသောက် ဘွယ်ဟူသမျှ၌ နိုင်းနိုင်းချိန်ချိန် စားသောက်လေ့ရှိ၏။ နောင် ရေးနောင်တာ သံသရာအတွက် သတိပညာဖြင့် ကောင်းစွာခမြော် မြင်လေ့ရှိရကား ပါရမီကုသိုလ်များကို ကြိုးစားလေ့ရှိသည်။

**မောဟနှင့်ဝိတက်စရိုက်ရှိသူ**။ မောဟစရိုက်ရှိသူသည် မေ့ မေ့လျော့လျော့ပေါ့ပေါ့ဆဆရှိ၏။ကိစ္စအထွေထွေလည်း ပွေပွေ လိမ်လိမ်ရှိ၏၊ဘယ်အစာနှစ်သက်၏ဟု အမြဲမရှိ။ အကြောင်း အ ကျိုး အကောင်းအဆိုးတို့ကို ခွဲခြား၍မသိတတ်သဖြင့် အရပ်ရပ် ကိစ္စမှာ သူတပါးကာ၏နောက်လိုက်သာဖြစ်၏။ သူတပါး ချီးမွမ်း သူကိုလည်း မိမိလိုက်ချီးမွမ်းတတ်၏။ သူတပါး ကဲ့ရဲ့သူကိုလည်း လိုက်၍ကဲ့ရဲ့တတ်၏။ သတိပညာကင်း၍ ထိုင်းမှိုင်းခြင်း ထိန မိဒ္ဓ၊ ပျံ့လွင့်ခြင်းဥဒ္ဓိစ္စတို့နှင့်သာ အချိန်ကုန်ရလေသည်။

ဝိဘက်စရိုက်ရှိသူလည်း မောဟသမားနှင့် ထူးမခြားနားပင်၊ ထိုထိုကိစ္စ၌ စကားပေါလျက် ကိစ္စမချောဘဲ မျောနေတတ်သည် သာများ၏။ ကောင်းသောလုပ်ငန်း၌မူ အစွမ်းအစမရှိဘဲ ပျင်း ရိတတ်၏။ မိမိကဲ့သို့ လူပေါက်ပန်း လူဗော်ကျော့တို့နှင့် ပျော် မွေ့ကာ ထွေရာလေးပါး အကြံများလျက် လူအား လူပိုသာ ဖြစ်သည်။

**စရိုက်ဖြစ်ရခြင်း၏အကြောင်းရင်း**။ လူချင်းတူပါလျက် အ ဘယ့်ကြောင့် စရိုက်အမျိုးမျိုးကွဲပြားကြပါလိမ့်မည်နည်းဟု စဉ်း စားဘွယ်ရှိ၏။ရှေးရှေးဘဝကုသိုလ်ကံပြုစဉ်ကာဘဝစည်းစိမ်ကိုလို

လားတောင့်တသော လောဘခြံရံ၍ပြုခဲ့လျှင် ထိုကံအကျိုးပေးရာ ဘဝ၌ ရာဂစရိုက်ရှိတတ်၏။ ဒေါသခြံရံ၍ပြုခဲ့လျှင် ဒေါသစရိုက်ရှိတတ်၏။ အသိဉာဏ် နည်းပါးလျက် မောဟကြီးစွာပြုခဲ့လျှင် မောဟစရိုက်ရှိတတ်၏။ ပညာဖြင့်ရင်း၊ ပညာကြီးရန်ဆုပန်၍ရင်း၊ ပညာရေးဆိုင်ရာ ကုသိုလ်များပြုခဲ့လျှင် ထိုကံအကျိုးပေးရာ ဘဝ၌ ဗုဒ္ဓိစရိုက်ရှိတတ်သည်၊ သဒ္ဓါထက်သန်စွာ ပြုခဲ့လျှင် သဒ္ဓါစရိုက်ရှိတတ်သည်။ ဤသို့လျှင် စရိုက်အမျိုးမျိုး ကွဲပြားကြောင်းမှာ ရှေးကံသာပဓာနဖြစ်၍ နောက်နောက်ဘဝတို့၌ မကောင်းသော စရိုက်များမပါရှိအောင် သဒ္ဓါပညာ ခြံရံလျက် ထက်သန်သောကောင်းမှုများကိုသာ တည်ထောင် အားထုတ်သင့်ကြပေသည်။

**ဝါသနာဘာဂီဆက်တိုင်းမှီ။** မကောင်းသော အရာ၌သာနှင့် ဝါသနာဟူသည် ကိလေသာ၏သတ္တိတည်း၊ ကောင်းသောအရာ၌ ဝါသနာကား သမာဆန္ဒပင်တည်း။ ထိုဝါသနာသည် သတ္တဝါတို့၏သန္တာန်၌ ဘဝတိုင်းမှာပင် စွဲကပ်နေ၏။ ထို့ကြောင့် ရှေးကံအားလျော်စွာ ရာဂစရိုက်ကြီးနေပါမူ ထိုရာဂအတွက်ယောက်ယက်ခတ်တတ်သော ဝါသနာသည် စိတ်အစဉ်မှာစွဲထုံနေရကား ထိုစရိုက်ဆိုးကို ယခုဘဝ၌ တရားဖြင့်မချိုးနှိမ်ပါလျှင် ထိုဝါသနာအထုံစွဲကပ်၍ နောက်ဘဝများသို့လိုက်ပါသွားတတ်၏။ ဒေါသ၊ မောဟ၊ ဝိတက်များလည်း ဤနည်းပင်တည်း။ ပညာစရိုက်ရှိနေသူလည်း စရိုက်အားလျော်စွာ အခွင့်သာသလောက် ကြိုးစားပါလျှင် ထိုပညာ၏အထုံဝါသနာသည် မိမိ၌ စွဲကပ်လေရကား နောက်နောင်အခါ သံသရာတလျှောက်လုံးပင် ပညာတုံးကြီးဖြစ်

နေတတ်သည်။ ဘုရားဆုကိုပန်လျှင် ပညာဓိက၊ သာဝကဆုကို ပန်လျှင် အရှင်သာရိပုတြာကဲ့သို့ ပညာဘက် ဧတဒဂ်ရကြသည်မှာ ထို ဝါသနာဘာဂီဆက်တိုင်း မှီနေသောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့်ယခုဘဝ၌ပင် မကောင်းသောစရိုက်များပပျောက်၍ စရိုက်ကောင်းတခုခုအထမြောက်အောင် ထူထောင်ကြဘို့အရေးကား သိတတ်သူလူတိုင်းအဘို့ ကြီးမားသော တာဝန်ကြီးတရပ်ဖြစ်ပေသည်။

ရာဂစရိုက်ရှိသူသည် ရာဂနည်းပါးအောင် တွေ့ရာအာရုံများ၌ အသုဘဟုရှုလေ့ရှိရမည်။ သို့မှသာ ရာဂအထုံ ပျောက်သွားလိမ့်မည်။ ဒေါသစရိုက်ရှိသူသည် ဒေါသနည်းပါးအောင်မေတ္တာတရားကိုကြိုးစားရလိမ့်မည်။ မေတ္တာဓာတ်သည် အအေးဓာတ်ဖြစ်၍ ဒေါသ၏ အပူကိုငြိမ်းနိုင်သည်။ မောဟစရိုက် ရှိသူသည် မောဟနည်းပါးအောင်ပညာရှိထံချဉ်းကပ်၍မေးမြန်းရမည်။ အာနာပါနကမ္မဋ္ဌာန်းကိုလည်း ပွားများရမည်။ အမေးအမြန်း များလျှင် အသိဉာဏ်တိုးပွား၍ မောဟအထုံ ကင်းသွားလိမ့်မည်။ သဒ္ဓါပညာဟူသော ဝရိုက်ကောင်းများရှိသူကား မိမိမှာရှိနေသော ထိုစရိုက်များကို ဝမ်းသာအားရသဘောကျပြီး တိုးပွားသည်ထက်တိုးပွားအောင် ကြိုးစားကြရပေမည်။

ဤမျှလောက်သောစကားစဉ်ဖြင့် စရိုက်ဝါသနာအကြောင်းများ ပြီးဆုံးပေပြီ။

## ဓမ္မပဒကောက်နုတ်ချက်များ

ဓမ္မပဒ ပါဠိတော်သည် ဗုဒ္ဓစာပေ၌ အထင်ရှားဆုံးသော စာပေတခုဖြစ်သည်။ ဓမ္မပဒ ပါဠိတော်တွင် ဂါထာအားဖြင့် ၄၂၄-ဂါထာရှိသည်။ ယခုစာအုပ်တွင် လူမှုရေးနှင့်ဆိုင်သော ဂါထာများကိုသာ ဖော်ပြထားသော်လည်း ပြည့်ပြည့်စုံစုံ သိရှိရန် ဗုဒ္ဓသာသနာအဖွဲ့မှ ထုတ်ဝေသော မူရင်း ဓမ္မပဒ ပါဠိတော် မြန်မာပြန်ကိုလည်း ဖတ်ရှုသင့်သည်။

ဓမ္မပဒသည် စိတ်နှလုံး ပူပန်ဆင်းရဲခြင်း ဖြစ်သည့် အခါ၌သော်၎င်း၊ သစ္စာရှိသော မိတ်ဆွေတဦး အလိုရှိသော အခါ၌သော်၎င်း၊ အကြံဉာဏ်ကောင်းများ ပေးစွမ်းနိုင်သော ပညာရှိတဦးထံ ဆည်းကပ်လိုသော အခါများ၌သော်၎င်း၊ အမျိုးမျိုးသောဒုက္ခကို လျော့ပါးစေရန် အတွက်သော်၎င်း၊ ဂုဏ်သတင်းထင်ပေါ်ကျော်ဇောလိုမှု အတွက်သော်၎င်း။ ထိုးထွင်းသိမြင်နိုင်စွမ်းသော အသိဉာဏ် ရရှိလိုသည့် အခါများ၌သော်၎င်း၊ မည်သည့် အချိန်အခါမဆို ဘတ်ရှုပါက ယင်းအကျိုး တရားများ

အနက် တခုခုသောအကျိုးတရားကို မုချမသွေရနိုင်သော စာပေ ဖြစ်ကြောင်း ကမ္ဘာ့ပညာရှင်များက ဓမ္မပဒစာပေနှင့်ပတ်သက်၍ ကောက်ချက် ချထားခဲ့ပေသည်။ ဓမ္မပဒသည် ဘာသာ အမျိုး မျိုးဖြင့် ပြန်ဆိုထားပြီးဖြစ်သော အလွန်ထင်ရှားသည့် ဗုဒ္ဓစာပေ ဖြစ်၍ မလွတ်တန်းဘတ်ရှုသင့်သည်။ ဤစာအုပ်တွင်ဖော်ပြထား သော ဂါထာနံပါတ်များသည် မူရင်းစာအုပ်၌ရှိသည့် နံပါတ် များအတိုင်းပင်ဖြစ်ပါသည်။

၁။ နာမ်ခန္ဓာ (လေးပါး)တို့သည် စိတ်လျှင်ရှေ့သွားရှိကုန် ၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ ပြစ်မှား လိုသောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်ငြား၊ ပြုလုပ်သော်ငြား၊ ကြံစည်သော်ငြား ထို (ပြောဆိုပြုလုပ်ကြံစည်မှု) ကြောင့် လှည်း ဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

၂။ နာမ်ခန္ဓာ(လေးပါး)တို့သည် စိတ်လျှင်ရှေ့သွား ရှိကုန် ၏။ စိတ်လျှင်အကြီးအမှူး ရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ သန့်ရှင်း ကြည်လင်သောစိတ်ဖြင့် အကယ်၍ပြောဆိုသော်ငြား၊ပြုလုပ်သော် ငြား၊ကြံစည်သော်ငြား ထို(ပြောဆို ပြုလုပ် ကြံစည်မှု) ကြောင့် အရိပ်သည် (လူကို) မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်း သာသည် အစဉ်လိုက်လေ၏။

၃။ ဤသူသည် ငါ့ကိုဆဲရေးဘူးပြီ၊ ငါ့ကို ညှဉ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူ ဘူးပြီဟု ထိုသူ့

အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏၊ ထိုသူတို့အား (ဖြစ်ပေါ် လာသည့်) ရန်သည် မငြိမ်းအေးနိုင်။

၄။ ဤသူသည် ငါ့ကိုဆဲရေးဘူးပြီ၊ ငါ့ကိုညှဥ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာ ဆောင်ယူဘူးပြီဟု သူ့အပေါ်၌ ရန်ငြိုးမဖွဲ့ကုန်၊ ထိုသူတို့အား (ဖြစ်ပေါ်လာသည့်) ရန်သည် ပြေငြိမ်းနိုင်၏။

၅။ ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်၊ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏၊ ဤသဘောကား အစဉ်အလာ ဓမ္မတာ သဘောပင်တည်း။

၁၅။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်တမလွန်ဘဝနှစ်တန်တို့၌လည်း စိုးရိမ်ရ၏။ ထိုမကောင်းမှုပြုသူသည် မိမိ၏ညစ်နွမ်းသောကံကိုသိမြင်၍ စိုးရိမ်ရပင်ပန်းရ၏။

၁၆။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန်ဘဝ နှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏၊ ထိုကောင်းမှုပြုသူသည် မိမိ၏ စင်ကြယ်သောကံကိုသိမြင်ရ၍ ဝမ်းမြောက်ရ အလွန်ဝမ်းမြောက်ရ၏။

၁၇။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း ပူပန်ရ၏။ တမလွန်ဘဝ၌လည်း ပူပန်ရ၏၊ ပစ္စုပ္ပန်တမလွန်ဘဝနှစ်တန်တို့၌

လည်း ပူပန်ရ၏။ 'ငါသည် မကောင်းမှုကို ပြုမိပြီ' ဟု ပူပန်ရ၏။ ဒုဂ္ဂတိဘုံဘဝသို့ရောက်ပါမူကား အလွန်ပူပန်ရ၏။

၁၈။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏၊ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန်တမလွန်ဘဝနှစ်တန်တို့၌လည်း နှစ်သက်ရ၏၊ 'ငါသည် ကောင်းမှုကို ပြုအပ်ပြီ' ဟု နှစ်သက်ရ၏၊ သုဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်နှစ်သက်ရ၏။

၂၄။ ထကြွလုံ့လရှိသူ သတိရှိသူ စင်ကြယ်သော ကံသုံးပါးရှိသူ စူးစမ်း၍ပြုလေ့ရှိသူ (ဣန္ဒြေကို) စောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့လျော့သူအား အခြံအရံ အကျော်အစောသည် တိုးပွား၏။

၂၆။ ပညာမဲ့၍ မိုက်သောသူတို့သည် မေ့လျော့မှုကို အားထုတ်ကြကုန်၏၊ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၃၀။ မဃလုလင်သည် (ကုသိုလ်ကောင်းမှု၌) မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ရောက်၏၊ (ပညာရှိတို့သည် ကုသိုလ်ကောင်းမှု၌) မမေ့မလျော့ခြင်းကို ချီးမွမ်းကုန်၏၊ (ကုသိုလ်ကောင်းမှု၌) မေ့လျော့ခြင်းကို အခါခပ်သိမ်းကဲ့ရဲ့အပ်၏။

၃၁။ လေးသမားသည် မြှားကိုဖြောင့်အောင် ပြုသကဲ့သို့ ပညာရှိသည် (အာရုံတို့၌) တုန်လှုပ်၍ လျှပ်ပေါ်လော်လီခြင်း

သဘောရှိသော စောင့်ထိန်းရန် တားမြစ်ရန်ခက်ခဲသော စိတ်ကို ဖြောင့်အောင်ပြု၏။

၃၅။ နှိမ်နင်းရန်ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည်ကောင်း၏၊ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုဆောင်ရွက်တတ်၏။

၅၀။ သူတပါးတို့၏ မလျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြုမပြုကို မကြည့်ရှုရာ၊ မိမိ၏ကောင်းမှု မကောင်းမှု ပြုမပြုကိုသာလျှင် ကြည့်ရှုရာ၏။

၅၄။ ပန်းအနံ့သည် လေညာသို့မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စပယ်ကြက်ရုံး ပန်းအနံ့သည်လည်း လေညာသို့ မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏၊ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

၆၀။ အိပ်မပျော်နိုးနေသောသူအား ညဉ့်တာရှည်လျား၏၊ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

၆၃။ မိုက်သောသူသည် မိမိမိုက်သည့်အဖြစ်ကိုသိ၏၊ ထိုသိမှုကြောင့် ပညာရှိဖြစ်နိုင်သေး၏၊ မိုက်သောသူသည် ငါပညာရှိဟု

မိမိကိုယ်ကို ထင်မှတ်နေပါမူကား ထိုသူကို စင်စစ်လူမိုက်ဟူ၍ ဆိုအပ်၏။

၆၇။ အကြင်ကံကိုပြုလုပ်ခြင်းကြောင့် နောင်တ တဖန် ပူပန်ရ၏၊ ထိုကံမျိုးကိုပြုလုပ်ခြင်းသည် မကောင်း၊ မျက်ရည်စက်လက် ငိုကြွေးလျက် အကြင်ကံ၏အကျိုးကို ခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည်မကောင်း။

၆၉၊ မိုက်သောသူသည် အကြင်ရွေ့လောက် မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုရွေ့လောက်မကောင်းမှုကို ပျားသကာကဲ့သို့မှတ်ထင်၏၊ အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ ဆင်းရဲသို့ရောက်ရ၏။

၇၁။ ညှစ်ပြီးစနို့ရည်သည် ပြကတေ သဘောမှ ရတ်တရက် မပြောင်းလဲသကဲ့သို့ ပြုသစ်စဖြစ်သော မကောင်းမှုသည် (ရုတ်တရက်) အကျိုးမပေးသေး၊ (အကျိုးပေးသောအခါ) ပြာဖုံးသော မီးကဲ့သို့ သူမိုက်ကို လောင်ကျွမ်းစေလျက် အစဉ်လိုက်၏။

၇၆။ အပြစ်ဖေါ်ပြ နှိပ်ချဆုံးမလေ့ရှိသော ထိုသို့သဘော ရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏၊ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သူအား မြတ်၏၊ မယုတ်ညံ့ပေ။

၇၇။ ဆုံးမရာ၏၊ ကြိုတင်ဆုံးမရာ၏၊ မကောင်းသောအပြုအမူတို့မှလည်း တားမြစ်ရာ၏၊ ထိုသူကို သူတော်ကောင်းတို့ချစ်ခင်နှစ်သက်အပ်၏၊ မသူတော်တို့ကား မချစ်မနှစ်သက်ပေ။

၇၈။ ယုတ်မာသောမိတ်ဆွေတို့ကို မဆည်းကပ်ရာ၊ ယုတ်မာသော ပုဂ္ဂိုလ်တို့ကိုမဆည်းကပ်ရာ၊ မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏၊ ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရာ၏။

၈၁။ တခဲနက်ဖြစ်သော ကျောက်တောင်သည် (အရပ်လေးချက်နှာမှ) လာသောလေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

၈၄။ ပညာရှိမည်သည် မိမိအကြောင်းကြောင့်ဖြစ်စေ၊ သူတပါးအကြောင်းကြောင့်ဖြစ်စေ၊ မကောင်းမှုကိုမပြု၊ မကောင်းမှုဖြင့် သားသမီးဥစ္စာတိုင်းပြည်ကို အလိုမရှိရာ၊ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူဖြစ်၏။

၁၀၃။ အကြင်စစ်သူရဲ တယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တသန်းအောင်နိုင်ရာ၏၊ အကြင်သူရဲကောင်း တယောက်သည်ကား ကိုယ်တွင်းကိလေသာကို တကြိမ်တခါမျှ အောင်နိုင်ရာ၏၊ ကိုယ်တွင်းကိလေသာကို တကြိမ်အောင်နိုင်သော ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

၁၀၉။ အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့်ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူး တရားလေးပါးတို့သည် တိုးပွားကုန်၏။

၁၁၀၊ သီလမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုနေသောသူ၏ တရက်မျှအသက်ရှည်ရခြင်းသည်မြတ်၏။

၁၁၆။ မကောင်းမှု၌ စိတ်သည်မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါနှေး နှေးတတ်ရကား မကောင်းမှုမှစိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုကို လျင်မြန်စွာပြုလုပ်ရာ၏။

၁၁၇။ ပုဂ္ဂိုလ်သည် မကောင်းမှုကိုပြုစေကာမူ ထိုမကောင်းမှုကို ထပ်ကာထပ်ကာမပြုမိစေရာ၊ ထိုမကောင်းမှု၌စိတ်အလိုဆန္ဒကို မပြုရာ၊ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။

၁၁၈။ ပုဂ္ဂိုလ်သည် ကောင်းမှုကို ပြုပြီးသော်လည်း၊ ထိုကောင်းမှုကို ထပ်ကာထပ်ကာပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုပြုရာ၏။ ကောင်းမှုကိုပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

၁၁၉။ မကောင်းမှုပြုသောသူပင်ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသေးသရွေ့ ကာလပတ်လုံး ကောင်းမြတ်သော အာရုံကိုတွေ့မြင်နိုင်သေး၏။ မကောင်းမှု အကျိုးပေးသောအခါ၌မူကား မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရသော၏။

၁၂၀။ ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း ကောင်းမှု အကျိုးမပေးသရွေ့ ကာလပတ်လုံး မကောင်းသောအာရုံကို တွေ့

မြင်နိုင်သေး၏။ ကောင်းမှု အကျိုး ပေးသော အခါ၌ မူ ကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့ မြင် ရလေ တော့၏။

၁၂၁။ အနည်းငယ်သော မကောင်းမှုသည် ( ငါ့အား ) အကျိုးရောက်လိမ့်မည် မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ သူမိုက် သည် အနည်းငယ်မျှသော မကောင်းမှုကို ပြုဆည်းပူးဖန် များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။

၁၂၂။ အနည်းငယ်သော ကောင်းမှုသည် ( ငါ့အား ) အကျိုး ရောက်လိမ့်မည် မဟုတ်ဟု ကောင်း မှု ကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေ အိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်အနည်းငယ် မျှ သောကောင်းမှုကို ပြု ဆည်းပူးဖန် များလတ်သော် ကောင်း မှုဖြင့်ပြည့်၏။

၁၂၄။ လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင် ဆောင်နိုင်၏၊ အဆိပ်သည် အနာမရှိသောလက်သို့ အစဉ်မလိုက်၊ စေတနာမရှိပဲ ပြုသောသူအား မကောင်းမှုကံမည်သည်မရှိ။

၁၂၇။ မကောင်းမှုပြုသူသည် ကောင်းကင်၌တည်နေသော် ၎င်း၊ သမုဒ္ဒရာအလယ်၌တည်နေသော်၎င်း၊ တောင်ခေါင်းသို့ဝင် ၍တည်နေသော်၎င်း၊ မကောင်းမှုမှ မလွတ်ရာ၊ အကြင်အရပ်၌

တည်နေသော် မကောင်းမှုမှလွတ်ရာ၏။ ထိုအရပ်မျိုး မရှိနိုင်သည် သာတည်း။

၁၂၉၊ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏၊ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းမှကြောက်ကုန်၏။မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်မညှဉ်းဆဲရာ။

၁၃၁။ အကြင်သူသည် မိမိ၏ချမ်းသာကိုရှာအံ့ဟု မိမိကဲ့သို့ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ် လှံ တန်ဖြင့်ညှဉ်းဆဲ၏။ ထိုညှဉ်းဆဲသောသူသည် တမလွန်ဘဝ၌ ချမ်းသာကိုမရနိုင်။

၁၃၃။ တစုံတယောက်ကိုမျှ ကြမ်းကြုတ်သော စကားကို မဆိုလင့်၊ အဆိုခံရသူတို့သည် သင့်ကိုပြန်လှန်ဆိုကုန်ရာ၏၊ ချုတ်ချယ်သောစကားသည် ဆင်းရဲ၏ အကြောင်းတည်း၊ (သူတပါးကို ဒဏ်ပြုက) အတုံ့အလှည့်ဒဏ်တို့သည် သင့်ထံသို့ရောက်ကုန်ရာ၏။

၁၅၅။ (သူမိုက်တို့သည်) အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခန်းသောညွန်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ (အရွယ်လွန်သောအခါ) ကြံမှိုင်၍သာနေကြရကုန်၏။

၁၅၆။ (သူမိုက်တို့သည်) အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သောမြှားတို့ကဲ့သို့ ရှေးဖြစ်ဟောင်း(သုခ) တို့ကို ညည်းထွားအောက်မေ့၍သာ နေကြရကုန်၏။

၁၅၇။ မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသောအရွယ်၌ (လုံ့လ ထုတ်ကာ)သုတ်သင်ရာ၏။

၁၅၈။ ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ဘည်စေရာ၏၊ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသည် သူဘပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

၁၅၉။ သူတပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင်ယဉ်ကျေးပြီးသော်မှသာ (သူတပါးကို)ဆုံးမရာ၏။ မိမိကိုယ်ကိုယဉ်ကျေးအောင် ဆုံးမရခြင်းသည်ခဲယဉ်းလှစွာတကား။

၁၆၁။ ကျောက်မှဖြစ်သောစိန်သည် (မိမိမှီရာ)ကျောက်ကို သွင်းဖေါက်ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော မိမိမှဖြစ်သော မိမိ ကြောင့်ဖြစ်သောမကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက် ဆီး၏။

၁၆၃။ အပြစ်ရှိ၍မိမိ၏အကျိုးစီးပွားမရှိကုန်သောအမှုတို့ကို ပြုလွယ်ကုန်၏၊ အပြစ်ကင်း၍ အကျိုးစီးပွားရှိသောအမှုကိုအလွန် ပြုနိုင်ခဲ၏။

၁၆၅။ မကောင်းမှုကိုမိမိပြုခဲ့လျှင် မိမိသည်ပင်ညစ်နွမ်းရ၏၊ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏၊ စင်ကြယ် သောကုသိုလ်နှင့် မစင်ကြယ်သောအကုသိုလ်သည် တခြားစီသာ

ဖြစ်၏။ သူတယောက်သည်အခြားသူတယောက်ကို (ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင်) မသုတ်သင်နိုင်။

၁၇၉။ သစ္စာတရားဘခုကိုလွန်၍ မုသားစကား ဆိုလေ့ရှိသော, နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျှင်းမရှိသော သူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည်မရှိ။

၁၈၂။ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏၊ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏၊ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှလွတ်မြောက်၏။

၂၁၄။ အနာရောဂါ ကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း၊ ရောင့်ရဲမှုသည် အလွန်ကဲဆုံးဥစ္စာတည်း၊ ချစ်ကျွမ်းဝင်သူတို့သည် အလွန်ကဲဆုံး ဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

၂၀၆။ သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည်ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖေါ်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏၊ လူမိုက်တို့ကိုမတွေ့မြင်ရခြင်းသည် အမြဲပင်ချမ်းသာ၏။

၂၀၇၊ သူမိုက်နှင့် ပေါင်းဖေါ်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏၊ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏၊ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

၂၁၀။ ချစ်သောသူတို့နှင့်လည်း ရောထွေးရှက်တင်မပေါင်းပေါ်လင့်၊မုန်းသောသူတို့နှင့်လည်း တရံတဆစ်မျှမပေါင်းပေါ်ပါလင့်၊ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်းဆင်းရဲ၏၊ မုန်းသောသူတို့ကိုမြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁၊ ထို့ကြောင့် ( လူကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ ) ချစ်ခင်စွဲလမ်းခြင်းကိုမပြုရာ၊ ချစ်ခင်စွဲလမ်းဘွယ်ရာတို့နှင့်ကွေကွင်းရခြင်းသည် မကောင်းသည်သာတည်း၊ ချစ်ခြင်း မုန်းခြင်းမရှိသောသူအား အနှောင်အဖွဲ့ 'ဂန္ထ' တို့မရှိကြကုန်။

၂၂၃။ အမြက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏၊ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့်အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့်အောင်ရာ၏၊ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့်အောင်ရာ၏။

၂၂၄။ မှန်သောစကားကိုပြောဆိုရာ၏၊ အမျက်မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏၊ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ရောက်ရ၏။

၂၂၇။ အိုအတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးငုံးအစဉ်အလာပေတည်း၊ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်၊ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ များစွာပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ နှိုင်းချိန်၍ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောက၌အကဲ့ရဲ့လွတ်သောသူ မည်သည်မရှိပေ။

၂၂၈။ လုံးဝကွဲရဲ့ခံရသူ လုံးဝချီးမွမ်းခံရသူ မည်သည့်ရှေးကလည်း မရှိခဲ့စဘူး၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်း မရှိ။

၂၃၉။ ပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့ပညာရှိသည် အစဉ်သဖြင့် မိမိ၏အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း (ရာဂစသော အညစ်အကြေးကို) ထုတ်ပယ်ရာ၏။

၂၄၀။ သံချေးသည် သံမှာပင်ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် (ပြန်၍) စားသကဲ့သို့ ဤအတူမကောင်းမှု၌ လွန်ကျူး၍ကျင့်သောသူကို မိမိကျင့်ကြံမှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

၂၄၁။ စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် ( ပျက်စီးကြောင်း ) အညစ်အကြေးရှိကုန်၏၊ အိမ်တို့သည် ကြောင့်ကြတစိုက်မပြုပြင်ခြင်းလျှင် (ပျက်စီးကြောင်း) အညစ်အကြေးရှိကုန်၏၊ ပျင်းရိခြင်းသည် အဆင်း (လှပခြင်း) ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏၊ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏။

၂၄၂။ ( လင်ကို ) လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏၊ နှမြောဝန်တိုခြင်းသည် ပေးလှူသူ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏၊ ယုတ်ညံ့

သော အကုသိုလ်တရားတို့သည် ဤဘဝ၌ပင်၊ တမလွန်ဘဝ၌ပင်၊ ကောန်ပျက်စီးကြောင်း အညစ်အကြေးမည်ကုန်၏။

၂၄၆-၂၄၇။ လောက၌ အကြင်သူသည် သူ့အသက်ကို သတ်၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ ပိုင်ရှင် မပေးသောသူ့ဥစ္စာကိုလည်း ခိုးယူ၏၊ သူတပါးမယားကိုလည်း သွားလာ၏၊ သေရည်သေရက်ကိုလည်း သောက်စား၏၊ ထိုသူ သည် ဤဘဝ၌ပင်လျှင် မိမိ၏မူလရင်း အခြေအမြစ်ကို တူးဖြို ဖျက်ဆီးသည်မည်၏။

၂၄၈။ အိုယောကျ်ား၊ ကိုယ်စသည်ကို စောင့်စည်းမှုကင်းဝေး သူတို့သည် ယုတ်ညံ့သော သဘောရှိကုန်၏ဟု သိလေလော့၊ လောဘသည်၎င်း၊ ဒေါသသည်၎င်း၊ သင့်ကိုကြာမြင့်စွာဆင်းရဲစေ ရန် မပြုလုပ်ပါစေလင့်။

၂၅၁။ ရာဂနှင့်တူသော မီးသည်မရှိ၊ ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည်မရှိ၊ မောဟနှင့်တူသော ပိုက်ကွန် သည် မရှိ၊ တဏှာနှင့်တူသောမြစ်သည် မရှိ။

၂၅၂။ သူတပါးတို့၏ အပြစ်ကိုမြင်လွယ်၏၊ မိမိ၏အပြစ်ကို ကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကိုလွှင့်သကဲ့သို့ သူတပါးတို့၏ အပြစ်ကိုလွှင့်၏၊ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို (သစ်ရွက်စသည်ဖြင့်) ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုမူကား ဖုံး လွှမ်း၏။

၂၅၆။ ဆုံးဖြတ်အပ်သော (အမှု) သဘောကို နိုင်တက်စီး နင်းဆုံးဖြတ်ခြင်းကြောင့် တရား၌တည်သူ တရားသူကြီးမဟုတ်၊

ပညာရှိသည် ဟုတ်မှန်သော အကြောင်း၊ မဟုတ်မမှန်သော အကြောင်းနှစ်ပါးစုံကို (စုံစမ်းမေးမြန်း၍) ဆုံးဖြတ်ရာ၏။

၂၅၇။ မချွတ်မယွင်း တရားနှင့်အညီ သူတပါးတို့ကို နိုင်ခြင်းရှုံးခြင်းသို့ ရောက်စေသော ပညာရှိကို တရားစောင့်သော တရား၌တည်သူ တရားသူကြီးဟုဆိုအပ်၏။

၂၆၂။ ငြူစူတတ်သော ဝန်တိုသော စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် ကောင်းသော စကားကို ပြောတတ် ကာမျှဖြင့်၎င်း ရုပ်အဆင်းလှပကာမျှဖြင့်၎င်း ကောင်းသောသဘောရှိသည်မမည်။

၂၆၃။ အကြင်သူသည် ငြူစူခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း ဟူသော ထိုသဘောကို အကြွင်းမဲ့ ဖြတ်၏၊ အမြစ်ပယ်နှုတ်ပြီးဖြစ်၏၊ ကိလေသာအမြင်ကို ထွေးအန်ပြီးသော ထိုပညာရှိကို ကောင်းသောသဘောရှိသူဟု ဆိုအပ်၏။

၂၉၁။ သူတပါးအား ဆင်းရဲကို ဖြစ်စေလျက် မိမိ၏ချမ်းသာကို အလိုရှိသူသည် ရန်ရန်ခြင်းရောနှောသောအားဖြင့် ရောနှောသည်ဖြစ်ရကား ရန်မှမလွတ်နိုင်။

၃၀၃၊ သဒ္ဓါတရားလည်းရှိ သီလနှင့်လည်းပြည့်စုံ အခြံအရံ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသူသည် ရောက်လေရာရာ အရပ်တို့၌ အပူဇော်ခံရ၏။

၃၀၄။ ဟိမဝန္တာတောင်သည် အဝေး၌တည်သော်လည်း ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် နေသော်လည်း ထင်ရှားကုန်၏၊ ညဥ့်အခါ၌ ပစ်လိုက်သည့် မြှားတို့သည်

မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ ရှိနေကြကုန်သော်လည်း မထင်ရှားကုန်။

၁၁၄။ မကောင်းမှုကို မပြုခြင်းသည် မြတ်၏၊ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏၊ ကောင်းမှုကိုပြုခြင်းသည်ကား မြတ်၏၊ ယင်းကောင်းမှုကိုပြုခြင်းကြောင့် နောင်တတဖန်မပူပန်ရ။

၁၂၆။ ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိတိုင်း ကောင်းနိုးရာရာ လှည့်လည် ကျက်စားခဲ့လေပြီ၊ ချွန်းကိုကိုင်သောဆင်ထိန်းသည် အမှန်ယစ်သောဆင်ကို နှိပ်ဘိသကဲ့သို့ ငါသည် ယခုထိုစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် နှိပ်ပေအံ့။

၁၂၇။ မမေ့မလျော့သော အပ္ပမာဒဘာရုံး၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွန်၌ကျွံနစ်သောဆင်သည် မိမိကိုယ်ကို ညွန်ပျောင်းမှ ထုတ်သကဲ့သို့ သင်တို့သည် ကိလေသာညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်နှုတ် ကြကုန်လော့။

၁၃၁။ အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စ ပေါ်ပေါက်လာသောအခါ ချမ်းသာ၏။ ရရသမျှသောပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီးအခါ၌ ချမ်းသာ၏၊ ဆင်းရဲ အလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

၁၃၂။ လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏၊ ထို့ပြင် အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ

ကြောင်းဖြစ်၏၊ လောကဥ္စရဟန်းကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏၊ ထို့ပြင် မကောင်းမှုမှ အပပြုပြီးသူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ တို့ကို ပြုစု လုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ သဒ္ဓါတရားဘည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏၊ ပညာကိုရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကိုမပြုခြင်းသည် ချမ်းသာ၏။

၃၈၀။ မိမိသည်သာလျှင် မိမိကိုးကွယ်ရာဖြစ်၏၊တပါးသောသူသည် အဘယ်မှာကိုးကွယ်ရာဖြစ်နိုင်အံ့နည်း၊ မိမိသည်သာလျှင် မိမိ၏ လည်းလျောင်းရာဖြစ်၏၊ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လေလော့။

# သိင်္ဂါလောဝါဒသုတ်

သိင်္ဂါလောဝါဒသုတ်သည် ဒီဃနိကာယ်ပါထိကဝဂ်တွင် ပါရှိသည်။ သိင်္ဂါလသတို့သားကိုအကြောင်းပြု၍ ဟောထားခဲ့သော သုတ်ဖြစ်၍ သိင်္ဂါလသုတ်ဟုအမည်တွင်သည်။ သိင်္ဂါလသုတ်သည် လူမှုရေးကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာသည် အဖက်ဖက်မှစုံလင်အောင် ဟောသားတော်မူခဲ့သော တရားဖြစ်သဖြင့် အစဥ်အဆက်သော ဆရာတော်ကြီးများနှင့် လူပညာရှိ ပုဂ္ဂိုလ်များသည် လူမှုရေးကိစ္စနှင့် ပတ်သက်၍ပြောဆို သုံးမှုရန်ရှိပါက ဤသိင်္ဂါလသုတ်ကိုအဓိကထား၍ ဟောပြောရေးသားတော်မူကြသည်။

သိင်္ဂါလောဝါဒသုတ်၌ ဗုဒ္ဓသည် လူ့ဘဝလောကဇာတ်ခုံ၌ လူတယောက် ကပြရမည့် ကဏ္ဍအသီးသီးအတွက် တာဝန်နှင့်ဝတ္တရားများကို ထင်ရှားပြည့်စုံစွာဟောထားတော်မူခဲ့သည်။ လူတဦးသည် ဘဝဇာတ်ခုံ၌ သားသမီးအနေဖြင့်ရင်း၊ တပည့်အနေဖြင့်ရင်း၊ မိဘအနေဖြင့်ရင်း၊ ဆရာအနေဖြင့်ရင်း၊ အလုပ်ရှင် အနေဖြင့်ရင်း၊ အလုပ်သမားအနေဖြင့်ရင်း၊ ဇနီးခင်ပွန်းအနေဖြင့်ရင်း၊

မိတ်ဆွေအနေဖြင့်၎င်း၊ ဆရာဒါယကာအနေဖြင့်၎င်း၊ အမျိုးမျိုးသော ကဏ္ဍမှ လူတိုင်းကပြုရမည်မှာအမှန်ပင်ဖြစ်သည်။

ဤသို့မိမိတွေ့ကြုံကပြုရမည့် ကဏ္ဍအပိုင်းအခြား၌ ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများသည် ထင်ရှားမသေချာရှိပေသည်၊ ယင်းတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပျက်ကွက်သူသာလျှင် ပြုသင့်ပြုထိုက်သော ဝတ္တရားများကို မပြုခြင်းကြောင့် ခံရမည့် အကုသိုလ်မျိုး (ဝါ) မကောင်းသောဆိုးကျိုးကိုသာခံရတတ်ပေသည်။

လူတိုင်းလူတိုင်းသည် မိမိ ကပြုရမည့် ကဏ္ဍအသီးသီးအတွက် ဗုဒ္ဓသတ်မှတ်ပေးသော တာဝန်ဝတ္တရားများကို ကျေပြွန်စွာလိုက်နာနိုင်ကြမည်ဆိုပါက လူတဦးချင်း၏ ဘဝသာယာမှုကိုသာမက လူ့အဖွဲ့အစည်းကြီးတခုလုံး၏ အေးချမ်းသာယာမှုကိုလည်း မုချမသွေ ရရှိနိုင်သဖြင့် လိုက်နာကျင့်ကြံနိုင်သည်နှင့်အမျှ ကောင်းကျိုးများ ရရှိနိုင်သော အဖိုးတန် လူ့ကျင့်ဝတ်များပင် ဖြစ်ပေသည်။

သိင်္ဂါလသုတ်တော်တွင် မိတ်ဆွေ အပေါင်းအသင်း များနှင့်ပတ်သက်၍ မိတ်ဆွေတု၊ မိတ်ဆွေစစ်တို့၏ အင်္ဂါရပ်များ၊ မိတ်ဆွေကောင်းများရရန် အကြောင်းများနှင့် မိတ်ပျက်စေသော အကြောင်းများကို ပြည့်စုံစွာဟောထားသဖြင့် ဗုဒ္ဓ၏မိတ္တဗလဋီကာဟုပင် ခေါ်ဆိုထိုက်ပါသည်။ ၎င်းအပြင်စည်းစိမ်ပျက်စီးကြောင်းခြောက်ပါးကို ဖော်ပြထားသဖြင့် ရပြီးသောစည်းစိမ်ဥစ္စာများမပျက်စီးစေရန် မည်ကဲ့သို့ကျင့်ရမည်စသည်ဖြင့် လူမှုရေး တရား

တော်ကို ဟောထားတော် မူခဲ့ပါသည်။ အလွန် မှတ်သားထိုက်သောသုတ်တော်ဖြစ်၍ မှတ်မိအောင် နှေးနှေးနှင့်လေးလေးဘတ်ရှုသင့်ကြောင်းတင်ပြအပ်ပါသည်။

သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် တရံရောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း စံမွေ့တော်မူသတည်း။

ထိုအခါ သိင်္ဂါလအမည်ရှိသော သူကြွယ်သားသည် နံနက်စောစောထလျက် ရာဇဂြိုဟ်မြို့တွင်းမှထွက်၍ စိုစွတ်သောအဝတ်၊ စိုစွတ်သောဦးဆံဖြင့် လက်အုပ်ချီလျက် အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ အောက်အရပ်၊ အထက်အရပ် တည်းဟူသောအရပ်ဒိသာ ၆ မျက်နှာကို လှည့်လည်ကာ ရှိခိုးလျက်နေလေ၏။

မြတ်စွာဘုရားသည် နံနက်အခါ၌ ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံဝင်အံ့သောငှာ ဝေဠုဝန်ကျောင်းတော်မှ ကြွချီတော်မူလတ်သော် အရပ်ဒိသာ ၆မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးနေသော သူကြွယ်သားကို မြင်တော်မူသော် ဤသို့မိန့်တော်မူ၏။

“သိင်္ဂါလဟု နာမထင်ရှားသူကြွယ်သား၊သင်သည်စိုစွတ်သောအဝတ်၊စိုစွတ်သောဦးဆံ၊ မြောက်ချီသော လက်အုပ် ရှိသည်ဖြစ်၍ အရပ်ဒိသာ ၆မျက်နှာကို လှည့်လည်ကာ ရှိခိုးသည်ကား အကြောင်းအသို့နည်း” ဟု မေးတော်မူ၏။

ထိုအခါ သိင်္ဂါလအမည်ရှိသော သူကြွယ်သားက ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော် အလွန်ကြီးတော်မူလှသော သဗ္ဗညု မြတ်စွာဘုရား၊ အကျွန်ုပ်၏အဘဖြစ်သူသည် ဘဝတပါး ပြောင်းသွားသေလွန်ခါနီး အကျွန်ုပ်ကို ခေါ်၍ ငါ၏ သားကြီးချစ်မငြိုး အရပ်ဒိသာ ၆မျက်နှာကို ရိုသေစွာ စိတ်စွဲ၍ အမြဲရှိခိုးရစ်လော့-ဟု နောက်ဆုံးစကား မှာကြား ခဲ့ပါသည်။ ထိုအကြောင်းကြောင့် အဘမှာကြားခဲ့သော စကားကို လေးစားကြည်ညို ပူဇော်လို၍ စိုစွတ်သောအဝတ်၊ စိုစွတ်သောဦးဆံ၊ မြောက်ချီသော လက်အုပ်ရှိသည်ဖြစ်၍ အကျွန်ုပ်သည် အရပ်ဒိသာ ၆ မျက်နှာကို လှည့်လည်ကာ ရှိခိုးရပါသည်ဘုရား"ဟုလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့မိန့်တော်မူ၏။

"သိင်္ဂါလဟု နာမည်ထင်ရှားသူကြွယ်သား၊ အရပ်ဒိသာ ၆ မျက်နှာကို ရိုသေစွာစိတ်စွဲ၍ အမြဲရှိခိုးရစ်လော့ဟု အဆုံးစွန်စကား သင့်အဘ မှာကြားသော အရာသည် ရှေ့၊ နောက်၊ တောင်၊မြောက်၊အောက်၊အထက် ဟူသော အရပ် ဒိသာ ၆မျက်နှာကိုမှာကြားလိုသည်မဟုတ်။ င ါဘုရား၏ သာသနာ့ မှာလည်း အရပ်ဒိသာ၆မျက်နှာရှိသည်။ ထိုအရပ် ၆မျက်နှာကို ရိုသေစွာ စိတ်စွဲ၍ ရှိခိုးရမည်ဆိုသည်မှာသည်း လက်အုပ်ချီမိုး၍ရှိခိုးသည်ကို မှာဆိုခဲ့သည်မဟုတ်"ဟု မိန့်တော်မူ၏။

ထိုအခါ သိင်္ဂါလ သူကြွယ်သားက ဤသို့ နား တော် လျှောက်၏။

"ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား၊ အရပ်ဒိသာ ၆မျက်နှာဆိုသည်ကား အဘယ်အရာကိုဆိုလိုပါသနည်း၊ ရိုသေစွာစိတ်

စွဲ၍ အမြဲရှိခိုးရမည်ဆိုသည်ကား အဘယ်သို့ပြုသည်ကိုဆိုလိုပါ သနည်း၊ ဤအရာကို မလိမ္မာသူအကျွန်ုပ်အား ကရုဏာရှေ့ထား၍ ဟောကြား ဖော်ပြတော်မူပါအရှင်ဘုရား” ဟု လျှောက်၏။

ထိုအခါအိမ်နေသူ လူအပေါင်းတို့အား လူကောင်းစင်စစ်ဖြစ်ဘို့ အမှန်ရှောင်ကြဉ်ရန် တရား တဆယ့်လေးပါးတို့နှင့်တကွ သူကြွယ်သား တောင်းပန်ချက်ကို ဆက်လက် ထုတ်ဖော်ဟောကြားတော်မူပေသတည်း။

သူကြွယ်သား သူတော်ကောင်းတို့သည် ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်ကုန်၏။ လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကိုမပြု၊ စည်းစိမ်ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှီဝဲ၊ ထိုသူတော်ကောင်းတို့သည် ဤတဆဲ့ လေးပါးသော မကောင်းမှုမှ ကင်းသည်ဖြစ်၍ အရပ်ခြောက်ပါးကိုလုံခြုံစေလျက် ပစ္စုပ္ပန် တမလွန်လောကနှစ်ပါးကို အောင်ခြင်းငှာ ကျင့်၏။ ထိုသူတော်ကောင်းတို့သည် ခန္ဓာ ပျက်စီး သေပြီးသည်နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ရောက်၏။

သူတော်ကောင်းတို့သည် အဘယ်ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်သနည်းဟူမူ—

## ကမ္မကိလေသတရား (၄)ပါး

၁။ ပါဏာတိပါတ။ သန်းဥ၊ ကြမ်းပိုးဥမှစ၍ အသက်ရှိသူ လူ တိရစ္ဆာန် သတ္တဝါမှန်သမျှကို သတ်ဖြတ် ညှင်းဆဲခြင်းတပါး။

၂။ အဒိန္နာဒါန။ သူတပါးတို့ ပိုင်ဆိုင်သော ဥစ္စာကို အနိုင်အထက် နှိပ်စက် ခြိမ်းခြောက် တောင်းရမ်းခြင်းခံ၍ယူခြင်း၊ သူခိုး၊ ဓမြကဲ့သို့ ခိုးဝှက်တိုက်ခိုက်ယူခြင်း၊ အမျိုးမျိုးသော လိမ်နည်းတို့ဖြင့် လိမ်လည်၍ ယူခြင်း၊ အမျိုးမျိုးသော စဉ်းလဲနည်းတို့ဖြင့် စဉ်းလဲယူခြင်းတပါး။

၃။ ကာမေသုမိစ္ဆာစာရ၊ ယောကျ်ား တို့မှာ မကျူးလွန်အပ်သော နှစ်ကျိပ်သော မိန်းမတို့၌ ကျူးလွန်ခြင်း၊ လင်ရှိမိန်းမတို့မှာ မိမိလင်မှ တပါးသော ယောကျ်ားများနှင့် ပေါင်းဖေါ်ခြင်းတပါး။

၄။ မုသာဝါဒ ။မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းတပါး။

သူကြွယ်သား အသက်သတ်ခြင်းကိုရင်း၊ မပေးသည်ကို ယူခြင်းကိုရင်း၊ သူတပါး၏မယား၌ သွားလာခြင်းကိုရင်း၊ မဟုတ်မမှန်ပြောဆိုခြင်းကိုရင်း၊ ညစ်ညူးသောကံဟုဆိုအပ်၏။ ထိုညစ်ညူးသောကံနှင့် ပြည့်စုံသူတို့ကိုပညာရှိတို့သည် မချီးမွမ်းကုန်ဟုမိန့်တော်မူ၏။

## အဂတိတရား (၄) ပါး။

၁။ ဆန္ဒာဂတိ။ – လူ့မျက်နှာ ကိုသော်ရင်း၊ တံစိုးလက်ဆောင်ကိုသော်ရင်း၊ ငဲ့ကွက်သည့် အတွက်ကြောင့် မတော်မတရား ပြုခြင်းတပါး။

၂။ ဒေါသဂတိ။ – မုန်းသည့် အတွက်ကြောင့် မတော် မတရား သော အမှုကိုပြုခြင်းတပါး။

၃။ ဘယာဂတိ။ – ကြောက်သည့် အတွက်ကြောင့် မတော် မတရားသော အမှုကိုပြုခြင်းတပါး၊

၄။ မောဟဂတိ။– တရားလမ်းမှန်ကို မသိသည့်အတွက်ကြောင့် မတော် မတရားသော အမှုကို ပြုခြင်း တပါး။

သူကြွယ်သား၊အကြင်သူသည် ချစ်ခြင်းကြောင့်ရင်း၊ မုန်းခြင်း ကြောင့်ရင်း၊ ကြောက်ခြင်းကြောင့်ရင်း၊ မသိခြင်းကြောင်းရင်း၊ တရားကိုကျူးလွန်၍ကျင့်၏၊ ထိုသူ၏အခြံအရံ အကျော်အစော သည် လဆုတ်ပက္ခ၌လမင်းကဲ့သို့ တနေ့တခြားဆုတ်ယုတ်၏။

အကြင်သူသည် ချစ်ခြင်းကြောင့်ရင်း၊ မုန်းခြင်းကြောင့်ရင်း၊ ကြောက်ခြင်းကြောင့်ရင်း၊ မသိခြင်းကြောင့်ရင်း၊ တရားကိုကျူး လွန်၍မကျင့်၊ ထိုသူ၏အခြံအရံ အကျော်အစောသည် လဆန်း ပက္ခ၌လမင်းကဲ့သို့ တနေ့တခြားပြည့်စုံ၏ ဟု မိန့်တော်မူ၏။

## ပျက်စီးကြောင်းတရား ခြောက်ပါး။

သူတော်ကောင်းတို့သည် အဘယ်ခြောက်ပါးသော စည်းစိမ် ပျက်ကြောင်းတို့ကို မမှီဝဲသနည်းဟူမူ—

၁။ သူကြွယ်သား၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်နှင့် ယစ်မျိုးတို့ကို သောက်လေ့ရှိ ခြင်းသည် စည်းစိမ်ပျက်စီးကြောင်း တပါး၊

၂။ အခါမဲ့ညအခါ၌ ခရီးသွားလေ့ရှိခြင်းသည် စည်းစိမ်ပျက်ခြင်းအကြောင်း တပါး။

၃။ ပွဲလမ်းသဘင်ကို ရှာဖွေကြည့်ရှုလေ့ ရှိခြင်းသည် စည်းစိမ်ပျက်ခြင်းအကြောင်း တပါး။

၄။ ကသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာစီးပွားရေးတို့၌ မေ့လျော့ကြောင်း ဖြစ်သော အလောင်း အစား ကစားလေ့ရှိခြင်းအကြောင်း တပါး။

၅။ ပျင်းရိလေ့ ရှိခြင်းသည် စည်းစိမ်ပျက်ခြင်း အကြောင်း တပါး။

၆။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်းသည် စည်းစိမ်ပျက်ခြင်း အကြောင်း တပါး။

## ယစ်မျိုးသောက်စားမှု အပြစ် (၆) ပါး။

သူကြွယ်သား၊ မူးရစ်မေ့လျော့ကြောင်းဖြစ်သော သေရည် သေရက်နှင့် ယစ်မျိုးတို့ကို သောက်လေ့ရှိခြင်း၌ အပြစ်တို့သည် ခြောက်ပါးတို့တည်း။

၁။ ယခုမျက်မှောက်ဘဝ၌ ဥစ္စာပြုန်းတီးခြင်းတပါး။

၂။ ခိုက်ရန်ဒေါသပွားများခြင်း တပါး။

၃။ ရောဂါဆိုး၊ အနာဆိုးတို့ ပေါ်ပေါက်ပွားများရန် အကြောင်းဖြစ်ခြင်း တပါး။

၄။ အကျော်အစောမဲ့ခြင်းကို ဖြစ်စေခြင်းတပါး။

၅။ အရှက်ကွဲရာကိုယ်အင်္ဂါကို ဖေါ်ပြခြင်းတပါး။

၆။ အသိအလိမ္မာ ဉာဏ်ပညာ ယုတ်လျော့ခြင်းကို ပြုခြင်းတပါး။

## ည အခါ လမ်းလျှောက်မှု အပြစ် (၆) ပါး။

သူကြွယ်သား၊ အခါမဲ့ ခရီးသွားလာလေ့ရှိခြင်းတို့၌အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

၁။ မိမိအသက်အန္တရာယ်မှ အစောင့်အရှောက် ကင်းခြင်းတပါး။

၂။ သားသမီး၊သားမယားတို့ ကသောက်ကရောက်ဖေါက်ပြန်ပျက်ပြားခွင့်မှ အစောင့်အရှောက် ကင်းခြင်းတပါး။

၃။ ဥစ္စာဓနအန္တရာယ်မှ အစောင့် အရှောက် ကင်းခြင်းတပါး။

၄။ သူတပါးပြုသောမကောင်းမှုတို့၌ ဤသူပြုမည်ဟုယုံမှားခံရခြင်းတပါး။

၅။ သူတပါးတို့ မဟုတ် မတရားစွပ်စွဲခြင်းကြောင့် အဟုတ်ထင်၍ မှုပြစ်မင်းဒဏ်ရောက် လွယ်ခြင်းတပါး။

၆။ ဒုက္ခအမျိုးမျိုးတွေ့ကြုံရန် ရေးရှလျက် ရှိခြင်းတပါး။

## ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ် (၆) ပါး။

သူကြွယ်သား၊ ပွဲလမ်းသဘင် ရှာဖွေကြည့်ရှုခြင်းပြုရာ၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

၁။ ကပွဲခုန်ပွဲတို့ဘယ်မှာရှိသနည်းဟု မေး၍သွားသဖြင့် နေ့ရက်ကုန်ဆုံးသောကြောင့် ကုသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ လစ်ဟင်းခြင်းတပါး။

၂။ သီချင်းသီပွဲ၊ ဆိုပွဲတို့ဘယ်မှာ ရှိသနည်းဟု မေး၍ သွားသဖြင့် နေ့ရက်ကုန်ဆုံးသောကြောင့် ကုသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့၌ လစ်ဟင်းခြင်းတပါး။

၃။ တီးပွဲ၊ မှုတ်ပွဲတို့ဘယ်မှာရှိသနည်းဟု မေး၍သွား သဖြင့် နေ့ရက်ကုန်ဆုံးသောကြောင့် ကုသိုလ်ရေး၊လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေး တို့၌ လစ်ဟင်းခြင်းတပါး။

၄။ ရာမဇာတ်နောင်၊ ငွေ တောင် ဘာတရ အစရှိသော သမ္ဗပ္ပလာပ အင်္ဂါ၊ ဒဏ္ဍာရီဇာတ် ဝတ္ထု တို့ကို ဖွဲ့ဆို ဟောပြောသော သာချင်းပွဲတို့ဘယ်မှာ ရှိသနည်းဟု မေး၍ သွားသဖြင့် နေ့ရက် ကုန်ဆုံးသော ကြောင့် ကုသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့၌ လစ်ဟင်းခြင်းတပါး။

၅။ လက်ခုတ်တီးပွဲ၊ အရပ်ပွဲတို့ဘယ်မှာရှိသနည်းဟုမေး၍ သွားသဖြင့် နေ့ရက်ကုန်ဆုံးသောကြောင့်ကုသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့၌ လစ်ဟင်းခြင်း တပါး။

၆။ အိုးစည်ပွဲတို့ဘယ်မှာ ရှိသနည်းဟု မေး၍သွားသဖြင့် နေ့ရက်ကုန်ဆုံးသောကြောင့် ကုသိုလ်ရေး၊ လိမ်မာရေး၊ ဥစ္စာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့၌ လစ်ဟင်းခြင်းတပါး။

## လောင်းကစားခြင်း၏ အပြစ် (၆) ပါး။

သူကြွယ်သား၊ မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားလေ့ရှိခြင်း၌အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

၁။ နိုင်သောသူမှာရှုံးသောသူက ငြိုးမှုအတွက် ရန်ပွားခြင်းတပါး။

၂။ ရှုံးသောသူမှာ ကုန်သောပစ္စည်းဥစ္စာအတွက် စိတ်မကျေးအေးနိုင်ခြင်း တပါး။

၃။ ယခု မျက်မှောက်ဘဝမှာ ဥစ္စာပြုန်းတီးတတ်ခြင်းတပါး။

၄။ လွှတ်ရုံးစသော သဘင် အလယ်၌ ထိုသူ၏ စကားမအောင်မြင်ခြင်းတပါး။

၅။ ဆွေမျိုး ဉာတိတို့၏ ကရုဏာ ဒေါသဖြင့် ရှုတ်ချနှိပ်နယ်မှုကိုခံရခြင်းတပါး။

၆ ။ ဤသူသည် ကစားသမားဘည်း၊ မယားကို ကျွေးမွေးရန်မစွမ်းနိုင်ဟု သမီးပေးသားယူ ပြုလုပ်လိုသောသူတို့ ရှောင်ကြဉ်ခြင်းတပါး။

## ပျင်းရိခြင်းအပြစ် (၆)ပါး။

သူကြွယ်သား၊ ပျင်းရိလေ့ရှိခြင်း၌အပြစ်တို့သည်ဤခြောက်ပါးတို့ဖြစ်သတည်း။

၁ ။ ချမ်းအေးလှသေးသည် ဟူ၍ အလုပ် လစ်ဟင်းခြင်းတပါး။

၂ ။ ပူလှသေးသည်ဟူ၍ အလုပ်လစ်ဟင်းခြင်းတပါး။

၃ ။ မိုးချုပ်လှပြီဟူ၍ အလုပ်လစ်ဟင်းခြင်းတပါး။

၄ ။ စောလှသေးသည်ဟူ၍ အလုပ်လစ်ဟင်းခြင်းတပါး။

၅ ။ ဆာမွတ်လှသေးသည် ဟူ၍ အလုပ် လစ်ဟင်း ခြင်းတပါး။

၆ ။ ထမင်းစားပြီးခါစဖြစ်၍ ဝမ်းအင့်သေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတပါး။

## မိတ်မကောင်း နှင့် ပေါင်းဖေါ်ခြင်း အပြစ် (၆) ပါး။

သူကြွယ်သား၊ မကောင်းသောသူတို့ကို အဆွေခင်ပွန်းပြုလေ့ရှိခြင်း၌အပြစ်တို့သည် ဤခြောက်ပါးတို့ဖြစ်သတည်း။

၁ ။ အလောင်းအစား ကစားကြူးသူတို့နှင့်ပေါင်းဘက်ခြင်းတပါး။

၂။ မိန်းမကြူးသူ၊ အစားကြူးသူ တို့နှင့် ပေါင်းဘက်ခြင်းတပါး။

၃။ အသောက်ကြူးသူတို့နှင့် ပေါင်းဘက်ခြင်း တပါး။

၄။ ရွှေတု၊ ငွေတု၊စသည်ပြု၍ လိမ်လည်လေ့ရှိသော သူတို့နှင့်ပေါင်းဘက်ခြင်းတပါး။

၅။ ထိုမှတပါးသော စဉ်းလဲလှည့်ပတ် လေ့ရှိသော သူ၊ လူကောက်လူညစ်တို့နှင့်ပေါင်းဘက်ခြင်းတပါး။

၆။ ခမြုံသူခိုး၊ လူဆိုး၊ လူဘမ်း၊ လူသရမ်းတို့နှင့် ပေါင်းဘက်ခြင်းတပါး။

## မိတ်ဆိုး၊ မိတ်တု (၄) ယောက်။

သူကြွယ်သား၊ မိတ်ဆွေစစ်မဟုတ်သော ဤမိတ်ဆွေတု လေးယောက်ကို သိအပ်ကုန်၏။

၁။ **အညဒတ္ထုဟရမိတ်**–။စင်စစ်ယူဆောင်သောအဆွေခင်ပွန်း။ (မိမိကို ပေးကမ်း ထောက်ပံ့မည့်သူ မဟုတ်၊ ယူမည့်သူသက်သက်သာ ဖြစ်သတည်း။)

၂။ **ဝစီပရမမိတ်** –။နှုတ်ဖြင့်သာ ပေးဘတ်သော အဆွေခင်ပွန်း။ (ပေးကမ်းမှု၌ လက်မပါ၊ ပစပ်ပြောသာကောင်းသော အဆွေခင်ပွန်းဖြစ်သတည်း။)

၃။ **အနုပိယဘာဏီမိတ်** - ။ရှေ့မှောက်တွင်သာ ချစ်ခင်ယောင်ပြ၍ အလိုက်သင့်ပေါင်းသော အဆွေခင်ပွန်း။

၄။ **အပါယသဟာယမိတ်**-။ယုတ်မာသောအမှုတို့၌အဖော်သဟဲရသောအဆွေခင်ပွန်း။ ( သတ်ဖော်ဖြတ်ဖော်၊ ခိုးဖော်တိုက်ဖော်၊ မိုက်ဖော်မဲဖော်တို့၌အဖော်ရသောအဆွေခင်ပွန်းဖြစ်သတည်း။)

ဤလေးယောက်သော သူတို့သည် အကျိုးမဲ့ကိုသာ ဖြစ်ကုန်သောကြောင့် အဆွေခင်ပွန်း အစစ်မဟုတ်ကြကုန်။ ခင်ပွန်းတု၊ ခင်ပွန်းယောင်ဆောင်ကြသော ရန်သူတို့သာတည်း၊ ဝေးစွာရှောင်ကြရာ၏။

**အညဒတ္ထုဟရ မိတ်၏လက္ခဏာ (၄) ပါး။**

သူကြွယ်သား၊ စင်စစ်သာယုတတ်သော မိတ်ဆွေစစ်မဟုတ်သောမိတ်ဆွေတုကိုဤလေးပါးသောအကြောင်းတို့ဖြင့်သိအပ်၏။

၁။ ပေးမည်ဟုမကြံ၊ ရသာတိုင်းဆောင်ယူခြင်းလက္ခဏာတပါး။

၂။ အနည်းငယ်ပေး၍ များများယူခြင်းလက္ခဏာတပါး။

၃။ မလွှဲသာလှမှ ကိစ္စကိုဆောင်ရွက်ပေးခြင်း လက္ခဏာတပါး။

၄။ မိမိအကျိုးကိုင်္ ရှာသော ပေါင်းဖော်ခြင်း လက္ခဏာ တပါး။

**ဝစီပရမ မိတ်၏လက္ခဏာ (၄) ပါး။**

သူကြွယ်သား၊ နှုတ်ဖြင့်သာလျှင်ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို ဤလေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

၁။ အတိတ်နှင့်လောကွတ်ပြုခြင်းတပါး။ (မိတ်ဆွေဖြစ် သူက ကိစ္စရှိ၍ချေးပါ၊ ပေးပါဟုဆိုလာလျှင် ရှိတုန်း အခါက သင့်ကိုမျှော်လင့်ပါ၏၊ သင်မလာခဲ့ချေ။ ယခုကုန်သွားပါပြီဟု ရှိသည်ကိုမပေးလို မချေးလို၍ အတိတ်နှင့် လောကွတ်ပြုခြင်းတည်း။)

၂။ အနာဂတ်နှင့်လောကွတ်ပြုခြင်းတပါး။ (ရှိလျက်နှင့် မပေးလို၍ ယခုမရှိခိုက် ကြုံရလေခြင်း၊ မပေးရလေ ခြင်း၊ နောင်ရှိသောအခါ လာခဲ့ပါဟု အနာဂတ် နှင့် လောကွတ်ပြုခြင်းတည်း။ နောက်လာပြန်လျှင် လည်း တမျိုးလှည့်၍ ပြောပြန်ခြင်းတည်း။)

၃။ အချည်းနှီးလောကွတ်ဖြင့် ချီးမြှောက်ခြင်းတပါး။ (ထိုသူ၌ပြည့်ပြည့်စုံစုံရှိ၍ မယူလိုမှန်းသိသောအခါ ငါ့မှာငွေရှိပါသည် အလိုရှိလျှင်ယူသုံးပါဟု ပေး၏။ ထိုသူ၌မပြည့်မစုံရှိ၍ လိုချင်မှန်းသိသောအခါ ငွေ မရှိဟု ဝှက်၏။ မစားနိုင်သောအခါ စားပါစားပါ

ဟု ပေး၏။ ရှက်ဆောင်ရန်အကြောင်းကိစ္စမရှိသော
အခါ အကြောင်းကိစ္စရှိလျှင် ဆောင်ရွက်လိုဟန်ပြု၍
အကြောင်းကိစ္စ တကယ်ရှိလာလျှင် ကိစ္စတပါးနှင့်
အသံပေး၍ ဝေးရာသို့ရှောင်ရှား၏။ အကြောင်း
ကိစ္စပြီးမှပြန်လာ၍ ငါတို့မရှိခိုက် ကြုံရလေခြင်းဟု
နှောင်တစကားများစွာပြောခြင်းတည်း။)

၄။ မိတ်ဆွေဖြစ်သူ၌ ကူညီရန်အခွင့်ရှိလာလျှင် မိမိပျက်
စီးမှုကိုပြခြင်းတပါ။ (ခေါင်းကိုက်လေဟန်၊ ဝမ်း
နာလေဟန်၊ စီးပွားပျက်လေဟန် ဆောင်ပြခြင်း၊
အစရှိသည်တို့ဖြစ်သတည်း။)

**အနုပိယ မိတ်၏လက္ခဏာ (၄) ပါး။**

သူကြွယ်သား၊ အကြိုက်ကိုလိုက်၍ပြောဆိုတတ်သော မိတ်ဆွေ
စစ်မဟုတ်သော မိတ်ဆွေတုကို ဤလေးပါးသောအကြောင်းတို့
ဖြင့် သိအပ်၏။

၁။ မကောင်းမှု၌လည်း ဤအမှုကို ပြုလိုသည်ဟုဆိုလျှင်
ပြုသာပြုဟု လိုက်လျောခြင်းတပါး။

၂။ ကောင်းမှု၌လည်း ပြုသာပြုဟု လိုက်လျောခြင်း
တပါး။

၃။ မျက်မှောက်၌ အကောင်းစကားပြောခြင်း တပါး။

၄။ မျက်ကွယ်၌ အဆိုးစကား ( ကဲ့ရဲ့စကား ) ပြောဆို
ခြင်း တပါး။

## အပါယသဟာယ မိတ်၏လက္ခဏာ (၄) ပါး

သူကြွယ်သား၊ ပျက်စီးကြောင်း၌ အပေါင်းအဖေါ်ဖြစ်သော မိတ်ဆွေစစ်မဟုတ်သော မိတ်ဆွေတုကို ဤလေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

၁။ ယစ်မျိုးသောက်စားမှု၌ အဖေါ်သဟဲရခြင်း။

၂။ ညလမ်းလျှောက်မှု၌ အဖေါ်သဟဲရခြင်း။

၃။ သဘင်ပွဲလမ်းကို လိုက်စားမှု၌ အဖေါ်သဟဲရခြင်း။

၄။ အလောင်းအစား ကစားမှု၌ အဖေါ်သဟဲရခြင်း။

အကြင်မိတ်ဆွေသည် စင်စစ်ယူသာယူတတ်၏။ အကြင်မိတ်ဆွေသည် နှုတ်ဖြင့်သာလျှင် ပေးတတ်၏၊ အကြင်မိတ်ဆွေသည် အကြိုက်ကိုသာလိုက်၍ ပြောဆိုတတ်၏။ အကြင်မိတ်ဆွေသည် ပျက်စီးကြောင်း၌ အပေါင်းအဖေါ်ဖြစ်၏။

မိတ်ဆွေစစ်မဟုတ်သော ဤလေးယောက်တို့ကို ပညာရှိသည် ဤသို့ဆိုခဲ့သည့်အတိုင်း သိ၍ဘေးရန်ရှိသောခရီးကို ဝေးစွာရှောင်ကြဉ်သကဲ့သို့ ဝေးစွာရှောင်ကြဉ်ရာ၏ ဟု မိန့်တော်မူ၏။

## မိတ်ကောင်း မိတ်စစ် (၄) ယောက်။

သူကြွယ်သား၊ ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေလေးယောက်တို့ကို သိအပ်ကုန်၏။

၁။ **သမာနသုခဒုက္ခမိတ်**။ ချမ်းသာအတူ၊ ဆင်းရဲအတူ၊ ဆင်းရဲဘော် ချမ်းသာဘက်ဖြစ်သော အဆွေခင်ပွန်း။

၂။ **အတ္တက္ခာယီမိတ်**။ မကောင်းမြစ်တား၊ ကောင်းရာသို့ညွှန်ပြသော အဆွေခင်ပွန်း။

၃။ **အနုကမ္ပကမိတ်**။ အခါခပ်သိမ်း မိမိကို ရင်ဝယ်သားကဲ့သို့ သနားညှာတာခြင်းရှိသော အဆွေခင်ပွန်း။

၄။ **ဥပကာရမိတ်**။ မိမိအား ကျေးဇူးပြုသမားကြီးသက်သက်ဖြစ်သော အဆွေခင်ပွန်း။

## သမာနသုခဒုက္ခ မိတ်၏လက္ခဏာ (၄) ပါး။

သူကြွယ်သား၊ ချမ်းသာအတူ ဆင်းရဲအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို ဤလေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

၁။ သူ၏လျှို့ဝှက်အပ်သော အမှုကို မိမိ၌ လျှို့ဝှက်ခြင်း တပါး။

၂။ မိမိလျှို့ဝှက်အပ်သော အမှုကို သူတပါးမသိအောင် လျှို့ဝှက်ခြင်းတပါး။

၃။ ဘေးတွေ့သောအခါ၌ မိမိကို မစွန့်ခြင်းတပါး။

၄။ သူ့အသက်ကိုပင်စွန့်၍ မိမိအကျိုးကိုဆောင်ရွက်ခြင်း တပါး။

## အတ္တကွာယီမိတ်၏ လက္ခဏာ (၄) ပါး။

သူကြွယ်သား၊ အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို ဤလေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

၁။ မကောင်းသောအမှုတို့ကို မပြုရအောင် တားမြစ်ခြင်းတပါး။

၂။ ကောင်းသောအမှုတို့၌ တည်စေခြင်းတပါး။

၃။ မကြားဘူး မသိဘူးသောတရားကို ကြားဘို့သိဘို့ရာ ဟောကြားခြင်းတပါး။

၄။ ဒါန၊ သီလအစရှိသော နတ်ရွာလမ်းကြောင်းကို ညွှန်ပြခြင်းတပါး။

## အနုကမ္ပကမိတ်၏ လက္ခဏာ (၄) ပါး။

သူကြွယ်သား၊ အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို ဤလေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏။

၁။ မိမိ၌ အကျိုးစီးပွားမဖြစ်ထွန်းလျှင် သူမနှစ်သက်နိုင်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတပါး။

၂။ မိမိ၌အကျိုးစီးပွားဖြစ်ထွန်းလျှင် သူနှစ်သက်ခြင်း၊ စိတ်အလိုပြည့်ဖြိုးခြင်းတပါး။

၃။ မိမိ၏ကျေးဇူးမဲ့ကို လူတပါးပြောဆိုလျှင် တားမြစ်ခြင်းတပါး။

၄။ မိမိ၏ ဂုဏ်ကျေးဇူးကို သူတပါး ပြောကြားလျှင် ပြောပသူကိုချီးမွမ်းခြင်းတပါး။

## ဥပကာရမိတ်၏ လက္ခဏာ (၄) ပါး။

သူကြွယ်သား၊ ကျေးဇူးပြုတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို ဤလေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဘွယ်ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်းတပါး။

၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဘွယ်ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတပါး။

၃။ ကြောက်လန့်ခြင်းရှိသောအခါ ကိုးကွယ်ရာဖြစ်ခြင်းတပါး။

၄။ ကိစ္စကြီးငယ်ရှိသောအခါ သူကပြုဘူးသောကျေးဇူးထက် နှစ်ဆပို၍ ကျေးဇူးပြုခြင်းတပါး။

သူကြွယ်သား၊ အကြင်မိတ်ဆွေသည် ကျေးဇူးပြုတတ်၏၊ အကြင်မိတ်ဆွေသည် ချမ်းသာအတူ ဆင်းရဲအတူဖြစ်၏၊ အကြင်မိတ်ဆွေသည် အကျိုးစီးပွားကို ပြောကြားတတ်၏။ အကြင်မိတ်ဆွေသည် အစဉ်သနားတတ်၏။

ပညာရှိသောသူသည် ဤမိတ်ဆွေစစ် လေးယောက်တို့ကို ဤဆိုခဲ့တိုင်းသိ၍ အမိသည်ရင်၌ဖြစ်သောသားထံချဉ်းကပ်သကဲ့သို့ ရိုသေစွာအမြဲချဉ်းကပ်ရာ၏။

သီလနှင့်ပြည့်စုံသော ပညာရှိသည် တောက်လောင်သောမီးကဲ့သို့ ထွန်းလင်းတင့်တယ်၏။ ပျားသည် (ပန်းပွင့်ကိုမထိခိုက်စေမူ၍ ဝတ်ရည်ကိုသာစုတ်ယူယျက်) ပျားလဘို့ကို အားထုတ် ဆောက်လုပ်သကဲ့သို့ (မိမိကိုရင်း၊ သူတပါးကိုရင်း၊ မညှင်းဆဲ မထိခိုက်စေမူ၍ တရားသဖြင့်) ဥစ္စာပစ္စည်းကိုရှာမှီးသောသူ၏ ဥစ္စာစည်းစိမ်တို့သည် ခြတောင်ပို့ ကြီးပွားသကဲ့သို့ ကြီးပွားခြင်းကိုရောက်ကုန်၏။

အိမ်ထောင်သည်ဘဝကို တည်ဆောက်နိုင်သော အမျိုးသားသည် ဤသို့ဥစ္စာစည်းစိမ်တို့ကို ကောင်းစွာစုဆောင်း၍ စည်းစိမ်တို့ကို လေးပုံခွဲဝေရာ၏။ ဤသို့ခွဲဝေသော် ထိုသူသည် မိတ်ဆွေခင်ပွန်းတို့ကို မကွဲအောင်စည်းရုံးနိုင်၏။

တပုံဖြင့်စည်းစိမ်ကို ခံစားရာ၏။ ဒုတိယနှင့်တတိယ နှစ်ဖို့ဖြင့် ကုန်သွယ်မှုစသည်ကိုပြုရာ၏။ လေးခုမြောက်အဖို့ကိုကား ဘေးရန်ဖြစ်လတ်သော် အသုံးစရိတ်အဖြစ် သိုမှီးထားရာ၏ဟု မိန့်တော်မူ၏။

## အရပ်ဒိသာ (၆) မျက်နှာ။

သူကြွယ်သား၊ သူတော်ကောင်းတို့သည် အရပ်ခြောက်ပါးတို့ကို အသို့လျှင် လုံခြုံစေသနည်းဟူမူ—

၁။ အမိအဘတို့သည် သားသမီးတို့အား ရှေးဦးစွာ

ကျေးဇူးပြုတတ်သောကြောင့် ပုရတ္ထိမဒိသာ အရှေ့အရပ်မည်ကုန်၏။

၂။ ဆရာတို့သည် တပည့်တို့၏ မြတ်သောအလှူကို ခံထိုက်သည်၏အဖြစ်ကြောင့် ဒက္ခိဏာဒိသာ တောင်အရပ်မည်ကုန်၏။

၃။ အိမ်သူမယားသမီးသားတို့သည်မိမိ၏နောက်မှအစဉ်လိုက်တတ်သည်၏အဖြစ်ကြောင့်ပစ္ဆိမဒိသာအနောက်အရပ် မည်ကုန်၏။

၄။ မွေးချင်းပေါက်ဖော် ဆွေမျိုးဉာတိ မိတ်ဆွေခင်ပွန်းတို့သည် ထိုမိတ်ဆွေခင်ပွန်းတို့ကို အမှီပြု၍ ထိုထိုဆင်းရဲဒုက္ခ အထူးတို့ကို လွန်မြောက်သွားနိုင်သောကြောင့် ဥတ္တရဒိသာ မြောက်အရပ်တို့ မည်ကုန်၏။

၅။ အလုပ်သမားတို့သည် မိမိခြေရင်း၌ တည်ဘတ်၏အစွမ်းကြောင့် ဟေဋ္ဌိမဒိသာ အောက်အရပ် မည်ကုန်၏။

၆။ အကျင့်သီလနှင့်ပြည့်စုံကြကုန်သော ရဟန်းတို့သည် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် အထက်၌တည်သည်၏ အဖြစ်ကြောင့် ဥပရိမဒိသာ အထက်အရပ်တို့ မည်ကုန်၏။

## သားသမီးတို့ကပြုရသည့် ဝတ် (၅) ပါး။

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် သားသမီးတို့သည် အရှေ့အရပ်မည်သော မိဘတို့ကို ပြုစုအပ်ကုန်၏။

၁။ ကျွေးမွေးတုံ ကျွေးမွေးလှည့် ကျွေးမွေးရခြင်းတပါး။

၂။ မိဘတို့၌ဆိုက်တိုက်လာသော မင်းရေးစိုးခွင့်စသည်တို့ကို မိမိကိစ္စပြု၍ ဆောင်ရွက်ရခြင်းတပါး။

၃။ အမျိုးအနွယ်အားဖြင့် အစဉ်လာသော ဒါနဝတ်၊ သီလဝတ်၊ အစရှိသော အလေ့ကောင်း၊ အကျင့်ကောင်း၊ အရိုးကောင်း၊ အစဉ်ကောင်းတို့ကို မပျက်စေရခြင်းတပါး။

၄။ လောကီအမွေ၊ ဓမ္မအမွေတို့ကို ကောင်းစွာခံယူခြင်းတပါး။

၅။ သေလွန်သောမိဘတို့ကို ရည်စူး၍ လှူဒါန်းပြီးလျှင် သေလွန်သောမိဘတို့အား ကုသိုလ်အဖို့ကို ဝိသေသထုတ်၍ အမျှပေးဝေရခြင်းတပါး။

သူကြွယ်သား၊ သားသမီးတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် လုပ်ကျွေးအပ်ကုန်သော အရှေ့အရပ်မည်သော မိဘတို့ကလည်း အကြောင်းငါးပါးတို့ဖြင့် သားသမီးတို့ကိုစောင့်ရှောက်ကုန်ရာ၏။

## မိဘတို့ပြုရသည့် ဝတ် (၅) ပါး။

၁။ ငယ်ရွယ်စဉ်အခါက စ၍ မကောင်းမှုဒုစရိုက်တို့ကို မပြုကျင့်ရအောင် တားမြစ်ရခြင်းတပါး။

၂။ ငယ်ရွယ်စဉ် အခါကစ၍ မိဘကိုရှိသေခြင်းအစရှိသော ကောင်းသော အလိမ္မာတို့၌ တည်စေခြင်း တပါး။

၃။ အပြစ်မရှိသော အတတ်တို့ကို သင်ကြားစေခြင်း တပါး။

၄။ အမျိုးကောင်း၊ အနွယ်ကောင်း သားသမီးတို့နှင့် ထိမ်းမြားမင်္ဂလာပြုပေးရခြင်းတပါး။

၅။ အချိန်အခါကိုထောက်၍ အမွေဥစ္စာကိုအပ်နှင်းရခြင်း တပါး။

သူကြွယ်သား၊ သားသမီးတို့သည် ငါးပါးသောအကြောင်းတို့ဖြင့် ဝတ်ပြုအပ်ကုန်သည်ရှိသော် အရှေ့အရပ်မည်သော မိဘတို့သည်လည်း ဤငါးပါးသော အကြောင်းတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏။ ထိုသားသမီးတို့သည် ဤသို့လုပ်ကျွေးသည်ရှိသော် ထိုအရှေ့အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## တပည့်တို့ကပြုရသည့် ဝတ် (၅) ပါး။

သူကြွယ်သား၊ ငါးပါးသောအကြောင်းတို့ဖြင့် တပည့်သည် တောင်အရပ်မည်သော ဆရာတို့ကို ပြုစုအပ်ကုန်၏။

၁။ မိမိရှိရာသို့ ဆရာလာသည်ကိုမြင်လျှင် ရှေးဦးစွာနေရာမှထ၍ ကြိုဆိုကာ ထီးဘနပ်စသည်တို့ကိုယူ၍ နေရာထိုင်ခင်းပေးခြင်း၊ ပူအိုက်သောအခါဖြစ်လျှင် ယပ်လေခပ်ရခြင်းတပါး။

၂။ တနေ့လျှင်သုံးကြိမ် ဆရာ့အနီးအပါး၌ ခစားရခြင်းတပါး။

၃။ ဆရာ၏ထံမှ ဆုံးမသွန်သင်သောစကားတို့ကို ကြားနာလိုခြင်းတပါး။

၄။ သွားလျှင် သွားလိုက်၊ နာလျှင်နာလိုက်၊ ချီးရေ၊ သောက်ရေ၊ မျက်နှာသစ်ရေ၊ ဒန်ပူစသည်တို့ဖြင့် လုပ်ကျွေးရခြင်းတပါး။

၅။ မတတ်သေးသည်ကို တတ်ရအောင်၊ တတ်ပြီးသည်ကို မပျောက်စေရအောင် အတတ်ပညာကို ရိုသေစွာ သင်ကြားခြင်းတပါး။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်သည် တောင်အရပ်မည်သော ဆရာကို ဝတ်ပြုအပ်သည်ရှိသော် ဆရာတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် တပည့်ကို အစဉ်စောင့်ရှောက်အပ်ကုန်၏။

## ဆရာသမားတို့က ပြုရသော ဝတ် (၅) ပါး။

၁။ လောကရေး၊ ဓမ္မရေးတို့၌ အပြုအမူ၊ အပြောအဆို၊

အချိုးအစား ကျနယဉ်ကျေးအောင် သွန်သင်ဆုံးမခြင်း တပါး။

၂။ လောက ဗဟုသုတ၊ ဓမ္မ ဗဟုသုတ အမျိုးမျိုးတို့၌ ကြားဘူးနားဝရှိအောင် မိမိအန်းအနားသို့ ရောက်လာတိုင်း ဆုံးမသင်ကြား မှတ်သားစေရခြင်းတပါး။

၃။ ဆရာတတ်သိသော အတတ်ပညာကို ဆရာစားမချန် အကုန်အစင်သင်ကြား ပြသခြင်း တပါး။

၄။ တတ်မြောက်လိမ္မာရှိသောအခါ၌ မိဘဆွေမျိုးတို့အား သူတတ်သမျှကို ဖေါ်ပြ၍ အပ်နှံခြင်းတပါး။

၅။ တပည့်တပန်းတို့အား အသက်ထက်ဆုံးရောက်လေရာ အရပ်တို့၌ အန္တရာယ် ကင်းရှင်းစေရန် မန္တာန်၊ မန္တရား၊ ဆေးဝါးအလျော်၊ ပရိတ်တော်ဂုဏ်တော်များကို အသက်ထက်ဆုံး စွဲမြဲကြစေရန် သင်ကြားခြင်းတပါး။

သူကြွယ်သား၊ တပည့်သည် ဤငါးပါးသော အကြောင်းတို့ဖြင့် လုပ်ကျွေးအပ်ကုန်သော် တောင်အရပ်မည်သော ဆရာတို့သည်လည်း ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်ကိုစောင့်ရှောက်ကုန်၏။ ထိုတပည့်သည် ဤသို့ လုပ်ကျွေးသည့်ရှိသော် ထိုတောင်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## လင်ယောကျ်ားတို့ကပြုရသော ဝတ် (၅) ပါး။

သူကြွယ်သား။ ငါးပါးသော အကြောင်းတို့ဖြင့် လင်သည် အနောက်အရပ်မည်သော မယားကို ပြုစုအပ်၏။

၁။ အမြတ်တနိုး ချိုမြသာယာစွာ ခေါ်ဝေါ်ပြောဆိုခြင်း တပါး။

၂။ နှိမ့်ချရိုင်းစိုင်းစွာ မခေါ်ဆိုခြင်းတပါး။

၃။ မိမိမယားကိုလွန်၍ တခြားမိန်းမတို့၌ မပျော်ပါးခြင်း တပါး။

၄။ ရရှိသမျှစည်းစိမ်ဥစ္စာ၊ အိပ်ရာခမ်းနားတို့အပေါ်၌ အစိုးတရ ပြုလုပ်နိုင်သော အခွင့်ကို ပေးရခြင်း တပါး။

၅။ မိမိအခြေအနေအားလျော်စွာ အိမ်သူမယား၌ဝတ်စားတန်ဆာတို့ကို မညှိုးနွမ်းရအောင် ဆင်ယင်ခြင်း တပါး။

သူကြွယ်သား၊ လင်သည် ဤငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်သော် အနောက်အရပ်မည်သော မယားသည်လည်း ငါးပါးသော အကြောင်းတို့ဖြင့် လင်ဖြစ်သူကို စောင့်ရှောက်အပ်၏။

### အိမ်သူမယားတို့က ပြုရသော ဝတ် (၅) ပါး။

၁။ အိမ်တွင်းကိစ္စဟူသမျှတို့၌ မလစ်မလပ်စေ့စပ် တွင်ကျယ်သော လုံ့လဝီရိယရှိခြင်းတပါး။

၂။ အိမ်ရှိအခြွေအရံပရိသတ်နှင့် နှစ်ဘက်သောမိဘ ဆွေမျိုးတို့ကို ပြုစုချီးမြှောက်ခြင်းတပါး။

၃။ မိမိအိမ်ရှင် လင်ယောကျ်ားမှ တပါးသောသူတို့၌ စိတ်မနေသမျှဖြင့်ပင် မကျူးလွန်ခြင်းတပါး။

၄။ အိမ်ရှိပစ္စည်းဥစ္စာတို့ကို အထိန်းအသိမ်းကောင်းခြင်း တပါး။

၅။ မိမိနမတို့ဆိုင်ရာအမှုခပ်သိမ်းတို့၌ အစေ့အစပ် တတ်သိလိမ္မာခြင်း၊ အပျင်းအရိမရှိခြင်း တပါး။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် လင်သည် ပြုစုအပ်သည်ရှိသော် အနောက်အရပ်မည်သော မယားသည်လည်း ဤငါးပါးသော အကြောင်းတို့ဖြင့် လင်ကိုစောင့်ရှောက်အပ်၏။ ဤသို့ပြုစုသည်ရှိသော် အနောက်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

**အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသည် ဝတ် (၅) ပါး။**

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့ကို ပြုစုအပ်ကုန်၏။

၁။ အခါအားလျော်စွာ ကျွေးမွေးပေးကမ်းခြင်းတပါး။

၂။ ချစ်ဘွယ်၊ ကြင်ဘွယ်သော ခေါ်မှုပြောမှု ရှိခြင်း တပါး။

၃။ သူ့အကျိုးကို ရှိးဖြောင့်သောစိတ်နှလုံးဖြင့် ကောင်းစွာဆောင်ရွက်ခြင်း တပါး။

၄။ သူတို့အပေါ် ဂုဏ်တုဂုဏ်ပြိုင်မလုပ်ဘဲ မိမိနှင့်ထပ်တူ ထပ်မျှဆက်ဆံခြင်းတပါး။

၅။ မိမိကိုပုံ၍ ယုံသည့် အတွက်ကြောင့် အဘယ် အမှု ချွတ်ယွင်းသည်၊ အဘယ်အမှု ပျက်ကွက်သည် ဟူ၍ မရှိစေခြင်းတပါး။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သည်ရှိသော် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည်လည်း ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်အပ်ကုန်၏။

**အဆွေခင်ပွန်းတို့က ပြုအပ်သော ဝတ် (၅)ပါး။**

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဘွယ်ရှိသော အခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်း တပါး။

၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဘွယ်ရှိသော အခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်း တပါး။

၃။ ကြောက်လန့်ခြင်း ရှိသောအခါ ကိုးကွယ်ရာ ဖြစ်ခြင်းတပါး။

၄။ ဘေးတွေ့သောအခါ မိမိကိုမစွန့်ခြင်းတပါး။

၅။ သူ၏သားစဉ်မြေးဆက်တို့ကို အဆွေခင်ပွန်း ဖြစ်သူတို့က ချီးပမ့် ပြုခြင်းတပါး။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော် မြောက်အရပ်မည်သော အ

ဆွေခင်ပွန်းတို့သည်လည်း ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ပြုစုသည်ရှိသော် မြောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## အလုပ်ရှင်ဖြစ်သူက ပြုရသော ဝတ် (၅) ပါး။

သူကြွယ်သား၊ ငါးပါးသောအကြောင်းတို့ဖြင့် အလုပ်ရှင်တို့သည် အောက်အရပ် မည်သော အလုပ်သမားကို ပြုစုအပ်ကုန်၏။

၁။ ပြုလုပ်သူတို့၏ အင်အားနှင့် တိုင်းတာ၍ အလုပ်ကို စီရင်ခြင်းတပါး။

၂။ ထိုက်တန်လောက်အောင် ထမင်းရိက္ခာ အဘိုးအခ ကျွေးမွေးပေးကမ်းခြင်းတပါး။

၃။ မကျန်းမာ ရှိသောအခါ ကောင်းမွန်စွာ ပြုစုခြင်း တပါး။

၄။ အစားကောင်း၊ အသောက်ကောင်း အထူးတလည် ရရှိသော အခါ သူတို့ကို ကြည်ဖြူစွာ ဝေငှခြင်း တပါး။

၅။ အချိန်နာရီနှင့် လုပ်ကိုင်စရာ အချိန်ကျရောက်လျှင် အလုပ်မှလွှတ်ခြင်း၊ ဥပုသ်သီတင်းနေ့၊ ပွဲလမ်းသဘင် နေ့တို့၌ နေ့လွှတ်ပြု၍ သုံးဘွယ်စားဘွယ်ပေး၍ လွှတ်ခြင်း၊ အသက်အရွယ် ကြီးရင့်သောအခါ အငြိမ်းစား ကျွေးမွေး၍ ထားခြင်းတပါး။

သူကြွယ်သား ဤငါးပါးသော အကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်သော် အောက်အရပ်မည်သော အလုပ်သမားတို့သည်လည်း ငါးပါးသော အကြောင်းတို့ဖြင့် အလုပ်ရှင်ကိုစောင့်ရှောက်အပ်ကုန်၏။

## အလုပ်သမားတို့က ပြုရသည် ဝတ်(၅)ပါး

၁။ နံနက်စောစော၌ အလုပ်ရှင် မထမီ ရှေးဦးစွာထ၍ အလုပ်ရှင်ကို ဝတ်ပြုခြင်း တပါး။

၂။ အိပ်ရာဝင်သောအခါ အလုပ်ရှင်၏ ဝတ်နိဗဒ်ကို ပြုပြီး၍ နောက်မှအိပ်ခြင်းတပါး။

၃။ အလုပ်ရှင်၏ ဥစ္စာကို မျက်မှောက် မျက်ကွယ်တို့၌ ပေးမှယူခြင်းတပါး။

၄။ အလုပ်အကိုင်ကောင်းခြင်းတပါး။

၅။ အလုပ်ရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလေ့ ရှိခြင်းတပါး။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အလုပ်ရှင်သည် ပြုစုအပ်ကုန်သည်ရှိသော် အောက်အရပ်မည်သော အလုပ်သမားတို့သည်လည်း အလုပ်ရှင်ကို ငါးပါးသော အကြောင်းတို့ဖြင့် စောင့်ရှောက်ကုန်၏။ ဤသို့ကောင်းစွာ ပြုစုသည် ရှိသော အောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## ဒါယကာတို့ ပြုရသော ဝတ် (၅)ပါး။

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် အမျိုး

ကောင်းသားသည်အထက်အရပ်မည်သောသမဏဗြဟ္မဏတို့ကိုပြုစု အပ်ကုန်၏။

၁။ ရသေ့ရဟန်းတို့အား မေတ္တာနှင့် ယှဉ်သော ကာယကံ ဝတ်နိဗဒ်ကို ပြုခြင်းတပါး။

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံစကားကို ပြောဆိုခြင်းတပါး။

၃။ မေတ္တာနှင့်ယှဉ်သော မနောကံမှုကို ပွားများခြင်းတပါး။

၄။ ဘယ်အခါမဆို မိမိအိမ်သို့ဝင်ပါ၊ အလိုရှိရာပြောဆိုပါဟု ဘိတ်ကြားခြင်းတပါး။

၅။ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်း ပေးကမ်းကျွေးမွေးခြင်းတပါး ။

သူကြွယ်သား ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သည်ရှိသော် အထက်အရပ် မည်သော သမဏဗြဟ္မဏတို့သည်လည်း ခြောက်ပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။

**ရသေ့ရဟန်းတို့က ပြုရသော ဝတ် (၆) ပါး။**

၁ ။ မကောင်းမှုကို မပြုရအောင် ဆုံးမ တားမြစ်ခြင်းတပါး။

၂။ ဒါန၊ သီလ၊ ဉပေါသထ အစရှိသောကောင်းမှုတို့၌ တည်စေခြင်းတပါး။

၃။ လူတို့၌ကရုဏာတရားဖြင့် သနားစိတ် ကောင်း စွာ တည်ခြင်းတပါး။

၄။ မနာမကြားဘူး သေးသော တရားတို့ကို ကြားနာ စေခြင်းတပါး။

၅။ ကြားနာဘူးသော တရားစကားကို အထူးပွင့်လင်း အောင် ထပ်မံ၍ ပြောဟောခြင်း တပါး။

၆။ ဒါန၊ သီလ စသော နတ်ရွာလမ်းကို ညွှန်ပြခြင်း တပါး။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုး ကောင်းသားသည် ပူဇော်အပ်ကုန်သည်ရှိသော် အထက်အရပ်မည် သော သမဏဗြာဟ္မဏတို့သည်လည်းဤခြောက်ပါးသောအကြောင်း တို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ ပူဇော် သည်ရှိသော် အထက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏။ ဘေး ကင်း၏။

သူကြွယ်သား၊ အမိအဘတို့သည် အရှေ့ အရပ် မည်ကုန်၏။ ဆရာတို့သည် တောင်အရပ်မည်ကုန်၏။ သားမယားတို့သည် အ နောက်အရပ်မည်ကုန်၏၊ အဆွေခင်ပွန်း တို့သည် မြောက်အရပ် မည်ကုန်၏။ အစေအပါး အလုပ်သမား တို့သည် အောက်အရပ် မည်ကုန်၏။ သမဏဗြာဟ္မဏတို့သည် အထက်အရပ် မည်ကုန်၏။

အိမ်ကိုအုပ်စိုး၍ နေထိုင်သော အမျိုးကောင်းသားသည် ဤ အရပ်ခြောက်ပါးတို့ကို ရှိခိုးရာ၏၊ (၀၁) ဤခြောက်ပါးသော

ပုဂ္ဂိုလ်အသီးသီးတို့အပေါ်၌ ပြုစုအပ်သောတာဝန်ဝတ္တရားတို့ကို ကျေပြွန်ရာ၏။

အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌လိမ္မာ၏။သီလ နှင့်ပြည့်စုံ၏။ သိမ်မွေ့နက်နဲသော ဉာဏ်ပညာရှိ၏။ နှိမ့်ချခြင်းရှိ၏။ ခက်ထန်ခြင်းမရှိ။ ထိုသို့သောသူသည် အကျော်အစောကို ရ၏။

အကြင်သူသည် ထကြွမှုရှိ၏။ ပျင်းရိခြင်းမရှိ။ ဘေးရန် ဖြစ်လတ်သော် မတုန်မလှုပ်။ မပြတ်အားထုတ်သော အသက်မွေးမှု ရှိ၏။ အရာအားလျော်စွာ ပညာရှိ၏။ ထိုသို့သောသူသည် အကျော်အစောကိုရ၏။

အကြင်သူသည် ချီးမြှောက်တတ်၏၊ အဆွေခင်ပွန်း ကောင်းကိုရှာတတ်၏၊ ကျေးဇူးကို သိတတ်၏၊ ဝန်တိုမှုမရှိ၊ အကျိုးကို ဆောင်တတ်၏၊အကြောင်းပြ၍ဆုံးမတတ်၏၊ ခေါင်းဆောင်တတ်၏၊ ထိုသို့သောသဘောရှိသူသည် အကျော်အစောကိုရ၏။

ကျင့်ဝတ်တရားတို့၌ အကြင် ပေးကမ်း စွန့်ကြဲခြင်းသည်၎င်း အကြင်ချစ်ဘွယ်စကားကိုဆိုခြင်းသည်၎င်း၊ အကြင်အကျိုးစီးပွား ကို ကျင့်ဆောင်ခြင်းသည်၎င်း၊ ကိစ္စအားလျော်စွာမိမိနှင့်ထပ်တူ ညီမျှဆက်ဆံခြင်းသည်၎င်းရှိ၏။ ထိုထိုပုဂ္ဂိုလ်တို့၌ထိုက်သည့်အား လျော်စွာ ပေးကမ်းခြင်းစသော သင်္ဂဟတရားတို့သည် ဤလော က၌ သွားနေသောရထား၏ နားပန်စောင့်ကဲ့သို့ဖြစ်ကုန်၏။

လောက၌ ထိုသင်္ဂဟတရားတို့သည် မရှိကုန်အံ့၊ အမိသည် သား ပြုအပ်သော မြတ်နိုးခြင်းကို၎င်း၊ ပူဇော်ခြင်းကို၎င်းမရရာ။ အဘ

သည် သားပြုအပ်သော မြတ်နိုးခြင်းကိုရင်း၊ ပူဇော်ခြင်းကိုရင်း မရရာ။

ထိုသင်္ဂဟတရားတို့ကိုပြုအပ်၏ဟု ပညာရှိတို့မှတ်ယူကုန်သောကြောင့် ကြီးမြတ်သည့်အဖြစ်သို့ရောက်ကုန်၏။ ချီးမွမ်းလည်း ချီးမွမ်းထိုက်ကုန်၏ဟု မိန့်တော်မူ၏။

○ ○ ○ ○

# ကံဆိုတာဘာလဲ

ဗုဒ္ဓဘာသာဝင် တယောက်အနေဖြင့် ကံဆိုတာဘာကိုဆိုလိုသည်ကို ပြည့်ပြည့်ဝဝ သိသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုသာလျှင် ဗုဒ္ဓဘာသာအဝင်မည်ပေမည်။ ကံသည်- ကမ္မ-ပြုလုပ်ခြင်းဟူသောပါဠိစကားမှဆင်းသက်လာသည့် ပါဠိပျက်စကားတခုပင်ဖြစ်သည်၊ မြန်မာတို့သည် ပါဠိစကားကို ဘာသာပြန်ရာ၌ ကံဟူသော ပါဠိပျက်စကားကို ဘာသာမပြန်ဘဲ မြန်မာစကားအဖြစ်ဖြင့် "ကံ"ကို "မွေးစား" ၍ ယူလိုက်သဖြင့် တချို့လူတို့ အဓိပ္ပါယ်အယူအဆလွဲနေကြခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

ကံကိုများသောအားဖြင့် ယူဆထားကြသည်မှာအတိတ်ဘဝက မိမိပြုလုပ်ခဲ့သော အကြောင်းများကြောင့် ယခုဘဝတွင် အကောင်းအဆိုး ခံစားနေကြခြင်း ဖြစ်သည်ယူ၍ပင်ဖြစ်သည်။ ထို့ကြောင့်ကံကောင်းသည်၊ မကောင်းသည်ဟူသော အသုံးအနှုန်း၌ အတိတ်ဘဝက မိမိပြုခဲ့သောကောင်းမှု၊ မကောင်းမှုဟု အများ

က ယူဆထားကြသည်။ အမှန်အားဖြင့် နားလည် သဘောပေါက်မှုလွဲနေကြခြင်းဖြစ်သည်။ ကံ ကို ပြုလုပ် ပြောဆိုကြံစည်ခြင်းဟု အတိတ်ရော ပစ္စုပ္ပန်ပါ အကျုံးဝင်ပြီး၊ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံးသဘောပါအောင် ဘာသာပြန်ထားနိုင်ပါက ကံ၏အကြောင်းကို ပိုမိုသဘောပေါက် နားလည်လိမ့်မည်ဟု ယုံကြည်မိပါသည်။

လူတဦးတယောက်၏ ကံကောင်းမှုသည် ယခုပစ္စုပ္ပန်အလုပ်ကောင်းမှုပေါ်၌ အများကြီး တည်ရှိကြောင်းကို သိရှိလာပါက မိမိ၏ ပစ္စက္ခအလုပ်များကိုကောင်းအောင် ပြုလုပ်ပြောဆိုကြံစည်လာခြင်းအားဖြင့် ယခုဘဝတွင်ပင် ကောင်းကျိုး ချမ်းသာများကို ရနိုင်ပေသည်။ လူတိုင်းသည် ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်၊ မကောင်းတာလုပ်လျှင် မိမိပင်ယခုဘဝ၌ ဆိုးကျိုးခံရမည်ဟူသော ကံ ကံ၏အကျိုးကို နှစ်နှစ်ကာကာယုံကြည်လာပါက မကောင်းမှုများကို ပယ်လာနိုင်သည်နှင့်အမျှ သာယာစိုပြေသော ဘဝတခုကို ဖန်တီးနိုင်ကြမည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် ကံအကြောင်းကို ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန်အတွက် ကျမ်းစာများမှ ထုတ်နှုတ်တင်ပြရခြင်း ဖြစ်ပါသည်။

ယခုဘဝ လူတို့တွေ့ကြုံနေကြရသော ကောင်းမှု မကောင်းမှု၊ (ကံ)ဖြစ်ရပ်တို့သည် မည်သည့်ပုဂ္ဂိုလ်တန်ခိုးသျှင်မှ ဖန်ဆင်းခြင်းကြောင့်ဖြစ်ပေါ်လာရခြင်းမဟုတ်ဘဲ မိမိအတိတ်ကပြုလုပ်ခဲ့သည့်အလုပ် အပြောအဆို အကြံအစည်နှင့် ယခုပစ္စုပ္ပန်တွင် ပြုလုပ်ပြောဆိုကြံစည်ခြင်းတို့၏အကျိုးတရားများသာလျှင်ဖြစ်ပေသည်။

ထို့ကြောင့် မည်သူမပြု မိမိမှုဟု အတိုကောက် မှတ်ထား သင့်ပေသည်။

လောက၌ လူတို့ပြုလုပ်ပြောဆို ကြံစည် ကြသည်များသည် အလုပ်သစ် (ကံသစ်)များဖြစ်၍ ယခုဖြစ်ပျက်သော အကြောင်းခြင်းရာတို့သည် ကံဟောင်းမည်၏။ အကောင်းနှင့်အဆိုး ဖြစ်ရပ်နှစ်ခုတို့သည် မိမိပြုလုပ်ခဲ့သော ကောင်းသောအလုပ်၊ ဆိုးသောအလုပ်တို့၏ရလာဒ်များပင်ဖြစ်ကြောင်း တထစ်ချ ယုံကြည်ထိုက်ပေသည်။ ထို့ကြောင့် အတိုကောက် အားဖြင့် "ပြုလျှင်အသစ်၊ ဖြစ်လျှင်အဟောင်း"ဟု မှတ်သားရသည်။

ကံနှင့်ပတ်သက်၍ ပဌမဦးစွာမှားယွင်းသည့် အယူအဆသုံးမျိုးကို သိထားသင့်ပေသည်။

(၁) သင်တွေ့ကြုံခံစားနေရသော အကောင်းအဆိုးဟူသမျှတို့သည် ရှေးရှေးသော ဘဝများစွာက ပြုလုပ်ခဲ့ဘူးသော အကြောင်းသက်သက်ကြောင့်သာလျှင် ဖြစ်သည်ဟု မှားယွင်းစွာယုံကြည်ယူဆထားလျှင် သင်သည် ပုဗ္ဗေကတဟေတုဒိဋ္ဌိဖြစ်နေလေပြီ။

(၂) သင်တွေ့ကြုံခံစားနေရသော အကောင်းအဆိုးဟူသမျှတို့သည် လောကကိုအစိုးရသော (ဝါ) ကမ္ဘာလောက၏သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးကို ဖန်ဆင်းတတ်သော ဘုရား၊ ဗြဟ္မာပိဿနိုးစသောတန်ခိုးရှင်တို့၏ ဖန်ဆင်းမှုကြောင့်သာဖြစ်သည်ဟု မှားယွင်းစွာ ယုံကြည်ယူဆထားလျှင် သင်သည် ဣဿရနိမ္မာနဟေတု ဒိဋ္ဌိဖြစ်နေလေပြီ။

(၃) သင်တွေ့ကြုံခံစားနေရသော အကောင်းအဆိုးဟူသမျှတို့သည် ဖြစ်စေတတ်သောအကြောင်း၊ ထောက်ပံ့တတ်သော အကြောင်းများလုံးဝမရှိဘဲ ပကတိအလိုလိုသာ ဖြစ်ပေါ်လာကြ၏၊ (ဝါ) ဘာအကြောင်းမျှမဟုတ်ဘဲ သူ့အလိုလိုဖြစ်ပေါ်လာကြသည်ဟု မှားယွင်းစွာ ယုံကြည်ယူဆထားလျှင် သင်သည် အဟေတုက ပစ္စယဒိဋ္ဌိဖြစ်နေ လပြီ။

ဤသို့ပြဆိုခဲ့ပြီးသောမှားယွင်းသည့် ယူသုံးမျိုးမှကင်းလွတ်၍ အောက်ပါအတိုင်း ယုံကြည်မှသာ မျှ သင်သည်ကံ ကံ၏အကျိုးကို ယုံကြည်သော မှန်ကန်သောအယူကို လက်ခံထားသူဖြစ်ပေမည်။

(က) ကောင်းသောအမှုတို့ကို ပြုလုပ်ပြောဆိုကြံစည်လျှင် ကောင်းသောအကျိုးကိုသာ ခံစားရမည်။

(ခ) မကောင်းသောအမှုတို့ကို ပြုလုပ်ပြောဆိုကြံစည်လျှင် မကောင်းသောအကျိုးကိုသာ တွေ့ကြုံခံစားရမည်။

ဤသို့တွေ့ကြုံခံစားရခြင်းသည်၊

(၁) ရှေးရှေးသော အတိတ်ဘဝများက ပြုလုပ်ခဲ့သော အကြောင်းကံများကြောင့်ရှင်း၊

(၂) ယခုပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ခဲ့သော အကြောင်းကံများကြောင့်ရှင်း၊

ဤအကြောင်းနှစ်ပါးကြောင့်ရှင်း၊ သို့မဟုတ် ယင်းနှစ်ပါးအနက်မှ တပါးပါးကြောင့်သာလျှင် ဖြစ်သည်ဟု သင်ယုံကြည်

ထားလျှင် သင်သည်ကံ၊ ကံ၏အကျိုးကိုယုံကြည်သူ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အစစ်ဖြစ်လေပြီ။

ရူပဗေဒပညာ၌ သိပ္ပံပညာရှင်တို့သည် မဖေါက်မပြန်မှန်ကန်သော နိယာမသဘောတရားတခုကို တွေ့ရှိထားသည်။ ယင်းသည် ကားသက်ရောက်မှုတိုင်း၌တူညီသောတန်ပြန်သက်ရောက်မှုရှိသည်။ (**In every action there is an equal and opposite reaction.**) ဟူသော နိယာမပင်ဖြစ်သည်။ ဗုဒ္ဓသည် ထိုနိယာမကိုလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင်တွေ့ရှိခဲ့ပြီးဖြစ်သည်။

ပြုလုပ်ပြောဆိုကြံစည်မှုများ၌ တန်ပြန်သက်ရောက်မှုရှိ သည်ဟူသော သဘောတရားမှာ အငြင်းပွားရန်အကြောင်းမရှိရကား၊ ယင်းသက်ရောက်မှုသည် မည်သည့်အချိန်ဖြစ်ပေါ်လာမည်ကိုသာ မသိနိုင်သော်လည်း အကျိုးသက်ရောက်မှု အမှန်ဖြစ်ပေါ်လာမည်ကို ယုံမှားဘွယ်မဖြစ်သင့်ချေ။ တနည်းအားဖြင့်ဆိုလျှင် ကောင်းသောအလုပ် (ကံ)ကို ပြုလုပ်သူသည် ကောင်းသောအကျိုးကိုသာ ခံစားရပြီး၊ မကောင်းသောအလုပ် ( ကံ ) ကို ပြုလုပ်သူသည် မကောင်းသောဆိုးကျိုးကိုသာ ခံစားရမည်မှာ သဘာဝတရားတခုပင်ဖြစ်သည်။ ယင်းကောင်းကျိုး ဆိုးကျိုးတို့ကို မည်သည့်အချိန်၌ တွေ့ကြုံခံစားရမည်နည်း၊ ချက်ခြင်းတွေ့ကြုံခံစား မည်လော၊ မည်မျှကြာသော အနာဂတ်ကာလ၌ ခံစားရမည် သာဆိုသည့်အချက်တွင်သာ ကွဲလွဲမှုရှိနိုင်ပေသည်။

ဤနေရာ၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော 'ပုဟန်း တို့၊ စေတနာကို ကံဟူ၍ ငါဘုရားဟော၏ – စေတနာဟံဘိက္ခ

ဝေ ကမ္မံဝဒါမိ’ ဟူသော ဟောကြားချက်ကို ဆင်ခြင်ပါက မိမိပြုလုပ်မှုအကြောင်းကြောင့် ဖြစ်ပေါ်လာရမည်ဖြစ်သော ကောင်းကျိုးဆိုးကျိုးတို့နှင့် တွေ့ကြုံရမည့်ကာလအပိုင်းအခြားကို မှန်းဆသိနိုင်ပေမည်။

စေတနာဟူသောစကား၏ အဓိပ္ပါယ်မှာ စေ့ဆော်မှု၊ စိတ်အားထက်သန်မှုသဘောပင်ဖြစ်သည်။ ကောင်းမှု၊ မကောင်းမှုကို ပြုလုပ်ရာ၌ စိတ်အားထက်သန်မှု ကြီးမားသည်နှင့်အမျှ ချက်ခြင်းအကျိုးသက်ရောက်မှုရှိသည်။ ၎င်းအပြင် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ဆယ်ပါး✱ ကို ပြစ်မှားပါက ယခုဘဝတွင်ပင် မကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။

ထိုသို့ကောင်းမှု၊ မကောင်းမှု ပြုလုပ်ပါက တွေ့ရှိရမည်ဖြစ်သော အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ တင်ပြရာဝယ် တရားဂုဏ်တော်ခြောက်ပါးထဲမှ ‘အကာလိကော’ ဂုဏ်တော်ကိုရည်ညွှန်း၍ ထပ်မံဖြေရှင်းတင်ပြလိုသည်။ မြတ်စွာဘုရား၏တရားတော်သည် ကျင့်ကြံသူအား အချိန်မရွေး အကျိုးပေးသည်ဟူသော ဂုဏ်တော်နှင့် ပြည့်စုံပေသည်။ ‘အကာလိကော’ ဂုဏ်တော်သည် စိတ်နှင့်ဆိုင်သော ဂုဏ်တော်ဖြစ်၍ ကုသိုလ်ကောင်းမှု ပြုလုပ်နေသည့် အချိန်အတွင်း၌ ပြုလုပ်သူ၏စိတ်အစဉ်သည် ကြည်လင်ရွှင်

---

✱ မပြစ်မှားထိုက်သောပုဂ္ဂိုလ်ဆယ်ပါးမှာ- ၁-မြတ်စွာဘုရား။ ၂-ပစ္စေကဗုဒ္ဓါ။ ၃-အဂ္ဂသာဝက။ ၄-ရဟန်းသံဃာ။ ၅-အမိ။ ၆-အဖ။ ၇-အလေးအမြတ်ပြုအပ်သောသူ။ ၈-ဆရာသမား။ ၉-ကျွေးမွေးပေးကမ်းဘူးသောသူ။ ၁၀-ကျိုးကြောင်းပြ၍ဆုံးမဘူးသောသူ။

လန်း အေးမြချမ်းသာနေသော အကျိုးကို ချက်ခြင်းခံစားနေရခြင်း၊ ကောင်းသောသတင်း အကျော်အစောကို ရရှိခြင်း၊ မကောင်းမှု ပြုလုပ်နေသူသည် ယင်းသို့ပြုလုပ်နေသည့် အချိန်အတွင်း၌ စိတ်ပူပန်ရခြင်း၊ စိုးရိမ်ရခြင်း၊ စိတ်တည်ငြိမ်ချမ်းသာမှု မရှိခြင်း၊ မကောင်းသောသတင်း ကျော်စောမှုစသော ဆိုးကျိုးတို့ကို ချက်ခြင်းခံစားရပေမည်။ ထို့ကြောင့် ကောင်းမှုမကောင်းမှု ပြုလုပ်ကြသူများသည် စိတ်သဘောအရ ချက်ခြင်း အကျိုးသက်ရောက်မှုရှိသည်ကို သတိပြုသင့်ပေသည်။

ရင်းပြင် သာမန်လူတို့ နားလည်နေကြသည့်အတိုင်း ကုသိုလ်ကောင်းမှုပြုလုပ်လျှင် ချက်ခြင်းပင် စီးပွားဥစ္စာတိုးတက်၍ ချမ်းသာလာတော့မလို၊ မကောင်းမှုပြုလုပ်လျှင်လည်း ချက်ခြင်းပင် ဒုက္ခများနှင့်ရင်ဆိုင်ရတော့မည်ဟု ထင်ကြသည့်အယူအဆများနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းအောင် အောက်ပါဥပမာဖြင့်တင်ပြလိုပေသည်။

ကောင်းမှုမကောင်းမှုများကိုပြုလုပ်ရာ၌ တွေ့ကြုံရမည့်အကျိုးသက်ရောက်မှုကိုထင်ရှားအောင် ဥပမာပြရမည်ဆိုပါက၊ ရေကန်တခု၏ အလွန်တည်ငြိမ်သော ရေမျက်နှာပြင်ပေါ်သို့ ကောင်းမှုမကောင်းမှုနှင့်တူသော ခဲတခုကိုပစ်ချလိုက်ပါက ရေနှင့်ခဲထိလျှင် ထိခြင်း ရေလှိုင်းတို့သည် အရစ်လိုက်အရစ်လိုက် ပေါ်ထွက်လာကာ ရေမျက်နှာပြင် ကျယ်သည်နှင့်အမျှ လှိုင်းပြန့်၍လှုပ်ရှားသွားကြသည်။

ထို့အတူပင် ကောင်းမှု မကောင်းမှု အကြီး အသေးနှင့် တူသော ခဲအကြီး အသေး စေတနာနှင့် တူသော ပစ်အား အရှိန်

ပြင်းမှု၊ ပျော့မှုပေါ်တည်၍ ရေလှိုင်းအရစ်အဝိုင်းတို့သည်လည်း ခဲကြီးလျှင် ကြီးသည့်အလျောက်၊ ခဲသေးလျှင် သေးသည့်ပမာဏ အလျောက်၊ အရှိန်အဟုန်ပြင်းလျှင် ပြင်းသည့်အလျောက်၊အရှိန် အဟုန်နည်းလျှင် နည်းသည့်အလျောက် လှိုင်းအရစ်အဝိုင်းအကြီး အသေးများ၊ လှိုင်းခေါင်း အနိမ့်အမြင့်များ၊ လှိုင်းပြေး အရှိန် အနှေးအမြန်များ တခုပြီးတခုပေါ်ထွက်လာကာ ကမ်းခြေအထိ လှုပ်ရှားသွားကြသည်။

ဤဥပမာကို တင်စားရာ၌ ခဲအ[illegible] အသေးကို ကံအ[illegible] အသေးဟူ၍၎င်း၊ စေတနာကောင်းမှု [illegible]ည့်မှုကို ရေထဲသို့ပစ်[illegible] လိုက်သော ခဲ၏အရှိန်အဟုန်ကြီးငယ်မှု [illegible]၍၎င်း၊ လှိုင်းပြေးအ[illegible] နှေးမှုမြန်မှုသည် အကျိုးသက်ရောက်မှုအချိန်ဟူ၍၎င်း၊လှိုင်းတရစ် ပြီးတရစ်ပေါ်လာသောအရစ်အဝိုင်းတခုသည် ဘဝတခုဟူ၍၎င်း၊ ရေမျက်နှာပြင်အကျယ်သည် ဘဝများစွာ ကျင်လည်ရသော သံသ ရာဟူ၍၎င်း တင်စား၍ဆင်ခြင်ကြည့်ပါက အကျိုးသက်ရောက်မှု၊ ခံစားရမှုသဘောများကို ပို၍ထင်ရှားစွာ သိမြင်နိုင်ပါသည်။

ထို့အတူပင် ကြီးမားသော အကောင်းအဆိုးကံတခုကို ထက် သန်သော စေတနာအရှိန်အဟုန်ဖြင့် ပြုလုပ်ပါက တန်ပြန်သက် ရောက်မှုသည် အရှိန်အဟုန်ကြီးသည်နှင့်အမျှ ချက်ခြင်းဖြစ်ပေါ် လာ၍ သံသရာမှမလွတ်မြောက်မချင်း ဘဝများစွာ ခံစားရမည် ကို ဤဥပမာဖြင့် ထင်ရှားလောက်ပြီဟု ယူဆမိပါသည်။

ဤနေရာ၌ အတိတ်ကံ ပစ္စုပ္ပန်ကံ [illegible]ပါးတို့၏ အကြောင်း [illegible] ကောင်းစွာသိရှိရန် ထပ်မံဘင်ပြလိုပါ[illegible]ည်။ လောကဥ်ဖြစ်ပျ[illegible]

အခြင်း ရာအားလုံးတို့သည် ကံ၊ ဉာဏ်၊ ဝီရိယ အပေါ်၌တည်ရှိ၏။ ကံဟုဆိုရာ၌ တတိတ်နှင့်ပစ္စုပ္ပန်က နှစ်ခုစလုံးကို ဆိုလိုသည်။

အတိတ်ကံကို အခြေပြု၍ ဖြစ်ပေါ် လာရသော အကြောင်းခြင်းရာတို့ကို ယခုပစ္စုပ္ပန်ကံဖြင့်ရင်း၊ ဉာဏ်ဖြင့်ရင်း၊ဝီရိယဖြင့်ရင်း ပြုပြင်ပြောင်းလဲ၍ မရနိုင်ပေ။ ပုံစံပြရသော်–တိရစ္ဆာန် စသော ဘဝများ၌ သန္ဓေတည်ရသော ဒုဂ္ဂတိ ဘုံဘဝများ၊ မြင့်မြတ်သော အမျိုး၌ ပဋိသန္ဓေဘည်ရခြင်း၊ မွေးကတည်းက ကိုယ်အင်္ဂါ ချွတ်ယွင်းစွာ ပဋိသန္ဓေတည်လာရခြင်း၊ ရုပ်ရည် အဆင်း လှပစွာ ပဋိသန္ဓေတည်လာရခြင်း၊ ပဋိသန္ဓေဉာဏ်ထက်မြက်ခြင်း၊ထုံထိုင်းညံ့ဖျင်းခြင်းစသော အချက်များသည် အတိတ်ဘဝကံ၏ စီမံဖန်တီးမှုကြောင့်များသာဖြစ်၍ ယခုပစ္စုပ္ပန် ကံ၊ ဉာဏ်၊ဝီရိယတို့ဖြင့် ပြုပြင်၍ မရနိုင်ပေ။

လောကီ၊ လောကုတ္တရာ ကြီးပွားမှု အတွက် ကောင်းသော ပြုလုပ်ပြောဆိုကြံစည် သုစရိုက်တရားတို့သည်ရင်း၊ မိမိ၏အကျိုး ကိစီးဆုတ်ယုတ်မှု ကို ပြုလုပ်သော ဒုစရိုက် တရားတို့သည် စ္စုပ္ပန်ကံဟုမှတ်ယူ သည်။

အတိတ်နှင့် ပစ္စုပ္ပ တို့၌လည်းအောက်ပါအတိုင်း (၃)မျိုး (၃) စား ရှိကြသည်။

**အတိတ်ကံ၌**

(၁) ကြီးမားသောအတိတ်ကံ၊
(၂) အလယ်အလတ်ဖြစ်သောအတိတ်ကံ၊
(၃) အနည်းငယ်သောအတိတ်ကံ၊

ပစ္စုပ္ပန်ကံ၌

(၁) ကြီးပွားဖြစ်ထွန်းရန်ရှိသောကံ၊
(၂) တည်တန့်ရုံမျှသာ ဖြစ်ထွန်းနိုင်သောကံ၊
(၃) ယုတ်လျော့ရန်အဖို့သာရှိသောကံ၊

## အတိတ်ကံကြီးသူ(၃)ယောက်

အကြင်သူသည် ကြီးမားသော အတိတ်ကံ၏ အကျိုးကျေးဇူးကြောင့် စည်းစိမ်ဥစ္စာပြည့်စုံ၍ မြင့်မြတ်သောမင်းမျိုး၊ သူဌေးမျိုးတို့၌သာ လူလာဖြစ်ငြားသော်လည်း ထိုသူသည် လောကီကြီးပွားမှုအတွက် ကြီးပွားဖြစ်ထွန်းရန်ရှိသော ပစ္စုပ္ပန်ကံကို ပြုလုပ်မှီ၏။ ထိုသူ၏လောကီကြီးပွားချမ်းသာဂုဏ်ရှိန်တို့သည် ဆုတ်ယုတ်ခြင်းမရှိ၊ တည်တန့်ရုံသာလည်းမနေ၊ ကြီးပွားတိုးတက်ခြင်းသာ ဖြစ်ကုန်၏။

အကြင်သူသည် ကြီးမားသော အတိတ်ကံကြောင့် မြင့်မြတ်သော ဘဝကိုရသော်လည်း တည်တန့်ရုံမျှသာ ဖြစ်ထွန်းနိုင်သောပစ္စုပ္ပန်ကံကိုပြုလုပ်မှီ၏။ ထိုသူ၏ လောကီစီးပွားချမ်းသာ ဂုဏ်ရှိန်တို့သည် တိုးတက်ခြင်းလည်းမရှိ၊ ဆုတ်ယုတ်ခြင်းလည်းမရှိ၊ တည်တန့်ရုံမျှသာရှိ၏။

အကြင်သူသည် ကြီးမားသော အတိတ်ကံကြောင့် မြင့်မြတ်သော ဘဝကို ရသော်လည်း ယုတ်လျော့ရန် အဖို့သာ ရှိသော ပစ္စုပ္ပန်ကံကိုပြုလုပ်မှီ၏။ ထိုသူ၏ လောကီစီးပွားချမ်းသာ ဂုဏ်ရှိန်တို့သည် တိုးတက်မှုကို မဆိုထားနှင့် တည်တန့်မှုပင် မရနိုင်ဘဲ ဆုတ်ယုတ်ပျက်စီးခြင်းသာဖြစ်ကုန်၏။

## အတိတ်ကံ အလတ်ရှိသူ (၃) ယောက်

အကြင်သူသည် အလယ်အလတ်ဖြစ်သော အတိတ်ကံအတွက် ကြောင့်လူလတ်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည်လောကီအကျိုး စီးပွားအတွက် ကြီးပွားဖြစ်ထွန်းရန်ရှိသော ပစ္စုပ္ပန်ကံကို ပြုလုပ် မှုဝဲ၏။ ထိုသူ၏ လောကီ စီးပွားချမ်းသာ ဂုဏ်ရှိန်တို့သည် ကြီး ပွားတိုးတက်ခြင်းသာ ဖြစ်ကုန်၏။

အကြင်သူသည် အလယ်အလတ်ဖြစ်သော အတိတ်ကံကြောင့် လူလတ်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည် တည်တန့်ရုံမျှသာဖြစ် သောပစ္စုပ္ပန်ကံကိုမှီဝဲပြုလုပ်၏။ ထိုသူ၏လောကီကြီးပွားချမ်းသာ ဂုဏ်ရှိန်တို့သည်တည်တန့်ရုံမျှသာဖြစ်၏။

အကြင်သူသည် အလယ်အလတ်ဖြစ်သော အတိတ်ကံကြောင့် လူလတ်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည်ဆုတ်ယုတ်ရန်ဖြစ်သော ပစ္စုပ္ပန်ကံကို မှီဝဲပြုလုပ်၏။ ထိုသူ၏ လောကီစီးပွားချမ်းသာ ဂုဏ် ရှိန်တို့သည် မိမိ၏ပင်ရင်းဘဝအခြေအနေ၌ပင် မတည်တန့်နိုင်ဘဲ ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်ရ၏။

## အတိတ်ကံယုတ်သူ (၃) ယောက်

အကြင်သူသည် သေးနုတ်သိမ်ငယ်ခဲ့သော အတိတ်ကံ အကျိုး ကြောင့် ဆင်းရဲသည့် အောက်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည် ကြီးပွားဘို့ရန်ဖြစ်သော ပစ္စုပ္ပန်ကံကိုမှီဝဲပြုလုပ်၏၊ ထိုသူ၏ လော ကီစီးပွားချမ်းသာ ဂုဏ်ရှိန်တို့သည် တိုးတက်ကြီးပွားကုန်၏။

အကြင်သူသည် သေးသိမ်ခဲ့သော အတိတ်ကံကြောင့် ဆင်းရဲသည့် အောက်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည်မိမိပင်ရင်းဘဝ၏ တည်တန့်မှုမျှသာရှိသော ပစ္စုပ္ပန်ကံကိုမှီဝဲပြုလုပ်၏၊ ထိုသူ၏ လောကီစီးပွားချမ်းသာဂုဏ်ရှိန်တို့သည် ထည်တန့်ရုံမျှသာဖြစ်၏၊

အကြင်သူသည် သေးသိမ်ခဲ့သော အတိတ်ကံ အကြောင်းကြောင့် ဆင်းရဲသည့် အောက်တန်းစားဘဝ၌ဖြစ်၏။ ထိုသူသည် ယုတ်လျော့ရန်ဖြစ်သော ပစ္စုပ္ပန်ကံကိုမှီဝဲပြုလုပ်ခြင်းကြောင့် မိမိပင်ရင်းဘဝထက်ပင် ယုတ်လျော့ကာ ဆင်းရဲသည်ထက်ဆင်းရဲ၏။

အထက်ပါ အခြင်းအရာများကို ယခုခေတ် မျက်မှောက်ပတ်ဝန်းကျင်၌ဖြစ်ပျက်နေသော ဖြစ်ရပ်များဖြင့် ပုံစံပြရမည် ဆိုပါက၊ကောင်းမြတ်သောဘဝ၌ဖြစ်ကြသည့် အရာရှိကြီးများ၊ သူဌေးများ၊ လူရည်တတ်များ၏ သားသမီးအချို့သည် ပစ္စုပ္ပန်ကံဖြစ်သည့်ယခုဘဝတွင် ပြုလုပ်ပြောဆိုကြံစည်မှုတို့၌ ဆုတ်ယုတ်မှုကိုသာပြုလုပ်ကြသဖြင့် မိဘများ တိမ်းပါးပြီးနောက် လူလတ်ပိုင်းအရွယ်တို့၌ ဆင်းရဲဒုက္ခရောက်နေကြရသူများကိုမိမိပတ်ဝန်းကျင်တွင်အများအပြားတွေ့နိုင်ပေသည်။

ထို့အတူပင် အတိတ်ဘဝကံ သိမ်ငယ်ခဲ့၍ ယခုဘဝပထမအရွယ်၌ အောက်တန်းကျခဲ့သော်လည်း ငယ်စဉ်က ပညာကြိုးစားသင်ခဲ့ခြင်း၊ အသိအလိမ္မာရှိခြင်း၊ ဝိရိယရှိခြင်းစသော တိုးတက်ဖြစ်ထွန်းဘို့သာရှိသည့် ပစ္စုပ္ပန်ကံကို ပြုလုပ်ပြောဆို ကြံစည်ခြင်းကြောင့် ယခုဘဝ လူလတ်ပိုင်း အရွယ်တို့တွင် ရာထူးဌာနန္တရကြီးများအဖြစ်ဖြင့်ရင်း၊ စီးပွားတိုး တက် နေသော ကုန်သည်ကြီး

များအဖြစ်ဖြင့်၎င်း၊ တည်ရှိနေကြသည့် တောင်သူ လယ်သမား၊ အလုပ်သမား၊ စာရေး စာချီနှင့်ဈေးသည် ကလေးများတို့၏သား သမီးများကိုလည်း ပတ်ဝန်းကျင်၌ အများအပြား တွေ့ရှိနိုင်ပေသည်။

ထို့ကြောင့် လောကီကြီးပွားမှုနှင့် ပတ်သက်၍ ပဋိသန္ဓေဝမ်း တွင်းပါအင်္ဂါချို့ယွင်းခြင်း၊ ရုပ်ရည်လက္ခဏာ လှပ တင့်တယ်မှုမရှိခြင်း၊ ပဋိသန္ဓေဉာဏ်ချို့ယွင်း၍ ပေါကြောင်ကြောင်ဖြစ်နေခြင်း၊ မိန်းမလျာဘဝတို့၌ဖြစ်ရခြင်းစသော အချက်များမှအပလောကီ ကြီးပွားတိုးတက်မှုတို့သည် ပစ္စုပ္ပန်ကံဟု ခေါ်သော ယခုဘဝ၌ပြု လုပ်ပြောဆိုကြံစည်မှုတို့ကို ဉာဏ်၊ ဝီရိယနှင့်ယှဉ်ကာပြုလုပ်မှုသာ လျှင်အဓိကအကျဆုံးဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ကံနှင့်ပတ်သက်၍ ကံလေးမျိုးကိုလည်းခွဲခြား၍သိသင့်ပါသေး သည်။ ၎င်းတို့မှာ-

(၁) ဥပပီဠကကံ၊

(၂) ဥပစ္ဆေဒက ကံ၊

(၃) ဇနက ကံ၊

(၄) ဥပထမ္ဘက ကံ၊

ဥပပီဠက ကံဟူသည်မှာ ကုသိုလ်ကံ အကျိုးပေးနေသည့် ကြားမှကပ်ရောက်နှိပ်စက်ပျက်စီးတတ်သောကံဖြစ်သည်။

ထင်ရှားအောင် ရှင်းလင်း ပြရသော် လူတဦးစီ၊ တဦးစီ၌အ တိတ်ဘဝသံသရာအစမှ ပြုခဲ့ကြသော ကောင်းမှုမကောင်းမှုဏာ တို့

သည် ရေတွက်ခြင်းငှာပင် မစွမ်းနိုင်အောင် များပြားခဲ့ပါသည်။ ယင်းတို့အနက်မှ တခုသော ကုသိုလ်ကံ ကြောင့် အကြင်သူသည် လူ့ဘဝ၌လူလာဖြစ်ခဲ့ငြားသော်လည်း၊ အတိတ်ဘဝက ပြုခဲ့သော ကြီးမားသည့် အကုသိုလ်ကံများက၊ 'ငါတို့သာ ရှေးဦးစွာအခွင့် ရငြားအံ့၊ အသင့်ကိုလူ့ပြည်၌ ဖြစ်ခွင့်မပေးဘဲ အပါယ်လေးဘုံ၌ သာဖြစ်စေအံ့။ ယခုမူသင်သည်လူ့ဘုံ၌ဖြစ်လေပြီ၊ သင်ဖြစ်ချင်ရာ ဘုံ၌ဖြစ်ပါစေ၊ ငါအကုသိုလ်ကံသည် သင်လူသားကိုနှိပ်စက်ရ ပေဦးမည်' ဤသို့မပြောဆိုသော်လည်း ပြောဆိုဘိ သကဲ့သို့ပြုခဲ့ သော အကုသိုလ်ကံများက အခွင့်သာလျှင် သာသော အခါ၌ ကပ်၍နှိပ်စက်လေတော့သည်။ နှိပ်စက်ပုံကား—

ဆိုခဲ့ပြီးသော အကုသိုလ်ပြုခဲ့ဘူး သူသည် အမိဝမ်းတွင်း၌ ပဋိ သန္ဓေနေသည်မှစပြီး မိဘနှစ်ပါးတွင် ကိုယ်စိတ်မချမ်းမသာ ဖြစ်ရ ခြင်း၊အိမ်၌ရှိသောပစ္စည်းဥစ္စာတို့ဆုံးပါးပျက်စီးခြင်း၊ထိုသူနှင့်ပတ် သက်သော မိဘ၊ မောင်နှမသားချင်းတို့မှာ ၎င်းနှင့် ကံခြင်း ဆက်နေသဖြင့် ဒုက္ခအဖုံဖုံတွေ့ကြုံရခြင်း၊ ၎င်းကိုယ်တိုင် အနာ ရောဂါထူပြောခြင်း၊ အကျော်အစောကင်းမဲ့ခြင်း၊ ဆင်းရဲနွမ်းပါး ခြင်းစသော ဒုက္ခများဖြင့်နှိပ်စက်ခြင်းခံရတတ်သည်။

ဥပစ္ဆေဒက ကံမှာ ကုသိုလ်ကံ အကျိုးပေးနေသည့် ကြားမှ ဝင်၍ အပြီးအပိုင် ဖြတ်ချ တတ်သော ကံကိုဥပစ္ဆေဒက ကံ ဟု အမည်တွင်သည်။

ထပ်မံသင်ရှားအောင်ရှင်းလင်းပြရသော် ဥပစ္ဆေဒက ကံသည် အတိတ်ဘဝများစွာက မိမိပြုခဲ့သော သူ့ဘဝပါးအား သတ်ဖြတ်ခဲ့

သည့် အကုသိုလ်ကံကြောင့် ယခုဘဝတွင်ကောင်းကျိုးခံစားနေရသည့်ကြားမှဝင်၍ တစုံတခုသော အကြောင်းကြောင့် မမြှော်လင့်ဘဲ အသက်အန္တရာယ်ဆုံးရခြင်းပင်ဖြစ်သည်။

ဇနကကံမှာ အကောင်းအဆိုးနှစ်ခုစလုံးကိုဖြစ်စေတတ်သည့် ပဋိသန္ဓေကိုဖြစ်စေတတ်သော ကံပင်ဖြစ်သည်။ အတိတ်ဘဝက ကုသိုလ်ကောင်းမှုအရှိန်ကြောင့်သုဂတိဘုံ၌ဖြစ်ရခြင်း၊ မကောင်းသော အကုသိုလ်ကံကြောင့် အပယ်လေးဘုံ၌ ဖြစ်ရခြင်းစသော သဘောတရားပင်ဖြစ်သည်။

ဥပထမ္ဘကကံသည် ကူညီထောက်ပံ့တတ်သော ကုသိုလ်ကံဖြစ်သည်။ ဤကံ၏သဘောကား ဥပပီဠကကံနှင့်ဆန့်ကျင်ဘက်သဘောဖြစ်၏။ဘဝများစွာကပြု-ခဲ့သောကုသိုလ်ကံအရှိန်ကြောင့် နတ်ပြည်၌မဖြစ်ဘဲ လူ့ပြည်၌ဖြစ်ခဲ့သော် ထိုကံများက 'ငါတို့သာ ရှေးဦးစွာ အခွင့်ရကြအံ့ သင့်အားလူ့ပြည်၌ ဖြစ်ခွင့်မပေးဘဲနတ်ပြည်၌သာဖြစ်စေအံ့၊ယခုမူသင်သည်လူ့ဘုံ၌ဖြစ်ခဲ့လေပြီ။ဖြစ်ချင်ရာဘုံ၌ဖြစ်ပါစေ၊ငါကုသိုလ်ကံသည် သင့်အားကူညီထောက်ပံ့မှုကို ပြုရပေတော့မည်' ဟုပြောဆိုသည့်အလားထိုသူအမိဝမ်းတွင်း၌ ပဋိသန္ဓေနေစဉ်ကပင်မိဘတို့သည် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနေရခြင်း၊ စီးပွားဥစ္စာတိုးတက်လာခြင်း၊ ဂုဏ်ရှိန်သတင်းကျော်စောလာခြင်း၊ ဆုံးပါးသွားပြီဟု ယူဆထားသော ပစ္စည်းများပြန်ရရှိခြင်း၊ ၎င်းနှင့်ကံဆက်စပ်နေသူ မိဘဆွေမျိုး သားချင်းများ ချမ်းသာရခြင်း၊ ၎င်းကိုယ်တိုင် ကြီးပွားချမ်းသာရခြင်း စသည့်အကျိုးကျေးဇူးများကို ရသည့် ကံပင်ဖြစ်သည်၊

ကံ၊ ကံ၏သဘောတရားတို့သည် အတော်ဆန်းကျယ် လှပေသည်။ အနတက္ကမ သံသရာမှမိမိပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည်ရေတွက်ခြင်းငှာမရနိုင်လောက်အောင်ပင်များပြားလှ၏။ ထို့ကြောင့် ဆရာတော် တပါးက မိန့်ဆိုဘူးသည်မှာ 'တို့ကိုယ်စိတ်တွင် သဲလှည်း အစီးကိုးရာတိုက်ရှိသော သဲပွင့်များနှင့်ညီမျှသောကုသိုလ်၊ အကုသိုလ်ကံတွေရှိကြတယ်' ဟု မိန့်ကြားဘူးသည်။ ယင်း ကုသိုလ်၊ အကုသိုလ်ကံတို့သည် အခွင့်သင့်သလို အကျိုးပေးတတ်ကြောင်းကိုလည်း သတိပြုသင့်ပေသည်။

ရင်းအပြင်'သဒ္ဒီသံပါကံ ဇ နေတီ' ဟူသော တရားတော်အရ၊ ကံသည် တူသော အကျိုးကိုပေးတတ်ပါသည်။ ထို့ကြောင့်မိမိပြုသလိုမိမိပြန်ခံစားရတတ်သည်။ ဘဝသံသရာ တခုလုံး၌ ကံသာလျှင်အဖ၊ ကံသာလျှင် အမိ၊ ကံသာလျှင် မိမိအားထားရာဖြစ်ကြောင်း မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ဒသကနိပါတ်သံသပ္ပနီယသုတ်တော်၌ အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

'ရဟန်းတို့သတ္တဝါတို့မည်သည် မိမိပြုသော အမှု (ကံ) သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ မိမိပြုသောအမှု (ကံ) သာ လျှင် အမြွေအရုံရှိကုန်၏။ မိမိပြုသောအမှု(ကံ)သာ လျှင် အကြောင်းရှိကုန်၏။ မိမိပြုသောအမှု (ကံ) သာလျှင် အဆွေအမျိုး ရှိကုန်၏။ မိမိပြုသောအမှု(ကံ) သာလျှင်ကိုးကွယ်ရာ ရှိကုန်၏။ (ဝါ) တည်ရာရှိကုန်၏။ ကောင်း သည်လည်းဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော အကြင် အမှု (ကံ) ကို ပြုကြ လေကုန်၏။ ထိုမိမိပြုသောအမှု (ကံ)၏ ကောင်းမွေ ဆိုးမွေကို သာလျှင် မိမိတို့ခံယူကြရကုန်သည်ဖြစ်၏' ဟု ဟောတော်မူခဲ့သည်။

မိမိပြုလုပ်သော အလုပ်(ကံ)သာလျှင်ကိုးကွယ်ရာ၊ (ကံ)သာလျှင် ဆွေမျိုး မိတ်ဆွေဖြစ်ကြောင်း မှီခိုအားထား လဲလျောင်းရာဖြစ်ကြောင်းကို ယခုလောကဖြစ်ပျက်မှုများနှင့် နှိုင်းယှဉ်ကြည့်လျှင် ပို၍ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။

ပုထုဇဉ်သဘာဝအလျောက် များသော အားဖြင့် သာမန်ပုဂ္ဂိုလ်တို့သည် မိမိထက်ဂုဏ်ရှိသူ၊ အာဏာရှိသူ၊ ပစ္စည်းချမ်းသာသူ၊ ထင်ပေါ်ကျော်ကြားသူများနှင့် မိမိကိုအကျိုး ကျေးဇူးပြုနိုင်သူများနှင့်သာပေါင်းသင်း လိုကြသည်။ ထိုပုဂ္ဂိုလ် သည် ပစ္စုပ္ပန် အလုပ်(ကံ)မကောင်းမှုများကို ပြုခဲ့မိခြင်း ကြောင့်၎င်း၊ အတိတ်ကံအကြောင်း မလှခြင်းအားဖြင့်၎င်း၊ မူလတိုးတက်နေသော အဆင့်မှ ရုတ်တရက်လျော့ကျ သွားသောအခါ ထိုပုဂ္ဂိုလ်ထံသို့ ဝင်ထွက်သွားလာနေကြသောသူများသည် အဝင်အထွက် မရှိတော့ဘဲရှောင်ကြဉ်သွားကြသည်ကို လေ့လာ ကြည့်ရှုပါက တွေ့ရပေသည်။ ထိုပုဂ္ဂိုလ်ဒုက္ခတွေ့သည့်အခါ၌ မည်သူမျှ အားမကိုးရဘဲဖြစ်နေသည်ကိုလည်း မိမိပတ်ဝန်းကျင်၌ ကြည့်ရှုပါက ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် ပစ္စုပ္ပန် (ကံ) လုပ်ကိုင်ပြောဆိုကြံစည်မှု ကောင်းဖို့ သာလျှင် ဘဝ၏ အာမခံချက် ဖြစ်ကြောင်းတင်ပြရခြင်းဖြစ်ပါသည်။

ကံနှင့်ပတ်သက်၍ကံချင်းဆက်စပ်မှုအကြောင်းကိုလည်း အနည်းငယ်တင်ပြလိုပေသည်။ ကောင်းမှု မကောင်းမှုပြုလုပ်သည့် အခါ များ၌ အပေါင်းအသင်း များဖြင့် ပြုလုပ်တတ်ကြသည်။ အတိတ်ဘဝကအတူပြုခဲ့သောကံအကျိုးကြောင့် ယခုဘဝတွင် အတူခံစားခြင်း၊ ခံစားခြင်းများကို စံယူရသည်။ မိဘ၏အလုပ်ကံ

ကောင်းခြင်းကြောင့် ဇနီး သွားသမီးများ အကျိုးခံစား ရသလို သားသမီးများ၏ အလုပ် (က) ကောင်းခြင်း ကြောင့် မိဘဆွေမျိုး များလည်း အကျိုး ခံစားရပုံ၊ ၎င်းတို့ အလုပ် မကောင်းခြင်းကြောင့် မိုခိုဆက်စပ် နေသူတို့ပါ ဒုက္ခတွေကြုံ ရသောသာဓကလောက ဖြစ်ရပ်အစုံတို့ကို သင်္ကေတ်စာယူပြီး ကုံဆက်စပ်နေသူတို့သည် တဦးကိုတဦး ကောင်းသောကံများ ပြုလုပ်မိကြရန် အပြန်အလှန် စောင့်ရှောက်သင့်ကြောင်း တင်ပြအပ်ပါသည်။

၀ ၁ ၀ ၀

# ကြီးပွားရေးကဏ္ဍ

## သမ္ပဒါတရား လေးပါး

သမ္ပဒါတရားလေးပါး– မျက်မှောက် ကြွယ်ဝချမ်းသာခြင်း အကြောင်းလေးပါးတို့ကို မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ် အဋ္ဌကနိပါတ်– ဒီဃဇာဏုသုတ်တော်တွင် ဟောထားတော် မူခဲ့သည်။ သမ္ပဒါတရားသည် လောကီကြီးပွားမှုကို အလိုရှိသူများအတွက် လိုက်နာနိုင်သည်နှင့်အမျှ မျက်မှောက်ဘဝတွင်ပင် ကြွယ်ဝချမ်းသာနိုင်သောတရားများဖြစ်ပါသည်။အထူးသဖြင့်ပစ္စည်းဥစ္စာ ရှာဖွေရေးနှင့် ပိုမိုသက်ဆိုင်သောတရားဖြစ်၍ စီးပွားရေးသမားတိုင်း မလွတ်တန်းဘတ်ရှုသင့်သော တရားဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အခါတပါး၌သုံးလူ့ထွဋ်ထားရှင်တော်မြတ်ဘုရားသည်ကောလိယတိုင်းကက္ကရသတ္တမည်သောနိဂုံး၌ သီတင်းသုံးနေတော်မူစဉ် လိမ္မာရေးခြားရှိသော ကောလိယတိုင်းသား ဗျဂ္ဃပဇ္ဇ မည်သော

လုလင်ပျိုတဦးသည် မြတ်စွာဘုရားထံပါးသို့ ချဉ်းကပ် ပြီးကာ ရိုသေစွာလက်စုံမိုး၍ ရှိခိုးပူဇော်ပြီးလျှင် ဤသို့လျှောက်ထား၏။

"အရှင်ဘုရား တပည့်တော်တို့သည် အိမ်ရာတည်ထောင် ဤလူ့ဘောင်၌ ကာမဂုဏ်ချမ်းသာကိုခံစားကာ ဇနီး မယား သမီးသားတို့ဖြင့်နေထိုင်ရခြင်းကြောင့် ရဟန်းတော် အရှင်သူမြတ်များကဲ့သို့ ကုသိုလ်ကောင်းမှုကို အမြဲပြုခွင့်မရသဖြင့် ကျဉ်းမြောင်းကြပ်တည်းစွာနေရပါသည်ဘုရား။ ကာသိတိုင်းဖြစ်နှစ်သက်ဘွယ်ရှိသောအဝတ်ပုဆိုးတို့ကို ဆင်မြန်းလိုပါ၏။ စန္ဒကူးနံ့သာ အမွှေးအကြိုင်တို့ကိုလည်းလိမ်းခြယ်လိုပါ၏။ ကံ့ကော် သဇင် ပန်းမျိုးစုံလင်စွာတို့ကိုလည်း ပန်ဆင်လိုကြပါ၏။ လောကီအာရုံ ကာမဂုဏ်တရားတို့ကိုခံစားနိုင်ရန် ရွှေငွေရတနာတို့ကိုလည်း ရအောင်ရှာဖွေ စုဆောင်းရပါသည်ဘုရား။ ဤသို့ ပစ္စည်းဥစ္စာရှာဖွေရာ၌ သူတကာတို့ထက် အောက်ကျနောက်ကျမရှိဘဲ ယခုဘဝ၌ ဒိဋ္ဌလက်ငင်း အလိုရှိအပ်သော အကျိုးတရားတို့ကို ရရှိစေနိုင်သည့် ကြီးပွားချမ်းသာစေနိုင်သော တရားတော်မြတ်ကို ဟောကြားတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထား၏။

## ဥဋ္ဌာနသမ္ပဒါ

"ဗျဂ္ဃပဇ္ဇသတို့သား၊ ဤလောက၌ လယ်ယာစိုက်ပျိုးခြင်းအလုပ်၌ရင်း၊ ကုန်သွယ်ခြင်းအလုပ်၌ရင်း၊ နွားမွေး၊ နွားကျောင်းခြင်းအလုပ်၌ရင်း၊ လေးမြှားအတတ်၌ရင်း၊ မင်းခစားအလုပ်၌ရင်း၊ တပါးသောအသက်မွေးဝမ်းကျောင်းမှုအလုပ်များ၌သော်ရင်း၊ ပျင်းရိမှုမရှိဘဲ မိမိအလုပ်၌ စူးစမ်းဆင်ခြင်ခြင်း။ တတ်သိ

နားလည်အောင်လေ့လာခြင်း၊မိမိကိုယ်တိုင်စီမံခန့်ခွဲကာ ကျနစွာ လုပ်ကိုင်တတ်စေရန် ထကြွဝီရိယနှင့် သေသပ်စွာ အလုပ်လုပ်ကိုင် ခြင်းကို ဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံသူဟုမှတ်ယူအပ်၏။ ထိုဥဋ္ဌာန သမ္ပဒါနှင့် ပြည့်စုံသူသည်လျှင် ကြီးပွား ချမ်း သာ သူ ဖြစ်နိုင် ပေမည်။"

တနည်းအားဖြင့် ဆိုသော် မိမိအလုပ်၌ ကျွမ်းကျင် လိမ္မာ အောင် ပျင်းရိမှုမရှိဘဲ အမြဲမပြတ်မနေမနား အားထုတ်လုပ်ကိုင် ရမည်ဟုလို၏။ ဤသို့ပြုလုပ်ရာ၌ ကောင်းစွာ အကျိုးဖြစ်ထွန်း စေခြင်းငှာ—

၁။ ဉာဏသမ္ပတ္တိ။

၂။ ဂတိသမ္ပတ္တိ။

၃။ ဥပဓိသမ္ပတ္တိ။

၄။ ကာလသမ္ပတ္တိ။

၅။ ပယောဂသမ္ပတ္တိ။

ဟုဆိုအပ်သော သမ္ပတ္တိငါးပါးနှင့် ပြည့်စုံမှသာ အလုပ်လုပ် သည်နှင့်အမျှ ပြည့်စုံစွာ အကျိုးဖြစ်ထွန်းနိုင်ပေမည်။ (သမ္ပတ္တိဟူ သောအဓိပ္ပါယ်မှာ— ကောင်းခြင်း၊ ပြည့်စုံခြင်း၊ ဖေါက်ပြန်မှု မရှိခြင်း၊ ချို့ယွင်းမှုမရှိခြင်းတို့ဖြစ်သည်။)

**ဉာဏသမ္ပတ္တိ**။ ဟူသည်မှာ မိမိအလုပ်နှင့်စပ်လျဉ်း၍ သိအပ်၊ တတ်အပ်၊ နားလည်အပ်သော အရာဟူသမျှကို တစမကျန် တတ် သိနားလည်ပြီး ယင်းအလုပ်ကို စနစ်ကျနစွာ စီမံခန့်ခွဲနိုင်သော

အသိအလိမ္မာအားနှင့် ပြည့်စုံလျက် မမြော်လင့်သော ဘေးတို့မှ ကင်းဝေးရန် ရံပုံငွေများ၊ ကြိုတင်စီမံမှုများ ထားရှိကာ လုပ်ငန်းကို နိုင်နိုင်နင်းနင်း အုပ်ချုပ်လုပ်ကိုင်နိုင်သော အင်္ဂါရပ်နှင့်ပြည့်စုံခြင်းဖြစ်သည်။ အချုပ်အားဖြင့် ဉာဏ်နှင့်ယှဉ်၍ လုပ်ကိုင်တတ်မှသာ ယင်းလုပ်ငန်း၌ ကောင်းစွာ အကျိုးဖြစ်ထွန်းနိုင်ပေမည်။

**ဂတိသမ္ပတ္တိ**– ဟူသည်မှာ သင်္ပင်နီး လုပ်ကိုင်ရာ၌ နေရာကောင်း၊ အကွက်ကောင်းရမှသာ မိမိအလုပ်၌ အကျိုးဖြစ်ထွန်းနိုင်ပေမည်။ ဥပမာအားဖြင့် ရေအိုင်တည်းဟူသော ဂတိသမ္ပတ္တိနှင့်ပြည့်စုံသော ဖါးသူငယ်သည် တောသုံးတောင်ကို အစိုးရသော ခြင်္သေ့မင်းကို ဖက်ပြိုင်နိုင်သကဲ့သို့ နေရာကောင်း အကွက်ကောင်းရရှိသူသည် ဝီရိယရှိသည်နှင့်အမျှ အကျိုးထူးကိုခံစားနိုင်ပေမည်။

**ဥပဓိသမ္ပတ္တိ**ဟူ– သည်မှာ မိမိအလုပ်အတွက် လိုအပ်သော လက်နက်ကရိယာ ပြည့်စုံခြင်း၊ အဆောက်အဦး အဆင်အပြင် ကောင်းမွန်သပ်ရပ်ခြင်း၊ ရောင်းချသောပစ္စည်း အခင်းအကျင်း အပြင်အဆင်လှပကောင်းမွန်ခြင်း၊ ထုတ်လုပ်သောပစ္စည်း ခိုင်ခန့်ကောင်းမွန်သပ်ရပ်ခြင်း၊ ကြည့်ရှုသူ၏ မျက်စေ့ပသာဒ၌ နှစ်လိုဘွယ်ဖြစ်အောင် စီမံခန့်ခွဲနိုင်မှသာလျှင် ဝီရိယနှင့် ပြည့်စုံသည်နှင့်အမျှ အကျိုးကျေးဇူးများ ခံစားနိုင်ပေမည်။

**ကာလသမ္ပတ္တိ**– ဟူသည်မှာ အလုပ်အကိုင် လုပ်ကိုင်ရန်သင့်တော်သောအချိန်အခါ ကာလပေါ်ဆိုလိုသည်။ အခါခါ အခွင့်အလမ်းကောင်းသည့် အခါကာလတွင် အလုပ်လုပ်ကိုင်မှသာ အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းနိုင်ပေမည်။

**ပယောဂသမ္ပတ္တိ**— ဟူသည်မှာ ကောင်းသော ဉာဏ်နှင့်ယှဉ်သော လုံ့လပယောဂပြည့်စုံခြင်းပင်ဖြစ်သည်။ ဉာဏ်နှင့်ယှဉ်သော ကောင်းသော အားထုတ်မှုနှင့် ပြည့်စုံမှသာလျှင် ဝိရိယရှိသည်နှင့်အမျှ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ပေမည်။

**အာရက္ခသမ္ပဒါ**။

'ဗျဂ္ဃပဇ္ဇသတို့သား၊ လုံ့လဝိရိယဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်၍ ရအပ်သောပစ္စည်းဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့၏ဘေးမှ လုံခြုံအောင် စောင့်ရှောက်ခြင်းကို အာရက္ခသမ္ပဒါဟုခေါ်၏။ ထိုသမ္ပဒါတရားနှင့် ပြည့်စုံသူမှသာလျှင် ကြီးပွားချမ်းသာနိုင်ပေမည်။"

လုံ့လဝိရိယအားထုတ်၍ ရှာဖွေစုဆောင်း ထားသောပစ္စည်းများကိုမင်းဘေးမှလွတ်ကင်းရန်အလို့ငှါ မင်းတို့ပြဋ္ဌာန်းထားသောစည်းမျဉ်းဥပဒေတို့နှင့် ဆန့်ကျင်သော အလုပ်များ မပြုလုပ်ခြင်း၊ တဦးနှင့်တဦး ရုံးပြင်ကန္နားသို့မရောက်အောင် နေထိုင် ကျင့်ကြံခြင်းတို့ပင် ဖြစ်သည်။

မိမိရှာဖွေစုဆောင်းထားသော ပစ္စည်းများကို သူခိုး ဒါးပြဘေးမှ လွတ်ကင်းရန်အလို့ငှာ ပစ္စည်းများကိုဘဏ်၌အပ်နှံခြင်း၊ ပစ္စည်းများကို လုံခြုံစိတ်ချရန်အတွက် ဉာဏ်နှင့်ယှဉ်၍ သိမ်းဆီးခြင်းများပြုလုပ်ရန်ဖြစ်သည်။

မီးဘေးမှ လွတ်ကင်းရန် အလို့ငှာ မီးပေါင် ထားခြင်း၊ မီးလောင်စေတတ်သောပစ္စည်းများနှင့် ဝေးစွာထားခြင်း၊ မီးသတ်ကရိယာပစ္စည်းများ အသင့်ပြုလုပ် စီမံထားခြင်းတို့ပင် ဖြစ်သည်။

ရေဘေးမှ ကင်းဝေးရန်အလို့ငှာ ရေကြောင့် ပျက်စီးခြင်းမှ ကာကွယ်သော ရေအာမခံ ထားရှိခြင်း၊ ရေကြီးနိုင်သော အရပ်များမှ ကင်းဝေးစွာနေထိုင်ခြင်းတို့ပင်ဖြစ်သည်။

အရေးကြီးဆုံးသော ရန်သူမှာ အတွင်းရန်ဖြစ်သည့်သားမိုက်၊ သမီးမိုက်များ၏ ဘေးအန္တရာယ်ပင် ဖြစ်သည်။ သားသမီးများအား မိဘပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းထားသော ပစ္စည်းများကို အမွေဆက်ခံထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သိနားလည်သည့်အရွယ်မှစ၍ ယဉ်ကျေးလိမ္မာစေရန် နေ့စဉ်ဆုံးမ၍ မိဘ၏ဝတ္တရားငါးပါးကို မချွတ်ယွင်းစေအောင် ဆောင်ရွက်ရမည်။

ယခုခေတ်ကာလ၌ သားသမီးများအား ဆုံးမရန် ခက်ခဲလာကြောင်းတွေ့ရပါသည်။ သိတတ်သည့်အရွယ်မှ ၁၅-နှစ် အရွယ်လောက်အထိသာ ဆုံးမ၍လွယ်ကူပါသည်။ ၁၅-နှစ်ကျော်အရွယ်သို့ ရောက်သည့်အချိန်၌ လူကြီးမိဘ ပြောဆို ဆုံးမ သည်ကိုပင် မနှစ်သက်ကြသော သားသမီးများကို အများအပြား တွေ့ဘူးပါသည်။ ထို့ကြောင့် မိဘများအနေဖြင့် သိတတ်သည့် အရွယ်မှ ၁၅-နှစ်သားအထိ ၁၂-နှစ်ခန့် ကာလ အတွင်း၌သာ ဆုံးမ၍ရသောအချိန်ဖြစ်ပါသည်။ ယင်းအချိန်ကာလ၌ သားသမီးများ လိမ္မာရေးခြားရှိရန် အမြဲတစေ ဆုံးမပေးသင့်ပေသည်။ ကလေးများ၏ စိတ်ဓါတ်သည်လည်း ထိုအရွယ် အပိုင်း၌ ဖယောင်းလို ပျော့ပျောင်းနေသောအချိန်ပိုင်းဖြစ်၍ မိမိကြိုက်သလို ပုံသွင်း၍ ပြုပြင်ပေးနိုင်ပေသည်။ ၁၅-နှစ်အရွယ်ကာလအပိုင်းအထိ မိဘများ ပင်ပန်းခံ၍ ကောင်းစွာ ဆုံးမ ပေးလာခဲ့လျှင် ကျန်ဘဝအသက်ပိုင်းအတွက် စိတ်အေးရန် အကြောင်းတရပ်ပင် ဖြစ်သည်။

ရတနာသုံးပါး ကိုင်းရှိုင်းတတ်သောစိတ်၊ သူတထူးအား မတရားမပြုလုပ်လိုသောစိတ်ဓါတ်တို့သည် လူဆိုးသူဆိုး ဖြစ်ခြင်းဘေးမှ ကောင်းစွာ ကာကွယ်ကြောင်းတွေ့ရပါသည်။ထို့ကြောင့် မိမိတို့သားသမီးများအား ယင်းစိတ်ဓါတ်များ အပြည့်အဝရရှိစေရန် ရှေးအစဉ်အလာက ပြုလုပ်ခဲ့ကြသော ညအိပ်ရာဝင်ချိန်၌ ဘုရားနှင့် လူကြီး မိဘ များအား ရှိခိုး၍ အိပ်စေခြင်း၊ တတ်သိနားလည်သည့်အရွယ်၌ မိမိ ကိုးကွယ်သည့် ရဟန်းသံဃာများ၏ အဆုံးအမကို နာခံစေခြင်း၊ အခါကြီး ရက်ကြီးများ၌ အကြိုက် ပေး၍ ဥပုသ်သီလများစောင့်ထိန်းစေခြင်းစသော စရိုက်ကောင်းသည့်အလေ့အထများကို ငယ်စဉ်ကပင် အမြဲတစေသွတ်သွင်းပေးခြင်းဖြင့် အတွင်းရန်နှင့်တူသော သားဆိုး သမီးဆိုးဘေးမှ ကင်းဝေးရန် ကောင်းစွာစောင့်ရှောက် သင့်ပေသည်။

## ကလျာဏမိတ္တသမ္ပဒါ

“ဗျဂ္ဃပဇ္ဇသတို့သား-အဆွေခင်ပွန်းကောင်း မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များရှိသူသာလျှင် ကြီးပွားချမ်းသာနိုင်ပေသည်။မိတ်ဆွေခင်ပွန်းကောင်းနှင့် ပြည့်စုံသူသာလျှင် ကလျာဏမိတ္တသမ္ပဒါနှင့် ပြည့်စုံသူဟုမှတ်အပ်၏။ ထိုသမ္ပဒါနှင့်ပြည့်စုံသူသာ ကြီးပွားချမ်းသာ နိုင်ပေမည်”။

အဆွေခင်ပွန်းကောင်း ရှိခြင်းဖြင့် လောက၌ ကြီးပွားနိုင်ပေမည်ဟူသော အချက်ကို မည်သူမျှ ငြင်းပယ်နိုင်မည် မဟုတ်ပေ။ မိမိကိုယ်တိုင်ကလည်း မိတ်ဆွေစစ် မိတ်ဆွေကောင်းတို့၏အင်္ဂါနှင့် ပြည့်စုံမှသာလျှင် အဆွေခင်ပွန်းကောင်းများကို ရနိုင် ပေမည်။

ဘဝသံသရာခရီးသည် ကြမ်းတမ်းလှသဖြင့် မိတ်ဆွေကောင်းများဖြင့် တဦးကိုတဦး အမှီပြုကာ သွားကြမှ ဘဝလမ်းကြောင်းသည် သာယာစိုပြေတတ်ပေသည်။ ဒုက္ခနှင့် ရင်ဆိုင် နေရသည့် အခါကာလအတွင်း၌ မိတ်ဆွေကောင်း များသည် မည်မျှ တန်ဘိုးရှိကြောင်းကို ဒုက္ခနှင့် တွေ့ဘူးသူတိုင်း သိကြပေမည်။ အရေးကြုံသည့်အခါများ၌ မိမိ၏ အပေါင်းအသင်း များထဲမှ မိတ်ဆွေကောင်းများ တဦးတယောက်မျှ ပေါ်ထွက်မလာဘဲ ကြုံရသည့်သူများလည်း အများအပြားရှိကြလေသည်။

ယေဘူယျအားဖြင့် ပုထုဇဉ်လူသား အပေါင်းအသင်းတို့သည် မိမိအကျိုးရှိမှသာပေါင်းချင်ကြကြောင်း တွေ့ကြုံ တတ်ကြသည်။ ဂုဏ်ရှိသူ၊ အာဏာရှိသူ၊ ချမ်းသာသူ၊ နာမည်ကြီးသူ များကိုသာ အပေါင်းအသင်းလုပ်လိုကြကြောင်း အများအပြား တွေ့ရှိရပါသည်။ ထို့ကြောင့် ဟိတောပဒေသကျမ်း၌ စစ်မှန်သောမိတ်ဆွေနှင့် မိဘနှစ်ပါးသာလျှင် သူတဦး၏ အကျိုးကို မပြောမဆိုရဘဲ ဆောင်ရွက်တတ်ကြောင်း၊ကျန်သူများသည်အကျိုးနှင့်အကြောင်းကြောင့်သာလျှင် ပေါင်းသင်းကြကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ မိမိကိုယ်တိုင်လည်း မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်တို့၏ အင်္ဂါနှင့် ပြည့်စုံပြီး မိတ်ဆွေကောင်းများ ရှာဖွေရရှိနိုင်ကြစေရန် ဒွါဒသနိပါတ် မိတ္တာမိတ္တဇာတ်လာ ခင်ပွန်းစစ်လက္ခဏာများ၊ ခင်ပွန်းမစစ်သူတို့၏လက္ခဏာများကို ရေးသားဖော်ပြအပ်ပါသည်။(သိင်္ဂါလောဝါဒသုတ်၌ပါရှိသော မိတ်ဆွေစစ်၊မိတ်ဆွေတုတို့၏ လက္ခဏာများကိုလည်း ဤအခန်းနှင့် အတူတွဲ၍ ဘတ်ရှုသင့်ပေသည်)။

## ခင်ပွန်းစစ် လက္ခဏာ ၁၆-ပါး

၁။ ကွေကွင်းနေသောအခါ၌ မကြာမကြာသတိရခြင်း။
၂။ မိမိထံသို့လာသောအခါ၌လွန်စွာနှစ်သက်တတ်ခြင်း။
၃။ ဟန်ဆောင်မဟုတ် အဟုတ် တကယ်ချစ်ခင်ခြင်း။
၄။ စကားပြောသောအခါ၌ လွန်စွာနှစ်သက်တတ်ခြင်း။
၅။ ထိုသူ၏အဆွေခင်ပွန်းတို့နှင့်သာပေါင်းသင်းဆက်ဆံခြင်း။
၆။ ထိုသူ၏ရန်သူတို့နှင့် ဆက်ဆံပေါင်းသင်း အကျွမ်းတဝင် မရှိခြင်း။
၇။ ထိုသူ၏အတင်းစကားကို ပြောကြားဆဲဆိုလာသူတို့အား တားမြစ်ကန့်ကွက်တတ်ခြင်း။
၈။ ထိုသူ၏ ကျေး-ဇူးကို ပြောဆိုသူတို့အား များစွာချီးမွမ်း တတ်ခြင်း။
၉။ လျှို့ဝှက်အပ်သောစကားကိုထိန်ချန်၍မထားတတ်ခြင်း။
၁၀။ အဆွေခင်ပွန်း၏ လျှို့ဝှက်သင့်သော အရာ ဟူသမျှကို မည်သူမျှ မသိရစေခြင်းငှာ ကောင်းစွာ လျှို့ဝှက်ထား တတ်ခြင်း။
၁၁။ ထိုသူပြုအပ်သော အမှုအလုပ်တို့ကို များစွာချီးမွမ်းတတ် ခြင်း။
၁၂။ ထိုသူ၏ အသိအလိမ္မာ ဉာဏ်ပညာကို ကောင်းစွာ ချီး မွမ်းတတ်ခြင်း။

၁၃။ စည်းစိမ်ဥစ္စာ တိုးပွားနေသောအခါ၌ လွန်စွာ ဝမ်းမြောက်တတ်ခြင်း။

၁၄။ စည်းစိမ်ဥစ္စာ ပျက်စီးသောအခါ၌လည်း များစွာ ဝမ်းနည်းတတ်၊ မနှစ်သက်တတ်ခြင်း။

၁၅။ ထူးဆန်းကောင်းမြတ်သောစားဘွယ်၊ ခဲဘွယ်တို့ရသောအခါ၌ လွန်စွာသတိရခြင်း။

၁၆။ မိမိအား ချစ်ခင်လှသဖြင့် ထိုသူ၏ထံမှ ရွှင်လန်း ဝမ်းမြောက်စွာပေးသော လက်ဆောင်များ ရရှိခြင်း။

## ခင်ပွန်းမစစ်သော လက္ခဏာ ၁၆ ပါး

၁။ တယောက်နှင့် တယောက် တွေ့ဆုံ ကြသောအခါ ရွှင်လန်းဝမ်းမြောက်သော အခြင်းအရာဖြင့် ပြုံးရယ်ခြင်းကိုမျှ မပြုတတ်ခြင်း။

၂။ စကားပြောဆိုသောကာလ နှစ်သက်ခြင်းအရာကို မပြုခြင်း။

၃။ မိမိကကြည့်သော်လည်း မိမိအား ပြန်မကြည့်ခြင်း။

၄။ မိမိပြောဆိုသောစကားနှင့် ဆန့်ကျင်ဘက်ကိုသာ ရှာ၍ ပြောတတ်ခြင်း။

၅။ မိမိရန်သူဖြစ်သောသူတို့နှင့်သာ အခါခပ်သိမ်း ပေါင်းသင်းဆက်ဆံ ဝင်ထွက်သွားလာတတ်ခြင်း။

၆။ မိမိ၏ မိတ်ဆွေခင်ပွန်းတို့နှင့် ပေါင်းသင်း ဆက်ဆံ ဝင်ထွက် သွားလာမရှိခြင်း။

၇။ မိမိ၏ဂုဏ်ကျေးဇူးကို ပြောဆိုသောသူအား တားမြစ်ကန့်ကွက်တတ်ခြင်း။

၈။ မိမိ၏အပြစ်ကို ပြောဆိုဆဲရေးသူအား များစွာချီးမွမ်းတတ်ခြင်း။

၉။ လျှို့ဝှက်အပ်သော စကားကို မိမိအား မပြော ကြားတတ်ခြင်း။

၁၀။ မိမိကယုံကြည်၍ ပြောကြားအပ်သော လျှို့ဝှက်စကားကို သူတပါးအား ပြောကြားတတ်ခြင်း။

၁၁။ မိမိပြုလုပ်အပ်သော အလုပ်အကိုင်ဟူသမျှကို မချီးမွမ်းတတ်ခြင်း။

၁၂။ မိမိ၏ အသိအလိမ္မာဉာဏ်ပညာကို မချီးမွမ်းတတ်ခြင်း။

၁၃။ မိမိ၌ ပျက်စီးဆုတ်ယုတ်သောအခါ လွန်စွာအားရတတ်ခြင်း။

၁၄။ မိမိကြီးပွားတိုးတက်သည့်အခါ နှစ်လိုဝမ်းသာမရှိတတ်ခြင်း။

၁၅။ ကောင်းမြတ်သော စားဘွယ် ခဲဘွယ်တို့ကိုရသော ကာလ၌ သတိမရခြင်း။

၁၆။ မိမိအား ချစ်ခင်နှစ်သက်ခြင်း မရှိသဖြင့် ထိုသူထံမှ ရှင်လန်းနှစ်သက်ဘွယ်ရာ တစုံတခုသော လက်ဆောင်ကိုမျှ မရခြင်း။

ပဏ္ဏာသနိပါတ်၌ ဖော်ပြသောမိတ်ဆွေမြဲမြံစေသည့် အင်္ဂါရပ်များကိုလည်းသိသင့်ပေသည်။ ၎င်းတို့မှာ

၁။ အမြဲမပြတ် ဝင်ထွက်သွားလာမှုကို ဂရုပြု၍ ရှောင်ကြဉ်ခြင်း။

၂။ မသွားမလာ မတွေ့မဆုံဘဲ တခါတည်း ဖြတ်ထားခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ မတောင်းသင့်သောအရာကို ဘယ်အခါမှမတောင်းဘဲနေရခြင်း။

ဟီတောပဒေသကျမ်းအရ မိတ်ဆွေ မြဲမြံစေသော အင်္ဂါရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်၊

၁။ ဖြောင့်မတ်တည်ကြည်ခြင်း။

၂။ ဝေဘန်ခွဲခြမ်း ပေးကမ်း ချီးမြှင့်တတ်ခြင်း။

၃။ အရာရာမှာ လွန်စွာသည်းခံတတ်ခြင်း။

၄။ မိမိစည်းစိမ်အားလျော်စွာ ဝေဖန်ခွဲခြမ်း ပေးကမ်း ချီးမြှင့်လေ့ရှိခြင်း။

၅။ ဆန့်ကျင်ဘက်မပြုလုပ်မှု၍ ညီညွတ်လိုက်လျောစွာ ပြုလုပ်တတ်ခြင်း။

၆။ ဟန်ဆောင်မလုပ် အဟုတ်တကယ်ချစ်ခင်ခြင်း။

၇။ ယုံကြည်စိတ်ချရသော စကားကိုသာ မှန်ကန်စွာ ပြောကြားတတ်ခြင်းတို့ဖြစ်သည်။

အင်္ဂုတ္တိုရ်လာအကောင်းဆုံးသော အဆွေခင်ပွန်းတို့၏ အင်္ဂါရပ်များကိုလည်းသိသင့်ပေသည်။ ၎င်းတို့မှာ–

၁။ ပေးနိုင်ခဲသော အရာဝတ္ထုကိုပေးကမ်းခြင်း။

၂။ ပြုနိုင်ခဲသောအမှုကို ပြုနိုင်ခြင်း။

၃။ သည်းခံနိုင်ခဲသောအရာကို သည်းခံခြင်း။

၄။ လျှို့ဝှက်အပ်သော စကားကို အဆွေခင်ပွန်းအား ပြောကြားတတ်ခြင်း။

၅။ အဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော အရာတို့ကို လျှို့ဝှက်ထားတတ်ခြင်း။

၆။ ဘေးရောက်လာသော အခါတို့၌လည်း မစွန့်ပစ်တတ်ခြင်း။

၇။ ဥစ္စာကုန်ခမ်းကိုယ်စိတ်နွမ်း၍ ပင်ပန်းဆင်းရဲသောအခါတို့၌လည်း မထီလေးစား မခန့်မညား မပြုတတ်ခြင်းတို့ဖြစ်သည်။

**အထက်ပါမိတ်ဆွေစစ်၊ မိတ်ဆွေတုတို့၏** အင်္ဂါများနှင့် မိတ်မပျက်စေသော အကြောင်းအရာများကို လေ့လာပြီး၍ အချစ်ပျက်လျက်ရှိသော မိတ်ဆွေများကို အချစ်မပျက်အောင်အားထုတ်ခြင်း။ ချစ်ခင်ပြီးမိတ်ဆွေများကို ဆထက်တပိုးတိုး၍ ချစ်ခင်ကြစေရန်အားထုတ်သင့်ပေသည်။ မိမိထံသို့ လာသောမိတ်ဆွေထံသို့ မိမိကလည်းသွားမိအောင် အထူးသတိပြု၍ ဆောင်ရွက်ရပေမည်။

အထူးသတိပြုရန်မှာ မိတ်ဆွေ အချင်းချင်း သူတပါး၏ ရန်တိုက်စကားမဝင်နိုင်အောင် သားငယ်သည် မိခင်၏ရင်ခွင်တွင်း၌ ယုံမှားခြင်းကင်းမဲ့စွာ အိပ်စက်နေသကဲ့သို့ ဆက်ဆံပေါင်းသင်းရပေမည်။ သူတပါး၏ စကားကိုယုံတတ်ခြင်း၊ မိတ်ဆွေချင်း ကွဲမလားဟု အမြဲယုံမှားသံသယရှိနေခြင်း၊ ပြောဆို လုပ်ကိုင်နေသော အမှုတို့၌ အမြဲအပြစ်ကိုသာ ကြည့်ရှုလေ့ရှိခြင်း၊ ဤအင်္ဂါသုံးပါးသည်မိတ်ဆွေချင်းလျင်မြန်စွာပျက်ပြားစေသော အကြောင်းများဖြစ်သည်။ထို့ကြောင့် ဘုရားဟောလာ မိတ်ဆွေတု၊ မိတ်ဆွေစစ်၊ မိတ်ဆွေမြဲမြံစေသော အကြောင်းခြင်းရာများကို သိရှိနားလည်ပြီး မိတ်ဆွေကောင်းများ ရှာဖွေကာ လောကီ၊ လောကုတ္တရာ အကျိုးစီးပွားများကို ဆောင်ရွက်နိုင်ကြစေရန် တင်ပြခြင်းဖြစ်ပါသည်။

သတ္တအင်္ဂုတ္တိုရ်–ဒေဝတာဝဂ်၌ အကြင်သူသည်–

၁။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ချစ်ခင်နှစ်သက်လိုအပ်၏။

၂။ သမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ အလေးအမြတ် ပြုအပ်၏။

၃။ သီလ၊ မာဓိ၊ ပညာနှင့်ပြည့်စုံ၍ချီးမွမ်းအပ်၏။

၄။ မသင့်လျော်သောအရာကို ကောင်းစွာ ပြောကြားဆုံးမအပ်၏။

၅။ မိမိအား သူတပါးက ပြောကြားဆုံးမလာလျှင် လည်း ကောင်းစွာနာခံတတ်၏။

၆။ နက်နဲသော တရားစကားကိုလည်း ကောင်းစွာ ဟော ကြားတတ်၏။

၇။ မသင့်သောအရာ၌ မတိုက်တွန်းတတ်။

အကြင်ပုဂ္ဂိုလ်၌ ထို(၇) ပါးသော အကြောင်းတို့သည်ပြည့်စုံကုန်၏။ ထိုပုဂ္ဂိုလ်သည် အခြားသူ၏ အကျိုးစီးပွားကို အလွန်လိုလားပြီး သနားတတ်သော သဘောလည်းရှိ၏။ အကြင် ပုဂ္ဂိုလ်အား ခြေကိုဘက်၍ဆည်းကပ်ရာ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်က သင့်အား ငါ့ထံသို့မလာနှင့်ဟုပြောဆိုကာ ခြေနှင့်ကန်၍ နှင်ထုတ်ကခြေကိုဖက်၍ငင်း၊ လက်နှင့်ရိုက်၍နှင်ထုတ်က လက်ကိုဆွဲ၍မြဲမြဲကြီးဆည်းကပ်ရမည်ဟုလို၏။ ဤသို့ဖြင့်ကောင်းမြတ်သော မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းမှီခိုကာ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားများကို ရာကြနိုင်ကြပါစေသတည်း။

## သမဇီဝိတသမ္ပဒါ။

'ဗျဂ္ဃပဇ္ဇသတို့သား သမဇီဝိတ သမ္ပဒါ ဟူသည်မှာ မိမိ၏ဝင်ငွေနှင့်အသုံးကိုမျှတအောင်သုံးစွဲတတ်မှုပင်ဖြစ်၏။ မိမိ၏ဝင်ငွေနှင့်ထွက်ငွေအသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်၍ သုံးစွဲနေထိုင်တတ်မှသာလျှင် သမဇီဝိတသမ္ပဒါနှင့်ပြည့်စုံသူဟု မှတ်အပ်၏။ထိုသမ္ပဒါတရားနှင့်ပြည့်စုံသူသာလျှင် လောက၌ ကြီးပွားချမ်းသာ နိုင်ပေမည်။'

သမဇီဝိတ သမ္ပဒါ ဟူသည်မှာ ဝန်နှင့် အား၊ လေးနှင့် မြားဆိုသကဲ့သို့ မိမိဝင်ငွေနှင့် ထွက်ငွေအား အားပေါ် အခြေပြု၍ မျှတ

အောင်သုံးစွဲစားသောက်ခြင်းကို ဆိုလိုသည်။ အကြင်သူ တဦး တယောက်သည် ပစ္စည်း ဥစ္စာ နည်းပါး၍ ဝင်ငွေချို့ပါလျက် မိမိ လက်ရှိအခြေအနေထက် အဆင့်တန်းမြင့်စွာ နေထိုင် သုံး စွဲ စား သောက်ပါလျှင် ထိုသူသည် ရေသဖန်းသီးတလုံးကို စားလိုလျက် များစွာသော သဖန်းသီးကို လှုပ်ချွေပြီးကာ တလုံးနှစ်လုံးကိုသာ စားသုံး၍ သွားသောသူကဲ့သို့ ပစ္စည်း ဥစ္စာကို သုံးဖြုန်းသူမည်၏။

အကြင်သူသည် ပစ္စည်း ဥစ္စာတောင့်တင်းပြီး ဝင်ငွေ ကောင်း သူဖြစ်ပါလျက် ဆင်းရဲစွာနေထိုင် စားသောက်ခြင်းပြုပါက ထို သူသည် မမြတ်သောသေခြင်းကို သေရလိမ့်မည်ဟု ဆိုကြကုန်၏။ မြတ်စွာဘုရား၏ အလိုအရ မိမိ၌ရှိသော ပစ္စည်းကို လေးပုံ ပုံ၍ တပုံကို မိမိစားသုံးစရိတ်အနေဖြင့်အသုံးပြုကာလက် ဦးလက်ဖျား များကို ထိုက်သင့်သလိုပေးကမ်းခြင်း၊ နှစ်ပုံကိုတိုးပွားရန် အလို့ငှာ အရင်းအနှီးအဖြစ်ဖြင့် ပြန်လည်မြှုပ်နှံခြင်း၊ ကျန်တပုံ ကို မမြော် လင့်သော အမှုကိစ္စတို့၌အသုံးပြုရန်လုံခြုံစွာ စုဆောင်းထားရန်တို့ ပင်ဖြစ်သည်။ ဤနေရာ၌ လခစားသမား များသည် ပြန် လည် ရင်းနှီးရန်မလိုသဖြင့် ဝင်ငွေ၏လေးပုံသုံးပုံကို မိမိ၏ စားစရိတ် အဖြစ်ဖြင့် သုံးခြင်း လှူဒါန်းခြင်းများ ကိုပြု၍ တပုံကိုအရေးပေါ် ရံပုံငွေအဖြစ်ဖြင့် စုဆောင်းရန်ဖြစ်ပေသည်။

၎င်းအပြင် ဟိတောပဒေသ ကျမ်း၌ ပစ္စည်းဥစ္စာတို့ကိုသုံး ဆောင်ခြင်းမပြုဘဲ စဉ်းလဲစွာထားသိုခြင်း၏ အပစ်ကိုပြဆိုပေအံ့။

ရေကန်ထည်း၌ပိုလျှံသော ရေတို့ကို ထုတ်ပစ်သော ရေပြွန် ရှိသည်သာလျှင် တဖက်ကန်ထဲ၌ အသားတင်တည်နေသော ရေတို့ ကို စောင့်ရှောက်ရာမည် သကဲ့သို့ မိမိ၏ ပစ္စည်းဥစ္စာတို့အား အပို

အဖ၊ ဇနီးမယား သမီးသားနှင့် အလုပ်သမား ဆွေမျိုး မိတ်ဆွေ၊ ထေရ်မှန် ရဟန်းတို့အားပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းသာလျှင် ဆည်းပူးအပ်သောပစ္စည်းဥစ္စာတို့ကိုစောင့်ရှောက်ကြေးင်မည်၏။ စဉ်းလဲသောသူသည် ပစ္စည်းဥစ္စာတို့ကိုမြေအောက်၌မြှုပ်ထား၏၊ ထိုပစ္စည်းဥစ္စာတို့သည် နဂါးပြည်သို့သွားခြင်းငှာ လမ်းတို့၏ အစ ဖြစ်၏။

အကြင်သူသည် မိမိချမ်းသာစွာနေထိုင်စားသောက်မှုကို ပိတ်ပင်လျက်ဥစ္စာပစ္စည်းဆည်းပူး ရှာမှီးခြင်းကို အလိုရှိ၏၊ ထိုသူသည် သူတပါး၏ အကျိုးငှာ ဝန်ကိုထမ်း၍ လာသော သူ ကဲ့ သို့ ပင်ပန်းဆင်းရဲခြင်း၏တည်ရာသာလျှင် ဖြစ်၏။

အကြင်သူသည် ပေးကမ်း လှူ ဒါန်း ခြင်း၊ သုံး ဆောင် ခံစားခြင်းကင်း၍ နေ့တို့သည်ကုန်ခမ်းသွားငြားအံ့၊ထိုသူသည်ပန်းဘဲသမား၏ ဖါးဖိုကဲ့သို့ထွက်လေဝင်လေကိုရှူရှိုက်နေသော်လည်း အသက်မရှိသော 'သူသေ' ပင်မည်၏။

အကြင်သူသည် သူတပါးကိုလည်းမပေးကမ်း၊ မလှူဒါန်း၊ မိမိလည်း သုံးဆောင်စားသောက်ခြင်း မပြု၊ ထိုသူအား ပစ္စည်းဥစ္စာဖြင့်အဘယ်မှာ အကျိုးရှိအံ့နည်း။ အကြင်သူသည် မိမိရန်သူကိုနှိမ်နင်းခြင်းငှာ မစွမ်းနိုင်၊ ထိုသူအားခွန်အားဗလဖြင့်အဘယ်မှာ အကျိုးရှိအံ့နည်း။ အကြင်သူသည်တရားကိုမကျင့် ထိုသူအား အကြားအမြင်ဗဟုသုတဖြင့် အဘယ်မှာ အကျိုးရှိအံ့နည်း။အကြင်သူသည် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊စိတ်ဟု ဆိုအပ်သော ဣန္ဒြေ(၆)ပါးကို မစောင့်စည်းနိုင်၊ ထိုသူအား ဉာဏ်ခန္ဓာကိုယ်ဖြင့် အဘယ်မှာအကျိုးရှိအံ့နည်း။

စဉ်းလဲသော သူသည် ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းခြင်း၊ စားသောက်သုံးစွဲခြင်း မရှိသဖြင့် လူမဲ့တို့နှင့် တူမျှပေ၏။ စဉ်းလဲသောသူ၏ပစ္စည်းဥစ္စာတို့သည် နတ်တို့၏အကျိုးငှာလည်း မဖြစ်၊ ရဟန်း ပုဏ္ဏားတို့၏ အကျိုးငှာလည်းမဖြစ်၊ မိမိအကျိုးငှာလည်း မဖြစ်၊ စင်စစ်သော်ကား မီးဘေး၊ မင်းဘေး၊ သူခိုးဘေးတို့ဖြင့် ပျက်စီးခြင်းတို့သာရောက်ရာ၏။

ပေးကမ်းစွန့်ကြဲလှူဒါန်း၍ ကုန်ခမ်းခြင်း၊ သုံးဆောင်စားသောက်၍ ကုန်ခမ်းခြင်း၊ ပျက်စီး၍ ကုန်ခမ်းခြင်းဟူ၍ဥစ္စာပစ္စည်း ကုန်ခမ်းခြင်းတို့သည် သုံးမျိုးရှိကုန်၏။ အကြင်သူသည် ပေးကမ်းလှူဒါန်းခြင်းကိုလည်း မပြု၊ သုံးဆောင် စားသောက်ခြင်းကိုလည်း မပြုသည်ဖြစ်အံ့၊ ထိုသူ၏ဥစ္စာတို့သည် ပျက်စီးကုန်ခမ်းခြင်း သို့သာ ရောက်ဘို့ရန် အလားအလာရှိ၏။

ချစ်ဘွယ်သောစကားနှင့်ယှဉ်သော ဒါနသည်ရင်း၊ မာန်မာန ကင်းသောအသိအလိမ္မာ ဉာဏ်ပညာသည်ရင်း၊ သည်းခံခြင်းနှင့် ယှဉ်သောရဲရင့်ခြင်းသည်ရင်း၊ စွန့်ကြဲခြင်းနှင့် ယှဉ်သော ပစ္စည်းဥစ္စ သည်ရင်း၊ ဤလေးပါးသောကောင်းခြင်းကို အလွန်ပင်ရနိုင်ခဲ၏။

ဤသည်တို့ကား ပါဠိတော်ပဒေသကျမ်းလာ- စဉ်းလဲ နှမြောသူ၏ အဖြစ်များကို ပြဆိုအပ်သော-စကားရပ်များပင်တည်း။

တဖန် အင်္ဂုတ္တိုရ်ပါဠိတော်လာ ပစ္စည်းဥစ္စာသုံးစွဲနည်းကို ပြဆိုပေအံ့။

၁။ ဤလောက၌မြတ်စွာဘုရား၏ တပည့်သားဖြစ်သော သူသည် မိမိ၏ လက်ရုံးရည် နှလုံးရည်အားကိုးဖြင့် ချွေးဒီးဒီးကျကာ လွန်ကဲသော လုံ့လဝီရိယဖြင့် တရားနှင့် လျော်ကန်သော တရားသဖြင့် ရအပ်ကုန်သောပစ္စည်းဥစ္စာတို့ဖြင့်—

(က) –မိမိကိုယ်ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာကို ဆောင်၏။

(ခ) –မိခင်ဖခင် ကျေးဇူးရှင်တို့ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာကိုဆောင်၏။

(ဂ) –သားမယားနှင့် မိမိ၏အလုပ်သမားကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏။ ချမ်းသာကိုဆောင်၏။

ဤကား စည်းစိမ်ရကြောင်း ပစ္စည်းဥစ္စာကို သုံးဆောင်ခြင်း၏ ပထမနည်းတည်း။

၂။ ဤလောက၌ မြတ်စွာဘုရား၏ တပည့်သားဖြစ်သူသည် မိမိ၏လက်ရုံးရည် နှလုံးရည်အားကိုးဖြင့် ချွေးဒီးဒီးကျကာ လွန်ကဲသော လုံ့လဝီရိယဖြင့် တရားနှင့် လျော်ကန်သော၊ တရား သဖြင့်ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကို ချမ်းသာစေ၏။ နှစ်သိမ့်စေ၏၊ ချမ်းသာကိုဆောင်၏၊ ဤကား စည်းစိမ်ရကြောင်း ပစ္စည်းဥစ္စာကို သုံးဆောင်ခြင်း၏ ဒုတိယနည်းတည်း။

၃။ ဤလောက၌မြတ်စွာဘုရား၏ တပည့်သား ဖြစ်သူသည် မိမိ၏လက်ရုံးရည် နှလုံးရည်အားကိုးဖြင့် ချွေးဒီးဒီး ကျကာ လွန်

ကဲသော လုံ့လဝိရိယဖြင့် တရားနှင့် လျော်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ကို ရေကြောင့်ရင်း၊မီးကြောင့်ရင်း၊ မင်းကြောင့်ရင်း၊ ခိုးသူကြောင့်ရင်း၊ မချစ်အပ်သောအမွေခံဆိုးတို့ကြောင့်ရင်း၊ ဖြစ်ပေါ်လာမည့်ဘေးရန်တို့သည် ရှိကုန်၏။ ထိုဘေးရန်တို့မှ လွတ်ကင်းခြင်းငှာ လုံ့လပြု၍ ပစ္စည်းဥစ္စာတို့ကို ကောင်းစွာစောင့်ရှောက်ကာ မိမိကိုယ်ကို ချမ်းသာစွာနေ၏။ ဤသို့ နေထိုင်ခြင်းကို စည်းစိမ်ရကြောင်း ပစ္စည်းဥစ္စာကို သုံးဆောင်ခြင်း၏ တတိယနည်းတည်း။

၄။ ဤလောက၌ မြတ်စွာဘုရား၏ တပည့်သားဖြစ်သူသည် မိမိ၏ လက်ရုံးရည်နှလုံးရည်အားကိုးဖြင့် ချွေးဒီးဒီးကျကာ လွန်ကဲသောလုံ့လဝိရိယဖြင့် တရားနှင့်လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် ငါးပါးသော ပူဇော်ခြင်းကို ပြုရာ၏။

(၁) —အဆွေအမျိုးတို့အား အထိုက်အလျောက် ပူဇော်ခြင်း (ဝါ)ပေးကမ်း စွန့်ကြဲခြင်း၊

(၂) —အိမ်သို့ရောက်လာသော ဧည့်သည်တို့အား ဝတ္တရား ကျေပြွန်စွာ ကျွေးမွေးဧည့်ခံပူဇော်ခြင်း။

(၃) —ရှေးကသေလွန်လေပြီးသော ဆွေမျိုးတို့အား ရေစက်သွန်းချ အမျှပေးဝေကာ ပူဇော်ခြင်း။

(၄) —မင်းအား ပေးသင့်ပေးထိုက်သော အခွန်အတုတ်တို့ကို ပေး၍ပူဇော်ခြင်း။

(၅) —တရားသဖြင့် စောင့်ရှောက်သော နတ်တို့အား ပူဇော်ပသခြင်း။ ဤငါးပါးသော ပူဇော်ခြင်းကို ပြုခြင်းသည် စည်းစိမ်ရကြောင်း ပစ္စည်းဥစ္စာသုံးဆောင်ခြင်း၏ စတုတ္ထနည်းတည်း။

၅။ ဤလောက၌ မြတ်စွာဘုရား၏ တပည့်သားဖြစ်သူသည် မိမိ၏လက်ရုံးရည် နှလုံးရည်အားကိုးဖြင့် ချွေးဒီးဒီးကျကာ လွန်ကဲသောလုံ့လဝီရိယဖြင့် တရားနှင့်လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် မာန်ယစ်ခြင်း၊ မေ့လျော့ခြင်းမှကင်းပြီး၊ ကောင်းသောအမှု၌ မမေ့လျော့ခြင်း၊ တယောက်တည်းသောမိမိကိုယ်ကို ဆုံးမကုန်သော, တခုတည်းသောမိမိကိုယ်ကို ကိလေသာမှ ငြိမ်းစေကုန်သော သဘောရှိသည့် သာမဏ၊ ဗြာဟ္မဏတို့အား ပေးလှူခြင်းသည် အထက်ဘုံသို့ သွားကြောင်းဖြစ်သော, နတ်ပြည်၌ ဖြစ်စေတတ်သည့် အကျိုးကို ရရှိသော ကောင်းမြတ်သည့်အာရုံဖြင့်ပေးလှူခြင်းသည် စည်းစိမ်ရကြောင်း ပစ္စည်းဥစ္စာသုံးဆောင်ခြင်း၏ ပဉ္စမနည်းတည်း။

ဤငါးပါးသော သုံးစွဲနည်းအတိုင်းတရားသဖြင့် သုံးစွဲသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သူ၏ စည်းစိမ် ဥစ္စာ တို့သည် အကယ်၍ တိုးပွားလာသည်ဖြစ်အံ့၊ ငါသည် ထိုသုံးစွဲနည်းအတိုင်း သုံးစွဲသော်လည်း ငါ၏စည်းစိမ်တို့သည် တိုးပွားကြကုန်သည် သာလျှင်တည်း ဟူ၍ အောက်မေ့ ဆင်ခြင်သော အခါ နှလုံးမသာယာခြင်း၊ နှောင်တ,တဖန်ပူပန်ခြင်းတို့သည် မဖြစ်ကြကုန်။

ဤငါးပါးသော သုံးစွဲနည်းအတိုင်း တရားသဖြင့်သုံးစွဲသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သူ၏ စည်းစိမ်ဥစ္စာတို့သည် အကယ်၍ကုန်ခမ်းခြင်းသို့ရောက်သည်ဖြစ်အံ့၊ ငါ၏ပစ္စည်းဥစ္စာတို့သည် တရားသဖြင့် သုံးစွဲခြင်းကြောင့်ကုန်ခမ်းခြင်းသို့ ရောက်ကုန်ပေပြီဟု အောက်မေ့ ဆင်ခြင်သောအခါ နှလုံးမသာယာခြင်း၊ နောင်တတဖန်ပူပန်ခြင်းတို့သည် မဖြစ်ကြကုန်။

ထို့ကြောင့် ယခုပြဆိုခဲ့ပြီးသောနည်းအားဖြင့် မိမိတို့၏ဥစ္စာပစ္စည်းတို့ကို သုံးစွဲမိကြအောင် အထူးသတိပြု ဆောင်ကြကုန်ရာ၏။

ပစ္စည်းဥစ္စာသုံးစွဲရာ၌ မိမိအား ထူးသပါး အသင်ကြီးရှင် အတွက် မိမိဝင်ငွေထက်ပို၍ ပေလွှားလွှား ကြွားကြွားဝါဝါ နေထိုင်ကြသဖြင့် ဝင်ငွေနှင့်ထွက်ငွေ မမျှတသောကြောင့် သူတပါး၏ ပစ္စည်းများကို လိမ်လည်လှည့်ဖြားယူရခြင်း၊ ကောက်ကျစ်စဉ်းလဲစွာ ငွေရအောင် ပြုလုပ်ကြံစည်ယူရခြင်းစသော မကောင်းသည့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ပြုလုပ်လာရသဖြင့် မကောင်းသော အကြောင်းကြောင့် မကောင်းသောဆိုးကျိုးကို သာရရှိလာကာ တဖြည်းဖြည်းအဆင့်အတန်း နိမ့်လာခြင်း၊ ဂုဏ်သတင်းနှင့် ထင်ပေါ်ကျော်ကြားမှုများသည်လည်း ကျဆင်းလာပြီး လူ့အပေါင်းအသင်းလောကမှ ကွယ်ပျောက်သွားကြသော၊ ပျက်စီးသွားကြသောလူများကို မိမိပတ်ဝန်းကျင်တွင် အများအပြား တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ချမ်းသာတို့ အရေး၌ အသုံးနှင့်အဖြုန်းကို ခွဲခြား၍ သုံးတတ်ခြင်း၊ ဝင်ငွေနှင့်

ထွက်ငွေကို မျှတအောင် သုံးစွဲတတ်သော သမဇီဝိတ သမ္ပဒါသည် အရေးကြီးဆုံး သမ္ပဒါတပါးဖြစ်ကြောင်း တင်ပြရပေသည်။

၀ ၀

## ဈေးသည်တို့ ကြီးပွားကြောင်း တရားများ

အင်္ဂုတ္တိုရ်တိကနိပါတ်၊ ဒုတိယပါပဏိကသုတ်တော်တွင် ဈေးသည်တို့ကြီးပွားကြောင်း အင်္ဂါရပ်များကို အောက်ပါ အတိုင်း ဟောထားတော်မူသည်။

ရဟန်းတို့၊ အင်္ဂါသုံးမျိုးနှင့်ပြည့်စုံသောဈေးသည်သည် မကြာမီပင်စည်းစိမ်တို့၌ များပြားခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ ရဟန်းတို့ဤလောက၌—

၁။ ဈေးသည်သည် မျက်စိအမြင်ရှိ၏။

၂။ ဥာဏ်နှင့် နှိုင်းယှဉ်သော ဝီရိယအထူးရှိ၏။

၃။ အမှီကောင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့၊ အဘယ်သို့လျှင်ဈေးသည်သည် မျက်စိအမြင်ရှိသနည်း။ ရဟန်းတို့၊ ဤလောက၌ဈေးသည်သည် “ဤပစ္စည်းကိုဤသို့ဝယ်၍ ဤသို့ရောင်းသော် အရင်းအနှီးကား ဤမျှလောက် ဖြစ်လတ္တံ့။ အမြတ်အစွန်းကား ဤမျှလောက် ဖြစ်လတ္တံ့”ဟု ဤသို့

ရောင်းကုန်ပစ္စည်းကိုသိ၏။ ရဟန်းတို့၊ ဤသို့လျှင် ဈေးသည်သည် မျက်စိအမြင်ရှိ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ဈေးသည်သည်ဉာဏ်နှင့်ယှဉ်သော ဝိရိယအထူးရှိသနည်း။ ရဟန်းတို့၊ ဤလောကဌဈေးသည်သည် ကုန်ပစ္စည်းကိုဝယ်ခြင်းငှာလည်း၊ရောင်းခြင်းငှာလည်း ကျွမ်းကျင်၏။ ရဟန်းတို့၊ ဤသို့လျှင် ဈေးသည်သည် ထူးသောဉာဏ်နှင့်ယှဉ်သော ဝိရိယထူးရှိ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ဈေးသည်သည် အမှီခိုကောင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့၊ ဤလောကဌ ဈေးသည်ကိုကြွယ်ဝကုန်သော၊ ဥစ္စာရှိကုန်သော၊ များသောအသုံးအဆောင်ရှိကုန်သော သူကြွယ်တို့သည်လည်း၊ သူကြွယ်သား တို့သည်လည်း "ဤဈေးသည်ကား မျက်စိအမြင်လည်းရှိ၏၊ ဉာဏ်နှင့်ယှဉ်သောဝိရိယထူးလည်း ရှိ၏။ သားသမီးတို့ကို လုပ်ကျွေးခြင်းငှာလည်း၊ ငါတို့အား ရံဖန် ရံခါ အတိုးပေးဆပ်ခြင်းငှာလည်း စွမ်းနိုင်၏" ဟု သိကုန်၏။ ထိုသူကြွယ်နှင့် သူကြွယ်သားတို့သည် ထိုဈေးသည်ကို "အချင်း ဈေးသည်၊ ငါ့ထံမှကုန်ပစ္စည်းတို့ကိုယူ၍ သားမယားတို့ကိုလည်း လုပ်ကျွေးလော့၊ ငါတို့အားလည်းရံဖန်ရံခါ အတိုးပေးဆပ်ပါလော့" ဟု ကုန်ပစ္စည်းဖြင့်ဘိတ်ကြားကုန်၏။ ရဟန်းတို့၊ဤသို့လျှင် ဈေးသည်သည် အမှီခိုကောင်းနှင့်ပြည့်စုံ၏။ ရဟန်းတို့၊ ဤအင်္ဂါသုံးမျိုးနှင့်ပြည့်စုံသော ဈေးသည်သည် မကြာမီပင်လျှင် စည်းစိမ် တို့၏ များပြားခြင်း ပြန့်ပြောခြင်းသို့ရောက်၏ဟု ဟောတော်မူသည်။

ο ο ο

# ဗုဒ္ဓ၏ ကိုယ် အား ကိုယ်ကိုးနည်း

ဗုဒ္ဓတရားတော်အရ မိမိပြုလုပ်သောအလုပ်(ကံ)သာလျှင် မိမိကိုယ်ပိုင်ဥစ္စာမည်ကုန်၏၊ မိမိပြုလုပ်သောအလုပ် (ကံ) သာလျှင် ဆွေမျိုးအစစ်ဖြစ်ကုန်၏။ မိမိပြုလုပ်သောအလုပ် (ကံ) သာလျှင် မိမိအားကိုးအားထားကိုးကွယ်ရာ ဖြစ်ကုန်၏ဟု ဟောထားတော်မူသည့်အတိုင်း မိမိပြုလုပ်သော ကောင်းသည့်အလုပ်များကြောင့် မိမိသာလျှင် ကောင်းကျိုးခံစားရပြီး၊ မိမိပြုလုပ်သည့် မကောင်းသော အလုပ်များကြောင့် မိမိသာလျှင် ဆိုးကျိုးတို့ကို ခံစားရပေမည်။

ထို့ကြောင့်ဗုဒ္ဓ၏ ကိုယ့်အားကိုယ်ကိုးနည်းမှာ ကောင်းသော အလုပ်များကို လုပ်ကိုင်နေဘို့ပင်ဖြစ်သည်။ ကောင်းသောအလုပ်များကို လုပ်ကိုင်ရာ၌လည်း ဝီရိယရှိ၍၊ ဇွဲသန်သန်ဖြင့် အလုပ်ကို မလေးအောင် ဉာဏ်နှင့်ယှဉ်ကာလုပ်ကိုင်ဘတ်ဘို့ပင်ဖြစ်သည်။

"ငါ့ထမင်းငါရှာစားတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ"ဟုပြောဆိုသော ပုဂ္ဂိုလ်များ၏ ကိုယ့်အားကိုယ်ကိုး နည်းမှာ ကြီးပွားတိုးတက်မှုမရသေးသောသူများ၏ ကိုယ့်အားကိုယ်ကိုး နည်းပင်ဖြစ်သည်။ စကားနောက် တရားပါ ဆိုသည့်အတိုင်း ထိုသူများ၏စကားထဲတွင် မာနသံ၊ ဂုဏ်တုဂုဏ်ပြိုင်သံ၊ မနာလိုဝန်တိုသော အသံများပါရှိသဖြင့် ထိုကဲ့သို့ပြောဆိုလုပ်ကိုင်သော ကိုယ့်အားကိုယ်ကိုးနည်းသည် ကြီးပွားတိုးတက်မှု မရနိုင်သော ကိုယ့်အားကိုယ်ကိုးနည်းပင်ဖြစ်သည်။

အိမ်ရာတည်ထောင် လောကီ လူ့ဘောင်၌ နေကြကုန်သော လူသားများအဖို့ ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါးစလုံး အကောင်း

ချည်းလုပ်နေရုံနှင့်မပြီးသေးပါ။ လောကီကြီးပွားမှုနှင့်ပရိယေသန ဝမ်းစာရေးအတွက်အလုပ်၊ လုပ်မှသာ ကြီးပွားမှု ရနိုင်ပေမည်။ ဤသို့အလုပ် လုပ်ကိုင်ရာ၌ မိတ်ဆွေသင်္ဂဟများ၏ ကူညီယိုင်းပင်းမှုကို ရမှသာ ကြီးပွားလမ်း ဖြောင့်ဖြူး လွယ်ကူပေမည်။ "ဘုရားတောင်အမှီမရှိဘဲ မပွင့်နိုင်"ဟု ဆိုထားခြင်းကြောင့် အမှီမရှိဘဲ မိမိဆန္ဒရှိသလောက် တိုးတက်ကြီးပွားမှုကိုရရန် ခဲယဉ်းလှပေမည်။

မိဘဆွေမျိုးများ၏အမှီ၊ မိတ်ဆွေကောင်းများ၏အမှီ၊ ဆရာသမားကောင်းများ၏အမှီ၊ ရပ်ရွာတို့၏ အမှီကိုယူပြီး လုံ့လဝီရိယရှိရှိ၊ ဇွဲသန်သန်ဖြင့် အလုပ်လုပ်မှသာလျှင် ကြီးပွားနိုင်မည် ဖြစ်သည်။ ဤကဲ့သို့ အမှီကောင်းများရရှိရန်လည်း မိမိကိုယ်တိုင်က သူဟာထူး၏ ကျေးဇူး တရားများကို သိတတ်မှသာလျှင် ကျေးဇူးပြုချင်သူ အမှီပြုစရာ ပုဂ္ဂိုလ်များ ရရှိနိုင်ပေမည်။ ကျေးဇူးကန်းတတ်သူများကို မည်သူမျှ ကျေးဇူးပြုချင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓ၏ဝစ်မှန်သော ကိုယ့်အားကိုယ်ကိုးနည်းသည် အမှီကောင်းရှာကြပြီး ကျေးဇူးတရားသိရှိကာ ဝီရိယရှိရှိ ဇွဲသန်သန်ဖြင့် ကောင်းသော အလုပ်များကို ဉာဏ်နှင့်ယှဉ်ကာ အလုပ်ကို အမြဲလုပ်ကိုင်နေနိုင်ဘို့ပင် ဖြစ်ပါသည်။ ။

○ ○ ○

## ဗုဒ္ဓ၏ အောင်မြင်ကြောင်း တရား ၄-ပါး

ဗုဒ္ဓ၏အလိုအရ မည်သည့် ကိစ္စ အကြံအစည် မဆို ပြည့်စုံပြီးမြောက် အောင်မြင်ရန် အခြေအမြစ်ကြီး လေးပါး ရှိရန် လို

၏။ ယင်းအခြေအမြစ်လေးပါးကို ဣဒ္ဓိပါဒ်လေးပါးဟုခေါ်၏။ ၎င်းတို့မှာ–

၁။ ဆန္ဒဟူသော အခြေအမြစ်တပါး။

၂။ ဝီရိယဟူသော အခြေအမြစ်တပါး။

၃။ စိတ်ဟူသော အခြေအမြစ်တပါး။

၄။ ပညာဟူသော အခြေအမြစ်တပါး။

ထို့ကြောင့် မိမိ၏ လောကီ၊ လောကုတ္တရာအကြံအစည်များ အောင်မြင်ရန်ဆန္ဒဟူသောလိုချင်မှု၊ ရချင်မှု၊ ပေါက်ရောက်ချင်မှု စသော ဆန္ဒ(ဝါ)ရည်မှန်းချက်ပန်းတိုင်ရှိရမည်ကို ဆိုလိုသည်။ မိမိ လိုချင်သောဆန္ဒမရဘဲ နေရသည်ထက် သေရခြင်းကမြတ်သည်ဟူ သော ပြင်းထန်သည့်ဆန္ဒမျိုးရှိလျှင် ကြံစည်မှုတို့ အောင်မြင်နိုင် သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဒုတိယအခြေအမြစ်ကား ဝီရိယဖြစ်၏။ မိမိလိုချင်သောဆန္ဒကို မရမနေကြိုးစား၍ ကိုယ်စိတ်ပင်ပန်းမှုကိုအရေးမထားဘဲ အလုပ် လုပ်လျှင် မိမိလိုခြင်သော ပန်းတိုင်သို့ ရောက်ရမည်ဟု ယုံကြည် လာသည်။ ယုံကြည်သည့်အတိုင်းအလုပ်လုပ်၍ ပန်းတိုင်သို့ရောက် လာသည်။

တတိယအခြေအမြစ်ကားစိတ်ဖြစ်၏။ ဤစိတ်သဘောမှာ မိမိ လိုချင်သောအရာကို စိတ်စွဲလမ်းမှုတည်း။ ခိုင်မာ ထက်သန်သော စိတ်စွဲလမ်းမှုကိုဆိုလိုသည်။ စားလျှင်လည်း ဤစိတ်၊ သွားလျှင် လည်း ဤစိတ်ဖြင့် ကြံစည်စိတ်ကူး၍ စွဲလမ်းမှုပြင်းထန်ပါက မိမိ အလိုရှိသော အောင်ပန်းကိုရနိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

စတုတ္ထအခြေအမြစ်မှာ ပညာဖြစ်၏။ မိမိ၏ဆန္ဒ ပြည့်ဝစေရန် အလုပ် လုပ်ရာ၌ပညာဉာဏ်နှင့်ယှဉ်၍ လုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဟုဆိုလိုသည်။ မည်မျှပင် ဝိရိယကောင်းကောင်းဖြင့် ကိုယ်စိတ်ပင်ပန်းခံကာ လုပ်ကိုင်သော်လည်း လုပ်နည်း လုပ်ဟန် လမ်းများ၌ ပညာဉာဏ်နှင့်ဆင်ခြင်လုပ်ကိုင်ခြင်းမပြုပါက မိမိအလိုရှိသောပန်းတိုင်သို့မရောက်နိုင်ဘဲရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ရည်ရွယ်ချက်ပန်းတိုင်သို့ရောက်ရှိရန် ဣဒ္ဓိပါဒ် လေးပါးနှင့် ပြည့်စုံရမည်ကို သတိရှိရန်လိုပေသည်။

○ ○ ○

## ကြီးပွားကြောင်းနှင့်ပျက်စီးကြောင်းတရားများ

ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဠိတော် မြန်မာပြန် ဥရဂဝဂ်တွင် ပါရှိသောပရာဘဝသုတ်သည် ကြီးပွားချမ်းသာမှုအကြောင်းတရားများနှင့်ပျက်စီးဆုတ်ယုတ်ခြင်း၏အကြောင်းသဘောများကို ဟောထားတော်မူသော သုတ်ဖြစ်၏။ ကြီးပွားနေကြသူများသည် ဘာကြောင့်ကြီးပွားနေသည်၊ ဆုတ်ယုတ်နေသူများသည် ဘာကြောင့်ဆုတ်ယုတ်နေသည်များကို ချိန်ထိုး၍ လေ့လာကြည့်နိုင်ခြင်း၊ မိမိကိုယ်တိုင်ကြီးပွားကြောင်း တရားများ လိုက်နာ ပြည့်စုံစေနိုင်ခြင်းစသော အကျိုးများ ဖြစ်ထွန်းနိုင်မည် ဖြစ်ပေပါသည်။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းခေါင်ယာမ်အခါ၌ မြတ်စွာဘုရားထံ သို့ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးကာ ဤသို့လျှောက်ထား၏။

"အသျှင်ဘုရား ပျက်စီး ဆုတ်ယုတ် နေသော ယောကျ်ားအကြောင်းကို မေးလျှောက်လို၍ ရောက်လာခြင်း ဖြစ်ပါသည် ဘုရား၊ ပျက်စီး ဆုတ်ယုတ်စေသော အကြောင်း များ ကား အဘယ်အကြောင်းများပါနည်း"ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူ၏။

၁။ နတ်သား– ကြီးပွားသူကိုလည်း သိရန်လွယ်ကူလှပေ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန်လွယ်ကူလှပေ၏။ ပဋိသန္ဓေဉာဏ်(ဝါ)မွေးရာပါ အတွင်းဓါတ်ခံ အသိဉာဏ် ရှိသူသာလျှင် ကြီးပွားရ၏။ ပဋိသန္ဓေ (ဝါ)မွေးရာပါ အတွင်းဓါတ်ခံ အသိဉာဏ်ကင်းမဲ့သူသည် ဆင်းရဲရ၏။ ဝင်းအပြင် တရားကို လိုလားတောင့်တသူသည်ကြီးပွားရ၏။ တရားကို မလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရ၏။

၂။ နတ်သား– ထိုသူသည်သူတော်မဟုတ် သူယုတ်မာကိုချစ်ခင်မြတ်နိုး၏။ သူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးမှုမပြု၊ သူယုတ်မာတို့၏တရားကိုနှစ်သက်မြတ်နိုး၏။ ထိုသုံးမျိုးသည် ပျက်စီး ဆုတ်ယုတ်ကြောင်းပေတည်း။

၃။ နတ်သား— အကြွင်းသူသည် အိပ်စက် ငိုက်မြည်းလေ့ရှိ၏။ အပေါင်းအဖော်၌မွေ့လျော်လေ့၊ စကားပြောဆိုမှု၌ မွေ့လျော်လေ့ရှိ၏။ နှိုးကြား ထကြွမှုမရှိ၊ ပျင်းရိ၏။ လျှင်မြန်စွာ အမျက်ထွက်လေ့ရှိ၏။ ထိုအကြောင်းငါးမျိုးသည် ထိုသူ၏ပျက်စီး ဆုတ်ယုတ်ကြောင်းပေတည်း။

၄။ နတ်သား— အကြွင်းသူသည်အိုမင်းသောအရွယ်သို့ရောက်ပြီးဖြစ်သောအမိကိုရင်း၊ အဖကိုရင်း ကျွေးမွေးပြုစုနိုင်စွမ်းသူဖြစ်ပါလျက် မကျွေးမွေး မပြုစုလေ၊ ထိုသို့မကျွေးမွေး မပြုစုခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း၊

၅။ နတ်သား— အကြွင်းသူသည် ဗြာဟ္မဏကိုရင်း၊ သမဏကိုရင်း၊ ထိုမှတပါး ဖုန်းတောင်း ယာစကာကိုရင်း၊ ပစ္စည်းလေးပါးဖြင့် ဘိတ်ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏။ ထိုသူ၏လှည့်ပတ်ခြင်းသည် ပျက်စီး ဆုတ်ယုတ်ကြောင်းတည်း။

၆။ နတ်သား— အကြွင်းသူသည် များသော စည်းစိမ်ရှိသူ၊ အသပြာရှိသူ၊ စားဘွယ်နှင့်ပြည့်စုံသူ ဖြစ်ပါလျက် ကောင်းမြတ်သောဘောဇဉ်ကို တယောက်တည်းစားသုံး၏။ ထိုသူ၏ ဤသို့စားသုံးခြင်းသည် ပျက်စီး ဆုတ်ယုတ်ကြောင်းတည်း။

၇။ နတ်သား— အကြွင်းသူသည် အမျိုးဇာတိမာန် ခက်ထန်၏။ ဥစ္စာဓနမာန်ခက်ထန်၏။ အနွယ်ဂေါတ္တမာန်ခက်ထန်၏။ မိမိဆွေမျိုးကိုလည်း မထေမဲ့မြင်ပြု၏။ ထိုသူ၏ထိုအကြောင်း လေးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

၈။ နတ်သား– အကြင်သူသည် မိန်းမကြူး၊ သေသောက်ကြူး၊ လောင်းကစားကြူးသည် ဖြစ်၍၊ ရတိုင်းသော ဥစ္စာကို ဖျက်ဆီး၏။ ထိုအကြောင်းသုံးမျိုးသည် ထိုသူ၏ ပျက်စီး ဆုတ်ယုတ်ကြောင်းဘည်း။

၉။ နတ်သား– အကြင်သူသည် မိမိ၏မယားဖြင့်မရောင့်ရဲဘဲ ပြည့်တန်ဆာမတို့၌ ပြစ်မှား၏။ သူတပါးမယားတို့၌ ပြစ်မှား၏။ ထိုအကြောင်းနှစ်မျိုးသည် ထိုသူ၏ ပျက်စီး ဆုတ်ယုတ် ကြောင်း တည်း၊

၁၀။ နတ်သား– အရွယ်လွန်သော ယောကျ်ားသည် တည်သီးသဖွယ်ငယ်သော သားမြတ်ရှိသော မိန်းမငယ်ကိုသိမ်းမြန်းယူဆောင် အိမ်သူ ပြုလုပ်၏။ ထို မိန်းမ ငယ် အား တခြားသော ယောကျ်ားများနှင့် စိတ်မချသောကြောင့် အားအင်ကုန်ခမ်းခြင်း၊ သောကဗျာပါရများခြင်း၊ ဣဿာတရားတို့ မပြတ်ဖြစ်ပေါ်နေခြင်းတို့သည် ပျက်စီးကြောင်းတည်း။

၁၁။ နတ်သား– အကြင်သူသည် ငါး,အမဲ စသောအစားအစာတို့၌ မက်မောသော သဘောရှိသော၊ပစ္စည်းဥစ္စာကို ဖရိုဖရဲ ပြုတတ်သောမိန်းမကိုသော်၎င်း၊ ထိုသို့သဘောရှိသောယောကျ်ားကိုသော်၎င်း၊ အိမ်ထောင်ထိန်း အရာ၌ထား၏။ ထိုအကြောင်းသည် ထိုသူ၏ ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

၁၂။ နတ်သား– အကြင်သူသည် မင်းမျိုးမင်းနွယ်ဖြစ်သော်လည်း ဘုန်းကံနည်းပါးခဲ့ခြင်းကြောင့် ပစ္စည်းဥစ္စာနည်းပါးခြင်း၊ အခြွေအရံ ပရိသတ် နည်းခြင်းရှိ၏။ နောက်လိုက် နောက်ပါ

အင်အားလည်းမရှိ၊ ပစ္စည်းဥစ္စာလည်း နွမ်းပါးသော ထိုမင်းမျိုးသည် မင်းအဖြစ်ကိုတောင့်တ၏၊ ကြံစည်၏၊ ထိုသူ၏ထိုအကြောင်းသည် ပျက်ဆီးဆုတ်ယုတ်ကြောင်းတည်း။ (ရှင်း လင်း ချက်– အကြွင်သူသည် မိမိနှင့်မထိုက်တန်သော၊ မိမိ၏ရည်အချင်းမမှီနိုင်သောပန်းတိုင်ကို ရယူလိုသော ပြင်းထန်သည့် ကြီးပွားလိုစိတ်ရှိ၏။ ထိုအကြောင်းသည် ထိုသူ၏ပျက်စီးကြောင်းမည်၏။)

လောကဒ္ဓိဖြူစင်ကောင်းမြတ်၍ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပညာရှိသည် ဤပျက်စီးဆုတ်ယုတ်ကြောင်း– တဆယ့်နှစ်ပါးကို ကောင်းစွာကြည့်ရှုဆင်ခြင်၍ ရှောင်ရှား နိုင်သောကြောင့် ချမ်းမြေ့အေးမြသော နတ်ပြည်လောကသို့ ချဉ်းကပ်ရ၏ဟု မိန့်တော်မူ၏။

○ ○ ○ ○

## သူယုတ်တို့၏ အင်္ဂါများ

ခုဒ္ဒကပါဠိပါဠိတော် မြန်မာပြန် ၁၃၇၀၀၁၅ပါရှိသော ဝသလသုတ်သည် သူယုတ်အဖြစ်နှင့် သူယုတ်တို့ပြုတတ်သော အပြုအမူများကို ဖော်ပြထားခြင်းဖြစ်၍ ထိုပုဂ္ဂိုလ်များကို ဝေးဝေးမှရှောင်ကြဉ်နိုင်ရန်အတွက် လေ့လာထိုက်သောသုတ်ဖြစ်၍ ဖော်ပြအပ်ပါသည်။

၁။ အကြင်သူသည် အမျက်ထွက်လေ့ရှိ၏။ ရန်ငြိုးဖွဲ့ဘတ်၏။ ယုတ်မာသည်ဖြစ်၍ သူ့ကျေးဇူးကို ချေဖျက်တတ်၏။ အယူပျက်စီးသူဖြစ်၏၊ လှည့်ပတ်တတ်၏၊ ထိုသူကို သူယုတ်မာ ဟူ၍ သိအပ်၏။

၂။ ဤလောက၌ အကြင်သူသည် တကြိမ်ဖွားသော အမိဝမ်းတွင်းမှဖွားသည့် လူ စသော သတ္တဝါမျိုးကိုရင်း၊ ဥမှတဆင့်ပေါက်ရသော နှစ်ကြိမ်ဖွားဖြစ်သည့် ငှက်စသော သတ္တဝါမျိုးကိုရင်း ညှဉ်းဆဲသတ်ဖြတ်၏။အကြင်သူသည်သတ္တဝါ၌ကြင်နာမှုမရှိ၊ ထိုသူနှစ်ဦးကို သူယုတ်မာဟူ၍ သိအပ်၏။

၃။ အကြင်သူသည် ရွာကိုဖြစ်စေ၊ နိဂုံးကိုဖြစ်စေ၊ ဖျက်ဆီးတတ်၏။ ပိတ်ပင်တတ်၏။ ရွာနိဂုံးကို ဖျက်ဆီးတတ်သောသူဟူ၍ ထင်ရှား၏။ ထိုသူကို သူယုတ်မာဟူ၍ သိအပ်၏။

၄။ အကြင်သူသည် ရွာ၌သော်ရင်း၊ တော၌သော်ရင်း၊ သူတပါးတို့ မြတ်နိုးအပ်သော၊ ပိုင်ရှင်မပေးသောဝတ္ထုကို ခိုးယူလိုသောစိတ်ဖြင့် ဆောင်ယူ၏၊ ထိုသူကို သူယုတ်မာဟူ၍သိရာ၏။

၅။ အကြင်သူသည် ကြွေးမြီကိုအမှန်ပင်ချေးယူပြီးလျှင် မြီရှင်က တောင်းအပ်သည်ရှိသော် သင်၏ကြွေးမြီသည်ငါ့ထံ၌မရှိဟု ပြောဆိုလျက်ထွက်ပြေး၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၆။ အကြင်သူသည် အနည်းငယ်မျှသော ဥစ္စာကို အလိုရှိသဖြင့် လမ်းခရီး၌ သွားလာနေသော လူကိုသတ်လျက် အနည်းငယ်မျှသော ဘဏ္ဍာကိုယူ၏။ ထိုသူကိုသူယုတ်မာဟူ၍ သိရာ၏။

၇။ အကြင်သူသည် မိမိကိုသက်သေထား၍ မေးအပ်သည် ရှိသော် မိမိဟူသော အကြောင်းကြောင့်ရင်း၊ သူတပါး ဟူသော အကြောင်းကြောင့်ရင်း၊ ဥစ္စာဟူသော အကြောင်းကြောင့်ရင်း မုသားဆို၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (မတရား သက်သေလိုက်ခြင်းကို ဆိုလိုသည်)။

၈။ အကြင်သူသည် ဆွေမျိုးတို့၏မယားနှင့်ရင်း၊ မိတ်ဆွေခင်ပွန်းတို့၏ မယားနှင့်သော်ရင်း၊ အနိုင် အထက် အားဖြင့် ဖြစ်စေ၊ နှစ်ဦးသဘောတူခြင်းဖြင့်ဖြစ်စေ လွန်ကျူး ပြစ်မှား၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၉။ အကြင်သူသည် အိုမင်းသောအရွယ်သို့ ရောက်ပြီးဖြစ်သော အမိကိုသော်ရင်း၊ အဖကိုသော်ရင်း ကျွေးမွေးပြုစုနိုင်စွမ်း သူဖြစ်လျက် မကျွေးမမွေး မပြုစုလေ။ ထိုသူကို သူယုတ်မာ ဟူ၍ သိရာ၏။

၁၀။ အကြင် သူသည် အမိကိုသော်ရင်း၊ အဖကိုသော်ရင်း၊ အစ်ကိုနှင့် ညီကိုသော်ရင်း၊ အစ်မနှင့်နှမကိုသော်ရင်း၊ ယောက္ခမ မိန်းမသူနှင့် ယောကျ်ားသူကို သော်ရင်း၊ ရိုက်နှက် ပုတ်ခတ်၏။ ကြမ်းတမ်းသောစကားဖြင့် ညှဉ်းဆဲ၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၁၁။ အကြင်သူသည် အကျိုးစီးပွားကို မေးမြန်း လာသူအား အကျိုးကိုမပြောဘဲ အကျိုးမဲ့ကိုသာ ပြော၏၊ အကျိုးကို ပြောသော်လည်း သူတပါးမသိအောင်ဝှက်၍ပြော၏။ ထိုသူကို သူယုတ်မာ ဟူ၍ သိရာ၏။

၁၂။ အကြင်သူသည် ယုတ်မာသောအမှုကို ပြုပြီးလျှင် ငါ့ကို သူတပါးမသိပါစေလင့်ဟုအလိုရှိ၏။ အကြင်သူသည် မိမိပြုသော မကောင်းမှုကို ဖုံးလွှမ်း၏။ ထိုသူနှစ်ဦးကိုသူယုတ်မာဟူ၍သိရာ၏။

၁၃။ အကြင်သူသည် သူတပါးအိမ်သို့ သွားပြီးလျှင် မွန်မြတ်သော ဘောဇဉ်ကိုစားပြီး မိမိအိမ်သို့လာသော ထိုအဆွေခင်ပွန်းကို အတုံ့အပြန်မကျွေးမွေး၊ ထိုသူကိုသူယုတ်မာဟူ၍သိရာ၏။

၁၄။ အကြင်သူသည်ဗြဟ္မဏကိုဖြစ်စေ၊သမဏကိုဖြစ်စေ၊ဖုန်းတောင်းယာစကာကိုဖြစ်စေ၊ ပစ္စည်း လေးပါးဖြင့် ဖိတ်ကြားပြီး ဖြစ်လျက် မုသား ပြောဆိုခြင်းဖြင့် လှည့်ပတ်၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၁၅။ အကြင်သူသည် ဆွမ်းစားချိန်များ၌ ဆွမ်းအလို့ငှာဆွမ်းလာရပ်သည်ကို ဆွမ်းမလောင်းဘဲ ဆဲဆိုသူဖြစ်အံ့၊ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၁၆။ အကြင်သူသည် သူတပါး၏ပစ္စည်းကိုယူလို၍ မဟုတ်ရာကို ကြံစည်ကာပြောဆို၏။ ထိုသူကို သူယုတ်မာဟူ၍သိရာ၏။

၁၇။ အကြင်သူသည် မိမိကိုယ်ကို ချီးမြှောက်ပလွှား၏။ သူတပါးကိုမူကား ရှုံ့ချ၏။ မိမိကိုယ်ကို လွှားမှု၊ သူတပါးကိုရှုံ့ချမှုဟူသော မိမိမာနကြောင့် ဆုတ်ယုတ်၏။ ထိုသူကိုသူယုတ်မာဟူ၍ သိရာ၏။

၁၈။ အကြင်သူသည် ချုပ်ခြယ်တတ်၏၊ သူတပါး ပေးလှူသည်ကိုလည်း ဝန်တိုမှုရှိ၏။ ယုတ်မာသောအလိုရှိ၏၊ ဝန်တိုစေး

နဲ့၏။ စဉ်းလဲကောက်ကျစ်၏။ အရှက်မရှိ၊ အကြောက်မရှိ၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၁၉။ အကြင်သူသည်မြတ်စွာဘုရားကိုသဗ္ဗညုမဟုတ်စသည်ဖြင့် ရေရွတ်စွပ်စွဲ၏။ ထိုမှတပါး ဘုရား၏ တပည့်ရဟန်းကိုသော်၎င်း၊ ပရိဗုဇ်ကိုသော်၎င်း ရေရွတ်စွပ်စွဲ၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

၂၀။ အကြင်သူသည် ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာဟုဝန်ခံ၏၊ ဤသူသည်သာလျှင် ဗြဟ္မာနှင့်တကွသောလောက၌ အယုတ်မာဆုံးဖြစ်သော ခိုးသူကြီးပေတည်း။

ပုဏ္ဏားအမျိုးဇာတ်ကြောင့် သူယုတ်မာမဖြစ်နိုင်၊ အမျိုးဇာတ်ကြောင့် ဗြဟ္မဏမဖြစ်နိုင်၊ မိမိပြုသောအမှုကြောင့်သာ သူယုတ်မာဖြစ်ရ၏။ မိမိပြုသောအမှုကြောင့်သာ ဗြဟ္မဏဖြစ်ရ၏။

ဤသို့ဆိုသော် အဂ္ဂိတဘာရဒွါစပုဏ္ဏားသည်မြတ်စွာဘုရားကို "အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဘွယ်ရှိပါပေစွ၊ အရှင်ဘုရားသည် ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ အကျွန်ုပ်ကို မှတ်တော်မူပါလော့" ဟုလျှောက်၏။

## မေတ္တာဖြစ်စေသော အကြောင်းခံတရား (၁၅)ပါး

မေတ္တာသုတ်တော်မှ ထုတ်နှုတ်၍ မေတ္တာဖြစ်စေသော အကြောင်းခံတရား(၁၅)ပါးကို တင်ပြလိုပေသည်။ ယင်းတရား (၁၅)ပါး အကျင့်ရှိသူတို့မှာ မေတ္တာတရား ပွားများ ပို့သရန် လွယ်ကူ၍၊ ဒေါသတရားဖြစ်ပွားကျူးလွန်ရန် ခဲယဉ်းလှ၏။ ထို့ကြောင့် မေတ္တာဘာဝနာ ပွားလိုသူတို့သည် ရှေးဦးစွာ မေတ္တာဖြစ်ကြောင်း ကျင့်စဉ်(၁၅)ပါးတို့နှင့်ပြည့်စုံအောင် ကျင့်ဆောင်သင့်ပေသည်။ ဤမေတ္တာဖြစ်ကြောင်း ကျင့်စဉ်(၁၅)ပါးနှင့်ပြည့်စုံလျှင် နှုတ်ကမေတ္တာ မပို့ငြားသော်လည်း မေတ္တာပွားပြီးဖြစ်နေလေပြီ။ ယင်းတရား (၁၅)ပါးနှင့် မပြည့်စုံလျှင် မည်မျှပင် နှုတ်က မေတ္တာပို့နေသော်လည်း အရာရောက်မည်မဟုတ်ပေ။

မေတ္တာပွားများသောအလုပ်သည် နှုတ်မှရွတ်ဆိုရုံ၊ စိတ်မှပွားများရုံသာပြုလုပ်ရသော အလုပ်မဟုတ်ပေ။ ကာယကံမှုအားဖြင့်လည်း ပြုလုပ်ရသော အလုပ်ဖြစ်ကြောင်း သိထားသင့်ပါသည်။ ပုံစံအားဖြင့်ပြရသော် မိဘနှစ်ပါးအား ချမ်းသာပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်းချမ်းပါစေ စသည်ဖြင့် ဝစီကံမေတ္တာ နှုတ်မှရွတ်ဆိုရုံ၊ မနောကံမေတ္တာ စိတ်မှပွားများရုံဖြင့် အရာမရောက်လှပေ။ ကာယကံအားဖြင့် သားသမီးတို့ ပြုလုပ်ရမည့် ဝတ္တရားများကို ကျေပြွန်အောင် ပြုလုပ်မှ သာလျှင် တကယ်မေတ္တာပွားရာ ရောက်ပေမည်။ထို့နောက် မှနှုတ်ဖြင့်ရွတ်ဆိုခြင်း၊စိတ်ဖြင့်ပွားများခြင်းကို ပြုလုပ်ပါက မေတ္တာလက်နက် ပိုမို၍ ထက်မြက် စူးရှလာနိုင်ပေသည်။

ထို့အတူပင် မိမိကျရောက်ရာဘဝကဏ္ဍအသီးသီးတွင် ပြုလုပ်ရမည့် တာဝန်ဝတ္တရားများသည်ရှိပေသည်။ ယင်းတာဝန်ဝတ္တရားများကို ကျေပြွန်အောင်ဆောင်ရွက်ပြီးမှ မေတ္တာပွားခြင်းသည် မှန်ကန်သော မေတ္တာပွားနည်းပင်ဖြစ်သည်။

မေတ္တာလက်နက်သည် ထက်မြက်လှသည်။ အသုံးပြုနိုင်စွမ်းပါက မိမိဘဝ အောင်မြင်မှုအတွက် အားကိုးရသောမဏ္ဍိုင်ကြီးတခု ဖြစ်သည်။ ထို့ကြောင့် မိမိပြုလုပ်ဘွယ်ရာကိစ္စဟူသမျှတို့၌မေတ္တာ ဖြစ်ကြောင်းတရား (၁၅) ပါးကို အခြေခံ၍ ပြုလုပ်ပါက မုချ မသေ့ကြီးပွားချမ်းသာနိုင်ပြီးလျှင် ရန်အပေါင်းကိုလည်း အောင်မြင်နိုင်သော တရားဖြစ်၍ တင်ပြရခြင်းဖြစ်ပါသည်။

**၁။ သက္ကော စ— မိမိပြုသင့်ပြုထိုက်သော အမှုတို့ကို ပြုခြင်းငှာ စွမ်းနိုင်သည်လည်း အသဖြစ်ရာ၏။**

အဓိပ္ပါယ်ကား။ ။လောက၌ မိမိပြုလုပ်ရမည့်တာဝန်၊ သူတပါး ပြုလုပ်ရမည့်တာဝန်ဟူ၍ တာဝန် နှစ်ပါးရှိသည့်အနက်၊ မိမိပြုလုပ်ရမည့်တာဝန်ကို ကျေပြွန်အောင် ဇွဲသန်သန်ဖြင့် မဖြစ်မနေ ဖြစ်မြောက်အောင် ပြုလုပ်ရမည်ကို ဆိုလိုခြင်း ဖြစ်သည်။ ခြုံငုံးအံ့- လောက၌ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ဆရာနှင့်ဒကာ၊ မိတ်ဆွေ အချင်းချင်း၊ အိမ်နီးနားချင်း၊ လုပ်ဖေါ်ကိုင်ဘက် အချင်းချင်း စသည်ဖြင့် အသီးသီး အသက၊ အသကတာဝန် ကိုယ်စီနှင့် ရှိကြပေသည်။ ယင်းတာဝန်များကို ကျေပြွန်အောင် ဆောင်ရွက်နိုင်မှ သာလျှင် ကာယကံမြောက်မေတ္တာပွားများရာ ရောက်ပေမည်။ မိမိသက်ဆိုင်

ရာတာဝန်များကို ကျေပြွန်ခြင်းမရှိဘဲ၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ မေတ္တာ ပွားများ နေသော်လည်း အ ရာ ရောက် မည်မဟုတ်ပေ။

ဒုက အင်္ဂုတ္တိုရ်ဋ္ဌရဟန်းတို့၊ သူမိုက်တို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ် နှစ်ပါးနည်းဟူမူ—

( ၁ ) အကြင်သူသည် မဆောင်ရွက်ထိုက်၊မဆိုက်ရောက်သေးသော တာဝန်တို့ကို ဆောင်ရွက်၏။

( ၂ ) အကြင်သူသည် ရောက် လာ သော တာဝန်ကို မဆောင်ရွက်။

ချစ်သားတို့၊ သူမိုက်တို့သည် ဤနှစ်ပါး တို့တည်း ဟု မိန့် ဆိုထားခြင်းကြောင့် မိမိလုပ်သင့်သော တာဝန်ဝတ္တရားများကို မလုပ်ဘဲ၊ မလုပ်သင့်သေးသော တာဝန်များကို သွားရောက် လုပ်ကိုင်ခြင်းအားဖြင့် အခင်းများမှုများရှိတတ်သည်ကိုလည်း သတိပြုသင့်ပေသည်

ထို့ကြောင့် ညောင်တုန်းမြို့ ကျေးဇူးရှင် ရွှေဟသ်ာတောရ ဆရာတော်ဘုရား ဦး ရေးသားထားသော မေတ္တာဖွင့် အကျယ်လက်စွဲကျမ်း၌ မိမိအိမ်တွင် မြင်လောက်သောနေရာ၌ အောက်ပါစာဘမ်းကိုရေးသားထားရန် အကြံပေးထားလေသည်။ (မိမိပြုလုပ်အပ်သော ဘာဝန်ကိုကျေပြွန်အောင် လုပ်ပြီးပြီလော၊ မလုပ်ရသေးလျှင်လုပ်လိုက်ပါ၊ မိမိဘာဝနကို ကျေပြွန်အောင် လုပ်၍ အကျိုးမဖြစ်မှ ကံကိုချပါ၊ ကျေပြွန်အောင် မလုပ်၍ အကျိုး

မဖြစ်ထွန်းလျှင် ကံကိုမချပါနှင့်၊ သူတပါးအလုပ်၌ လိုက်၍မရှုပ်ပါနှင့်၊သူတပါးအလုပ်၌လိုက်၍ရှုပ်က အမှုများတတ်သည်။)ဟူ၏။ ထို့ကြောင့် မိမိသက်ဆိုင်ရာ တာဝန်များကို ကျေပြွန်အောင် ဆောင်ရွက်ခြင်းဖြင့် ကာယကံမေတ္တာပွားများနိုင်စေရန် တင်ပြရပေသည်။

အကျဉ်းမှတ်ရန် အားဖြင့် မေတ္တာဖွင့်အကျယ် လက်စွဲ ကျမ်းတွင်ပါရှိသော သင်္ဂဟာလင်္ကာကိုဖော်ပြပါသည်။

> "အမိနှင့်သား၊ မယားနှင့်လင်၊ သခင်နှင့်ကျွန်၊ ထေရ်မွန်ဒါယကာ၊ မိတ်သဟာချင်း၊ပြုခြင်းဘွယ်ရာ၊ မိမိတာကို၊ မလိုစေဘဲ၊ စွဲမြဲလှစွာ ပြုစွမ်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ"

## ၂။ ဥဇုစ—ဖြောင့်မတ်သည်လည်း အဿဖြစ်ရာ၏။

အဓိပ္ပါယ်ကား ။ ။တစုံတခုအမှုကိစ္စကိုပြုသောအခါ၊အလုပ်အားဖြင့်ရှင်း၊ စကားအားဖြင့်ရှင်း၊ သူတပါးအပေါ် တင်စီးလိုမှု၊ ကြွာမှု၊ နပ်မှု၊ ပါးမှု (ဝါ) ယခုခေတ်စကားဖြင့် လူလယ်လုပ်မှုစသော မရိုးဖြောင့်သည့်အမှု၊ ကောက်ကျစ် စဉ်းလဲသောအမှုတို့ကို မပြုလုပ်မူ၍ ကိုယ်အားဖြင့်ရှင်း၊ နှုတ်အားဖြင့်ရှင်း၊ စိတ်အားဖြင့်ရှင်း ဖြောင့်မတ်ရမည်ဖြစ်သည်။

ဤ၌ကောက်ကျစ်ခြင်းတို့သည် (၁) ကိုယ်ဖြင့်ကောက်ခြင်း၊ (၂)နှုတ်ဖြင့်ကောက်ခြင်း၊ (၃) စိတ်ဖြင့်ကောက်ခြင်းဟူ၍ သုံးပါးရှိ၏။ ထိုတွင်သူတပါးအပေါ်၌ မတရားကျူးလွန်ခြင်းသည်

ကိုယ်ဖြင့်ကောက်ခြင်းမည်၏။ နှုတ်ဖြင့် သူတပါးအပေါ် မတရား ကျူးလွန်စော်ကားခြင်းသည် နှုတ်ဖြင့် ကောက်ခြင်းမည်၏။ စိတ်အားဖြင့် သူတပါးအပေါ် မကောင်းကြံစည်ခြင်းသည် စိတ်ဖြင့် ကောက်ခြင်းမည်၏။ ထိုသုံးပါးသောကောက်ခြင်းမှ ကင်းခြင်းသည်(ဥဇု)ဖြောင့်မတ်သည်မည်၏။

ယခုခေတ်တွင် လူရိုးများကိုရိုးသည်၊ အ,သည်၊ န,သည်ဟူ၍ ကဲ့ရဲ့နေကြသဖြင့် နောင်တွင်လူရိုးဟူ၍ တယောက်မှပင်ရှာရတော့မည်မဟုတ်ချေ။ ထို့ကြောင့်မိမိကိုယ်တိုင်လည်း ရိုးသားဖြောင့်မတ်သောသူဖြစ်ကြ၍ ထိုကဲ့သို့ရိုးဖြောင့်သောသူများကိုလည်းချီးမွမ်းစကားပြောကြား၍အားပေးကြကုန်ရာ၏။ သို့မှသာရိုးဖြောင့်သူများပေါများသည်နှင့်အမျှ ပြုလုပ်သမျှအလုပ်များသည်လည်းကြီးပွား အောင်မြင်နိုင်ပေမည်။ ထိုအလုပ်များ အောင်မြင်မှသာသတ္တဝါများချမ်းသာကြမည်၊ထို့ကြောင့် သတ္တဝါ အများချမ်းသာကြပါစေဟု နှုတ်ကမဆိုသော်လည်း ရိုးဖြောင့်ခြင်းဖြင့် သတ္တဝါအများကိုမေတ္တာပွားရာမြောက်လေပြီ။

အကျဉ်းမှတ်ရန် အားဖြင့် မေတ္တာဖွင့်အကျယ် လက်စွဲကျမ်းတွင် ပါရှိသော သင်္ဂဟလင်္ကာကို ဖော်ပြအပ်ပါသည်။

'ကောက်ကျစ်ပါးနုပ်။ ကပ်ဖဲ့တင်မှု၊ မပြုရှောင်ခွာ၊ ရိုးဖြောင့်ပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ'

## ၃။ သုဥဇုစ–အလွန်ဖြောင့်မတ်သည်လည်း၊ အသဖြစ်ရာ၏။

အမိပ္ပါယ်ကား။ အလွန်ဖြောင့်မတ်ရမည်ဆိုခြင်းသည် ကား–အရာရာမှာ သိတတ်စွာနှင့်အတွင်းစိတ်သဘောထားရိုးသားဖြောင့်

စင်းဖြူစင်ရမည်ကိုဆိုလိုသည်။ သူဥဇုဂုဏ်နှင့်ပြည့်စုံသောသူတို့မှာ မိမိအပြစ်ကိုဖုံးကွယ်ထားလိုသော စိတ်ဆန္ဒမျိုးမရှိနိုင်ချေ။ ထပ်မံ ချဲ့ဦးအံ့။ လမ်းမှန်အတိုင်းသွားခြင်းကို ဖြောင့်သည်ဟုဆိုရ၏။သို့ လမ်းမှန်အတိုင်းသွားရာ၌ပင်ထိုမှ အလာ ဤမှအသွားတဦးနှင့်တ ဦးရင်ဆိုင်ဆုံမိကြသောအခါများရှိတတ်ကြ၏။ထိုအခါတဦးဦးက ရှောင်မပေးလျှင် တိုက်မိကြသကဲ့သို့၊ထိုသူကလည်းလမ်းကျသည်၊ ဤသူကလည်းလမ်းကျသည်ဟူ၍ အလျှော့မပေးပါက ရန်ဖြစ်ကြ ၍ အကျိုးစီးပွားဆုတ်ယုတ်ကုန်ရာ၏။ ဤသို့တဦးနှင့်တဦးရင်ဆိုင် ဆုံမိကြသောအခါ၊ တဦးဦးကရှောင်ပေးပါမှ မတိုက်မိကြ သကဲ့ သို့ထို့အတူလမ်းကျတိုင်းလည်းတင်းမာ၍မနေသင့်သောအခါများ လည်း ရှိတတ်ပေသည်။ မိမိအနာခံ၍ လျှော့ပေးခြင်း အားဖြင့် အကျိုးရှိမည်ဆိုကလျှော့ပေးရမည်ဟုဆိုလိုပါသည်။

ဤနေရာ၌ သတိပြုသင့်သော အချက်မှာ မိမိအနာခံ၍လျှော့ ပေးခြင်းအားဖြင့် မိမိတဦးသာ နစ်နာမည်ဆိုက ယင်းအနာခံမှု။ အတွက်အပြစ်မဆိုသာသော်လည်းမိမိအနာခံ လျှော့ပေးခြင်းအား ဖြင့် အများအကျိုးပျက်စီး ဆုတ်ယုတ်မည်ဆိုပါက၊မိမိအသက်ကို ပင်ငဲ့ကွက်ခြင်း မရှိဘဲ အမျိုးသားတို့၏ အကျိုးနှင့် ဘေးရန် အပေါင်းကိုကာကွယ်ခဲ့ဘူးသောဘုရားလောင်းမျောက်မင်း၊ကျေး မင်း၊ကြွက်မင်းဖြစ်စဉ်ကဆောင်ရွက်ခဲ့သည့် ထုံးဟောင်း ဇာတ်နိ ပါတ်များကိုထောက်ခြင်းအားဖြင့်လမ်းမှန်၍လျှော့ပေးသင့်သော အခါနှင့်လမ်းမှန်၍ လျှော့မပေးထိုက်သော အခါများကိုလည်း ခွဲခြားသိထားသင့်ပေသည်။ အကျဉ်းမှတ်ရန်အားဖြင့် မေတ္တာဖွင့်

အကျယ်လက်စွဲကျမ်းတွင်ပါရှိသော သင်္ဂဟလင်္ကာကို ဖော်ပြအပ်ပါသည်။

"ကိုကုတ်အကျိုး၊ ပွားတိုး စိမ့်ငှာ၊ အရာရာ၌၊ အနာခံမည်၊
စိတ်ကရည်လျက်၊ နိုင်ထက်ပြုမှု၊ တင်စီးမှုကို၊ ပြုလိုသည့်ပြုမှုလာလျှင်၊ မမြင်မသိ၊ ကန်းအသည့် ဟန်၊ သည်းခံပြီး ကာ၊ လွန်စွာ ဖြောင့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ"

## ၄။ သုဝစော စ၊ ဆိုလွယ်သည်လည်း၊ အသဖြစ်ရာ၏။

အဓိပ္ပါယ်ကား။ မိဘ ဆရာသမားနှင့် မိတ်ဆွေသင်္ဂဟများက မိမိအမှားပြုလုပ်နေသည်ကို သိရှိသဖြင့် အကျိုးအကြောင်းပြ၍ဆိုဆုံးမသည့် အခါများ၌ ရွှေအိုးကြီးကို ဖော်ထုတ်ပေးသူ ကဲ့သို့ ကျေးဇူးတင်ရှိကာရင်း၏ ဆိုဆုံးမစကားကို ပြန်လှန်ချေတက်ခြင်း မရှိဘဲလိုက်နာရမည်ဟု ဆိုလိုသည်။

ဂုဏ်ငယ်သူများထက် ဂုဏ်ကြီးသူများက ဆိုဆုံးမ လွယ်ခြင်းတည်းဟူသောဂုဏ်နှင့် ပြည့်စုံရန်ပို၍ အရေးကြီးပေသည်။ ဂုဏ်ကြီးသူများကို ပြောဆိုဆုံးမမည့်သူ၊ သတိပေးမည့်သူများအလွန်ရှားပါးတတ်သည်၊ သတိပေးမည့်သူများကားငါတို့သတိပေးတာကြိုက်ပါ့မလား'ဟုဆင်ခြင်ကာ သတိ မပေးဝံ့ခြင်း များလည်းရှိတတ်ကြသည်။ အကယ်၍ မေတ္တာထားကာကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိတ်ဆွေကောင်း ဝတ္တရားအရ သတိပေးပြန်လျှင်လည်း ဂုဏ်မာနတက်ကာ'မင်းဘာနားလည်လို့လဲ'ဟူ၍ ပြန်

မာန်မဲခြင်းပင်ခံရသဖြင့် ဂုဏ်ကြီးသူများအဖို့ ပြောဆိုလွယ်ခြင်း၊ ဆိုဆုံးမလွယ်ခြင်းဟူသော ဂုဏ်နှင့်အထူးပြည့်စုံဘို့ လိုပေသည်။ သို့မှသာ ရောက်ရှိနေသော ဂုဏ်အဆင့်မှ လျှောကျခြင်း မရှိဘဲ တည်မြဲနိုင်ပေသည်။

ဆိုဆုံးမလွယ်ခြင်း ဂုဏ်ပုဒ်မှာ လူငယ်က လူကြီးစကားကိုသာ နားထောင်ရမည် မဟုတ်ဘဲ၊ လူကြီးကလည်း လူငယ်ပြောကြားလာသည်ကို အကျိုးအကြောင်း ခိုင်မာ၍ အကျိုးရှိလျှင် လိုက်နာရပေမည်။ ဆိုဆုံးမ လွယ်သူများသည် အများအားဖြင့် မာနနည်း သူများဖြစ်၍ အမှားနည်း သူများသာ ဖြစ်ကြသည်။ ပြောဆိုဆုံးမလွယ်ခြင်း ဂုဏ်သည် ပုဂ္ဂိုလ်တဦးတယောက်တွင်သာ ရှိအပ်သည် မဟုတ်ဘဲ၊ အသင်းအဖွဲ့များ၏ ကြီးပွားအောင်မြင်မှုအတွက်လည်း များစွာလိုအပ်သော ဂုဏ်ဖြစ်သည်။ ဤဂုဏ်သည် ခေတ်အခေါ်အဝေါ်အားဖြင့် မိမိကိုယ်ကို မိမိဝေဖန်ခြင်း၊ သူတပါး၏ဝေဖန်မှုကို ခံယူခြင်းစသောအသင်းအဖွဲ့များတွင် ပြောဆိုနေကြသည့်အရာပင်ဖြစ်သည်။

လူဟူသော သတ္တဝါသည် အဝိဇ္ဇာအမှောင် အမြဲဖုံးလွှမ်းနေသဖြင့်အမှားများကို အမြဲတစေ ဆိုသလို ပြုလုပ်နေတတ်သည်။ လူတိုင်းလူတိုင်းသည် အမှားကို အနည်းနှင့်အများ ပြုမိကြသည်။ အမှားမလုပ်မိသူ အလွန်ရှားပေလိမ့်မည်။ အရိယာ အဆင့်သို့ ရောက်မှသာအမှားနှင့်ကင်းနိုင်ပေတော့မည်။ လူတိုင်းအဖို့အမှားလုပ်မိခြင်းသည်အရေးကြီးသော ပြဿနာမဟုတ်ပါ။ အရေးကြီးသောအချက်မှာ အမှားမှအမှန်သို့ရောက်အောင် နည်းပေးလမ်း

ပြသူ၊ သတိပေးသူများကို ရင်ဝယ်ပိုက်ပြီးအမှားမှ သင်္ခန်းစာယူကာ အမှန်ရောက်အောင် ပြုလုပ်ရန်သာဖြစ်သည်။

ဤနေရာ၌ ကမ္ဘာ့ခေါင်းဆောင်တဦးဖြစ်သူ ဦးသန့် ပြောဘူးသော စကားတခုကိုလည်း အလျဉ်းသင့်၍ ဖော်ပြလိုပေသည်။ လူတိုင်းအဖို့ အမှားလုပ်ခြင်းသည် အရေး မကြီးကြောင်း၊ အရေးကြီးဆုံးမှာ သံသရာစင်ပေါ်မှ ရောက်မည့် အမှားများကိုသာမပြုလုပ်မိဘို့ အရေးကြီးကြောင်းပြောဆိုဘူးသည်။ ထို့ကြောင့်ဘဝလမ်းကြောင်းတွင် ဇောက်ထိုးကျသွားမည့် အမှားများကို မပြုလုပ်မိရန် သတိရှိဘို့လိုပေသည်။ လူမည်သည် အမှား ပြုလုပ်တတ်သောသတ္တဝါဖြစ်ရာ မိမိအမှားကို စေတနာကောင်းဖြင့် ထောက်ပြသော စိတ်ထားဖြူစင်ဖြောင့်စင်းပြီး ပညာ ဗဟုသုတနှင့် ပြည့်စုံသော မိတ်ဆွေကောင်းကိုများ ရင်ဝယ်ပိုက်ထားမိဘို့ရန် အရေးကြီးပေသည်။

၎င်းအပြင် ထိုကဲ့သို့သော မိတ်ဆွေများကိုလည်း မိမိ၌အပြစ်အနာအဆာများ တွေ့ရှိလျှင် အမြဲတစေ သတိပေး ပြောဆိုရန်လည်း ကိုက်တွန်းစကား ပြောကြားသင့်ပေသည်၊ မိမိကလည်း ထိုမိတ်ဆွေ၏ အပြစ်အနာအဆာများကို တွေ့ရှိပါက သတိပေးစကား ပြောကြားမည် ဖြစ်ကြောင်း နှစ်ဦးနှစ်ဘက် အကျိုးရှိသော ကတိဝတ်များထားရှိသည့် မိတ်ဆွေ ကောင်းများ ရှိရန်လိုအပ်ပေသည်။ အကျဉ်းအားဖြင့် မှတ်ရန် သင်္ဂဟလင်္ကာကိုဖော်ပြအပ်ပါသည်။

"မိမိအကျိုး၊ ပွားတိုးစေငှာ၊ ပြောလာသူကို၊ စိတ်မတိုဘဲ

ကြည်ညိုလှစွာ၊စေတနာဖြင့်၊မကြာမကြာ၊ဆုံးမပါနေ၁်၊
နှုတ်ကဖေါ်ကာ၊နာလွယ်ပါမှ၊ကြီးပွားရ၊မုဒုချအမှန်သာ”

## ၅။ မုဒုစ၊ နူးညံ့သော ကိုယ်မှု နှုတ်မှု စိတ်မှု ရှိသည်လည်း အသဖြစ်ရာ၏။

အဓိပ္ပါယ်ကား။ ကိုယ်နှုတ်နှလုံးဖြင့် ပြုလုပ်ပြောဆိုကြံစည်သောအခါများ၌ နူးညံ့သိမ်မွေ့စေရမည် ဟူလို၏။ တနည်းကား ကောင်းသောအရာဌာနတို့၌ တောင့်တင်းခက်မာ၍ မနေဘဲ ကိုင်းညွတ်လိုက်ပါနိုင်သော သဘောရှိရမည် ဆိုလိုသည်။ မုဒုဂုဏ်နှင့်ပြည့်စုံသူသည် အညစ်အကြေးကင်းစင်သည့် ရွှေစင်ကဲ့သို့ ပျော့ပြောင်းသော ကိုယ်နှုတ်အမူအရာရှိခြင်း၊ ဖေါ်ရွေ ရွှင်လန်းသော မျက်နှာရှိခြင်း၊ မိမိထံ လာရောက်သူများအား စိတ်ကျေနပ်အောင် ပြုလုပ်ပေးတတ်ခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံခြင်းကြောင့် မုဒုဂုဏ်နှင့်ပြည့်စုံသူသည် နှုတ်ကအထူးမေတ္တာမပို့သော်လည်း မေတ္တာတရားပွားများပြီးသားပင် ဖြစ်ချေသည်။

[illegible]နရာ၌ အထူးသတိပြုရန်မှာ ကောင်းသော အရာဌာနတို့၌ [illegible] ကိုင်းညွတ်သော သဘောရှိခြင်းကိုသာ မုဒုဂုဏ်ဟု [illegible]ည်။ မကောင်းသောအမှုကိစ္စတို့၌ သွေးဆောင်ဖြားယောင်းခြင်းမျိုးကို ကိုင်းညွတ်ခြင်းကို မုဒုဂုဏ်ဟု မမှတ်ယူအပ်ပေ။ မကောင်းသူ၏ သွေးဆောင်ခြင်းကို လိုက်ပါခြင်းသည် ပျော့ည[illegible]သည့်သဘောပင်ဖြစ်သည်။မကောင်းသူနှင့်ဆက်ဆံသည့်အခါ၌ တောင့်တင်း ခက်မာသည့် သဘောကို အသုံးပြုသင့်သည့်အခါ၌ သုံးရစေမည်။ မြတ်စွာဘုရားပင် အကျိုးရှိမည့်အရာတို့၌

ရဲဖန်ရံခါအားဖြင့် "မေယျပုရိသ"အချိုးနှိုးယှဉ်ကျားစသည် ဖြင့်မနှစ်သက်ဘွယ်သောစကားကိုပင်ဆိုရသေးသည်။ ထို့ကြောင့် ကောင်းမှုနှင့် စပ်ယှက်ရသောကိစ္စများ၌ အကျိုးရှိမည် ဆိုပါက တောင့်တင်းခက်မာသော သဘောကို ဆောင်သင့်သည့်အခါများ ရှိသည်ကိုလည်း သတိပြုသင့်ပေသည်။

ဆောင်ရန်သင်္ဂဟလင်္ကာ၊ "ကိုယ်မှုနှုတ်မှု၊ စိတ်မှုတို့ကို ပြုလို သောအခါ သူတကာတို့၊ နှစ်လို ဘွယ်ရာ။ ကြင်နာစေတနာ ၊ သပ် ရပ်ကျစ်လစ်၊ ချစ်ဘွယ်အမှု၊ပြုလုပ် ၍သာ၊ နူးညံ့ပါမှ၊ ကြီးပွားရ မည်ချအမှန်သာ "

## ၆။ အနုတိမာနိစ၊ အလွန်မာန မထောင်လွှားသည်လည်း အသာဖြစ်ရာ၏။

အခိပ္ပါယ်ကား မာနတရားသည် အယုတ်အလတ်၊ အမြတ် မရွေး လူသုံးမျိုး၌ရှိတတ်၏။မာနကြီးသူသည် ကိုယ်နှုတ်စိတ် သုံး ပါးစလုံး ခက်ထန်သောသဘောရှိသည်။ မာနသည်မိမိ၌ ရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပစ္စည်းဂုဏ်၊ ဇာမျိုးမြတ်ခြင်း၊ အဆင်းရှိခြင်း၊ အာဏာရှိခြင်း၊ စသော ထင်ရှားသည့်ဂုဏ်များ ကို အစွဲပြု၍ မာနတက်ကြသူများရှိကြသလို မိမိ၌အနည်းငယ်မျှ ရှိသောဂုဏ်ကို အများကြီးရှိသည်ထင်၍ မာနတက်ကြသူများ လည်းရှိကြလေသည်။ မာနသည် ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး စလုံးကို ပျက်ပြားစေသော တရားပင်ဖြစ်ရာ မိမိသန္တာန်၌ မရှိ

အောင် အားထုတ်သင့်ပေသည်။ တဦးပေါ်တဦး မာနထောင်လွှားခြင်းမရှိပါမူ အချင်းချင်းဆန့်ကျင်မှုနည်းပါး၍ မေတ္တာပွားများပြီး ဖြစ်ချေသည်။ ထို့ကြောင့်မေတ္တာပွားမည့်သူသည် မိမိသန္တာန်၌ မာနထောင်လွှားခြင်းမရှိအောင် အထူးသတိပြုဆောင်ရသည်။

ဆောင်ရန်သင်္ဂဟလင်္ကာ။ ။သမုဒ်ရေပြင်၊ မမြင်ဘူးငြားၤတွင်းနေ ဘားသွင်၊ ငါလျှင်တတ်သိ၊ မရှိငါ့ပြင်၊ ငါသာချင်ဟု၊ မည်သူ့အောက်မျ၊ မချလိုလျက်၊ ထက်ကနေလို၊ ကိုယ်ကိုမြှင့်မြှောက်၊ မာနရောက်မူ၊ မပြုရှောင်ခွာ၊ မာန်နည်းပါမှ၊ ကြီးပွားရ၊ မုချအမှန်သာ။

## ၇။ သန္တုဋ္ဌိ သကော စ၊ ရောင့်ရဲလွယ်သည်လည်း၊အသဖြစ်ရာ၏။

အဓိပ္ပါယ်ကား ဖြစ်တတ်သမျှ ရတတ်သမျှနှင့်ရောင့်ရဲရမည်။ နေဘတ်ရမည်၊ မိမိရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပို၍မလိုချင်ရသော သဘောပင်ဖြစ်သည်။ တနည်းအားဖြင့် မိမိစွမ်းရည်ရှိသည်ထက်ပို၍ ကြီးပွားချင်စိတ် မထားခြင်းပင် ဖြစ်သည်၊ မိမိစွမ်းရည်နှင့်မတန်သော ကြီးပွားချင်စိတ် အားကြီးလာပါက သူတပါးအပေါ် စဉ်းလဲသော ဥာဏ်ဖြင့် အကျော်အလွှားမတော်မတရားများပြုလုပ်ခြင်း၊ ဝိသမလောဘများသားရှိလာရခြင်းကြောင့် မိမိသာလျှင် သောကဗျာပါဒများ ရောက်ပြီးဒုက္ခကြုံရလေသည်။

ထို့ကြောင့် ရတတ်သမျှ၊ ဖြစ်တတ်သမျှနှင့် ရောင့်ရဲလွယ်မှု မရှိသောသူသည် မည်မျှပင်နှုတ်ကမေတ္တာပို့သော်လည်း မေတ္တာပို့ရာမရောက်ပေ။ "ရောင့်ရဲတင်းတိမ်၊ လူ့စည်းစိမ်" ဆိုသည့်စကားအတိုင်း ရတတ်သမျှနှင့်ရောင့်ရဲနိုင်သူမှသာ စိတ်အေးချမ်းသာစွာ နေနိုင်သူဖြစ်၍ မေတ္တာဘာဝနာ ပွားများနိုင်သူဖြစ်ပေမည်။

ဆောင်ရန်သင်္ဂဟလင်္ကာ "ရတတ်သမျှ၊ သဘာဝနှင့်၊ အားရမရှိ

မိုးသို့ ထိအောင်၊ လှေခါးထောင်
မည်၊ စိတ်ကရည်သို့၊ မဖြစ်တို့ဘွယ်
အသွယ် သွယ်ကို၊ စိတ်ဝယ်မကြုံ၊
ကောန်မုချ၊ ဖြစ်တတ်သမျှ၊ ရသမျှကို၊
နှစ်လိုလှစွာ၊ ရောင့်ရဲပါမှ၊ ကြီးပွားရ
မုချအမှန်သာ။"

## ၈။ သုဘရောစ၊ အမွေးအမြူ လွယ်သည်လည်း အသဖြစ်ရာ၏။

အမိပွါယ်ကား သူတပါးကိုမှီခို၍ အသက်မွေးသူ ဖြစ်အံ့၊ သူတပါးပေးသမျှ ကျွေးသမျှနှင့်မျှတရောင့်ရဲရမည်။ မိဘကိုမှီ၍ အသက်မွေးရသော သားသမီးဖြစ်လျှင် မိဘကျွေးသမျှနှင့်ရောင့်ရဲရမည်။ သားသမီးကိုမှီ၍ အသက်မွေးရသော မိဘဖြစ်လျှင် သားသမီး ကျွေးသမျှနှင့် ရောင့်ရဲရမည်။ ခင်ပွန်းယောကျ်ားကိုမှီခို၍ အသက်မွေးရသောသူဖြစ်လျှင် ခင်ပွန်းပေးသမျှ၊ ကျွေးသမျှနှင့်တင်းတိမ်ရမည်။ ဆရာကိုမှီ၍အသက်မွေးရသော တပည့်ဖြစ်လျှင်လည်း ဆရာပေးသမျှ ကျွေးသမျှနှင့်တင်းတိမ်ရမည် ဟူ

လိုသည်။ တနည်းကား မည်သူကိုမှ အပုမရှာဘဲ အလိုနည်း၍ အသိုက်သိကာ အမွေးအမြူလွယ်သူဖြစ်စေရမည်ဟု ဆိုလိုသည်။ ထိုသုဘရောစဂုဏ်နှင့်ပြည့်စုံမှသာ မေတ္တာဘာဝနာကို ထိရောက်စွာ ပွားများနိုင်ပေမည်။

ဆောင်ရန်သင်္ဂဟလင်္ကာ။ "ဝတ်စားနေရာ၊ မရှိရာကို၊မလိုမတာ ရှိသမျှနှင့်၊ စိတ်ကကျေ၊ အမွေး လွယ်မှု၊ ကြီးပွားရ၊မုချအမှန်သာ။"

**၉။ အပွကိစ္စောစ၊ နည်းသောကိစ္စရှိသည်လည်း အသဖြစ်ရာ၏။**

အဓိပ္ပါယ်ကား တစုံတခုသော အမှုကိစ္စကိုပြုရာ၌ မိမိအား အကျိုးမများသည့် အလုပ်များကို ပယ်ရှား၍ အကျိုးများမည့် အလုပ်များကိုသာ ပြုလုပ်ရမည်ဟုဆိုလိုသည်။ ကိစ္စများမြောင် လူတို့ဘောင်၌ဟုဆိုသည့် စကားအတိုင်း လူမှုကိစ္စတို့သည် များပြားရှုပ်ထွေးလှသဖြင့် မိမိ၌အကျိုးရှိမည့်ကိစ္စများကိုသာ ပြုလုပ်ရန် အရေးကြီးပေသည်။ ဟိုအလုပ်တပိုင်းတစ၊ ဒီအလုပ်တပိုင်းတစနှင့်အလုပ်ရှုပ်အောင် ပြုလုပ်ပါက စိတ်များပြီး ပင်ပန်းကာ အကျိုးကျေးဇူးများ ခံစားခွင့်မရှိနိုင်ချေ။ ထို့ကြောင့်ကောက်ရိုးကုန်သည်အလား ဝန်ကြီး၍ အကျိုးမများသောအလုပ်ကို မလုပ်ဘဲ စိန်ကျောက်ကုန်သည်ကဲ့သို့ ဝန်သေး၍ အကျိုးများသော အမှုကိစ္စတို့ကိုသာ ပြုလုပ်မိရန် သတိပြုရာသည်။ သို့မှသာအလုပ်နည်း၍ အချိန်ပိုရရှိကာ စိတ်အေးချမ်းသာစွာဖြင့် မိတ်ဆွေဉာတကာများ၌ ပေါ်ပေါက်လာသောအရေးကိစ္စတို့တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ခြင်းအားဖြင့် မေတ္တာထားရာရောက်ပေသည်။

ဆောင်ရန်သင်္ဂဟလင်္ကာ။ "လိုရင်းမပါ၊ ဗလာ ကြွားခြင်း၊
ဟိတ်ဟန်ကင်း၍၊ အကျဉ်းချုံး
အုပ်၊ အလုပ်နည်းမှ၊ ကြီးပွားရ
မုချအမှန်သာ"။

**၁၀။ သလ္လဟုကဂုတ္တိ ပေါ့သော အသက်မွေးခြင်းရှိသည်၊ အသြဖြစ်ရာ၏။**

အခိပ္ပါယ်ကား အသွားအလာ၊ အနေအထိုင်၊ အဝတ်အစား ဟူသမျှတို့၌ ဟန်လုပ်ခြင်း၊ ကြွားဝါးခြင်းမရှိဘဲ မိမိအခြေနှင့်ထိုက်တန်သမျှ သင့်တင့်ရုံသာနေထိုင်ရမည် ဟူလိုသည်။ မိမိရှိသော အခြေအနေထက် ဟန်ကြီးပန်ကြီးလုပ်ကာ ကြွားကြွားဝါဝါနေထိုင်တတ်သူ၏ စိတ်သဘောသည် မှုမှန်သော စိတ်သဘောမဟုတ်ပေ။ မှုမှန်သောစိတ်မရှိသူသည် မေတ္တာပွားရန် ဓါတ်ခံကောင်းသူ မဟုတ်ပေ။ မိမိ၌မရှိသောဂုဏ်ဖြင့် သူများအထင်ကြီးအောင် ပြုလုပ်တတ်သူသည် ညာဝါးတတ်သူများ ဖြစ်၍ မေတ္တာသဘောနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ထို့ကြောင့်မိမိအခြေနှင့်လိုက်အောင် ရိုးရိုးမှန်မှန်နေထိုင်ပြီး တဦးနှင့်တဦး ဟန်ကြီးပန်ကြီးမလုပ်ဘဲ ဆက်ဆံပေါင်းသင်းခြင်းအားဖြင့် မေတ္တာပွားရာရောက်နေပေပြီ။

ဆောင်ရန်သင်္ဂဟလင်္ကာ။ "ဝတ်မှုစားမှု၊နေထိုင်မှု၌၊မပြုကိန်းခမ်း
စခန်းမကြီး၊ စိတ်ကြီးမဝင်၊ ဆင်ခြင်
တိုင်းထွာ၊ ဝတ်စားစာကို၊ ရခုသုံးလျက်၊
သက်မွေးပေါ့မှ၊ကြီးပွားရမုချအမှန်သာ။"

## ၁၁။ သန္တိန္ဒြိယောစ၊ငြိမ်သက်သော ဣန္ဒြေရှိသူသည်လည်း၊ အသပြစ်ရာ၏။

အဓိပ္ပါယ်ကား။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ အသိ ဟူသော ကောင်းသော အာရုံခြောက်ပါး၊မကောင်းသော အာရုံခြောက်ပါးတို့နှင့် တွေ့ကြုံ ဆုံစည်းသည့် အခါများ တွင် စိတ်လှုပ်ရှားမှုမဖြစ်စေရအောင် ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် စိတ်အမူအရာများ လျှပ်ပေါ်လော်လီခြင်းမရှိဘဲ ဣန္ဒြေရရ တည်ငြိမ်စွာနေရမည်ဟူလိုသည်။

တနည်းအားဖြင့် ဆိုလျှင် ကောင်းသောဣဋ္ဌာရုံ၊ မကောင်းသော အနိဋ္ဌာရုံများနှင့်တွေ့ကြုံသည့်အခါ၌ စိတ်လှုပ်ရှားမှုမပြင်းထန်စေဘဲ စိတ်ဓါတ်ကြံ့ခိုင်သူ၊ စိတ်နေစိတ်ထား ကြီးမားသူတို့ ကဲ့သို့ ဣန္ဒြေရရ ပြုလုပ် ပြောဆို နေထိုင် ရမည်ဟု ဆိုလိုသည်။ အကောင်း၊ အဆိုး အာရုံများနှင့် တွေ့ကြုံသည့် အခါ၌ ဣန္ဒြေမဲ့စွာ စိတ်လှုပ်ရှားမှု ဖြစ်ပေါ်သူများသည် များသော အားဖြင့် စိတ်မတည်ငြိမ်သူများဖြစ်၍ မေတ္တာ ဘာဝနာ လုပ်ငန်းအတွက် ခါတ်ခံကောင်းသူများ မဟုတ်ပေ။ ထို့ကြောင့် ကိုယ်နှုတ်နှလုံး စောင့်ထိန်း၍ ဣန္ဒြေသိက္ခာဖြင့် စိတ်နေ စိတ်ထား ကြီးမားသူများသာလျှင် မေတ္တာဘာဝနာလုပ်ငန်းအတွက် အခြေခံကောင်းသူများဖြစ်၍ မေတ္တာအလွယ်တကူ ပွားများနိုင်သူ ဖြစ်ပေသည်။

ဆောင်ရန်သင်္ဂဟလင်္ကာ။ ။"ကိုးရိုးကားရား၊ နေသွားမတော်၊
ချွတ်ချော်စကား၊ စိတ်ထားမငြိမ်၊
ဣန္ဒြေမဲ့ခြင်း၊ အလျှင်းမရှိ၊ မျက်စိ

နားနှ၊ နူတ်လျှာ ကိုယ်စိတ်၊ ငင်
ချုပ် ချုပ် တည်း၊ စောင့်စည်း လှ
ထွေ၊ ဤခြေ မွေ့ ညက်၊ လွန်ငြိမ်
သက်မှု၊ကြီးပွားရ၊မုချအမှန်သာ။"

## ၁၂။ နိပကောစ၊ ရင့်မာသော ပညာရှိသည်လည်း အသယဖြစ်ရာ၏။

**အဓိပ္ပါယ်ကား။** ။မည်သည့်ကိစ္စမျိုးမဆို ပြုလုပ်မည့်အခါ ၌ ဆင်ခြင်တုံတရားကို စွဲစွဲမြဲမြဲလက်ကိုင်ထား၍ ပြုလုပ်ရမည်ဟူလို သည်။ ဆင်ခြင်တုံတရား ကင်းမဲ့စွာ ပြုလုပ်ခဲ့ပါလျှင် မှားယွင်း တိမ်းချော်ခြင်းသို့ရောက်တတ်လေသည်။ မဆင်မခြင် အရမ်းမဲ့ပြု လုပ်ခြင်းသည် နောက်ဆုံး၌ ဒုက္ခနှင့်တွေ့ကြုံရစမြဲဖြစ်သည်။ ထို့ ကြောင့် မည်သည့်အမှုကိစ္စကိုမဆို ပြုလုပ်မည်ဆိုပါက ဆင်ခြင်တုံ တရားကိုဧလွှတ်၍ လမ်းမှန်လမ်းကောင်းကို ရှာဖွေကာ ဆောင် ရွက်မှသာ အောင်မြင်မှုများကို ရနိုင်ပေမည်။

ဆင်ခြင်တုံတရား(သမ္ပဇဉ်တရား)တွင် လေးပါး အပြားရှိ၏။ မည်သည့်ကိစ္စမဆို ယင်းဆင်ခြင်တုံတရား လေးပါးကို လက်ကိုင် ထား၍ ပြုလုပ်မှသာလျှင် မှောက်မှားတိမ်းချော်ခြင်းမရှိဘဲ လမ်း မှန် လမ်းကောင်းကိုရလျက် ကြီးပွားအောင်မြင်ခြင်းသို့ လွယ်ကူ စွာ ရောက်နိုင်ပေမည်။

၁။ သာတ္ထကသမ္ပဇဉ်၊ ဆိုသည်ကား ပြုလုပ်မည့် အလုပ်၌ အကျိုး ရှိမရှိ စုံစမ်း၍ အကျိုးရှိမှသာ အမှုကိစ္စကို ပြု

လုပ်ခြင်း၊ အကျိုးရှိအောင် ဉာဏ်ဖြင့်ဆင်ခြင်၍ ပြုလုပ်ရမည်ကိုဆိုလိုသည်။

၂။ သပ္ပါယသမ္ပဇဉ်၊ ဆိုသည်ကား ပြုလုပ်ရမည့် အမှုကိစ္စသည် လျောက်ပတ်မှုရှိမရှိဆင်ခြင်စုံစမ်း၍ လျောက်ပတ်သင့်လျော်မှုရှိမှသာလျှင် ပြုလုပ်ရန်ဖြစ်သည်။ လျောက်ပတ် သင့်လျော်မှုဖြစ်အောင် ဉာဏ်ဖြင့်ဆင်ခြင် ပြုလုပ်ရမည်ကို ဆိုလိုသည်။

၃။ ဂောစရသမ္ပဇဉ်၊ ဆိုသည်ကား မိမိလုပ်ဆောင်ရမည့်အမှုကိစ္စ၌ လစ်ဟင်းမှု၊ ချွတ်ယွင်းမှုမရှိစေဘဲ စေ့စပ်သေချာစွာ ဉာဏ်ဖြင့် ဆင်ခြင်၍ ပြုလုပ်ရမည်ကိုဆိုလိုသည်။

၄။ အသမ္မောဟသမ္ပဇဉ်၊ ဆိုသည်ကား မိမိလုပ်ရမည့်အလုပ်ကိစ္စများတွင် မှောက်မှားတွေဝေမှု ဘက်သို့ ယိမ်းယိုင်တိမ်းစောင်းမသွားစေရန် သတိလက်ကိုင်ထားပြီး ဉာဏ်ဖြင့် ဆင်ခြင်၍ ပြုလုပ်ရမည်ကို ဆိုလိုသည်။

ဤကဲ့သို့ ရင့်ကျက်သော ဉာဏ်ပညာရှိသူမှသာ မိမိကိုယ်တိုင် အမှားနည်းလျက် အမှန်များပြုလုပ်မိသူဖြစ်နိုင်ပေမည်။ ထိုသူမျိုးသာလျှင် အခြားသူများအားလမ်းမှန်သို့ရောက်အောင် နှုတ်အားဖြင့်၎င်း၊ ကာယကံမြောက်အားဖြင့်၎င်း၊ မနောကံအားဖြင့်၎င်း ထိရောက်စွာကူညီနိုင်သဖြင့် မေတ္တာထားရာ ရောက်ရှိနေလေပြီ၊

ဆောင်ရန်သင်္ဂဟလက်ာ၊ ။"အမှုကိစ္စ၊ ဟူသမျှ၌၊ နှစ်ဝကျိုးပြစ်၊ စီစစ်ဖွေရှာ၊ သေချာစေ့ငုံ၊ ကြည့်ရှု

ဆင်ခြင်၊ မပြုပြင်ဘဲ၊ အလျှင်စလို၊
ပြုလုပ်လို၍၊ ကံကိုသာချ၊ ကမ္ဘာသ
ကာ၊ ဖြစ်လိုရာလေ၊ ဖြစ်ပေစေဟု၊
မပြုနှလုံး၊ ဉာဏ်ကိုသုံး၍၊ ထုံးနည်း
စီစစ်၊ ဖြစ်သင့်မသင့်၊ နှိုင်းချင့်ဆင်
ခြင်၊ အမြင်သန်မြန်၊ ဉာဏ်လည်း
ရင့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ။”

## ၁၃။ အပဂဗ္ဘော စ၊ မကြမ်းတမ်းသော ကိုယ်နှုတ်အမူအရာ ရှိသည်လည်း အဿ ဖြစ်ရာ၏။

အဓိပ္ပါယ်ကား။ ။ကြမ်းတမ်းသော အမူအရာ မရှိစေရဆို သည်မှာ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ စိတ်ကြမ်းဟု ဆိုအပ်သော ရိုင်း စိုင်းသောအမူအရာမျိုးမှ ကင်းလွတ်ရမည်ကို ဆိုလိုသည်။ ကိုယ် ကြမ်းဆိုသည်မှာ အသွားအလာ၊ အနေအထိုင်၊ ဝတ်ပုံစားပုံစသော ကိုယ်အမူအရာကြမ်းတမ်း၍ ကြည်ညိုဘွယ်မရှိခြင်းကို ဆိုလိုသည်။ နှုတ်ကြမ်းဆိုသည်မှာ စကားအသုံးအနှုန်း အပြော အဆိုစသော နှုတ်အမူအရာကြမ်းတမ်း၍ကြည်ညိုဘွယ်ရာမရှိခြင်းကို ဆိုလိုသည်။ စိတ်ကြမ်းဆိုသည်မှာအလိုဆိုးရှိခြင်း၊ သူတပါးအား မကောင်း ကြံစည်လိုခြင်း၊ မနာလိုဝန်တိုခြင်းစသော စိတ်အမူအရာ ကြမ်း တမ်း၍ ကြည်ညိုဘွယ်မရှိခြင်းကိုဆိုလိုသည်။

ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နှလုံး သွင်းပုံ တို့သည် မကြမ်းတမ်းသဖြင့် အလေ့စရိုက်ကောင်းမွန်ကာ ကြည်ညိုဘွယ် ရှိခြင်းကို ယဉ်ကျေးသည်ဟု ခေါ်၏။ ယဉ်ကျေးခြင်း ဟူသည်

ကြက်သရေမင်္ဂလာနှင့် ပြည့်စုံခြင်းပင်ဖြစ်၏။ ယဉ်ကျေးမှု အဆင့်မြင့်သည်နှင့်အမျှ ဘဝအဆင့် မြင့်ကြသည်ဖြစ်ရာ နောက်ဆုံး၌ ဤယဉ်ကျေးမှုကြောင့်ပင် အသင်္ခတဓါတ်မြတ်နိဗ္ဗာန်သို့ပင်ရောက်ရှိနိုင်ပေသည်။ ထို့ကြောင့် ကိုယ်နှုတ်နှလုံးသုံးပါး ကြမ်းတမ်းမှုမရှိစေဘဲ ယဉ်ကျေးမှု ရှိသူသာလျှင် နှုတ်က မေတ္တာမပို့သော်လည်း မေတ္တာပို့ရာရောက်သူ ဖြစ်နေလေပြီ။

ဆောင်ရန်သင်္ဂဟလင်္ကာ။ ။ 'ရိုသေထိုက်ငြား၊ ထိုသူများကို၊ တရားသွေဖီ၊ မထီလေးစား၊ သွားလာနေမှု၊ အပြုကြော့ကြမ်း၊ ငေါက်ငမ်းဆဲတိုင်း၊ နှုတ်ထွက်ရိုင်းစွ၊ မျက်ဒေါသနှင့်၊မာနက္ကယာ၊စိတ်ပါကြမ်းခြင်း၊အလျှင်းကွာလှမ်း၊ မကြမ်းတမ်းမှု၊ကြီးပွားရ မုချအမှန်သာ။"

**၁၄။ ကုလေသွာနာနုဂိဒ္ဓေါ၊ ကုလေသု- အမျိုးတို့၌ အနာနုဂိဒ္ဓေါ၊ မစွဲလမ်းသည်လည်း အသာဖြစ်ရာ၏။**

အဓိပ္ပါယ်ကား။ ။ဤလောက၌ ပုဂ္ဂိုလ်နှင့်ဓမ္မ (ဝါ)လူနှင့်တရားနှစ်ပါးရှိသည့်အနက်၊ လူဘက်ကိုမလိုက်ဘဲ တရားဘက်ကိုသာ လိုက်ရမည်ကိုဆိုလိုသည်။ ငါ့တူ ငါ့သား၊ ငါ့ဆွေ ငါ့မျိုး၊ ငါ့ဆရာ၊ ငါ့မိတ်ဆွေစသည်ဖြင့် ပုဂ္ဂိုလ်စွဲမထားဘဲ ထိုပုဂ္ဂိုလ်၌ တရားရှိမရှိကိုသာကြည့်၍ စီစစ်ရမည်ကို ဆိုလိုသည်။ မကောင်းသောတရား ကိန်းသူကို လူမိုက်၊ ကောင်းသော တရားကိန်းသူကို လူလိမ္မာဟုသိမှတ်ကြရာ၊ တရား ရှိ,မရှိကိုသာစီစစ်၍ တရားရှိသူ

ဘက်သို့သာလျှင် လိုက်ရပေမည်။ ထို့ကြောင့် ကြီးပွားလိုသူများ သည် ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုဂ္ဂိုလ် တဦးတဦးအပေါ်၌ ခင်မင်စွဲလမ်းခြင်း၊ ပုဂ္ဂိုလ်စွဲမရှိစေဘဲ ဓမ္မဓိဋ္ဌာန်အားဖြင့် တရားလမ်းကြောင်းကိုသာ ရွေးချယ် စိစစ်၍ လိုက်သင့်ပေသည်။ ထိုပုဂ္ဂိုလ်မျိုးသည်သာ ဓါတ်ခံကောင်းသူ ဖြစ်၍ မေတ္တာပွားရာတွင် ထိရောက်နိုင်သောသူ ဖြစ်နိုင်ပေမည်။

ဆောင်ရန်သင်္ဂဟလင်္ကာ။

။"သဒ္ဓါသီလ၊ သုတစာဂါ၊ဩတ္တပ္ပါ
နှင့်၊ ပညာဟိရီ၊ အစရှိသား၊ တရား
ကိန်းမှု၊ မကိန်းမှုကို၊ ရှုကြည့်သော
အား၊တရားကိုသာ၊လေးမြတ်စွာ၍၊
ငါ၏ဘိုးဘွား၊ ငါ့တူသားပင်၊ ငါ့
လင် ငါ့မယား၊ စသော အားဖြင့်၊
တရားယှဉ်းယို၊ ပုဂ္ဂိုလ်စွဲခြင်း၊အလွန်
ကင်းမှ၊ကြီးပွားရ၊ မုချအမှန်သာ။"

၁၅။ နစခုဒ္ဒမာစရေကိဉ္စိ၊ ယေနဝိညူပရေ ဥပဝဒေယျုံ၊ ယေန-အကြင်အကုသိုလ်စု ဒုစရိုက်မှုကြောင့်၊ ဝိညူ-လိမ္မာတတ်သိပညာရှိဖြစ်ကုန်သော၊ ပရေ-တပါးသော သူတို့သည်၊ ဥပဝဒေယျုံ-ရှုတ်ချကဲ့ရဲ့ ပြောဆိုခဲ့ကုန် ရာ၏၊ ခုဒ္ဒံ+သေးငယ်သော၊ တံ-ထိုအကုသိုလ်စုဒုစရိုက် မှုကို၊ ကိဉ္စိ-အနည်းငယ်မျှပင် ဖြစ်သော်လည်း၊ နစ အာစရေ-မပြုမလုပ်ရာ။

အမိပ္ပါယ်ကား။ ။တစုံတခုသော အမှုကိစ္စကို ပြုလုပ်လိုသောသူသည် ပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမှန်က မည်မျှပင်သေးငယ်၍မပြောပလောက်သော အမှုပင်ဖြစ်စေကာမူ မပြုကျင့်ရဟူလိုသည်။ ပညာမဲ့သူမသိမလိမ္မာသူများသည် အပြစ်မရှိသည်ကို အပြစ်လုပ်၍ ကဲ့ရဲ့ပြစ်တင် တတ်ကြကုန်၏။ အနည်း ငယ်သော အပြစ်ကိုလည်း ရောမ အပြစ်ကြီးလုပ်၍ ကဲ့ရဲ့ တတ်ကြကုန်၏။ ထို့ကြောင့် ထိုသူတို့ကိုအလေးဂရုမပြုသင့်ပေ။ ထိုသူတို့ကဲ့ရဲ့မည့် အရာသည် အခါအခွင့်အားလျော်စွာ ရှောင်ကြဉ်သင့်သောအရာဖြစ်မူ ရှောင်ကြဉ်အပ်၏။ သို့သော် မရှောင်သင့်သောအရာဖြစ်မူ ထိုသူတို့မည်မျှပင် ကဲ့ရဲ့စေကာမူ ပြုလုပ်အပ်သည်များကို ပြုလုပ်ရမည်ဟုလိုသည်။အတိုချုပ်အားဖြင့်ဆရာတော် ဦးဗုမ်ဆိုးမတော်မူလေ့ရှိသော "ဘယ်သူ ကဲ့ရဲ့၊ကဲ့ရဲ့၊ဘုရား မကဲ့ရဲ့အောင်နေ" ဟူသောစကားအတိုင်း နေထိုင်တတ်ရန် လိုပေသည်။ ပညာရှိများ ကဲ့ရဲ့အောင်မပြုလုပ်ခြင်းအားဖြင့် ထိုပညာရှိများအား နှုတ်ဖြင့် ချမ်းသာပါစေဟုမဆိုသော်လည်း အလုပ်ဖြင့် ချမ်းသာအောင်ပြုလုပ်ပြီးဖြစ်၍ မေတ္တာပို့ပြီးသား ဖြစ်ချေပြီ။

ဆောင်ရန်သင်္ဂဟလင်္ကာ။ ။"မှုခင်းကိစ္စ၊ အဝဝမှာ၊ သေးငယ်စွာပင်၊ ဖြစ်ပါလျှင်လည်း၊ ပညာရှိတို့၊ နှစ်မြို့ကင်းမဲ့၊ ကဲ့ရဲ့ဘွယ်ရာ၊ ဖြစ်လေပါက၊ လုံးဝအရှင်း၊ပြုမှုကင်းမှ၊ ကြီးပွားရ၊ မုချ အမှန်သာ။"

## မေတ္တာအကျိုး (၁၁) မျိုး

မေတ္တာဖြစ်ကြောင်း အခြေခံတရား (၁၅) ပါးကို သိရှိပြီးသည့်နောက် မေတ္တာတရားအမြဲပွားများသူတို့ ရရှိမည့် အကျိုးတရားကိုလည်း သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

ရဟန်းတို့၊ ဆန့်ကျင်ဘက်မှ လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ်၊ ပွားများအပ်၊ ကြိမ်ဖန်များစွာပြုအပ်၊ ယာဉ်ကဲ့သို့ပြုအပ်၊ တည်ရာကဲ့သို့ပြုအပ်၊ ရှေးရှုတည်စေအပ်၊ လေ့လာအပ်၊ ကောင်းစွာ အားထုတ်အပ်သည်ရှိသော် အကျိုး(၁၁)မျိုးတို့ကို မချွတ် ရလိမ့်မည်ဟု မြော်လင့်နိုင်ကုန်၏။ အဘယ် (၁၁) မျိုးတို့နည်းဟူမူ—

၁။ ချမ်းသာစွာအိပ်ရ၏။

၂။ ချမ်းသာစွာနိုးရ၏။

၃။ အိပ်မက်ဆိုးကိုမမြင်မက်။

၄။ လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏။

၅။ သားရဲဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကိုခံရ၏။

၆။ နတ်တို့စောင့်ရှောက်ကုန်၏။

၇။ ထိုမေတ္တာပွားများ သောသူအား မီး- အဆိပ် လက်နက်တို့ မစွမ်မကျ မဖျက်ဆီးနိုင်။

၈။ လျင်မြန်စွာ စိတ်တည်ကြည်၏။

၉။ မျက်နှာအဆင်း အထူးကြည်လင်၏။

၁၀။ မတွေ့မဝေ သေရ၏။

၁၁။ အလွန်မြတ်သော အရဟတ္တဖိုလ်တရားကို ထိုးထွင်း၍ မသိနိုင်သော် ပြဟ္မာပြည်သို့ လားရ၏။

ရဟန်းတို့၊ဆန့်ကျင်ဘက်မှ လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ်၊ ပွားများအပ်၊ ကြိမ်ဖန်များစွာပြုလုပ်အပ်၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော် ဤ (၁၁) ပါးသော အာနိသင်ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်နိုင်ကုန်၏။ဟု မိန့်တော်မူ၏။

ဆောင်ရန်သင်္ဂဟဂါထာ။ ။"ချမ်းသာ အိပ်နိုး၊ အိပ် မက် ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ် လျက်၊ လက် နက် ဆိပ် မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်း တည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ့၊ သေသောအခါ၊ ပြဟ္မာ့ရွာ -လားရာ မေတ္တာကျိုး။"

၀ ၀ ၀ ၀

သတို့သမီးအား ဗုဒ္ဓပေးသော ဩဝါဒ။

အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် ပဉ္စကနိပါတ်။ သုမနဝဂ်၊ ဥဂ္ဂဟသုတ်သည် လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားရမည့်သတို့

သမီးအား မြတ်စွာဘုရားပေးသော သြဝါဒများဖြစ်သည်။ အိမ်သူဇနီးများအတွက် မှတ်သားရန်တင်ပြအပ်ပါသည်။

အခါတပါး မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ မြတ်လေးတော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မေဏ္ဍက သေဋ္ဌေးကြီး၏ မြေး ဥဂ္ဂဟသည် မြတ်စွာဘုရားထံသို့ချဉ်းကပ် ရှိခိုးလျက် တခုသော နေရာ၌ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

အသျှင်ဘုရား-နက်ဖြန်အတွက် ကိုယ်တော်မြတ်ပါ လေးပါး တပည့်တော်၏ဆွမ်းကိုအလှူခံတော်မူပါဟု လျှောက်၏။

မြတ်စွာ ဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထို့နောက်မေဏ္ဍကသေဋ္ဌေးကြီး၏ မြေးဥဂ္ဂဟသည်မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍၊ နေရာမှထကာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထွက်ခွာသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုည၌လွန်သဖြင့် နံက်ချိန်၌ သင်္ကန်းသော်များကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဥဂ္ဂဟအိမ်သို့ချဉ်းကပ်၍ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။ ဥဂ္ဂဟသည် မြတ်စွာဘုရားနှင့်သံဃာတော်များကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့် ရောင့်ရဲသည့်တိုင်အောင်၊ တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၏။

ထို့နောက် မေဏ္ဍကသေဋ္ဌေးကြီး၏ မြေး ဥဂ္ဂဟသည်မြတ်စွာဘုရားဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ကို ဖယ်ပြီးသောအခါ တခုသော နေရာ၌ထိုင်နေလျက်မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။ ‘အသျှင် ဘုရား-တပည့်တော်၏ သမီးပျိုတို့သည် လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားရပါလိမ့်မည်။ မြတ်စွာဘုရား

သည့် သတို့သမီးပျိုတို့ကိုသွန်သင်တော်မူပါ၊ ဆုံးမတော်မူပါ၊ ယင်းသို့သွန်သင်ဆုံးမတော်မူသည်ရှိသော် သမီးပျိုတို့အား ကာလရှည်မြင့်စွာ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်ဖြစ်ရပါမည်’ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် သတို့သမီးတို့အား—

သတို့သမီးတို့—ထိုသို့ လျှောက်ထားသောကြောင့် ဤနေရာ၌ ဤသို့ကျင့်ရမည်၊ သင်တို့၏ အကျိုးစီးပွားကိုလိုလား၍ သနားစောင့်ရှောက်တတ်သော မိဖတို့သည် သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ ထိမ်းမြားမည်ဖြစ်သော လင်ယောကျ်ား၏

(က) —၁။ ရှေးဦးစွာအိပ်ရာမှ ထလေ့ရှိသူ။

၂၊ နောက်မှ အိပ်လေ့ရှိသူ။

၃။ အဘယ်အမှုကို ပြုရအံ့နည်းဟု မေးမြန်းနာခံလေ့ရှိသူ။

၄။ နှစ်ခြိုက်ဘွယ်ကိုသာပြုလေ့ရှိသူ။

၅။ ချစ်ဘွယ်သော စကားကိုသာ ပြောလေ့ရှိသော ဇနီးတို့ ဖြစ်ကုန်အံ့ဟုကျင့်ကြရမည်။

(ခ) [illegible] မီးတို့၊ ဤသို့လည်းကျင့်ရမည်။ မိမိခင်ပွန်းသည် ကာ [illegible] လေးစား အပ်သော အမိအဖ၊ ရဟန်းသူတော်သူမြတ်စသော ပုဂ္ဂိုလ်တို့ကို အရိုအသေပြုကုန်အံ့၊ အလေးအမြတ်ပြုကုန်အံ့၊ မြတ်နိုးကုန်အံ့၊ ပူဇော်ကုန်အံ့၊ မိမိထံသို့ ရောက်လာသူတို့ကိုလည်း နေရာ

ထိုင်ခင်း ပေးခြင်း၊ စာသောက်ဖွယ်တို့ကို ပေးခြင်း၊
စသည်ဖြင့် ပူဇော်ကုန်အံ့ဟု ကျင့်ရမည်။

(ဂ) သတို့သမီးတို့၊ ဆို့ပြင်၍သို့လည်း ကျင့်ရမည်။ ယက္ကန်း
လုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ ချက်ပြုတ်လုပ်ငန်းစသော
အိမ်တွင်းမှု ကိစ္စတို့၌ ကျွမ်းကျင်၍မပျင်းရိဘဲ ထိုအိမ်
တွင်းမှုလုပ်ငန်းများ၌ တိုးတက်ကြောင်းဖြစ်သော စူး
စမ်းမှုပညာနှင့် ပြည့်စုံသည့်ပြင်၊ ကိုယ်တိုင် လုပ်ရန်
သို့မဟုတ် စီမံနိုင်ရန်စွမ်းနိုင်ကုန်၍ ဖြစ်ကုန်အံ့ဟု ကျင့်ရ
မည်။

(ဃ) သတို့သမီးတို့၊ ဤသို့လည်း ကျင့်ရမည်၊ လင်ယောကျ်ား
၏ အလုပ်သမားဖြစ်သော အတွင်းလူ အခေါင်းတို့၏
ပြုလုပ်ပြီးသည်ကိုလည်း ပြုလုပ်ပြီးဟု သိကုန်အံ့၊ မပြု
လုပ်ရသေးသည်ကိုလည်း မပြုလုပ်ရသေးဟုသိကုန်အံ့၊
မကျန်းမာသူတို့ကိုလည်း အားရှိသည်မရှိသည်ကို သိ
ကုန်အံ့၊ ထိုအတွင်းလူအခေါင်းတို့အားခဲဘွယ်ကိုရင်း၊
ဘောဇဉ်ကိုရင်း၊ စားရေရိက္ခာကိုရင်း အသီးသီးရ
ထိုက်သောအဖို့အစုဖြင့် ဝေဖန်ကုန်အံ့ဟု ကျင့်ရမည်။

(င) သတို့သမီးတို့၊ ဤသို့လည်းကျင့်ရမည်၊ လင်ယောကျ်ား
ယူဆောင်လာသည့်ဥစ္စာ၊ စပါး ရွှေငွေ စသည် တို့ကို
စောင့်ရှောက်လုံခြုံစေသဖြင့် ပြီးစီးပြည့်စုံ စေကုန်
အံ့၊ ထိုပစ္စည်းများအပေါ်၌ အပျော်မကြူး မခိုး

မဝှက်၊ သေအရက်မသောက်ကုန်သည်ဖြစ်၍ မပျက်မစီးစေကုန် အံ့ဟုကျင့်ရမည်။

သတို့သမီးတို့၊ ဤတရားငါးပါးနှင့် ပြည့်စုံသော မိန်းမသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ နတ်တို့၏အသင်းဝင် အဖြစ်သို့ ရောက်ရာ၏-ဟု ဟောတော်မူသည်။

အကြင်ယောကျ်ားသည် အခါခပ်သိမ်း အမြဲမပြတ်ပြင်းထန်စွာ အားထုတ်သည်ဖြစ်၍ ကြောင့်ကြစိုက်လျက်မိမိမယားကိုမွေးမြူ၏။ ကောင်းမြတ်သော မိန်းမသည် အလုံးစုံအလိုရှိရာကို ဆောင်ယူမွေးမြူသော မိမိအရှင် ထိုခင်ပွန်းလင်ကို မထီလေးစားမပြု၊ ကောင်းမြတ်သောမိန်းမသည်ငြူစူသောစိတ်ထားဖြင့်လည်း မိမိလင်ကိုမချုပ်ချယ်။ ပညာရှိမိန်းမသည် လင်၏ရိုသေလေးစားအပ်သူ ပုဂ္ဂိုလ်အားလုံးကိုလည်း မြတ်နိုးပူဇော်၏။

အကြင် မိန်းမသည် ထကြွသုံ့လဝီရိယရှိ၏။ ပျင်းရိခြင်းမရှိ။ ချီးမြှောက်ထောက်ပံ့ထားသော အခြွေအရံ ပရိသတ်လည်းရှိ၏။ လင်၏နှစ်လိုဘွယ်ကိုလည်း ပြုလုပ်၏။ စုဆောင်းပေးသော ပစ္စည်းဥစ္စာကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်၏။ လင့် လိုသို့လိုက်လျက် ဤအတိုင်းပြုကျင့်အားထုတ်သော မိန်းမသည် ပမည်သော နတ်ဘို၏နေရာ(နိမ္မာနရတိ)ဘုံသို့ ရောက်ရလေ ဘည်းဟု မိန့်တော်မူသည်။

## မင်္ဂလာဆောင် သတို့သမီး ဆုံးမချက်များ။

ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲ ဝိသာခါဝတ္ထု၌ ပါရှိသော ဓနဥ္စယ သူဌေးကြီးက သမီးဖြစ်သူ ဝိသာခါ သတို့သမီးအား ပေးအပ်သော မင်္ဂလာဆောင် ဆုံးမစကားသည် မှတ်သားဘွယ် ကောင်း၍ တင်ပြအပ်ပါသည်။

ဓနဥ္စယသဌေးကြီးသည် မိမိ၏သမီးဖြစ်သူ ဝိသာခါ သတို့သမီးအား ထိမ်းမြားမင်္ဂလာပြုလုပ်ပြီးလျှင် နံနက်ဖန် ငါ၏ သမီးသည် လင့်အိမ်သို့ သွားရပေတော့မည်ဖြစ်ရာ သမီးကိုအနီး၌ထိုင်စေပြီးလျှင် ဝိသာခါကို ဤသို့ဆုံးမဩဝါဒ ပေးလေ၏။ချစ်သမီး၊ ယောက္ခမအိမ်၌နေသော ချွေးမ မည်သည်ကား—

၁။ အတွင်းမီးကို အပသို့ မထုတ်အပ်။

၂။ အပမီးကို အတွင်းသို့မသွင်းအပ်။

၃။ ပေးသောသူအားသာ ပေးအပ်၏။

၄။ မပေးသောသူအား မပေးအပ်။

၅။ ပေးသောသူအားရင်း၊ မပေးသောသူအားရင်း ပေးအပ်၏။

၆။ ချမ်းသာစွာ ထိုင်နေအပ်၏။

၇။ ချမ်းသာစွာ စားအပ်၏။

၈။ ချမ်းသာစွာ အိပ်စက်အပ်၏။

၉။ မိုးကိုလုပ်ကျွေးအပ်၏။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။

၁။ အတွင်းမီးကို အပသို့ မထုတ်အပ်ဟူသည်မှာ—သင်၏ ယောက္ခမ မိန်းမသူ၊ ယောက္ခမ ယောကျ်ားသူ၊ ကျေးဇူးရှင် လင် ယောကျ်ားတို့၏ ဂုဏ်ကျေးဇူးမဲ့ အပြစ်ကိုမြင်လျှင် အပဖြစ်သော ထိုထိုအိမ်များသို့ သွားရောက်၍ မပြောဆိုလေလင့်ဟူ၏။

၂။ အပမီးကိုအတွင်းသို့ မသွင်းအပ်ဟူသည်မှာ—အိမ်နီးချင်းဖြစ်သော အိမ်တို့၌ နေကုန်သော မိန်းမတို့သည် ၎င်း၊ ယောကျ်ားတို့သည်၎င်း ယောက္ခမ မိဘချစ်လင်တို့၏ ဂုဏ်ကျေးဇူးမဲ့အပြစ်ကို ပြောဆိုကြကုန်သည်ရှိသော် ထိုသူတို့ပြောဆိုအပ်သော စကားကိုယူဆောင်၍ ဤအမည်ရှိသော သူသည် ဤသို့လျှင် အရှင်တို့ဂုဏ်ကျေးဇူးမဲ့ အပြစ်စကားကို ပြောဆို၏ဟု တဆင့်တဖန်ပြန်ကြားပြောဆိုခြင်းကို မပြုလေနှင့်ဟူ၏။

၃။ ပေးသောသူအားသာပေးအပ်၏ဟူသည်မှာ-အကြင်သူတို့သည် ငှားရမ်းအပ်သောအသုံးအဆောင်ကို ငှားရမ်း ယူပြီးလျှင် တဖန်ပြန်၍ပို့လာကြကုန်၏၊ ထိုသူတို့အားသာလျှင် ပေးအပ်ဟုဆိုလိုသည်။

၄။ မပေးသောသူတို့အား မပေးအပ် ဟူသည်မှာ—အကြင်သူတို့သည် ငှားရမ်းအပ်သောအသုံးအဆောင်ကို ငှားယူပြီးလျှင် တဖန်ပြန်၍မပေးကြကုန်၊ ထိုသူတို့အား မပေးအပ်ဟုဆိုလိုသည်။

၅။ ပေးသောသူအားရင်း၊ မပေးသော သူအားရင်း ပေးအပ်၏ ဟူသည်မှာ—ဆင်းရဲငြိုငြင် ပင်ပန်းကုန်သော အဆွေအမျိုး အကျွမ်းဝင်သောသူတို့သည် ရောက်လာကုန်သည် ရှိသော် တဖန်ပြန်၍ပေးခြင်းငှာ တတ်နိုင်ကြသည်ဖြစ်စေ၊ မတတ်နိုင်ကြသည်ဖြစ်စေ၊ ပေးကမ်းခြင်းသာလျှင် သင့်လျော်ပေ၏ဟု ဆိုလိုသည်။

၆၊ ချမ်းသာစွာထိုင်အပ်၏ ဟူသည်မှာ—ယောက္ခမ မိန်းမသူ၊ ယောက္ခမ ယောကျ်ားသူ၊ ကျေးဇူးရှင်လင်ယောကျ်ားတို့ကို မြင်လျှင် ထသင့်သောနေရာ၌ ထိုင်နေခြင်းငှာ မလျောက်ပတ်ဟူလို၏။

၇။ ချမ်းသာစွာစားအပ်၏ဟူသည်မှာ—ယောက္ခမမိန်းမသူ၊ ယောက္ခမ ယောကျ်ားသူ၊ ကျေးဇူးရှင် လင်ယောကျ်ားတို့ စားသည်မှ ရှေးဦးစွာ မစားနှင့်မူဘဲ ယောက္ခမမိဘ ကျေးဇူးရှင် လင်ယောကျ်ားတို့ကို လုပ်ကျွေးပြီးလျှင် လောက်လောက် ငငရ မရ အလုံးစုံကိုလည်း သိပြီး၍၊ နောက်ဆုံးမှ မိမိစားခြင်းငှာ သင့်လျော်၏ဟုဆိုလိုသည်၊

၈။ ချမ်းသာစွာအိပ်စက်အပ်၏ ဟူသည်မှာ—ယောက္ခမ မိဘ အရှင်လင်ယောကျ်ားတို့အိပ်သည်မှ ရှေ့ဦးစွာအိပ်ရာသို့ ဝင်မအိပ်အပ်၊ ထိုသူတို့အား ပြုသင့်ပြုထိုက်သော ခြေဆုပ်လက်နယ် အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကိုပြု၍ နောက်မှအိပ်ရာသို့ ဝင်ရောက်အိပ်ခြင်းငှာ သင့်လျော်၏ဟု ဆိုလိုသည်။

၉။ မီးကိုလုပ်ကျွေးအပ်၏ဟူသည်မှာ—ယောက္ခမ မိန်းမသူကိုဖြစ်စေ၊ ယောက္ခမ ယောကျ်ားသူကိုဖြစ်စေ၊ ကျေးဇူးရှင် လင်ယောကျ်ားကိုဖြစ်စေ၊ မီးပုံကြီး ကဲ့သို့ဖြစ်စေ၊ နဂါးမင်းကြီးကဲ့သို့ဖြစ်စေ ရှိသော ကြောက်ရွံ့ခြင်းကိုပြု၍ ကြည့်ရှုခြင်းငှာ သင့်လျော်၏ဟု ဆိုလိုသည်။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏ဟူသည်မှာ—ယောက္ခမ မိန်းမသူကိုဖြစ်စေ၊ ယောက္ခမယောကျ်ားသူကိုဖြစ်စေ၊ ကျေးဇူးရှင်လင် ယောကျ်ားကိုဖြစ်စေ၊ နတ်ကဲ့သို့ အရိုအသေ အလေးအမြတ် ပြု၍ ကြည့်ရှုမြင်ခြင်းငှာ သင့်လျော်၏ဟုဆိုလိုသည်။

o o o

## ဘန်းကံကြီးသော မိန်းမတို့ ရလွယ်သော အရာ (၅) မျိုး

ရဟန်းတို့၊ ကောင်းမှုကုသိုလ်ကိုပြုလုပ်အားထုတ်ခဲ့ဘူးသော မိန်းမသည် ဤအရာငါးမျိုးကိုရလွယ်ကုန်၏။ အဘယ်ငါးမျိုးတို့ နည်းဟူမူ—

၁။ သင့်လျော်သော အမျိုး၌ ဖြစ်ရလို၏ဟု တောင့်တခဲ့သော်၊

၂။ သင့်လျော်သောအမျိုးသားအိမ်သို့ ရောက်ရလို၏ဟု တောင့်တခဲ့သော်၊

၃။ ရန်သူ (လင်တူမယား) မရှိဘဲ အိမ်၌ နေရလို၏ဟု ကောင့်တခဲ့သော်၊

၄။ သားသမီးရှိသူဖြင်ရလို၏ဟု တောင့်တခဲ့သော်၊

၅။ လင်ကိုလွှမ်းမိုး၍ ဖြစ်ရလို၏ဟု တောင့်တခဲ့သော်၊

ရလွယ်ကုန်၏၊ တောင့်တတိုင်း ပြည့်စုံ ကုန်၏။ ရဟန်းတို့၊ ကောင်းမှုကုသိုလ်ကို ပြုလုပ် အားထုတ်ခဲ့ ဘူးသော မိန်းမသည် ဤအရာငါးမျိုးကို ရလွယ်ကုန်၏ဟုဟောတော်မူသည်။

ဝ ၁ ဝ

## ဘုန်းကံနည်းပါးသောမိန်းမတို့ရနိုင်ခဲသော အရာ (၅) မျိုး

ရဟန်းတို့၊ကောင်းမှုကုသိုလ်မပြုခဲ့ဘူးသောမိန်းမသည်ဤအရာငါးမျိုးကိုရခြင်းငှာခဲယဉ်းလှကုန်၏။အဘယ်ငါးမျိုးတို့နည်း ဟူမူ-

၁။ သင့်လျော်သောအမျိုး၌ ဖြစ်ရလို၏ဟု တောင့်တသော်လည်း၊

၂။ သင့်လျော်သော အမျိုးသားအိမ်သို့ ရောက်ရလို၏ဟု တောင့်တသော်လည်း၊

၃။ ရန်သူ (လင်တူမယား) မရှိဘဲအိမ်၌ နေရလို၏ ဟု တောင့်တသော်လည်း၊

၄။ သားသမီးရှိသူဖြစ်ရလို၏ဟု တောင့်တသော်လည်း၊

၅။ လင်ကိုလွှမ်းမိုး၍ ဖြစ်ရလို၏ဟု တောင့်တ သော်လည်း၊

ရခြင်းငှာ ခဲယဉ်းလှကုန်၏။ ရဟန်းတို့၊ ကောင်းမှုကုသိုလ်မပြုခဲ့ဘူးသော မိန်းမသည် ဤအရာငါးမျိုးကို ရခြင်းငှာ ခဲယဉ်းလှကုန်၏ဟု ဌာနသုတ်တွင် ဟောထားတော်မူသည်။

၀ ၀ ၀

## မိန်းမ ရတနာ

အောင်မြင်နေသောပုဂ္ဂိုလ်များ၏ဘဝကို လေ့လာပါကအိမ်သူ သက်ထားဇနီးများသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည်ကိုတွေ့ရပေသည်။ ထို့ကြောင့်မိန်းမရတနာသည် လည်း ရအပ်သော ရတနာတပါးဖြစ်၍ ဒီဃနိကာယ် မြန်မာပြန် မဟာဝဂ္ဂ၊ မဟာသုဒဿနသုတ်၌ပါရှိသော စကြဝတေးမင်း၏မိဖုရား ရတနာအကြောင်းကို အောက်ပါအတိုင်းဖေါ်ပြအပ်ပါသည်။

စကြဝတေးမင်းတို့ ရအပ်သော ရတနာ(၇)ပါးတွင် မိဖုရား ရတနာ (၀၁) မိန်းမရတနာလည်း တပါး အပါအဝင် ဖြစ်၏။ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြား ရတနာ၊ မိဖုရားရတနာ၊ သေဌေးရတနာ၊ သားကြီးရတနာ၊ ပေါင်းရတနာ (၇) ပါးရှိ၏။

"အာနန္ဒာ၊တဖန် ထို့ပြင်လည်း မဟာသုဒဿန စကြာမင်း အားအလွန်အဆင်းလှပသော ရှုခြင်ဘွယ်ရှိသော၊ စိတ်ကိုကြည်နူး စေတတ်သော၊ မြတ်သော အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော မမြင့်လွန်း၊ မနိမ့်လွန်း၊ မပိန်လွန်း၊ မဝလွန်း၊ မမဲလွန်း မဖြူလွန်းသော လူတို့အဆင်းကိုလွန်၍ နတ်တို့အဆင်းတမျှရှိသော မိဖုရားရတနာ သည် (၀ါ) မိန်းမရတနာသည် ဖြစ်ပေါ်လာ၏။

"အာနန္ဒာ၊ထိုမိဖုရား ရတနာ၏ကိုယ်အတွေ့သည် လဲမွှေ့ အစု ကဲ့သို့ရင်း၊ ဝါဂွမ်းအစုကဲ့သို့ရင်း၊ ညက်သောလျှ၏။ အာနန္ဒာ၊ ထို မိဖုရားရတနာ၏ ကိုယ်အငွေ့သည်အေးသောအခါ၌ပူ၏။ ပူသော အခါ၌ အေး၏။ အာနန္ဒာ၊ထိုမိဖုရားရတနာ၏ ကိုယ်မှ စန္ဒကူးနံ့ သည်မွှေးကြိုင်လှ၏။ ခံတွင်းမှကြာညိုပန်းနံ့သည် လှိုင်၏။

"အာနန္ဒာ၊ထိုမဟာသုဒဿနစကြာမင်း၏မိဖုရားရတနာသည်

၁။ ရှေးဦးစွာ အိပ်ရာနေ့ရာမှထလေ့ရှိ၏။
၂။ နောက်မှအိပ်လေ့ထိုင်လေ့ရှိ၏။
၃၊ အဘယ်အမှုကိုပြုရပါအံ့နည်းဟု မေးမြန်းနာခံလေ့ ရှိ၏။
၄။ နှစ်သက်ဘွယ်ကိုသာ ပြုလေ့ရှိ၏။
၅။ ချစ်ဘွယ်သောစကားကိုသာ ပြောဆိုလေ့ရှိ၏။

"အာနန္ဒာ၊ ထိုမိဖုရား ရတနာသည် မဟာသုဒဿန စကြာမင်းကို စိတ်ဖြင့်သော်လည်း လွန်ကျူး၍ မကျင့်၊ ကိုယ်ဖြင့်

မူကားအဘယ်မှာ လွန်ကျူး၍ ကျင့်ပါတော့အံ့နည်း။ အာနန္ဒာ. မဟာသုဒဿနစကြာမင်းအား ဖြစ်ပေါ်လာသော မိဖုရား ရတနာသည် (ဝါ) မိန်းမရတနာသည် ဤသို့သော သဘောရှိပေ၏။

ဝ ဝ ဝ

## မိန်း မ တို့ ၏ အား (၅) မျိုး။

သဠာယတနသံယုတ် မြန်မာပြန်၊ ဗလဝဂ္ဂ၊ ဝိသာရဒသုတ်တွင် ပါရှိသော မိန်းမတို့၏အားငါးမျိုးကိုသိရှိရန်ဖော်ပြအပ်ပါသည်။

ရဟန်းတို့၊မိန်းမတို့၏အားသည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်းဟူမူ

၁။ အဆင်းအား (ချောမောလှပခြင်း)
၂။ စည်းစိမ်ဥစ္စာအား။
၃။ ဆွေမျိုးအား။
၄။ သားသမီးအား။
၅။ သီလအား။

ရဟန်းတို့၊ ဤငါးမျိုးနှင့်ပြည့်စုံသော မိန်းမသည် မခကြောက်မရွံ့ရဲရင့်စွာ အိမ်၌နေရ၏ဟုမိန့်တော်မူ၏။

မည်မျှပင် ချောမောလှပစေကာမူ၊ မည်မျှပင်ချမ်းသာ ကြွယ်ဝစေကာမူ၊ မည်မျှပင်ဆွေမျိုးအားကောင်းစေကာမူ၊ မည်မျှပင် သားသမီးအားကောင်းစေကာမူ၊ သီလအားမပြည့်စုံလျှင် (ဝါ)

ငါးပါး သီလ မလုံခြုံလျှင် အထူးသဖြင့် ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို မထိန်းသိမ်းနိုင်လျှင် ထိုအိမ်ရှင်မကိုအိမ်မှ နှင်ထုတ်ကြမည်ဖြစ်ကြောင်းနာသေန္တိသုတ်တွင် ဟောထားတော်မူသည်။

ထို့ကြောင့် မိန်းမတို့၏အားငါးမျိုးတွင်နောက်ဆုံးသီလအားသည်သာ လိုရင်းဖြစ်ကြောင်း အမျိုးသမီးအပေါင်းတို့အထူးသတိပြုလိုက်နာသင့်ကြပေသည်၊ မည်မျှပင်မချောမလှစေကာမူ၊ မည်မျှပင် ပစ္စည်း ဥစ္စာမရှိစေကာမူ၊ မည်မျှပင် ဆွေမျိုးအား မတောင့်တင်းစေကာမူ။ မည်မျှပင် သားသမီးအား မကောင်း စေကာမူ၊ သီလအားကောင်းလျှင် ထိုအိမ်ရှင်မကို နှင်ထုတ်ခြင်း၊ကွာရှင်းခြင်း မပြုလုပ်ကြဘဲ အိမ်၌ပင် မြဲအောင် ထားတတ် ကြ ကြောင်း နာသေန္တိ သုတ်၌ပင် ဟောထားတော်မူသည်။ ပထမအား လေးမျိုးမည်မျှပင်ပြည့်စုံသော်လည်း သီလအား မပြည့်စုံလျှင်တမလွန်ဘဝသို့ ပြောင်းသောအခါ၌လည်း ကောင်းရာ သုဂတိ ဘဝသို့ မရောက်နိုင်ကြောင်း ဟောထားတော်မူလေသည်။

၀ ၁ ၀

## သားသမီးကောင်းရလိုလျှင်

မိန်းမတို့မှာ ရောဂါကင်းလျှင် သားသမီးကောင်း (ဘုန်းကံရှိသူများ) ရတတ်ကြောင်း ငါးရာ့ငါးဆယ် ပထမအုပ် ဗာဟိယဇာတ်တော်တွင် ဟောထားတော်မူသည်။

"သီလရှိခြင်း၊ မိန်းမအား၊ သားကောင်း ရသည်သာ" ဟု ငါးရာ့ငါးဆယ် စတုတ္ထအုပ် သုရုစိဇာတ်နှင့် ဇာတ်တော်ကြီး တေမိယ ဇာတ်တော်များတွင် ဟောထားတော်မူသည်။

ထို့ကြောင့် သားသမီးကောင်း ရလိုသူများသည်စိတ်ပြု စင်ဖြောင့်စင်း၍၊ သီလရှိသူများ ဖြစ်အောင် ကြိုးစားခြင်းနှင့် ကျန်းမာဘောင့်တင်း၍ ရောဂါကင်းစင်သူများဖြစ်အောင် အားထုတ်သင့်ပေသည်။ သတို့သမီးများပဋိသန္ဓေရှိသည့်အချိန်မှစ၍ ဥပုသ်ရက်များတွင် ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလများ စောင့်ထိန်းကာ နေထိုင်ခြင်းဖြင့် သားကောင်းသမီးကောင်းများ ရယူနိုင်ရန် ပေါ်ပြရခြင်းဖြစ်ပါသည်။

၀ ၀ ၀

## ဗုဒ္ဓပေးသော ပီယ ဆေးနည်း

ရဟန်းတို့၊ ကြာသည်ရှင်း၊ ကြာမှုကြောင်းသော ရေ၌ဖြစ်သော ပန်းသည်ရှင်း၊ ရေ၌ဖြစ်သည်ရှိသော်ရေကိုရှင်း၊ ညွန်ကိုရှင်း၊ ဤနှစ်ခုသော အကြောင်းတို့ကိုမှီ၍ ဖြစ်သကဲ့သို့ ချစ်ခြင်းသည် ဖြစ်သည်ရှိသော် ရှေးဘဝ၌ အတူနေခဲ့ဘူးခြင်းကြောင့်ရှင်း၊ လက်ရှိဘဝ၌ အကျိုးစီးပွားကို ဆောင်ရွက် ပေးခြင်းကြောင့်ရှင်း၊ ဤနှစ်ပါးသော အကြောင်းတို့ကြောင့် ဖြစ်၏ဟု ငါးရာ့ငါးဆယ် ဒုတိယအုပ် သာကေတ ဇာတ်တော်တွင် ဟောထားတော်မူသည်။

၁။ ရှေးရှေးဘဝများစွာက အတူဘက္က နေထိုင်စားသောက်ခဲ့ဘူးသောကြောင့် မြင်လျှင်မြင်ခြင်း၊ ကြားလျှင်ကြားခြင်း ချစ်ခင်ကြသည်မှာ ဤအကြောင်းပင်တည်း။ (ကာလ အခေါ် အားဖြင့် ရှေးရေစက်ဟုခေါ်ကြသည်။)

၂။ ယခုလက်ရှိဘဝ၌ ကောင်းကျိုးစီးပွား ဖြစ်ထွန်းအောင်ဆောင်ရွက် ပေးသောကြောင့်၎င်း၊ ဤနှစ်မျိုးတွင် တ မျိုး မျိုးကြောင့် ချစ်ခင်ဘတ်ကြသည် ဟူလို၏။

ထို့ကြောင့် သူတပါးက မိမိအပေါ် ချစ်ခင်စေလိုလျှင် ပစ္စည်းအား၊ ကိုယ်အား၊ ဉာဏ်အားရှိသလောက် ထိုသူ၏ကောင်းကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန်သည် ဗုဒ္ဓပေးသော ပီယဆေးတည်း။

ဝ ၁ ဝ

## အဋ္ဌကထာ ဆရာပေးသော ပီယဆေးနည်း။

ပေးကမ်းခြင်းသည် ရိုင်းပြသူကိုလည်း ယဉ်ကျေးစေနိုင်၏။ ပေးကမ်းခြင်းသည် အလုံးစုံအလိုရှိအပ်သော အကျိုးတို့ကို ပြီးစေနိုင်၏။ ပေးကမ်းခြင်းကြောင့်၎င်း၊ ချစ်ဘွယ်သော စကားကိုဆိုခြင်းကြောင့်၎င်း မျက်နှာပွင့်လန်းကြကုန်၏။ ထိုပေးသူ့ အပေါ်သို့ စိတ်ညွတ် လာကြကုန်၏။ ထို့ကြောင့်မိမိအား ချစ်ခင် ကြစေလိုလျှင်—

၁။ ပေးကမ်းခြင်း ထောက်ပံ့ခြင်းဖြင့်ရင်း။

၂။ စကားပြောရာ၌ ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ ပြောဆိုခြင်း အားဖြင့်ရင်း၊ ပြုလုပ် ရမည်ဟု ဆိုလိုသည်။

၀ ၀ ၀

## ဇနီးမောင်နှံရာသက်ပန်။

အင်္ဂုတ္တိုရ်မြန်မာပြန် စတုတ္ထနိပါတ်၌ပါရှိသော သမဇီဝိသုတ်သည် ဇနီးမောင်နှံမိသားစုတို့ ယခုဘဝတွင် ကြီးပွားချမ်းသာစွာဖြင့် နေထိုင်ကြပြီးလျှင် နောင်ဘဝ ဆက်တိုင်း ဆက်တိုင်းလည်း ပေါင်းဖေါ်လိုပါက လိုက်နာကျင့်ကြံသင့်သော တရားများဖြစ်ပေသည်။ သမဇီဝိသုတ်တွင်ပါရှိသော တရားတော်များအတိုင်း နေထိုင်နိုင်ကြစေရန် ဖေါ်ပြအပ်ပါသည်။

အခါတပါး မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့။ သားသမင်တို့အားဘေးမဲ့ပေးရာ ဘေသကဠာတော၌ သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရားသည် နံနက်အချိန်သပိတ်သင်္ကန်းကို ယူလျက် နကုလပိတာသူကြွယ်အိမ်သို့ ချဉ်းကပ်တော် မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ထိုအခါ နကုလပိတာသူကြွယ်နှင့် သူကြွယ်မတို့သည် မြတ်စွာဘုရားအား ရိုသေစွာရှိခိုးပြီး ဤသို့ လျှောက်ထား၏။ "အသျှင်ဘုရား

တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတာ သူကြွယ်မကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍စိတ်မျှဖြင့်လည်းနကုလမာတာသူကြွယ်မကိုလွန်၍ကျင့်မိသည်ဟုအကျွန်ုပ်မသိစဘူးပါ။ ကိုယ်ဖြင့်မူကား အဘယ်မှာဆိုဘွယ်ရာရှိအံ့နည်း။ အသျှင် ဘုရား တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏။ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏”ဟု လျှောက်ထား၏။

နကုလမာတာသူကြွယ်မကလည်း ဤသို့လျှောက်ထားပြန်၏။ “အသျှင်ဘုရား၊ နကုပိတာသူကြွယ်သည် ငယ်စဉ်ကပင်ကငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလပိတာသူကြွယ်ကို လွန်၍ ကျင့်မိသည်ဟု အကျွန်ုပ်မသိစဘူးပါ။ ကိုယ်နှင့်မူကား အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း။ အသျှင်ဘုရား၊ တပည့်တော်တို့သည် ယခုဘဝ၌လည်းအချင်းချင်း ရှုမြင်လိုပါကုန်၏။ နောင်တမလွန်ဘဝ၌လည်း အချင်းချင်းရှုမြင်လိုပါကုန်၏”ဟု လျှောက်ထား၏။

ဒါယကာလင်မယားနှစ်ဦးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန်၊ တမလွန်ဘဝ၌လည်း အချင်းချင်းရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးစလုံးတို့သည်—

၁။ တူမျှသောသဒ္ဓါတရားရှိကုန်ရာ၏။

၂။ တူမျှသောသီလရှိကုန်ရာ၏။

၃။ တူမျှသောစွန့်ကြဲမှု ရှိကုန်ရာ၏။

၄။ တူမျှသောပညာရှိကုန်ရာ၏။

ယင်းသို့ရှိသည်ဖြစ်သော် ထိုလင်မယား နှစ်ဦးတို့သည် ယခုဘဝ၌လည်းအချင်းချင်းရှုမြင်ကြရကုန်၏။ နောင် တမလွန်ဘဝ၌လည်း အချင်းချင်းရှုမြင်ကြရကုန်လတ္တံ့ဟု မိန့်တော်မူ၏။

လင်မယားနှစ်ဦးစလုံးတို့သည် သဒ္ဓါတရား နှင့်လည်း ပြည့်စုံကုန်၏။ အလှူခံတို့၏စကားအဓိပ္ပါယ်ကိုလည်းသိကုန်၏။ ကိုယ်နှုတ်နှလုံးစောင့်စည်းကြကုန်၏။ ထိုလင်မယားနှစ်ဦးစလုံးတို့သည် အချင်းချင်း ချစ်ဖွယ်သောစကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေးကြကုန်၏။

တူမျှသော သီလရှိကုန်သော လင်မယား နှစ်ဦးလုံးတို့အား အကျိုးစီးပွားတို့သည် များပြားကုန်၏။ ချမ်းသာစွာ နေရခြင်းသည်လည်းဖြစ်၏။ ရန်သူတို့နှလုံးမသာဘွယ် ဖြစ်ကြကုန်၏။

တူမျှသော သီလရှိကုန်သော လင်မယား နှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌တရားကိုကျင့်ကြကုန်၍ နတ်ပြည်လောက၌ အလုံးစုံသော ကာမတို့ကို အလိုရှိတိုင်းရကြကုန်လျက် နှစ်နှစ်သက်သက်မွေ့လျော်ရကုန်သဘည်းဟု မိန့်တော်မူ၏။

○ ○ ○

## အသက်ရှည်ခြင်းအကြောင်း

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ် မြန်မာပြန် ပဉ္စက နိပါတ်တွင် ပါရှိသောပထမနှင့် ဒုတိယ အနာယုသာ သုတ်တော်တွင် အသက်

ရှည်ခြင်းနှင့်တိုခြင်းအကြောင်းကို အောက်ပါအတိုင်း ဟောထား တော်မူသည်။

## ပထမ အနာယုသ သုတ်။

ရဟန်းတို့၊ အသက်တိုခြင်းအကြောင်းတို့သည် ဤငါးမျိုးတို့ တည်း၊ အဘယ်ငါးမျိုးတို့နည်းဟူမူ—

၁။ မလျော်ကပ်သည်ကို ပြုလုပ်လေ့ရှိ၏။

၂။ လျော်ကပ်သည်ကို အတိုင်းအရှည် မသိတတ်။

၃။ မကြေကျက်လွယ်သောအစာကို စားလေ့ရှိ၏။

၄။ အချိန်မဟုတ်သည်၌ သွားလာတတ်၏။

၅။ မမြတ်သော (မေထုန်) အကျင့်ကို ကျင့်လေ့ရှိ၏။

ရဟန်းတို့၊ ဤသည်တို့ကား အသက်တိုကြောင်း တရား ငါးမျိုးတို့တည်း။

ရဟန်းတို့၊ အသက်ရှည်ကြောင်းတရားတို့သည် ဤငါး မျိုးတို့တည်း၊ အဘယ် ငါးမျိုးတို့နည်းဟူမူ—

၁။ လျော်ကပ်သည်ကို ပြုလုပ်လေ့ရှိ၏။

၂။ လျော်ကပ်သည်၌အတိုင်းအရှည်ကိုသိတတ်၏။

၃။ ကြေကျက်လွယ်သောအစာကိုစားလေ့ရှိ၏။

၄။ အချိန်အခါ၌သွားလာတတ်၏။

၅။ မြတ်သောအကျင့်ကိုကျင့်၏။

ရဟန်းတို့၊ ဤသည်တို့ကား အသက်ရှည်ကြောင်းတရား ငါးမျိုးတို့တည်းဟု မိန့်တော်မူ၏။

## ဒုတိယ အနာဂါမိယသုတ်။

ရဟန်းတို့၊ အသက်တိုကြောင်းတရားတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့ နည်းဟူမူ—

၁။ မလျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။
၂။ လျောက်ပတ်သည်၌အတိုင်းအရှည်မသိတတ်။
၃။ မကြေကျက်လွယ်သော အစာကိုစားလေ့ရှိ၏။
၄။ သီလမရှိ။
၅။ ယုတ်မာသော အဆွေခင်ပွန်းရှိ၏။

ရဟန်းတို့၊ ဤသည်တို့ကား အသက်တိုကြောင်း တရားငါးမျိုးတို့တည်း။

ရဟန်းတို့၊ အသက်ရှည် ကြောင်း တရားတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်း ဟူမူ—

၁။ လျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိ၏။
၂။ လျောက်ပတ်သည်၌အတိုင်းအရှည်ကိုသိတတ်၏။
၃။ ကြေကျက်လွယ်သော အစာကိုစားလေ့ရှိ၏။
၄။ သီလရှိ၏။
၅။ အဆွေခင်ပွန်းကောင်းရှိ၏၊

ရဟန်းတို့၊ ဤသည်တို့ကား အသက် ရှည် ကြောင်း တရားငါးမျိုးတို့တည်းဟု မိန့်တော်မူ၏။

၀ ၀ ၀

## အစားအသောက်၌အတိုင်းအရှည်သိရကျိုး။

မြတ်စွာဘုရားသည် သဂါထာဝဂ္ဂသံယုတ်၊ ဒေါဏပါက သုတ်တော်၌ စားသောက်ရာတွင် အတိုင်းအရှည် သိခြင်းအားဖြင့် ကျန်းမာရေးအတွက် အကျိုးရှိပုံကို အောက်ပါအတိုင်း ဟော ထားတော်မူသည်။ မြတ်စွာဘုရား၏တရားတော်သည် ယခုခေတ် ဆေးသိပ္ပံပညာရှင်ကြီးများ၏ အယူအဆနှင့်လည်း ကိုက်ညီနေ သည်ကိုတွေ့ရှိနိုင်ပေသည်။

ပသေနဒီကောသလ မင်းသည် တစိတ်ချက်ထမင်းကို စားပြီး သော် မအီမသာပင်ပန်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏။ ထိုအခါမြတ်စွာဘုရား သည် ထမင်းစားပြီး၍မအီမသာပင်ပန်းနေသော ကောသလ မင်း ကိုသိ၍ အောက်ပါအဓိပ္ပါယ်ရှိသော ဂါထာကို ရွတ်ဆိုတော် မူ၏၊

"အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော၊ ရအပ်သော စားသုံး ဘွယ်၌အတိုင်းအရှည်ကိုသိသော ထိုသူအား ဝေဒနာတို့သည်နည်း ပါးကုန်၏၊ သုံးဆောင်အပ်သော အာဟာရသည်လည်းအသက်ကို စောင့်သည်ဖြစ်၍ နူးညံ့စွာ ကြေကျက်၏" ဟု ရွတ်ဆိုတော် မူ၏။

ထိုအခါ၌ သုဒဿနလုလင်သည်ပသေနဒီကောသလမင်းကြီး ၏ နောက်၌တည်ရှိနေ၏။ ပသေနဒီကောသလမင်းသည် သုဒဿန လုလင်အား "အချင်းသုဒဿန၊သင်သည်မြတ်စွာဘုရား၏ထံတော် ပါး၌ ဤဂါထာကိုသင်ယူ၍ ငါထမင်းစားတိုင်း စားတိုင်းသော

အခါ၌ ရွတ်ဆိုလော့၊ ငါသည်လည်း သင့်အားနေ့တိုင်းအသံပြာ တရားရိက္ခာကိုအမြဲပေးအံ့” **ဟု** မိန့်တော်မူ၏။ သုဒသာနလုလင်သည် “မင်းမြတ်၊ ကောင်းပါပြီ” ဟု ဝန်ခံ၍ မြတ်စွာဘုရား၏ထံတော်ပါး၌ ဂါထာ ၇ ပါ ကိုထာသင်ယူပြီးလျှင်ပသေနဒီကောသလမင်းကြီးထမင်းစားတိုင်းသော အခါ၌ အထက်ပါအတိုင်း ဂါထာကိုရွတ်ဆို၏။

ထိုအခါ ပသေနဒီကောသလမင်းသည် အစဉ်သဖြင့် တကွမ်းစာချက် ထမင်း အတိုင်း အရှည်၌ တည်၏။ ပသေနဒီ ကောသလမင်းသည် နောက် အခါ၌ ကောင်းစွာ လျော့ပါး သော ကိုယ်ရှိသည်ဖြစ်၍ ကိုယ်တို့ကိုအဖန်တလဲလဲ သုံးသပ်လျက် “မြတ်စွာဘုရားသည် မျက်မှောက်ဘဝ၌ ဖြစ်သော အကျိုးဖြင့်လည်း ကောင်း၊ တမလွန်ဘဝ၌ ဖြစ်သော အကျိုးဖြင့်လည်း ကောင်း နှစ်ပါးစုံသောအကျိုးဖြင့်အကျွန်ုပ်ကို အစဉ် သနားစောင့်ရှောက်တော်မူ၏။” ဟု ဥဒါန်းစကားကို ကျူးရင့်မြွက်ဆို၏။

ဝ ဝ ဝ

## ယာဂု (ဆံပြုတ်) သောက်ရသောအကျိုးငါးပါး

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပဉ္စက နိပါတ်၌ ဆံပြုတ်သောက်ခြင်း၏ အကျိုးငါးပါးကို ဟောထားတော်မူသည်။ အသက်ကြီးရင့်အရွယ်ပိုင်း၌ မိမိ၏ကိုယ်ခန္ဓာ အစာကျေချက်နိုင်သော ဓါတ်များအားနည်းလာသောအခါ၌ ဆံပြုတ်ကိုနေ့စဉ် မှန်မှန် သောက်

၍ ကျန်းမာတောင့်တင်းနေသော အသက်ကြီးရင့်သူများကို တွေ့မြင်သူ၏ ဆံပွင့်သောက်ခြင်း၏အကျိုးအာနိသင်ကိုသိရှိရန် ဖေါ်ပြရခြင်းဖြစ်ပါသည်။

ရဟန်းတို့၊ ယာဂု၏ အာနိသင်သည် ဤ ငါးမျိုးတို့တည်း၊ အဘယ် ငါးမျိုးတို့ နည်းဟူမူ—

၁။ ဆာလောင်ခြင်းကို ပယ်ဖျောက်တတ်၏။

၂။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏။

၃။ လေကိုငြိမ်စေတတ်၏။

၄။ ဆီးအိမ်ကို သုတ်သင်တတ်၏။

၅။ အစာသစ်အကြွင်းအကျန်ကို ကျေညက်စေတတ်၏ ။

ရဟန်းတို့၊ ယာဂု၏ အာနိသင်တို့သည် ဤငါးမျိုးတို့တည်းဟု မိန့်တော်မူ၏။

ဝ ဝ ဝ

## သွားတိုက်ခြင်း၏ အကျိုးငါးပါး

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ် ပဥ္စကနိပါတ်တော်၌ပင် သွားတိုက်ခြင်း၏အကျိုးငါးပါးကို အောက်ပါအတိုင်း ဟောထားတော်မူသည်။

ရဟန်းတို့၊ တံပူစားခြင်း (သွားတိုက်ခြင်း)၌ အာနိသင်တို့သည် ဤငါးမျိုးတို့ တည်း၊ အဘယ် ငါးမျိုးတို့နည်း ဟူမူ—

၁။ မျက်စိကြည်လင်၏။

၂။ ခံတွင်းအနံ့ ကောင်း၏။

၃။ အရသာကို ဆောင်တတ်သော အကြောတို့စင်ကြယ်ကုန်၏။

၄။ သည်းခြေသလိပ်တို့သည် အစာကိုမမြေးယှက်။

၅။ ထိုတံပူစားသူအား ထမင်းမြိန်၏။

ရဟန်းတို့၊ တံပူစားခြင်း၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်းဟု မိန့်တော်မူ၏။

○ ○ ○

## လမ်းလျှောက်ခြင်း အကျိုးငါးပါး။

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ် ပဉ္စက နိပါတ်၌ စင်္ကြံလျှောက်ခြင်း (လမ်းလျှောက်ခြင်း) ၏ အကျိုး ငါးပါးကို အောက်ပါ အတိုင်းဟောထားတော်မူသည်။

ရဟန်းတို့၊ စင်္ကြံလျှောက်ခြင်း (လမ်းလျှောက်ခြင်း)၌ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်းဟူမူ—

၁။ ခရီးရှည်သွားနိုင်၏။

၂။ ကြိုးစားအားထုတ်နိုင်၏။

၃။ အနာရောဂါကင်း၏။

၄။ စားသောအပ်သောအာဟာရသည် ကောင်းစွာကြေကျက်နိုင်၏။

၅။ စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော တည်ကြည်မှု (သမာဓိ)သည် ကြာမြင့်စွာတည်တံ့နိုင်၏။

ရဟန်းတို့၊ ဤသည်တို့ကား စင်္ကြံလျှောက်ခြင်း၊ (လမ်းလျှောက်ခြင်း) ၌ အာနိသင် ငါးမျိုးတို့တည်းဟု မိန့်တော်မူ၏။

ဝ ဝ ဝ

## အာယုဝဍ္ဎနသတ္တိသားဝဋ္ဋ

အာယုဝဍ္ဎနသတ္တိသားဝဋ္ဋသည်ဓမ္မပဒမြန်မာပြန်ဒုတိယအုပ်တွင်ပါရှိသည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းစသောအကျိုးထူးများရရှိနိုင်သော တရားဖြစ်၍ဖော်ပြအပ်ပါသည်။

ဒီဃလမ္ဗိကမြို့နေ ပုဏ္ဏားတဦးသည် မိမိ မိတ်ဆွေ ပုဏ္ဏားရသေ့တဦး ကြွလာရာတွင် ဇနီးနှင့်သားကိုပါ ခေါ်ဆောင်ပြီး သွားရောက်ဖူးမြင်လေသည်။ ရသေ့ထံသို့ ရောက်လျှင် ပုဏ္ဏား

သည် ဦးစွာရှိခိုး၏။ နောက် ဇနီးသည် ရှိခိုး၏။ ထိုအခါ ရသေ့သည်ဇနီးမောင်နှံ နှစ်ဦးအားရှည်သောအသက်ရှိကြပါစေဟု ဆုပေး၏။ သားငယ်ကို ရှိခိုးစေသော အခါ၌မူကား ရသေ့သည် ဆိတ်ဆိတ်နေလေ၏။

ပုဏ္ဏားဇနီးမောင်နှံတို့သည် မိမိတို့ရှိခိုးစဉ်၌ ဆုပေးလျက်၊ သားငယ်ရှိခိုးစဉ်တွင် ဆုမပေးသောကြောင့် အန္တရာယ်ရှိပါ၏လောဟု မေးလျှောက်၏။သားငယ်၌အန္တရာယ်ရှိကြောင်း၊ နောက်အသက် ခုနစ်ရက်သာ ရှည်မည်ဖြစ်ကြောင်း ပြောဆိုလေ၏။ အန္တရာယ်ကိုတားမြစ်နိုင်သော အကြောင်းရှိပါ၏ လောဟု ထပ်ဆင့်မေးမြန်းပြန်လျှင် "ငါကားဘားမြစ်နိုင်သော အကြောင်းကို မသိ၊ ရဟန်းဂေါတမသည်သိနိုင်ရာ၏။ ရဟန်းဂေါတမ ထံသို့ သွား၍မေးလျှောက်ချေ"ဟု မိန့်တော်မူ၏၊

ပုဏ္ဏာဇနီးမောင်နှံတို့သည် သားကိုလက်စွဲ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ဦးစွာရှိခိုးသောအခါ၌ သင့်တို့သည် ရှည်သော အသက်ရှိကြသည် ဖြစ်စေဟုဆုပေးတော်မူ၏။ သားငယ်ရှိခိုးသော အခါ၌မူကားဆိတ်ဆိတ်နေ၏။ ပုဏ္ဏားသည် သားငယ်၌အန္တရာယ် ရှိရှိဆုမပေးသည်ကိုသိသဖြင့် ယင်းအန္တရာယ်ကိုတားမြစ်နိုင်သော အကြောင်းရှိပါ၏လောဟုမေးလျှောက်လေ၏။ ဖြစ်နိုင်ရာ၏ဟုမိန့်တော်မူလျှင် အဘယ်သို့ပြုလုပ်ရမည်နည်းဟု မေးလျှောက်လေ၏။

သင်တို့သည် မိမိအိမ်တံခါး၌အင်းပျဉ်ကိုခင်း၍ အင်းပျဉ်ကို ခြံရံကာ၊ ရှစ်ခုဖြစ်စေ၊ တဆယ့်ခြောက်ခုဖြစ်စေ၊ နေရာထိုင်ခင်းကို ပြင်ဆင်စေပြီး ငါ၏ တပည့်သားရဟန်းတို့ကို သီဘင်းသုံးစေပြီး

လျှင် ခုနစ်ရက်ပတ်လုံး မပြတ်ပရိတ် အရံအတားကိုရွတ်ဆိုသည် ဖြစ်အံ့၊ ထိုသူငယ်၏အန္တရာယ်သည် ပျောက်ပျက်လင့်ပြယ်လေရာ၏ ဟုမိန့်တော်မူ၏။

ပုဏ္ဏားသည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြုလုပ်လေ၏။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာတော်မူ၏၊ ဤသို့ မြတ်စွာဘုရား ကြွလာတော်မူသည်ရှိသော် စကြဝဠာ၌နေကုန်သော အလုံးစုံသောနတ်တို့သည် စုဝေးရောက်လာကြကုန်၏။ အဝရုဒ္ဓကမည်သော ဘီလူးသည် တဆယ့်နှစ်နှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးကို လုပ်ကျွေးခစားသောကြောင့် ထိုနတ်မင်းကြီးထံမှ ခုနစ်ရက်မြောက်သောနေ့တွင် ဤသူငယ်ကိုယူလေလော့ ဟူသောဆုကိုရလေ၏။ ထို့ကြောင့် အဝရုဒ္ဓကဘီလူးလည်း လာ၍ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွတော်မူသည်ရှိသော် တန်ခိုးကြီးသောနတ်တို့စုဝေးရောက်ကြကုန်သဖြင့် တန်ခိုးနည်းသော နတ်တို့သည် နောက်ဆုတ်၍နေကြရကုန်သောကြောင့် တဆယ့်နှစ်ယူဇနာတိုင်အောင် ဖဲသွားကြရလေကုန်၏။ အဝရုဒ္ဓကဘီလူးလည်း တဆယ့်နှစ်ယူဇနာသို့ဖဲသွားရလေ၏။ ဘုရားရှင်သည်လည်း တညဉ့်ပတ်လုံး ပရိတ်အရံအတားကို ပြုတော်မူလေ၏။

ခုနစ်ရက်လွန်သည်ရှိသော် အဝရုဒ္ဓကဘီလူးသည် သူငယ်ကို မရနိုင်၊ ရှစ်ရက်မြောက်သောနေ့၌ သူငယ်ကိုဆောင်ယူ၍ မြတ်စွာဘုရားအားရှိခိုးစေသော် သင်သည် ရှည်သောအသက်ရှိသည်ဖြစ်စေဟု ဆုပေးတော်မူလေ၏။ အိုရှင်ကြီးဂေါတမ ဤသူငယ်

ကား အဘယ်မျှ ကာလကြာအောင် အသက် ရှည်ပါအံ့နည်းဟု မေးလျှောက်ရာ အသက် တရာ့နှစ်ဆယ်ပတ်လုံး တည်လတံ့ဟု မိန့်တော်မူသဖြင့် ထိုသတို့သားငယ်အား အာယုဝဍ္ဎန သတို့သား ဟူသော အမည်ကိုမှည့်ကြလေကုန်၏။

အာယုဝဍ္ဎန သတို့သားသည် ကြီးရင့်အရွယ်သို့ ရောက်လတ်သော် သီဘင်းသည် ဥပသကာငါးရာဖြင့် ခြံရံလျက် လှည့်လည်သွားလာနေလေ၏။ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့သျှင်တို့မြင်ကြကုန်၏လော၊ အယုဝဍ္ဎန သတို့သားသည် ခုနစ်ရက် မြောက်သောနေ့၌ သေထိုက်သည်ဖြစ်လျက် မသေဘဲ ဥပသကာငါးရာဖြင့် လှည့်လည်နေခြင်းဖြင့် သတ္တဝါတို့အား အသက်ရှည်နိုင်ခြင်းအကြောင်းသည် ရှိယောင်တကားဟု စကား ပြောဆိုကြလေကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သား ရဟန်း တို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေး တော်မူခြင်းကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါ သည်ဘုရားဟု လျှောက်ထားသည်ရှိသော်၊ ရဟန်းတို့၊ အသက် ရှည်ခြင်းတခုသာမဟုတ်သေး၊ ဤသတ္တဝါတို့သည် ဂုဏ်ရှိသော သူတို့ကို ရှိခိုးကြကုန်သည်ရှိသော် မလေးပါးသော အကြောင်းတို့ ဖြင့် တိုးပွားနိုင်ကြကုန်၏။ ဘေးလွတ် နိုင်ကြကုန်၏။ အသက် တိုင်းသာလျှင် တည်နိုင်ကြကုန်၏ ဟု မိန့်တော်မူ၍ အနုသန္ဓေ စပ်လျက် တရားဟောတော်မူလိုရကား ဤဂါထာကို မိန့်တော် မူလေ၏။

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

နိစ္စံ၊ အမြဲ၊ အဘိဝါဒနသီလိဿ၊ ရှိသေစွာ ရှိခိုးလေ့ ရှိသော၊ ဝုဍ္ဎာပစာယိနော၊ အသက်သိက္ခာဝါအားဖြင့် ကြီးသောသူတို့ကို အရိုအသေပြုခြင်းရှိသော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား၊ အာယုစ ဇီဝိတိန္ဒြေဟူသော အသက်သည်ရင်း၊ ဝဏ္ဏောစ၊ အဆင်းသည်ရင်း၊ သုခဥ္စ၊ ချမ်းသာခြင်းသည်ရင်း၊ ဗလဥ္စ၊ ခွန်အားသည်ရင်း၊ ဣတိ ဤသို့ စတ္တာရော၊ လေးပါးကုန်သော ဓမ္မာ အကျိုးကျေးဇူး တရားတို့သည် ဝဍ္ဎန္တိ၊ တိုးပွားကြ ကုန်၏ဟု ဟောတော်မူသည်။

ဒေသနာတော် အဆုံး၌ အာယုဝဍ္ဎန သတို့သားသည်လည်း သီတင်းသည်ဥပသကာ ငါးရာတို့နှင့်အတူတကွသောတာပတ္တိဖိုလ် ၌ တည်လေ၏။ ဤမှ တပါး များစွာသော သူတို့သည်လည်း သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကြလေကုန်၏။

ဤဝတ္ထုကို ထောက်ခြင်း အားဖြင့် မိမိအိမ်သို့ ရဟန်း သံဃာများကို ပင့်ဖိတ်ပြီး ဆွမ်းကျွေး၍ ပရိတ်တရား တော်များ နာယူခြင်း၊ အိမ်နီးနားချင်းများနှင့်မိတ်ဆွေသင်္ဂဟများကို ဖိတ်၍ကျွေးမွေးပြုစုခြင်းစသော အလုပ်ကို ရံဖန်ရံခါ ပြုလုပ်ခြင်းဖြင့် မိမိ၌ လောကီလောကုတ္တရာအကျိုးစီးပွားများကို ရရှိနိုင်ပေသည်။ မြန်မာ့လူမှုဆက်ဆံရေး အစဉ်အလာများတွင် ရဟန်း သံဃာများနှင့် အိမ်နီးချင်း မိတ်ဆွေများကိုဖိတ်၍ ညွှတ်ခံတာပြုခြင်းတို့သည် ရှေးအထက်ကျော်ကာရီကပင် တည်ရှိခဲ့သော ကောင်းမြတ်သည့် မြန်မာ့ပေါင်းသင်းဆက်ဆံရေး လုပ်ထုံးကြီးတခုဖြစ်ခဲ့ရာ၊ ယင်းအစဉ်

အလာများကိုဆက်လက်ထိန်းသိမ်းခြင်းအားဖြင့်မိမိဥပစ္စပ္ပန်သံသရာ အကျိုးများကိုရနိုင်ခြင်း၊ အိမ်သားများထဲမှ နာမကျန်းရှိသည့် အခါများတွင်လည်း ဘုရားပေးသော ဆေးနည်းအဖြစ်အသုံးပြုနိုင်ရန် ဤဝတ္ထုကို ထုတ်၍ တင်ပြရခြင်းဖြစ်ပါသည်။

ဝ ဝ ဝ

## အပြုစုခံ ပုဂ္ဂိုလ်များ သတိမူစရာ။

မူလပဏ္ဏာသအဋ္ဌကထာပထမအုပ်တွင်ပါရှိသောအပြုစုခံများအတွက် ဟောာ်ထားတော်မူသော တရားမှာမှတ်သားထိုက်၍ဖော်ပြအပ်ပါသည်။

ဆရာသမား၊ အမိအဖ၊ ခင်ပွန်းယောကျ်ား စသော အပြုစုခံပုဂ္ဂိုလ်တို့မှာ တပည့်သားသမီး မယားစသည်တို့က ပြုစုကြသော်ကျေးများခြင်း၊ ဇီဇာကြောင်ခြင်း မပြုလုပ်ကြဘဲ မိမိအင်အားရှိသမျှနှင့် စားဝတ်နေရေးဥ္စရောင့်ရဲရမည်၊ မွေးမြူလွယ်ကြရမည်ဟု ဖွင့်ဆိုထားလေသည်။

ပြုသမျှနှင့်မရောင့်ရဲနိုင်ဘဲ၊ ဆူဆူ ပူပူ ပြုလုပ်ခဲ့သော် ဆောင်ရွက်ပေးသူတို့မှာကိုယ်ဆင်းရဲရုံမျှမကစိတ်ပါဆင်းရဲစေတတ်သည်။ စိတ်ဆင်းရဲမှုကို မခံနိုင်လွန်းသောအခါထိုပုဂ္ဂိုလ်များကို စွန့်ခွာ၍သွားတတ်ကြလေသည်။ ထိုသို့စွန့်ခွာ ခံရသော် မိမိလည်းကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကြုံရပေတော့မည်။ ရှိသမျှနှင့်ရောင့်ရဲနိုင်သော်

ပြုသမျှနှင့်ကျေနပ်လေသော်၊ ပို၍ပို၍ပင်ကရုဏာသက်ကာ သဆထက် တံပိုးတိုး၍တိုး၍သာကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ပြုစုတတ် ကြလေသည်။

၀ ၀ ၀

## အပရိဟာနိယ တရား (၇)ပါး။

မြတ်စွာဘုရားသည် အပရိဟာနိယ- မဆုတ်ယုတ် ကြောင်း တရား ခုနစ်ပါးကို အင်္ဂုတ္တိုရ် သတ္တနိပါတ်သာကာရ သုတ်တော်၌ ဟောတော်မူခဲ့သည်။ ယင်းတရားသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လိုသူများနှင့် အကြီးအကဲဖြစ်လိုသူများအတွက် အထူး မှတ်သား လိုက်နာဘွယ်ကောင်းသော တရားဖြစ်၍ တင်ပြရခြင်း ဖြစ်ပါသည်။

အခါတပါးမြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၌သီတင်းသုံးနေ တော်မူ၏။ ထိုအခါ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ် နင်းရန်သွားလိုသည်ဖြစ်၍ ဤသို့ ထုတ်ဖော်ပြောဆိုလျက်ရှိ၏။ "ငါသည် တန်ခိုးကြီးသော ဝဇ္ဇီမင်းတို့ကိုမျိုးပြုတ်အံ့၊ ဖျက်ဆီး အံ့၊ အကျိုးမဲ့ပျက်ဆီးခြင်းသို့ရောက်စေအံ့" ဟု ပြောဆိုလျက်ရှိ ၏။ အဇာတသတ်မင်းသည် အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားကိုခေါ်၍ သင်သည် မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ သွားပြီးလျှင် ရှိခိုးဦးတိုက်ကာ အနာကင်းကြောင်း၊ ရောဂါကင်း

ကြောင်း၊ကျန်းမာကြောင်း၊ သန့်စွမ်းကြောင်း၊ ချမ်းသာစွာနေရကြောင်းကိုမေးလေလော့၊ ထို့ပြင်အဇာတသတ်မင်းသည်ဝဇ္ဇီမင်းတို့ကိုနှိမ်နင်းရန်သွားလိုသည်ဖြစ်၍ဝဇ္ဇီမင်းတို့ကိုမျိုးဖြုတ်အံ့၊ဖျက်ဆီးအံ့၊အကျိုးမဲ့ ပျက်ဆီးခြင်းသို့ ရောက်စေအံ့ဟုပြောဆိုလျက်ရှိကြောင်းကိုလည်းလျှောက်ထားလေလော့။ သင်သည် မြတ်စွာဘုရား ပြန်လည်မိန့်ကြားတော်မူသည့် အတိုင်း ကောင်းစွာမှတ်သား၍ ငါ့အား ပြန်လည်ပြောကြားလော့။ မြတ်စွာဘုရားတို့မည်သည် ချွတ်ယွင်းသော စကားကို မိန့်ကြားတော်မမူကုန်ဟု မိန့်တော်မူ၏။

အမတ်ကြီးလည်း "ကောင်းပါပြီအရှင်" ဟု ပြောကြားပြီးလျှင် မြတ်စွာဘုရားထံသို့သွားပြီး အထက်ပါအတိုင်း ဦးတိုက်လျှောက်ထားလေ၏၊ ထိုစဉ်အခါ၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကိုယပ်ခပ်လျက် နောက်၌တည်ရှိနေ၏။ ထိုအခါ မြတ်စွာဘုရားသည် သျှင်အာနန္ဒာကို ဤသို့ မေးတော်မူ၏။

"အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည်မပြတ်စည်းဝေးကြကုန်၏ လော၊ အကြိမ်များစွာစည်းဝေးကြကုန်၏လော၊ သင်ဘယ်သို့ ကြားရသနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား၊ ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေးကြပါကုန်၏။ အကြိမ်များစွာစည်းဝေး ကြပါကုန်၏" ဟုလျှောက်ထား၏။

၁။ "အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေးနေကြ၊ အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ဆုတ်ယုတ်ရန်မရှိပေ။

"အနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကြကုန်လော၊ အညီအညွတ်စည်းဝေးမှ ထကုန်၏ လော၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏လော၊ သင် အဘယ်သို့ကြားရသနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား-ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးပါကုန်၏။အညီအညွတ်စည်းဝေးမှ ထပါကုန်၏။ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက် ပါကုန်၏ဟု ကြားရပါသည်ဘုရား" ဟု လျှောက်ထား၏။

၂။ "အာနန္ဒာ၊ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၊ အညီအညွတ် အစည်းအဝေးမှ ထကုန်လျက် ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေ။"

"အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သောအရာကိုမပညတ်ပဲ ရှိကုန်၏လော၊ ပညတ်ပြီးသောအရာကို မပယ်ဖျက်ကြကုန်ဘဲရှိကုန်၏လော၊ ပညတ်ထားသမျှသော ရှေးဟောင်းဝဇ္ဇီ ကျင့်ထုံးတို့ကို လိုက်နာ၍ကျင့်ကုန်၏လော၊ သင်အဘယ်သို့ကြားသနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား၊ ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ပါကုန်၊ပညတ်ပြီးသောအရာကိုမပယ်ဖျက်ပါကုန်၊ပညတ်ထားသမျှသော ရှေးဟောင်းဝဇ္ဇီကျင့်ထုံးတို့ကိုလိုက်နာ၍ ကျင့်ပါကုန်၏ဟု ကြားရပါသည်ဘုရား" ဟု လျှောက်ထား၏။

၃။ "အာနန္ဒာ - ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကုန်မူ၍ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြ ကုန်ဘဲ ပညတ်ထားသမျှသော ရှေးဟောင်းဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေ။"

"အာနန္ဒာ-ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ပူဇော်ကုန်၏လော၊ ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်ကုန်၏လော၊ သင်အဘယ်သို့ ကြားသနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား၊ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုပါကုန်၏၊ အလေးပြုပါကုန်၏၊ မြတ်နိုးပါကုန်၏၊ ပူဇော်ပါကုန်၏၊ ထိုအသက်ကြီးသူတို့၏စကားကိုလည်း နာယူသင့်သည်ဟူ၍ မှတ်ထင်ပါကုန်၏ဟု ကြားရပါသည်ဘုရား" ဟု လျှောက်ထား၏။

၄။ "အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၊ အလေးအမြတ်ပြုကုန်၊ မြတ်နိုးကုန်၊ ပူဇော်ကုန်လျက် ထိုအသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်၍ နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေ။"

"အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး၊ အမျိုးသမီး

ယယ်တို့ကို အတင်းစွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ပဲ ရှိကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း”ဟု မေးတော်မူ၏။

“အသျှင်ဘုရား – ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး၊ အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ပါကုန်ဟု ကြားရပါသည်ဘုရား”ဟု လျှောက်ထား၏။

၅။ “အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးအကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက် သမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိပေ။”

“အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း၊ စေတီတို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေပဲရှိကုန်၏လော၊သင်အဘယ်သို့ ကြားရသနည်း”ဟု မေးတော်မူ၏။

“အသျှင်ဘုရား၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ နတ်ကွန်းစေတီတို့ကို အရိုအသေပြုပါကုန်၏၊ အလေးပြုပါကုန်၏၊ မြတ်နိုးပါကုန်၏၊ ပူဇော်ပါကုန်၏၊ ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲ၊ ပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်ပါကုန်ဟု ကြားရပါသည် ဘုရား” ဟု လျှောက်ထား၏။

၆။ "အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်းစေတီတို့ကို အရိုအသေပြုကုန်၊ အလေးပြုကုန်၊ မြတ်နိုးကုန်၊ ပူဇော်ကုန်လျက် ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲပြုမြဲ ဖြစ်သော တရားနှင့် လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေ။"

"အာနန္ဒာ၊ အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာ တို့သည် ကြွလာ ပါအံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါအံ့နည်းဟု ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့် အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံခံမှုကိုကောင်းစွာစီမံပေးကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား၊ အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်းဟု ဝဇ္ဇီမင်းတို့သည်ရဟန္တာတို့၌တရားနှင့်အညီစောင့်ရှောက် ကာကွယ်ကြပါကုန်၏၊ လုံခြုံမှုကိုကောင်းစွာစီမံပေးကြပါကုန်၏ဟု ကြားရပါသည်ဘုရား" ဟု လျှောက်ထား၏။

၇။ "အာနန္ဒာ၊ အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်း၊ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့်အညီ စောင့်

ရှောက် ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးနေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိပေ”ဟု မိန့်တော်မူ၏။

ပုဏ္ဏား၊ ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌တည်၍ဝဇ္ဇီမင်းတို့သည်လည်းဤမဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးပွား ချမ်းသာရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေဟု မိန့်တော်မူ၏။

ဝ ဝ ဝ

## မင်းကျင့်တရား (၁၀) ပါး။

၁။ ဒါန – လှူဒါန်းခြင်း။

၂။ သီလ – သီလကို ဆောက်တည်ခြင်း။

၃။ ပရိစ္စာဂ – ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်း။

၄။ အဇ္ဇဝ – စိတ်နှလုံးဖြောင့်မတ်ခြင်း။

၅။ မဒ္ဒဝ – ကိုယ်နှုတ်တို့ နူးညံ့သိမ်မွေ့ခြင်း။

၆။ တပ – ရှစ်ပါး ဆယ်ပါး သီလတို့ကို ဆောက်တည်ခြင်း။

၇။ အက္ကောဓနံ – မေတ္တာရှေ့ထား အမျက်မပွား ခြင်း။

၈။ အဝိဟိံသ – တိုင်းသူပြည်သားများကို မညှင်းဆဲ ခြင်း။

၉။ ခန္တိ – သည်းခံခြင်း။

၁၀။ အဝိရောဓန – ပြည်သူတို့၏အလိုနှင့် မဆန့်ကျင် ခြင်း။

ဝ ဝ ဝ

နာယကဂုဏ် ခြောက်ပါး။

၁။ သည်းခံခြင်း။

၂။ နိုးကြားခြင်း။

၃။ ဝေဖန်ပိုင်းခြားခြင်း။

၄။ သနားခြင်း။

၅။ ထကြွလုံ့လရှိခြင်း။

၆။ အမြော်အမြင်ဥာဏ်ရှိခြင်း။

## အကြီးအကဲလုပ်သူများ သတိပြုရန်

၁။ အာဏာရှိခိုက် မတရားပြုလုပ်က အသက်တိုတတ်ကြောင်း၊ ငါးရာ့ငါးဆယ် ဥမ္မာဒန္တီဇာတ်တော်တွင် ဟောထားတော်မူသည်။

၂။ ဘုန်းကြီးသူများသည် အယူမှားသော် အများဆင်းရဲကြောင်းဖြစ်၍၊ အယူမှန်သော် အများ ချမ်းသာကြောင်း ဖြစ်၏ဟု အင်္ဂုတ္တိုရ်ပဉ္စနိပါတ် ထေရသုတ်တော်တွင် ဟောထားတော်မူသည်။

၃။ လူအပေါင်းတို့၏သဘောမှာ အုပ်ချုပ်သူမင်း၏ အပြုအမူကို အတုယူ၍ လုပ်တတ်ကြောင်း ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာတွင် ဖွင့်ဆိုထားသဖြင့် မင်းလုပ်သူများ နည်းလမ်းကောင်းများပြသနိုင်ရန် အရေးကြီးပေသည်။

၀ ၀ ၀

## သံတမန်ခန့်ထိုက်သော အင်္ဂါရှစ်ပါး။

အင်္ဂုတ္တိုရ်အဋ္ဌကနိပါတ် ဒူတေယျသုတ်တော်တွင် သံတမန်ခန့်ထိုက်သော အင်္ဂါရှစ်ပါးကို အောက်ပါအတိုင်း ဟောသားတော်မူသည်။

၁။ သူတပါးပြောသော သတင်းစကားကို အကင်းပါးစွာ သိကြားလွယ်ရခြင်း။

၂။ ကိုယ့်အရှင် ပြောကြားလိုက်သော သဘင်းစကားကို အားလုံးစေ့စုံအောင် ပြောဆိုတင်ပြနိုင်ရခြင်း။

၃။ သတိဝိရိယရှေ့ထား၍ ကောင်းစွာမှတ်သား လေ့လာ ရခြင်း။

၄။ သူတပါးပြောကြားသော စကားကို မှန်ကန်ခိုင်မြဲစွာ ဆောင်ထားနိုင်ရခြင်း။

၅။ အနက်အဓိပ္ပါယ် အရိပ်အခြေ လူရည်လူကဲကို ပါးနပ်စွာ သိတတ်ရခြင်း။

၆။ သူတပါးအား ကြားသိစေလွယ်အောင် ပြောဆိုတတ်ရ ခြင်း။

၇။ အကျိုးရှိအကျိုးမဲ့ကို ဝေဖန်နိုင်းညှိတတ်သိလိမ္မာရခြင်း။

၈။ ငြင်းခုံခိုက်ရန် ဆန့်ကျင်ဘက်အမှုများ မပြုလုပ်မပြောဆို ရခြင်း။

ဝ ဝ ဝ

## အမတ်ခန့်ထိုက်သည့် အင်္ဂါရှစ်ပါး။

မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒခဏ်းတွင် ပါရှိသော အမတ် ခန့်ထိုက်သည့် အင်္ဂါရှစ်ပါးမှာ အောက်ပါအတိုင်းဖြစ်သည်၊

၁။ ပညာဉာဏ်အမြော်အမြင်နှင့် အကြားအမြင်ဗဟုသုတ ရှိခြင်း။
၂။ ရုပ်အဆင်းအင်္ဂါ ဥပဓိကောင်းမွန်ခြင်း။
၃။ အကျင့်စာရိတ္တကောင်းမွန်ခြင်း။
၄။ ရဲရင့်သတ္တိရှိခြင်း။
၅။ လုံ့လဝီရိယရှိခြင်း။
၆။ ကိစ္စကြီးငယ်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း။
၇။ ကျန်းမာသန်စွမ်းခြင်း။
၈။ ပစ္စည်းဥစ္စာ မမက်မောခြင်း။

၀ ၀ ၀

## မင်းတို့ဆင်မြန်းအပ်သော ရတနာကိုးပါး။

မန်လည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒခဏ်းတွင် ဖေါ်ပြထားသော မင်းတို့ဆင်မြန်းအပ်သည့် နဝရတ်ကိုးသွယ် ရတနာကိုးပါးကား မှတ်သားဘွယ်ကောင်းသဖြင့် အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်။

၁။ တိုင်းရေးပြည်ရေးအုပ်ချုပ်ရေးတို့၌ အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံပြီး တတ်သိလိမ္မာကျွမ်းကျင်သောသေနာပတိ

နှင့် အမတ်ကြီးတို့ကား ပြည်၏ဦးကင်းမည်၏။ ပြည့်ဦးကင်းကို မနှိမ်ချရာ၊ ချီးမြှောက်ရာ၏။

၂။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော ရဟန်းသံဃာ အရှင်မြတ်တို့ကား တိုင်းပြည်၏ တံခွန်မည်၏။ ပြည့်တံခွန်ကို ဦးထိပ်ပန်ဆင်ရာ၏။

၃။ ပညာရှိပရောဟိတ်တို့ကား တိုင်းပြည်၏မျက်စေ့မည်၏။ ပြည့်မျက်စေ့ကို မထိပါးရာ။

၄။ သံတမန်နှင့် စုံထောက်များကား ပြည့်နားမည်၏။ ပြည့်နားကို မပယ်ရာ၊

၅။ မင်းညီမင်းသား ဆွေတော်များကား ပြည့်သွား ပြည်စွယ် မည်၏။ ပြည့်သွား ပြည်စွယ်ကို မချိုးရာ။

၆။ သမီးကညာ (ဝါ) ကုမာရီ အမျိုးသမီးတို့ကား တိုင်းပြည်၏ မျက်နှာမည်၏။ ပြည့်မျက်နှာကို မညှိုးစေရာ။

၇။ သူဌေးသူကြွယ် ကုန်သည်ပွဲစားတို့ကား တိုင်းပြည်၏ ဝမ်းဗိုက်မည်၏။ ပြည့်ဝမ်းဗိုက်ကို မနာစေရာ။

၈။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စစ်သည်ရဲမက်ဗိုလ်ပါတို့ကား တိုင်းပြည်၏ခြေမည်၏။ ပြည့်ခြေကို သန်စွမ်းစေရာ၏။

၉။ လက်နက် ခဲယမ်းမီးကျောက်တို့ကား တိုင်းပြည်၏လက်မည်၏။ ပြည့်လက်ကို သန်စွမ်းစေရာ၏။

"နန်းထီးသခင်၊ ပြည်ကြီးရှင်တို့၊ ဝတ်ဆင်အပ်ရာ၊ မြတ်ဘန်းဆာဟု၊ ရတနာမည်မှတ်၊ နဝချတ်ကိုးသွယ်၊ အမျက်ကိုးကွင်း၊

ဆင်နိုင်လျှင်း၍၊ ထွန်းဝင်းဂုဏ်ရောင်၊ တပြောင်ပြောင်သည်
မိုခေါင်ထိုးဖေါက်စေဘိလော့။"

၀ ၀ ၀

# တိုင်းပြည်ငြိမ်းချမ်းသာယာအောင်လုပ်နည်း

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂ၊ ကူဋဒန္တသုတ်တော်တွင် မြတ်စွာဘုရားသည် တိုင်းပြည် ငြိမ်းချမ်းသာယာအောင် ပြုလုပ်သောနည်းများကို ကူဋဒန္တပုဏ္ဏားအား အကြောင်းပြု၍ အောက်ပါအတိုင်း ဟောထားတော်မူသည်။

ရှေးအခါ၌ မဟာဝိဇိတမည်သောမင်းသည် ရှိ၏။ ထိုမင်းသည် ပြန့်ပြောသော လူ့စည်းစိမ်ကို ရလျက်ရှိ၏။ ကျယ်ပြန့်သော မြေအဝန်းကို အုပ်စိုး၍နေ၏၊ ထိုမင်း၌ အကြံဖြစ်ပေါ်လာသည်မှာ "ငါသည် ဤမင်းစည်းစိမ်ကို ကြာမြင့်စွာကာလပတ်လုံး ခံစားနိုင်ရန် ယာဇ်ပူဇော်ခြင်း (အလှူကြီး) ပြုလုပ်ရလျှင် ကောင်းလေစွ"ဟု အကြံဖြစ်၍ ပုရောဟိတ်ပုဏ္ဏားအား ခေါ်တော်မူပြီးလျှင် မိမိ ယာဇ်ကြီးပူဇော်ရန်အလို့ငှာ ဆုံးမညွှန်ကြားလေလော့ဟု မိန့်တော်မူ၏။

ဤသို့မိန့်ဆိုသော် ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ဤသို့လျှောက်ထား၏။ အသျှင်မင်းကြီး၏နိုင်ငံ၌ ဦးစွာအားဖြင့် ငြိမ်းချမ်းသာယာအောင် ဤသို့ပြုလုပ်ပါလော့။

အသျှင်မင်းကြီး၊ နိုင်ငံ၌ ဆူးငြောင့်နှင့်တူသော သူခိုးဓါးပြတို့သည် ရှိ၏၊ ထိုသူတို့သည် ပြည်သူတို့အား နှိပ်စက်ခြင်းသည် ရှိ၏၊ ရွာကိုဖျက်စီးခြင်း၊ နိဂုံးကိုဖျက်စီးခြင်းတို့သည်လည်း ထင်ကုန်၏။ မြို့ကိုဖျက်စီးခြင်းတို့သည်လည်း ထင်ကုန်၏။ ခရီးသွားတို့ကို လုယက်ခြင်းသည်လည်း ထင်ကုန်၏။

အသျှင်မင်းကြီး၊ သူခိုးဓါးပြတို့ နှိပ်စက်ခြင်းရှိသော နိုင်ငံ၌ အခွန်အတုတ်ကို ကောက်ယူငြားအံ့၊ ထိုသို့ကောက်ယူခြင်းသည် အသျှင်မင်းကြီး မပြုသင့်သည်ကို ပြုရာမည်၏။ ဤအရာ၌ အသျှင်မင်းကြီးတွင် ဤသို့သောအကြံသည် ဖြစ်ပေါ်လည်း ဖြစ်ပေါ်ရာ၏။ 'ငါသည် ဆူးငြောင့်နှင့်တူသော သူခိုးဓါးပြတို့ကို သတ်ဖြတ်ခြင်းဖြင့်ရင်း၊ နှောင်ဖွဲ့ခြင်းဖြင့်ရင်း၊ ဒဏ်တပ်၍ ပစ္စည်းဥစ္စာဆုံးရှုံးစေခြင်းဖြင့်ရင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းဖြင့်ရင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်းဖြင့်ရင်း ဖယ်ရှားအံ့' ဟူသော အကြံသည် ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်ပေမည်။

ဤနည်းဖြင့် ဆူးငြောင့်နှင့်တူသော သူခိုးဓါးပြတို့ကို အကြွင်းမဲ့ ဖယ်ရှားခြင်းငှာ မဖြစ်နိုင်ပါ။ သတ်ဖြတ်ညှင်းဆဲခြင်းခံရသည်မှ ကြွင်းကျန်သော သူခိုးဓါးပြတို့သည် နောင်အခါ မင်းကြီး၏ နိုင်ငံကို ညှင်းဆဲကုန်လတ္တံ့။ စင်စစ်အားဖြင့် ဤဆိုလတ္တံ့သော အစီအရင်နည်းအားဖြင့်သာလျှင် ဆူးငြောင့်နှင့်တူသော ယင်းသူခိုးဓါးပြတို့ကို အကြွင်းမဲ့ ဖယ်ရှားခြင်းငှာ ဖြစ်နိုင်ပါ၏။

ဤသည်ကား အသျှင်မင်းကြီးနိုင်ငံ၌ –

(၁) လယ်ယာလုပ်မှု၊ နွားမွေးမှုတို့ကို အားထုတ်ကုန်သော

သူတို့အား အသျှင်မင်းကြီးသည် မျိုးရိက္ခာ တို့ကို ထောက်ပံ့ပေးကမ်းပါလော့။

(၂) အသျှင်မင်းကြီး၊ နိုင်ငံ၌ ကုန်သွယ်မှုကို အားထုတ်ကုန်သော သူတို့အား အသျှင်မင်းကြီးသည် အရင်းအနှီးကို ထောက်ပံ့ပေးကမ်းပါလော့။

(၃) အသျှင်မင်းကြီး၊ နိုင်ငံ၌ မင်းမှုထမ်းအလုပ်ကို အားထုတ်ကုန်သော သူတို့အား လခရိက္ခာကို စီမံပေးပါလော့။

ဤသို့ပြုလုပ်သည်ရှိသော် နိုင်ငံသူ နိုင်ငံသားတို့သည်လည်း မိမိတို့အလုပ်အကိုင်၌ အားထုတ်နေကုန်သည်ဖြစ်၍ အသျှင်မင်းကြီး နိုင်ငံကို မညှဉ်းဆဲကုန်လတ္တံ့။ အသျှင်မင်းကြီးအား များပြားသော ဥစ္စာစပါးအစုတို့သည် ဖြစ်လတ္တံ့။ နိုင်ငံ၌ ငြိမ်းချမ်းခြင်းသည်ဖြစ်၍ ဆူးငြောင့်နှင့်ဘူသော သူခိုးဓါးပြတို့၏ နှိပ်စက်ခြင်းမှ ကင်းသည်ဖြစ်၍ နိုင်ငံသူနိုင်ငံသားတို့သည်လည်း အချင်းချင်း နှစ်လိုဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ က–စေကုန်လျက်အိမ်တို့ကို မပိတ်ကုန်ဘဲ နေကြရသကဲ့သို့ ဖြစ်ကုန်လတ္တံ့ဟု လျှောက်ထား၏။

မဟာဝိဇိတမင်းသည် "အချင်း ကောင်းပါပြီ"ဟု ပုရောဟိတ်ပုဏ္ဏားအား ဝန်ခံပြီးလျှင် –

(၁) မိမိ၏နိုင်ငံ၌ လယ်ယာလုပ်မှု၊ နွားမွေးမှုတို့ကို အားထုတ်ကုန်သော သူတို့အား မျိုးရိက္ခာကို ထောက်ပံ့ပေးကမ်း၏။

(၂) ကုန်သွယ်မှုကိုအားထုတ်ကုန်သော သူတို့အား အရင်းအနှီးကို ထောက်ပံ့ပေးကမ်း၏။

(၃) မင်းမှုထမ်းအလုပ်ကို အားထုတ်ကုန်သောသူတို့အား လခရိက္ခာတို့ကို စီမံပေး၏။

ဤသို့ပြုလုပ်သဖြင့် နိုင်ငံသူနိုင်ငံသားတို့သည်လည်း မိမိတို့၏ အလုပ်အကိုင်၌ အားထုတ်နေကြကုန်သည်ဖြစ်၍ မင်း၏နိုင်ငံကို မညှင်းဆဲကုန်။ မင်းအား များပြားသော ဥစ္စာစပါးအစုသည်လည်း ဖြစ်၏။ ငြိမ်းချမ်းခြင်းရှိသည်ဖြစ်၍ ဆူးပြောင့်နှင့်တူသော သူခိုးဓါးပြတို့၏ နှိပ်စက်ခြင်း ကင်းသည်ဖြစ်၍ နိုင်ငံသူနိုင်ငံသားတို့သည်လည်း အချင်းချင်း နှစ်လိုဝမ်းမြောက်ကုန်လျက်၊ သားသမီးတို့ကို ရင်ဝယ်၌ ကစေကုန်လျက်၊ အိမ်တို့ကို မပိတ်ကုန်ပဲလျက် နေကြရသကဲ့သို့ ဖြစ်ကြကုန်၏ဟု ဟောတော်မူသည်။

၀ ၀ ၀

## မင်းတို့တရားစောင့်ခြင်းအကျိုး။

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်စတုက္ကနိပါတ်၌ မင်းတို့တရားစောင့်ခြင်းအကျိုးနှင့် တရားမစောင့်ခြင်း အပြစ်တို့ကို ဖေါ်ပြထားသော အဓမ္မိက သုတ်တော်သည် မှတ်သားနာယူဘွယ်ကောင်းသဖြင့် အုပ်ချုပ်ရေးလုပ်ကိုင်နေသူများအတွက် သတိပြုမှုရန် တင်ပြလိုက်ရပေသည်။

ရဟန်းတို့၊ မင်းတို့ တရားမစောင့်သောအခါ မှူးမတ်တို့သည်လည်း တရားမစောင့်ကုန်၊ မှူးမတ်တို့ တရားမစောင့်သောအခါ ပုဏ္ဏားသူကြွယ်တို့လည်း တရားမစောင့်ကုန်။ ပုဏ္ဏားသူကြွယ်တို့ တရားမစောင့်သောအခါ နိဂုံးဇနပုဒ် နေသူတို့လည်း တရားမစောင့်ကုန်၊ နိဂုံးဇနပုဒ်နေသူတို့ တရားမစောင့်သောအခါ လ, နေတို့သည် မညီမညွတ် လှည့်ကုန်၏။ လ, နေတို့ မညီမညွတ် လှည့်လည်သောအခါ နက္ခတ်တာရာအပေါင်းတို့သည် မညီမညွတ် လှည့်လည်ကုန်၏။ နက္ခတ်တာရာအပေါင်းတို့ မညီမညွတ် လှည့်လည်သောအခါ ညဉ့်,နေ့တို့သည် မညီမညွတ်ဖြစ်ကုန်၏။ ညဉ့်,နေ့တို့ မညီမညွတ်ဖြစ်ကုန်သော် လ,နှင့် လ,ခွဲတို့သည် မညီမညွတ် ဖြစ်ကုန်၏။ လ,နှင့် လခွဲတို့ မညီမညွတ်ဖြစ်ကုန်သော် ဥတုနှစ်တို့သည် မညီမညွတ်ဖြစ်ကုန်၏။ ဥတု နှစ်တို့ မညီမညွတ်ဖြစ်ကုန်သော် လေတို့သည် မညီမညွတ် တိုက်ကုန်၏၊ လမ်းမှန်မတိုက်ကုန်။ လေတို့ မညီမညွတ် လမ်းမှန်မတိုက်သောအခါ နတ်တို့အမျက်ထွက်ကုန်၏။ နတ်တို့အမျက်ထွက်ကုန်သော် မိုးကောင်းစွာမရွာသွန်း။ မိုးကောင်းစွာ မရွာသွန်းသော် ကောက်တို့သည်အမှည့်မညီညွတ်ကုန်။ ရဟန်းတို့ အမှည့်မညီညွတ်သော ကောက်တို့ကို စားသုံးသူတို့သည် အသက်တိုကုန်၏။ အဆင်းမလှကုန်။ အားနည်းကုန်၏။ အနာများကုန်၏။

ရဟန်းတို့၊ ဘုရင်မင်းတို့ တရားစောင့်သောအခါ မှူးမတ်တို့သည်လည်း တရားစောင့်ကုန်၏။ မှူးမတ်တို့ တရားစောင့်သောအခါ ပုဏ္ဏား သူကြွယ်တို့လည်း တရားစောင့်ကုန်၏။ ပုဏ္ဏားသူကြွယ်တို့ တရားစောင့်သောအခါ နိဂုံးဇနပုဒ် နေသူတို့လည်း တရားစောင့်ကုန်၏။ နိဂုံးဇနပုဒ်နေသူတို့ တရားစောင့်သောအခါ

လ, နေတို့ ညီညွတ်စွာ လှည့်လည်ကုန်၏။ လ, နေတို့ ညီညွတ်စွာ လှည့်လည်သောအခါ နက္ခတ်တာရာအပေါင်းတို့သည် ညီညွတ်စွာ လှည့်လည်ကုန်၏။ နက္ခတ်တာရာအပေါင်းတို့ ညီညွတ်စွာ လှည့်လည်ကုန်သော် ညဉ့်, နေ့တို့လည်း ညီညွတ်စွာဖြစ်ကုန်၏။ ညဉ့် နေ့တို့ ညီညွတ်စွာဖြစ်ကုန်သော် လ,နှင့် လ,ခွဲတို့သည် ညီညွတ်စွာ ဖြစ်ကုန်၏။ လ,နှင့် လ,ခွဲတို့ ညီညွတ်စွာဖြစ်ကုန်သော် ဥတု နှစ် တို့လည်း ညီညွတ်စွာဖြစ်ကုန်၏။ ဥတု နှစ်တို့ ညီညွတ်စွာဖြစ်ကုန် သော် လေတို့သည် ညီညွတ်စွာတိုက်ကုန်၏၊ လမ်းမှန်တိုက်ကုန်၏။ လေတို့ ညီညွတ်စွာ လမ်းမှန်တိုက်ကုန်သော် နတ်တို့ အမျက်မထွက် ကုန်။ နတ်တို့အမျက်မထွက်ကုန်သော် မိုးသည် ကောင်းစွာ ရွာ သွန်း၏၊ မိုးကောင်းစွာရွာသွန်းသော် ကောက်တို့သည် အမှည့် ညီကုန်၏။ ရဟန်းတို့၊ အမှည့်ညီကုန်သော ကောက်တို့ကို စားသုံး သူတို့သည် အသက်ရှည်ကုန်၏။ အဆင်းလှကုန်၏။ အားရှိကုန်၏။ ရောဂါနည်းကုန်၏ဟု မိန့်တော်မူသည်။

မြစ်တို့ကိုကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ကောက်တကျစ်သွားခဲ့မူ ရှေ့ဆောင်နွားလား ကောက်တကျစ် သွားခြင်းကြောင့် နွားအားလုံးတို့သည် ကောက်တကျစ် လိုက် သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင်အမြတ်ဆုံးဟု သမုတ်အပ်သူသည် အကယ်၍ တရားမဟုတ်သည်ကိုကျင့်အံ့။ ဤမှတပါးသော သတ္တဝါအပေါင်းသည် အဘယ်သို့ဆိုဘွယ်ရာရှိအံ့နည်း။ မင်း တရားမစောင့်သည်ဖြစ်အံ့။ တနိုင်ငံလုံး ဆင်းရဲရ၏။

မြစ်ကိုကူးသောနွားတို့တွင် ရှေ့ဆောင် နွားလားသည် ဖြောင့်ဖြောင့်သွားခဲ့မူ၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားခြင်းကြောင့် နောက်နွားအားလုံးသည် ဖြောင့်ဖြောင့်ပင် လိုက်သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင်းအမြတ်ဆုံးဟု သမုတ်အပ်သူသည် အကယ်၍ တရားကိုကျင့်အံ့။ ဤမှ တပါးသောသတ္တဝါအပေါင်းသည် အဘယ်သို့ဆိုဘွယ်ရာရှိအံ့နည်း။ မင်းတရားစောင့်အံ့။တနိုင်ငံလုံး ချမ်းသာရလေသတည်းဟု မိန့်တော်မူ၏။

o o o

## ဂန္ဓတိန္ဒုကဇာတ်

ငါးရာ့ငါးဆယ် စတုတ္ထအုပ်တိံသနိပါတ်၌ ပါရှိသော ဂန္ဓတိန္ဒုက ဇာတ်သည် မင်းနှင့်ပတ်သက်၍ မှတ်သားဘွယ်ကောင်းသဖြင့်ဖော်ပြအပ်ပါသည်။

ရှေးလွန်လေပြီးသောအခါ ကပိလတိုင်း ပဉ္စာလပြည်၌ ပဉ္စာလမင်းသည် အဂတိ၄လေးပါး လိုက်စားလျက်မေ့လျော့စွာ မင်းပြု၏။ ထိုအခါ မှူးမတ်အစရှိသောအလုံးစုံသောသူတို့သည်လည်း တရားမစောင့်ကြကုန်။ တိုင်းသားပြည်သူတို့သည် မင်းမှုထမ်းတို့ကိုကြောက်ကြသဖြင့် နေ့အခါ၌အိမ်တွင် မနေကြဘဲတောထဲသို့ သွား၍ နေကြရကုန်၏။ ညဉ့်အခါ၌ သူခိုးတို့သည် လုယက်ကြ

ကုန်၏။ ထိုအခါဘုရားအလောင်းသည်မြို့အပြင်၌ရှိသောတည်ပင်စောင့်နတ်ဖြစ်၏။

နတ်မင်း၌ ဤသို့သော အကြံသည်ဖြစ်၏။ ဤမင်းသည် ငါ့အားနှစ်စဉ် အသိုးတထောင်ထိုက်သောပူဇော်မှုကို ပြု၏။ တိုင်းပြည်၌မေ့လျော့စွာအဂတိ လိုက်စား၍ အုပ်ချုပ်နေသဖြင့် ပျက်စီးခြင်းသို့သာရောက်ကုန်၏။ ငါမှတပါးထိုမင်းအားကောင်းသောအကျင့်နှင့်ယှဉ်စေခြင်းငှာ စွမ်းနိုင်သူမရှိ။ ထိုမင်းသည် ငါ့အားကျေးဇူးပြုဘူးသဖြင့် ငါသည်ထိုမင်းကို ဆုံးမအံ့ဟု ကြံပြီးလျှင် ညဉ့်အခါမင်း၏ ကျက်သရေတိုက်ခန်းသို့ဝင်ပြီးလျှင်အရောင်လွှတ်ကာကောင်းကင်၌တည်နေ၏။

မင်းသည်ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသော နတ်မင်းကိုမြင်လျှင် "အသင်ဘယ်သူဖြစ်သနည်း အဘယ့်ကြောင့်ဤအရပ်ကိုလာသနည်း" ဟု မေး၏။ "အရှင်မင်းကြီး၊ ငါသည် တည်ပင်စောင့်နတ်တည်း။ မင်းကြီးအား အဆုံးအမကို ပေးလို၍ လာခြင်းဖြစ်သည်"ဟုပြောကြားသောအခါ နတ်မင်း၏ အဆုံးအမကိုပြောကြားလော့ဟု ပဉ္စာလမင်းက ပြန်ကြားပြောဆို၏။

အရှင်မင်းကြီး၊သင်သည်မေ့လျော့စွာ အုပ်ချုပ်ခြင်းကြောင့်တိုင်းပြည်၌နေကုန်သော အလုံးစုံသော သူတို့သည်လည်း မေ့လျော့ကုန် သည်သာဖြစ်၏။ လုယက် ဖျက်ဆီး ကြသော ကြောင့်တိုင်းပြည်၌ပျက်စီးလျက်ရှိ၏။ မင်းကြီးမမေ့ မလျော့ ခြင်းသည်သေခြင်းကင်းသော အမြိုက် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် အဖန်တလဲလဲသေခြင်း၏အကြောင်းတည်း ဟုပြောဆိုဆုံးမ၏။

မင်းကြီး၊မာန်ယစ်ခြင်းကြောင့် မေ့လျော့ခြင်း သည် ဖြစ်၏။ မေ့လျော့ခြင်းကြောင့် ဥစ္စာအခြံအရံ ကုန်ခမ်းခြင်းသည်ဖြစ်၏။ မေ့လျော့ခြင်းကြောင့် တိုင်းပြည် မြို့ရွာ ပျက်စီးခြင်းသည်ဖြစ်၏၊ မေ့လျော့ခြင်းရှိသောရဟန်းသည် အကျင့်မှ ယုတ်၏။မေ့လျော့ ခြင်းရှိသော လူတို့သည် ဥစ္စာစည်းစိမ်မှယုတ်ကုန်၏။

မြတ်သောမင်းကြီး၊ မေ့လျော့ခြင်းသည် ပြည့်ရှင်မင်း၏ဆင်း ရဲဆင်းအကြောင်း ဟူ၍ ဆိုအပ်၏။ မြတ်သောမင်းကြီး၊မေ့လျော့ ခြင်းကြောင့်အရှင်မင်းကြီး၏သားတို့သည် အစဉ်အဆက်အုပ်ချုပ် ခြင်းငှာမစွမ်းနိုင်ကုန်၊ တိုင်းပြည်၌ လုယက်ဖျက်ဆီးခြင်းသည် မင်း ကြီး၏စည်းစိမ်ဥစ္စာတို့ ပျက်စီးသည် မည်ကုန်၏။ စည်းစိမ်ဥစ္စာ ယုတ်ဆုတ်သော မင်းကိုအခြွေအရံပုန်းတို့သည်၎င်း၊ ချစ်သူတို့သည် ၎င်းအသိအမှတ်မပြုကြကုန်။ မင်းကြီးကိုမှီ၍ အသက်မွေးမြူ ကြ ကုန်သောမင်းမှုထမ်းတို့သည်၎င်း၊ စစ်သည် ရဲဘက်တို့သည်၎င်း၊ ဆင်းရဲသောမင်းကိုအလေးဂရုမပြုကြကုန်။

မြတ်သောမင်းကြီး၊မဆင်မခြင်ပြုတတ်သော မေ့လျော့သည့် မင်းကို မြေသည်ဟောင်းသော အရေကိုစွန့်သကဲ့သို့ ဘုန်းကြက် သရေတို့သည်လည်း ထိုမင်းအားစွန့်ကုန်၏။ မြတ်သော မင်းကြီး မကောင်းမှုကိုမပြုသော၊လုံ့လရှိသော မင်းတို့အား စည်းစိမ်ဥစ္စာ တို့သည် ပွားများကုန်၏။

မြတ်သောမင်းကြီး၊ တိုင်းသား ပြည်သူတို့၏ အနီးသို့ကပ်၍ မြို့ ရွာဇနပုဒ်သို့သွားကာ စုံစမ်းမှုကိုပြုချေလော့။ မင်းကြီး၊ ထိုစုံစမ်း ရာမှကြား သိရသည့်အတိုင်း၊ မြင်တွေ့ရသည့်အတိုင်း ဆင်ခြင်၍

တိုင်းပြည်မပျက်စီးအောင် ကျင့်ဆောင်လော့ဟု ဆုံးမကာမိမိဘုံဗိမာန်သို့ ပြန်ကြသွားလေ၏။

ဘုရားအလောင်းသည်နတ်မင်း၏စကားကိုကြားလျှင်မင်းကြီးသည် ထိတ်လန့်ခြင်းဖြစ်၍ နံနက်မိုးသောက်သော် တိုင်းပြည်ကိုမှူးမတ်တို့အားအပ်နှင်းခဲ့ပြီးလျှင်ပုရောဟိတ်ကိုခေါ်ကာ တောရွာဇနပုဒ်များသို့စနည်းနာရန်ထွက်လေ၏။

တခုသောရွာသို့ရောက်သော် လူတို့သည် အိမ်တံခါးကိုဆူးခတ်များဖြင့် ပိတ်၍နေ့အခါ၌ တောတဲသို့ဝင်၍ပုန်းအောင်းနေရ၏။ မင်းမှုထမ်းတို့ပြန်သွားသော ညဥ့်အခါမှသာလျှင် အိမ်သို့ပြန်လာကြရ၏။ လူအိုဘဦးသည် အိမ်တံခါးဝ၌ဆူးစူးသဖြင့်ထိုင်ကာဆူးကိုနှုတ်ရင်း မင်းကိုဤသို့ကျိန်ဆဲ၏။

"ယခု ငါဆူးစူး၍ ဒုက္ခခံနေရသကဲ့သို့ပဉ္စာလမင်းသည်လည်းစစ်မြေပြင်၌များစူး၍ဒုက္ခခံရပါစေသတည်း" ဟု ဆဲဆိုကျိန်ဆဲ၏။ (ဤသို့ကျိန်ဆဲခြင်းသည် တည်ပင်စောင့် နတ်မင်းပူးဝင်၍ ကျိန်ဆဲခြင်းဖြစ်သည်ကိုသိအပ်၏)။

ထိုအခါမင်းနှင့် ပုရောဟိတ်တို့သည် လူအိုအနီး၌ရှိသဖြင့် လူအို ကျိန်ဆဲသောစကားကိုကြားလေလျှင် "အချင်း လူအို သင်သည် အိုမင်းခြင်းကြောင့်မျက်စေ့မှုန်မွှားသော ဖြစ်၍ ဆူးစူးခြင်းကို မဆိုင်သောမင်းအားအဘယ်ကြောင့် ကျိန်ဆဲရသနည်း" ဟု မေး၏။

"အိုပုဏ္ဏား၊ ငါသည် ဆူးရှိသောခရီးကိုသွားရ၏။ ငါ့ကိုဆူးစူးရာ၌ ထိုမင်းတွင်အပြစ်များစွာရှိ၏၊ မင်းသည် တိုင်းပြည်မြို့ရွာကိုမစောင့်ရှောက်ကုန်။ မတရားသော အခွန်အတုတ်ဖြင့် နှိပ်စက်

ညှင်းဆဲ၏။ ညဥ့်အခါ၌သူခိုးတို့သည် လုယက်ကုန်၏။ နေ့အခါ၌ အခွန်တောင်းသော မင်းချင်းတို့သည် လုယက် ဖျက်ဆီးကုန်၏။ ယုတ်မာသောမင်း၏တိုင်းနိုင်ငံ၌ တရားမစောင့်သော သူတို့သည် များလှစွာ၏။ ဤသို့သော ဘေးများရှိခြင်းကြောင့် ကြောက်ရွံ့စိုးရိမ်ကြကုန်သောလူတို့သည် တောသို့ ဝင်ကာအကာဆူးခက်တို့ဖြင့်ပုန်းအောင်းခြင်းကိုပြုကြရကုန်၏” ဟုပြောဆို၏။

မင်းနှင့်ပုရောဟိတ်တို့သည် သူအို၏စကားကို ကြားသော အခါ သင့်စွာသောစကားကို ဆိုပေ၏။ ငါတို့၌သာ အပြစ်ရှိကုန်၏ဟု ပြောဆိုပြီး တခြားသော ရွာသို့ စုံစမ်းရန် ဆက်လက်ထွက်ခွာ၏။ တပါးသောရွာသို့ အသွားလမ်းခရီး၌ အမယ်အို၏ အသံကိုကြားရကုန်၏။ ထိုမိန်းမအိုသည် အရွယ်ရောက်သောသမီး နှစ်ယောက်ကို စောင့်ရှောက်ကာ ဆင်းရဲစွာကျွေးမွေး နေရ၏။ ထိုနေ့၌ ချုံသို့တက်၍ ဟင်းရွက်ခူးသည် ရှိသော် မြေသို့လိမ့်ကျသဖြင့် မင်းကိုသေခြင်းဖြင့် ကျိန်ဆဲ၏။

“ဤမင်း၏နိုင်ငံ၌ သတို့သမီးတို့သည် လင်မရှိကုန်သည်ဖြစ်၍ အိုရကုန်၏။ ငါ့သမီးတို့သည် လင်ရှိကုန်သည်ဖြစ်အံ့ ငါ့ကို ကောင်းစွာ မွေးမြူရာကုန်၏။ ဤမင်းသည် အဘယ်အခါ၌ သေပါအံ့နည်း” ဟု ကျိန်ဆဲ၏။ မိန်းမအို၏ဆဲရေးခြင်းကို ကြားသော အခါပုရောဟိတ်သည်ဤသို့ဆို၏။ “သူယုတ်မ၊သင်သည်မကောင်းသောစကားကို ဆိုဘိ၏၊ သတို့သမီးတို့အတွက် လင်ကို မင်းသည် အဘယ်ကြောင့်ရှာပေးရမည်နည်း”

“ပုဏ္ဏား၊ ငါသည်မကောင်းသောစကားကိုမဆို၊ ထိုမင်းသည် တိုင်းပြည်မြို့ရွာကို မစောင့်ရှောက်၊ မတရားသော အခွန်အတုတ်

ဖြင့် နှိပ်စက်၏။ ညဉ့်အခါ၌သူခိုးတို့သည်ရင်း၊ နေ့အခါ၌အခွန်တောင်းသော မင်းချင်းတို့သည်ရင်း၊ လုယက် ဖျက်ဆီးကြကုန်၏။ ယုတ်မာသော မင်း၏ တိုင်းကား ပြည်ရွာ၌ တရားမစောင့်သောသူတို့သည် များပြားလှကုန်၏။ အသက်မွေးဝမ်းကျောင်းမှု ခက်ခဲသော တိုင်းပြည်၌ သားမယားတို့ကိုလုပ်ကျွေးရန်ခက်ခဲသည်ရှိသော် သတို့သမီးသို့သည် အဘယ်မှာ လင်ရ နိုင်ပါအံ့နည်း။"

မင်းနှင့်ပုဏ္ဏားတို့သည် မိန်းမအို၏ စကားကို ကြားလျှင် ထိုမိန်းမအိုသည် သင့်စွာသော စကားကို ဆိုပေ၏ဟု ရေရွတ်ကာ တပါးသောရွာသို့သွား၍နေ၏။ နံနက် မိုးသောက်သော် နွားမစဉ်းလဲတကောင်သည် နို့ညှစ်သောသူကို ခြေဖြင့်ကန်သဖြင့် နို့ညှစ်သူသည်လဲ၍ နို့ရည်အိုးသည်ကွဲ၏။ ထိုအခါနို့ညှစ်သူသည် ဤသို့ကျိန်ဆဲ၏။ "ငါ့ ကိုနွားမ ကန်သကဲ့သို့ရင်း၊ နို့ရည်အိုးသည် လိမ့်စင်သကဲ့သို့ ပဉ္စာလမင်းသည် စစ်မြေပြင်၌သံလျက်ဖြင့် ခုတ်ခံရပြီး သေပါစေသတည်း" ဟု ကျိန်ဆဲ၏။

ပရောဟိတ်သည် နို့ညှစ်သောယောကျ်ား၏စကားကိုတားမြစ်ရလိုကား- "အိုယောကျ်ား၊ သင့်ကိုနွားကန်ခြင်းအတွက် မင်း၌အဘယ်သို့သောအပြစ်ရှိ၍ သင်ကျိန်ဆဲရသနည်း" ဟုဆို၏။ "ပုဏ္ဏားပဉ္စာလမင်းကို ကျိန်ဆဲအပ်၏။ ငါသည်မှန်သောစကားကိုဆိုခြင်းဖြစ်၏။ ထိုမင်းသည်တိုင်းပြည်မြို့ရွာကိုမစောင့်ရှောက်ကုန်၊ မတရားသော အခွန်အတုပ်ဖြင့် နှိပ်စက်အပ်၏။ ညဉ့်အခါ၌သူခိုးတို့သည်ရင်း၊ နေ့အခါ၌အခွန်တောင်းသော မင်းချင်း တို့သည်ရင်း လုယက်ဖျက်ဆီးကုန်၏။ ယုတ်မာသောမင်း၏နိုင်ငံ၌ တရားမစောင့်

သောသူတို့သည် များလှကုန်၏။ ဤနွားမသည်ကြမ်းကြုတ်၏။ ကန့်ကြောက်တတ်သောအလေ့ရှိသဖြင့် ငါတို့သည် ယခင်က ထိုနွားမကို နို့မညှစ်ကုန်။ ယခုအခါ၌ အခွန်တောင်းသော မင်းချင်းတို့သည် နွားနို့အလိုရှိသဖြင့် နို့ညှစ်ရသောကြောင့် မင်းကို ကျိန်ဆဲရခြင်းဖြစ်၏”ဟု ဆို၏။

နို့ညှစ်ယောကျ်ားသည်သင့်စွာသောစကားကိုဆိုခြင်းဖြစ်၏ဟု မင်းနှင့်ပရောဟိတ်တို့သည်နှလုံးသွင်းကာရွာမှမြို့သို့ရှေ့ရှုသွားကြပြန်၏။ တခုသောရွာ၌ အခွန်တောင်းသော မင်းချင်းတို့သည် သံလျက်အိမ်အလို့ငှာပြောက်ကြားသောအမွေးအရေရှိသည့်နွားငယ်ကို သတ်၍အရေကိုယူကုန်၏။ နွားငယ်၏အမိဖြစ်သော နွားမသည် နွားငယ်အတွက်ပူဆွေးကာ မြက်နှင့်ရေတို့ကို မစားနိုင်ဘဲ ငိုကြွေးလျက်လှည့်လည်ကာနေ၏။ ထိုနွားမကို ရွာသားလူငယ်တို့ မြင်သောအခါ ဤသို့ကျိန်ဆဲ၏။

“ဤနွားမသည် သားသေသဖြင့် ပရိဒေဝမီးတောက်လောင်ကာ ငိုကြွေးလျက် ပြေးသွားရသကဲ့သို့ ပဉ္စာလမင်းသည် သားနှင့်ကင်းသည်ဖြစ်၍ ငိုရပါစေသတည်း။ သားနှင့်ကင်းလျက် ခြောက်ကပ်ပါစေသတည်း”ဟု ကျိန်ဆဲ၏။

မင်းနှင့် ပရောဟိတ်တို့သည် သူငယ်တို့အား ဘာကြောင့် မင်းကိုကျိန်ဆဲရသနည်းဟု မေးရာ၊ ယုတ်မာသောအကျင့်ရှိကုန်သော မင်းချင်းတို့သည် နို့စို့သားဖြစ်သော နွားငယ်ကိုသတ်၍ သံလျက်အိမ်အလို့ငှာ နွားရေကိုယူသောကြောင့် ကျိန်ဆဲခြင်းဖြစ်ကြောင်း ဖြေကြား၏။

မင်းနှင့် ပရောဟိတ်တို့သည် အမောင်တို့ ကောင်းစွာသော စကားကို ဆိုကုန်၏ ဟု ဆို၍ ခရီးဆက်ကြပြန်သော် လမ်းခရီး၌ ခြောက်ကပ်နေသော ရေကန်တွင် ကျီးတို့သည် ဖါးကို နှုတ်သီးဖြင့် ထိုးဆိတ်လျက် စားကြကုန်၏၊ ထိုရေကန်သို့ ရောက်သည်ရှိသော် ဘုရားအလောင်း ကည်ပင်စောင့်နတ်၏ အာနုဘော်ဖြင့် ဖါးတို့သည် မင်းကို ဤသို့ကျိန်ဆဲစေပြန်၏။

ရှာ၍နေကုန်သောကျီးသည် တော၌နေသောငါတို့ကိုထိုးဆိတ်သတ်စားသကဲ့သို့ ပဉ္စာလမင်းသည် စစ်မြေပြင်၌ ကျီးငှင်းတဘို့၏ ထိုးဆိတ်သတ်စားခြင်းကိုခံရပါစေသတည်း” ဟုကျိန်ဆဲ၏။ ဖါး၏ ကျိန်ဆဲသံကိုကြားလျှင် ပရောဟိတ်သည်— အိုဖါး၊ မင်းတို့သည် လူ့ပြည်၌ အလုံးစုံသောသတ္တဝါကို မစောင့်ရှောက်နိုင်ကုန်။ သင်ကဲ့သို့သော ဖါးကို ကျီးစားခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်ရာ အဘယ်ကြောင့် သင့်ကို ကျီးစားကာမျှဖြင့် မင်းသည် ဘရား မကျင့်ဟု ဆိုရပါသနည်း” ဟု မေး၏။

ပရောဟိတ်၏စကားကိုကြားလျှင် ဖါးသည် ဤသို့ဆိုပြန်၏။ မြတ်သောပုဏ္ဏား၊ သင်သည် မင်းယုတ်၏ဘက်မှ ရှေ့နေလိုက်၍ ပြောဆိုဘိ၏။ အလွန်မေ့လျော့သောမင်း၏ တိုင်းပြည်၌ လူသက် ဖျက်ဆီးခြင်းတို့သည် ဖြစ်၏။ သင်သည် ဤကဲ့သို့ မင်းကိုချီးမွမ်းသည်မှာ တရားမစောင့်သည်နှင့် တူပါစွတကား။

ဤတိုင်းပြည်သည် အဘယ်၍ သာယာသပြောပြီး ဆန်ရေစပါး ပေါများကြွယ်ဝနေသည်ဖြစ်ပါက လူတို့သည် သဒ္ဓါတရားဖြင့် ရတနာသုံးပါးကို ပူဇော်သော ဆွမ်းစသည်တို့သည် သင်ပုဏ္ ပလ္လင်၌ စွန့်ကြသည်ဖြစ်၍ မနှစ်သက်ဘွယ်သောအသံကိုပြုတတ်

သည့် ကျီးတို့သည် ငါ့အား အရှင်လတ်လတ်မစားမူဘဲ ဤထမင်း ဆိုင်ကိုသာ စားလေရာ၏။ ထို့ကြောင့် ငါသည် မင်းကိုကျိန်ဆဲ ရပေသည်ဟု ပြောဆို၏။

ဖါး၏ စကားကိုကြားလျှင် မင်းနှင့် ပရောဟိတ်တို့သည် တော၌နေသော တိရိစ္ဆာန်မှ အစပြု၍ ငါတို့ကိုသာလျှင် ကျိန်ဆဲ၍ နေဘိ၏ဟု ဆိုကာ နန်းတော်သို့ပြန်ကြပြီးလျှင် တရားနှင့်အညီ မင်းပြု၍ ဘုရားအလောင်း၏အဆုံးအမ၌တည်လျက် ဒါနစသော သုစရိုက်တရားတို့ကို ပြုကြလေကုန်၏။

ဝ ဝ ဝ

## ဦးစီးခေါင်းဆောင်တို့၏ ကြီးပွားကြောင်း တရားများ။

အင်္ဂုတ္တိုရ်ပဉ္စကနိပါတ်၌ ပါရှိသော လိစ္ဆဝိကုမာရသုတ်သည် ဦးစီးခေါင်းဆောင်လုပ်သူများ ကြီးပွားလိုပါက လိုက်နာရန် ဟောထားသော တရားတော်ဖြစ်သည်။ ခေါင်းဆောင်လုပ်သူ များသည် အများ၏မေတ္တာကို ခံယူနိုင်မှသာ ကြီးပွားနိုင်မည်ဖြစ် ကြောင်း ဟောတားတော်မူသည်။ မှတ်သားဘွယ်ကောင်း၍ ဖေါ်ပြအပ်ပါသည်။

အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဆွမ်းခံ လှည့်လည်တော်မူ၍ ဆွမ်းစားပြီးနောက် မဟာဝုန်တောသို့

ကြွတော်မူလျက် သစ်ပင်ရင်းတခု၌ နေ့သန့်စင်တော်မူ၏။ ထိုအခါ များစွာသော လိစ္ဆဝီမင်းသားငယ်တို့သည် တောလည်ရန် လေး တို့ကိုစွဲကိုင်လျက် မဟာဝုန်တောအတွင်းသို့ ရောက်သည်ရှိသော် မြတ်စွာဘုရားကိုမြင်သဖြင့် လေးမြားတို့ကိုချပြီးလျှင် မြတ်စွာ ဘုရားသို့ ချဉ်းကပ်ကာ ဆိတ်ငြိမ်စွာဖြင့် ရှိခိုးဆည်းကပ် ခစားကြ ကုန်၏။

ထိုအခါ မဟာနာမ်လိစ္ဆဝီမင်းသည်လည်း မဟာဝုန် တော တွင်းသို့ အညောင်းဖြေ သွားလာသည်ရှိသော် ဆိတ်ငြိမ်စွာ မြတ်စွာဘုရားထံပါး၌ ခစားနေကြသော လိစ္ဆဝီမင်းသားငယ် တို့ကိုမြင်သောအခါ "ဝဇ္ဇီမင်းတို့သည် ကြီးပွားကြကုန်လတ္တံ့၊ ဝဇ္ဇီမင်းတို့သည် ကြီးပွားကြကုန်လတ္တံ့"ဟု ဥဒါန်းကျူးရင့် လေ၏၊

မြတ်စွာဘုရားက သင်သည် အဘယ့်ကြောင့် ဤသို့ဆိုကုန် သနည်းဟု မေးတော်မူ၏။ အသျှင်ဘုရား၊ ဤလိစ္ဆဝီမင်းသား ငယ်တို့သည် ခက်ထန်ကုန်၏၊ ကြမ်းဘမ်းကုန်၏၊ မာနထန်ကုန် ၏၊ အစားအသောက်များကို လုယက် စားသောက်ကြကုန်၏၊ အမျိုးသမီး ကြီးငယ်တို့ကို နောက်မှလိုက်၍ ခြေဖြင့်ကန်ကျောက် ကြကုန်၏။ ယခုအခါ၌ ထိုမင်းသားငယ်တို့သည် ဆိတ်ဆိတ်ငြိမ် ငြိမ် ဖြစ်ကြကုန်လျက် မြတ်စွာဘုရားကို လက်အုပ်ချီကာ ဆည်း ကပ် ခစားနေကြသောကြောင့် ဤသို့ကျူးရင့်ရပါသည်ဘုရားဟု လျှောက်ထား၏။

အချင်းမဟာနာမ်၊ အကြင်ပြည့်ရှင်မင်းသည်ဖြစ်စေ၊ အိမ်ရှေ့ မင်းသည်ဖြစ်စေ၊ စစ်သူကြီးသည်ဖြစ်စေ၊ ရွာသူကြီးသည်ဖြစ်စေ၊ အသင်း

အပင်းတို့၌ အကြီးအမှူးဖြစ်သူသည်ရင်း၊ အိမ်ရှင်ဦးစီးသည်ရင်း၊ တပါးသော အကြီးအမှူးဖြစ်သူသည်ရင်း၊ ဤတရားငါးမျိုး ရှိသည့် မည်သည့်အမျိုးကောင်းသားအားမဆို ကြီးပွားတိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်၊

အဘယ်တရားငါးမျိုးနည်းဟူမူ....

(၁) အချင်းမဟာနာမ်၊ အမျိုးသားတဦးသည် လုံ့လဝီရိယကြောင့် ရအပ်ကုန်သော၊ လက်ရုံးအားဖြင့် ဆည်းပူးအပ်ကုန်သော၊ ချွေးဒီးဒီးယိုစီးမှ ရအပ်ကုန်သော၊ တရားနှင့်ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာရတနာတို့ဖြင့် မိခင်ဖခင်တို့ကို အရိုအသေပြု၏။ အလေးအမြတ်ပြု၏။ မြတ်နိုး၏။ ပူဇော်၏၊ ထိုသို့ ရိုသေမြတ်နိုး ပူဇော်ခြင်းကိုခံရသော မိခင်ဖခင်တို့က ထိုအမျိုးကောင်းသားအား "ငါတို့၏သားသည် အသက်ရှည်ပါစေ၊ ကျန်းမာ၍ ချမ်းသာပါစေ၊ ဘုန်းတန်ခိုးအာနုဘော်ကြီးပါစေ"စသည်ဖြင့် ဆုမွန်ကောင်းများပေးပြီး ကောင်းမြတ်သောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏။ အချင်းမဟာနာမ်၊ မိဖတို့၏ ချစ်ခြင်းမေတ္တာဖြင့် စောင့်ရှောက်ခြင်းခံရသော ထိုအမျိုးကောင်းသားသည် ကြီးပွားတိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

၂။ အချင်းမဟာနာမ်-နောက်တမျိုးကား အမျိုးသားတဦးသည် လုံ့လဝီရိယကြောင့် ရအပ်ကုန်သော၊ လက်ရုံး အားဖြင့် ဆည်းပူးအပ်ကုန်သော။ ချွေးဒီးဒီးယိုစီးမှရအပ်ကုန်သော၊ တရား

နှင့်ယှဉ်ကုန်သော၊ တရားသဖြင့်ရအပ်ကုန်သော ပစ္စည်း ဥစ္စာတို့ဖြင့် သားမယားနှင့် အစေအပါး အလုပ်သမားများကို ကောင်းစွာပြုစု၏၊ အလေးအမြတ်ပြု၏၊ ပူဇော်၏၊ (၀၁) ချစ်ခင်သော မေတ္တာဖြင့် လေးစားကောင်းမွန်စွာ ကျွေးမွေးပြုစုစောင့်ရှောက်၏။ ထိုသို့မြတ်နိုးစွာ ကျွေးမွေးပြုစု စောင့်ရှောက်ခြင်း ခံရသော သားမယားနှင့် အစေအပါး အလုပ်သမား များက ထိုအမျိုးကောင်းသားအား "ငါတို့၏ကျေးဇူးရှင်သည် အသက်ရှည်ပါစေ၊ ကျန်းမာ၍ ချမ်းသာပါစေ" စသည်ဖြင့် ကောင်းမြတ်သောစိတ်ဖြင့် မေတ္တာပို့ကြကုန်၏။ အချင်းမဟာနာမ်-သားမယား အစေအပါး အလုပ်သမားတို့၏ ချစ်ခြင်းမေတ္တာကို ခံယူရသော ထိုအမျိုးကောင်းသားသည် ကြီးပွား တိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။ ဆုတ်ယုတ် ပျက်စီးခြင်းကို မမြှော်လင့်အပ်။

၃။ အချင်း မဟာနာမ်-နောက် တမျိုးကား၊ အမျိုးသား တဦးသည် လုံ့လဝီရိယကြောင့်ရအပ်ကုန်သော၊ လက်ရုံးအားဖြင့် ဆည်းပူးအပ်ကုန်သော၊ ချွေးဒီးဒီးယိုစီးမှုရအပ်ကုန်သော၊ တရားနှင့်ယှဉ်ကုန်သော၊ တရားသဖြင့်ရအပ်ကုန်သော၊ ပစ္စည်းဥစ္စာတို့ဖြင့် လယ်နီးချင်း၊ အလုပ်ရုံနီးချင်း၊ အိမ်နီးချင်းတို့ကို ကောင်းစွာပြုစု၏၊ အလေးအမြတ်ပြု၏၊ ပူဇော်၏၊ ထိုသို့ကောင်းစွာ ပြုစုခြင်း၊ အလေးအမြတ်ပြုခြင်း၊ ပူဇော်ခြင်းခံရသော လယ်နီးချင်း၊ အလုပ်ရုံနီးချင်း၊ အိမ်နီးချင်း မိတ်ဆွေတို့က "ငါတို့၏မိတ်ဆွေသည် အသက်ရှည်ပါစေ၊ ကျန်းမာ၍ချမ်းသာပါစေ" စသည်ဖြင့် ကောင်းမြတ်သောစိတ်ဖြင့် မေတ္တာ ပို့ကြကုန်၏။ အချင်းမဟာ

နာမ်—လယ်နီးချင်း၊ အလုပ်ရှင်နီးချင်း၊ အိမ်နီးချင်းတို့၏ မေတ္တာကို ခံယူရသော ထိုအမျိုးကောင်းသားသည်ကြီးပွားတိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏၊ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

၄။ အချင်းမဟာနာမ်–နောက်တမျိုးကား အမျိုးသားတဦးသည် လုံ့လဝိရိယကြောင့် ရအပ်ကုန်သော၊ လက်ရုံး အားဖြင့် ဆည်းပူးအပ်ကုန်သော၊ ချွေးဒီးဒီးယိုစီးမှုရအပ်ကုန်သော၊ တရားနှင့်ယှဉ်ကုန်သော၊ တရားသဖြင့်ရအပ်ကုန်သော ပစ္စည်း ဥစ္စာတို့ဖြင့် မိရိုးဖလာအားဖြင့် ပူဇော်ပသမြဲ ဖြစ်သော နတ်တို့ကိုအရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုးပူဇော်၏၊ ထိုသို့မြတ်နိုးပူဇော်ခြင်းကိုခံရသော နတ်တို့သည် ထိုအမျိုးကောင်းသားအား "အသက်ရှည်ပါစေ၊ ကျန်းမာ၍ ချမ်းသာပါစေ" စသည်ဖြင့် ကောင်းမြတ်သောစိတ်ဖြင့် မေတ္တာ ပို့ကြကုန်၏။ အချင်းမဟာနာမ်–ပူဇော်သက္ကာရကို ခံယူကုန်သော နတ်တို့၏ စောင့်ရှောက်ခြင်းကို ခံရသော အမျိုးကောင်း သားသည် ကြီးပွား တိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။ ဆုတ်ယုတ်ပျက်စီးခြင်းကို မမြှော်လင့်အပ်။

၅။ အချင်းမဟာနာမ်–နောက်တမျိုးကား အမျိုးသားတဦးသည် လုံ့လ ဝိရိယကြောင့် ရအပ်ကုန်သော၊ လက်ရုံးအားဖြင့် ဆည်းပူး ရအပ်ကုန်သော၊ ချွေးဒီးဒီး ယိုစီးမှု ရအပ်ကုန်သော၊ တရားနှင့်ယှဉ်အပ်ကုန်သော၊ တရားသဖြင့်ရအပ်ကုန်သော ပစ္စည်း ဥစ္စာစည်းစိမ်တို့ဖြင့် ရသေ့ ရဟန်း တို့အား အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုးပူဇော်၏၊ ထိုသို့ မြတ်နိုး ပူဇော်ခြင်း

ကို ခံရကုန်သော ရသေ့ ရဟန်း တို့သည် ထိုအမျိုးကောင်းသား အား "အသက်ရှည်ပါစေ၊ ကျန်းမာ၍ ချမ်းသာပါစေ" စသည် ဖြင့် ကောင်းမြတ်သော စိတ်ဖြင့်မေတ္တာပို့သကြကုန်၏။ အချင်း မဟာနာမ်—ရသေ့ ရဟန်းတို့၏မေတ္တာကိုခံယူရသော ထိုအမျိုး ကောင်းသားသည် ကြီးပွားတိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည် ဟု မြော်လင့်အပ်၏။ ဆုတ်ယုတ်ပျက်စီးခြင်းကိုမမြော်လင့်အပ်။

အချင်းမဟာနာမ်—အကြင် ပြည့်ရှင်မင်းသည်ရင်း၊ အိမ်ရှေ့ မင်းသည်ရင်း၊ စစ်သူကြီးသည်ရင်း၊ ရွာသူကြီးသည်ရင်း၊ အသင်း အပင်းတို့၌ အကြီးအမှူး ဖြစ်သူသည်ရင်း၊ အိမ်ရှင်ဦးစီးသည်ရင်း၊ တပါးသော အကြီးအမှူးဖြစ်သူအပေါင်းတို့၌ ဤငါးပါးသော တရားတို့သည် ရှိကုန်သည်ဖြစ်အံ့၊ ထိုအမျိုးသားကောင်းတို့သည် ကြီးပွားတိုးတက်ခြင်းကိုသာ မချွတ်ရလိမ့်မည်ဟုမြော်လင့်အပ်၏။ ဆုတ်ယုတ်ပျက်စီးခြင်းကိုမမြော်လင့်အပ်။ထိုသူသည် ကောင်းမှုကို ပြုလုပ်သောကြောင့် ပူဇော်အပ်၊ ချီးမွမ်းအပ်သူဖြစ်၏။ ထိုသူကို ဤလောက၌ပင် ချီးမွမ်းကြကုန်၏။ ထိုလူသည် တမလွန်ဘဝ၌ ယ် နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

၀ ၀ ၀

## မင်းကျင့်တရားများ။

မင်းကျင့်တရားနှင့်ပတ်သက်၍ ငါးရာ့ငါးဆယ် ပဥ္စမအုပ်၌

ပါရှိသော တေသကုဏဇာတ်သည် မှတ်သားဘွယ်ကောင်းသဖြင့် အောက်ပါအတိုင်း အကျဉ်းချုံး၍ ဖေါ်ပြအပ်ပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် သားသမီးမရ၍ ဆုတောင်းသော်လည်း မရချေ။ တနေ့သ၌ ဥယျာဉ်တော်သို့ ထွက်တော်မူကာ အပန်းဖြေလေ၏။ ထိုအခါ အင်ကြင်းပင်ထက်၌ ငှက်သိုက်တခုကို မြင်လျှင်မြင်ခြင်း ချစ်ခြင်းမေတ္တာစိတ် ဖြစ်တော်မူ၍ မင်းချင်းတဦးအား အင်ကြင်းပင်ပေါ်သို့တက်စေကာ ကြည့်ရှုစေ၏၊

ငှက်သိုက်အတွင်း၌ ဥသုံးလုံးရှိကြောင်း၊ ယင်းဥတို့ကို တောင်းအတွင်း၌ ဂွမ်းပုံစုကိုထည့်၍ ခင်းပြီးလျှင် ဖြည်းညှင်းသာယာစွာ ယူခဲ့လော့ဟု မိန့်တော်မူ၏။ အောက်သို့ရောက်သည်ရှိသော် မှူးတဦးအားခေါ်၍ ထိုဥသုံးဥသည် အဘယ်ငှက်ဥများဖြစ်သနည်းဟု မေး၏။ တလုံးကား ခင်ပုတ်ဥ၊ တလုံးကား ဆက်ရက်ဥ၊ တလုံးကား ကျေးငှက်ဥဟု တင်လျှောက်၏။ ထိုငှက်ဥတို့ကိုကြည့်၍ နှစ်သက်တော်မူလှသဖြင့် ငှက်ဥတို့သည် ငါ၏ သားတော် သမီးတော်များ ဖြစ်ကုန်လတ္တံ့ဟုဆိုကာ အမတ်သုံးဦးအား ကောင်းစွာ စောင့်ရှောက်ရန် တာဝန်ပေးပြီး ဥမှပေါက်သည်ရှိသော် ချက်ခြင်းပင် ငါ့အား တင်လျှောက်ကြကုန်ဟု မှာထားတော်မူ၏။

သုံးလုံးသောငှက်တို့တွင် ခင်ပုတ်ငှက်သည် ဦးစွာပေါက်၏။ ငှက်ဖိုဖြစ်၍ သားငယ်အား ဝေသန္တရဟူသော အမည်ကိုမှည့်၍ ကောင်းစွာစောင့်ရှောက်လော့ဟု မိန့်တော်မူ၏။ ထို့နောက် ဆက်ရက်ဥသည် ပေါက်ပြန်၏။ အမဖြစ်၍ ငါ၏သမီးတော်အား

ကုဏ္ဍလိနီဟူသော အမည်ကိုမှည့်၍ ကောင်းစွာ စောင့်ရှောက်လော့ဟု မှာထားတော်မူ၏။ နောက်ဆုံး၌ ကျေးငှက်ဥသည်ပေါက်၏။ အဖိုဖြစ်၍ ဇမ္ဗုကဟူသော အမည်ကိုမှည့်၍ ကောင်းစွာ စောင့်ရှောက်စေ၏။

ထိုငှက်သုံးကောင်တို့သည်လည်း အမတ်သုံးယောက်တို့၏အိမ်၌ မင်းသားတို့၏ အစောင့်အရှောက်ဖြင့် ကြီးကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ငါ၏သားတော် သမီးတော်ဟု ခေါ်တော်မူသောအခါ အမတ်တို့သည် မင်းကြီး၏အမူအရာကိုကြည့်၍ အချင်းချင်း ပြက်ရယ်ပြုကုန်၏။

ထိုစကားကိုကြားသဖြင့် မင်းကြီးသည် ဤသို့အကြံဖြစ်၏။ ဤအမတ်တို့သည် ငါ၏ သားတော် သမီးတော်တို့၏ ပညာနှင့်ပြည့်စုံခြင်းကို မသိကြလေကုန်။ ထိုအမတ်တို့သိအောင် ငါပြုအံ့ဟု ကြံ၏။ အမတ်တယောက်ကိုခေါ်၍ သားတော် ဝေသန္တရထံသို့ ခမည်းတော်မင်းမြတ်သည် ပြဿနာမေးလို၍ လာလိုကြောင်း၊ မည်သည့်အခါ၌ လာ၍မေးစိမ့်သောငှာ အလိုရှိသနည်းဟု မေးစေလေ၏။ ဤနေ့မှစ၍ ခုနှစ်ရက်မြောက်သောနေ့၌ ကြွလာတော်မူပါစေလော့ဟု ပြန်ကြား၏။

ဗြဟ္မဒတ်မင်းသည် ခုနှစ်ရက်မြောက်သောနေ့၌ သားတော် ဝေသန္တရ၏နေရာသို့ ကြွတော်မူ၏။ ဝေသန္တရသည် ခမည်းတော်မင်းမြတ်အား များစွာသော ပူဇော်သက္ကာရကို ပြုစေ၏။ ခမည်းတော်သည် သားတော်၏နေအိမ်၌ စားတော်ခေါ်၍ များစွာသော စည်းစိမ်တို့ကို ခံစားတော်မူပြီးလျှင် မိမိနန်းတော်သို့ ပြန်ကြွတော်မူ၏။ ညီလာခံမင်းယင်ပြင်၌ ကြီးစွာသောမဏ္ဍပ်ကို

ဆောက်ပြီးလျှင် ဗာရာဏသီမြို့တခုလုံးကို စည်လည်စေကာ ကဏ္ဍပ် အလည်၌ လူအပေါင်းခြံရံလျက် နေတော်မူ၏။ မင်းကြီးသည် ဝေသန္တရာကို ဆောင်ခဲ့လော့ဟု မိန့်တော်မူသဖြင့် အထိန်းတော်တို့သည် ဝေသန္တရာကို ရွှေအင်းပျဉ်၌နေစေ၍ မင်းယင်ပြင်သို့ ယူဆောင်ခဲ့၏၊ သားတော်ဝေသန္တရာရောက်လျှင် ခမည်းတော် မင်းမြတ်သည် မင်းကျင့်တရားကို မေးတော်မူလိုရကား—

"ဝေသန္တရာမည်လှ သားငှက်သျှ၊ သင်ချစ်သားအား ကောင်းမြတ်သောမင်္ဂလာသည် ဖြစ်ပါစေသတည်း။ သင်ချစ်သားကို ပုစ္ဆာမေးပါအံ့။ မင်းအဖြစ်ကို ပြုလိုသောသူသည် အဘယ်အမှုကို ပြုရခြင်းသည် မြတ်သနည်း၊ သင်ချစ်သား ဖြေပါလော့"။

(၁) ခမည်းတော်မင်းမြတ်၊ မင်းမည်သည်ကား ရှေးဦးစွာ မဆွကသာလျှင် မမှန်သောစကား မုသားဆိုခြင်းကိုရင်း၊ အမျက်ထွက်ခြင်းကိုရင်း၊ ပေါလွင်ရှင်မြူးခြင်းကိုရင်း ရှောင်ကြဉ်ရာ၏။ ထို့နောက်မှ တိုင်းနိုင်ငံသူရှင်လူအများတို့၏ စီရင်ဘွယ်ကိစ္စတို့ကို စီရင်ဆုံးဖြတ်ရာ၏။ ခမည်းတော်မင်းမြတ်၊ အကြင် မုသာဝါဒ၊ အမျက်ဒေါသ၊ ပေါလွင်ရှင်မြူးခြင်းတို့ကို ရှောင်ကြဉ်၍ တိုင်းရေး ပြည်ရေးတို့ကို စီရင်ရာ၏ဟူသော စကားကို အကျွန်ုပ်ဆိုအပ်ပြီ၊ ထိုအကျွန်ုပ်ဆိုအပ်ပြီးသော ကျင့်ဝတ္တရားကို မင်းကျင့်တရားဟူ၍ ရှေးပညာရှိတို့သည် ဆိုတော်မူကုန်၏။

(၂) ခမည်းတော်မင်းမြတ်၊ တပ်စွန်းသော လောဘစိတ်ကြောင့် ဖြစ်စေ၊ အမျက်ဒေါသစိတ်ကြောင့်ဖြစ်စေ၊ ပြုအပ်သော အမှုသည် နောင်ဘတဖန် ပြန်၍ပူပန်စေတတ်သော အမှုဖြစ်က ပြုတော်မမူလင့်။

(၃) ခမည်းတော်မင်းမြတ်၊ မေ့လျော့သော ပြည့်ရှင်မင်း၏ တိုင်းနိုင်ငံ၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုတိုင်းနိုင်ငံ၌ စည်းစိမ်ဥစ္စာပျက်စီးခြင်းကို ပြည့်ရှင်မင်း၏ဆင်းရဲ ဟူ၍ ရှေးပညာရှိတို့သည် ဆိုတော်မူကုန်၏။ ထို့ကြောင့် ဘခင် မင်းမြတ်သည် မေ့လျော့တော်မမူလင့်။

(၄) ခမည်းတော်မင်းမြတ်၊ သီရိနတ်သမီးသည် ထကြွခြင်း ရှိသော၊ လုံ့လဝီရိယရှိသော၊ သူတပါးစည်းစိမ်ကို မငြူစူတတ် သော ယောကျာ်း၌ မွေ့လျော်၏။

(၅) ခမည်းတော်မင်းမြတ်၊ အလက္ခီနတ်သမီးသည် သူတ ပါး၏ စည်းစိမ်ကို ငြူစူတတ်သော၊ မကောင်းသောစိတ်ရှိသော၊ ကုသိုလ်ကောင်းမှုကိုဖျက်စီးတတ်သောယောကျာ်း၌မွေ့လျော်၏။

(၆) ရေမြေ့သေဌ်နှင်း ပြည့်ရှင်မင်း၊ တိုင်းနိုင်ငံသူ ရှင်လူ အားလုံးအပေါ်၌ ကောင်းမြတ်သော ရွှေနှလုံးတော်ရှိသည်ဖြစ်၍ ကျောသားရင်သား မခွဲခြားဘဲ တိုင်းသားပြည်သူအပေါင်းအား စောင့်ရှောက်တော်မူပါလော့။ အလက္ခီနတ်သမီးကို နှင်ထုတ် တော်မူလော့။ မင်းကြီးသည် သီရိနတ်သမီးတည်ရာ ဖြစ်တော် မူလော့။

(၇) ခမည်းတော်မင်းမြတ်၊ ပညာ လုံ့လနှင့် ပြည့်စုံသော မြတ်သောဆန္ဒရှိသော ထိုယောကျာ်းသည် ရန်သူတို့၏ အရင်းကို ၎င်း၊ အဖျား ၎င်းဖြတ်ရာ၏။

(၈) ခမည်းတော် မင်းမြတ်၊ သကြားမင်းသည် လုံ့လဝီရိယ ၌ မမေ့မလျော့ချေ၊ လုံ့လနှင့်ပြည့်စုံသော သူသည် ရန်သူတို့၏ အမြစ်အညွန့်ကိုဖြတ်သည်မည်၏။

(၉) ဂန္ဓဗ္ဗနတ်တို့သည်၎င်း၊ ဗြဟ္မာတို့သည်၎င်း၊ နတ်ပြည်ခြောက်ထပ် နတ်တို့သည်၎င်း၊ ကုသိုလ်ကောင်းမှု၌ **မမေ့**မလျော့ လုံ့လပြုသောသူနှင့် တူသော အသက်မွေးခြင်း ရှိသည်ဖြစ်ခြင်းကြောင့်ထိုနတ်ဗြဟ္မာတို့သည် ထိုသို့သဘောရှိသောသူအား စောင့်ရှောက်ကုန်၏။

(၁၀) ခမည်းတော် မင်းမြတ်၊ **မမေ့**မလျော့ အမျက်ထွက်တော်မမူဘဲတိုင်းရေး၊ ပြည်ရေးတို့ကိုကိုယ်တိုင်စီရင်တော်မူလော့၊ လုံ့လပြုတော်မူလော့၊ မိမိအမှုကိစ္စ၌ပျင်းရိသောသူသည် သုခချမ်းသာကိုမရနိုင်ရာချေ။

ခမည်းတော် မင်းမြတ်၊ ဤသည်တို့ကားအကျဉ်းချုပ် ဖြေထိုအပ်ကုန်သော မင်းကျင့်တရားအစုတို့တည်း။ ဤမင်းကျင့်တရားအစု၌ ကျင့်သော မင်းသည်ချစ်ခင်လေးမြတ်ကုန်သော မိဖုယား၊ သားတော်သမီးတော်အစရှိကုန်သောသူတို့ကိုချမ်းသာစေခြင်းငှာ၎င်း၊ ရန်သူတို့အားဆင်းရဲစေခြင်းငှာ၎င်းစွမ်းနိုင်ပါ၏ဟု လျှောက်ထား၏၊ မင်းယင်ပြင်၌ရှိကြသော ပရိသတ်တို့သည်အံ့ဘွယ်သရဲမဖြစ်ဘူးမြဲသောစိတ်ရှိကြကုန်၏၊ အားရနှစ်သက်ကြကုန်သည်ဖြစ်၍ သာဓုခေါ်ကြကုန်၏၊ ဗြဟ္မာဒတ်မင်းသည်လည်းဝမ်းမြောက်အားရနှစ်သက်တော်မူလှသဖြင့် သားတော် **ဝေသန္တရာအား စစ်ဗိုလ်ချုပ်ကြီး ရာထူး**၌ခန့်အပ်တော်မူ၏။

တဖန်ဗြဟ္မာဒတ်မင်းသည် ရှေးနည်း အတိုင်းပင် သမီးတော်ကုဏ္ဍလိနီကိုမင်းယင်ပြင် မဏ္ဍပ်အလည်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ဤသို့မေးတော်မူ၏။ ရှင်မကုဏ္ဍလိနီ၊ ရှင်မသည်ဖြေစွမ်း နိုင်ပါမည်လော၊ ငါမေးတော်မူသော ပြဿနာ၏ အနက်ကို သိပါ

လတ္တံလော၊ ဖြေနိုင်စွမ်းနိုင်ပါမူကား ရှင်မကို ငါမေးတော်မူအံ့၊ မင်းဖြစ်ကို ပြုလိုသောသူသည် အဘယ်အကျင့်ကိုကျင့်ခြင်းသည် မြတ်သနည်း။

ဤသို့မေးသည်ရှိသော် ကုဏ္ဍလိနီသမီးတော်သည်အောက်ပါ အတိုင်းဖြေကြားလေ၏။

(၁) ခမည်းတော် မင်းမြတ်၊ မရသေးသော စည်းစိမ်ကို အကြင်ရအောင်ပြုခြင်းသည်၎င်း၊ ရပြီးသောစည်းစိမ်ကို အကြင် စောင့်ရှောက်ခြင်းသည်၎င်း၊ ဤသို့မင်းတို့ကျင့်ရာသောအကြောင်း တို့သည် ဤနှစ်ပါးတို့သာတည်း။ အကြင်နှစ်ပါးသောအကြောင်း၌ အလုံးစုံသောအကျိုးသည်တည်၏၊ ခမည်းတော်မင်းမြတ်သည် လည်း ထိုနှစ်ပါးသောအကြောင်း၌တည်တော်မူလော့။

(၂) ခမည်းတော်မင်းမြတ်၊ တိုင်းပြည်၏ ဘဏ္ဍာရေး၌ တတ် ကျွမ်းလိမ္မာကုန်သော အမတ်တို့ကို ရှာဖွေစုံစမ်းတော် မူလော့၊ ကြွေလောင်း အန်ခတ် လှည့်ပတ် စဉ်းလဲခြင်း ကင်းကုန်သော၊ သူရာနှင့်ကာမဂုဏ်ခံစားမှု ကြူးခြင်းမှ ကင်းကုန်သော၊ မင်း၏ ဉစ္စာဘဏ္ဍာကိုမဖျက်ဆီးတတ်ကုန်သောအမတ်တို့ကို စုံစမ်းတော် မူလော့။

(၃) ခမည်းတော်၊ မင်းမြတ်ရထားထိန်းသည် မိမိနှင့်သော ရထားကို မညီမညွတ်သော ခရီးသို့မရောက်အောင်စောင့်ရှောက် သကဲ့သို့ ခမည်းတော်မင်းမြတ်၏ ဘဏ္ဍာကို အကြင်အမတ်သည် သာလျှင် စောင့်ရှောက်ရာ၏။ ထိုအမတ်မျိုးသာလျှင် ခမည်း မင်းမြတ်၏ ဘဏ္ဍာစိုးစသောအရာတို့၌ခန့်ထားတော်မူလော့။

(၄) ခမည်းတော်မင်းမြတ် လောကနတ်။ ကိုယ်တော်မြတ်၏အထံတော်၌ စွဲမြဲစေပါးသူကို ပေးကမ်းခြင်း အစရှိသည်ဖြင့် ကောင်းစွာ ချီးမြှင့်တော်မူလော့။ ဥစ္စာမြှုပ်ထားတော် မူခြင်းကိုရင်း၊ကြွေးမြီချပေးတော်မူခြင်းကိုရင်း၊ကိုယ်တော်မျက်မြင်သာ လျှင်ပြုတော်မူလော့။သူတထူးကိုယုံကြည်သဖြင့် ပြုတော်မမူလင့်။

(၅) ခမည်းတော်မင်းမြတ်၊ ဆက်သ စင်ရောက် လာသော အခွန်အတုတ်ကိုရင်း၊ ပေးရသမျှသော မျိုးရိက္ခာတ်ကိုရင်း၊ ကိုယ်တော်တိုင်သိတော်မူရာ၏။ ကျေးဇူးပြုဘူး၊ မပြုဘူးသော သူကိုလည်း ကိုယ်တော်တိုင်သိတော်မူရာ၏။ နှိပ်ကွပ်ထိုက်သော သူကို နှိပ်ကွပ်ရာ၏။ ချီးမြှောက်ထိုက်သော သူကိုချီးမြှောက်ရာ၏။

(၆) ခမည်းတော်မင်းမြတ်၊ ဇနပုဒ်တို့၏စီရင်ဘွယ်အရေးကို ကိုယ်တော်တိုင်စီရင်တော်မူလော့၊ မတရားသောအမှု၌ ယှဉ်တတ်ကုန်သော တရားသူကြီးတို့သည် ဘခင်မင်းမြတ်၏ ဥစ္စာကိုရင်း တိုင်းနိုင်ငံသူတို့ကိုရင်း၊ မဖျက်ဆီးစေကုန်လင့်။

(၇) မလိမ္မာသောသူသည် မဆင်မခြင်အဆောတလျှင်ပြုမိသော အမှုကိုစွဲ၍နောက်ကာလ၌ ပူပင်ဆင်းရဲရ၏။ ထို့ကြောင့် ခမည်းမင်းမြတ်သည်လည်း မဆင်မခြင် အဆောတလျှင် အမှုတို့ကိုပြုတော်မမူလင့်၊ ဆင်ဆင်ခြင်ခြင်ဖြည်းဖြည်းညှင်းညှင်းပြုတော်မူလော့။

(၈) များစွာသော မင်းမျိုးတို့သည် အမျက် ထွက်ခြင်းကြောင့်ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ကုန်၏ ထို့ကြောင့် ခမည်းတော် မင်းမြတ်သည် သူတပါး အပေါ်၌ အလွန်ပြင်းစွာသောအမျက်ကိုဖြစ်စေတော်မမူလင့်။

(၉) ခမည်းတော်မင်းမြတ်သည် ငါ့အစိုးရသောမင်းမြတ် ပါတကားဟူ၍ တိုင်းနိုင်ငံသားလူသားအပေါင်းကို အကျိုးမရှိသော အကျင့်ကိုကျင့်စိမ့်သော ငှာ ပြုတော်မမူလင့်။ ခမည်းတော် မင်းမြတ်၏ နိုင်ငံတော်၌မိန်းမတို့အားရင်း၊ ယောကျ်ားတို့ အားရင်း၊ ဆင်းရဲခြင်းအဖြစ်ကိုမဖြစ်စေလင့်။

(၁၀) ခမည်းတော် မင်းမြတ်၊ ပစ္စုပ္ပန်သံသရာ နှစ်တန်သော ဘေးမှကြောက်ခြင်းကင်းသော၊ ကာမဂုဏ်နောက်သို့သာ လိုက်လေ ရှိသော မင်း၏ခပ်သိမ်းကုန်သော စည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုစည်းစိမ်ပျက်စီးခြင်းကိုမင်း၏ဆင်းရဲဟူ၍ဆိုအပ်၏။

ခမည်းတော်မင်းမြတ်၊ ဤသည်တို့ကား အကျဉ်းပ်ဖြေဆိုအပ်ကုန်သောမင်းကျင့်တရား အစတို့တည်း။ ဤမင်းကျင့်တရား အား၌ ခမည်းတော် မင်းမြတ်သည် ကျင့်တော်မူလော့။ ဤအဆုံးအမကို နာတော်မူ၍ယခုအခါမပျင်းမရှိသည်၊ ကောင်းမှုကို ပြုဘတ်သည်၊ သူရာသောက်ကြူးခြင်းအစ ရှိသည်မှကင်းသည်။ ပစ္စုပ္ပန် သံသရာ အကျိုးစီးပွားကို မပျက်ဆီးဘဲသည် ဖြစ်တော် မူလော့။ မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် အကျင့်သီလနှင့် ပြည့်စုံသည်ဖြစ်တော်မူလော့။ မြတ်သောမင်းကြီး၊ သီလမရှိသောသူသည် ငရဲသို့ကျသည်မည်၏။

ဤသို့ကုဏ္ဍလိနီမည်သော ဆက်ရက်မသည် မင်းကျင့် တရားကိုဟော၏၊ ဗြဟ္မဒတ်မင်းသည် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ ငါ၏သမီးတော် ကုဏ္ဍလိနီအား ဘဏ္ဍာစိုးအရာကို ပေးတော်မူလော့ဟု မိန့်တော်မူ၏။

တဖန် ပြဟ္မာဒတ်မင်းသည် ရှေးနည်းအတိုင်းပင် သားတော် ဇမ္ဗူက ကျေးသားအား မင်းယင်ပြင်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ဤသို့မိန့်တော်မူ၏။ အမောင် ဇမ္ဗူက၊ မောင်အစ်ကို ဝေဿရာနှင့် အစ်မဆက်ရက်တို့အား ငါသည်မင်းကျင့်တရားကိုမေးပြီးလေပြီ။ ဘခင်သားလှ ဇမ္ဗူက၊ ထို့အတူသာလျှင်သင်ချစ်သားကိုမေးဦး အံ့၊ယခုသင်ချစ်သားသည် အားတို့တွင် မြတ်သော အားကိုရှင်း။ မင်းကျင့်တရားကိုရှင်းငါ့အား ပြောဆိုလော့။

ထိုသို့မေးသော အခါ ဘုရားလောင်း ဇမ္ဗူကကျေးသားပညာ ရှိသည် "သို့ဘာပြီကားမြတ်သောမင်းကြီး၊ ချအပ်သောနားရှိသည် ဖြစ်၍ နာတော်မူလော့၊ ခမည်းတော်မင်းကြီးမေးသမျှကို ပြောဆို ပါအံ့" ဟုဆို၍ဖြန့်၍ခံအပ်သောလက်ဝါးပြင်ပေါ်၌ ဥစ္စာထောင် ထုပ်ကိုတင်ထားဘိ သကဲ့သို့ အောက်ပါအတိုင်း ဟောတော်မူ၏။

မြတ်သော မင်းကြီး၊ လောက၌ မြတ်သော ဆန္ဒရှိသော ယောကျ်ား၏အားတို့သည် ငါးမျိုးတို့တည်း။

(၁) ကာယဗလကိုယ်အား။

(၂) ဘောဂဗလစည်းစိမ်အား။

(၃) အမစ္စဗလအမတ်အား။

(၄) ဇာတိဗလအမျိုးအား။

(၅) ပညာဗလပညာအား။

ထိုငါးပါးသောအားတို့တွင် ကာယဗလသည်အညံ့ဆုံးသော အားဟု ဆိုအပ်၏။ မြတ်သော မင်းကြီး၊ ဘောဂဗလ စည်းစိမ်၊

အားကိုလည်း ကိုယ်အားထက်မြတ်၍ အမတ်အားထက်ညွှ့်သော အားဟူ၍ဆိုအပ်၏။ မင်းမြတ် အမတ်အားကိုလည်း စည်းစိမ်ချမ်းသာအားထက်မြတ်၍ အမျိုးအားထက် ညွှ့်သော အား ဟူ၍ဆိုအပ်၏။ မြင့်မြတ်သော အမျိုးအားသည်လည်း ပညာအားထက် ညွှ့်သော အားဟူ၍ဆိုအပ်၏။

အလုံးစုံသော အကြင်လေးပါးကုန်သော အားတို့ကို ပညာအားရှိသောပုဂ္ဂိုလ်သည် မချွတ်မယွင်း လွှမ်းမိုးနိုင်လေ၏။ ထို့ကြောင့် ထိုလေးပါးကုန်သောအားတို့ထက် ပညာအားကို အားမြတ်ဟူ၍၊ အထွဋ်အဖျားဖြစ်သော အားဟူ၍ဆိုအင်၏။အဘယ့်ကြောင့်ဆိုသော် ပညာအားသည်- ထောက်ပံ့အပ်သည်၏အဖြစ်ကြောင့် ပညာရှိသောပုဂ္ဂိုလ်သည် စီးပွားချမ်းသာခြင်းသို့ရောက်လေ၏။ ထို့ကြောင့်ပညာအားသည် မြတ်သော အားဟူ၍ ဆိုအပ်၏။

မြတ်သောမင်းကြီး၊ ပညာနည်းသောသူသည် ရတနာ ခုနစ်ပါးနှင့်ပြည့်စုံသော မြတ်သော မြေပြင်ကို ရလင့်ကစား ပညာရှိသောသူသည် ထိုပညာမရှိသောသူ့ထံမှ အနိုင်အထက်လုယက်၍ ထိုမြေအပြင်ကို စီရင်အုပ်စိုးတတ်၏။ ဘခင်မင်းမြတ်အမျိုးသုံးပါးတို့ထက် လွန်မြတ်သော မင်းသားဖြစ်ပြီး မင်းအဖြစ်ကို ရလင့်ကစား ပညာနည်းချေက အလုံးစုံသော မင်းအဖြစ်ဖြင့် အသက်မမွေးနိုင်ချေသည်သာလျှင်ဘည်း။

မြတ်သောမင်းကြီး၊ ပညာသည် သာလျှင် အကြား ဒဲမြင်အသင်အတတ်နှင့် ပြည့်စုံသည်၏အဖြစ်ကိုပြုတတ်၏။ ပညာသည်

အကျော်အစော လာဘ်ပူဇော်သက္ကာရကို ပွားစေတတ်၏။ ဤလောက၌ ပညာရှိသောသူသည် စင်စစ်ချမ်းသာခြင်းကိုရရာ၏။

မြတ်သောမင်းကြီး၊ တရားသဘော၌ဘည်သော၊ များသောအကြားအမြင်ရှိတောပုဂ္ဂိုလ်တံသို့ မဆည်းကပ်မူ၍ နည်းနာနယကို မနာခံရသော၊ အကျိုးရှိသည်၊ မရှိသည်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို မဆင်ခြင်သောတစုံဘယောက်သောသူသည် ပညာကို မရချေသလျှင်ကတည်း။

မြတ်သောမင်းကြီး၊ ကုသိုလ်တရားဆယ်ပါးကို ခွဲခြားဝေဖန်ခြင်း၌လိမ္မာသော၊ ပျင်းရိခြင်းကင်းသော အကြင် ပညာရှိသည် လုံ့လပြုသင့်သော ကာလ၌ လုံ့လပြု၏။ ထိုပညာရှိအားအကျိုးသည် ပြည့်စုံ၏။

မြတ်သောမင်းကြီး၊ သီလမရှိသောသူတို့၏ အမှုကို ပြုလေ့ရှိသော၊ သီလမရှိသောသူကို မှီဝဲဆည်းကပ်တတ်သော၊ ကုသိုလ်ကောင်းမှုကိုပြုသောကာလ၌ တဆန့်ကျင်ကျင် မရွှင်ပြုံးငွေ့၍ပြုလေ့ရှိသောသူအား လူ့ပြည်နတ်ရပ်၌ ဖြစ်တတ်သော အကျိုးသည် မပြည့်စုံနိုင်ချေ။

မြတ်သောမင်းကြီး မိမိသန္တာန်၌လည်း အနိစ္စ အစရှိသော ဘာဝနာတို့၏အစွမ်းအားဖြင့် ကုသိုလ်တရားကို အားထုတ်တတ်သော၊ ထိုသို့သဘောရှိသော သီလဝန္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်လေ့ရှိသော၊ ကုသိုလ်ကောင်းမှုကို ပြုသောကာလ၌ တဆန့်ကျင်ကျင် မရွှင်ပြုံးငွေ့ခြင်းကင်း၍ ပြုလေ့ရှိသောပညာရှိအား လူ့ပြည် နတ်ရပ်၌ ကောင်းမြတ်သောအကျိုးသည်ပြည့်စုံ၏။

ခမည်းတော်မင်းမြတ်၊ အပုံအစု ပြုအပ်သော စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်ခြင်း၊ သုံးသင့်သည့် အခါ၌ သုံး အပ် ခြင်း ဟူသော အသိတရား နှစ်ပါးတို့ကို ခမည်းတော် မင်းမြတ်သည် မှီဝဲတော်မူလော့။ ပညာမရှိသော သူသည် မသင့်လျော်သော အကြောင်းဖြင့် ဥစ္စာကို ပျက်စီးစေ၏။ ထို့ကြောင့် ခမည်းတော် မင်းမြတ်သည် မသင့်လျော်သောအကြောင်းဖြင့် ဥစ္စာတို့ကုန်ခမ်းစိမ့်သောငှာ လုံ့လပြုတော်မမူလင့်။

ဤသို့လျှင် ဘုရားအလောင်း ဓမ္မပါလ မည်သော ကျေးသားသည် ဤမျှအတိုင်းအရှည်ရှိသော အကြောင်းဖြင့် ငါးပါးကုန်သော အားတို့ကို ဟောပြီးလျှင် သင်မိ၍မင်းအား အဆုံးအမကို ပေးလိုပြန်ရကား—

မြတ်သောမင်းကြီး၊ မယ်တော်၊ ခမည်းတော် တို့၌ ပြုသင့် ပြုထိုက်သော ဝတ္တရားတို့ကိုပြုကျင့်တော်မူလော့။ မင်းမြတ်၊ ဤလောက၌ ဝတ္တရားကိုပြုကျင့်သောကြောင့် ဘခင် မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီး၊ သားတော်၊ သမီးတော်၊ မိဖုယား၊ မောင်းမမိဿံတို့၌ ပြုသင့်ပြုထိုက်သော ဝတ္တရားကို ပြုကျင့်တော်မူလော့၊ ခမည်းတော် မင်းမြတ်၊ ဤလောက၌ ဝတ္တရားကို ပြုကျင့်သောကြောင့် ဘခင်မင်းမြတ်သည်နတ်ပြည်သို့ရောက်တော် မူရလတ္တံ့။

မြတ်သောမင်းကြီး၊ ချစ်သောအဆွေခင်ပွန်း၊ မှူးတော် မတ်တော်တို့၌ ပြုသင့်ပြုထိုက်သောဝတ္တရားကို ပြုကျင့်တော်မူလော့။ မင်းမြတ်၊ ဤလောက၌ဝတ္တရားကို ပြုကျင့်တော် မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီး ဆင်မြင်းစသော ယာဉ်တို့၌၎င်း၊ ရဲမက်ဗိုလ်ပါ တို့၌၎င်း၊ ပြုသင့်ပြုထိုက်သော ဝတ္တရားကို ပြုကျင့်တော်မူလော့။ ဤလောက၌ ဝတ္တရားကို ပြုကျင့်တော်မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ရောက်တော်မူလတ္တံ့။

မြတ်သောမင်းကြီး၊ ရွာတို့၌၎င်း၊နိဂုံးတို့၌၎င်း၊ ပြုသင့်ပြုထိုက်သောဝတ္တရားကိုပြုကျင့်တော်မူလော့။ ဤလောက၌ ဝတ္တရားကို ပြုကျင့်သောကြောင့် ဘခင် မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူလတ္တံ့။

မြတ်သောမင်းကြီး တိုင်းနိုင်ငံသူတို့၌၎င်း၊ ဇနပုဒ်သူတို့၌၎င်း၊ ပြုသင့်ပြုထိုက်သောဝတ္တရားကို ပြုကျင့်တော်မူလော့။ ဤလောက၌ ဝတ္တရားပြုကျင့်တော်မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ရောက်တော်မူလော့။ ဤလောက၌ တရားကိုကျင့်တော်မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီး၊ ရဟန်း ပုဏ္ဏားတို့၌ ပြုသင့်ပြုထိုက်သော ဝတ္တရားကို ပြုကျင့်တော်မူလော့။ ဤလောက၌ဝတ္တရားကိုပြုကျင့်တော်မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီး သားငှက်တို့၌ ပြုသင့် ပြုထိုက်သော ဝတ္တရားကို ပြုကျင့်တော်မူလော့။ ဤလောက၌ ဝတ္တရားကို ပြုကျင့်တော်မူသောကြောင့် ဘခင်မင်းမြတ်သည် နတ်ပြည်သို့ ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီး၊ တရားကိုကျင့်တော်မူလော့။ ကောင်းစွာ ကျင့်အပ်သော တရားသည် ချမ်းသာခြင်းသို့ ရောက်စေ တတ်၏။ ဤလောက၌ တရားကိုကျင့်တော်မူသော့ကြောင့် ဘခင်မင်းမြတ သည် နတ်ပြည်သို့ရောက်တော်မူရလတ္တံ့။

မြတ်သောမင်းကြီးတရားကိုကျင့်တော်မူလော့။သိကြားပြဟ္မာ နတ်ဒေဝါတို့သည် ကောင်းစွာ ကျင့်အပ်သော သုစရိုက်ကြောင့် နတ်ပြည်သို့ရောက်ကြကုန်၏။ ထို့ကြောင့် ဘခင် မင်းမြတ်သည် တရားကို အသက်ပင်စွန့်ပစ်ရသော်လည်း မေ့တော်မမူလင့်။

ဘခင်မင်းမြတ်၊ ကျွန်ုပ် ပြေဆိုအပ်ကုန်သော စကားတို့သည် မင်းကျင့်တရားအစုကို ပြသော တရားတို့တည်း။ မြတ်သောမင်း ကြီး အပြည့်အစုံဖြစ်သော ကျွန်ုပ် ပေးအပ်သော အဆုံးအမကို ကိုယ်တော်တိုင် သိတော်မူ၍၊ ပညာရှိပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ် တော်မူကာ ကျင့်တော်မူလော့၊

ဤသို့လျှင် ဘုရားအလောင်း ဇမ္ဗုကကျေးသားသည် သဗ္ဗညု မြတ်စွာဘုရား၏ တင့်တယ် စံပယ်ဘော် မူခြင်းဖြင့် တရားဟော တော်မူ၏။ လူအများသည် များစွာသောပူဇော်သက္ကာရကိုပြုကြ ၏။ ပြဟ္မဒတ်မင်းသည် အလှန် နှစ်သက်တော် မူသည် ဖြစ်၍ သားတော်ဇမ္ဗုကအား စစ်သူကြီးအရာကိုပေး၍ချီးမြှောက်တော် မူ၏။

# အထွေထွေကဏ္ဍ

## စကားပြောဆိုခြင်းနှင့် ပတ်သက်သော တရားများ။

လူပုဂ္ဂိုလ် တဦးတယောက်တွင် အသက်ရှင်နေသည့်နှင့်အမျှ အမြဲမပြတ် ပြုလုပ်နေရသော အလုပ်သုံးပါးတို့သည် ရှိ၏။ ၎င်းတို့မှာ ကာယကံမှု – ကိုယ်ထိလက်ရောက် ပြုလုပ်ရသော အမှုများ၊ ဝစီကံမှု – စကားပြောဆိုပြုလုပ်ရသည့် အမှုများ၊ မနောကံမှု – စိတ်ဖြင့် ကြံစည်တွေးတောမှုများပင် ဖြစ်သည်။ ယင်းကံသုံးပါးအနက် လူတို့နှင့်ဆက်ဆံရာ၌ ရှောင်မရအောင် အမြဲပြုလုပ်နေရသော ကံသည် ဝစီကံမှုပင် ဖြစ်သည်။

မျက်မှောက်ဘဝတွင် အောင်မြင်နေသူများ၊ ကြီးပွားချမ်းသာ နေသူများကိုကြည့်ပါက ပြေပြေပြစ်ပြစ် နှစ်လိုဘွယ်ကောင်းအောင် ပြောဆိုဆက်ဆံဘတ်သူများ၊ လူတဖက်သားအား မိမိဘက်ပါအောင် ဆွဲဆောင်ပြောဆိုနိုင်သူများဖြစ်ကြောင်း တွေ့ရပေသည်။ ထို့ကြောင့် “နှုတ်တတ်လျှင် ပြည်စိုး” “နှုတ်ချို လျှို

တပါး”ဟူသော မြန်မာစကားပုံများ ထင်ရှားစွာ ပေါ်ထွက်လာရခြင်းဖြစ်သည်။ ပိဋကတ်တော်များမှ သင့်လျော်ရာ ဟောကြားချက်များကို ထုတ်၍ တင်ပြလိုက်သော စကားပြောဆိုမှုနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာကျင့်ဆောင်နိုင်ကြသူများသည် ယခုဘဝတွင်သာမက နောင်ဘဝထိုထိုတို့တွင်လည်း အကျိုးထူးများ ရရှိနိုင်မည်ဖြစ်၍ ဖော်ပြရခြင်း ဖြစ်ပါသည်။

မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် အဘယ ရာဇကုမာရသုတ်တော်မှ ထုတ်၍ စကားခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတယ်ဟူသော စကားအရာ ခြောက်မျိုးအနက် မြတ်စွာဘုရားသည် ပထမ လေးမျိုးသောစကားကို ပယ်ပြီးလျှင် ကျန် နှစ်မျိုးနှစ်စားသော စကားမျိုးကိုသာ မိန့်တော်မူသည်။ လူသားများအဖို့လည်း ပြောဆိုသင့်သောစကား နှစ်မျိုးနှစ်စားကိုသာ များသောအားဖြင့် ပြောဆိုနိုင်မည်ဆိုပါက မိမိ၏စကားသည် ပြောဆိုတိုင်း တန်ဘိုးရှိလာမည်မှာ အမှန်ပင်ဖြစ်သည်။ ပုထုဇဉ်လူသားဖြစ်ခြင်းကြောင့် ပြောဆိုသင့်သော စကားနှစ်မျိုးကို အမြဲတစေမပြောဆိုနိုင်စေကာမူ၊ အရေးကြီးသောကိစ္စရပ်များနှင့် ပဟ်သက်၍ရင်း၊ အများနှင့်စပ်ဆိုင်သော ကိစ္စရပ်များနှင့် ပတ်သက်လာလျှင်ရင်း ပြောဆိုရာတွင် ဤပြောဆိုသင့်သော စကားနှစ်မျိုးကိုသာ ပြောဆိုနိုင်အောင် လေ့ကျင့်ထားခြင်းအားဖြင့် အမှားနည်းပြီး အမှန်တရားများကိုသာ ပြုလုပ်မိလာမည်ဖြစ်၍ အောင်မြင်မှုများ ကေန်ရနိုင်သဖြင့် ဖော်ပြရခြင်း ဖြစ်ပါသည်။

## ပယ်အပ်သော စကားလေးမျိုး။

၁။ မဟုတ်မမှန်သော စကားဖြစ်ပြီး၊ ပြောဆိုခြင်းအားဖြင့် လည်း အကျိုးမရှိ၊ ကြားရသူအဖို့လည်း မနှစ်သက် မကြားလိုသော စကားမျိုးကို မြတ်စွာဘုရားသည် မပြောဆို။

၂။ ပြောဆိုမည်ဖြစ်သော စကားသည် ဟုတ်မှန်သောစကား ဖြစ်သော်လည်း ပြောဆိုခြင်းအားဖြင့် အကျိုးမရှိသည့် အပြင် ကြားရသူအဖို့ မနှစ်သက် မကြားလိုသော စကားမျိုးကို မြတ်စွာဘုရားသည် မပြောဆို။

၃။ မဟုတ်မမှန်သောစကားဖြစ်ပြီး ပြောဆိုခြင်းအားဖြင့် လည်း အကျိုးမရှိ၊ သို့သော် သူအပေါင်းတို့ နှစ်သက် နှစ်ခြိုက်သော စကားမျိုးကို မြတ်စွာဘုရားသည် မပြော ဆို။

၄။ ပြောဆိုမည်ဖြစ်သောစကားသည် ဟုတ်၏၊ မှန်၏၊ သို့ သော် ပြောဆိုခြင်းအားဖြင့် အကျိုးမရှိ။ ထိုပြောဆို မည်ဖြစ်သော စကားကို သူတပါးတို့ နှစ်ခြိုက်သော် လည်း မြတ်စွာဘုရားသည် ထိုစကားမျိုးကို မပြောဆို။

## ပြောဆိုသင့်သောစကားနှစ်မျိုး။

၁။ ပြောဆိုမည်ဖြစ်သော စကားသည် ဟုတ်၏ မှန်၏။ ပြော ဆိုခြင်းအားဖြင့်လည်း အကျိုးရှိမည်ဖြစ်ပါက သူတပါး တို့ မနှစ်သက်၊ မနှစ်ခြိုက်သော်လည်း ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆိုသည်။

၂။ ပြောဆိုမည်ဖြစ်သော စကားသည်ဟုတ်၏၊ မှန်၏။ ပြောဆိုခြင်းအားဖြင့်လည်း အကျိုးရှိမည်ဖြစ်၏၊ ကြားရသူသူတပါးအဖို့၌လည်းနှစ်သက် နှစ်ခြိုက်၏။ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆိုသည်။

၀ ၀ ၀

## ပညာရှိတို့ တိုင်ပင်ပြောဆိုနည်း။

လူတိုင်းလိုလိုသည် နေ့စဉ်တွေ့ကြုံနေကြရသော ပြဿနာအရပ်ရပ်များကို တိုင်ပင်နှီးနှောခြင်းအားဖြင့် ဖြေရှင်းနေကြရသည်။ အထူးသဖြင့် အများပြည်သူတို့၏ ကိစ္စရပ်များကို ဆောင်ရွက်နေကြရသော ပုဂ္ဂိုလ်များသည် အမြဲလိုပင် တိုင်ပင်နှီးနှော၍ ဆောင်ရွက်ကြရသည်။ ဤသို့ တိုင်ပင်နှီးနှောသည့် အခါ၌ ပြဿနာ၏ အဖြေမှန်ကို ရရှိနိုင်ရန်မှာ ပညာရှိတို့၏တိုင်ပင်နှီးနှောသည့် နည်းမျိုးဖြင့် တိုင်ပင်ပြောဆိုခြင်းပြုမှသာလျှင် ပြဿနာရပ်များကို မှန်ကန်စွာဖြေရှင်းနိုင်ရန် အလားအလာရှိပေသည်။ ထို့ကြောင့် ပညာရှိတို့၏ တိုင်ပင်နှီးနှောနည်းနှင့် မင်းတို့၏တိုင်ပင်နှီးနှောနည်းကို သိရှိရန် မိလိန္ဒပဉှာမှ ထုတ်နှုတ်၍ တင်ပြအပ်ပါသည်။

မိလိန္ဒမင်းကြီးသည် အသျှင်နာဂသေနအား “အကျွန်ုပ်နှင့်အတူတကွ တိုင်ပင်ပြောဆိုပါအံ့လော” ဟု လျှောက်၏၊ ထိုအခါ

အသျှင်နာဂသေနက "မင်းမြတ် သင်သည် ပညာရှိတို့၏ တိုင်ပင်ပြောဆိုခြင်းမျိုးကို တိုင်ပင်ပြောဆိုသည်ဖြစ်အံ့၊ တိုင်ပင်ပြောဆိုပါအံ့၊ မင်းတို့၏ တိုင်ပင်ပြောဆိုခြင်းမျိုးကို အကယ်၍ တိုင်ပင်ပြောဆိုသည်ဖြစ်အံ့၊ မတိုင်ပင် မပြောဆိုလို"ဟု မိန့်ဆို၏။

ထိုအခါ မိလိန္ဒမင်းကြီးသည် "အသျှင်ဘုရား ပညာရှိတို့သည် အဘယ်သို့လျှင် တိုင်ပင်ပြောဆိုပါကုန်သနည်း"ဟု လျှောက်ထား၏။

မင်းမြတ်၊ပညာရှိတို့သည် တိုင်ပင်ပြောဆိုရာ၌ —

၁။ စကားဖြင့် ရစ်ပတ်ချည်နှောင်ခြင်းကိုလည်း ပြုလုပ်အပ်၏။

၂။ တုံ့ပြန်ဖြေချက်ခြင်းကိုလည်း ပြုလုပ်အပ်၏။

၃။ နှိပ်နင်းရှုတ်ချခြင်းကိုလည်း ပြုလုပ်အပ်၏။

၄။ မြှင့်တင်ချီးမြှောက်ခြင်းကိုလည်း ပြုလုပ်အပ်၏။

၅။ အကျွမ်းတဝင်ကိုလည်း ပြုလုပ်အပ်၏။

၆။ သူ၏ အတုံ့ပြန် အကျွမ်းတဝင်ကိုလည်း ပြုလုပ်အပ်၏။

ထိုသို့ပြုလုပ်ခြင်းကြောင့် ပညာရှိတို့သည် အမျက်မထွက်ကုန်။ မင်းမြတ်၊ ပညာရှိတို့သည် ဤသို့လျှင် တိုင်ပင်ပြောဆိုကုန်၏ဟု မိန့်တော်မူ၏၊

"အသျှင်ဘုရား၊ မင်းတို့သည် အဘယ်သို့လျှင် တိုင်ပင်ပြောဆိုပါကုန်သနည်း"ဟု မေးလျှောက်၏။

"မင်းမြတ်၊မင်းတို့သည်တိုင်ပင်ပြောဆိုသောအခါ၌အကြောင်းတခုကို (ပြောဆိုရန်) ခွင့်ပြုကုန်၏။ အကြင်သူသည် ထိုအကြောင်း

ကို ချွတ်ယွင်းစေ၏။ ဤသူအား ဒဏ်တပ်ကုန်လော့ဟု ထိုသူအား ဒဏ်ထားကုန်၏။မင်းမြတ်၊ ဤသို့လျှင် မင်းတို့သည် တိုင်ပင်ပြောဆိုကုန်၏”ဟု မိန့်ဆိုတော်မူ၏။

ဝ ဝ ဝ

## ကောင်းစွာဆိုအပ်သောစကား။

အင်္ဂါငါးမျိုးနှင့်ပြည့်စုံသော ကောင်းစွာဆိုအပ်သည့် စကားအကြောင်းကို မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပဉ္စကနိပါတ်ဝါစာ သုတ်တော်၌ အောက်ပါအတိုင်း ဟောထားတော်မူပါသည်။

ရဟန်းတို့၊ အင်္ဂါငါးမျိုးနှင့် ပြည့်စုံသောစကားသည် ကောင်းစွာဆိုအပ်သည်မည်၏။ မကောင်းသဖြင့် မဆိုအပ်သည် မမည်။ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။ အဘယ်ငါးမျိုးနည်းဟူမူ—

၁။ အခါအားလျော်စွာ ပြောဆိုအပ်သည်လည်း ဖြစ်၏။
၂။ မှန်ကန်သောစကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏။
၃။ သိမ်မွေ့သောစကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏။
၄။ အကျိုးစီးပွားနှင့် စပ်သောစကားကို ပြောဆိုအပ်သည်လည်း ဖြစ်၏၊
၅။ မေတ္တာစိတ်ဖြင့် ပြောဆိုအပ်သည်လည်း ဖြစ်၏။

ရဟန်းတို့၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သည် မည်၏။ မကောင်းသဖြင့် ဆိုအပ်သည် မမည်။ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်ဟု မိန့်တော်မူ၏။

၀ ၀ ၀

## နှိုင်းချိန်ပြောဆိုသော ပုဂ္ဂိုလ်တို့၏ အကျိုးငါးမျိုးနှင့် စကားများသူတို့၏ အပြစ်ငါးမျိုး။

ပညာဖြင့်နှိုင်းချိန်၍ စကားပြောဆိုသောပုဂ္ဂိုလ်နှင့် စကားများသော ပုဂ္ဂိုလ်တို့၏ အကျိုးအပြစ်တို့ကို ပြဆိုသော အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် ပဥ္စကနိပါတ်ဗစုဘာဏီက သုတ်တော်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

ရဟန်းတို့၊ စကားများသောပုဂ္ဂိုလ်တို့၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—

၁။ မဟုတ်မမှန်သည်ကို ပြောမိတတ်၏၊

၂။ ဂုန်းစကားကို ပြောမိတတ်၏။

၃။ ကြမ်းတမ်းသောစကားကို ပြောမိတတ်၏။

၄။ ပြိန်ဖျင်းသောစကားကို ပြောမိတတ်၏။

၅။ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ၊ ပျက်စီး၍ကျရောက်ရာ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့၊ ပညာဖြင့်နှိုင်းချိန်၍ စကားပြောဆိုသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် ကျင်ငါးမျိုးတည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—

၁။ မဟုတ်မမှန်သည်ကို မပြောမိတတ်။

၂။ ဂုန်းစကားကို မပြောမိတတ်။

၃။ ကြမ်းတမ်းသောစကားကို မပြောမိတတ်။

၄။ ပြိန်ဖျင်းသောစကားကို မပြောမိတတ်။

၅။ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။

ရဟန်းတို့၊ ပညာဖြင့်နှိုင်းချိန်၍ စကားပြောဆိုသောပုဂ္ဂိုလ်၌ အကျိုးတို့သည် ကျင်ငါးမျိုးဘို့တည်းဟု မိန့်တော်မူ၏။

ဝ ဝ ဝ

## မထိမဲ့မြင်ပြုခြင်းခံရတတ်သော ပုဂ္ဂိုလ်ဆယ်ဦး။

မထိမဲ့မြင်ပြုခြင်းခံရတတ်သော ပုဂ္ဂိုလ်ဆယ်ဦးအကြောင်းကို မိလိန္ဒပညာပါဠိတော် မြန်မာပြန်၌ ဖော်ပြထားသည်။ ယင်းပုဂ္ဂိုလ်ဆယ်ဦးအဖြစ်သို့ မရောက်ရှိရန် ကျင့်ကြံနိုင်ဘို့ တင်ပြရခြင်း ဖြစ်သည်။

မင်းမြတ်၊ လောက၌မထိမဲ့မြင်ပြုခြင်းခံရတတ်သော၊ အယုတ်ဟု မှတ်ယူခြင်းခံရတတ်သော၊ ရှုတ်ချခြင်းခံရတတ်သော၊ ကဲ့ရဲ့

ခြင်း ခံရတတ်သော၊ အရိုအသေမပြုခြင်းခံရတတ်သော ပုဂ္ဂိုလ်တို့သည် ဤဆယ်ယောက်တို့တည်း။ အဘယ်ဆယ်ယောက်တို့နည်းဟူမူ—

၁။ လင်ကင်းသောမိန်းမ၊
၂။ အင်အားနည်းပါးသောပုဂ္ဂိုလ်။
၃။ အဆွေအမျိုးမဲ့သောပုဂ္ဂိုလ်။
၄။ အစားကြီးသောပုဂ္ဂိုလ်။
၅။ ဆရာ့ထံ မဆည်းကပ်ဘူးသောပုဂ္ဂိုလ်။
၆။ ယုတ်မာသောအဆွေခင်ပွန်းရှိသောပုဂ္ဂိုလ်။
၇။ ဥစ္စာပစ္စည်းချို့တဲ့သောပုဂ္ဂိုလ်။
၈။ အကျင့်ယုတ်သောပုဂ္ဂိုလ်။
၉။ ယုတ်ညံ့သောအလုပ်ရှိသောပုဂ္ဂိုလ်။
၁၀။ လုံ့လမရှိသောပုဂ္ဂိုလ်။

o o o

## သေးငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ်ရာသည်လေးပါး။

ငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ်ရာ သည်လေးပါးအကြောင်းကို ကောသလသံယုတ်တွင် အောက်ပါအတိုင်း ဟောထားတော်မူသည်။

မင်းကြီး၊ ငယ်သည်ဟူ၍ မထီမဲ့မြင် မပြုအပ်ကုန်သောအရာ
တို့ကား ဤလေးပါးတို့ဘည်း။ အဘယ်လေးပါးတို့နည်းဟူမူ—

၁။ မင်းသားကို ငယ်၏ဟူ၍ မထီမဲ့မြင်မပြုအပ်။ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်။

၂။ မြွေကို ငယ်၏ဟူ၍ မထီမဲ့မြင်မပြုအပ်။ ပြက်ရယ်မပြုအပ်။

၃။ မီးကို သေးငယ်၏ဟူ၍ မထီမဲ့မြင်မပြုအပ်။ ပြက်ရယ်မပြုအပ်။

၄။ ရဟန်းကို ငယ်၏ဟူ၍ မထီမဲ့မြင်မပြုအပ်။ ပြက်ရယ်မပြုအပ် ဟု ဟောတော်မူသည်။

၀ ၀ ၀

## မကောင်းသူလေးယောက်။

၁။ အိမ်ထောင်ရှိလျက် – ပျင်းရိသူ။

၂။ ရဟန်းဖြစ်လျက် – ကိုယ်နှုတ်နှလုံးမစောင့်စည်းသူ။

၃။ မင်းဖြစ်လျက် – မဆင်မခြင်ပြုတတ်သူ။

၄။ ပညာရှိဖြစ်လျက် – ဒေါသကြီးတတ်သူ။

## အတိုအထွာမှတ်စရာ။

ရဟန်းတို့၊ မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော်၊ သူတပါး ကိုလည်း စောင့်ရှောက်ရာရောက်၏။ သူတပါးကို စောင့်ရှောက် သည်ရှိသော် မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာရောက်၏ဟု မဟာဝဂ္ဂသံယုတ်မြန်မာပြန် ဒေသကသုတ်တော်တွင် ဟောထား တော်မူသည်။

---

"အပေါင်းအသင်းနှင့် ပြည့်စုံခြင်းကို အမှန်ပင် ငါချီးမွမ်း၏။ သီလ စသည်တို့ဖြင့် မိမိထက်မြတ်သော အပေါင်းအဖော်ကိုရင်း၊ မိမိနှင့်တူသော အပေါင်းအဖော်ကိုရင်း မှီဝဲပေါင်းသင်းထိုက်၏။ ဤသို့သော အပေါင်းအဖော်ကို မရခဲ့သော် တယောက်ထည်း နေခြင်းက မြတ်၏"ဟု ထေရပဒါန်မြန်မာပြန် ပစ္စေကဗုဒ္ဓအပဒါန် တွင် ဟောထားတော်မူသည်။

---

ဒီဃနိကာယ်မဟာဝဂ္ဂအဋ္ဌကထာ၌ အိပ်မပျော်လျှင်၊ တရား တော်ကို အိပ်လျက် နာယူခြင်း၊ ဂုဏ်တော်ကို ပွားများအားထုတ် ခြင်း၊ သမထ၊ ဝိပဿနာအလုပ်များကို အိပ်လျက် နှလုံးသွင်း နေပါက အိပ်ပျော်တတ်ကြောင်း ဟောထားတော်မူသည်၊

---

ပညာဖြင့် အသက်မွေးခြင်းသည် မြတ်သော အသက်မွေးခြင်း ဖြစ်၏ဟု သဂါထာဝဂ္ဂသံယုတ် အာဠဝကသုတ်တော်တွင် ဟော ထားတော်မူသည်။

ပြုလုပ်ဘွယ် ကိစ္စတိုင်း၌အလျင်ပြုသင့်သည်ကို နောက်မှပြုပြီး၊ နောက်မှပြုသင့်သည်ကိုအလျင် ပြုလုပ်ပါက ပူပန်တတ်ရကြောင်း၊ ငါးရာ့ငါးဆယ် စရုဏဇာတ်တော်တွင် ဟောထားတော်မူသည်။

---

မပြတ်ပေါင်းသင်း ဆက်ဆံမှုကြောင့် ပညာရှိတို့က အရေးတဝင်ပြုလုပ်လာလျှင်အရှိအံ့သေတန်သူတို့မှာ အမျိုးယုတ်ညံ့သူတို့သာဖြစ်တတ်ကြောင်း သုတ္တနိပါတ်ရာဟုလသုတ်နှင့်အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်။

---

နောက်ကျိခြင်းမရှိသော ရေအိုင်ကိုကြည့်ရှုလျှင် ရေအိုင်တွင်းရှိအရာဝတ္ထုများကို အကုန်မြင်နိုင်သကဲ့သို့ စိတ်နောက်ကျိခြင်းမရှိမှသာ (ဝါ) စိတ်ရင်းဖြူစင်၍အစွဲကင်းမှသာအမြင်မှန်ရနိုင်ကြောင်း အင်္ဂုတ္တိုရ် ဧကနိပါတ်နှင့် ငါးရာ့ငါးဆယ် အနဘိရတိဇာတ်တွင် ဟောထားတော်မူသည်။

ဝ ဝ ဝ

## ဂုဏ်နှင့်ကျေးဇူးရှင်။

ကျေးဇူးရှိသူများကို များသည့် အလျှောက်ချီးမြှောက်ခြင်းသည် မျက်နှာလိုက်သည် မမည်ကြောင်းကို ဤသာသနာတော်၌ ကျေးဇူးများလှသော အနာတပိဏ် သေဌေးကြီးနှင့် ဝိသာခါ

ကျောင်းအမကြီးတို့ကို ချီးမြှောက်ခြင်း ၄ ရပ်၊ ထိုသူနှစ်ဦးတို့၏များစွာ စွန့်ကြဲလှူဒါန်းထားမှုကို ထောက်ညှာ၍၎င်း၊ သာဝတ္ထိမြို့၌ ၂၅နှစ်ကာလပတ်လုံး သီတင်းသုံးတော်မူကြောင်းကို သုတ္တန်ပါဠိတ်အဋ္ဌကထာ၌ ဖွင့်ဆိုထားလေသည်။ ၎င်းအပြင် အမှန်တကယ်ဂုဏ်ထူးရှိသူအား ရှိသည့်အလျောက် နေရာပေးခြင်းကား စိတ်ထားမြင့်မြတ်သူတို့၏ သဘောဖြစ်ကြောင်း ဓမ္မပဒမြန်မာပြန်သုမနပန်းသည် ဝတ္ထုတွင် ဟောထားသည်ကို ထောက်ခြင်း ဖြင့် သိနိုင်ပေသည်။ ဤနေရာ၌ ဂုဏ်ရှိသူများကို နေရာပေးခြင်း၊ ဦးစားပေးခြင်း တို့သည် လုပ်သင့် လုပ်ထိုက်သော အလုပ်ဖြစ်ကြောင်းသိထားသင့်သော်လည်း လုပ်သင့်သည်ထက်ပို၍ လုပ်မိပါက မျက်နှာကြီးရာ ဟင်းဖတ်ပါသည့် သဘောသို့ရောက်မသွားရန်လည်း သတိရှိသင့်ပေသည်။

၀ ၀ ၀

## မိဘကျေးဇူးဆပ်နည်း။

အင်္ဂုတ္တိုရ် ဒုက နိပါတ် သမစိတ္တ ဝဂ်၌ သူယုတ်မာ သူတော်ကောင်းတို့၏ အခြေခံသဘောထားနှင့် မိဘတို့အားကျေးဇူးဆပ်နည်းများအကြောင်းကို ဟောထားတော်မူသည်။ မှတ်သားနာယူဘွယ်ကောင်းသဖြင့် တင်ပြအပ်ပါသည်။

ရဟန်းတို့၊ ပြုဘူးသော သူ့ကျေးဇူးကို မသိခြင်း၊ ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိခြင်းတို့သည် သူယုတ်မာတို့၏

အခြေခံ သဘောပေတည်း။ ရဟန်းတို့၊ ပြုဘူးသော သူ့ကျေးဇူးကို သိခြင်း၊ ပြုဘူးသောသူ့ကျေးဇူးကိုထင်စွာပြု၍သိခြင်းတို့သည်သူတော်ကောင်းတို့၏အခြေခံသဘောပေတည်းဟုမိန့်တော်မူသည်။

ရဟန်းတို့၊ နှစ်ဦးသောသူတို့ကို လွယ်ကူစွာကျေးဇူး တုံ့ပြန်နိုင်သည်ဟု ငါမဟော၊ အဘယ်နှစ်ဦးနည်းဟူမူ-မိခင်ဘခင်တို့တည်း။ ရဟန်းတို့၊ သားသမီးဖြစ်သောသူသည် အသက်ဘရာတန်း၌ဖြစ်၍ အနှစ်တရာ ပတ်လုံး အသက်ရှည်ကာ ပခုံးတဖက်ဖြင့် အမိကိုယူဆောင်၍ လုပ်ကျွေးရာ၏။ ပခုံးတဖက်ဖြင့် အဖကိုဆောင်ယူ၍ ပြုစုလုပ်ကျွေးရာ၏။ ထိုသားသမီးဖြစ်သူသည်အမိအဖတို့အားအနံ့အသက်ကင်းအောင် အမွှေးအကြိုင် လိမ်းပေးခြင်း၊ အညောင်းအညာပြေအောင်နှိပ်နယ်ပေးခြင်း၊ ရေပူရေအေးချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏။ ထိုအမိအဖတို့သည်လည်း ထိုသားသမီးပခုံးပေါ်၌ပင်လျှင် ကျင်ကြီးကျင်ငယ်တို့ကို စွန့်ကုန်ရာ၏။ ရဟန်းတို့၊ ဤသို့ပြုစုပါသော်သည်း အမိအဖတို့အား ကျေးဇူးပြုခြင်းသည်၎င်း၊ ကျေးဇူးတုံ့ပြန် ခြင်းသည်၎င်း၊ မပြီးနိုင်သေးသည်သာတည်း။

ရဟန်းတို့၊ အကြင်သူသည်များစွာသော ရတနာရှိသော ဤမဟာပထဝီမြေကြီးကို အုပ်ချုပ်စိုးပိုင်သော မင်းစည်းစိမ်၌အမိအဖတို့ကိုတည်စေရာ၏။ ရဟန်းတို့၊ ဤသို့ပြု စုပါသော်လည်း အမိအဖတို့အား ကျေးဇူးပြုခြင်းသည်၎င်း၊ ကျေးဇူးတုံ့ပြန်ခြင်းသည်၎င်း၊ မကုန်နိုင်သေးသည်သာ တည်း။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့၊ အမိအဖတို့သည် သားသမီးတို့အားများသော ကျေးဇူးကို ပြုကြသူ၊ ကြီးပွားလာအောင်

စောင့်ရှောက်ကြသူ၊ ခွေးကျွေးကြသူ၊ ဤလောကကို ပြုသကြသူ ဖြစ်ကြသောကြောင့်တည်း။

ရဟန်းတို့၊ အကြောင်းသုကား—

(၁) သဒ္ဓါတရားမရှိသော အမိအဖ တို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်းငှာဆောက်တည်စေ၏၊ သက်ဝင်စေ၏။

(၂) သီလမရှိသော အမိအဖ တို့ကို သီလနှင့်ပြည့်စုံခြင်းငှာ ဆောက်တည်စေ၏၊ သက်ဝင်စေ၏။

(၃) ဝန်တိုခြင်းမစ္ဆရိယ ရှိကုန်သော အမိအဖတို့ကို စွန့်ကြဲပေးကမ်းခြင်းနှင့်ပြည့်စုံစေခြင်းငှာ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊

(၄) ပညာမဲ့သော အမိအဖတို့ကို ပညာနှင့် ပြည့်စုံစေခြင်းငှာဆောက်တည်စေ၏၊သက်ဝင်စေ၏၊ တည်စေ၏။

ရဟန်းတို့၊ ဤသို့သော ပြုစုခြင်းဖြင့်သာလျှင် အမိအဖတို့အား ကျေးဇူးပြုခြင်းသည်၎င်း၊ ကျေးဇူးတုံ့ပြန်ခြင်းသည်၎င်း၊ ဖြစ်နိုင်၏ဟု ဟောတော်မူသည်။

○ ○ ○

## နတ်နှင့်ပတ်သက်၍ ဗုဒ္ဓပေးသောသြဝါဒ။

တချို့သောပုဂ္ဂိုလ်တို့က နတ်တင်ခြင်းသည် သရဏဂုံကျိုးပျက်သည်ဟု ယူဆကြ၏။ နတ်သည် ရတနာသုံးပါးထက် မြတ်သည်ဟု

ယူဆမှသာလျှင် သရဏဂုဏ်ပျက်သည်။ မိမိတို့၏ မိရိုးဖလာဖြစ်သော အတွင်း၌ရှိသော အပြင်၌ရှိသော နတ်များ၊ ပူဇော်ရာအရပ်များသည် ရှိကြကုန်၏။ ထိုပူဇော်ရာအရပ်များကို တရားနှင့်အညီ ပူဇော်ရမည်။ ရှေးကပူဇော်ခြင်းထက် ယုတ်လျော့ခြင်းမရှိစေရဟု အပရိဟာနိယတရားတွင် ဟောထားတော်မူသည်ကို ထောက်ခြင်းအားဖြင့် နတ်များကို ပူဇော်ပသရမည်ဟု ဆိုလိုသည်။

တရားနှင့်အညီ ပူဇော်ရမည်ဟု ဆိုခြင်းအားဖြင့် ပါဏာတိပါတကံထိုက်သော တိရစ္ဆာန်များကိုသတ်၍ ယစ်ပူဇော်ခြင်းများကို မပြုလုပ်ရဟု မှတ်အပ်၏။ လူအချင်းချင်း ကျွေးမွေးပေးကမ်းရာ၌ ဒါနဖြစ်သကဲ့သို့ နတ်များကို ကျွေးမွေးပေးကမ်း လှူဒါန်းခြင်းသည်လည်း ဒါနဖြစ်သည်ဟု မှတ်ယူအပ်၏။

နတ်များကို ပူဇော်ခြင်းထက် ကုသိုလ်ကောင်းမှုပြုတိုင်း နတ်များကို အမျှပေးဝေခြင်းက သာ၍ကောင်း၏။ တောထဲတောင်ထဲသို့ သွားသည့်အခါ၌၎င်း၊ ခရီးသွားသည့်အခါ၌၎င်း၊ ဆိုင်ရာပိုင်ရာ နတ်များကို အမျှဝေရန် မမေ့သင့်ကြောင်း၊ အမျှဝေခြင်းအားဖြင့် နတ်တို့၏ အစောင့်အရှောက်ကို ခံယူရဘွယ်ရှိကြောင်း သိအပ်၏။ နတ်တို့ကို ပူဇော်ပသခြင်းမပြုသူတို့သည် နတ်တို့၏ စောင့်ရှောက်ခြင်းကို မရကြကုန်။ နတ်တို့ကိုမပူဇော်ခြင်းကြောင့် မဖြစ်သေးသော ဆင်းရဲကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သော်လည်း၊ ဖြစ်ပြီးသော ရောဂါကို တိုးပွားအောင်လုပ်နိုင်ခြင်း၊ စစ်ဖြစ်သည့်အခါ၌ အဖော်သဟဲမရခြင်းသည် ဖြစ်၏။

နတ်တို့ကို ပူဇော်ပသခြင်းပြုသူတို့၌ မဖြစ်သေးသော ချမ်းသာကို ဖြစ်စေခြင်းငှာ မတတ်နိုင်သော်လည်း၊ ဖြစ်ပြီးသောရောဂါများကို ပယ်ဖျောက်နိုင်ခြင်း၊ စစ်ထိုးသည့်အခါ၌ အဖေါ်သဟဲရခြင်းတို့သည် ဖြစ်၏။ ဤသို့ပြုလုပ်နိုင်သည်မှာလည်း အခါခပ်သိမ်း လုပ်နိုင်ခြင်းမဟုတ်။ ကံနိမ့် ကံမြင့်ကိုလိုက်၍ ပြုလုပ်နိုင်သည်ကိုလည်း သိအပ်၏။

တချို့သောသူတို့သည် နတ်ကိုပူဇော်ခြင်းဖြင့် အကျိုးမရနိုင်၊ ကောင်းကျိုးမပေးနိုင်၊ ဆိုးကျိုးကိုသာပေးနိုင်သဖြင့် နတ်ပူဇော်ခြင်းသည် အကျိုးမရှိဟု ယူဆကာ လုံးလုံးပစ်ပယ်ကြကုန်၏။ ဤအယူအဆသည် အကုသိုလ်ဒုစရိုက်ဖြင့် ပူဇော်ရသော နတ်ဆိုးများကိုကား ဆိုသင့်ပေသည်။

လောကတွင် လူယုတ်မာရှိသကဲ့သို့ လူသူတော်ကောင်းများလည်း ရှိကြသည်။ ထို့အတူ နတ်လောကတွင်လည်း နတ်ဆိုးများ ရှိကြသလို နတ်သူတော်ကောင်းများလည်း ရှိကြသည်။ လောက၌ တချို့သော လူဆိုးလူညစ်များသည် မိမိတို့စားအိမ်သောက်အိမ် လူနိုင်များအပေါ်တွင်သာ ဆိုးသွမ်းပြစ်မှားကြပြီး လူစိမ်းများအပေါ်၌ မပြစ်မှားဝံ့သကဲ့သို့၊ နတ်ဆိုးနတ်ယုတ်များသည်လည်း မိမိတို့အား ကိုးကွယ်ကြသူများကိုသာ ဖမ်းစားနိုင်ကြသည်။

လူသူတော်ကောင်းနှင့် ပေါင်းဖေါ်ရခြင်းအားဖြင့် ကောင်းကျိုးချမ်းသာကို ရနိုင်သကဲ့သို့၊ နတ်ကောင်း နတ်မြတ်များကို ပူဇော်ခြင်းဖြင့် မိမိအား ကူညီစောင့်ရှောက်မည်မှာ ယုံမှားဘွယ်မရှိသင့်ချေ။ အချုပ်အားဖြင့်ဆိုသော် နတ်များကို အလွန်

အကြူး ပစ်ပယ်ခြင်း၊ အလွန်အားကိုးခြင်းမပြုမူကြဘဲ လူအချင်းချင်း ကျေးမွေးပေးကမ်း လှူဒါန်းသကဲ့သို့ နတ်များကို အလှူသဘောမျိုးထားကာ ပူဇော်ပသမှုပြုခြင်းကို မယုတ်လျော့ရန် သတိပြုရာသည်။

အထူးသဖြင့် ကုသိုလ်ကောင်းမှုပြုတိုင်း နတ်များကို အမျှပေးဝေရန် မမေ့သင့်ပါ။ လူတို့အမျှပေးဝေမှုသော နတ်များတွင် တန်ခိုးတ္တဒ္ဓိပါဒ်ကြီးခြင်း၊ ဘုံဗိမ္မာန်ရခြင်းများ ဖြစ်စေနိုင်သဖြင့် အမျှဝေသူအား နတ်များက ကျေးဇူးတင်ကြသည်နှင့်အမျှ ၎င်းတို့က ပြန်၍ အမျှဝေသူအား စောင့်ရှောက်ကြမည်မှာ ဓမ္မတာသဘောပင် ဖြစ်သည်။

ကွယ်လွန်ပြီးသော မိဘဆရာ ဆွေမျိုးများကို ရည်စူး၍ အလှူဒါနပြုကာ အမျှပေးဝေခြင်းကို အနည်းဆုံး တနှစ်တခါ သို့မဟုတ် တတ်နိုင်သလောက် ပြုလုပ်ခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားကို အသိအမှတ်ပြုသည်နှင့်အမျှ ထိုပုဂ္ဂိုလ်တို့ကလည်း ပြန်လည်၍ အမျှပေးဝေသူအား စောင့်ရှောက်ကြမည်မှာ ယုံမှားဘွယ်မဖြစ်သင့်ကြောင်း ဒီဃနိကာယ်မဟာဝဂ်ပါဠိတော်မဟာ ပရိနိဗ္ဗာနသုတ်၌ အောက်ပါအတိုင်း အထင်အရှား ဟောထားတော်မူသည်။

ပုဏ္ဏားတို့၊ ပညာရှိသည် အကြင်အရပ်၌ အိမ်ယာဆောက်လုပ် နေထိုင်၏။ ဤအရပ်၌ သီလရှိသော၊ ကိုယ်နှုတ်နှလုံးစောင့်သုံးသော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေးပြီးလျှင် ထိုအရပ်၌ရှိသော နတ်တို့အား အလှူ၏အဖို့ကို အမျှပေးဝေရာ၏။ ဤသို့ အမျှပေးဝေလတ်သော် နတ်တို့သည် ပူဇော်ခံရသဖြင့် အမျှပေးဝေသူကို တုံ့ပြန်၍ပူဇော်ကုန်၏။ မြတ်နိုးခံရသဖြင့်

ဘုံ့ပြန်၍ မြတ်နိုးကုန်၏။ ထို့ကြောင့် မိခင်သည် ရင်ဝယ်သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် အမျှပေးဝေသူကို စောင့်ရှောက်ကုန်၏။ နတ်တို့စောင့်ရှောက်ခြင်းခံရသောသူသည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာတို့ကိုသာ တွေ့မြင်ရလေ၏ဟု ဟောတော်မူသည်။

သို့ကြောင့် လောကီကြီးပွားချမ်းသာမှုကို အလိုရှိကြသူများသည် နတ်ကောင်းနတ်မြတ်များ၏ ကူညီစောင့်ရှောက်မှုကို ရယူနိုင်ရန်အတွက် ကုသိုလ်ကောင်းမှုများပြုလုပ်ကာ နတ်များအား အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်း၊ နတ်တို့နှစ်သက်ကြကုန်သော မဟာသမယ သုတ်တော်များကို ရွတ်ဘတ်ခြင်းဖြင့် နတ်တို့၏ အစောင့်အရှောက်ကိုယူပြီး ကြီးပွားမှုကို ပြုလုပ်နိုင်ကြရန် တင်ပြအပ်ပါသည်။

၀ ၀ ၀

## ဗုဒ္ဓ၏ လောကဓံ ကြံ့ခိုင်နည်းများ။

လူ့ဘဝ၌ မည်သူမဆို လောကဓံတရားရှစ်ပါးဖြင့် အမြဲတစေ တွေ့ကြုံကြရမည်ဖြစ်ရာ၊ တွေ့ကြုံသည့်အခါ၌ တုန်လှုပ်ခြင်း မရှိဘဲ ကြံ့ခိုင်နိုင်မှ သာလျှင်စိတ်အေးချမ်းသာယာမှုကိုရနိုင်ပေမည်။ ထို့ကြောင့် ဗုဒ္ဓ၏ လောကဓံ ကြံ့ခိုင်နိုင်သော နည်းကို အင်္ဂုတ္တိုရ်

ပါဠိတော်မြန်မာပြန် ပဉ္စကနိပါတ်တွင် ပါရှိသော ၄၁န သုတ်မှ ထုတ်နှုတ်၍အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

ရဟန်းတို့၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မပြတ်ဆင်ခြင်အပ်သော အကြောင်းတို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်းဟူမူ—

၁။ ငါသည်အိုခြင်းသဘောရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ။

၂။ ငါသည် နာခြင်းသဘောရှိ၏၊ နာခြင်း သဘောကိုမလွန်ဆန်နိုင်ချေ။

၃။ ငါသည် သေခြင်းသဘောရှိ၏။ သေခြင်း သဘောကို လွန်ဆန်နိုင်ချေ။

၄။ ငါ၏ ချစ်မြတ်နိုးအပ်သော အရာအားလုံးနှင့် ရှင်ကွဲ ကွဲရခြင်း သေကွဲ ကွဲရခြင်းသည်ဖြစ်ရချေမည်။

၅။ ငါသည်ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံ၏အမွေခံဖြစ်၏။ ကံသာလျှင်အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏။ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏။ ကောင်းသည်ဖြစ်စေ၊မကောင်းသည် ဖြစ်စေ၊ ငါပြုမိသောကံ၏အမွေကိုသာငါခံရမည် ဖြစ်သည်” ဟု အမြဲမပြတ် ဆင်ခြင်အပ်၏။

ဤသို့ဆင်ခြင်ခြင်းအားဖြင့် အဘယ်အကျိုးထူးကို ရသနည်းဆိုသော်၊ သတ္တဝါ တို့ မည်သည် ပျိုရွယ် ချိန်၌ ပျိုရွယ် မာန်ယစ်ခြင်းရှိ၏။ အနာကင်းချိန်၌ အနာကင်းမှုမာန်ယစ်ခြင်းရှိ၏၊

အသက်ရှင်ချိန်၌အသက် မာန်ယစ်ခြင်းရှိ၏။ ဤသို့မာန်ယစ်မှုခြင်းကြောင့် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်တို့ကို ပြုကျင့်ကုန်၏။ ငါသည် တနေ့အိုရမည်။ နာရမည်၊ သေရမည်ဟူ၍မပြတ်ဆင်ခြင်သောသူအားမာန်ယစ်ခြင်းသည် အချင်းခပ်သိမ်းမှုလည်းပျောက်ကင်း၏။ ခေါင်းပါးခြင်းမှုလည်း ဖြစ်၏။

ရဟန်းတို့၊မြတ်နိုးအပ်သောအရာတို့၌ လိုလားစွဲမက်ခြင်း၊ 'ဆန္ဒရာဂ'ကြောင့် သတ္တဝါတို့သည် ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစများ ိုပြုကျင့်ကုန်၏။ငါသည်ချစ်မြတ်နိုးအပ်သောအရာအားလုံးနှင့်သေကွဲ၊ ရှင်ကွဲကွဲရခြင်းသည်ဖြစ်ချေမည်ဟုမပြတ်ဆင်ခြင်သူ၌ ဆန္ဒရာဂသည် အခါခပ်သိမ်းမှုလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမှုလည်းဖြစ်၏။

ရဟန်းတို့၊သတ္တဝါတို့အား ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊မနောဒုစရိုက်သ ရှိ၏။ သို့ဖြစ်ခြင်းကြောင့် ငါသည် ကံသာလျှင်ဉစ္စာရှိ၏။ ကံ၏အမွေခံဖြစ်၏။ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင်ကိုးကွယ် မှီခိုရာရှိ၏။ကောင်းသည့်ဖြစ်စေ။ မကောင်းသည်ဖြစ်စေ၊ ငါပြုမိသောကံ၏ အမွေကို ငါသာခံရမည် ဟု မပြတ် ဆင်ခြင် သူ၌ မကောင်း မှု သည် အချင်းခပ်သိမ်းမှုလည်း ပျောက်ကင်း၏။ ခေါင်းပါးခြင်း မှုလည်းဖြစ်၏။

ငါသည်အိုခြင်းသဘောရှိ၏၊ နာခြင်းသဘောရှိ၏၊ သေခြင်းသဘောရှိ၏၊ချစ်ခင်ချစ်မြတ်နိုးအပ်သော အရာအားလုံးနှင့်ရှင်ကွဲ၊ သေကွဲ၊ ကွဲခြင်းသည်ဖြစ်ရချေမည်ဟု မပြတ်မလပ် ကြိမ်ဖန်များစွာ ဆင်ခြင်သူ၏သန္တာန်၌ ပစ္စည်း သံယောဇဉ်၊ လူသံယောဇဉ်၊

ကြိုးတို့၏ မခံမရပ်နိုင်အောင် တုပ်နှောင်ခြင်းကို မခံရတော့သည့် အလျောက် အကောင်းလောကဓံလေးပါး၊ မကောင်းလောကဓံ လေးပါးတို့နှင့် တွေ့ကြုံသည့်အခါ၌ အလွန်အမင်းတက်ကြွခြင်း၊ ဆုတ်နစ်ခြင်းတို့သည် မဖြစ်ကြမူဘဲ အသင့် အတင့် နှလုံးသွင်း လာတတ်ကြသည်ဖြစ်၍ စိတ်အေးချမ်းမှု ရကြမည်မှာ အမှန် ပင်ဖြစ်သည်။

ဤကဲ့သို့ပင် ကံ၊ ကံ၏သဘောဖြစ်သောမကောင်းတာလုပ်လျှင် မကောင်းတာသာဖြစ်မည်။ ကောင်းတာလုပ်လျှင် ကောင်းတာ သာဖြစ်မည်ဟု အမြဲမပြတ် ကြိမ်ဖန်များစွာ ဆင်ခြင်နေသူသည် ဒုစရိုက်မှုများကို ပြုလုပ်ရန် ကြောက်ရွံ့လာသည်နှင့်အမျှ စိတ် အေးချမ်းမှုကို ရရှိလာပေလိမ့်မည်။ စိတ်တည်ငြိမ်မှုရှိလာသူသည် လောကဓံတရားများနှင့် တွေ့ကြုံလာသည့် အခါတွင် တုန်လှုပ် မှုနည်းပြီး လောကဓံတရားကို ရင်ဆိုင်ရဲသော သတ္တိရှိလာမည်မှာ အမှန်ပင်ဖြစ်၍ ဖေါ်ပြရခြင်းဖြစ်ပါသည်။

၀ ၀ ၀

## ဝေဠုဒွါရေယျသုတ်

မဟာဝဂ္ဂသံယုတ်တွင်ပါရှိသော ဝေဠုဒွါရေယျ သုတ်တော် ကို မြတ်စွာဘုရားသည် ဝေဠုဒွါပါရွာသားများကိုအကြောင်း ပြု၍ ဟောထားတော်မူခဲ့ပါသည်။ ဤသုတ်၏အနှစ်သာရမှာ ကိုယ်

ချင်းစာနာမှုတရားပင်ဖြစ်သည်။ ကိုယ်ချင်းစာ တရားသည် လူ့ပြည် နတ်ရွာစသော သုဂတိဘုံများသို့ ရောက်နိုင်သော တရားဖြစ်ကြောင်း ဟောထားတော်မူသည်။ လူမှု ဆက်ဆံရေး၌လည်း ကိုယ်ချင်းစာတရား ထားရှိသူများသာ ပြေပြေ ပြစ်ပြစ် ဆက်ဆံတတ်သဖြင့် မိတ်ကောင်း၊ ဆွေကောင်းရရှိကာ အောင်မြင်နေကြသူများဖြစ်ကြောင်း တွေ့ရပေသည်။ ထို့ကြောင့်လောကီ၊ လောကုတ္တရာအရေးတွင် ကိုယ်ချင်းစာနာမှုတရားသည် အဖိုးတန်သော တရားဖြစ်၍ ဖော်ပြရခြင်းဖြစ်သည်။

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာနှင့် အတူ ကောသလတိုင်းသို့ ဒေသစာရီ ကြွတော်မူသည်ရှိသော် ဝေဠုဒွါရမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။

ထိုဝေဠုဒွါရရွာသားပုဏ္ဏားတို့နှင့် အမျိုးသား တို့သည် တခုသော နေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးလျက် ဤသို့သျှောက်ကုန်၏။

"အရှင်ဘုရား၊ တပည့်တော်တို့သည် ဇနီးမယား သမီးသားတို့ဖြင့် ပျော်ပါးစွာနေလိုကြပါ၏၊ ရေမွှေးပေါင်ဒါ နံ့သာမျိုးစုံတို့ဖြင့်လည်း လိမ်းခြယ်လိုကြပါ၏၊ကံ့ကော်၊သဇင်ပန်းမျိုးစုံလင်စွာတို့ကိုလည်း ပန်ဆင်လိုကြပါ၏။ ဘယက်တန်းဆာဒွါဒရာတို့ကိုလည်းဆင်မြန်းလိုကြပါ၏၊ အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုလည်းခံစားလိုကြပါ၏၊ ဤသို့ယခု မျက်မှောက်ဘဝ၌ ပျော်ပျော်ပါးပါး နေပြီးလျှင်သေပြီးသည့်နောက်ဘဝ၌လည်းကောင်းသော သုဂတိဘဝသို့ရောက်လိုကြပါ၏။ ထိုသို့ ရောက်နိုင်သော တရား

တော်မြတ်ကို တပည့်တော်တို့အား ဟောကြားတော်မူပါ အရှင်ဘုရား။"

အမျိုးသားတို့၊ သင်တို့အား မိမိကိုယ်၌ဆောင်ထားထိုက်သော တရားဒေသနာကို ဟောကြားပေအံ့။ ထိုတရားကို နာကြကုန်လော့။ ကောင်းစွာနှလုံးသွင်းကြကုန်လော့ဟု မိန့်တော်မူ၏။

(၁) အမျိုးသားတို့၊ မိမိကိုယ်၌ ဆောင်ထား ထိုက်သော တရားဟူသည်မှာ— ငါသည်အသက်ရှင်လို၏၊ချမ်းသာလို၏ ဆင်းရဲကို စက်ဆုပ်၏။ အကြင်သူသည် ဤကဲ့သို့ အလိုဆန္ဒ ရှိသော ငါ့အား သတ်ဖြတ်ညှဉ်းဆဲခြင်းကိုပြုပါက၊ ငါသည်ထိုသူ၏ သတ်ဖြတ်ညှဉ်းဆဲမှုကိုမနှစ်သက်။

ငါကလည်း အသက်ရှင်လို၊ ချမ်းသာလို၊ ဆင်းရဲခြင်းကို စက်ဆုတ်သော သူတပါးအား သတ်ဖြတ် ညှဉ်းဆဲခြင်းကို ပြုပါက၊ သူတပါးကလည်း ထိုသတ်ဖြတ်ညှဉ်းဆဲမှုကို မနှစ်သက်။ ငါမချစ်မနှစ်သက်သော တရားကို သူတပါးလည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရအံ့နည်းဟုအရိယာတပည့်သည်ဤသို့ဆင်ခြင်၍မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ၏ ဂုဏ်ကျေးဇူးကိုလည်းပြောဆို၏။ ဤသို့ထိုသူ၏ကိုယ်ကျင့်ဆောင်ခြင်းသည်အစွန်းသုံးပါးမှစင်ကြယ်၏။

(၂) အမျိုးသားတို့၊ နောက်တမျိုးကား "အကြင်သူသည် ငါမပေးသောဥစ္စာကို ခိုးယူလိုသောစိတ်ဖြင့် ခိုးယူငြားအံ့၊ ငါ

သည် ထိုသူ၏ခိုးယူမှုကို မချစ်မနှစ်သက်၊ ငါကလည်း(သူတပါး) မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ခိုးယူငြားအံ့၊ သူတပါး ကလည်း ထိုခိုးယူမှုကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော တရားကို သူတပါးလည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက် သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့ နည်း”ဟု အရိယာတပည့်သည်ဤသို့ ဆင်ခြင်၍မိမိကိုယ်တိုင်လည်း မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ တည်စေ၏။ မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင် ကြယ်၏။

(၃) အမျိုးသားတို့၊ နောက်တမျိုးကား “အကြင်သူသည် ငါ၏သားမယားတို့၌ ကျူးလွန်ခြင်းသို့ ရောက်ငြားအံ့၊ ငါသည် ထိုသူ၏လွန်ကျူးမှုကို မချစ်မနှစ်သက်၊ ငါကလည်း (သူတပါး) ၏ သားမယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့၊ သူတပါး ကလည်း ထိုလွန်ကျူးမှုကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက် သော တရားကို သူတပါးလည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ် သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာ အံ့နည်း”ဟု အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင် လည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ကာမတို့၌ မှားသောအား ဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို

၏။ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

(၄) အမျိုးသားတို့၊ နောက်တမျိုးကား "အကြင်သူသည် မမှန်ပြောခြင်းဖြင့် ငါ၏အကျိုးကို ချိုးဖျက်ငြားအံ့၊ ငါသည် ထိုသူ၏ မမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်၊ ငါကလည်း မမှန်ပြောခြင်းဖြင့် သူတပါး၏အကျိုးကို ချိုးဖျက်ငြားအံ့၊ သူတပါးကလည်း ထိုမမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သောတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟု အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

(၅) အမျိုးသားတို့၊ နောက်တမျိုးကား "အကြင်သူသည် ဂုန်းစကားဖြင့် ငါ့ကို မိတ်ဆွေတို့နှင့် ခွဲငြားအံ့၊ ငါသည် ထိုသူ၏ ဂုန်းချောမှုမျိုးကို မချစ်မနှစ်သက်၊ ငါကလည်း ဂုန်းစကားဖြင့် သူတပါးကို မိတ်ဆွေတို့နှင့်ခွဲငြားအံ့၊ သူတပါးသည်လည်း ထိုဂုန်းချောမှုမျိုးကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုဂုန်းချောမှုစကားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟု အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ဂုန်းချောသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

သူတပါးကိုလည်း ဂုန်းချောသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ဂုန်းချောသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

(၆) အမျိုးသားတို့၊ နောက်တမျိုးကား "အကြင်သူသည် ကြမ်းတမ်းသောစကားဖြင့် ငါ့ကိုပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ ကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါကလည်း သူတပါးကို ကြမ်းတမ်းသောစကားဖြင့် ပြောဆိုငြားအံ့၊ သူတပါးသည်လည်း ထိုကြမ်းတမ်းစွာပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါ မချစ်မနှစ်သက်သော ထိုကြမ်းတမ်းသောစကားကို ပြောဆိုမှုနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟု အရိယာ တပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင် ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း ကြမ်းတမ်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

(၇) အမျိုးသားတို့၊ နောက်တမျိုးကား "အကြင်သူသည် ငါ့ကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ အပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါကလည်း သူတပါးကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့၊ သူတပါးသည်လည်း ထိုအပြိန်အဖျင်းပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါ

မချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေအံ့နည်းဟု”ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင် ပြိန်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း ပြိန်ဖျင်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့အရိယာတပည့်သည် ဤသူတော်ကောင်းတရားခုနစ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ငါသည် ငရဲပငိုသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပငိုသန္ဓေကုန်ပြီ၊ ပြိတ္တာပငိုသန္ဓေကုန်ပြီ၊ မကောင်းသူတို့၏ လားရောက်ရာ၊ ပျက်စီးကျရောက်ရာ အပါယ်ပငိုသန္ဓေကုန်ပြီဟု မှတ်ယူအပ်၏။

## မင်္ဂလာတရား။

ဤစာအုပ်၏ အဆုံးတွင်မှ မင်္ဂလာတရားကို ဖော်ပြထားခြင်းသည်အကြောင်းရှိပါသည်။ စာအုပ်၏နောက်ဆုံးတွင်ဖော်ပြထားခြင်းကြောင့် မင်္ဂလာတရားသည် အရေးပါ အရာရောက်မှု နည်း

ခြင်းအတွက်မဟုတ်ပါ။ မင်္ဂလာတရား တခုတည်းနှင့်ပင် လောကီ ကြီးပွားမှုကို အလွယ်တကူရယူနိုင်ပေသည်။ မင်္ဂလာတရားကို ဦးစွာ စာအုပ်တွင်ဖော်ပြထားပါက စာအုပ်ကို လှန်လှောကြည့်သူများသည် မင်္ဂလာတရားကို ဦးစွာတွေ့ ရှိပါလျှင် "ဟာ၊တို့သိပြီးသားအကြောင်းတွေ ရေးထားတာဘဲ" ဟု ကောက်ချက် ချကာ 'လန်'မသွားရန်စီစဥ်ထားခြင်းမျှသာဖြစ်ပါသည်။

ဗုဒ္ဓ၏လူမှုရေး တရားတော်များထဲတွင် မင်္ဂလာ တရား သည် အထင်ရှားဆုံး၊ လူသိအများဆုံးတရားဖြစ်သော်လည်းအတိအကျ လိုက်နာသူတွေနည်းနေသေးကြောင်း တွေ့ရပါသည်။ လူတို့မည်သည် တွေ့နေကျ၊ မြင်နေကျ များ နေသော အကြောင်းအရာဝတ္ထုပစ္စည်းများကိုမက်မောခြင်းမရှိတတ်ပေ။ ထို့ကြောင့်'ရွာနွားရွာသားမကြိုက်' 'ကျောင်းနေဘက်ချင်းအထင်မကြီး'ဟူ သော လက်သုံး စကားများ ပေါ်ထွက်လာခြင်းသည် ဤအကြောင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်မင်္ဂလာတရားကို နောက်ဆုံး၌ ဖော်ပြထားခြင်းဖြစ်ပါသည်။

မင်္ဂလာတရားကိုလိုက်နာကြသူများသည် ဘေးရန်ကင်းကွာ၍ ရန်အပေါင်းကိုအောင်မြင်နိုင်ခြင်း၊ စီးပွားချမ်းသာ ကြက်သရေ တိုးတက်ခြင်း၊ ပြောဆိုကြံစည်သမျှတို့ အောင်မြင်နိုင်ခြင်း။ ကိုယ်စိတ်နှစ်ပါးကျန်းမာ၍ ချမ်းသာနိုင်ခြင်း စသော အကျိုးထူးများ ကို ယခုဘဝတွင်ပင် ချက်ခြင်းရနိုင်သောတရားများဖြစ်ရာလောကီကြီးပွားမှုအတွက် မင်္ဂလာတရားတခုတည်းနှင့် ပင်ကောင်းစွာ ပြည့်စုံလုံလောက်သည်မှာ မည်သူမျှမငြင်းနိုင်ပေ။ ပထမဆုံး မင်္ဂလာသုံးပါးဖြစ်သော လူမိုက်နှင့်မပေါင်းခြင်း။ လူလိမ္မာ ပညာရှိ

ကိုဆည်းကပ်ပေါင်းဖေါ်ခြင်း၊ ပူဇော်ထိုက်သော သူတို့အား ပူဇော်ခြင်း ဟူသော မင်္ဂလာကိုလိုက်နာနိုင်ရုံနှင့်ပင် ဘဝတိုက်ပွဲတွင် ငါးဆယ် ရာခိုင်နှုန်းအောင်မြင်နေပြီဟု ဆိုနိုင်ပေသည်။

ကိုးကွယ်သောဆရာတော်တပါးက အမိန့် ရှိဘူးပါသည်။ လူတွေဟာလောကတွင်ကြီးပွားချမ်းသာ ချင်ကြလို့နည်းအမျိုးမျိုးနဲ့လုပ်ကိုင်နေကြတယ်။မင်္ဂလာတရားတော်လောက်ကောင်းတဲ့စာမျိုးမရေးနိုင်တဲ့ အကောင်တွေရဲ့ စာကိုလိုက်ပြီးလုပ်နေမဲ့အစား မင်္ဂလာတရားစာအတိုင်းသာ လိုက်နာနိုင်ကြရင် ယခုဘဝ တွင်သာမက နောင်ဘဝအတွက်ပါကြီးပွားချမ်းသာနိုင်ကြမယ်” ဟု မိန့်တော်မူဘူးပါသည်။ ထို့ကြောင့် ယခုဘဝနှင့် နောင်သံသရာအတွက်ပါ ဘဝအာမခံချက်ပေးနေသော မင်္ဂလာ တရားများကို လိုက်နာကျင့်သုံးနိုင်ကြပေရန် ဖေါ်ပြရခြင်းဖြစ်ပါသည်။

**မင်္ဂလာအမှတ် ၁။** ။အသေဝနာစဗာလနံ-လူမိုက်နှင့်မပေါင်းဖေါ်ခြင်းသည်မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လူမိုက်ဟူသည်မှာသူနှင့်တွေ့ကြုံဆုံဆည်းရသည့် သတ္တဝါ အပေါင်းကို ဆင်းရဲအောင် ပြုလုပ် ပြောဆို ကြံစည်သူ။ ထိုသူနှင့် မပေါင်းခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၂။** ။ပဏ္ဍိတာနဉ္စသေဝနာ-ပညာရှိ လူလိမ္မာအား ပေါင်းဖေါ် ဆည်းကပ် ခြင်းသည် မင်္ဂလာ မည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ။ပညာရှိလူလိမ္မာသည် မိမိနှင့် တွေ့ကြုံဆုံဆည်းရသော သတ္တဝါများအား ချမ်း

သာအောင် ပြုလုပ်ပြောဆိုကြစည်သူ။ ထိုသူနှင့် ပေါင်းသင်းရခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၃။** ။ပူဇာစပူဇနေယျာနံ– ပူဇော်ထိုက်သောသူတို့အား ပူဇော်ခြင်း၊ ရိုသေခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ပူဇော်ရိုသေထိုက်သူများမှာ မိဘ ဘိုးဖွား၊ ဆရာသမားများ၊ မိမိထက်အသက်ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူ၊ ပညာဉာဏ်ကြီးသူနှင့် သီလရှိသူများ ဖြစ်သည်။ ထိုသူများကို ပူဇော်ရိုသေခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၄။** ။**ပတိရူပ** ဒေသဝါသောစ – သင့်တင့်လျောက်ပတ်သောအရပ်၌ နေထိုင်ရခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ကုသိုလ်၊ ကျန်းမာ၊ ပညာ၊ ဥစ္စာနှင့် မိတ်ဆွေကောင်းများရရန်အလားအလာ အကောင်းဆုံးသော နေရာ၌ နေထိုင်ခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၅။** ။ပုဗ္ဗေစ ကတပုညတာ –ရှေးက ပြုခဲ့ဘူးသော ကောင်းမှု အ ထူး ရှိ ခြင်း သည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ဤမင်္ဂလာသည် ဘဝတွင်အထူးလိုအပ်သော မင်္ဂလာဖြစ်သည်။ လောကတွင် တင့်တောင့်တင့်တယ် ဖြစ်နေသူများကို ကြည့်ပါက လူနှစ်မျိုးနှစ်စား ရှိနေသည်ကို တွေ့ရသည်။ ၎င်းမှာ အရည်အချင်းရှိသောသူ

(Man of Quality)နှင့် ကံအခွင့်လမ်းကောင်းသူ ( Man-of Opportunity)ဟူ၍ နှစ်မျိုးရှိသည်။ အရည်အချင်းရှိ၍ မည်မျှပင် မိုးပျံအောင် တော်နေသော်လည်း မိမိ၏စွမ်းရည်ကို ပြနိုင်ရန် အခွင့်အလမ်း(ဝါ)ကံမပါရှိပါက ထိုသူသည် ကြီးပွား သင့်သလောက် မကြီးပွားနိုင်ဘဲ မြုပ်ကွယ်၍သွားကြသူများကို တွေ့ဘူးမြင်ဘူးကြပေမည်။

တဖန် အရည်အသွေး ရှိသင့်ရှိထိုက်သလောက်မရှိဘဲ ကြီးပွား နေသူများ၊ မပင်မပန်းဘဲ ထမင်းကောင်းစွာ စားနေရသူများ၊ ကြံစည်မှုတိုင်းတွင် ဉာဏ်အား၊ ဝိရိယအား သုံးသင့်သလောက် မသုံးရဘဲ အောင်မြင်မှုရနေသူများ၊ မမြော်လင့်ဘဲ စော်ကဲ ဖြစ် နေသူများကို ဆင်ခြင်ကြည့်ပါက ပုဗ္ဗေစကတပုညတာ – ရှေးက ပြုခဲ့ဘူးသော ကောင်းမှု အထူးရှိခြင်းသည် ဘဝတွင် မည်မျှ အရေးပါ အရာရောက်သည်ကို သိနိုင်ပေမည်။ အရည်အသွေးနှင့် အခွင့်အလမ်း နှစ်မျိုးစလုံး ဘက်စုံအောင် ပြည့်စုံပါက ကြီးပွားမှု ပိုမိုခိုင်မြဲသည်။ ထို့ကြောင့် နောင်ဘဝတွင် ယင်းမင်္ဂလာနှင့် ပြည့်စုံအောင် ယခုဘဝတွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန် သတိရှိကြဘို့ လိုပေသည်။

**မင်္ဂလာအမှတ်** ၆။ ။အတ္တသမ္မာပဏိဓိစ – ကိုယ်စိတ်နှစ်ပါး ကောင်းစွာထားခြင်း(ဝါ) စိတ်ကောင်း ထားခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ရှေးကပြုခဲ့ဘူးသော ကောင်းမှုကုသိုလ် နည်းခဲ့သော်လည်း ယခုဘဝတွင် ကိုယ် စိတ်နှစ်ပါး ကောင်းစွာထားခြင်း (ဝါ) စိတ်ကောင်းရှိခြင်း

မင်္ဂလာနှင့် ပြည့်စုံပါကလည်း ဘဝတွင် အဆင့်အတန်း မြင့်တက်လာနိုင်သည် ဟုလို၏။

**မင်္ဂလာအမှတ်** ၇။ ဗာဟုသစ္စဉ္စ – အပြစ်ကင်းစင်သော အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။မာကျောက်ဆွဲတတ်သော၊ကက်ဆွဲတတ်သော ဗဟုသုတနှင့် ပြည့်စုံခြင်းသည် မင်္ဂလာမဟုတ်ပါ။ အပြစ်ကင်းသော လောကီလောကုတ္တရာ ဗဟုသုတနှင့် ပြည့်စုံရမည် ဟုလိုသည်။

**မင်္ဂလာအမှတ်** ၈။ ။သိပ္ပဉ္စ – အပြစ်ကင်းစင်သော စက်မှု၊ လက်မှုအတတ်တို့ကို တတ်သိခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။စက်မှုလက်မှုအတတ်ပညာများကို တတ်ကျွမ်းသူများသည် မည်သည့်ခေတ်အခါ၌မဆို လွယ်ကူစွာ အသက်မွေးနိုင်ကြသဖြင့် ဒါနရေး၊ သီလရေး၊ ဘာဝနာရေးများကို ဆောင်ရွက်နိုင်ကြသဖြင့် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ်** ၉။ ။ဝိနယောစ သုသိက္ခိတော – လူ့ကျင့်ဝတ်များကို သင်ခြင်း ကျင့်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လူ့ကျင့်ဝတ်၊ လူ့ဝိနည်းဝတ္တရားများကို သင်ယူ လေ့ကျင့်ရမည် ဟုလို၏။

ဝိနည်းဟူသော အဓိပ္ပါယ်မှာ ကိုယ်နှုတ်နှစ်ပါးကို ဆုံးမရာ ဆုံးမကြောင်းဖြစ်သော တရားသည် ဝိနည်းတရားမည်၏။ တနည်း

အားဖြင့်ဆိုသော် သူ့ဘဝတွင် လူတိုင်း တွေ့ကြုံဆုံဆည်းရမည် ဖြစ်သော သားသမီးဘဝ၊ တပည့်ဘဝ၊ ဆရာဘဝ၊ မိဘ ဘဝ၊ အလုပ်ရှင်ဘဝ၊ အလုပ်သမားဘဝ၊ အိမ်နီးနားချင်းဘဝ၊ မိတ်ဆွေသင်္ဂဟဘဝ၊ ဆွေမျိုးသားချင်းဘဝ၊ စသည်ဖြင့် မိမိပါဝင် လုပ်ဆောင်ရမည့် ကဏ္ဍအသီးသီးတွင် ရှိအပ်သော လူ့ကျင့်ဝတ် ဝတ္တရားများကို သိရှိပြီး ကျေပြွန်စွာ လိုက်နာရမည်ဟုလိုသည်။

**မင်္ဂလာအမှတ် ၁၀။** ။သုဘာသိတာစယာဝါစာ - ဆိုသင့် ဆိုထိုက် ဟုတ်မှန်ကျိုးများသော စကား၊ ချိုသာယဉ်ကျေးသော စကားတို့သည် ကောင်းစွာဆိုအပ်သော စကားဖြစ်၍ မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လူ့လောကတွင် ထင်ထင် ပေါ်ပေါ် အောင်မြင် နိုင်ဘို့ အရေး၌ နှုတ်မှုပညာ တတ်ကျွမ်းရန် အရေးကြီးပေသည်။ အခြား အရည်အချင်းများ မည်မျှပင် ပြည့်စုံသော်လည်း စကား မပြောတတ်ပါက အရာ မရောက်နိုင်ပေ။ လူမှုဆက်ဆံရေး၌ ပြေပြေပြစ်ပြစ် ဆက်ဆံနိုင်ဘို့ အရေးတွင် စကားပြောဆိုတတ်ခြင်းသည် အမိက အရေးကြီးဆုံး ဖြစ်သည်။ ယခုခေတ်တွင် သာဝါးဖြန့်သန်း မြှောက်ပင့်ပြီး မိမိ အလိုပြည့်အောင် ပြောဆိုသွားတတ်သူများ ပေါလှသည်။ ထိုသူ များသည် စကားပြော ကောင်းသောကြောင့် သုဘာသိတာစ ယာဝါစာဟူသော မင်္ဂလာနှင့်ပြည့်စုံသူဟုထင်မှတ်တတ်ပေသည်။ ထိုသူများ၏စကားသည် ကောင်းစွာဆိုအပ်သော မင်္ဂလာနှင့်ပြည့် စုံသည့်စကားမဟုတ်ပါ။ စကားပြောကောင်းသော်လည်း တရား မပါသဖြင့် လူလေးစားသော စကား မဟုတ်ပါ။ ထို့ကြောင့်

ကောင်းစွာ ဆိုအပ်သော စကား၏ အင်္ဂါများကို သိရှိရန် လိုအပ်ပေသည်။ အကြင်စကားသည်ဟုတ်မှန်၏ အကျိုးရှိ၏။ သာယာနာလိုဘွယ်ရှိ၏၊ သူတပါး၏စိတ်ကို မပူပန်စေသောစကားလည်းဖြစ်၏၊ ချိန်းခြောက်ညှင်းဆဲသော စကားလည်းမဟုတ်၊ သာယာယဉ်ကျေးစွာလည်းပြောဆို၏၊ ပြောသင့် ပြောထိုက်သောအချိန်ကာလ၌လည်း ပြောဆို၏။ ထိုစကားသည် ကောင်းစွာဆိုသောစကားမည်၏။

**မင်္ဂလာအမှတ် ၁၁။** ။မာတာပိတု ဥပဋ္ဌာနံ–မိဘ နှစ်ပါးအား ရိုသေစွာ လုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။"သဒ္ဓိသံပါကဲဇနေတိ" ဟူသော တရားတော်အရ မိမိပြုလုပ်သမျှသော ကံတို့သည် တူသောအကျိုးကိုပေးသည်။ ထို့ကြောင့် အကြင် သူသည် သူ၏မိဘနှစ်ပါးအား ရိုသေကျိုးနွံစွာ ကျွေးမွေး ပြုစုမှုသာလျှင် ထိုသူ၏သားသမီးများကလည်း ထိုသူအားတဖန်ပြန်၍ ကျွေးမွေး ပြုစုခြင်းကို ခံရတတ်ပေသည်။ သံသရာ ခရီးသည် ကြမ်းတမ်းလှသဖြင့် အိုမင်းမစွမ်းဖြစ်သည့် အရွယ်၌ သားသမီးများ၏ စောင့်ရှောက်ခြင်းကို ခံရဘို့မှာ အရေးကြီးပေသည်။ မိမိကကိုယ့်မိဘကို ပြုစုစောင့်ရှောက်မှသာ မိမိသားသမီး များကလည်း မိမိကို ပြန်၍ စောင့်ရှောက်ပေလိမ့်မည်။

သတ္တနိပါတ် သောဏနန္ဒဇာတ်၌ ကျေးဇူးရှင်မိဘနှစ်ပါးအား ကျွေးမွေးခြင်း မပြုသောကြောင့် ရွှေ ငွေ ဘဏ္ဍာ ပစ္စည်းတို့သည် တနေ့တခြား ပျက်ပြား ဆုတ်ယုတ်၏။ သေသော အခါ

၌ အပါယ်ငရဲသို့ မုချမသွေ ရောက်ရလေ၏ဟု ဟောထားတော်မူသည်။ တဖန် "ဝသလ"သုတ်၌ မိဘ နှစ်ပါး ကျွေးမွေးခြင်းငှာ စွမ်းနိုင်ပါလျက် ကျွေးမွေးခြင်းမပြုသောသူကို သူယုတ်ဟုဟောထားတော်မူသည်။ ကျွေးမွေးနိုင်စွမ်းသူ ဆိုသည်မှာ ကိုယ်အင်္ဂါချို့တဲ့ခြင်းမရှိသူ၊ နာတာရှည်ရောဂါ မစွဲကပ်သူဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် ကျွေးမွေးနိုင်စွမ်းသူ ဟူသည်မှာ ကျန်းမာသန်စွမ်းသူကို ဆိုလိုသည်။ မိဘနှစ်ပါးသည် မိမိထက်ပစ္စည်းဥစ္စာချမ်းသာနေပါက ဆင်းရဲသူသားသမီးများ၏ ထောက်ပံ့မှုကို မလိုလားကြပေ။ သို့သော် ထိုသားသမီးတို့၏ ယုယကြင်နာမှု၊ အရေးတယူ ပြုစုမှုကို လိုလား နှစ်သက်ကြ၍ ဆင်းရဲသူသားသမီးများက ကိုယ်ထိလက်ရောက် ဝတ်ကြီးဝတ်ငယ် ပြုရပေမည်။

မိမိကမိဘနှစ်ပါးထက် ပစ္စည်းဥစ္စာ ကြွယ်ဝနေသူ ဖြစ်ပါက ပစ္စည်းဥစ္စာထောက်ပံ့ရုံနှင့် လုံလောက်သည်ဟု မယူဆသင့်ပေ။ တချို့ချမ်းသာနေသူသားသမီးများသည် မိဘနှစ်ပါးအား လစဉ်ငွေကြေးထောက်ပံ့ခြင်းဖြင့်ပြုစုနေသည်ဟု အထင် ရှိကြသည်။ မိဘနှစ်ပါးသည်ငွေကြေးထောက်ပံ့မှုထက် သားသမီးတို့၏ရိုသေစွာ ပူဇော်ခံရမှု၊ အရေးတယူဂရုစိုက်မှု၊ ကြင်နာစွာ ပြုစုခံရမှုတို့က စိတ်ကိုပို၍ချမ်းမြေ့စေနိုင်သဖြင့် ပစ္စည်းနှင့်သာမက ကိုယ်ဘိရင်ဘိ ပြုစုနိုင်ဘို့ကိုလည်း သတိရှိတော်မူကြပါကုန်။

**မင်္ဂလာအမှတ် ၁၂။** ။ပုတ္တဒါရဿသင်္ဂဟော-သား မယား တို့အားကောင်းစွာကျွေးမွေးပြုစုခြင်းသည်

မင်္ဂလာမည်၏၊

အခိပ္ပါယ်ဖွင့်ဆိုချက်။ ။လူသားတယောက်အဖို့ လူ့လောကတွင် မိမိနှင့်အရင်းနှီးဆုံး အားကိုး အားထား ပြု၍ နေထိုင် သွားရမည့်သူများမှာ ဇနီးမယားနှင့် သမီးသားတို့ ပင်ဖြစ်သည်။ အိမ်ထောင်စုတခုကိုမှ ကောင်းအောင် မထူထောင် နိုင်သောသူသည် မည်သည့်ပြည်သူ့ တာဝန်နှင့်မျှ ထိုက်တန်သူ မဟုတ်ပေ။ ယခုခေတ်တွင် မိန်းမများယူပြီးပစ်လိုက် သား သမီး များကိုလည်း မိမိနှင့်မဆိုင်သလို လျစ်လျူရှုထားကာ မိမိ၏ သာ ယာမှုတခုတို့သာကြည့်ပြီး စခမ်းသွားနေကြသော သူများသည် တကယ့် တကိုယ်ကောင်းသမားများသာ ဖြစ်သည်။

ထိုလူမျိုးသည် လူ့အဖွဲ့အစည်းကြီး တခု၏ အခြေခံ အုပ်ချုပ် တချပ်ဖြစ်သော အိမ်ထောင်စုကို ဖျက်ဆီး နေသလို လူ့အဖွဲ့ အစည်းကိုလည်း ဖျက်ဆီးနေသူများသာဖြစ်သည်။ အိမ်ထောင်စု သာယာမှ ကြီးပွားချမ်းသာနိုင်ပေသည်။ ဤမင်္ဂလာတရားသည် အိမ်ထောင်စုတခုအတွက်သာမဟုတ် အိမ်ထောင်စုများ စုပေါင်း ထားသည့် လူ့အဖွဲ့အစည်းကြီးတခုအတွက်လည်း အလွန်လိုအပ် သော မင်္ဂလာဖြစ်သည်။ မိမိအိမ်ထောင်စုအား တရားသဖြင့် စီး ပွားရှာဖွေ ကျွေးမွေးပြုစု ပျိုးထောင်သူများကို သိကြားမင်း ၄ခိုးကြောင်း ပါဠိတော်များတွင်ပါရှိသဖြင့် သိကြားမင်း ရှိခိုးရ လျှင် မုချမသွေ ကြီးပွား ချမ်းသာမည့်သူ ဖြစ်၍ ဤမင်္ဂလာနှင့် ပြည့်စုံအောင်ကျင့်ကြံအားထုတ်နိုင်ကြပါစေ။

**မင်္ဂလာအမှတ် ၁၃။** ။အနာကုလာစကမ္မန္တာ-အနှောင့် အယှက် မရှိအောင်၊ ရှုပ်ထွေး ပွေလီမှုမရှိအောင် ကောင်းသောအလုပ်များကို ပြုလုပ်ခြင်းသည်မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လောကတွင် ကြီးပွားချင်ကြ၍ အလုပ်များကို မနိုင်မနင်းတိုး၍လုပ်ကိုင်ကြခြင်းကြောင့် ဥပဒေကြောင်းအားဖြင့်လည်းကောင်း၊ လူမှုရေးကြောင်းအားဖြင့်လည်းကောင်း ရှုပ်ရှုပ် ထွေးထွေး ဖြစ်နေကြသူ များကို မျက်မှောက်တွင်တွေ့မြင်နေကြရသည်။ အလုပ်များကို အနှောက်အယှက်မရှိအောင်၊ ရှုပ်ထွေးပွေလီမှုမရှိအောင် ပြုလုပ်နိုင်မှသာ ကြီးပွားနိုင်မည်ဖြစ်ကြောင်း ဟောထားသောမင်္ဂလာဖြစ်သည်။

မင်္ဂလာအမှတ် ၁၄။ ။ဒါနဥ္စ – သဒ္ဒါကြည်ဖြူစွာ ပေးကမ်းလှူဒါန်းခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။"အို ငါ၏ချစ်သား ရဟန်းတို့၊ လူတို့သည် ငါဘုရားသိတော်မူသကဲ့သို့ ဒါန၏ အကျိုးအာနိသင်ကို ဝေဖန်ပိုင်းခြား၍ သိကြပါမူ မည်သူမျှ မလှူဒါန်းဘဲ စားသောက်ကြမည်မဟုတ်ပေ။ ထိုသူတို့၏စိတ်ကိုလည်း မပေးလို၊ မလှူလို၊ ဝန်တိုခြင်းစသော အညစ်အကြေးစိတ်တို့က ဆွဲငင်၍ ရနိုင်မည်မဟုတ်ချေ"ဟု ဗုဒ္ဓမြတ်စွာသည် ဟောတော်မူခဲ့သည်။ ဤသို့ဟောပြောချက်ကို ထောက်ခြင်းအားဖြင့် ဒါနသည်ကို သံသရာ၌မည်မျှအရေးပါသည်ကို ရိပ်စားမိနိုင်ပေမည်။

ယခု ပစ္စုပ္ပန်ဘဝ၌လည်း ဒါနဟူသော သဒ္ဒါကြည်ဖြူစွာ ပေးကမ်းစွန့်ကြဲလိုစိတ် ရှိသူများသာ ဘဝ၌ အောင်မြင်နေကြသူများဖြစ်ကြောင်း တွေ့နိုင်ပေသည်။ လူတဦးနှင့်တဦး ဆက်ဆံရာတွင် မိမိကသာ အနာခံမည်၊ အကုန်အကျခံမည်ဟူသော ဒါနစိတ် (ဝါ) သဒ္ဒါကြည်ဖြူစိတ်ရှိသူ၊ တနည်း၊ မိမိနှင့် တွေ့ကြုံဆုံဆည်းရသော ဒုက္ခရောက်နေသည့်သတ္တဝါများအပေါ်၌ ကူညီ

လိုသောစိတ် ရှိသူများသည် ချစ်ခင်သူပေါများခြင်းကြောင့် မိမိကြံစည်သမျှတို့တွင် ကူညီဆောင်ရွက်ပေးမည့်သူ ရှိလာခြင်းကြောင့် ဘဝတွင် အောင်မြင်မှုရနိုင်ပေသည်။

သဒ္ဓါကြည်ဖြူစွာ ပေးကမ်းချင်သော ဒါနစိတ်သဘောမှာ မိမိကိစ္စရှိက ပြီးမြောက်အောင် အာဏာရှိသူများအား မြှောက်ပင့်၍ ကြိုတင်ကာ အကုန်ခံ၊ အနှံ့အတာခံ၍ ပေါင်းသင်းထားသော စိတ်မျိုးနှင့်လည်း ကွာခြားသည်။ စားမည့်သူ အမွေခံသားသမီးများ မရှိသဖြင့် မစားရက်၊ မသောက်ရက် စုဆောင်းထားသော ပစ္စည်းများကို သေခါနီး၌ ပုံ၍လှူဒါန်းခြင်းမျိုးနှင့်လည်း ခြားနားသည်။ ဘုရားဒကာ၊ ကျောင်းဒကာ အခေါ်ခံလို၍ ဂုဏ်ပကာသနကို မှီးပြီး လှူဒါန်းသော အလှူမျိုးနှင့်လည်း မဆိုင်လှပါ။ လူအချင်းချင်း ပေါင်းတင်၍ စီးစီးပိုးပိုး ပေါင်းသင်းတတ်သော လူစားမျိုး၏ စိတ်နှင့် ဆန့်ကျင်ဘက်သွားသော စိတ်သဘောကိုဆောင်သည့်စိတ်မျိုး ဖြစ်သည်။ တနည်းအားဖြင့် လူတန်းစားမရွေးဘဲ ဒုက္ခရောက်နေသူများအား အကူအညီတောင်းလာပါက ပစ္စည်းအားဖြင့်၎င်း၊ မတတ်နိုင်ပါက ဝစီကံ၊ မနောကံတို့ဖြင့် ကူညီဆောင်မတတ်သော စိတ်ကောင်းရှိသူ၊ သဒ္ဓါတရား ရှိသူများ၏ စိတ်မျိုးနှင့် ဆိုင်သည်။

မင်္ဂလာအမှတ် ၁၅ ။ ။ဓမ္မစရိယာစ—ဘုရားကိုကျင့်ခြင်း၊တရားအတိုင်း လမ်းမှန်ကို ပြုလုပ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။အခြေခံအားဖြင့် တရားအတိုင်း လမ်းမှန်ပြုလုပ်ခြင်းသည် ဒုစရိုက်တရား ဆယ်

ပါးကို ရှောင်ကြဉ်၍ သုစရိုက်တရား ဆယ်ပါးကို ကျင့်ကြံခြင်းပင် ဖြစ်သည်။ (ဒု/သုစရိုက်ဆယ်ပါးကို စာအုပ်နောက်ဆုံးတွင် ဖော်ပြထားသည်။)

တရားကျင့်သောသူကို တရားသည် စင်စစ် ပြန်၍စောင့်ရှောက်တတ်၏၊ ကောင်းစွာကျင့်အပ်သော တရားသည် ချမ်းသာကို ဆောင်နိုင်၏။ ဤသည်ကား ကောင်းစွာကျင့်သောတရား၏ အကျိုးတည်း။ တရားကျင့်သောသူသည် ဒုဂ္ဂတိဘုံသို့ မရောက်ရာဟု ဟောထားတော်မူသောကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာရန် ဤမင်္ဂလာတရားကို ကျင့်ဆောင်ရန် လိုအပ်ပေသည်။

**မင်္ဂလာအမှတ် ၁၆။** ။ဉာတကာနဉ္စသင်္ဂဟော - ဆွေမျိုးသားချင်းတို့အား ထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။ဆွေမျိုးသားချင်းဟူသည် ဆွေ ၇ ဆက်မျိုး ၇-ဆက်အပြင် မိမိ၏လက်အောက်ခံ ငယ်သားများလည်း ဆွေမျိုးစာရင်းထဲတွင် ပါဝင်သည်။ ၎င်းတို့အား မည်ကဲ့သို့ ထောက်ပံ့ရမည်နည်း။ သင်္ဂဟတရားလေးပါးဖြင့် ထောက်ပံ့ရမည်။ သင်္ဂဟတရားလေးပါးမှာ— ၁။ ဒါန - ပေးကမ်းစွန့်ကြဲခြင်း။ ၂။ ချစ်ဖွယ်သောစကားကို ဆိုခြင်း။ ၃။ ၎င်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း။ ၄။ ကျေးသားရင်သား မခွဲခြားဘဲ မိမိနှင့် ထပ်တူထပ်မျှထား၍ ချီးမြှင့်ခြင်း၊ ဤသင်္ဂဟတရား လေးပါးဖြင့် ဆွေမျိုးသားချင်းတို့အား ထောက်ပံ့ရမည် ဟုဆိုသည်။

**မင်္ဂလာအမှတ် ၁၇။** ။အနဝဇ္ဇာနိကမ္မာနိ — လောကီ လောကုတ္တရာ၌ အပြစ်ကင်းသော အလုပ်များကို ပြုလုပ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။အရိပ်အာဝါသရရန် သစ်ပင်များစိုက်ပျိုးခြင်း၊ ကျန်းမာရေး လေ့ကျင့်ခြင်း၊ တံတား၊ လမ်း စသည်တို့ ပြုပြင်ခြင်း၊ ရပ်ကွက်၏ လူမှုရေးကိစ္စများကို ဆောင်ရွက်ပေးခြင်း စသော အကုသိုလ်အပြစ် ကင်းစင်သည့် အလုပ်များနှင့် အစိုးရမင်းတို့ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် မကင်းသည့် အလုပ်များနှင့် လူမှုထုံးတမ်းအစဉ်အလာအရ အပြစ်ဟုယူဆထားသည့် အလုပ်များမှ ကင်းသော ကောင်းသည့် အလုပ်များကို ပြုလုပ်ခြင်းသည် မင်္ဂလာမည်ပေသည်။

**မင်္ဂလာအမှတ် ၁၈။** ။အာရတီပါပါ — မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ပုထုဇဉ်လူသားဖြစ်၍ လူ့သဘာဝအလျောက် မကောင်းမှုတို့သည် လူ့အာရုံကို ပိုမို၍ဆွဲဆောင်နိုင်ရကား အတွေ့ကိုရှောင်နိုင်ဘို့ ခဲယဉ်းပေသည်။ ထို့ကြောင့် မကောင်းမှုအာရုံများနှင့် ထိပ်တိုက်မတွေ့ဆုံရအောင် ယင်းမကောင်းမှုများနှင့် တွေ့ဆုံရမည့်အရပ်၊ ဒေသ၊ ကာလ၊ အခါတို့နှင့် မတွေ့အောင် ရှောင်နေခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၁၉။** ။ဝိရတီပါပါ — မကောင်းမှုမှ အထူးရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း သည် အာရတိပါပါ - မင်္ဂလာအမှတ် ၁၈-ဖြစ်ပြီး၊ မကောင်းမှုနှင့် ထိပ်တိုက်တွေ့သည့်အခါ ကာယကံ မြောက်ရှောင်ကြဉ်ခြင်းသည် ဝိရတိပါပါ-အထူးရှောင်ကြဉ်ခြင်း မည်၏။ မကောင်းမှုနှင့်တွေ့သည့်အခါ စိတ်ကိုချုပ်တီးပြီး ရှောင် ကြဉ်ခြင်းသည် မင်္ဂလာမည်ပေသည်။

**မင်္ဂလာအမှတ် ၂၀။** ။မဇ္ဇပါနာ စ သံယမော—အရက် တသင်း ဘိန်းဘင်းကဇော်လှော်စာ ဆေးခြောက် မသောက်မစားခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ယခုခေတ် လူငယ်များသည် အရက် သောက်တတ်မှု၊ဆေးလိပ်သောက်တတ် မှုလူရည်လယ်သည်ဟု အထင်အမြင်မှားနေကြ သဖြင့် သူများ အထင်ကြီးအောင်အရက်သောက်ခြင်းမှစ၍ ပျက်စီးသွားသော လူငယ်များကို တွေ့မြင်ဘူးသည်။ ထို့ကြောင့် လူငယ်များ၏ လွဲ မှားနေသောအထင်ကို တိုင်းပြည်နှင့် အဝှမ်းအမြစ်ကလှန်ပစ်ရန် လိုသည်။ အရက်သောက်စားခြင်းကင်းမှ လူရည်လယ်၍ မင်္ဂလာ နှင့်ပြည့်စုံသူဟု အထင်ရောက်အောင်ပြုပြင်ရန်လိုသည်။

**မင်္ဂလာအမှတ် ၂၁။** ။အပ္ပမာဒေါ စ ဓမ္မေသု—ကုသိုလ် ကောင်း မှုပြုရန် မမေ့ခြင်းသည် မင်္ဂလာ မည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ဒါန၊ သီလ၊ ဘာဝနာ စသောကုသိုလ် ကောင်းမှုပြုရန် မမေ့လျော့ခြင်း၊ ၎င်း အပြင် မိမိကျရောက်ရာဘဝအဆင့်၌ ထမ်းဆောင်ရမည့် တာဝန် ဝတ္တရားများကိုလည်း မမေ့လျော့ဘဲ သတိရှိစွာဖြင့် ကျေပြွန်

စွာထမ်းဆောင်ခြင်းသည် မင်္ဂလာမည်၏။ သဂါထာဝဂ္ဂ သံယုတ်၌ မမေ့လျော့ခြင်း၏အကျိုးကိုအောက်ပါအတိုင်း ဟောထားတော်မူသည်။ မေ့လျော့ခြင်းမရှိ သတိနှင့် ပြည့်စုံသူအား အခါခပ်သိမ်းကောင်းမြတ်ခြင်းသည် ဖြစ်၏။ မေ့လျော့ခြင်း မရှိသတိနှင့် ပြည့်စုံသော သူသည် ချမ်းချမ်းသာသာကြီးပွားနိုင်၏၊ မေ့လျော့ခြင်းမရှိသတိနှင့်ပြည့်စုံသူအားနေ့စဉ်ရက်ဆက်နံနက် မိုးလင်းတိုင်းမြတ်သည့်ထက်မြတ်ခြင်းသည် ဖြစ်၏၊ ရန်သူမျိုးငါးပါးမှလည်း လွတ်မြောက်ရ၏" ဟု ဟောထားတော်မူသည်။

**မင်္ဂလာအမှတ် ၂၂။** ။ဂါရဝေါစ—ရိုသေ ထိုက်သော သူအား ရိုသေခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။မည်သူ့အား ရိုသေ ရမည် နည်း။ အနန္တော အနန္တ ငါးပါးဖြစ်သော ရတနာသုံးပါးနှင့်မိဘဆရာသမားများ၊ မိမိထက်ကြီးသော ဆွေမျိုးညာတကာများ၊ မိမိထက် ဂုဏ်အားဖြင့်ငင်း၊ အသက်အားဖြင့်ငင်း၊ ပညာအားဖြင့်ငင်း၊ ငင်းကြီးမြတ်သော ပုဂ္ဂိုလ်များကိုကိုယ်နှုတ်အမူအရာအားဖြင့် အရိုအသေ ပေးခြင်းသည် မင်္ဂလာမည်၏။

**မင်္ဂလာအမှတ် ၂၃။** ။နိဝါတောစ—မိမိကိုယ်ကိုနှိမ်ချခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝခြင်း၊ တန်ခိုးအာဏာရှိခြင်း၊ ရာထူး ဌာနန္တရရှိခြင်း၊ ပညာဉာဏ်ထက်မြက်ခြင်း၊ ဆွေမျိုးဂုဏ် ကြီးမြင့် ခြင်းစသော အကြောင်းတရားတို့သည်လူ၏စိတ်ကို ထောင်လွှားစေခြင်း ထကြွစေခြင်းများကို ဖြစ်စေသည်၊ ယင်းအကြောင်းများကြောင့်

မာနထောင်လွှားသဖြင့် ကိုယ်နှုတ်စိတ်အမူအရာတို့သည်ကြမ်းတမ်းခက်ထန်မှု ရှိလာသဖြင့် လူမှုဆက်ဆံရေး၌ အဆင်မပြေမှုများရှိလာတတ်သည်။လူမှုဆက်ဆံရေးညံ့လျှင်ဘဝ၌ အောင်မြင်မှုများမရနိုင်ပေ။ ထို့ကြောင့်နိဝါတ မင်္ဂလာသည် ဘဝ အောင်မြင်မှုအတွက်လိုအပ်သော မင်္ဂလာတပါးဖြစ်သည်။ ဤနေရာ၌နိဝါတမင်္ဂလာသည် မာနထောင်လွှားမှု "ဘဝင်မြင့်" မှုကိုအပြစ်ဆိုသောသဘောဖြစ်သည်။ "ဘဝင်နိမ့်" မှုကို ပြုရန် ပြဆိုမထားပေ၊ထို့ကြောင့်မိမိဘဝအဆင့်နှင့် လိုက်လျောညီထွေ ဝတ်စားဆင်ယင်မှု၊ပြောဆိုနေထိုင်မှုရှိရမည်ကိုလည်း သတိပြုရမည်။

**မင်္ဂလာအမှတ် ၂၄။** ။သန္တုဋ္ဌိစ—ရောင့်ရဲလွယ်ခြင်းသည်မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ပရိမ်လာဘ—လွန်ကဲသော လတ်ကားအာရောဂျ အနာရောဂါ ကင်းသော အဖြစ်တည်း၊ ပရမ်ဓနံ-လွန်ကဲသော ဉစ္စာကား သန္တုဋ္ဌိ-ရောင့်ရဲခြင်းတည်းဟုဖွင့်ဆိုထားသဖြင့်အစားအသောက်အနေအထိုင်၊အဝတ်အစား၊ ကာမဂုဏ်တို့၌ ရောင့်ရဲခြင်းသည် မင်္ဂလာမည်၏။ ရောင့်ရဲခြင်းသည် မင်္ဂလာဟုဆိုသဖြင့် မိမိ၏ဘဝအခြေအနေ တိုးတက်မှုအတွက် ဘာမှကြိုးစားအားထုတ်ခြင်း မရှိဘဲ ဖြစ်သလို ပစ်စလက်ခတ်နေထိုင်သွားရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဗုဒ္ဓမြတ်စွာသည် ဤကဲ့သို့နေထိုင်ခြင်းမျိုးကို ကဲ့ရဲ့တော်မူသည်။ မိမိ၏အလုပ်၌ အမှားမရှိအောင်သတိဖြင့် ကောင်းစွာ လုပ်ခြင်း။ ဉာဏ်စွမ်း၊ ဝီရိယ စွမ်းရှိသလောက်ကြိုးစားလုပ်ကိုင်သော်လည်း ထင်သလောက်အကျိုးပေးခြင်းမရှိသည့် အခါများ၌ စိတ်ဓါတ်ကျ၍ သောက

ရောက်ရန်မဟုတ်ဘဲ စိတ်ချမ်းသာမှုရှိရန် ရောင့်ရဲလွယ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

**မင်္ဂလာအမှတ် ၂၅။** ။ကတညုတာ-သူတထူး၏ ကျေးဇူးကိုသိတတ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လူ့လောက၌မည်သူတဦးတယောက်မျှ မည်သည့်အလုပ်တွင်မဆို မိမိတဦးတည်း စွမ်းရည်ဖြင့် လုပ်ကိုင်၍ မရနိုင်ချေ။ မည်မျှပင် စွမ်းရည် ထက်မြက်သူဖြစ်သော်လည်း မိမိ၏တပည့်လက်သား မိတ်ဆွေ သင်္ဂဟများ၏ အကူ အညီကိုယူ၍ လုပ်ဆောင်ရစမြဲပင် ဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းသဘောအရလူတိုင်းသည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသလိုနေထိုင်သွားကြရသည်မှာ လောကဓမ္မတာသဘောပင်ဖြစ်သည်။ဤသို့နေထိုင်သွားရင်းမိမိဘဝကိုအဆင့်မြင့်အောင် အကြံဉာဏ် အားဖြင့်ရင်း၊ ဝီရိယအားဖြင့်ရင်း၊ ကာယကံမြောက် အားဖြင့်ရင်း၊ကူညီကြသူကျေးဇူးရှင်များရှိကြပေသည်။ ထိုသူတို့အပေါ်အထူးဂရုပြု၍ ကျေးဇူးပြန်ဆပ်ရန်ကြိုးစားရမည်၊ ကျေးဇူးဟူသည် ကြွေးတင် သကဲ့သို့ဖြစ်ရာ ပြန်ဆပ်မှ ကျေသလို ကျေးဇူးကိုလည်း ပြန်ဆပ်မှကျေသည်။ကျေးဇူးကိုပြန်ဆပ်နိုင်ခွင့် မရ၍သော်၎င်း၊ပြန်မဆပ်နိုင်၍ သော်၎င်း ဖြစ်နေပါက ထိုသူသည် ငါ၏ကျေးဇူးရှင်ဖြစ်သည်ဟု အမြဲနှလုံးသွင်းခြင်း၊ ထိုသူ၏ကွယ်ရာ၌သူတပါးအားမိမိ၏ ကျေးဇူးရှင် ဖြစ်ကြောင်းကို အကြောင်းတိုက်ဆိုင်တိုင်း ချီးမွမ်းပြောဆိုခြင်း၊ မိမိ၏ကျေးဇူးရှင်အားအမြဲ သတိရ၍မေတ္တာပို့သခြင်းများပြုလုပ်မှသာ ကျေးဇူးခံသူအနေဖြင့် တာဝန်ကျေရာ ရောက်ပေမည်။

ကြီးပွားအောင်မြင်နေသူများကို စိစစ်ကြည့်ပါက များသော အားဖြင့် ကျေးဇူးတရားသိတတ်သူများဖြစ်ကြောင်း တွေ့ရသည်။ ကျေးဇူး ချေဖျက်တတ်သူ များသည် ကြီးပွားမှုလက်စ တုံးသူ များဖြစ်ကြောင်းတွေ့ရသည်၊ လူသားတို့သည်တဦးနှင့်တဦးအပြန် အလှန် မှီခိုအားအား၍သွားကြရသော သံသရာ ခရီးသည်များ သာဖြစ်သည်။ သူ့အကျိုးရှိလို့ သူလုပ်တာ၊ ငါ့အကျိုးရှိလို့ ငါ လုပ်တာ ဘယ်သူက ဘယ်သူကိုမှ ကျေးဇူးတင်စရာမလို ဟူသော ရှန့်တိုက်ပေးသည့် လောကကို ဖျက်ဆီးသော အမင်္ဂလာ ဝါဒမျိုး ခေါင်းထောင် မလာစေဘဲ မင်္ဂလာ ဝါဒများ ပေါ် ထွန်း လာ အောင် လူတိုင်းဝိုင်းဝန်းကြိုးစားသင့်ပေသည်။

**မင်္ဂလာအမှတ် ၂၆။** ကာလေနဓမ္မဿဝနံ—သင့်တင့် လျော်ကျ ပတ်သောအခါများ၌ သူတော်ကောင်း တရားတို့ကို ကြားနာရခြင်းသည် **မင်္ဂလာ**မည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။မိမိ၌ သောကဗျာပါဒစိတ် ပူပန်ရသော အခါများ၌၎င်း၊ ဆွေမျိုးများပျက်စီး၍ ပရိဒေဝမီး တောက်လောင်နေသောအခါများ၌၎င်း၊ ဒေါသစိတ် အားကြီး၍ သတ်ချင်ဖြတ်ချင် စိတ် များ ဖြစ် ပေါ် နေ သော အခါများ၌၎င်း၊ ကာမစိတ်အားကြီး၍နေသော အခါများ၌၎င်း ယင်းကဲ့သို့သောအချိန်အခါမျိုး၌ မကောင်းသည့်စိတ်ဓါတ်များ ပျောက်ကင်းသွားအောင် သူတော်ကောင်းများထံ ဆည်းကပ်၍ တရားနာသင့်သော အချိန်အခါဖြစ်သည်။ တရားဟောပြောမည့် ပုဂ္ဂိုလ်အဆင်သင့်မရှိပါလျှင် တရားသဘော ပါရှိသည့် ကျမ်းစာ များကို ဘတ်ခြင်း၊ သူတပါးဘတ်ရှုခန့်သည်ကို နားထောင်ခြင်း၊

တရားဟောအသံသွင်းတိတ်ခွေများကို နားထောင်ခြင်း စသော အလုပ်များသည် တရားနာခြင်း သဘောပင်ဖြစ်၍ မင်္ဂလာအလုပ် များပင်ဖြစ်ပါသည်။

မင်္ဂလာအမှတ် ၂၇။ ။ခန္တီ-သည်းခံခြင်းသည်မင်္ဂလာမည်၏။ အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။သည်းခံမှုသဘော အာ မျိုး မျိုး ရှိသည်။

၁–မိမိမနှစ်သက်သော ရာသီဥတုဒဏ်ကို ခံရသည့် အခါများ၌ သည်းခံနိုင်ခြင်း။ ၂–မိမိရောဂါ ဝေဒနာ ခံစားနေရသည့်အခါများ၌ သည်း ခံနိုင်ခြင်း။ ၃–ဆာလောင် မွတ်သိပ်သည့်အခါများ၌ သည်းခံနိုင်ခြင်း။ ၄–မိမိအားနိုင်ထက် စီးနင်း မတရားပြုလုပ်ပြောဆို ကြံစည်ခြင်းခံရသည့် အခါများ၌ သည် ခံနိုင်ခြင်းတို့ဖြစ်သည်။

ပုထုဇဉ်သဘောအရ မိမိအားမတော်မတရား စော်ကားမှုပြု ခြင်းခံရသည့်အခါများ၌ သည်းခံနိုင်ဘို့ခဲရင်းကြသည်။ မိမိထက် အင်အားကြီးသူက စော်ကားပါမူ ခန္တီ-မနိုင်၍ သည်းခံရခြင်း သည်လည်းကောင်းဟုဆိုကာ အောင့်သက်သက်နှင့် ခံပြင်းသော ဝေဒနာကို ခံစား၍ သည်းခံ လိုက်ရသည်။ မိမိနှင့် အင်အားတူ သို့မဟုတ် အင်အားနည်းသူဖြစ်ပါက ပြန်မလှန်နိုင်အောင် "တီး" လိုက်ချင်ကြသည်။ တချို့သောသူများ၏အယူအဆအရ သည်း ခံခြင်းသည် ကောင်းပါ၏၊ သို့သော် လူမိုက်အပေါ် သည်းခံခြင်း ကို တဖက်သားကညံ့ခြင်း၊ ကြောက်ခြင်းဟု ယူဆကာ ပို၍ပင် စော်ကား မော်ကား ပြုလုပ်လာမည်ဖြစ်၍ အရာရာ၌သည်းခံခြင်း သည် မကောင်းဟု ယူဆကြသည်။ ဤအယူအဆသည် မှန်သင့် သလောက်မှန်သည်။

ဤနေရာ၌ မိမိအပေါ်မတရားလုပ်ခြင်းအတွက် သည်းခံနေခြင်းသည် မိမိ၏အကျိုးစီးပွားမယုတ်လျှင် သည်းခံခြင်းကမြတ်၏။ မိမိအကျိုးစီးပွား ယုတ်လျှင် မတရားပြုလုပ်သူ လူမိုက်နှင့် ရန်တုံ့နှင်းရန်မဟုတ်ဘဲ အမျက်ဒေါသ မထွက်မူဘဲ ထိုလူမိုက်အား အကျိုးအကြောင်းပြ၍ နောင် ဤကဲ့သို့မလုပ်ရန်ပြုမူပြောဆိုရသည်။ သည်းခံခြင်းသည် စိတ်ကိုအောင်နိုင်ခြင်းပင်ဖြစ်ရာ သည်းခံနိုင်စွမ်းရှိသူသည် စိတ်ဘနိုဗ်း ထက်မြက်သူဖြစ်လာသည်၊ မကောင်းကြံစည်သူသည် ယင်းမကောင်းမှု၏အကြောင်းကြောင့် မကောင်းကျိုးများ ယခုဘဝတွင်ပင် ခံစားရပြီး ဒုက္ခရောက်သွားကြသည်မှာ ဒုနင့်ဒေးပင် ဖြစ်သည်။ ဤမင်္ဂလာသည် သာမန်အားဖြင့် စောင့်ထိန်းရန်ခဲယဉ်းသော်လည်း စောင့်ထိန်းနိုင်သည်နှင့်အမျှ အကျိုးရှိသောမင်္ဂလာဖြစ်ပါသည်။

**မင်္ဂလာအမှတ် ၂၈။** ။သောဝစဿတာ—ဆုံးမစကား၊ သတိပေးစကားများကို လိုက်နာခြင်း၊ နာယူလွယ်သူဖြစ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။မိမိအကျိုးကို လိုလား၍ မိမိလမ်းမှားသို့ ရောက်နေသည့်အခါများတွင် မိဘဆရာသမားများ၊ ဆွေမျိုး မိတ်ဆွေများက ဆုံးမသည့်အခါများ၌သော်၎င်း၊ သတိပေးသည့်အခါများ၌သော်၎င်း၊ ထိုသူများသည် မိမိအား ရွှေအိုးကြီးကို ဖေါ်ထုတ်ပေးသူကဲ့သို့ ကြည်ဖြူလေးမြတ်စွာဖြင့် ယင်းတို့ပေးသော ဆုံးမစကား၊ သတိပေးစကားများကို လိုက်နာဆောင်ရွက်ရမည်ဟုလိုသည်။

ယခုခေတ်အခါတွင် အသက် ၁၅ နှစ် ကျော်လွန် လာလျှင် သားသမီးများသည် မိဘ၏ဆုံးမခြင်းကို မနာခံချင် ကြတော့ပေ၊ ထို့ကြောင့်ပျက်စီးနေသော ကလေး လူငယ်များ ပေါများခြင်းသည် အံ့သြဘွယ်ရာ မဟုတ်တော့ချေ။

လူ့သဘာဝအားဖြင့် မိမိကသာ သူတပါးအပေါ်တွင်နည်းပေးလမ်းပြသွန်သင်ဆုံးမခြင်းများကိုသာ ပြုလုပ်လိုကြသည်။ သူတပါးက မိမိကိုလာ၍ ဆုံးမခြင်း၊ သတိပေးခြင်းများ ပြုလုပ်သည့်အခါ၌ မခံချင်တတ်ကြပေ။ "ကျွန်မြီးတို" တတ်ကြသည်၊ အထူးသဖြင့် ဂုဏ်သိရှိကြီးနေသူ ပစ္စည်းဥစ္စာ ချမ်းသာနေကြသူများသည် အမှားကိုပြုလုပ်နေသည့်အခါများ၌ ဆုံးမရန်၊ သတိပေးရန်ကိစ္စမှာ အလွန်ခဲယဉ်းလှသဖြင့် လောကတွင် အဖက်ဖက်မှ အချိုးကျနေသူ မရှိသလောက်ပင် ရှားလှပေသည်။

ဤမင်္ဂလာတရားသည် ယခုခေတ်၌ တာစားလျက်ရှိသောသူတပါး၏ဝေဖန်မှုကိုခံယူနိုင်ရေးပင်ဖြစ်သည်။ လူဟူသည်မှာအမှားများကိုအမြဲပြုလုပ်နေသူများဖြင့်ရာ မိမိအမှားပြုလုပ်သည့်အခါ၌ သတိပေးမည့်သူမရှိလျှင် သို့မဟုတ် သတိပေးသော်လည်းမလိုက်နာလျှင် ထိုသူများသည် အမှားကိုသာ ဆက်လုပ်နေကြဦးမည်ဖြစ်၍ တိုးတက်မှုရနိုင်မည့်လူစားမျိုး မဖြစ်နိုင်တော့ပေ။

ပုထုဇဉ်လူသားများသည် အလောင်းအလျာများကဲ့သို့ ပါရမီ ရင့်ကျက်သူများမဟုတ်၍ ဘက်စုံအပြစ်ကင်းသူများ မဖြစ်နိုင်သော်လည်း လူသားဟူသည် သေသည်အထိ ဘဝကပေးသော သင်ခန်းစာများကိုဆည်းပူးနေမှသာ တိုးတက်မှုရနိုင်ပေမည်။ ဤသို့သောသင်ခန်းစာများကိုရယူနိုင်ရန်နည်းလမ်းသည် သူတပါးတို့

မေတ္တာဖြင့် ပြောသောဆုံးမခြင်း၊ သတိပေးခြင်းများကို လိုက်နာနိုင်ယူရေးပင်ဖြစ်သည်။

ဆုံးမသတိပေးမည့် သူများသည် မိမိ၏ ဆုံးမမှု ထိရောက်အောင်မြင်ရန် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံပြီးမှသာ ဆုံးမမှုကို ပြုသင့်ပေသည်။

၁။ မသင့်လျော်ပတ်သည့်အခါ၌ မဆုံးမမူဘဲ သင့်တော်လျော်ပတ်သည့်အခါ၌သာ ဆုံးမခြင်း။

၂။ မဟုတ်မမှန်သောစကားကိုမသုံးဘဲ ဟုတ်မှန်သည့်စကားဖြင့်သာ ဆုံးမခြင်း။

၃။ ကြမ်းတမ်း ခက်ထန်သော စကားကိုမသုံးဘဲ သိမ်မွေ့သောစကားဖြင့်ဆုံးမခြင်း။

၄။ အကျိုးမရှိသောစကားကို ပယ်ရှား၍ အကျိုးရှိသောစကားဖြင့် ဆုံးမခြင်း။

၅။ အမျက်ဒေါသမပါဘဲ မေတ္တာဖြင့်ဆုံးမခြင်း။

ဤသို့မေတ္တာဖြင့် ဆုံးမသော် မလိုက်နာမှသာ ထိုသူများအပေါ်တွင်လျစ်လျူရှုသင့်ပေသည်။ မိမိပတ်ဝန်းကျင်တွင် အမှားပြုလုပ်နေသူများကို ဆုံးမခြင်း မပြုသူသည် မိမိဘဝနှင့်ဘုရားကို ကျော်ပြန့်အောင် မဆောင်ရွက်သူများဖြစ်၍ ဘုရားရှင် ကဲ့ရဲ့တော်မူသည်။ ထို့ကြောင့် သားသမီး မကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းဟူသောစကားစုတို့ပေါ်ထွက်လာခြင်းဖြစ်သည်ကိုသတိပြုသင့်သည်၊ မိဘဆရာဆွေမျိုး မိတ်သင်္ဂဟများ၏ ဆိုဆုံးမခြင်းကို မလိုက်နာ၍ ထိုပုဂ္ဂိုလ်များ၏ လျစ်လျူရှု

ခြင်းခံရသူသည် လူသတ်ခံရသကဲ့သို့ နစ်နာကြောင်း ဘုရားရှင် ဟောထားတော်မူသဖြင့် ဤကဲ့သို့ လျစ်လျူရှုခြင်း မခံရအောင် ဆုံးမ နာလွယ်သူဖြစ်ရန်လိုအပ်ပေသည်။

**မင်္ဂလာအမှတ် ၂၉။** ။သမဏာနဉ္စဒဿနံ– ရဟန်းသံဃာများ အား မကြာခဏဖူးမြင်ခြင်းသည် မင်္ဂလာ မည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။သီလနှင့် ပြည့်စုံသော ရဟန်းသံဃာ များအား မကြာခဏဖူးမြော်ရခြင်းအား ဖြင့် ဖူးမြော်သူတို့တွင် နှလုံးစိတ်ဝမ်း အေးချမ်းခြင်းကို ချက် ခြင်း ရရှိကြသည့်အပြင် ရဟန်းတော်များကလည်း မိမိတို့အား ဖူးမြော်လာကြသော ဒကာ၊ ဒကာမတို့အပေါ်၌ ရဟန်းဝတ္တရား ခြောက်ပါးဖြင့် ပြန်၍ ကျေးဇူးပြုကြသဖြင့် ထူးမြတ်သောအကျိုး များ ရရှိနိုင်သောကြောင့် မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၀။** ။ကာလေနဓမ္မသာကစ္ဆာ – သင့်လျော် သောအခါ၌ သူတော်ကောင်းများနှင့် တရားဆွေးနွေးခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။လူပုဂ္ဂိုလ်အချင်းချင်းသော်၎င်း၊ ရဟန်း သံဃာများ ဖြင့် သော် ၎င်း၊ မသိသေး သောတရားများကိုသိအောင်၊ နားလည်အောင် ဆွေးနွေးမေးမြန်း ခြင်း၊ မရှင်းလင်းသေးသော တရားများကို ရှင်းလင်းထင်ရှား အောင် ဆွေးနွေးမေးမြန်းခြင်းဖြင့် အမှားအမှန်ကို ခွဲခြားသိမြင် လာကာ အမှန်ကိုပြုလုပ်လာခြင်းကြောင့် ကောင်းကျိုးချမ်းသာ နှင့် တွေ့ကြုံရမည်ဖြစ်၍ မင်္ဂလာမည်ပါသည်။ လူပုဂ္ဂိုလ်အချင်း

ချင်း အပြစ်မရှိသော ဗဟုသုတဖြစ်စေမည့် လောကီပညာရစေသော သဘောတရားများကို ဆွေးနွေးခြင်းသည်လည်း မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၁။** ။တပေါစ – ချိုးခြံစွာကျင့်ကြံခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ဤမင်္ဂလာသည် ပုထုဇဉ်လူသားကို အဓိကထား၍ မိန့်ဆိုထားခြင်း မဟုတ်ပါ။ အရိယာသူတော်စင်များကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးစလုံးကို အကုသိုလ်မဖြစ်အောင် စောင့်ထိန်းရမည်ကို ဆိုလိုသည်။ တနည်းအားဖြင့် လောကီသဘောနှင့် ယှဉ်ဆလျှင်ကာမဂုဏ်အာရုံများကို အလွန်အမင်း ခံစားခြင်းမပြုဘဲ ချိုးခြံစွာ ကျင့်ကြံနေထိုင်ခြင်းသည် မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၂။** ။ဗြဟ္မစရိယဉ္စ – သူတော်သူမြတ်ကဲ့သို့ ကျင့်ကြံခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။ဤ မင်္ဂလာ သည် **လည်း** အထက်ပါ တပေါစ–မင်္ဂလာကဲ့သို့ ပုထုဇဉ်လူသားအား ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ အရိယာသူတော်စင်များနှင့် သက်ဆိုင်သော မေထုန်မှီဝဲခြင်းမှ ရှောင်ကြဉ်ရန် ဟောထားသော မင်္ဂလာဖြစ်ပါသည်။ တနည်းအားဖြင့် လောကီသဘောဖြင့် ချိန်ဆ၍ ယှဉ်လိုပါလျှင် မေထုန်မှီဝဲခြင်းကို အသက်နှင့် အချိန်အခါကို လိုက်၍ နေတတ်ပါလျှင် အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း စသောအကျိုးများရှိသဖြင့် မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၃။** ။အရိယသစ္စာနဒဿနံ – သစ္စာတရား လေးပါးကို သိမြင်ခြင်းသည် မင်္ဂလာ မည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ဤမင်္ဂလာသည်လည်းအထက်ပါမင်္ဂလာ ကဲ့ကို ပုထုဇဉ်လူသားကို ရည်ညွှန်း၍ ဟောထားခြင်းမဟုတ်ပါ။ အရိယာပုဂ္ဂိုလ်မြတ်များအတွက် ဖြစ်သည်။ အရိယာပုဂ္ဂိုလ်များကဲ့သို့ သစ္စာတရားကို ကိုယ်တိုင်သိမြင်ရန် မဖြစ်သော်လည်း သိမြင်ရန်ကြိုးစားခြင်း၊ စာသဘောကို သိမြင်၍ သဘောပေါက်အောင် ဆင်ခြင်နိုင်လျှင် မင်္ဂလာမည်ပါသည်၊

**မင်္ဂလာအမှတ် ၃၄။** ။နိဗ္ဗာနသစ္ဆိကရိယာစ–နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။ဤမင်္ဂလာသည်လည်း ပုထုဇဉ်လူသားကို ရည်ညွှန်းထားသောမင်္ဂလာ မဟုတ်ပါ။ အရိယာ သူတော်စင်များအတွက် ဖြစ်သည်။ သို့သော် လောကီလူသားအတွက် နိဗ္ဗာန်အာရုံကို ဆင်ခြင်နိုင်ပါက ကုသိုလ်မင်္ဂလာ ဖြစ်ပါသည်။

**မင်္ဂလာအမှတ် ၃၅။** ။နကမ္ပတိ–မတုန်လှုပ်ခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လူတိုင်းတွေ့ကြုံရမည်ဖြစ်သော လာဘ်ရခြင်း၊ မရခြင်း၊ အခြံအရံများခြင်း၊ နည်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဟူသော လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါတွင်

စိတ်မတုန်လှုပ်ခြင်းသည် မင်္ဂလာမည်၏။ ဤမင်္ဂလာသည် ဘုရား ရဟန္တာများသာ ရနိုင်သောမင်္ဂလာဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ရဟန္တာမဖြစ်သေးသမျှ လောကဓံတရားနှင့် တွေ့ကြုံလျှင် အနည်းနှင့်အများ စိတ်တုန်လှုပ်မှုရှိကြခြင်းကြောင့် ဖြစ်သည်။

ပုထုဇဉ်လူသားအတွက်ဆိုပါက အကောင်းလောကဓံလေးပါးနှင့် တွေ့ကြုံရသည့်အခါများ၌ ဘဝင်မြင့်၍ အောက်ခြေလွတ်မသွားရန်နှင့်၊ မကောင်းလောကဓံလေးပါးနှင့် တွေ့ကြုံသည့်အခါများတွင်လည်း စိတ်ဓါတ်ကျ၍ ဦးခေါင်းစိုက်မသွားရန် အရေးကြီးပေသည်။ ပုထုဇဉ်လူသားအဖို့ အကောင်းအဆိုးနှင့် တွေ့ကြုံသည့်အခါတွင် စိတ်တုန်လှုပ်မှုရှိမည်ဖြစ်သော်လည်း ယင်းတုန်လှုပ်မှုဘဝင် အတက်အကျဒီဂရီကို နည်းနိုင်သမျှနည်းအောင်ထားရှိနိုင်ခြင်းသည် မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၆။** ။အသောကံ–စိုးရိမ်ကြောင့်ကြ မရှိခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။လူတိုင်းတွေ့ကြုံရမည်ဖြစ်သော လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရမည့်အခါများ၌ စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိခြင်းသည် မင်္ဂလာမည်ပါသည်။ ဤမင်္ဂလာသည် ဘုရားရဟန္တာများသာ ရနိုင်သော်လည်း ပုထုဇဉ်လူသားအနေဖြင့် စိုးရိမ်ကြောင့်ကြမှု နည်းအောင်ထားနိုင်ခြင်းသည် မင်္ဂလာမည်ပါသည်။ သောကဟူသော စိုးရိမ်ကြောင့်ကြ ပူပန်ရသောအမှုသည် သားမယား ဆွေမျိုးများ ပျက်စီးသည့်အခါများ၌သော်၎င်း၊ ပစ္စည်းဥစ္စာ အခြွေအရံများ

ဆိုးပါးသွားသည့်အခါများ၌သော်၎င်း ပို၍ဖြစ်တတ်သည်။ ယင်းအခါများ၌ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် စိုးရိမ်ဗျာပါဒနည်းအောင်နေနိုင်ခြင်းသည် မင်္ဂလာမည်ပါသည်။

**မင်္ဂလာအမှတ် ၃၇။** ဝိရဇံ–ရာဂ၊ ဒေါသ၊ မောဟ မရှိခြင်းသည် မင်္ဂလာမည်၏။

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။လောကဓံတရားရှစ်ပါးနှင့်တွေ့ကြုံသည့်အခါများ၌ ရာဂတပ်မက်ခြင်း၊ ဒေါသကြမ်းတမ်းခက်ထန်ခြင်း၊ မောဟ တွေဝေမိုက်မဲခြင်းများကြောင့်အမှားကို အမှန်ထင်ခြင်းသဘောတို့ မဖြစ်ပေါ်အောင် နေနိုင်ခြင်းသည် မင်္ဂလာမည်ပါသည်။ ယင်းမင်္ဂလာကို ဘုရားရဟန္တာများသာ ရနိုင်သော်လည်း ပုထုဇဉ်လူသားအနေဖြင့် လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါတွင် စိတ်ဂယောင်ခြောက်ခြားဖြစ်သွားအောင် တပ်မက်မှုလွန်ကဲခြင်း၊ ဒေါသဖြစ်မှုလွန်ကဲခြင်း၊မောဟမိုက်မှားမှု လွန်ကဲခြင်းများ မဖြစ်အောင်၊ ဖြစ်လျှင်လည်း ခဏတာမျှသာ ကိမ်းဝပ်အောင် နေနိုင်ခြင်းသည် မင်္ဂလာမည်သည်။

**မင်္ဂလာအမှတ် ၃၈။** ခေမံ–ဘေးမရှိခြင်းသည် မင်္ဂလာမည်၏။

အဓိပ္ပါယ်ဖွင့်ဆိုချက်။ ။လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံသည့်အခါ၌ ဘေးမရှိခြင်းသည် မင်္ဂလာမည်၏။ ယင်းမင်္ဂလာကိုလည်း ရဟန္တာများသာ ရနိုင်သည်။ ပုထုဇဉ်လူသားအဖို့ ဘေးမရှိအောင် နေတတ်လျှင်ပင် မင်္ဂလာမည်ပါသည်။

နောက်ဆုံးဂါထာဖြစ်သော "ဖုဋ္ဌဿ" ပါဒသည် ပုထုဇဉ် လူသားတို့အား လောကဓံတရားနှင့် တွေ့ကြုံသည့်အခါတွင် မည်ကဲ့သို့ ခံယူရမည်၊ တုံ့ပြန်ရမည်ကို ပြဆိုထားသော ဂါထာဖြစ်သည်။ ယင်းလောကဓံတို့နှင့် တွေ့ကြုံသည့်အခါများတွင် အရမ်းကာရော စိတ်တုန်လှုပ်မှုမဖြစ်စေရန်၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ မများစေရန်၊ လောဘ၊ ဒေါသ၊ မောဟ မကြီးထွားစေရန်နှင့် ဘေးရန်မရှိအောင် နေထိုင်တတ်စေရန် ညွှန်ပြထားခြင်း ဖြစ်သည်။

လောကဓံတရားရှစ်ပါး သဘောမှာ မမျှော်လင့်ဘဲ ချက်ခြင်း ချမ်းသာလာမှု၊ သို့မဟုတ် ချက်ခြင်း ဆင်းရဲဒုက္ခရောက်သွားမှု လောကဓံနှင့် ကြုံရသည်ဟု မထင်မှတ်စေလိုပါ။ လူတိုင်းလူတိုင်းသည် နေ့စဉ် လောကဓံတရားနှင့် တွေ့ကြုံနေရသည်ဟု ခံယူရမည်။ ပုံစံအားဖြင့် ပြရသော် နေ့စဉ်တွေ့ကြုံနေရသော စိတ်မကျေနပ်မှုကလေးများ၊ စိတ်သဘောမကျမှုကလေးများ၊ စိတ်ဇနောင့်ဇနင်း ဖြစ်နေမှုများ၊ ဝမ်းသာစရာ ကောင်းသောသတင်းများ၊ စိတ်ချမ်းမြေ့စေသော ဖြစ်ရပ်များတို့သည် လူတိုင်းနေ့စဉ် တွေ့ကြုံနေရသော လောကဓံ အသေးစားများပင်ဖြစ်ရာ ယင်းလောကဓံကလေးများနှင့် တွေ့ကြုံရသည့်အခါ၌ တချို့လူများသည် စိတ်ပုံသဏ္ဌာန် ပျက်သွားတတ်ကြသည်။ ထိုလူမျိုး၏ စိတ်သဘောသည် စိတ်ပြောင်းလဲသည့်အလိုက် ၎င်း၏ အခြေခံစိတ်နှင့် အမူအရာအမျိုးမျိုးပြောင်းနေသူများ (Moody Person) ဖြစ်၍ ပေါင်းရသင်းရ၊ အတူတွဲဘက်အလုပ်၊ လုပ်ကိုင်ရန် ခက်သော လူမျိုးစားဖြစ်သည်။ ကြီးပွားမှုနှင့် ဂဏ္ဍကောဇ ဖြင့်သော စိတ်

ထားဖြစ်၍ မလိုလားအပ်ပေ။ လူတိုင်းသည် နေ့စဉ်တွေ့ကြုံနေရသည့် လောကဓံ တရားများကို အထက်တွင် ဖော်ပြထားသည့်အတိုင်း စိတ်ပုံသဏ္ဍာန်ပျက်မသွားအောင်၊ အသင့်အတင့် နှလုံးသွင်းတတ်အောင်၊ ခံယူတတ်အောင်၊ တုံ့ပြန် တတ်အောင် နေနိုင်ရေးသည် မင်္ဂလာမည်ပါသည်။

မင်္ဂလာတရားသည် ဘဝအောင်မြင်မှု၏ အခြေခံ တရားများပင်ဖြစ်ရာ ကလေးလူငယ်များအား ငယ်ရွယ်စဉ်ကပင် စ၍ သင်ကြားပေးသင့်ပါသည်။ ထို့ကြောင့် အိမ်ရှိ ကလေး လူငယ်များအတွက် ဘာတ်သို၍ ကောင်းပြီး မှတ်၍ လွယ်ကူသော ဆရာဒဂုန်ဦးထွန်းမြင့်စပ်ဆိုထားသော အလွန်ထင်ရှားသည့် မင်္ဂလာ ကဗျာများကို ဖော်ပြပြီးနိဂုံးချုပ်အပ်ပါသည်။

## "အသေဝနာစဗာလာနံ"

၁။ လူမိုက်ဆိုလျှင်ရှောင်သွေလဲ့လို့
မမှီဝဲနှင့်ကင်းအောင်နေ၊
ပညာရှိကိုအရှည်တွဲလို့
မှီဝဲဆည်းကပ်နည်းယူစေ၊
သုံးပါးရတနာမိဘများနှင့်
ဆရာသမားကိုပူဇော်လေ၊
ချမ်းသာကိုပေးဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## "ပဋိရူပ"

၂။ ကုသိုလ်ပညာဥစ္စာရတို့
သင့်ရာဒေသမြဲနေ၊
ရှေးကကြိုတင်ပြုခဲ့ဘူးသည့်
ကောင်းမှုအထူးရှိပါစေ၊

မိမိကိုယ်ကိုကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ဆောက်တည်လေ၊
ဥစ္စာကိုပေးနေထိုင်ရေး
မြှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"ဗာဟုသစ္စဥ"

၃။ တတ်ကောင်းတတ်ရာဟူသမျှကို
ကြားမြင်သုတရှိပါစေ၊
အိုးအိမ်တည်ထောင်ဝမ်းစာရေးနဲ့
အသက်မွေးဘို့အတတ်သင်လေ၊
လူနှင့်ဆိုင်ရာကျင့်ဝတ်များကို
ကောင်းစွာသင်ကြားနားလည်စေ၊
မှန်ကန်ယဉ်ကျေးချိုသာအေး
ဆိုရေးတတ်ပါစေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"မာတာပိတု"

၄။ မြင့်မိုရ်ရွှေတောင်မိဘကြွေးကို
ကောင်းစွာဆပ်ပေးဝတ်ကျေကျေ၊
ကြွေးသစ်ချကာသားနှင့်မယား
မြှောက်စားချီးမြှင့်ဝတ်ကုန်စေ၊
အလုပ်တာဝန်မလစ်ဟင်းနဲ့

အပြစ်ကင်းအောင်လုပ်ပါလေ၊
စည်းစိမ်ကိုပေးပြုစုရေး
မြှော်တွေးသုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"ဒါန"

၃။ သုံးတန်စေတနာပြုစင်လန်းလို့
ပေးကမ်းဝေမျှလှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံမိုက်မှားနဲ့
သုစရိုက်တရားကိုကျင့်ပါလေ၊
ဆွေမျိုးတွေကိုပြင်ပမထားနဲ့
သင်္ဂဟတရားနှင့်ချီးမြှောက်လေ၊
သန့်စင်ပြစ်မျိုးလူထုအကျိုး
သည်ပိုးရွက်ဆောင်စေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"အာရတိဝိရတိ"

၄။ မကောင်းမှုတွေဟူသမျှကို
မတွေ့ခင်ကရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင်မလွန့်ကျူးနဲ့
အထူးသဖြင့်စောင့်စည်းနေ၊
အရက်သေစာမသောက်စားနဲ့
မှောက်မှားဘတ်တဲ့အရာပေ၊

လုပ်ကိုင်ပြောကြားသတိထား
တရားမမေ့စေ၊
အဲဒါမှ"ဗုဒ္ဓဝါဒ"ကမင်္ဂလာတွေ။

"ဂါရဝေါ စ"

၇။ အသက်ဂုဏ်ဝါကိုယ့်ထက်ကြီးက
ဆည်းကပ်ခစားရိုသေသေ၊
မာနတံခွန်ဂုဏ်မကြွနဲ့
ကိုယ့်ကိုနှိမ့်ချအမြဲနေ၊
လောဘအပိုလိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဘူးသူ့ကျေးဇူး
အထူးသိတတ်စေ၊
ကောင်းကျိုးဆင့်ပွားမြတ်တရား
နာကြားမပြတ်ပေ၊
အဲဒါမှ"ဗုဒ္ဓဝါဒ"ကမင်္ဂလာတွေ။

"ခန္တီ စ"

၈။ ဝတ်စားနေထိုင်ရန်ခပ်သိမ်း၌
စိတ်ကိုချုပ်ထိန်းသည်းခံလေ၊
ကျိုးကြောင်းပြည့်ဆုံးမစကားကို
ပြောကြားလာကနာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို

မကြာခဏတွေ့ဆုံလေ၊
သဘာဝတွေးမှန်ကန်ရေး
ဆွေးနွေးမပြတ်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## "တပေါစ"

၉။ လောကီအာရုံဇိမ်ယစ်မူးလို့
ပျော်မကြူးနဲ့ ခြိုးခြံလေ၊
မေတ္တာ–ဗြဟ္မစိုရ်လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး ယှဉ်းမသွေ၊
လေးပါးသစ္စာဉာဏ်မြင်ကြည့်လို့
အမှန်သိအောင်ကြိုးစားလေ၊
ဒုက္ခသုတ်ကင်းနိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်ခဲ့ပါ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## "ဖုဋ္ဌဿ"

၁၀။ ဆင်းရဲချမ်းသာ သဘာဝမို့
တွေ့ကြုံနေကြလူတိုင်းပေ၊
ကောင်းဆိုးနှစ်တန်အစုံတွဲလို့
တလဲစီလှဲ့အမြဲနေ၊
လောကဓံကြုံ မဖြုန်တမ်းပေါ့
မတုန်စမ်းနဲ့စိတ်ခိုင်စေ၊

သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ၊
အဲဒါမှ "ဗုဒ္ဓါဒ"ကမ္ဘာ့မင်္ဂလာတွေ။

"မင်္ဂလာ၏ အကျိုး"

၁၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံးပန်သူတွေ၊
စီးပွားချမ်းသာ ကြက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးရန်ကင်းကွာချစ်သူပေါလို့
စိတ်ရောကိုယ်ရောချမ်းသာမလေ၊
ပြောဆိုကြံဆဆောင်သမျှ
အောင်ရမည်ကိန်းသေ၊
အဲဒါကြောင့် ပန်ကြဆင်ကြ
"မင်္ဂလာ့ ပန်းခိုင်"တွေ

"နိဂုံး ကဗျာ"

၁၂။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ၊
ဟိုတိုင်းဒီပြည်ရန်စစ်ခင်းလို့
လူနှင့်လူချင်းသတ်ခါနေ၊
ငြိမ်းချမ်းပါစေအာသီသနဲ့
စွမ်းနိုင်ရာကူညီသလေ၊

သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား

ရေးသားဖြန့်ကာဝေ၊

အဖိုးတန်တဲ့ “ဗုဒ္ဓဝါဒ” ကမ္ဘာ့က သိပါစေ။

## ကိုးကားသော ကျမ်းများ။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရစံကျောင်းဆရာတော်ဘုရားကြီးရေးသားတော်မူသော-

၁။ ကြွယ်ဝချမ်းသာရေး လက်စွဲခေါ်သမ္ဗဒါဖွင့်- အကျယ်ကျမ်း။

၂။ ကံဥာဏ်ဝိနိစ္ဆယအကျယ်လက်စွဲကျမ်း။

၃။ အပရိဟာနိယအဖွင့်ခေါ် တိုးတက် ကြီးပွား ချမ်းသာရေးကျမ်း။

၄။ မင်္ဂလာအဖွင့်အကျယ်လက်စွဲကျမ်း။

၅။ မေတ္တာအဖွင့်အကျယ်လက်စွဲကျမ်း။

၆။ ဂိဟိဝိနယစာတမ်း-လူ့ကျင့်ဝတ်(ဟံသာဝတီ)။

၇။ လူတို့ဝိနည်းခေါ် အပရိယာနိယဆုံးမစာ။

၈။ လောကနီတိအဖွင့် အကျယ်လက်စွဲကျမ်း(ပထမတွဲ)

၉။ ဋ္ဌင်း (ဒုတိယတွဲ)
၁၀။ ဋ္ဌင်း (တတိယတွဲ)

ဒုတိယတွဲနှင့် တတိယတွဲ မှာ ဆရာတော်ဘုရားကြီး၏ တပည့် အရှင်ဘဒ္ဒန္တ ဇောတ ဆက်ရေးပါသည်။

၁၁။ အရှင်ဇနကာဘိဝံသ ဆရာတော် ရေးသားတော်မူသော ကိုယ်ကျင့်အဘိဓမ္မာ။

၁၂။ ဋ္ဌင်း ရဘနှင့်ဂုဏ်ရည်။

၁၃။ ဋ္ဌင်း အမြင်မှန်ဂလသုတ်။

၁၄။ ဋ္ဌင်း ဘာသာဝေသွား။

၁၅။ ဋ္ဌင်း အနန္တဂုဏ် သဘောနှင့်ဒေသနာ

၁၆။ ဆရာဦးထက်ဝေ၏ မေတ္တာသုတ်အဖွင့်ကျမ်း

၁၇ လယ်တီဆရာတော်ဘုရားကြီးရေးတော်မူသော [illegible]
မဟာရဟန္တာ ဒီပနီ နှင့်
လယ်တီ [illegible]။

၁၈။ ဋ္ဌင်း ဗောဓိပက္ခိယဒီပနီ။

၁၉။ ဦးဘိုးလင်းပြန်ဆိုသော အာဒေသကကျောက်စာများ

၂၀။ အရှင် အဂ္ဂဓမ္မရေး လူ့ကျင့်ဝတ်။

၂၁။ အရှင်ပဏ္ဍိစာထေရ်ရေး ပရာဘဝသုတ်မြန်မာဋ္ဌကာ။

၂၂။ စစ်ကိုင်းတောင်ရိုးအရှင် သာသနရေး-ဝိဇ္ဇာစရဏ ပါရဂူ ကျမ်း။

၂၃။ ဓမ္မာစရိယ ဦးတင်မြင့်ရေး ပရိတ်ကြီး ပါဠိမြန်မာပြန်။

၂၄။ ဗုဒ္ဓသာသနာ့အဖွဲ့မှထုတ်ဝေသော သုတ္တန် ဒေသနာ မြန်မာပြန်များ။

၂၅။ ၎င်း ဟိတောပဒေသ မြန်မာပြန်။

၂၆။ ၎င်း မိလိန္ဒပဉှာ မြန်မာပြန်။

၂၇။ ၎င်း ဓမ္မပဒပါဠိတော်မြန်မာပြန်။

၂၈။ ငါးရာ့ငါးဆယ်ဇာတ်တော်များ။

၂၉။ မြန်မာနိုင်ငံသုတေသန အသင်းမှ ထုတ်ဝေသောရာဇဝေါဒကျမ်း (ပထမပိုင်း)

၃၀။ ဦးသိန်းမောင်ရေး-သုံးဆယ့်ရှစ်ဖြာ မင်္ဂလာပေါင်းချုပ်။

၃၁။ ဉူးသီဟာဗလရေးသားသော ပိဋကာလမ်းညွှန် (ပထမတွဲနှင့် ဒုတိယတွဲ)

၃၂။ ဉူးသီဟာဗလ ရေးသားသော ကမ္မဿကတာ ဥာဏ်အလင်းပြကျမ်း။

၃၃။ မန်လည် ဆရာတော်ကြီး ရေးသား မှုသော မဃဒေဝ လင်္ကာသစ်။

၀ ၀ ၀

## ဒုစရိုက်ဆယ်ပါး။

### ကာယ ဒုစရိုက် သုံးပါး။

၁။ သက်ရှိသတ္တဝါကိုသတ်ခြင်း။
၂။ သူတပါးပစ္စည်းကိုမပေးဘဲယူခြင်း၊
၃။ မကျူးလွန်ထိုက်သော မိန်းမ၊ ယောကျ်ားတို့၌ လွန်ခြင်း။

### ဝစီ ဒုစရိုက် လေးပါး။

၄။ မမှန်သော စကားပြောဆိုခြင်း။
၅။ ကုန်းချောခြင်း။
၆။ ကြမ်းတမ်းစွာပြောဆိုခြင်း။
၇။ အဖျင်းစကားပြောဆိုခြင်း။

### မနော ဒုစရိုက်သုံးပါး။

၈။ သူ့ ဥစ္စာကို မိမိဥစ္စာဖြစ်စေလို၍ကြံခြင်း
၉။ သူတပါးကိုပျက်စီးစေလိုခြင်း။
၁၀။ မှားသော အယူရှိခြင်း။

ဝ ဝ ဝ

## သုစရိုက်ဆယ်ပါး။

### ကာယသုစရိုက် သုံးပါး။

၁။ သတ္တဝါကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၂။ သူတပါးပစ္စည်းကို မပေးဘဲ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။
၃။ မကျူးလွန်ထိုက်သော ယောကျ်ား၊ မိန်းမကို ကျူးလွန်ခြင်းမှရှောင်ကြဉ်ခြင်း။

### ဝစီသုစရိုက် လေးပါး။

၄။ မမှန်စကားပြောမှုမှရှောင်ကြဉ်ခြင်း။
၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း။
၆။ ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။
၇။ အဖျင်း ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

### မနော သုစရိုက်သုံးပါး။

၈။ သူ့ဥစ္စာကိုကိုယ့်ဥစ္စာဖြစ်စေလိုမှုမှရှောင်ကြဉ်ခြင်း
၉။ သူတပါးကို ပျက်စီးစေလိုမှုမှ ရှောင်ကြဉ်ခြင်း။
၁၀။ မှားသော အယူရှိခြင်းမှ ရှောင်ကြဉ်ခြင်း။

၁၉၇၄-ခုနှစ် အမျိုးသားစာပေ (ဘာသာပြန်) ဆုရသော

**ဆရာထင်လင်း** ၏ မြန်မာပြန်

နိုဘယ်စာပေဆုရှင် ကဗျာဆရာနှင့် စာရေးဆရာကြီး

ရှုဒယတ်-ကစ်ပလင် ၏

# မောဂလီ

(တောဟောဝန် ဇာတ်လမ်းများ) တန်ဘိုး ၉-ကျပ်

အုပ်ရေ အနည်းငယ် ကျန်သေးသည်။

ဤတောဟောဝန် ဇာတ်လမ်းများကို တယောက်ယောက်က အခန်းထဲ၌ ကလေးများအဖို့ ဖတ်ပြသည့်အခါ စိပ်ပုတီး စိပ်နေသော အဖိုးကြီးလည်း လက်များလှုပ်မြဲ လှုပ်နေပေမင့် နှုတ်ခမ်းများ အလှူ့ခံရပဲသွားပြီး ပုံဖတ်နေသူ ဘက်သို့ နားစွင့် နေတတ်သည်။ အဘွား ကြီးကလည်း မယောင်မလည်နှင့် ပုံပြောရာနှင့် မလှုမ်းမကမ်း၌လာ၍ထိုင်ရင်းနားထောင်တတ်သည်။ ထမင်းပွဲသိမ်းလက်စ တူမကလည်း ပုံပြောသည့် ဝိုင်းနှင့်နီးသည့်ဘက်က ထမင်းစားပွဲခုန်းတွင် **ဟို**ဟာကိုင်ယောင်သည်ဟာကိုင်ယောင်နှင့်

တစေ့ တစောင်း ပုံနှာ:ထောင် နေတတ်သည်။ တံမြက်လှည်း နေသော အိမ်ဖော်မကလေးကလည်း ပုံပြောသည့်နေရာ တဝိုက်၌ အမှိုက်သရိုက် တမှုန်မှ မရှိဘဲနှင့် ထိုနေရာ တဝိုက်တွင်သာ ပတ်ချာလှည့်ပြီး လှည်းရင်း ပုံနှာ:ထောင် နေတတ်သည်။ကလေး ထိန်းသည့် သူငယ်မကလေးများကလည်း ပုံပြောသည့် စိုင်းထဲမှ ကလေးအား အင်္ကျီလာလဲပေးသလို ပါးစပ် လာသုတ်ပေးသလို ဖြင့် ကလေးကို ပေါင်ပေါ်တင်ကာ ပုံပြောစိုင်းတွင် ထိုင်တတ် ကြသည်။ အပြင်ထွက်ရန် အဝတ်အစား လဲလှယ်ပြီး ဖြစ်သော ကလေးအမေများက ပုံပြောဝိုင်းနားက ရုတ်တရက် မထကြသ ဖြင့် အောက်က ကားပေါ်သို့ ရောက်နှင့်နေကြပြီး ကလေးအဖေ တို့က ကားဟွန်းကို တဘော်ဘော်နှိပ်၍ ခေါ်ကြ ရတတ်သည်။ ဤအဖြစ်များသည် စိတ်ကူးမဟုတ်ပါ။ ဆရာကြီး ကစ်ပလင်၏ တောဟောဝန် ဇာတ်လမ်း များကို မြန်မာ ပြန်ဆိုသော ဆရာ ထင်လင်းကိုယ်တိုင် တွေ့ကြုံခဲ့ရသော တကယ့်အဖြစ်များ ဖြစ်ပါ သည်။

ပြန်ချိခ နှုန်း ၄၀%

လှမေစာပေ တိုက်၊ လောကနတ် ဆိုင်ခန်း

၆၂—ပန်းဆိုးတန်း၊ ရန်ကုန်မြို့
(ဖုန်း—၁၀၄၈၃)

အရှင်ဘုရား–တပည့်တော်တို့သည် ဇနီးမယား သမီး သားတို့ဖြင့် ပျော်ပါးစွာ နေလိုကြပါ၏။ ရေမွှေး ပေါင်ဒါ နံ့သာ မျိုးစုံတို့ဖြင့်လည်း လိမ်းခြယ် လိုကြပါ၏။ ကံ့ကော် သဇင်ပန်း မျိုးစုံလင်စွာတို့ကိုလည်း ပန်ဆင်လိုကြပါ၏။ ဘယက်တန်ဆာ ဒွါဒရာတို့ကိုလည်း ဆင်မြန်းလိုကြပါ၏။ အာရုံငါးပါး ကာမဂုဏ်တရား တို့ကိုလည်း ခံစားလိုကြပါ၏။

နာရေး ဦးစီးဌာန သို့
ကာဝိဒ မှ
ပါသည်။

"ဤသို့ ယခုမျက်မှောက် ဘဝ၌ ပျော်ပျော် ပါးပါး နေပြီးလျှင် သေပြီးသည့် နောက်ဘဝ၌လည်း၊ ကောင်းသော သုဂတိ ဘုံဘဝသို့ ရောက်လိုကြပါ၏။ ထိုသို့ ရောက်နိုင်သော တရားတော်မြတ်ကို၊ တပည့်တော်တို့အား ဟောကြားတော်မူပါ အရှင်ဘုရား"

ဝေဠုဒွါရ ရွာသားများ။ •

အထက်ပါလျှောက်ထားချက်အတိုင်း ဗုဒ္ဓဂေါတမကမဟာ ကရုဏာတော်ဖြင့် ဟောကြားတော် မူခဲ့သော ဆိုရှယ်ဒေသနာတော်နှင့် လောကီကြီးပွား အောင်မြင်ရေး ဖေါ်မူလာ ဗဒေသာပင်ကြီးကို ဤကျမ်းတွင် အ ခိုင်အမာစိုက်ထူထားသည်။ မည်သည့်လောကီရေးဆိုင်ရ ကျိန်းသေလုပ်ထုံးလုပ်နည်း ကျင့်ဝတ်ကျင့်တမ်း ဖေါ် လာ မျိုးကိုမဆို အလိုရှိသူတိုင်း အရံသင့် ဆွတ်ခူးက ပေတော့။

# ဗုဒ္ဓ၏ လူမှုရေး တရားတော်များ

ဦးခင်မောင်ဝင်းပြုစုတင်ပြသည်